# ဂဏ္ဌိ ရဂ္ဂပလသဝသောသမိုဒ္ဓိုး

၃၂၁၉

မင်းကွန်း-ပဋိပတ္တိသာသနာပြု

''ကျိုက္ကစံ ဦးပဏ္ဍိစ္စမှ - ဆရာကြီး ဦးမြတ်ကျော်''

ရေး

# ဂမ္ဘီရတ္ထပကာသနီ

မူလ-မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး
ထည့်နုတ်ပြင်ဆင်၍
ရန်ကုန်မြို့-မင်းကွန်းတောရကျောင်းတိုက်
'' ဆရာတော် - ဦးဝါယမ ''
ကြီးကြပ်ပြင်ဆင်သည်။

★

စတုတ္ထအကြိမ်ပုံနှိပ်ခြင်း

သက္ကရာဇ် ၁၃၂၁-ခုနှစ်

(မူပိုင်-မှတ်ပုံတင်ပြီး)

●

သာသနာ့အလင်း စာပေဌာန၊
အမှတ်-၈၆၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်။

၂၉၄ ၃ဗြ၄

ပ ၃၀

၃၂၁၉

စဉ-၄

လှိုင်-၁၀


---


ရန်ကုန်မြို့၊

ကြည့်မြင်တိုင်၊ ကွမ်းခြံတန်း၊၊ အမှတ် ၉၀၊

ခေတ်-စာပုံနှိပ်လုပ်ငန်း၊

တွင် ရိုက်နှိပ်သည်၊



သာဂရပြည်-ယိုးဒယားနှင့် မြန်မာပြည်-မြို့ နယ် အရပ်ရပ်၌
ပဋိပတ္တိ သာသနာတော်မြတ်ကို ပြုစုဖော်ပြတော်မူသော
ဓမ္မကထိက ကျိုက္ကာစံ-ဦးပဏ္ဍိဓမ္မ ပုံတော်

# မာတိကာ


| ဦးရေနံပါတ် | အကြောင်းအရာ | | မျက်နှာနံပါတ် |
|---|---|---|---|
| | **၁။ နိဒါန ကဏ္ဍ** | | |
| ၁ | ဤကျမ်း၏ နိဒါန်းအကြောင်းအရာကို သိသာရန်ပြဆိုခြင်း | | |
| ၂ | အကြောင်းအရာနှင့်သိသာရန်အချက်ကို အမြွက်မျှပြဆိုခြင်း(ဇ) | | |
| ၃ | ရတနတ္တယ-ပဿာဓမ္မစသည်ကို ပြဆိုခြင်း | .... | ၁ |
| ၄ | အာသီသဂါထာကို ထင်ရှားစွာ ပြဆိုခြင်း | .... | ၃ |
| ၅ | ဒေသနာနည်း ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း | .... | ၄ |
| ၆ | ဥပမာပြရာ၌သဘာဝ မိ-မမိကို သိရှိရန်ပြဆိုခြင်း | .... | ၈ |
| ၇ | သာသနာ ၃-ပါးကို ခွဲခြား၍ ပြဆိုခြင်း | .... | ၁၁ |
| ၈ | စာတတ်သူ,မဘတ်သူ ၂-ဦးကို ပြဆိုခြင်း | .... | ၁၅ |
| | **၂။ သီလ ကဏ္ဍ** | | |
| ၉ | သီလ၏ အထူးအပြားကို မှတ်သားရန် ပြဆိုခြင်း | .... | ၁၈ |
| ၁၀ | ဧကာသနိက်-ပဏ္ဍပိုဏ်ရှာင် ၂-ပါးကို ပြဆိုခြင်း | .... | ၂၃ |
| ၁၁ | စိတ်တည်ကြည်ခြင်း-သမာဓိကို ပြဆိုခြင်း | .... | ၂၆ |
| ၁၂ | ဈာန်,မဂ်,ဖိုလ်၏ အန္တရာယ် ၅-ပါးကို ပြဆိုခြင်း | .... | ၃၃ |
| ၁၃ | ပလိဗောဓ ကြီး,ငယ်ကို သိလွယ်ရန် ပြဆိုခြင်း | .... | ၄၁ |
| ၁၄ | အသပ္ပါယနှင့် သပ္ပါယ ၂-ပါးကို ပြဆိုခြင်း | .... | ၄၆ |
| ၁၅ | ကျောင်းအင်္ဂါ ၅-ဖြာကို သိသာရန် ပြဆိုခြင်း | .... | ၄၉ |
| ၁၆ | ပဓာနိယင်္ဂ ၅-ပါးကို ခွဲခြား၍ ပြဆိုခြင်း | .... | ၅၁ |
| ၁၇ | အပရိဟာနိယ ၇-တန်ကို ဝေဘန်၍ ပြဆိုခြင်း | .... | ၅၆ |
| | **၃။ သတိပဋ္ဌာန ကဏ္ဍ** | | |
| ၁၈ | သတိနှင့် ဝိပဿနာပုဒ်ကို ပြဆိုခြင်း | .... | ၆၁ |
| ၁၉ | သတိပဋ္ဌာန်လမ်းစကို အမြွက်မျှ ပြဆိုခြင်း | .... | ၆၄ |
| ၂၀ | ဥယျောဇဉ်ဂါထာကို သိသာရန် ပြဆိုခြင်း | .... | ၆၆ |
| ၂၁ | အာနာပါန ပဗ္ဗကို အမြွက်မျှ ပြဆိုခြင်း | .... | ၆၈ |
| ၂၂ | ဣရိယာပုထ် ၄-ပါးရှုမှတ်ပုံကို သိသာရုံပြဆိုခြင်း | .... | ၆၉ |
| ၂၃ | သမ္ပဇည ၇-ဖြာကို ကျယ်ဝန်းစွာ ပြဆိုခြင်း | .... | ၇၂ |
| ၂၄ | ဝေဒနာသတိပဋ္ဌာန်ကို သိမှတ်ရန် ပြဆိုခြင်း | .... | ၈၁ |
| ၂၅ | စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပြဆိုခြင်း | .... | ၈၇ |

| ဦးရေနံပါတ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|

၂၆ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပြဆိုခြင်း .... ၉၁
၂၇ သတိပဋ္ဌာန် ၄-ပါးအပြားကို မှတ်သားရန် ပြဆိုခြင်း ၉၃
၂၈ တနည်း သတိပဋ္ဌာန် ရှုမှတ်ပုံကို ပြဆိုခြင်း .... ၉၆
၂၉ ဝေဒနာစသော သတိပဋ္ဌာန် ၃-ပါး ရှုမှတ်ပုံကို ပြဆိုခြင်း ၁၀၀

## ၄။ ပဋိစ္စသမုပ္ပါဒ ကဏ္ဍ

၃၀ ပဋိစ္စသမုပ္ပါဒ် လည်ပုံကို ပြဆိုခြင်း .... ၁၀၁
၃၁ ပဋိစ္စသမုပ္ပါဒ် ပျက်သွားပုံနှင့် အဓိပ္ပါယ်သဘောများကို ပြဆိုခြင်း .... .... .... .... ၁၀၅
၃၂ အသိ ၂-မျိုး၏သဘောများကို ထင်ရှားစွာ ပြဆိုခြင်း ၁၀၇
၃၃ သတိ၏အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုခြင်း .... ၁၁၃
၃၄ ရုပ်,နာမ်၏ လက္ခဏာကို ထင်ရှားစွာ ပြဆိုခြင်း .... ၁၁၆
၃၅ ခန္ဓာ၏သဘောမှန်ကို သိမြင်ရန် ပြဆိုခြင်း .... ၁၂၅
၃၆ လက္ခဏာရေး ၃-ချက်ကို အမြွက်မျှ ပြဆိုခြင်း .... ၁၃၂
၃၇ ဒုက္ခ၏လက္ခဏာကို ရှင်းလင်းစွာ ပြဆိုခြင်း .... ၁၃၅
၃၈ ဒုက္ခ၏သဘောသရုပ်ကို အဖိတသုတ်ဖြင့် ပြဆိုခြင်း.... ၁၄၁
၃၉ အနိစ္စနှင့် အနတ္တကို အမြွက်မျှ ပြဆိုခြင်း .... ၁၄၆
၄၀ လက္ခဏာရေး ၃-ရပ်ကို ပေါင်းစပ်၍ ပြဆိုခြင်း .... ၁၅၀

## ၅။ ဣန္ဒြိယ ကဏ္ဍ

၄၁ ဣန္ဒြေ၌ပါဝင်သောတရားများကို ပြဆိုခြင်း .... ၁၅၅
၄၂ ဣန္ဒြေလုံ့ခြုံအောင် သတိဖြင့်ပိတ်ဆို့ရပုံကိုပြဆိုခြင်း.... ၁၆၀
၄၃ စောင့်ရှောက်ရန် ဟောကြားသည်ကို ထင်ရှားစွာ ပြဆိုခြင်း .... .... .... .... ၁၆၅
၄၄ ဣန္ဒြေ၏ အပြစ်အကျိုးများကို ခိုင်းခြား၍ ပြဆိုခြင်း .... ၁၇၃
၄၅ မဂ္ဂင်၏သဘောများကို မှတ်သားရန် ပြဆိုခြင်း .... ၁၈၁
၄၆ စိတ်တချက်တွင်မဂ္ဂင် ၈-ပါး ပါဝင်ပုံကိုပြဆိုခြင်း.... ၁၈၇
၄၇ သစ္စာလေးတန်ကို ဘောင်ခြား၍ ပြဆိုခြင်း .... ၁၉၀
၄၈ စိတ်တချက်၌ သစ္စာ ၄-ချက်ပါဝင်သည်ကို ပြဆိုခြင်း ၁၉၄

ဦးရေနံပါတ် အကြောင်းအရာ မျက်နှာနံပါတ်

## ၆။ ဗောဓိပက္ခိယ ကဏ္ဍ

၄၉ သတိပဋ္ဌာန် ၄-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၁၉၇
၅၀ သမ္မပ္ပဓာန် ၄-တွေကို ခွဲဝေ၍ ပြဆိုခြင်း .... .... ၂၀၀
၅၁ ဣဒ္ဓိပါဒ်နှင့်ဣန္ဒြေအရကို အမြွက်မျှ ပြဆိုခြင်း .... ၂၀၃
၅၂ ဗိုလ်,ဗောဇ္ဈင်တရားတို့ကို မှတ်သားရန် ပြဆိုခြင်း.... ၂၀၅
၅၃ ဝိပ္ပလ္လာသ တရားအချက်ကို အမြွက်မျှ ပြဆိုခြင်း .... ၂၀၇
၅၄ သက္ကာယဒိဋ္ဌိ စွဲပြဟန်ကို သိသာရန် ပြဆိုခြင်း .... ၂၁၀
၅၅ မဟာပုရိသ ဝိတက်ရှစ်ပါးကို မှတ်သားရန် ပြဆိုခြင်း ၂၁၃
၅၆ ဂါဟတရား ၃-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း .... ၂၁၅
၅၇ ကိလေသာ၏ သရုပ်အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုခြင်း ၂၁၈
၅၈ အဇ္ဈတ သုတ်လာဖြင့် ကိလေသာ၏ လက္ခဏာကို ပြဆိုခြင်း .... ... .... .... ၂၂၀
၅၉ ကိလေသာ လုံခြုံပုံကို သိသာရုံ ပြဆိုခြင်း .... .... ၂၂၆
၆၀ သဘာဝအရပ်ရပ်ကို ပေါင်းစပ်၍ ပြဆိုခြင်း .... ၂၃၅
၆၁ ၃-ပါးသော ပဟာန်ကို ဝေဘန်၍ ပြဆိုခြင်း .... ၂၃၆

## ၇။ ဉာဏ ကဏ္ဍ

၆၂ ဉာဏ် ၁၆-ပါးသရုပ်နှင့် ယထာဘူတဉာဏ်ကို ပြဆိုခြင်း ၂၃၈
၆၃ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပြဆိုခြင်း ၂၄၁
၆၄ ဝိပဿနာ၏ အန္တရာယ် ၁၀-ပါးကို ပြဆိုခြင်း .... ၂၄၆
၆၅ အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂဝတ္ထုဖြင့် ပြဆိုခြင်း ၂၅၀
၆၆ ဘင်နှင့် - ဘယဉာဏ် ၂-ပါးတို့တွင် ရှေးဦးစွာ ဘင်ဉာဏ်ကို ပြဆိုခြင်း .... .... .... ၂၅၄
၆၇ ဘင်ဉာဏ်ကို ပြဆိုခြင်း .... .... .... ၂၅၇
၆၈ အာဒီနဝဉာဏ်နှင့် နိဗ္ဗိဒါဉာဏ် ၂-ပါးတို့တွင် ရှေးဦးစွာ အာဒီနဝဉာဏ်ကို ပြဆိုခြင်း .... .... ၂၆၀
၆၉ နိဗ္ဗိဒါဉာဏ်ကို ပြဆိုခြင်း .... .... .... ၂၆၂
၇၀ မုဉ္စိတုကမျတာနှင့် ပဋိသင်္ခါဉာဏ် ၂-ပါး တို့တွင် ရှေးဦးစွာ မုဉ္စိတုကမျတာဉာဏ်ကို ပြဆိုခြင်း .... ၂၆၃

ဦးရေနံပါတ် | အကြောင်းအရာ | မျက်နှာနံပါတ်

## ၇။ ပကိဏ္ဏကကဏ္ဍ

၇၁ ပဋိသင်္ခါဉာဏ်ကို ပြဆိုခြင်း.... .... .... ၂၆၄
၇၂ သင်္ခါရုပေက္ခာနှင့် အနုလောမဉာဏ် ၂-ပါးတို့တွင် ရှေးဦးစွာ သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုခြင်း .... ၂၆၆
၇၃ အနုလောမဉာဏ်ကို ပြဆိုခြင်း .... .... ၂၆၇
၇၄ သာသနာ့ခေတ်ကာလကို တွက်စစ်၍ ပြဆိုခြင်း .... ၂၆၉
၇၅ ပါရမီ ပြည့်,မပြည့်ကို သိနိုင်ရန် ပြဆိုခြင်း.... .... ၂၇၂
၇၆ မြတ်စွာဘုရားတည်ရှိနေသည်ကိုယုံကြည်ရန်ပြဆိုခြင်း ၂၇၄
၇၇ အရိယာအဖြစ် အကျိုးရှိပုံကို သိသာရုံ ပြဆိုခြင်း .... ၂၇၆
၇၈ ပေါက်ရောက်ရန် အချိန်များကို မှတ်သားရန်ပြဆိုခြင်း ၂၇၈
၇၉ ပေါက်ရောက်ပြီး ပေါက်ရောက်ဆဲ ပုဂ္ဂိုလ်များကိုပိုင်းခြား၍ ပြဆိုခြင်း.... .... .... .... ၂၈၂

## ၈။ မဟာပစ္စဝေက္ခဏာ ကဏ္ဍ

၈၀ မပြောမဆိုအပ်သော တိရစ္ဆာနကထာကို ပြဆိုခြင်း ၂၈၅
၈၁ ပြောဆိုအပ်သော ဒသကထာဝတ္ထုကို ပြဆိုခြင်း .... ၂၈၇
၈၂ ပါဠိတော်နှင့် အဋ္ဌကထာကို ရှင်းလင်းစွာ ပြဆိုခြင်း ၂၈၉
၈၃ သမ္ပဇည ၄-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း .... ၂၉၂
၈၄ သဘာဝ ဟုတ်,မဟုတ်ကို မူလ ပရိယာယ သုတ်ဖြင့် ပြဆိုခြင်း .... .... .... .... ၂၉၇
၈၅ ဘိန္န,အဘိန္န,သာမည-သီလ ၃-ပါးကို ခွဲပြခြင်း .... ၃၀၁
၈၆ ဒိဋ္ဌိသာမညအရကို အမြွက်မျှ ခွဲပြခြင်း .... .... ၃၀၇
၈၇ [illegible]ငသမ္မာဒိဋ္ဌိဖြင့် ဝဋ္ဋဒုက္ခ ဘဝမှ ထွက်မြောက်ပုံကို ပြဆိုခြင်း .... .... .... .... ၃၀၈
၈၈ ဖလဋ္ဌပုဂ္ဂိုလ်နှင့် စတ္တာရိ ယုဂါနိအရကို ပြဆိုခြင်း .... ၃၀၉
၈၉ သောတာပန်၏ မဟာပစ္စဝေက္ခဏာဉာဏ်သဘောကို ပြဆိုခြင်း .... .... .... .... ၃၁၀
၉၀ ပဌမ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... ၃၁၃
၉၁ ဒုတိယ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... ၃၁၅
၉၂ တတိယ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... ၃၁၇

| ဦးရေနံပါတ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၉၃ | စတုတ္ထ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... | ၃၁၉ |
| ၉၄ | ပဉ္စမ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... | ၃၂၃ |
| ၉၅ | ဆဋ္ဌ-မဟာပစ္စဝေက္ခဏာ ဉာဏ်ကို ပြဆိုခြင်း .... | ၃၂၆ |
| ၉၆ | သတ္တမ-မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... | ၃၂၉ |
| ၉၇ | အရိယာပုဂ္ဂိုလ်၌ ဖြစ်တတ်သော ဝိစိကိစ္ဆာ များကို ပြဆိုခြင်း .... .... .... .... | ၃၃၃ |

## ၁၀။ နိဗ္ဗာန ကထာ

| ဦးရေနံပါတ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၉၈ | နိဗ္ဗာန်သွားလမ်းကို အမြွက်မျှ ပြဆိုခြင်း .... .... | ၃၃၈ |
| ၉၉ | ခဏ ၆-ပါးနှင့် လက္ခဏာရေး ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း .... .... .... .... | ၃၄၂ |
| ၁၀၀ | လက္ခဏာရေးထင်၍ မဂ်ဝင်ပုံကို ပြဆိုခြင်း .... | ၃၄၇ |
| ၁၀၁ | ရှင်သာရိပုတ္တရာ၏ နိဗ္ဗာန်အဖြေကို ပြဆိုခြင်း .... | ၃၅၂ |
| ၁၀၂ | မြတ်စွာဘုရား၏ ချီးမွမ်းစကားကို ပြဆိုခြင်း .... | ၃၅၇ |
| ၁၀၃ | ရှင်ဆန္န၏ နိဗ္ဗာန်အဖြေကို ပြဆိုခြင်း .... .... | ၃၆၂ |
| ၁၀၄ | တိုက်တွန်းသည့် ဥယျောဇဉ်ဂါထာ ပါဠိ အနက်ကို ပြဆိုခြင်း .... .... .... .... | ၃၆၇ |
| ၁၀၅ | ကျမ်းပြီးအဆုံး နိဂုံးဂါထာပါဠိ အနက်ကို ပြဆိုခြင်း | ၃၆၈ |


မာတိကာ ပြီး၏။

## အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၁ | ၂ | ဝိနန္ဒတိ | န ဝိန္ဒတိ |
| ၆၆ | ၂၀,၂၄ | သလ္လမန္တနံ | သလ္လကန္တနံ |
| ၈၁ | ၁၂ | နိရာမိသံဝ | နိရာမိသံဝါ |
| ၉၁ | ၂၁ | ဓမ္မေသု | မမ္မေသု |
| ၉၉ | ၂၀ | ယောနိသော | ယောနိသော |
| ၃၀၂ | ၁၂ | အခဏ္ဍနီတိ | အခဏ္ဍာနီတိ |
| | ၂၃ | အခဏ္ဍနိ | အခဏ္ဍာနိ |
| ၃၁၀ | ၁၃ | ပဋိသမ္ဘိဒ္ဓတိ | ပဋိသမ္ဘိဒ္ဓတိ |
| ၃၂၆ | ၂၅ | ၊ | ။ |

# ၁-နိဒါန ကဏ္ဍ

## နိဒါန်း အကြောင်းအရာကို ပြဆိုခြင်း

မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံကြုံကြိုက်သော အခါ၌ အရေးကြီးစွာ ပြုရ အားထုတ်ရန်မှာ၊ ခန္ဓာ, နာမ်, ရုပ်တို့၏ အလျှင်အမြန် ပြိုပျက်စေတတ်သော ဝိပဿနာအလုပ်ဘာဝနာသာလျှင်၊ စင်စစ်ကောင်း အမှန်ရချိန်အားဖြင့် ပဓာနလိုရင်းဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်၊ ရှေး ရှေးသော ကျမ်းတတ်အကျော် - ဆရာတော်ဘုရားကြီးများသည်၊ အသီး သီး ရေးသားတော်မူခဲ့ကြသော ဝိပဿနာကမ္မဋ္ဌာန်း ကျမ်းတို့သည်၊ အထင်အရှားအားဖြင့် များပြားစွာ တည်ရှိခဲ့ကြပေသည်။

ထိုများပြားစွာသော ဝိပဿနာကမ္မဋ္ဌာန်းကျမ်းတို့သည်၊ အခမ်း ခမ်း ဝေဘန်၍ အတန်တန် ညွှန်ပြခဲ့ရာ၊ သတိပဋ္ဌာန် နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရှင်းလင်းသေချာစွာ အစအဆုံး လုပ်ထုံး လုပ်နည်း များ မပါမရှိဘဲ၊ စပ်ဆိုင်မိရာ၌ အနည်းငယ်မျှသာ ထည့်သွင်း ရေး သားတော်မူကြပေသည်။

ယခုအခါ မကြာသေးမီ နှစ်ကာလတွင်၊ သတိပဋ္ဌာန် အတိုင်း အားထုတ်ရန် နည်းလမ်းကို၊ ခွဲခြမ်းစိတ်ဖြာ၍ သေချာ ရှင်းလင်းစွာ ဘော်ပြသော ဝိပဿနာကျမ်းတို့သည်။ ။၁-စစ်ကိုင်းတောင် ငါတို့ ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန်တောရ ဆရာတော် ဘုရားကြီး ရေးသားတော်မူသော အာရက္ခာဝိဓိဝိ သင်္ဂနာကျမ်းကြီး။ ၂-သင်္ဂြေတာဝိဓိဝိသင်္ဂနာကျမ်း။ ၃-၎င်း ဆရာတော် ဘုရားကြီး၏ တပည့်၊ ပဲခူးမြို့ ဆံတော်တွင်း ဆရာတော်ဘုရား ရေးသားတော် မူသော ယထာဘူတ ဓမ္မာဘိ သမယ ဒီပနီကျမ်း။ ၄-၎င်း မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးနှင့် မုံရွာမြို့ လယ်တီဆရာတော်ဘုရား ကြီးတို့၏ဘပည့်၊မြို့လှ-သရက်တောကျောင်း၊ဦးနန္ဒိယ-ရေးသားသော သတိပဋ္ဌာန် ရှုသွယ်ကျမ်း။ ဤ ၄-စောင်သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာကျမ်းတို့သည်သာ ပေါ်ထွက် လာခဲ့ကြ ပေသေးသည်။

တဖန် ၎င်းတို့နောက်မှ ယခုအခါသို့တိုင်အောင် မယိမ်းယိုင်ဘဲ ခန့်ခိုင်တိုးပွါး၍၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး နှင့်၊တပည့်ဖြစ်ကြသူ ရှင်,လူ,ရဟန်း,ကမ္မဋ္ဌာန်းဆရာအများတို့ရေးသား သည့် သတိပဋ္ဌာန် နည်းလမ်း ဝိပဿနာ ကမ္မဋ္ဌာန်း ကျမ်းများသည်၊

တစ တစ ထင်ရှားတိုးပွားလျက် များပြားစွာ ပေါ်ထွက်လာကြပြန်လေသည်။

ဤကဲ့သို့ ပေါ်ထွက်လာရာ၊ သမုဒ္ဒရာ လေးစင်း၌ ရှိသော ရတနာ ၇-ပါးတို့သည်၊ ဇမ္ဗူဒိပ်ကျွန်းသူဘို့ ဘယ်လိုပင် ယူသော်လည်း ကုန်ခန်းခြင်း မရှိသကဲ့သို့၊ အဘိဓမ္မာ ကျမ်းဂန်ဓမ္မကို ဘယ်လောက်ပင် ဘွင့်ပြ ရေးသားသော်လည်း၊ ကုန်နိုင်ရန် မရှိကြောင်း စသည်ဖြင့်၊ မုံရွာမြို့-လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့ပေသည်။

ထို လယ်တီ ဆရာတော် ဘုရားကြီး ရေးသား တော်မူသကဲ့သို့၊ ဝိပဿနာ နည်းလမ်းကို ဘယ်မျှပင် ဝေဘန်ခွဲခြမ်း၍ ကြံ့းပမ်း ရေးသားကြသော်လည်း၊ ကုန်ခန်းခြင်းမရှိ ဖြစ်ပေသည်။

ထိုကြောင့် ရှေးက ရေးသားတော်မူကြသည့် ဝိပဿနာကျမ်းများနှင့် မကွဲမပြား၊ ယခုအခါ ရေးသားတော်မူကြသည့် သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာကျမ်းများနှင့်၊ ဧယူအဆ,သဘောအသွား, တထပ်တသားတည်း ဖြစ်စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့်၊ အကျဉ်းဖြစ်၍ မရှင်းလင်းမည်ကို သေချာစွာဘွင့်ပြ၊ ဧယူအဆ မညီမျှ ထင်မည်ကို ညှိနှိုင်းလျက်၊ ကျမ်းဂန်လာသော နည်းအတိုင်း၊ဉာဏ်ထိုင်းသော သူ ယောကျ်ား,မိန်းမ၊ အကြီး,အငယ်, အရွယ်,အလတ်၊ စာမတတ်သော သူများပင်လျှင်၊ ထင်ထင်ရှားရှား ပရမတ် ရုပ်,နာမ် တရားကို ကွဲပြားခြားနား၍ သိရှိနားလည် နိုင်ကြစေရန်၊ မှန်ကန်သော နည်းနိသယဖြင့် ပေါ်လွင်စွာ ဘွင့်ပြလျက်၊ (မန္တလေးမြို့ - မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ရန်ကုန်မြို့ -ကျိုက္ကစံ ဆရာတော်၊ မော်လမြိုင်မြို့-မဟာမြိုင် ဆရာတော်၊ ရန်ကုန်မြို့-ဗဟန်း ကျောင်းတော်ရာ ရွှေကျင် ဆရာတော်၊ ဖလောမြို့-ရတနာပုံတောရ ဆရာတော်၊ စစ်ကိုင်းတောင်-မင်းကွန်း ဇေတဝန် ဆရာတော်ဆရာကြီးတို့၏ အနေ့ဝါသိက၊ ပြင်သစ်ပြည် ဘီလင်းကျောက်တွင်းမြို့ ဓမ္မာရုံ ကျောင်းတိုက်၊ ယိုးဒယားပြည် ဘန်ကောက်မြို့-ဝေဠုဝန်ကျောင်းတိုက်၊မြန်မာပြည် မော်လမြိုင်မြို့-ဒိပေါရုံကျောင်းတိုက်-စသည်တို့၌ လှည့်လည်နေထိုင်လေ့ရှိသော၊ ကျိုက္ကစံ-ဦးပဏ္ဍိဓမ္မ) ထေရ် အရှင်ဘည်၊ ဂမ္ဘီရဉာဏပကာသနီ မည်သော သတိပဋ္ဌာန်နည်းလမ်း ဤဝိပဿနာကမ္မဋ္ဌာန်းကျမ်းကြီးကို၊ ကြံ့းပမ်းတကုတ် အားထုတ်တည်ထွင်၍ စီရင်ရေးသားအပ်ပေသတည်း။

အကြောင်းအရာကို သိသာရန် ပြဆိုခြင်း၊ နိဒါန်း ပြီး၏။

(၉) သိသာ ရန်အချက်ကို အမြွက်မျှ ဆိုခြင်း

# သိသာရန် အချက်ကို အမြွက်မျှ ပြဆိုခြင်း

၁။ သဒ္ဒါနည်း အရကို မယူမူ၍၊ အနက် အဓိပ္ပါယ်ကိုသာ အလိုရှိအပ်၏-ဟူ၍၊ ကမ်ခါအဋ္ဌကထာ၌လာသော စကား၊ သဒ္ဒါကို အလိုမရှိ အနက် အဓိပ္ပါယ်ကိုသာ ဟော ကြားပါဟူ၍ ရှင်အဿဇိမထေရ်မြတ်အား၊ ရှင်သာရိပုတ္တရာ လျှောက်ထားသော ဓမ္မပဒ အဋ္ဌကထာ စကားများကို ထောက်ထား သဖြင့်၊ ဝိပဿနာ တရား အရာမှာ အနက် အဓိပ္ပါယ်ကိုသာ ပဓာန လိုရင်းဟု နှလုံးသွင်းအပ်ပေသည်။ အချုပ်မှာ-မိမိတို့ လူမျိုး အလိုက် အဓိပ္ပါယ်များကို သိရှိနားလည်နိုင်ရန် ခေါ်ဝေါ်သုံးစွဲ ပြောဆိုကြမြဲ ဖြစ်သော ဘာသာစကားများကို အနက်ဟု မှတ်ယူအပ်၏။

၂။ ထို့ကြောင့် ယခုအခါ ရေးသားမည်ဖြစ်သော ကျမ်းသည်၊ သဘောအနက်ကို ကွက်ကွက်ကွင်းကွင်း ထင်သင်းသိသာအောင် ပြဆိုရာ၊ ခန္ဓာ,နာမ်,ရုပ် ပရမတ်သဘော ကို ပညတ် တရားမှ ခော်ထုတ်၍၊ ဟုတ် မှန် သော သဘာဝ ဓမ္မကို ယထာဘူတ ကျ,နု,စေရန်၊ ဝေဘန်စိတ်ဖြာလျက် ရှင်းလင်းစွာ ပြောဆိုရသော ဝိပဿနာ၏ အရာဖြစ် ပေ၍၊ အနက်အဓိပ္ပါယ် အစီအစဉ်တို့ ပေါ်လွင်ထင်ရှားသော မြန်မာဘာသာ စကားကို သာ များစွာရေးသားရပေလိမ့်မည်။

၃။ ဤကဲ့သို့ ပြဆိုရေးသားရာ၌ နောက်မှ ရေးရသော ကျမ်းဂန်များသည်၊ ရှေးက ရေးသားပြီးသော ကျမ်းဂန်များ၌ မထင်ရှား ကွယ်ဝှက်ရာကို၊ သိသာပေါ်လွင်စေရန် ကြိဘန်ခွဲခြမ်း၍ ဥာဏ်စွမ်းသတ္တိ ရှိသည်အလျောက် ထွင်းဖောက် ရေးသား ရသည်ဟု၊ မုံရွာမြို့-လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားမြွက်ဟတော်မူပေသည်။

၄။ ဤစကားအရကို များစွာနှစ်သက် သဘောကျသဖြင့်၊ ရှေးက ရေးသားထားပြီး သော ကျမ်းဂန်များ၌ မထင်ရှား၍ သိသာ ပေါ်လွင်အောင် ပြဆိုရမည့် အရာများကို၊ ဥာဏ်အားထင်မြင်သလောက် ထည့်သွင်းခွဲထွင်၍ စီစဉ်ရေးသားရပေလိမ့်မည်။

၅။ ဤဝိပဿနာကျမ်းသည်၊ ရဟန်း,ရှင်,လူ၊ ယောကျ်ား-မိန်းမ၊ ကြီး,ငယ်,ရွယ် လတ်၊ စာမတတ်သော သူများပင်လျှင် ပေါ်လွင်ထင်ရှား ကွဲပြား နားလည်အောင် ရေး သားရသဖြင့်၊ စကားအထပ်ထပ်ပါရှိခြင်း၊ သိရှိမှတ်မိ၍ သဘောကျလွယ်စေရန် ဖြစ်သော စကားကိုသာ များစွာအသုံးပြုခြင်း စသည်ဖြင့် ပါရှိပေလိမ့်မည်။

၆။ ဤကဲ့သို့ ပါရှိသော အရာများ၌၊ မိမိတို့ သဘော အယူအဆနှင့် မတူမျှ,မညီ ညွတ်ခြင်း၊အသုံးအနှုန်းစကားကွဲပြားခြင်း၊အနက်ပေးပုံခြားနားခြင်း-စသည်များကြောင့် အပြစ်တင်စကား မပြောကြားသေးဘဲ၊ သဘာဝတရား၏ အမှန်, အမှားကို သာလျှင် သမ္မဒင်ရှေ့ထား၍ စင်းစားသိရှိခြင်းငှါ ရှေးဦးစွာ ဘော်ပြလိုက်ရပေသတည်း။

**သိသာရန်အချက်ကို အမြွက်မျှ ပြဆိုခြင်း ပြီး၏။**



# ဂမ္ဘီရတ္ထပကာသနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယ ပဏာမ စသည်ကို ပြဆိုခြင်း

### ပဏာမဂါထာ

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဂမ္ဘီရတ္ထံ သုဒေသကံ။
ဓမ္မံ သုပ္ပဋိပန္နဉ္စ၊ နတွာ သန္တေဟိ သေဝိတံ။ ။
နယံ ဂုရူ ယေဘုယျေန၊ သြဝါဒါ စေရ နုဂ္ဂဟော။
ယာစိတော ဟံ လိခိဿာမိ၊ ဂမ္ဘီရတ္ထပကာသနိံ။ ။

အဟံ၊ ငါသည်။ ဂမ္ဘီရတ္ထံ၊ သိမ်မွေ့နက်နဲ၊ ခက်ခဲသော အနက်အဓိပ္ပါယ်ရှိသော။ ဓမ္မံ၊ မဂ္ဂဖိုလ်ပဋိပဒါ၊ ကျင့်ကြံသွားလာရာလမ်းကြောင်း၊ တရားကောင်းတရားမြတ်ကို။ သုဒေသကံ၊ ကောင်းစွာပိုင်းခြား၍ ဟောကြားတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး၊ ဓမ္မဉ္စ၊ သိုံ၊ တရားစုံကို၊ အကုန်သိပြီး၊ မြတ်စွာဘုရားကိုရင်း။ ဂမ္ဘီရတ္ထံ၊ သိမ်မွေ့နက်နဲ၊ ခက်ခဲသော အနက်အဓိပ္ပါယ်ရှိသော။ သန္တေဟိ၊ ဘုရားအစ၊ သဗ္ဗပစ္စေကဗုဒ္ဓါ၊ အရိယာ အပေါင်း၊ သူတော်ကောင်းတို့သည်။ သေဝိတံ၊ ဂေါစရ, ဘာဝနာ၊ နှစ်ဖြာမပြတ်၊ မှီဝဲအပ်သော။ ဓမ္မဉ္စ၊ မဂ်, ဖိုလ်, နိဗ္ဗာန်၊ ဓမ္မက္ခန်ပရိယတ်၊ ဆယ်ပါးသောတရားတော်မြတ်ကိုရင်း။ ဂမ္ဘီရတ္ထံ၊ သိမ်မွေ့နက်နဲ၊ ခက်ခဲသော အနက်အဓိပ္ပါယ်ရှိသော။ သန္တေဟိ၊ ဘုရားအစ၊ သဗ္ဗပစ္စေကဗုဒ္ဓါ၊ အရိယာ အပေါင်း သူတော်ကောင်းတို့သည်။ သေဝိတံ၊ ဂေါစရ, ဘာဝနာ၊ နှစ်ဖြာ မပြတ်၊ မှီဝဲအပ်သော။ ဓမ္မံ၊ မဂ္ဂဖိုလ်ပဋိပဒါ၊ ကျင့်ကြံသွားလာရာ လမ်း

ကြောင်း၊ တရားကောင်း တရားမြတ်ကို၊ သုပ္ပဋိပန္န၊ ဖြောင့်ဖြောင့် မတ်မတ်၊ ကောင်းမွန်စွာ ကျင့်တော်မူတတ်သော၊ သံဃာတို့၊ မဂ်လေး,ဖိုလ်လေး၊ ရောထွေးပေါင်းစပ်၊ ရှစ်ပါးသော အရိယာသံဃာတော်မြတ်ကိုရှင်း။ မေ၊ငါ့အား၊ ယောဘုယျေန ကျေးဇူးကြီးမား၊ များသောအားဖြင့်၊ နယ်-ပရိယတ္တိနယ်၊ ပရိယတ္တိခန္ဓ၊ နည်းနယကို။ အနုဂ္ဂဟော၊ သဒ္ဒ-အတ္ထ၊ ကျနံ,စေ့ငု၊ အာရုံပြု၍၊ ကြည့်ရှုချီးမြှောက်တော်မူကြကုန်သော၊ ဂုရုစ၊ မင်္ဂလာမြို့၊ ဒုတိယရွှေကျင်သာသနာပိုင်၊ မဏ္ဍိုင်အလား၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး။ ရန်ကုန်မြို့၊ တတိယ ရွှေကျင်သာသနာပိုင်၊ ခန့်ခိုင်ကြီးမား၊ ကျိုက္ကစံ ဆရာတော် ဘုရားကြီး၊ ဇလောမြို့၊ ရတနာပုံတောရ ဆရာတော်ဘုရားကြီးတို့ကိုရှင်း။ မေ၊ငါ့အား၊ ယောဘုယျေန၊ ကျေးဇူးကြီးမား၊ များသောအားဖြင့်၊ သြဝါဒ၊ သာသနာဒ္ဓ၊ ကောင်းစွာနေနည်း၊ သီးသီးများလှ၊ အဆုံးအမကို၊ အနုဂ္ဂဟာ၊ ပြက်စေ့ငု၊ အာရုံပြု၍၊ ကြည့်ရှုချီးမြှောက်တော်မူသော၊ အာစေရဥ္စ၊ မော်လမြိုင်မြို့၊ ရွှေကျင်ဂိုဏ်းချုပ်ဖြစ်တော်မူသော၊ မဟာမြိုင် ဆရာတော် ဘုရားကြီးကိုရှင်း။ မေ၊ငါ့အား၊ ယောဘုယျေန၊ ကျေးဇူးကြီးမား များသောအားဖြင့်၊ နယ်-ပဓာနနယ်၊ ဝိပဿနာလုပ်နည်း၊ နိသျည်းကို၊ အနုဂ္ဂဟာ၊ ယထာဘူတ၊ သဘာဝကို၊ ကျကျ,နန,ညွှန်ပြချီးမြှောက် တော်မူသော၊ ဂုရုစ၊ စစ်ကိုင်းတောင်-မင်းကွန်း ဇေတဝန်တောရ ဆရာတော် ဘုရားကြီးကိုရှင်း။ နတ္ထ၊ ဦး,လက်,နဖူး၊ ငါးဦးဟည့်ချိုး၊ မှိုခိုးပူဇော်ပြီး၍၊ သာဓုဟိ၊ ဝိပဿနာတရားကို၊ နာကြားဘူးကြကုန်သော၊ ဘီလူးကျွန်း-မော်လမြိုင်အပိုင်-မုဒုံ၊ ကေ့ကပုံ၊ ဘားအံ၊ အတန်တန်သော မြို့ရွာ,ခရိုင်တို့၌၊ နေထိုင်အေးချမ်း၊ ရဟန်းသံဃာ၊ တကာ-တကာမအပေါင်း သူ့တော်ကောင်းတို့သည်၊ ယာဗိတော၊ ရေးသားစေရန်၊ ဘန်ဘန်ထပ်ထပ်၊ တောင်းပန်အပ်သည်ဖြစ်၍၊ ဂန္ထာဘရဏပကာသနီ၊ သိမ်မွေ့နက်နဲ၊ ခက်ခဲသောအနက်အဓိပ္ပါယ်ရှိသော၊ နိဗ္ဗာန်သွားလမ်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို၊ လွယ်ကူစွာ သိမြင်နိုင်သောနည်းများနှင့်၊ ထင်ရှားပေါ်လွင်အောင် ခွဲခြမ်းစိတ်ဖြာ၍ပြဆိုရာပြယုံကြောင်းဖြစ်သောကြောင့်၊ "ဂန္ထာဘရဏပကာသနီ" အမည်ရှိသော ဝိပဿနာကျမ်းကို၊ ယိမ်းသာ၍ ယိမ်းသာ၊ သေချာစေ့ငု၊ သတိပြု၍၊ ကြည့်ရှုဆင်ခြင် ရေးသားပြုပြင်ပေးအပ်သတည်း။

ပဏာမဂါထာ ပါဠိ,အနက် ပြီး၏။

## အာသိသဂါထာကို ထင်ရှားစွာပြဆိုခြင်း

**ဝတ္တုကာမော အဟံ အဇ္ဇ၊ ဂန္ထိရတ္ထပကာသနိံ။**
**ပတိဋ္ဌံ နာမိဂန္ထာမိ၊ အဇ္ဈောဂဗ္ဘေဝ သာဂရံ။ ။**
**သာသနံ ပနိဒံ နာနာ၊ ဒေသနာနယ လက္ခိတံ။**
**ပုဗ္ဗာစရိယ မဂ္ဂေါဒိ၊ အဇ္ဈောတ္ထိန္နော ပဝတ္တတိ။**
**တေသံ မေ နယမာဒါယ၊ ကတံ သိက္ခနကို ဉဏ္ဍိတာ။ ။**

ဓမ္မ၊အမှန်မရွေ၊ ယခုနေ့၌။ ဂန္ထိရတ္ထပကာသနိံ၊ သိမ်မွေ့နက်နဲ၊ ခက်ခဲဝိပ္ပါယ်၊ အသွယ်သွယ်ကို၊ သိ လွယ် ရန် ပြ၊ သကဏ္ဍကြောင့်၊ "**ဂန္ထိရတ္ထပကာသနီ**"မည်သောကျမ်းကို၊ ဝတ္တုကာမော၊ နည်းမှန်ဖွင့်ဆို၊ ရေးသားလိုသော။ အဟံ၊ **ကျိုက္ကစံ ပဏ္ဍိတမ္မမည်းငါမထေရ်**သည်။ သာဂရံ၊သမုဒ်နက်ကျယ်၊မြစ်ပင်လယ်သို့။ အဇ္ဈောဂဗ္ဘေ၊သက်ဆင်းပြေးတွယ်၊ယုန်သူငယ်သည်။ပတိဋ္ဌံ၊ကူးသန်းနေရှာ၊ထောက်ဘည်ရာကို။နာမိဂန္ထတိ ဇာဝ၊မောဟိုက်ငေးမှိုင်၊မရနိုင်သကဲ့သို့။ ဇော်၊ယုန်သူငယ်နှင့်၊နှိုင်းဆွယ်ပုံယူ၊အာလားတူ။ပတိဋ္ဌံ၊ညာဏ်ဖြင့်မှီခါ၊ထောက်တည်ရာကို။နာမိဂန္ထာမိ၊ရချိုင်ပိုင် မရနိုင်။ပန၊အမှန်မချ၊ထိုသို့ပင်မရနိုင်ပါသော်လည်း။ ဣဒံ သာသနံ၊ ဓမ္မက္ခန်ပရိယတ်၊ ဤတရားတော်မြတ်ကို၊ နာနာ ဒေသနာနယ လက္ခိတံ၊ အထူးထူးသော ကျမ်းဂန်နည်းတို့ဖြင့်၊ အသီးသီးပိုင်းခြား၍၊မှတ်သားမသွေ၊ထားအပ်ပေ၏။ပုဗ္ဗာစရိယမဂ္ဂေါဒိ၊ရှေးဆရာများ၊ရေးသားကြပြီး၊နိသျည်းသည်လည်း။ ဝါ၊ယထာဘူတာ၊သဘာဝကို၊ယူဆပုံနည်း၊နိသျည်းသည်လည်း။အဇ္ဈောတ္ထိန္နော အမြဲမပြတ်၊အထပ်ထပ်။ပဝတ္တတိ၊မပျောက်အစဉ် ညာဏ်၌ထင်၏။ တေသံ၊ ထိုကျမ်းဂန် အသီးသီး၊ ဆရာမြတ်ကြီးတို့၏။ နယံ၊ စီစဉ်သောနည်း၊ နိသျည်းကို။အာဒါယ၊မှီငြမ်းသမှု၊သဟဲပြု၍။မေ၊မယာ၊ငါသည်။ကတံ၊ ရေးသားပြုပြင်၊ စီရင်အပ်သော။ ဣဒံ၊ **ဂန္ထိရတ္ထပကာသနီ**၊ အမည်ထူးဆန်း၊ဤသည့်ကျမ်းကို၊ဝါ၊ဝိပဿနာစခန်း၊ ဤကျင့်စဉ်နည်းလမ်းကို။ဥဏ္ဍိတာ၊ခန္ဓာဇာတ်သိမ်း၍၊ ချုပ်ငြိမ်း အေးမြရာဖြစ်သော နိဗ္ဗာန်တရားကို၊လိုလားတောင့်တကြကုန်သော သူတော်ကောင်း အပေါင်းတို့သည်၊ သိက္ခန္တု၊ ယုံကြည်သော စိတ်ထားဖြင့်၊ ပွားများကျင့်သုံးနိုင်ကြပါစေ ကုန်သတည်း။

အာသိသဂါထာကို ပြဆိုချက် ပြီး၏။

## ဒေသနာနည်း ၃-ပါးကို မှတ်သားရန်ပြဆိုခြင်း

●

**စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။**

စတုသစ္စဝိနိမုတ္တော၊ သစ္စာ ၄-ပါးမှ လွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

**ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။**

ကမ္မဋ္ဌာနဝိနိမုတ္တော၊ သမထကမ္မဋ္ဌာန်း,ဝိပဿနာကမ္မဋ္ဌာန်းမှ လွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။

ဤသို့လာရှိသော ကျမ်းဂန်များအရမှာ၊ မြတ်စွာဘုရား ဟောကြားတော်မူသော၊ ဓမ္မက္ခန္ဓာအပေါင်း၊ ရှစ်သောင်းလေးထောင်သည်၊ သစ္စာလေးပါးမှ လွတ်ကင်းသော တရား၊ ကမ္မဋ္ဌာန်းမှ လွတ်ကင်းသော တရားဟူ၍ တစုံတရာမျှမရှိ။ အလုံးစုံသောတရားအပေါင်းသည်၊ သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားချည်းသာ ဖြစ်၏ဟု အဓိပ္ပါယ်လာ၏။ ဤသို့ ဟောကြားတော်မူသော တရားတို့သည် လိုရင်း အကျဉ်းအားဖြင့်၊ နည်း ၃-ပါးရှိ၏။ နည်း ၃-ပါးဟူသည်ကား၊ ၁-**ဒေသနာက္ကမနည်း**။ ၂-**ပဝတ္တိက္ကမနည်း**။ ၃-**ပဋိပတ္တိက္ကမနည်း** ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုနည်း ၃-ပါးတို့တွင်....

**စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ၊ အနနုဗောဓာ အပ္ပဋိဝေဓာ။**
**ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ၊ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။**

(သုတ်မဟာဝါ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ စတုန္နံ၊ ၄-ပါးကုန်သော၊ အရိယသစ္စာနံ၊ ဒုက္ခ, သမုဒယ,နိရောဓ, မဂ္ဂ-ဟုဆိုအပ်သော၊ အရိယသစ္စာတရားတို့ကို၊ အနနုဗောဓာ၊ လောကီဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ လောကုတ္တရာမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤအဓွန့်ရှည်စွာသော သံသရာကာလပတ်လုံး၊ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း။ မမဉ္စေဝ၊ သင်တို့ဆရာ ငါဘုရားသည်၎င်း။ သန္ဓာဝိတံ၊ ကျင်လည်ရဘူးလှလေပြီ။ သံသရိတံ-သံသရိံ၊ မရပ်မနား ပြေးသွားရဘူးလှလေပြီ။ ဤသို့စသည်ဖြင့် ပါဠိတော် အသီးသီးတို့၌၊ ဟောကြားတော်မူအပ်သော ဒေသနာသည်၊ ဒေသနာက္ကမနည်းမည်၏။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။**

(သုတ်မဟာဝါ ပါဠိတော်)

အဝိဇ္ဇာပစ္စယာ၊ အမှန်ကို မသိခြင်းကြောင့်။ သင်္ခါရာ၊ ကိုယ်၊ စိတ်၊ နှုတ်၊ တို့ဖြင့်၊ အားထုတ်ပြုပြင်ခြင်းဟူသော သင်္ခါရ သဘောတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ သင်္ခါရပစ္စယာ၊ ပြုပြင် အားထုတ်ခြင်း ကြောင့်။ ဝိညာဏံ၊ နောက်နောက်သော ဘဝတို့၌၊ အသစ်ဖြစ်သော သိခြင်းသဘောသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်တတ်၏။ ။ဤသို့စသည်ဖြင့်၊ ပါဠိတော်အသီးသီးတို့၌၊ဟောကြားတော်မူအပ်သောဒေသနာသည်၊ ပဝတ္တိကြမနည်းမည်၏။

**သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အဘိညေယျံ၊ စက္ခုံ ဘိက္ခဝေ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊ စက္ခု ဝိညာဏံ အဘိညေယျံ၊ စက္ခုသမ္ဖဿော အဘိညေယျော။**

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံကို။ အဘိညေယျံ၊ သိအပ်၏။ ဘိက္ခဝေ၊ချစ်သား ရဟန်းတို့။ ကိဉ္စ၊အဘယ်သို့လျှင်။ သဗ္ဗံ၊ အလုံးစုံကို။အဘိညေယျံ၊သိအပ်သနည်း။ ဘိက္ခဝေ၊ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။အဘိညေယျံ၊မျက်စိဟုသိအပ်၏။ ရူပါ၊အဆင်းတို့ကို။ အဘိညေယျာ၊အဆင်းဟုသိအပ်ကုန်၏။စက္ခုဝိညာဏံ၊မြင်ခြင်းကို။အဘိညေယျံ၊ မြင်သည်ဟု သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိ၏ မြင်ခြင်းဖြင့် အဆင်းနှင့်တွေ့သည်ကို။ အဘိညေယျော၊တွေ့သည်ဟု သိအပ်၏။ ။ ဤသို့ စသည်ဖြင့် ဟောတော်မူသော ပါဠိတော်သည်၊ ပဒိပတ္တိကြမ နည်းမည်၏။

**ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယ သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ အာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။**

(သုတ်မဟာဝါ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယာသစ္စာသည်။ ကတမဉ္စ၊အဘယ်နည်းဟူမူကား။ အရိယော၊မြတ်သော။အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။အယမေဝမဂ္ဂေါ၊ဤမဂ်တရားပင်လျှင်တည်း။ဆွဒံ

အယံမဂ္ဂေါ၊ ဤမဂ်တရားသည်။ သေယျထာ ကတမော၊ အဘယ်နည်း ဟူမူကား။သမ္မာဒိဋ္ဌိ၊အမှန်သိခြင်း။သမ္မာသင်္ကပ္ပေါ၊အမှန်ကြံခြင်း။သမ္မာ ဝါစာ၊အမှန်ပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ အမှန်ပြုလုပ်ခြင်း။ သမ္မာ အာဇီဝေါ၊အမှန်အသက်မွေးခြင်း။သမ္မာဝါယာမော၊အမှန်အားထုတ် ခြင်း။ သမ္မာသတိ၊ အမှန်အောက်မေ့ခြင်း။ သမ္မာသမာဓိ၊ အမှန်တည် ကြည်ခြင်း။ဣမေ၊ဤသည်တို့တည်း။ ။ဤသို့စသည်ဖြင့် ဟောကြား တော်မူသော ပါဠိတော်သည်လည်း၊ ပဋိပတ္တိက္ကမနည်းပင် မည်၏။

ဧင်းနည်း ၃-ပါးတို့၌ မှတ်ရန် လိုရင်း အဓိပ္ပါယ်မှာ၊သတ္တဝါတို့၏ စရိုက်အစဉ်ကို လိုက်၍ ဟောတော်မူသော နည်းသည်၊ ဒေသနာက္ကမ နည်းမည်၏။ သဘာဝဓမ္မတို့၏ ဖြစ်စဉ်အတိုင်းလိုက်၍ ဟောတော်မူ သောနည်းသည်၊ ဥပ္ပတ္တိက္ကမ နည်းမည်၏။ ကျင့်ကြံ အားထုတ်ရမည့် အစဉ်ကိုလိုက်၍ ဟောတော်မူသော နည်းသည်၊ ပဋိပတ္တိက္ကမနည်း မည်၏။ ထင်ရှားစေဦးအံ့။ ။သစ္စာနိ၊ သစ္စာတရားတို့သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာရင်း။သမုဒယသစ္စံ၊သမုဒယသစ္စာရင်း။ နိရောဓသစ္စံ၊နိရောဓ သစ္စာရင်း။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာရင်း။ ။ဤသို့ စသည်ဖြင့်၊ ရှေ့နောက် အစီအစဉ်ထား၍ သစ္စာ ၄-ပါးကို ဟောသော ဒေသနာတော်၌၊ဒုက္ခ-သမုဒယ၊ အကျိုးအကြောင်း တတွဲ၊ နိရောဓ-မဂ္ဂ လောကုတ္တရာသစ္စာ ၂-ပါး၊ ဤသို့ ခွဲခြား၍မှတ်။

ဧင်း ဒုက္ခ,သမုဒယသစ္စာ ၂-ပါးတို့တွင်၊ ဒုက္ခသည် အကျိုး၊သမု ဒယသည် အကြောင်းဖြစ်၏။ သဘာဝဓမ္မတို့၏ နိယာမ အစဉ်သည်- ပြုပြင်ခြင်း အကြောင်းရှိမှ၊ အကျိုး ဖြစ်ပေါ်လာနိုင်၏။ ထို့ကြောင့် အကြောင်း တရားသည် ရှေ့ဖြစ်၍၊ အကျိုး တရားသည် နောက်ဖြစ် သောတရားမည်၏။ ဤကဲ့သို့ ဖြစ်မြဲသဘာဝဓမ္မတို့၏ နိယာမ အစဉ်ကို မလိုက်ဘဲ၊နောက်ဖြစ်သော အကျိုးဒုက္ခသစ္စာကိုရှေ့ထား၊ရှေ့ဖြစ်သော အကြောင်းသမုဒယသစ္စာကို နောက်ထား၍၊ ဒုက္ခသစ္စံ,သမုဒယသစ္စံ- ဟု အစီအစဉ်ထား၍ ဟောတော်မူ၏။ ဤသို့သော အစီအစဉ်ဒေသနာ မျိုးကို၊ သဘာဝဓမ္မ နိယာမသို့ မလိုက်ဘဲ၊သတ္တဝါ၏ စရိုက်သို့လိုက်၍ ဟောတော်မူရသောကြောင့်၊ဒေသနာက္ကမနည်းဟူ၍ မှတ်သားအပ်၏။

ဤသစ္စာ ၄-ပါးကို ဟောသောဒေသနာ၌၊ ဥပ္ပတ္တိက္ကမနည်းမျိုး ထား၍ ဟောကြားပါလျှင်၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ - စသော ပဋိစ္စ သမုပ္ပါဒ် ဒေသနာမျိုးကဲ့သို့၊သဘာဝဓမ္မတို့၏ နိယာမ ဖြစ်စဉ်အတိုင်း၊

အကြောင်းအကျိုး ရွှေဖြစ်,နောက်ဖြစ် မှန်ကန်ညီညွတ်စေရန်၊သမုဒယ သစ္စာ,ဒုက္ခသစ္စာ-ဟု ဟောတော်မူရ ပေလိမ့်မည်။ ဤသို့သော ဒေသနာ အစီအစဉ်မျိုးကို တရားသဘော ဖြစ်စဉ်အတိုင်း ဟောတော်မူသော ကြောင့်၊ ပဝတ္တိက္ကမနည်းဟူ၍ မှတ်သားအပ်၏။ ဒေသနာက္ကမနည်း, ပဝတ္တိက္ကမနည်းမျိုးကို မလိုက်ဘဲ၊ နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ်တို့၏ ကျင့်ရိုး ကျင့်စဉ်အတိုင်းဖြစ်သော၊ပြဆိုခဲ့သည့် အဘိဉာဉ်ဗျာဿတ် မဂ္ဂင် ရှစ်ပါးစသောဒေသနာမျိုးကို ယောဂီပုဂ္ဂိုလ်များအားထုတ်ရန်ကျင့်စဉ် ကိုဟောတော်မူသောကြောင့်၊ပဋိပတ္တိက္ကမနည်းဟူ၍မှတ်သားအပ်၏။

ထိုနည်း သုံးပါးတို့တွင်၊ ဒေသနာက္ကမနည်း၊ ပဝတ္တိက္ကမနည်းမျိုး ဖြင့် ဟောထားသော ဒေသနာအစဉ်သည်၊ ယောဂီပုဂ္ဂိုလ်တို့ လိုက်နာ ရန်မဟုတ်၊ပဋိပတ္တိက္ကမနည်းဖြင့် ဟောထားသော ဒေသနာအစဉ်သည် သာလျှင်၊ယောဂီပုဂ္ဂိုလ်တို့ လိုက်နာကျင့်ကြံ အားထုတ်ရန်ဖြစ်၏။

ဤ ပြဆိုခဲ့ပြီးသော နည်းသုံးပါးကို သတိ မထားမိဘဲ၊ ဟောရိုး ဟောစဉ်သော ဒေသနာနည်း အတိုင်းကိုသာ လိုက်နာကျင့်ကြံနေပါ လျှင်၊ အမှန်သို့ မရောက်နိုင်သဖြင့် **''မိုးသောကုန်-မောင်ပုံ စောင်း မတတ်''**ဆိုသကဲ့သို့၊ပင်ပန်းကျိုးမနပ်ဘဲ၊အလွဲလွဲ,အမှားမှားဖြစ်တတ် လှ၏။ဤကား ယောဂီပုဂ္ဂိုလ်များ အထူးသတိပြုရန်အချက်ပေတည်း။

လိုရင်း အကျဉ်းချုပ်မှာ၊ သစ္စာလေးပါးတို့တွင်၊ သစ္စာဝါ စရိုက် ပြောဟောရိုးအစဉ်ကို ညွှန်ပြရာ၌၊ဒုက္ခသစ္စာကိုရှေ့ထား၍ ဟောတော် မူ၏။ အားထုတ် ကျင့်ကြံရမည့် အစဉ်ပြရာ၌၊မဂ္ဂသစ္စာကို ရှေ့ထား၍၊ ဟောတော်မူ၏ဟု ဆိုလိုသည်။ ဒေသနာက္ကမနည်းမျိုးကဲ့သို့၊ လော ကုတ္တရာ သစ္စာနှစ်ပါးတွင်၊ နိရောဓသစ္စာကို ရှေ့ထား၍ ဟောတော်မူ သော အရာသည်လည်း အနည်းငယ်ရှိသေး၏။ ပိဋကတ်ကျမ်းဂန်တို့၌ ဒေသနာက္ကမ နည်းမျိုးသာ များပြား ထင်ရှားနေသဖြင့်၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၊အလွန်ပင် ယောင်မှားတတ်လှသော ဒေသနာဖြစ်၍၊ သေချာစွာ ရှင်းလင်းစေရန်၊အဘန်ဘန် အထပ်ထပ်၊ထည့်သွင်း ဟော ပြလိုက်ရပေသည်။

ငင်းနည်း သုံးပါး၌ ပြခဲ့သော သစ္စာလေးပါး-ပဋိစ္စ သမုပ္ပါဒ်-- အဘိဉာဉ်ဗျာဿတ်၊ မဂ္ဂင် ရှစ်ပါးတို့၏ သဘော သဘာဝ ယူဆပုံနှင့် အားထုတ်ကျင့်ကြံပုံ နည်းလမ်းများကို၊ ဝိပဿနာအခန်းသို့ ရောက်မှ ထင်ရှား ရှင်းသင်းစွာ ဟောပြပေအံ့။

ဒေသနာနည်း ၃-ပါးကို မှတ်သားရန် ပြဆိုချက် ပြီး၏။

## ဥပမာပြရာ၌ သဘာဝ မိ မမိကို သိရှိရန် ပြဆိုခြင်း

ဤနေရာတွင်၊ဥပမာပြရာ၌ယှဉ်တွဲရသော်လည်း၊သဘာဝမကျသော အချက်များကို၊မှတ်သား သတိပြုကြစေခြင်းငှါ အမြွက်မျှ ပြဆိုပေအံ့။

လောက၌ အပြစ်ကို သိသောသူနှင့် မသိသောသူ နှစ်ယောက်တို့သည်၊အကုသိုလ်မှုကိုပြုကြရာ၌ ဘယ်သူအား အပြစ်များပါသနည်းဟု မေးမြန်းသောပုစ္ဆာကို၊တယောက်သောသူသည်၊သိသောသူမှာအပြစ်ကြီး၍၊မသိသောသူမှာ အပြစ်နည်းပါးသည်ဟု ဖြေဆို၏။ တယောက်သောသူသည်၊ သိသောသူမှာ အပြစ်နည်းပါး၍၊ မသိသောသူမှာသာ အပြစ်ကြီးမားသည်ဟု ဖြေဆိုလေ၏။ ထိုဖြေဆိုချက် နှစ်မျိုးတို့တွင်၊ ပထမပုဂ္ဂိုလ်၏ ဖြေဆိုချက်အရ ဥပမာပြသည်မှာ၊လောက၌ ရာဇဝတ်ပြစ်မှုပြုသောသူ နှစ်ယောက်ကို၊ အစိုးရမင်းတို့ စစ်ဆေးသောအခါ၊ မသိသောသူမှာ တကြိမ်တခါဖြစ်၍ အနည်းငယ်မျှသော မိုက်ပြစ်ဒဏ်ကို ခံရလေသည်။ သိသောသူမှာကား ကြီးမားသော အပြစ်ဒဏ်ကို ခံရလေသည်။ထို့ကြောင့်''**အသိခေါက်ခက်-အဝင်နက်**'' ဟူသော စကားပုံများကို ပြောကြားလေ၏။ဤအတူပင် မှတ်ယူပါလေဟုဆို၏။

ဇင်းဥပမာအရ၊ လောက၌ ကလေးသူငယ်တို့ ပြစ်မှား လွန်ကျူးရာ စသည်တို့၌၊မလိမ္မာ အမိုက်အမဲ ဖြစ်သောကြောင့်ဇင်း၊ လယ်ခင်း ယာခင်းများသို့ ကျွဲ, နွားတို့ ဝင်ရောက် ဖျက်ဆီး ရာတို့၌ ဇင်း၊ သိခြင်း,မသိခြင်း၊တကြိမ်တခါဖြစ်ခြင်း, အကြိမ်များစွာ ဖြစ်ခြင်းတို့၌ ဇင်း၊ ဤသို့စသော အရာများ၌ လွန်စွာပင် သိသာထင်ရှားလှပေသည်။

ဒုတိယ ပုဂ္ဂိုလ်၏ ဖြေဆိုချက်အရ၊ ဥပမာပြသည်မှာ၊ လောက၌ လူနှစ်ယောက်ခရီးသွားကြရာ၊လမ်း၌ မမြင်အောင် ဖုံးအုပ်ထားသော အလွန်ထက်ချွန်သည့် ဆူးတွင်းစသည် တခုခုရှိလေ၏။ထိုလမ်းသို့ မလွှဲသာ၍ သွားရသော်၊ ဆူးတွင်း စသည် ရှိမှန်းမသိသော သူမှာ၊အားရှိသမျှ ပြေးဝင်၍၊ မညှာတာ အတင်းဘိနင်းသဖြင့်၊ ဆူးအရင်းရောက် အရိုးထိ စူးဖေါက်သောကြောင့်၊ သေလုလောက်မျှသော ဆင်းရဲဒုက္ခများကို ခံစားရလေ၏။ သိသောသူမှာကား၊ မိမိကိုယ်ကို ဖေါ်နိုင်သမျှ ဖေါ်၍ သွားသဖြင့်၊အနည်းငယ်မျှ စူးယှလေသည်။ထို့ကြောင့်''**ဥစ္စာ တံစောင့် - အသက်ကို ဥာဏ်စောင့်**'' စသော စကားပုံများကို ပြောကြားလေ၏။ဤအတူပင် မှတ်ယူပါလေဟု ဆို၏။

ရင်း ဥပမာအရ၊ လောကဥ္စ သစ်ဂုတ်သဲခေါင်၊ ကျောက်ဆောင်ဒိုဝ မိကျောင်း လဟိုင်စသည့်တို့ ရှိသော၊ ရေလမ်းခရီးသို့ သွားရာတို့၌ရင်း၊ ဒါးပြ,သူခိုး, လူဆိုး,လူမိုက်၊ ရက္ခိုက်,ဆင်,ကျား၊ ဘေးရန်များသော ကုန်းလမ်းခရီးသို့ သွားရာဘို၌ရင်း၊ ဘုရားအလောင်း လှည်းကုန် သည်နှင့်၊ ဒေဝဒတ်အလောင်း လှည်းကုန်သည့်တို့၊ လှည်းအစီး ငါးရာ စီနှင့် သွားကြရာ။ ကန္တာရ ခရီးခဲသို့ ရောက်သောအခါ၊ ထိုဘေးမှ မလွတ်မြောက်မှု၊ လွတ်မြောက်မှုတို့၌ရင်း၊ အသိဉာဏ်ရှိမှု, မရှိမှု နှစ်ပါး တို့၏ ကွဲလွဲထူးခြားသော အကျိုးစီးပွား ဆုတ်ယုတ်ခြင်း၊ အကျိုး စီးပွား များပြားခြင်းတို့သည်၊ လွန်စွာပင် သိသာထင်ရှားလှပေသည်။

ဤပုဂ္ဂိုလ်နှစ်ယောက်တို့ ဖြေကြားချက်များအရ၊ မိမိတို့တင်ပြသော ဥပမာစကားတို့သည်၊ ဥပမေယျစကားနှင့် တသားတည်း ညီသဖြင့်၊ ယုံကြည်နိုင်ရန် ယုတ္တိများမှာလည်း၊ နှစ်ပါးလုံးပင် အညီအမျှ ရှိကြ လေသည်။

အမှန်သဘောကိုဆိုလျှင်၊ သစ္စာတရားနှ၊ သမုတိသစ္စာ, ပရမတ္ထသစ္စာ စသည်ဖြင့်၊ ခွဲခြမ်းဝေဘန်သကဲ့သို့ ယူပါမူ၊ သူနေရာနှင့် သူသဘော၊ လိုက်လျောညီညွတ်ပေသည်ဟု ဆိုရပေ၏။ သို့သော် ထိုအဖြေစကား ရပ်၌၊ ယှဉ်စပ်တင်ပြသော ဥပမာ နှစ်မျိုးလုံးပင်၊ သဘာဝဓမ္မကိုချည်း ယူလိုဟန်၊ အာဘော်အဓိပ္ပါယ်များကဲ့သို့ ထင်မြင်၏။ ထင်မြင်သည့် အတိုင်း ဖြစ်နေပါလျှင်၊ နှစ်မျိုးလုံးမှန်ရာသို့ မရောက်နိုင်ပေ။ တမျိုးသာ မှန်ရာသို့ ရောက်နိုင်ပေသည်။ ။ဤကား ဥပမာ ပြရာ၌၊ ယုတ္တိရပုံ အဓိပ္ပါယ်တည်း။

သဘာဝဓမ္မသို့ကျသောအရာများမှာ **"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"** ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် စေတနာကိုသာ ပဓာနပြုရလေသည်။ ။အဓိပ္ပါယ်ကား အကုသိုလ်မှုကိုပြုရာ၌၊ စေတနာ ထက်လျှင်၊ အကျိုးပေးလည်း သန်စွမ်းကြီးမား၏။ စေတနာနုန့်လျှင်၊ အကျိုးပေးလည်း ပြေ့ညံ့နည်းပါး၏။ ကုသိုလ်မှုကို ပြုရာ၌လည်း၊ ထို့အတူပင် စေတနာကိုသာ ပဓာန ပြုရလေသည်။

အကုသိုလ်မှုကို နှစ်ယောက်ပြုရာတွင်၊ အပြစ်ကိုမသိသောသူသည်၊ ဘေးရန်ကို မမြင်ပေ။ ထိုကြောင့် ထက်သန်အားကြီးသော စိတ်ဖြင့်၊ ဝမ်းမြောက်ဝမ်းသာ စိတ်ရောကိုယ်ပါနှင့်၊ ရက်ရောစွာ ပြုလုပ်နိုင်ပေ

ရာ၏။နေခင်ကိုလည်း စွန့်လွှတ်ရှောင်ကြဉ်ရန်မှာ၊စိတ်တွင်မျှမဥပါဒ်ဘဲ၊ အမြဲမပြတ် အထပ်ထပ်ပွားများ ဆည်းပူး၍ နေလေတော့သည်။

အပြစ်ကို သိသောသူမှာမူကား၊ အသက်မွေးရန် အတွက်၊ ခက်ခဲကျဉ်းကြပ်၍ပြုရသော်လည်း၊ အတုံ့အလှည့်ခံရမည့်ဘေးရန်ကို မြင်နေသဖြင့်၊ ရွှင်လန်းဝမ်းသာလျက်၊ မိတ်ရောကိုယ်ပါ ရက်ရောစွာ မပြုဝံ့ဘဲ၊ ရှုံ့တွန့်တွန့် ရော့ရဲရဲဖြစ်၍၊ အားနည်း ပြော့ညံ့သော စိတ်ထားသည် အမှန်ပင် တည်ရှိရာ၏။နေခင်အခွင့်သာခဲ့ပါလျှင်၊ စွန့်လွှတ်ရှောင်ကြဉ်ရန်ကိုလည်း၊ အမြဲပင် နှလုံးသွင်းလေတော့သည်။ ဤသို့လာသော ကျမ်းဂန်သဘောသွား၊ အဓိပ္ပါယ်များကို ထောက်ထားသဖြင့်၊ မသိသောသူမှာသာ အပြစ်ကြီးမား၍၊ သိသောသူမှာ အပြစ်နည်းပါးသည်ဟု သဘာဝဓမ္မ၏ အလာကို မှတ်သားယုံကြည်သင့်လှပေသည်။ ။ဤကား ဥပမာပြရာ၌ သဘာဝ ကျနပုံ အဓိပ္ပါယ်တည်း။

ထို့ကြောင့် နှစ်ချက်သော အဖြေဥပမာ စကားတို့နှင့်၊ မသိသောသူမှာအပြစ်နည်းပါး၍၊သိသောသူမှာသာ အပြစ်ကြီးမားကြောင်းဖြင့်၊ ဖြေဆိုတင်ပြသော ပထမဥပမာစကားသည်၊ ယုတ္တိသာရ၍ သဘာဝမကျပေ။မသိသော သူမှာသာ အပြစ်ကြီးမား၍၊သိသောသူမှာ အပြစ်နည်းပါးကြောင်းဖြင့်၊ ဖြေဆိုတင်ပြသော ဒုတိယ ဥပမာစကားသည်မူကား၊ယုတ္တိရလျက် သဘာဝလည်းကျပေ၏။ဤသို့ အဓိပ္ပါယ်ယူဆပုံသဘောများကို မြဲမြံစွာ မှတ်သားကြပါလေ။

ဤသဘောမျိုးကိုမယူပါလျှင်၊ မောဟ အဝိဇ္ဇာကုပင် ဉာဏ်ပညာတရားထက် မြင့်မြတ်ရာသို့ ရောက်နေပေလိမ့်မည်။ ထိုသို့ ဖြစ်ခဲ့သော်၊ သဘာဝဓမ္မသို့ မကျ၍ မထိခိုက်နိုင်ပေရာ။ ထို့ကြောင့် ပရမတ်တရားနှင့်စပ်၍၊ ယူဆပုံ အဓိပ္ပါယ်များအရ၊ဥပမာပြရာတို့၌၊သဘာဝဓမ္မသို့၊ ကျ-မကျ၊ မှန်-မမှန်ကို၊ သင်ခြင်ဉာဏ် စဉ်းစားမှုဖြင့်၊ များများကြီး သတိပြုသင့်လှပေသည်။

ဤကား ဥပမာပြရာ၌ ယုတ္တိ ရသော်လည်း၊ သဘာဝ မကျသော အချက်များကို၊ မှတ်သား သတိပြုကြ စေခြင်းငှါ၊ အမြွက်မျှ ပြဆိုရေးသားလိုက်ရခြင်းပေတည်း။

ဥပမာပြရာ၌၊ သဘာဝ-ဓိ-မဓိကို၊ သိရှိရန် ပြဆိုချက် ပြီး၏။

---

## သာသနာ ၃-ပါးကိုခွဲခြား၍ ပြဆိုခြင်း

အလုံးစုံသော ဘုရားရှင်တို့၏၊ အစဥ်မပြတ် ဟောကြားတော်မူအပ်သော တရားအပေါင်းကို သာသနာဟု ခေါ်ဆို၏။ ဤအဆုံးအမဖြစ်သော သာသနာတော်သည်၊ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးသော သာသနာတို့တွင်၊ သုတ် ၃-ကျမ်း, ဝိနည်း ၅-ကျမ်း, အဘိဓမ္မာ ၇-ကျမ်းဟု ဆိုအပ်သော ပိဋကတ်သုံးပုံ အလုံးစုံသည်၊ ပရိယတ္တိသာသနာမည်၏၊ ထိုပိဋကတ်သုံးပုံ၌လာသော၊ သီလ,သမာဓိ, ပညာစသော အကျင့်အမျိုးမျိုးသည်၊ ပဋိပတ္တိ သာသနာမည်၏၊ ထိုအကျင့်မျိုးတို့ ပြီးစီး ထမြောက်၍၊ ပေါ် ပေါက် ဖြစ်ထွန်းလာသော မဂ်,ဖိုလ်,နိဗ္ဗာန်သည်၊ ပဋိဝေဓ သာသနာမည်၏။

ဤနေရာ၌ စာပေ ကျမ်းဂန်ကို၊ သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားခြင်းသည်၊ ပရိယတ္တိ သာသနာကို အားထုတ်သည်ဆို၏။ သီလ, သမာဓိ, ပညာ ဝိပဿနာ တရားများကို ကျင့်ကြံပြုလုပ်၍ နေခြင်းသည်၊ပဋိပတ္တိသာသနာကို အားထုတ်သည်ဆို၏။မဂ်,ဖိုလ်သို့ ပေါက်ရောက်နေခြင်း ဖလသမာပတ်စသည်ကို ဝင်စားနေခြင်းမျိုးသည်၊ပဋိဝေဓသာသနာကို အားထုတ်သည်ဆို၏၊ထို ၃-ပါးတို့တွင်၊ ပဋိဝေဓသာသနာ၏အဓိပ္ပါယ်မှာ သိသာထင်ရှားသဖြင့်၊ပရိယတ်,ပဋိပတ်ဟူသောသာသနာ ၂-ပါး၏အဓိပ္ပါယ်ကိုသာ၊ အနည်းငယ်ဘော်ပြပေအံ့။

ပဋိဝေဓဟူသောမဂ်,ဖိုလ်,နိဗ္ဗာန်သို့၊ပရိယတ်,ပဋိပတ် ၂-ပါးစုံဖြင့် ရောက်ခြင်း၊ ပဋိပတ် တပါးဖြင့်လည်း ရောက်ခြင်းဟူ၍ ၂-မျိုးရှိ၏။ ဥပမာအားဖြင့်၊ထို ၂-မျိုးတို့တွင် ပရိယတ်ကျမ်းဂန်မတတ်ဘဲ၊ပဋိပတ်ဖြင့်သာ ပေါက်ရောက်သောသူသည်၊ လူအ,အိပ်မက်သည့်တူ၏။ ပရိယတ်ကျမ်းဂန်တတ်မြောက်၍ပေါက်ရောက်သောသူသည်၊လူကောင်း အိပ်မက်သည်နှင့်တူ၏၊လူအသည်၊အိပ်မက်၌ တွေ့မြင်သည်ကို မိမိကား သိ၏ သူတပါးကိုမူကား၊ မပြောကြားတတ်ပေ။ ထို့အတူ ပရိယတ်ကိုမသင်ကြားရဘဲ၊မဂ်,ဖိုလ်သို့ ရောက်သောသူသည်၊မိမိဉာဏ်၌ကား သိမြင်၏။သူတပါးနားလည်ရန် ပညတ်တင်၍မူကား၊ မဟောမပြောတတ်ပေ။ လူကောင်းသည် အိပ်မက်၌ တွေ့မြင်သည့်ကို၊ မိမိလည်း သိ၏၊ သူတပါးတို့အားလည်း၊ပြောကြားတတ်၏။ ထို့အတူ ပရိယတ်

သင်ကြား၍ မဂ်,ဖိုလ်ပေါက်ရောက်သောသူသည်၊ မိမိဉာဏ်၌လည်း
သိမြင်၏၊ သူတပါးတို့အားလည်း၊ နားလည်စေရန် ပညတ်တင်၍
ဟောပြောတတ်ပေသည်။

ဥပမာ တနည်းအားဖြင့်၊စာပေကျမ်းဂန်မတတ်မြောက်ဘဲ၊မဂ်,ဖိုလ်
သို့ ပေါက်ရောက်သောသူသည် ပစ္စေကဗုဒ္ဓါနှင့်တူ၏။စာပေကျမ်းဂန်
တတ်မြောက်၍မဂ်,ဖိုလ်သို့ ပေါက်ရောက်သောသူသည်၊မြတ်စွာဘုရား
နှင့်တူ၏၊ဥပမေယျမှာ၊နောက်ကပြခဲ့သောအတိုင်း စပ်ယှဉ်၍ ယူကြပါ
လေ။ ။ရင်းပြင် လောက၌ ၁-တွင်းကိုသာဖေါက်၍၊ မအောင်းသော
ကြွက်တမျိုး၊ ၂-အောင်းရုံသာ အောင်း၍၊တွင်းမဖေါက်သော ကြွက်
တမျိုး၊ ၃-တွင်းကိုလည်း မဖေါက်၊ အောင်းလည်း မအောင်းသော
ကြွက်တမျိုး၊ ၄-တွင်းကိုလည်းဖေါက် အောင်းလည်းအောင်းသော
ကြွက်တမျိုး။ ဤသို့ ကြွက် ၄-မျိုးကို ဥပမာပြ၍၊ပုဂ္ဂိုလ် ၄-မျိုး
ရှိကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့အတူပင်လျှင်၊ ၁-ချုန်းသာချုန်း၍ မရွာသော မိုးတမျိုး၊ ၂-ရွာရုံ
သာရွာ၍ မချုန်းသော မိုးတမျိုး၊ ၃-ချုန်းလည်း မချုန်း၊ ရွာလည်း
မရွာသော မိုးတမျိုး၊၄-ချုန်းလည်းချုန်း ရွာလည်းရွာသော မိုးတမျိုး။
ဤသို့ မိုး ၄-မျိုးကို ဥပမာပြ၍၊ ပုဂ္ဂိုလ် ၄-မျိုး ရှိဉကြောင်းများကို
လည်း မြတ်စွာဘုရားဟောကြားတော်မူသေး၏။ ဤဥပမာ ၂-မျိုး၏
ဥပမေယျများမှာ ထင်ရှားသိသာလှသဖြင့်၊ စပ်ယှဉ်၍ မပြတော့ပြီ။

ရင်းပြင် အထက်ကပြခဲ့သော ဥပမာစကားတို့၏၊ ဥပမေယျတို့
ထင်ရှားစေခြင်းငှါ၊ ၁ ဗဟုသုတ အကြားအမြင်သာများ၍၊ အကျင့်
တရားမရှိသော သူတယောက်၊ ၂-ဗဟုသုတ အကြားအမြင်ပင် မရှိ
ငြားသော်လည်း၊အကျင့်တရားရှိသော သူတယောက်။ ၃-ဗဟုသုတ
အကြားအမြင်လည်းမရှိ အကျင့်တရားလည်းမရှိသော သူတယောက်။
၄ ဗဟုသုတ အကြားအမြင်လည်းများ၊ အကျင့်တရားလည်းရှိသော
သူတယောက်၊ ဤပုဂ္ဂိုလ် ၄-ယောက်တို့၏ အကျိုး အပြစ်များကို
မြတ်စွာဘုရား ဟောကြားဆုံးမတော်မူ၏၊

**အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု သုသံမာဟိတော။**

**သီလတောနံ ပသံသန္တိ၊ တဿ သမ္ပန္နတေ သုတံ။ ။**

ယော၊ အကြင်သူသည်၊ အပ္ပဿုတော၊ အကြားအမြင်နည်းပါး
သည်၊စေ ဟောတိ၊အကယ်၍ဖြစ်စေဦးတော့၊သီလေသု၊သီလတသား၊

အကျင့်တရားဘို၍၊ သုသမာဟိတော၊ ကောင်းစွာလုံရန် ကျင့်ကြံသည် ဖြစ်အံ့၊နီ၊ထိုသူကို၊ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏၊ တဿ၊ ထိုသူအား၊ သုတံ၊ အကြားအမြင်သည်၊ သမ္ပန္နတော၊ ပြည့်စုံသည်လည်းမည်၏။

အဓိပ္ပါယ်ကား၊ပထမပုဂ္ဂိုလ်သည် အကြားအမြင်များသော်လည်း၊ အကျင့်တရားမရှိ၍ ကဲ့ရဲ့အပ်၏။ထို့ကြောင့် အကြားအမြင်လည်း ပြည့်စုံသည်မမည်။ဒုတိယပုဂ္ဂိုလ်မှာ အကြားအမြင် မရှိသော်လည်း၊အကျင့်တရားရှိ၍ ချီးမွမ်းအပ်၏။ အကြားအမြင်လည်း ပြည့်စုံသည် မည်၏။ တတိယပုဂ္ဂိုလ်သည်၊ ၂-ပါးစုံကဲ့ရဲ့အပ်၍၊ စတုတ္ထပုဂ္ဂိုလ်မှာမူ၊ ၂-ပါးစုံ ချီးမွမ်းအပ်ပေ၏။ ဤသို့စသည်ဖြင့် ကျယ်ဝန်းစွာ အဓိပ္ပါယ်လာ၏။ ထွင်းသော ပထမ,တတိယ,စတုတ္ထပုဂ္ဂိုလ် ၃-ယောက်တို့အား ဟော ကြားသော ဒေသနာမှာ၊ ပြဆိုခဲ့သော အဓိပ္ပါယ်အတိုင်းပင် မှတ်ယူ ပါလေ။

ရှင်းပြင်၊ဗဟုသုတ အကြားအမြင် မရှိသော်လည်း၊တရားကိုပွားမြီး စီးပုံများကို မြတ်စွာဘုရားဟောကြားသော ဥပမာစကားဖြင့် မှတ် သားရန် ပြဆိုပေအံ့။

**တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။**

ဘိက္ခဝေ၊ရဟန်းတို့။တိကိစ္ဆကောတိ ဣတိ၊ဆေးဆရာကြီးဟူသော ဤအမည်သည်၊တထာဂတဿ၊မြတ်စွာဘုရား၏။ အဓိဝစနံ၊အမည် တော်ပေတည်း။ ဤကဲ့သို့ မြတ်စွာဘုရား ဟောတော် မူသော ဒေသနာ၌၊ ဥပမာ အချုပ်ကို ထုတ်ဆိုရမူကား၊ မြတ်စွာဘုရားသည် ဆေးဆရာကြီး ဖြစ်သည် ဆိုသဖြင့်၊ ဟောကြားတော်မူသော တရား အပေါင်းသည် ဆေးဝါးကောင်း မည်၏။လောက၌ ဆေးဆရာကြီးတို့ သည်၊သွေး,သည်းခြေ,လေ,သလိပ်စသည်တို့ကြောင့်ဖြစ်သောရောဂါ ဝေဒနာတို့ကို၊မိမိတို့ဘော်စပ်ထားသော ဆေးကောင်းဓာတ်စာတို့ဖြင့် တိုက်ကျွေး၍၊ငြိမ်းအေးပျောက်ကင်း ချမ်းသာခြင်းကို ဖြစ်စေနိုင်သကဲ့ သို့၊ ထို့အတူ မြတ်စွာဘုရား တည်းဟူသော ဆေးဆရာကြီးသည်၊ သံက္ကာယ ဒိဋ္ဌိစသော ကိလေသာရောဂါတို့ကို တရားတည်းဟူသော ဆေးတော်ဖြင့် တိုက်ကျွေး၍၊ အပါယ်ဘေးလွတ်မြောက်၊ မဂ်, ဖိုလ်, နိဗ္ဗာန် တည်းဟူသော ချမ်းသာကို ရောက်စေနိုင်သည်။

မြတ်စွာဘုရားသည်၊လိမ်မာသော ဆေးဆရာကြီးနှင့်တူ၏။ တရားတော်သည်၊ ဆေးဝါးကောင်းနှင့်တူ၏။ ကိလေသာ အပေါင်းသည်၊ အနာရောဂါနှင့်တူ၏။ပုထုဇဉ်ဖြစ်သော လူ,နတ်,ဗြဟ္မာသည်၊လူနာနှင့်တူ၏။တရားတော်ကို ကျင့်ခြင်းသည်၊ သင့်မြတ်သော ဆေးဝါးခတ်စာကို စားသည်နှင့်တူ၏။ မြတ်စွာဘုရားထံ၌ တရားနည်းလမ်းရရှိပြီးသော သာဝကသည်၊ ဆေးဆရာကြီးထံ၌ ဆေးပညာ တတ်မြောက်ပြီးသော တပည့်နှင့်တူ၏။

ဤဥပမာ၏ အချုပ်စကားမှာ၊လောက၌ ဆေးဆရာသည် ရောဂါပျောက်ငြိမ်းရန် နားလည်ကျွမ်းကျင်၍ ဆေးမှန်,ခတ်စာမှန်ကို ပေးတတ်ခြင်းသာ လိုရင်းဖြစ်၏။ လူနာသည် ဆရာ၏စကားကို မပယ်ရှားဘဲ၊ပြောသည်ကို နားထောင်၍၊ပေးကျွေးသည်ကို စားသောက်နိုင်ခြင်းသာ လိုရင်းဖြစ်ပေ၏။ထို့ကြောင့် ဆေးဝါးခတ်စာ စသည်ကို လူနာက မသိမြင်-မကျွမ်းကျင်၍ နားမလည်သော်လည်း၊ဆေးဆရာက နားလည်တတ်မြောက်၍ ကုသနိုင်ပါလျှင်၊ရောဂါကင်းပျောက်လျက် ချမ်းသာခြင်းသို့ ရောက်ရလေသည်။

ထို့အတူ ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ်နှင့် ပရမတ်သဘော ဇောဝီထိ စသော၊ သုတ္တန် အဘိဓမ္မာကျမ်း ဝိပဿနာနည်းလမ်းများကို၊ တရားအားထုတ်သောသူတို့က သင်အံလေ့ကျက်ဆောင်ရွက်မှတ်သားခြင်းမရှိ၍၊ အာဂုံပါဠိ အရအမိ၊ အသိအမြင်ပင် မရှိသော်လည်း၊ ကမ္မဋ္ဌာန်းဆရာ လုပ်သူက၊ နေရာကျအောင် ဟောပြော လမ်းပြတတ်ပါမူ၊ အလွယ်တကူနှင့် ထ,မြောက်၍၊ မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်ပေသည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသည်။

ဤနေရာ၌ မှတ်သားရန်ဝတ္ထုများမှာ၊ ဝိသာခါ ကျောင်းအမကြီးသည် ၇ နှစ် အရွယ်က သောတာပန်ဖြစ်၏။ မာတိကာ တကာမကြီးသည်၊ကောဋ္ဌာသဗီးဖြန့်း၍၊ကာယာနုပဿနာ ကမ္မဋ္ဌာန်းဖြင့်၊ လောကီဈာန် အဘိညာဏ်နှင့်တကွ အနာဂါမ်တည်၏။စာပေသင်ကြား တတ်မြောက်နိုင်သည် မရှိပေ။သံကိစ္စသာမဏေ, သုခသာမဏေ စသည်တို့သည်လည်း၊၇-နှစ်အရွယ်က ရဟန္တာဖြစ်ကြ၏၊ စာပေသင်ကြားထားပြီး မရှိပေ။ စူဠပန်မထေရ်သည်၊လေးပါဒသော ဂါထာတပုဒ်ကိုပင်၊ ဝါတွင်း ၃-လပတ်လုံး သင်ကြား၍မရဘဲ၊မြတ်စွာဘုရားနှင့်တွေ့သောအခါ၊ရဇောဟရဏံ မှုကိုရွတ်ဆိုရုံနှင့်၊ကိလေသာကုန်ခန်း၍ ရဟန္တာ

ဖြစ်ပြီးလျှင်၊ပဋိသမ္ဘိဒါအရှင်ဟူ၍အလွန်ပင်ထင်ရှားလေ၏။ ဤကဲ့သို့စာ မတတ်ဘဲ၊ မဂ်,ဖိုလ်ကိုရကြသော လူယောကျ်ား,လူမိန်းမ၊ သာမဏေ ယောကျ်ား,သာမဏေမိန်းမ၊ ရဟန်းယောကျ်ား,ရဟန်းမိန်းမ၊ အကြီး အငယ်စသော ဝတ္ထုတို့မှာ အလွန်ပင်များပြားလှပေသည်။ ထို့ကြောင့် ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓဟု ကျမ်းဂန်၌ပြခြင်းသည်၊ ဒေသနာအစဉ် မျှသာဖြစ်ပေ၏။ ပရိယတ္တိကျမ်းဂန်များကို သင်အံတတ်မြောက်ပြီးမှ၊ပဋိ ပတ်ကျင့်စဉ်ကို အားထုတ်ရမည်ဟု ပြလိုသော အဓိအစဉ်မဟုတ်ပေ။

တံနည်းအားဖြင့်၊ပိပဿနာအရာ၌၊ **ဥဂ္ဃဋိတညုပုဂ္ဂလဿ ဥဒ္ဒေသေန ဥဘ ပရိစယံ ဓာတ္ဝာ**-ဟု ပိသုဒ္ဓိမဂ်၌ ပြဆိုရာ။ **ခန္ဓာဒီသု-သုတမယ ဥာဏံ ဥပ္ပါဒေတွာ'တိ အတ္ထော**။ စသည်ဖြင့်၊မဟာဋီကာ၌လာသော ကြောင့်၊ ကိုယ်တိုင်သင်ကြား၍ဖြစ်စေ၊ မေးမြန်း၍ဖြစ်စေ၊ ကမ္မဋ္ဌာန်း ဆရာ စသောသူတို့ ဟောကြားသည်ကို ကြားနာရ၍ဖြစ်စေ၊မှတ်သား လေ့လာ၍ စိတ်၌ထိမြင်သော သုတမယဉာဏ်သာ လိုရင်းဖြစ်သည်ဟု ဆိုသဖြင့်၊တဆင့်ကြား သုတကို ပရိယတ်ယူ၍၊သာသနာ ၃-ရပ်အစဉ် ကို ပြောဆိုခြင်းများလည်း၊ အသင့်ပင်ဟု မှတ်ယူရန်ရှိပေသည်။

ဤသို့ပြဆိုခဲ့ပြီးသော၊ဥပမာ,ဥပမေယျတို့နှင့်တကွ၊ ဒေသနာ ဝတ္ထု တို့ကို ထောက်ရှုဆင်ခြင်၍ စာပေကိုပင် မသင်ကြား မတတ်မြောက် သော်လည်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ပေါက်ရောက် နိုင်ပေသည်ဟု ယုံ ကြည်စွာမှတ်သား၍၊ပိပဿနာတရားကို များများကြီးအားထုတ် သင့် လှပေသတည်း။

သာသနာ ၃-ပါးကို ပြဆိုချက်ပြီး၏။

## စာတတ်သူ-မတတ်သူ နှစ်ဦးကို ပြဆိုခြင်း

မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလိုလား၍၊ပိပဿနာ ကမ္မဋ္ဌာန်းတရားကို အား ထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည်၊ပရိယတ္တိ စာပေပညာကို သင် ကြားတတ်မြောက်၍၊ ဗဟုသုတများသော ယောဂီပုဂ္ဂိုလ်။ ပရိယတ္တိ စာပေပညာကို ဆင်ကြားတတ်မြောက်ခြင်းမရှိ၍ ဗဟုသုတ နည်းပါး သော ယောဂီပုဂ္ဂိုလ်ဟူ၍ ၂-မျိုးရှိ၏။ ထိုပုဂ္ဂိုလ် ၂-မျိုးတို့တွင် ကမ္မဋ္ဌာန်း ခွင်သို့ဝင်၍၊ အချိန်ကာလတူမျှစွာ အားထုတ်ပါလျှင်၊ပညာဉာဏ်နည်း ပါးသောသူသည်၊ဝိညာဉာဏ်ကြီးမားသော သူထက်၊ မဂ်,ဖိုလ်ကိုအရ လျှင်မြန်၍။ ပညာဉာဏ်ကြီးမား ဗဟုသုတများပြားသောသူမှာ၊ပညာ

ဉာဏ်နည်းပါးသောသူအောက်၊မင်္ဂ,ဖိုလ်ကို အရနောက်ကျ နှိန့်နှေး၍၊ ရှည်ဝေးကြာမြင့်တတ်လေသည်။

ဤနေရာ၌ ယှုံကြည်ရန်သာဓကမှာ၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်မထေရ် ၂-ပါးတို့၏ဝတ္ထုဖြင့်ပင် ပေါ်လွင်ထိသာလှပေ၏။ ထိသာပုံမှာ၊ မအရှင်သာရိပုတ္တရာသည်၊ ပညာဉာဏ်ကြီးမား၍ ဗဟုသုတ အကြွားအမြင်များပြားလှ၏။ အရှင်မောဂ္ဂလာန်သည်၊ ပညာဉာဏ် ဗဟုသုတနည်းပါး၏။ ထိုမထေရ် ၂-ပါးတို့တွင်၊ အရှင်သာရိပုတ္တရာ သည်၊ ပဉ္စဝဂ္ဂီငါးပါးတို့တွင် အငယ်ဆုံးဖြစ်သော ရှင်အဿဇိမထေရ် နှင့်တွေ့ရ၊ ယေဓမ္မာဟေတုပ္ပဘဝါ-စသော ဂါထာဝင်၊ ၂-ပါဒမျှ နှင့်၊သောတာပတ္တိဖိုလ်၌ ရှေးဦးစွာတည်၏။ရှင်မောဂ္ဂလာန်မှာ၊နောက်မှ တရားကိုနာရသော်လည်း၊ ၇-ရက်မျှနှင့် အရဟတ္တဖိုလ်သို့ ရောက်ရှိ လေ၏။ရှင်သာရိပုတ္တရာမှာမူ၊ ၁၅-ရက်ကြာမှ အရဟတ္တဖိုလ်သို့ပေါက် ရောက်နိုင်လေသည်။

ဤမထေရ် ၂-ပါး၏တရားရ ထူးခြားပုံကို၊အဋ္ဌကထာများ၌ အမေး အဖြေထုတ်ပြထားပေ၏။ ထုတ်ပြပုံမှာ-အရှင်သာရိပုတ္တရာသည်၊ပညာ ကြီးသည် ဆို၏။ အရှင်မောဂ္ဂလာန်သည်၊ ပညာနည်းသည်ဟု ဆို၏။ ရှင်မောဂ္ဂလာန်သည်၊ ပညာနည်းပါးသူ ဖြစ်လျက်၊ အဘယ့်ကြောင့် အရဟတ္တဖိုလ်သို့ ရှေးဦးစွာရောက်နိုင်ပါသနည်း။ အရှင်သာရိပုတ္တရာ သည် ပညာဉာဏ်ကြီးမားသူဖြစ်ပါလျက်၊ အဘယ့်ကြောင့် အရဟတ္တ ဖိုလ်သို့အရောက် နောက်ကျပါသနည်းဟု အမေးထုတ်လေ၏။

ထိုအမေးကို အရှင်သာရိပုတ္တရာသည်၊ ပညာကြီးမားသောကြောင့် အရဟတ္တဖိုလ်သို့အရောက် နောက်ကျသည်ဟု အကျဉ်းအားဖြင့် ဖြေ ဆို၏။ ဤစကားအရမှာ၊ယုံကြည်ဘွယ်ရာမဟုတ်သကဲ့သို့ဖြစ်တတ်၏။ပညာ ကြီးမားသူက ကျေးဇူးမများ၊ အလကား ဖြစ်လေသလောဟု တွေး တောမှတ်ထင်တတ်၏။ ဤအရာ၌ ကျေးဇူးများခြင်း၊ မများခြင်းသည် လိုရင်းမဟုတ်ပေ။ မင်္ဂ,ဖိုလ်အလုပ် ထမြောက်ရာ၌၊ ရှေ့ရောက်,နောက် ရောက်၊ အမြန်အနှေး ဖြစ်ပုံသဘောများကိုသာ ပြလိုရင်းပေတည်း။

အဋ္ဌကထာ အကျယ်ပြသော ဥပမာကား၊ လောက၌ ရှင်ဘုရင်နှင့် ဆင်းရဲသားနှစ်ဦးတို့ခရီးသွားကြရာ၊ဆင်းရဲသားမှာ၊ဒါးမတိုတချောင်း နှင့် လွယ်အိတ်တလုံးလောက် ကောက်ယူပြီး ခရီးသွားနိုင်သဖြင့်၊ ဖြင

ဆင်ရန် ကိစ္စနည်းပါးလှ၍ လျင်မြန်စွာ ထ,မြောက်လေ၏။မင်းမှာမူကား**“ရှင်ဘုရင်တခါထွက်-ပဲကြီးတလှေချက်”** ဆိုသောစကားကဲ့သို့၊မင်းခမ်း-မင်းနားတို့ ပြုပြင်ရန် များပြားလှသောကြောင့်၊နှောင့်နှေးကြာမြင့်မှ ထွက်မြောက်နိုင်လေသည်။ ။ထို့အတူ ရှင်မောဂ္ဂလာန်မှာ၊ဆင်းရဲသားကဲ့သို့ ပညာနည်းပါးသဖြင့်၊ကြံစည်တွေးဆရန် မများလှသောကြောင့် လျင်မြန်ထ,မြောက်၍၊အလုပ်ကိစ္စ ပေါက်ရောက်လွယ်ကူ၏။ ရှင်သာရိပုတ္တရာမှာမူကား၊ ရှင်ဘုရင်ကဲ့သို့ ပညာကြီးမားသဖြင့်၊ဉာဏ်အမြင်၌ နည်းလမ်း ကျယ်ဝန်းများပြားလှသောကြောင့်၊နှောင့်နှေး ရှည်ကြာလျက် အလုပ်ကိစ္စ ပြီးမြောက် ပေါက်ရောက်ရန်နောက်ကျလေ၏ဟု လာရှိပေသည်။

အသင့်ယုတ္တိဖြစ်သော ဥပမာတနည်းအားဖြင့်၊လူနှစ်ယောက်အတူခရီးသွားကြရာ၊ တယောက်သောသူမှာ ခရီးလမ်းရှိရွာတို့၌။အသိ မိတ်ဆွေမရှိ။ တယောက်သောသူမှာ၊အသိမိတ်ဆွေရှိ၏။ ထိုနှစ်ယောက်တို့တွင်၊ ပထမလူမှာ လမ်းခရီး၌နှုတ်ဆက်ရန် ဝင်ထွက်နားနေရန် ကိစ္စမရှိ၍၊အလိုရှိသောမြို့ရွာသို့ စောစောရောက်နိုင်လေ၏။ဒုတိယလူမှာမူ၊အသိမိတ်ဆွေများအတွက် နှုတ်ဆက်ဝင်ထွက်နားနေခြင်း ကိစ္စများသောကြောင့်**“သွားတတိုင်-နေတထိုင်”**ဆိုသကဲ့သို့၊အလိုရှိသောမြို့ရွာကို အချိန်လွန်မှ ရောက်ရလေသည်။ ။ထို့အတူ ပညာနည်းပါးသောသူသည်၊ဆရာပြောသည့်အတိုင်း ဆင်ခြင်စဉ်းစားနေခြင်းမရှိဘဲ၊ဖွဲမြဲစွာ အားထုတ်သွားသဖြင့်၊ အလျင်အမြန် ပေါက်ရောက်နိုင်လေ၏။ ပညာကြီးမားသူမှာမူကား။ ဆရာပြောသည့်အတိုင်း မနေဘဲ၊ ဉာဏ်အမြင်၌နည်းလမ်းကျယ်ဝန်းများပြားလှသောကြောင့်၊နေ့ရက်ရှည်စွာကာလကြာမြင့်မှ မဂ်,ဖိုလ်သို့ ပေါက်ရောက်ရလေသည်။

ဤဥပမာ၌ ယောဂီပုဂ္ဂိုလ် ၂-ဦးသည်၊ခရီးသွားသူ ၂-ယောက်နှင့်တူ၏။ပရိယတ်ကျမ်းဂန်ပညာဉာဏ်နည်းပါးခြင်း,များပြားခြင်းသည်၊လမ်းခရီး၌ အသိမိတ်ဆွေမရှိခြင်း,ရှိခြင်းနှင့်တူ၏။ဝိပဿနာအလုပ်ကိုအားထုတ်ခြင်းသည်၊ခရီးသွားသည်နှင့်တူ၏။အသိဉာဏ်၌ အမြင်နည်းခြင်း၊ များခြင်းသည်၊လမ်းခရီး၌ နှုတ်ဆက်နားနေမှု၊မရှိခြင်း,ရှိခြင်းနှင့်တူ၏။မဂ်ဖိုလ်သို့ ရှေ့ရောက်ခြင်း နောက်ရောက်ခြင်းသည်၊ အလိုရှိသောမြို့ရွာသို့ စောစောရောက်ခြင်း၊ အချိန်လွန်မှရောက်ခြင်းနှင့်တူ၏။

၍အတူ အထက်တွင်ပြခဲ့သော ဥပမာကိုလည်း၊ ဥပမေယျဆောင်၍ သိပါလေ။

ယခုဘော်ပြခဲ့သော အဋ္ဌကထာစကားနှင့် ဥပမာများကို၊ ယေဘုယျ အားဖြင့်သာ မှတ်ယူအပ်၏။ အပ္ပကအားဖြင့်မူကား၊ ပညာဉာဏ်ကြီးမားသူဘိုက၊ ရှေးဦးစွာ ပေါက်ရောက်ခြင်းသည်လည်း၊ အံနည်းငယ် ရှိပေသေး၏။ထိုစကားမှန်၏၊မြတ်စွာဘုရား ရွှေလက်ထက်တော်မှ စ၍၊ ယခု အခါသို့တိုင်အောင် မဂ်,ဖိုလ်သို့ ပေါက်ရောက်ကြသော ရဟန်း,ရှင်လူတို့သည်၊ စာပေ ပညာမတတ်သော သူတို့သာ အံလွန်များပြားကုန်၏။ စာပေ ပညာတတ်သော သူတို့မှာမူကား၊ နည်းပါးလှကုန်၏၊တထောင်တွင် တယောက်မျှ မရှိနိုင်ပေရာ။ အားထုတ်စမ်းကြည့်ပါလျှင် ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်သိရှိရပါလိမ့်မည်၊ ။ထို့ကြောင့် ယခုအခါ၌၊ စာပေ ပညာ မတတ်သော သူတို့သည်၊ အထက်တွင် ဘော်ပြခဲ့သော ဝတ္ထုသာဓကနှင့် ဥပမာ,ဥပမေယျတို့ကို ယုံကြည်စွာ စိတ်ချ၍၊နှစ်သက်အားရ ရွှင်လန်းကြလျက်၊ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်သင့်လှပေသည်။

စာတတ်သူ,မတတ်သူ ၂-ဦးတို့ ထူးခြားပုံကိုပြဆိုရာ နိဒါနကဏ္ဍပြီး၏။

အကျင့်ပြည့်စုံခြင်း စသည်ကိုပြဆိုရာ

## ၂၊ သီလကဏ္ဍ

### သီလ၏အထူးအပြားကို မှတ်သားရန် ပြဆိုခြင်း

ဝိပဿနာ၏အစီအစဉ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ စသည်ဖြင့် ခုနစ်ပါးပြဆိုပေ၏။ လိုရင်းမှာ သီလ, သမာဓိ,ပညာ သုံးပါးပေတည်း။ အကျင့်သီလ စိတ်တည်ကြည်ခြင်း၊ အသိဉာဏ်နှင့် ပြည့်စုံစေရမည် ဆိုလို၏၊ သတိပဋ္ဌာနသုတ် သစ္စပဗ္ဗ၌ လာသော မဂ္ဂင်ရှစ်ပါး၊ ဓမ္မစက္ကပဝတ္တနသုတ်၌ မဇ္ဈိမပဋိပဒါကို ပြဆိုသော မဂ္ဂင်ရှစ်ပါးတို့သည်လည်း၊ သီလ, သမာဓိ, ပညာ သုံးပါးပင် ဖြစ်၏၊ ၎င်းတရားစုကို အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ,အဓိပညာ သိက္ခာဟု သိက္ခာသုံးပါး ဆို၍၊ သီလသာသနာ, သမာဓိသာသနာ, ပညာ သာသနာ ဟူ၍လည်း ခေါ်သည်၊ ထို့အတူ ဝိသာခသုတ်၌၊ သီလက္ခန္ဓာ, သမာဓိက္ခန္ဓာ, ပညာက္ခန္ဓာဟု သိက္ခာဖွဲ့၍ သုံးပါးပင်

လာရှိပြန်၏။ ထိုသို့လာသော ပါဠိတော်တို့၌ လိုရင်းအကျဉ်းချုပ်မှာ၊ သီလ,သမာဓိ,ပညာ ၎င်းသုံးနှင့်ပြည့်စုံမှ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်နိုင်မည် ဆိုလိုသည်။

ထိုသီလ,သမာဓိ,ပညာ သုံးပါးတို့တွင်၊ သီလသည် ရဟန်းသီလ, လူသီလဟူ၍ အကျဉ်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရဟန်းသီလသည်၊ အရေအတွက် များပြားသော်လည်း၊ လိုရင်းမှာ စတုပါရိသုဒ္ဓိခေါ်သော သီလလေးပါးကိုသာ အကျဉ်းအားဖြင့်မှတ်အပ်၏။ ၎င်းသီလလေးပါးတွင်၊ ပါတိမောက္ခ သံဝရသီလ တခုသာ လိုရင်းဖြစ်၏။ ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝ ပါရိသုဒ္ဓိသီလ ၎င်းသီလ သုံးပါးသည်၊ ဝိပဿနာကို အားထုတ်ရာ၌ တပြိုင်နက်တချက်တည်း ပါဝင်ဇလတော့သည်။

ဤနေရာ၌၊ ပစ္စယသန္နိဿိတသီလ မလုံလျှင်၊ ဣဏပရိဘောဂဖြစ်၏ ဟု ကျမ်းဂန်၌လာ၏။ပစ္စည်း ၄-ပါးကို ဆင်ခြင်ခြင်း၊ ပစ္စဝေက္ခဏာ ခေါ်သော ပုတီးမစိတ်ခြင်းကြောင့် ကြွေးတင်သည်ဟုဆိုလို၏။ဝိနည်း ဒေသနာတို့၌လည်း၊ ထိုသီလ အတွက်နှင့် ဝဏ္ဏသက်သေရှိပေသည်။ ဤသို့သော ဝိနည်းပညတ်ကို ထောက်၍၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း ဟူသော ပုတီးစိတ်မှုကို မပြုလျှင်၊ ပစ္စယသန္နိဿိတသီလ မလုံ၍၊ သီလ ဝိသုဒ္ဓိမဖြစ်။ သီလ မစင်ကြယ်သော်၊ ဝိပဿနာ တရားကို အားထုတ်၍ မရနိုင်ဟု ထင်မြင်ရန် ရှိနေပေ၏။

ဤအချက်၌၊သမထ ဝိပဿနာတို့ကို အားမထုတ်သော သူတို့မှာ၊ ဣဏပရိဘောဂဖြစ်၍ သူကြွေးတင်၏ ဆိုသောစကား များသင့်ပါ၏။ သမထ ဝိပဿနာကို အားထုတ်သောသူတို့မှာမူကား၊ ပစ္စဝေက္ခဏာ ဆင်ခြင်ဘွယ်,ပုတီးစိတ်ဘွယ်မရှိပေ၍၊ဣဏပရိဘောဂမဖြစ်။ ကြွေး မတင် သီလ ဖြူစင်သဖြင့်၊ သမထဝိပဿနာကို တွင်တွင်အားထုတ် ပါလျှင်၊ အနှန်ပင် အောင်မြင်ထမြောက် ပေါက်ရောက် နိုင်၏ဟု ယုံကြည်စွာ မှတ်ယူအပ်၏။

ဥပမာကား၊လောက၌သုံးပင်တိုင်သင်္ဘောကြီးကို တည်ထောင်၍၊ ကုန် ကူးသန်းသော သူဌေးကြီးသည်၊ လှေငယ်,လှည်းငယ်,တောင်း ငယ်များနှင့် သယ်ယူ၍၊ ရောင်းဝယ်ရန် ကိစ္စမရှိတော့ပြီ။ သမထ ဝိပဿနာတို့ကို အားထုတ်မှုသည်၊ သုံးပင်တိုင် သင်္ဘောကြီးနှင့်တူ၏၊ ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည်၊ သူဌေးကြီးနှင့်တူ၏။

ပစ္စဝေက္ခဏာသည်၊ လှေငယ်,လှည်းငယ်,တောင်းငယ်များနှင့်တူ၏။ ။ သဘောယုတ္တိမှာ၊ဝိပဿနာအလုပ်သည်၊ ပရမတ်ဖြစ်သော ရုပ်,နာမ်ကို ဆင်ခြင်၏။ ပစ္စဝေက္ခဏာသည်၊ ပညတ်ဖြစ်သော ကျောင်း, သင်္ကန်း,ဆွမ်း,ဆေးကိုဆင်ခြင်၏။ထို့ကြောင့် ဤနေရာ၌ ယုံမှား သံသယ စိတ်ဝိဇိကိစ္ဆာကင်းရှင်း၍ ဉာဏ်အမြင် ပွင့်လင်းအောင်၊ အမြဲပင် နှလုံး သွင်းသင့်ပေသည်။ ။ဤအချက်၌ ကျောင်း,သင်္ကန်း,ဆွမ်း,ဆေးတို့၌ ဆင်ခြင်သော ပုထိုးစိတ်ခြင်းကို၊ ပစ္စဝေက္ခဏာခေါ် သည်။ ရုပ်, နာမ် တို့၌ ဆင်ခြင်သော ဝိပဿနာကို၊ မဟာပစ္စဝေက္ခဏာခေါ် သည်ဟု မန္တလေးမြို့ ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူဘူးလေသည်။

ပါတိမောက္ခသံဝရသီလ စင်ကြယ်ရန်မှာ၊ သီလကြီးလေးပါး လုံခြုံ လျှင်၊ကြွင်းသောသီလများ၌ ဝုဋ္ဌာနကံ,နိဿဂ္ဂိကံ,ဒေသနာကံအတိုင်း သာပြုလုပ်ရသဖြင့် လွယ်ကူပါ၏။ မိမိကိုယ်တိုင်ပြုလုပ်ရန် နားမလည် လျှင်၊ ကမ္မဋ္ဌာန်းဆရာက ပြုလုပ်ပေးပါမူ၊ သာ၍ လွယ်ကူစိတ်ချရ လောက်အောင် စင်ကြယ်သန့်ရှင်း ပြည့်စုံခြင်းသို့ရောက်နိုင်လေသည်။ သို့သော် ဤအရာမျိုး၌၊သဘာဂဖြစ်သော ကမ္မဋ္ဌာန်းဆရာများသော်မှ စင်ကြယ်သန့်ရှင်းအောင်၊ စစ်ဆေးမေးမြန်းခြင်းပြုလုပ်ရန် အမှန်ပင် ဝန်လေးတတ်သဖြင့်၊ဝိသဘာဂဖြစ်မူကား၊ သာလွန်ပိုမို၍ပင် ဝန်လေး ပေလိမ့်မည်။ သို့သော် တပည့်ခံ၍ နည်းယူအားထုတ်လိုသောပုဂ္ဂိုလ် သည်၊ အရှင်မောဂ္ဂလိပုတ္တတိဿ,အရှင်နာဂသေန မထေရ်မြတ်တို့၏ ယုံနည်းကို နှလုံးသွင်း၍၊ ဖြောင့်စင်းသော စိတ်ထားနှင့် ဝတ္တရား မပျက်ကွက်စေဘဲ၊ ဆောင်ရွက် ပြုစုနေပါလျှင်၊ မေတ္တာသက်ဝင်၍ စိတ်ချ ယုံကြည်ရလောက်ပြီဟု ထင်သောအခါ၊ တပည့်ရင်းကဲ့သို့ နှလုံးသွင်းပြီးလျှင်၊ ရှင်းလင်း ပြုပြင်၍ပေးလိမ့်မည်။ ဤကား အထူး သတိပြုရန်အချက်ရပေတည်း။

ဤကဲ့သို့ တရားအားထုတ်လို၍၊ ပါတိမောက္ခသံဝရသီလကို စင်ကြယ်အောင် ရှင်းလင်းပြီးသောသူမှာ၊ အာဇီဝ ပါရိသုဒ္ဓိ သီလ ပျက်စီးရန် အကြောင်းမရှိ၊ စင်ကြယ်ပြည့်စုံ၍ လုံခြုံလေတော့သည်။ ဤသီလနှစ်ပါး စင်ကြယ်၍ ဝိပဿနာအလုပ်ခွင်သို့ဝင်ပြီး အားထုတ် နေသောသူမှာ၊ ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ နှစ်ပါး လည်း ပါဝင်၍၊ကြည်လင်သန့်ရှင်း ပြည့်စုံခြင်းသို့ ရောက်လေတော့၏။

ဝတ္တံ အပရိပူရေန္တော၊သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊စိတ္တေကဂ္ဂံ ဝိန္ဒတိ။ ။
ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊သမ္မာဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ဒုက္ခာ န ပရိမုစ္စတိ။ ။
တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာနံ မေ ဟိတိ။ ။

ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်းသာမဏေသည်။သီလံ၊ သီလကို။ န ပရိပူရတိ၊ဖြည့်ကျင့်ရသည် မမည်။ အသုဒ္ဓသီလော၊သီလမစင်ကြယ်သော။ ဒုပ္ပညော၊ပညာနည်းသော ရဟန်းသာမဏေသည်။ စိတ္တေကဂ္ဂံ၊စိတ်တည်ကြည်ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

ဝိက္ခိတ္တစိတ္တော၊ စိတ်ပြန့်လွင့်သည်ဖြစ်၍။ နေကဂ္ဂေါ၊ စိတ်မတည်ကြည်သောသူသည်။သမ္မာ၊ကောင်းစွာ။ဓမ္မံ၊မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို။ န ပဿတိ၊မမြင်နိုင်။သဒ္ဓမ္မံ၊မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို။အပဿမာနော၊ မမြင်သော ရဟန်းသာမဏေသည်။ ဒုက္ခာ၊ဝဋ်ဆင်းရဲအပေါင်းမှ။ န ပရိမုစ္စတိ၊မလွတ်မြောက်နိုင်။

တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ဝတ္တံ၊ဝတ်ကြီးဝတ်ငယ်ကို။ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊အဆုံးအမတော်ကို။ ကတွာ၊ရိုသေစွာပြုသည်ရှိသော်။ ဝိစက္ခဏော၊အမြော်အမြင်ပညာရှိသော။ဇိနပုတ္တော၊ဘုရားသားတော်သည် နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။

ဤသို့စသည်ဖြင့်၊ခန္ဓကတွင်ရှိလာသော အနက်အဓိပ္ပါယ်များ အချုပ်မှာ၊ ဝတ်ကြီးဝတ်ငယ်နှင့် မပြည့်စုံလျှင် သီလမစင်ကြယ်၊ သီလမစင်ကြယ်လျှင် သမာဓိမဖြစ်၍၊ ပညာဟူသော ဝိပဿနာဉာဏ် မရင့်သန်သဖြင့်၊နိဗ္ဗာန်သို့မရောက်နိုင်ဟုဆိုလို၏။ရင်းအဓိပ္ပါယ်သည်၊ အမှန်ပင် ဟုတ်၏။ သို့သော်-ဝိပဿနာအလုပ်ကို အားထုတ်နေဆဲ ဖြစ်သောသူမှာ၊ ဆရာ၏ဝတ်နိပါတ်များကို အစဉ်မပြတ် ဆောင်ရွက်နေပါက၊ တရားအလုပ်မတိုးတက်ဘဲ၊ ပျက်ကွက်ချွတ်ယွင်းမည်မှာ အမှန်မလွဲပေ။

အဘယ့်ကြောင့်နည်းဟူမူ။တပည့်၏ ဝတ်တရားသည် အလွန်များ၏။ဆရာ၏ဝတ်တရားသည်လည်း၊ထို့အတူပင် များပြားလှ၏။ရင်းဝတ်

၃ ၂၁၉

တရားများသည်၊ ပလိဗောဓ ကြောင့်ကြမျိုးပင် ဖြစ်သောကြောင့်တည်း။ သို့သော် ဆရာတပည့်နှစ်ဦးတို့သည်၊ အချင်းချင်း ခွင့်တောင်းထားပါလျှင်၊ ပြုပြင်ရန်ကိစ္စ ဝတ်ကြီးဝတ်ငယ်ဟူသမျှသည်၊ အလွယ်တကူဖြင့်ပင် ပြီးငြိမ်းပြည့်စုံနိုင်သဖြင့်၊ ၎င်းသီလများသည် သန့်ရှင်းစင်ကြယ်လေတော့သည်။ ၎င်းဝတ်တရားတို့သည် အလွန်များ၍၊ တရားကို အားမထုတ်သောသူတို့ပင်၊ ကင်းစင်ပြည့်စုံအောင် ဆောင်ရွက်နိုင်ရန် ခဲယဉ်းလှသဖြင့်၊ သီလစင်ကြယ်လိုသော ပုဂ္ဂိုလ်တို့သည်၊ အချင်းချင်း ခွင့်တောင်းထားကြမှသာလျှင်၊ သီလဝိသုဒ္ဓိ ဖြစ်နိုင်ပေသည်။

၎င်းပြင် အားထုတ်ပြုကျင့်လျှင်၊ အကျိုးစီးပွားများသည်ဟု ချီးမွမ်းတော်မူသော အဘိသမာစာရိက သီလသို့ဝင်သော ဓုတင်အကျင့်စသည်များမှာ၊ ကမ္မဋ္ဌာန်းနှင့် သင့်လျော်၍ ကိစ္စနည်းပါး တရားအားထုတ်ရန်အခွင့် ရလွယ်တွင်ကျယ်သည်ကိုသာ ပြလိုရင်းဖြစ်၍၊ ပြုကျင့်နိုင်လျှင် ကျေးဇူးများ၏။ မပြုမကျင့်သော်လည်း အပြစ်မရှိပေ။ ဣရိယာပုထ်မျှတ၍ တရားအားထုတ်နိုင်ရန်သာ လိုရင်းဖြစ်၏။

သက်သတ်လွတ်ရှောင်ခြင်း၊ ဆွမ်းဘောဇဉ်ကိုပင် ရှောင်ကြဉ်၍၊ သစ်ဥ သစ်ရွက်စားခြင်းစသည်များမှာ၊ အလောင်းတော်မြတ်ကြီးသော်မှ၊ ၆-နှစ်ပတ်လုံးလွဲချော်နေသဖြင့်၊ ငြိငြင်ပင်ပန်းစွာ ကျင့်တော်မူရ၍၊ ဆွမ်းဘောဇဉ်ကိုမှီဝဲမှ၊ ဘုရားဖြစ်သည်ကို ထောက်ဆခြင်း၊ အရိယဝံသဖြစ်သော မြင့်မြတ်သော တရားမျိုးမည်သည်၊ တပါးသော တကာတကာမကို မဆိုထားဘိ၊ မိမိတို့အချင်းချင်း သီတင်းသုံးဘော်များပင် မသိမမြင်အောင်ကျင့်ရခြင်း၊ သိမြင်ရိပ်မိသည်ဟုထင်လျှင်၊ အကျိုး စီးပွားများမည်ဖြစ်သော်လည်း၊ ဖျက်ဆီးပစ်ကြသော ရှေးအရှင်မြတ်တို့၏ ကျင့်ကြံပုံဝတ္ထုများကိုထောက်ရှုခြင်း၊ အကယ်၍ မိမိတို့အကျင့်ကို သူတပါးရိပ်မိ သိရှိသွားပါက၊ မိမိတို့စိတ်နှလုံးသွင်းမဖြောင့်စင်ပါလျှင် သီလဝိသုဒ္ဓိဖြစ်နိုင်ရန် ခဲယဉ်းသည်ကို ထောက်ဆခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူသော အတ္တကိလမထာနုယောဂသို့ ကျရောက်တတ်ခြင်းစသည်များကြောင့်၊ လွန်စွာပင်သတိထားသင့်လှပေသည်။

ဤအချက်စဉ်၌၊ ငါတို့၏ကျေးဇူးရှင်ဖြစ်တော်မူသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၊ ရန်ကုန်မြို့ ကျိုက္ကစံဆရာဖျော်ဘုရားကြီးတို့သည်၊ ရသမျှနှင့် ရောင့်ရဲမျှတသော သန္တုဋ္ဌိသဘောမျိုးသည်၊ သာ၍သင့်လျော်သည်ဟု မိန့်တော်မူကြကုန်၏။ ထို့ကြောင့်

မြတ်စွာဘုရား မြစ်တားသည်ကို ရှောင်ရှား၍၊ မြတ်စွာဘုရားနှင့်တကွ ရှေးကသူတော်ကောင်း ရဟန်းအရိယာ, လူအရိယာတို့ မှီဝဲသုံးစား ကျင့်ကြံပုံ အရိုးအစဉ်များကိုသာလိုက်နာရန် သင့်မြတ်ပေဘကားဟု၊ မိမိရရ သဘောကျကျ နှစ်သက်စရာကောင်းလှပေတော့သတည်း။

သီလ၏ အထူးအပြားကို မှတ်သားရန် ပြဆိုခြင်း ပြီး၏။

---

## ကောသနိက်, ပဏ္ဍုပိုဏ်ဓုတင်နှစ်ပါးကို ပြဆိုခြင်း

ဤနေရာ၌ စကားစပ်လျှဉ်း၍ ဖြည့်တင်းကျင့်ကြံနိုင်ရန်၊သီလအာစာရ ကုလပုတ္တဖြစ်ကြသော အမျိုးကောင်း သားသ္မီးတို့တွင်၊သဒ္ဓါတရား လွန်စွာကြီးမားလှသဖြင့်၊ ကောသနိက်ဓုတင်,ပဏ္ဍုပိုဏ်ဓုတင် ၂-ပါး ကိုအားထုတ်လိုသောသူများအတွက် အဖြွက်မျှရေးသားတော်ပြဦးအံ့။

**နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ကောသနိကင်္ဂံ သမာဒိယာမိ။**

နာနာသနဘောဇနံ၊အထူးထူးသောနေရာ၌၊ဘောဇဉ်အဟာရများ စားသောက်ခြင်းကို၊ပဋိက္ခိပါမိ၊ပယ်လှန်ပါ၏။ ကောသနိကင်္ဂံ၊ တနေရာတည်း၌ စားခြင်းဟု ဆိုအပ်သော ဓုတင်အကျင့်ကို။သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။ ။ဤကား ကောသနိက် ဓုတင် ဆောက်တည်ပုံတည်း။

ဓုင်းဓုတင်ကို ခံယူဆောက်တည်သောအခါ၊ မိမိကရလျှင် ကိုယ်တိုင် ဘုရားရုပ်ပွားစေတီများ ရှေ့မှာဖြစ်စေ၊ရဟန်းတော်များ ရှေ့မှာ ဖြစ်စေ၊ အခြားနေရာမှာဖြစ်စေ။ နှုတ်ကမြွက်ဆို၍ဓုင်း၊ စိတ်၌နှလုံး သွင်း၍ဓုင်း၊ ဆောက်တည်နိုင်၏။ခံယူပုံနည်းကို ပါဠိအနက်နှစ်ချက်ပြ ထားရာ၊ပါဠိသက်သက်ဖြစ်စေ၊ အနက်သက်သက်ဖြစ်စေ၊ ပါဠိအနက် နှစ်ချက်လုံးဖြစ်စေ၊ ဆောက်တည်နိုင်၏။ ဓုင်းပြင် ပါဠိ၌- **နာနာသနဘောဇနံ ပဋိက္ခိပါမိ**-ဟု တပုဒ်၊**ကောသနိကင်္ဂံသမာဒိယာမိ**-ဟု တပုဒ်၊ဤသို့နှစ်ပုဒ်ရှိရာ အစတပုဒ်ကိုဖြစ်စေ၊ အဆုံးတပုဒ်ကိုဖြစ်စေ ဆောက်တည်နိုင်သည်။ ကိုယ်တိုင်မဆိုတတ်လျှင်၊ နားလည်သော ရဟန်းများထံမှာ တောင်းခံဆောက်တည်ကြပါလေ။

၂ကောသနိက်ဓုတင်၏အဓိပ္ပါယ်မှာ၊ တခုတည်းသော နေရာ၌နေ၍၊ တထပ်တည်းစားခြင်းကိုဆို၏။နေရာပြောင်း၍စားလျှင် ဓုတင်ပျက်၏။ ဓုင်းဓုတင်သည်၊ဥက္ကဋ္ဌ,မဇ္ဈိ, မုဒု,ဟူ၍၊ အမြတ်,အလတ်, အယုတ်, အားဖြင့် ၃-ပါးရှိ၏။ထို ၃-ပါးတို့တွင် စားသောက်ရန်နေရာ၌ထိုင်၍၊

အနည်းငယ်မျှစားပြီးနောက် သူတပါးတို့ပေးသော အစာကိုမစားဘဲ နေခြင်းသည်၊ ဥက္ကဋ္ဌ,ဟူသော အမြတ်ဓုတင်မည်၏။ စား၍မပြီး၊ စားနေသောခွက်၌မကုန်သေးမီ၊သူတပါးတို့ ပေးသောအစာကို စားခြင်းသည်၊မဇ္ဈိမ,ဟူသောအလတ်ဓုတင်မည်၏။စားပြီး၍ပန်းကန် ခွက်လက်များ ဆေးပြီးသော်လည်း၊ နေရာမရွေ့မပြောင်းသေးမီ သူတပါးပေးသောအစာကိုစားခြင်းသည်၊မုဒု,ဟူသောအယုတ်ဓုတင်မည်၏။ ထိုင်ရာကနေ၍ မှီသောနေရာ၌ ရေထားပြီးစားမှသာ၍သင့်လျော်ပေသည်။

ကောသနိက် ဓုတင်ပြီး၏

**ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။ ။**

ဒုတိယဘာဇနံ၊နှစ်ခုမြောက်သောစားခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂံ၊ တခွက်တည်း၌စားခြင်းဟု ဆိုအပ်သောဓုတင်အကျင့်ကို။သမာဒိယာမိ၊ကောင်းစွာဆောက်တည်ပါ၏။ဤကား ပတ္တပိဏ်ဓုတင်ဆောက်တည်ပုံတည်း။ ။ပါဠိအနက်ပိုဒ်ခွဲ နေရာများမှာ၊ ကောသနိက်ဓုတင်၌ ဆိုခဲ့သောနည်းအတိုင်း မှတ်လေ။

ပတ္တပိဏ်ဓုတင်၏အဓိပ္ပါယ်မှာ၊သရတည်းသောခွက်၌ စားခြင်းကိုဆို၏။နှစ်ခုမြောက်သောခွက်ကို သာယာလျှင် ဓုတင်ပျက်၏။ဤဓုတင်သည်လည်း၊ဥက္ကဋ္ဌ,မဇ္ဈိမ,မုဒု,ဟူ၍ အမြတ်,အလတ်, အယုတ်အားဖြင့် ၃-ပါးရှိ၏။ထို ၃ ပါးတို့တွင်၊ ငါးတုံး-အမဲတုံး-မုံတုံးများကို မခွဲမဖဲ့ဘဲ စားခြင်းသည်၊ဥက္ကဋ္ဌ,ဟူသော အမြတ်ဓုတင်မည်၏။လက်တဘက်နှင့် သာဖဲ့၍စားခြင်းသည်၊ မဇ္ဈိမ,ဟူသော အလတ်ဓုတင်မည်၏။လက်နှစ်ဘက်နှင့်ဖြစ်စေ၊ သွားနှင့်ကိုက် လက်နှင့်ဆွဲဖဲ့၍ဖြစ်စေ စားခြင်းသည်၊ မုဒု,ဟူသော အယုတ်ဓုတင်မည်၏။ စားခွက်ထဲ၌ပါရှိသောဝတ္ထုများတွင်၊ ကြံဖတ်မှတပါးသော အရွက်,စပါးလုံး,အရိုးများကို လက်နှင့်ကောက်၍မပစ်ရ။ ပစ်လိုလျှင်၊ ပါးစပ်ထဲသို့ရောက်မှ ထွေးပစ်လိုက်ရသည်။ လက်နှင့်ကောက်၍ပစ်သော်၊ အရိုး,အရွက်ထည့်ရန် ခွက်တခုကို သာယာသည်ဖြစ်၍ ဓုတင်ပျက်၏။

ပတ္တပိဏ်ဓုတင်၌ အချို အချဉ် စသော အလုံးစုံကို ရောနယ်စားရသည်ဟု၊အချို့ထင်မှတ်ပြောဆို၍ စားတတ်ကြ၏။အချို့မှာ မစားနိုင်၍ ဓုတင်မဆောက်တည်ကြသဖြင့်၊ ကုသိုလ်နှင့် လွဲချော်ရသည်။ ဤကဲ့သို့ ရောနယ်မွှေနှောက်၍ မျှတညီညွတ်သဖြင့် စားနိုင်လျှင် ကောင်းပါ၏။

မစားနိုင်လျှင် ခွက်တခုတည်းတွင်၊အမျိုးမျိုးသော ဟင်းလျာ မုန့်ခဲ ဘွယ်များကို၊မရောနှောဘဲ သီးသန့်ပုံထားပြီးစားလျှင်၊ ဓုတင်မပျက် စားနိုင်၏။ ပတ္တပိဏ္ဍိ ဓုတင်သည်၊ ရောနှော နယ်ဖတ် မွှေနှောက်၍ စားသည်ကို မဆိုပေ။ ခွက်တခုတည်း၌ စားသည်ကိုသာ ဆိုရပေ သည်။ . ။ပတ္တပိဏ္ဍိ ဓုတင်ပြီး၏။

ဓုတင်နှစ်မျိုးတို့၏ အထူးမှာ၊ဧကာသနိက် ဓုတင်သည်၊ နေရာကို ဆို၏၊ခွက်ကိုမဆို။ထို့ကြောင့် နေမလွှဲသေးလျှင်၊ပထမ နေရာမှ မရွေ့ မပြောင်းဘဲ၊ ခွက်ပေါင်းတထောင်မက စားနိုင်၏။ ပတ္တပိဏ္ဍိ ဓုတင် သည်၊ခွက်ကိုသာဆို၏။ ရောနှောစားခြင်း, နေရာပြောင်းခြင်းကို မဆို။ ထို့ကြောင့် နေမလွှဲသေးလျှင်၊ ပထမ ခွက်တခုနှင့်ထည့်၍၊နေရာ ရွှေ့ ပြောင်းပြီး၊ အကြိမ် ပေါင်း တထောင်မက စားနိုင်၏။ နှစ် ပါး လုံး ဆောက်တည်ပါလျှင်၊ ခွက်တခုတည်း၌ ထည့်၍၊ တနေရာတည်းတွင်၊ တထပ်သာ စားရလေသည်။ ။ဤကား အထူးတည်း။

ဂုဏ်းပြင်၊ ထောပတ်,တင်လဲ စသော ဝတ္ထုများမှာ၊အစာ အာဟာရ စားစဉ်က ပါလာ၍၊ဖယ်ထားသည် ဖြစ်စေ၊ နောက်မှရသည် ဖြစ်စေ၊ စားလိုလျှင် ထည့်လိုသော ခွက်နှင့်ထည့်၍၊ စားလိုသော နေရာမှာပင် စားနိုင်၏။ ဆေးပစ္စည်းဖြစ်၍ ဓုတင်မပျက်ပေ။ မကျည်း စသော ဖျော်ရည်များကိုလည်း၊ ထိုအတူ မှတ်ပါလေ။ ။ဤကား ဝိသုဒ္ဓိမဂ်၌ ပါသော ဓုတင် အဖွင့်မှုတည်း။ အကျယ်ကိုလိုလျှင်၊ ဂုဏ်းအဋ္ဌကထာ တွင်ကြည့်ရှုပါလေ။

အထူးမှာ၊ဝိဘင်းနှင့်တကွ မဟာဝါ ရှုဋ္ဌဝါတို့၌လာသော၊ ပါတိ မောက္ခသံဝရ အာဒိဗြဟ္မစရိယကသီလမျိုးသည်၊ အထည်ခံ သီလ မည်၏။ ဝိပဿနာအရာ၌၊ ဂုဏ်းသီလများသာ လိုရင်းတည်း။ ဓုတင် စသော အဘိသမာစာရိကသီလမျိုးသည်၊ အမွှန်းတင်သီလမျိုးမည် ၏။ ဝိပဿနာအရာ၌ လိုရင်းမဟုတ်လှ၍၊ မပါသော်လည်း ပြီးစီးနိုင် ၏။ဂုဏ်းအမွှန်းတင် သီလဟူသော ဓုတင်များပါလျှင်၊သာလွန်မိုမို၍ပင် ကောင်းမြတ်လှပေ၏။အကျိုးအာနိသံသလည်း များစွာရှိပေသည်။ ။ ဤကား ရဟန်းတော်တို့၏ သီလကိုအဖွင့်မှု ပြဆိုခြင်းတည်း။

သာမဏေတို့၏ သီလမှာ၊ လိင်ထေနက,ထေယျသံဝါသက၊ ဂုဏ်း နှစ်ပါးကို လုံခြုံစေရမည်။ ထိုနှစ်ပါးတို့တွင်၊ ဥပဇ္ဈာယ် ဆရာမရှိဘဲ၊ မိမိဘာသာအလျောက် သင်္ကန်းကောက်ဝတ်၍၊ ရဟန်း သာမဏေ

ပြုလုပ်နေခြင်းကို၊ လိင်္ဂထေနကခေါ်၏။ သာမဏေဖြစ်ပါလျက်၊ ရဟန်းဟု ဝန်ခံ၍နေခြင်းကို၊ ထေယျသံဝါသကခေါ်၏။ အသွင်သဏ္ဍာန်းခိုး၊ အပေါင်းအဘော်ခိုးဟု ဆိုလိုသည်။ ။ထို နှစ်ပါးတို့တွင်၊ လိင်္ဂထေနကမှာ၊ မင်း,ခိုးသူ စသော ဘေးရန်ကင်းရှင်း စေခြင်းငှါ၊ ဖြောင့်စင်းသော စိတ်ဖြင့် အခိုက်အတန့် ပြုလုပ်ပါလျှင် ရနိုင်ပါသေး၏။ ဤနှစ်ပါးလုံး၌၊ လိင်,ဒဏ်,သေဒိယ,ခန္ဓကဝတ်နှင့် ပြည့်စုံလျှင်၊ ပါဘိမောက္ခသံဝရ သီလစင်ကြယ်၏။ အကြွင်းမှာ ရဟန် သီလအတိုင်းမှတ်လေ။ ။ဤကား သာမဏေတို့၏ သီလကို အကျဉ်းမျှ ပြဆိုခြင်းတည်း။

လူတို့၏သီလမှာ၊ ဗိပဿနာ၏ ရှေးမသွား၌ သန့်ရှင်းစင်ကြယ်စေရန်၊ စိမံပြုလုပ်ဘွယ် ကိစ္စအထူး မရှိလှတော့ပြီ။ ဗိပဿနာနှင့် တွဲဘက်၍၊ တပြိုင်နက် တချက်တည်း ပါဝင် ပြီးစီး လေတော့၏။ ထို့ကြောင့် ဗိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌၊ ဗိသုဒ္ဓိ အစဉ်ကို ဆိုခြင်းသည်၊ လူတို့အတွက်နှင့်မချဆိုသည်မဟုတ်၊ ရဟန်း,သာမဏေတို့၏ အတွက်နှင့်သာ ဆိုရသော အစဉ်ဟု မှတ်ယူအပ်၏။ ။အဘယ်ကြောင့် ဆိုသော်၊ လူတို့၏ ဗိနည်းဖြစ်သော သီလသည်၊ ဗိပဿနာ၏အခြေ ပုဗ္ဗဘာဂဖြစ်သော ပရိကံအရာ၌၊ အမြဲမပြတ် လုံခြုံအောင် စောင့်ရှောက်အပ်သော ဂရုခမ္မသီလပင် ဖြစ်၏။ အာဇီဝဋ္ဌမက သီလ ဟူသည်လည်း၊ ဂရုခမ္မပဉ္စင်္ဂသီလ၌ အတွင်းဝင်၏။ ထို ပဉ္စင်္ဂသီလကို လွန်ကျူး မှားယွင်း ပြီး သော်လည်း၊ တရားကို အားထုတ်ပါလျှင်၊ မဂ်ဉာဏ်ကိုပင် ရနိုင်သောကြောင့်တည်း။

သာဓကေယျဉ်မှာ၊ မြတ်စွာဘုရားလက်ထက်၌၊ ဒါးပြဗိုလ်ကြီးဖြစ်သော အ လိမာလသည် များစွာသောသူတို့၏ အသက်ကိုသတ်ခြင်း၊ တိုက်ခိုက်လုယက်သော ဒုစရိုက်မကောင်းမှုကို ပြုလုပ်ခြင်း။ ဤသို့သော အကုသိုလ်ကံမှုနှင့် အားမရသေးဘဲ၊ မယ်တော်ကိုပင်သတ်ရန် အလျှင် အမြန်လိုက် ပဲတွင်၊ ဘုရားရှင်နှင့် တွေ့၍ တရားဟောသောအခါ၊ မဂ်, ဖိုလ်ကို မျက်မှောက်ပြုရကြောင်း ကျမ်းဂန်၌ အထင်အရှားရှိနေသည် ကို အများပင် သိကြပေသည်။ ။ဤ [illegible]၌ အင်္ဂုလိမာလ ခိုးသူကြီး သည်၊ လွန်ကျူး ပြီးသော [illegible] ခိုးခြင်း စသော အကုသိုလ် မကောင်းမှု ဒုစရိုက်တို့ကို၊ စင်ကြယ်အောင် သုတ်သင် ရှင်းလင်းခြင်းမပြုဘဲ၊ ဗိပဿနာနှင့်ဘက် ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,

နိဗ္ဗာန်ဟူသော အောင်ပွဲသို့၊ ဝင်ခွင့်ကာ ဇာတ်သိမ်း၍ အေးငြိမ်းရပေတော့သတည်း။

ဇင်းပြင်၊ ဘုရားရှင် ဖွဲ့လက်ထက်မှာပင် တောအရပ်သို့ ဝင်၍၊ ခိုးမှုဖြင့် အသက်မွေး နေကြသော ခိုးသားငါးရာတို့သည်၊ သံကိစ္စ သာမဏေငယ် တရားဟော၍၊ မဂ်,ဖိုလ်သို့ ရောက်ကြရတို့ ၌လည်း၊ ဓမ္မပဒအဋ္ဌကထာတွင် အလွန်ပင်ထင်ရှား၏။ ဤခိုးသားငါးရာတို့သည်လည်း၊ သီလအတွက်နှင့် ဆောင်ရွက်ဘွယ်ကိစ္စမရှိဘဲ၊ ဝိပဿနာနှင့် တပါတည်း ပြီးစီးလေတော့သည်။ ဤကဲ့သို့ ကျွတ်လွတ်၍၊ တရားထူး ရကြသော ခိုးသားဝတ္ထုတို့သည်၊ ကျမ်းဂန်၌ များစွာလာရှိပေသည်။ ထို့ကြောင့် ဝိသုဒ္ဓိအစဉ်ကို ရဟန်း,သာမဏေနှင့်သာ စပ်သည်သည်ဟု ယုံကြည်စွာ မှတ်ယူသင့်ပေသည်။

ဤကဲ့သို့ ဝတ္ထုသွားများကို သတိမထား မိကြသော သူတို့မှာ၊ ဝိသုဒ္ဓိအစဉ်ကို ပုဂ္ဂိုလ်တိုင်းပင် ဆိုင်သည်ဟု မှတ်ထင်၍၊ ကမ္မဋ္ဌာန်းအားထုတ်သည်ဆိုလျှင်၊ကမ္မဋ္ဌာန်း နေနေသာသာ၊ သီလဝိသုဒ္ဓိကိုပင် လုပ်ကြည့်ပါဦး။ သီလမှ မစင်ကြယ်လျှင်၊ ဘယ်ကမ္မဋ္ဌာန်းကိုမှ အားထုတ်လို့ မဖြစ်နိုင်။လှေခါးသုံးထစ်ရှိရာ၊ပထမအထစ်နှင့် ဒုတိယအထစ်ကို မနင်းဘဲ၊တတိယအထစ်ကို ကျော်နင်း၍ မဖြစ်ပါစသည်ဖြင့်၊ဥပမာအထောက်တွေနှင့် ယုံလောက်အောင် ပြောတတ်ကြ၏။ ဥပမာပြ၍ ယုတ္တိရသော်လည်း၊ သဘာဝ ကျနမှ မှန်ချမှတ်ယူသင့်ပေသည်။

ဤကဲ့သို့ ပြောသောစကားများသည်၊ သီလမပြည့်စုံ မစင်ကြယ်လျှင်၊ တရားကို အားမထုတ်ကောင်းဟူသော အဓိပ္ပါယ်ရ၏။ ထိုအဓိပ္ပါယ်မျိုးကိုယုံမှား၍ အလုပ်ပျက်သွားပါလျှင်၊ **အဟံ ခေါ ဗုန္ဒ ကုသလေ သု ဓမ္မေ သု စိတ္တုပ္ပါဒမတ္တမ္ပိ ဗဟူပကာရံ ဝဒါမိ။** ။ သံလေခသုတ်။ ။ ဗုန္ဒ၊ချစ်သားစုန္ဒ။ ခေါ၊စင်စစ်ကေန်˙ အမှန်မချအားဖြင့်။ ကုသလေသု ဓမ္မေသု၊ ကောင်းသောတရားတို့၌။ စိတ္တုပ္ပါဒမတ္တမ္ပိ၊ ကြံစည်သောစိတ်ဖြစ်ရုံမျှသော်လည်း။ ဗဟူကာရံ၊ များစွာကျေးဇူးရှိ၏ဟူ၍။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ဟောတော်မူ၏။

ဤသို့ စသော ဘုရားဟောဒေသနာကို ထောက်ထား၍၊ တရားအလျှော့ရာယ် ငြိတွယ်မည်ကို၊ အလွန်ပင် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှပေသည်။ထို့ကြောင့် "**လက်ကြောင့် ကြေ–နှုတ်ကြောင့် သေ**" ဆိုသော ရှေးစကားအလာကို နှိုင်းချိန်စဉ်းစား၍၊ မိမိ၌ အပြစ်

များစေ တတ်သော စကားကို၊ မလွန်ကျူး မပြော များရအောင်၊ ဒအထူးပင် သတိထားကြပါလေ။

အချုပ်မှာ၊ ရဟန်း သာမဏေတို့သည်၊ သိလစင်ကြယ်မှ တရား အားထုတ်၍ ရနိုင်၏။ လူများမှာ သီလစင်ကြယ်သည် ဖြစ်စေ၊ မစင် ကြယ်သည်ဖြစ်စေ၊ တရားအားထုတ်၍ ရနိုင်၏ ဆိုလိုသည်။

အချို့ပုဂ္ဂိုလ်များသည်၊တံငါ,မုဆိုး,ခိုးဂုဏ်ခြင်းစသော အမှုမျိုးနှင့် အသက်မွေးရသော သူတို့အား၊ ပါဏာတိပါတ,အဒိန္နာဒါန စသော အပြစ်ရတို့ကို၊ ဆစ်ဆစ်ဖုဖု ဟောပြောခြင်း ပြုတတ်ကြ၏။ ဤကဲ့သို့ ဟောပါလျှင်၊ **"ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး - ဆေးအတွက် လေး"**ဆိုတာလို၊ ကုသိုလ်လို၍ တရားနာလာရာ။ ဝမ်းမြောက်,ဝမ်း သာ စေတနာမဖြစ်နိုင်ဘဲ စိတ်နှလုံးမချမ်းသာခြင်း ဒေါသ အကုသိုလ် ကိုသာ ရရှိတတ်၏။ ထိုသူသည် မိမိအလုပ်ကို မစွန့်နိုင်သည့်အပြင်၊ ကျောင်းသွားရန် ရဟန်း သံဃာ ဖူးမျှော်ရန် တရားနာ သွားရန်ပင် စိတ်မဖြစ်နိုင်ဘဲ၊ ကုသိုလ်လာဘ်နှင့်လွဲ၍၊ သံသရာတွင် ကြာရှည်စွာ ဆင်းရဲကို ခံရတတ်လေ၏။ထိုကဲ့သို့သောသူမျိုးကို သံယောဇဉ်ဖြစ်ရန်၊ ထိုက်တန်သော ကုသိုလ်ဖြစ်ရန်၊ တရားများနှင့် တဖြေးဖြေး ဆွဲငင်၍၊ အကျွမ်းတဝင် ချစ်ခင်လာသောအခါ၊လိုရာသို့ ပေါက်ရောက်အောင် ချီးမြှောက်သောတရားနည်းဖြင့်၊ဘိစိ၍ ဟောသော်လည်း၊စိတ်မနော မဘောက်ပြန်ဘဲ၊ အမှန်ပင် လိုက်နာနိုင်ကြပေလိမ့်မည်။

**ယံသ ပါပံ ကတံ ကမ္မံ ကုသလေန ပဟိယျတိ။**

ယဿ၊ အကြင်သူအား။ ပါပံ၊ မကောင်းယုတ်မာသော။ ယံ ကမ္မံ၊ အကြင်အမှုကို။ ကတံ၊ ပြုမိ၏။ တဿ၊ထိုသူ၏။ တံ ကမ္မံ၊ ထိုမကောင်း မှုကို။ ကုသလေန၊ ကုသိုလ်စိတ်ဖြင့်။ ပဟိယျတိ၊ ပယ်ဖျောက်၏။

ဤသို့ မဇ္ဈိမပဒ ပါဠိတော်၌၊မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာအရမှာ၊ မကောင်းသောစိတ်ကို ကောင်းသောစိတ်က ပယ် နိုင်သည် ဆိုသဖြင့်၊ စိတ်ကောင်းမှုလာအောင် ဆွဲဆောင်ဟောပြော တတ်လျှင် ဟောပြောဘို့၊မဟောပြောတတ်လျှင် ငြိမ်ငြိမ်နေတာက ကောင်းသေး၏။ မြတ်စွာဘုရားသည်၊ငါးမျှားနေသော တံငါသည် တယောက်နှင့် ဆုံမိရာ၊အပြစ်မတင်ဘဲ အကျိုးရှိသော စကားကိုသာ အကျွမ်းဝင်အောင် ဆွဲငင်ဟောပြော၏။ ပုဂ္ဂိုလ်ချင်းခင်မင်၍၊ မေတ္တာ

စိတ်ဝင်လာမှ ဉာဏ်အမြင်ပေါက်ပေးသဖြင့်၊ မဂ်ဖိုလ်ကို မျက်မှောက်ပြုရသည်။ ထိုကဲ့သို့ အခါအခွင့် အဈ္ဈာသယနှင့် ထောက်ချင့်၍၊ ထိုက်သင့်သော တရားဓမ္မကို၊ သဘာဝကျနအောင် ဆွဲဆောင်ဟောကြားမှ မယွင်းမမှားဘဲ၊ အကျိုးနှစ်ပါး ပွားများကြပေလိမ့်မည်။ ဤတံငါသည် ဝတ္ထုသည်လည်း၊ အင်္ဂုလိမာလနှင့် ခိုးသားငါးရာ ဝတ္ထုများကဲ့သို့၊ သီလမစင်ကြယ်ဘဲ မဂ်ဖိုလ်ရကြောင်းလာ၏။ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်သည်၊ လူဘဝ်နှင့် စပ်ဆိုင်သော သီလဝိသုဒ္ဓိ အဖြစ်ကို သိရှိရန် ပြဆိုခြင်းပေတည်း။

ရှုတင်နှစ်ပါးကို ပြဆိုခြင်းပြီး၏။

## စိတ်တည်ကြည်ခြင်း သမာဓိကို ပြဆိုခြင်း

ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ရာ၌၊ သမာဓိ-ဟူသည်၊ အမှုအရာ ပရမတ်၌ စိတ်တည်ကြည်မှုဖြစ်၏။ ထိုစိတ်တည်ကြည်မှုဖြစ်သော သမာဓိသည်လည်း၊ သမထနှင့်ယှဉ်သော သမာဓိ, ဝိပဿနာနှင့်ယှဉ်သော သမာဓိဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင်၊ သမထ အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ ရှိကြလေရာ။ တခုခုသော ကမ္မဋ္ဌာန်း၌ စွဲလမ်းအာရုံပြု၍ တည်ကြည်မှုသည်၊ သမထနှင့် ယှဉ်သော သမာဓိမည်၏။ ဥပစာသမာဓိ, အပ္ပနာသမာဓိ စသည်ဖြင့် အဆင့်ဆင့်ရှိ၏။ ဤသမာဓိမျိုးနှင့် ယှဉ်သော ဝိပဿနာကို၊ သမထ ယာနိက ဝိပဿနာ ခေါ်၏၊ ဝိပဿနာအာရုံနှင့် အတူတကွပါသော သမာဓိသည်၊ ဝိပဿနာနှင့် ယှဉ်သော သမာဓိမည်၏။ ၎င်းသမာဓိကို ခဏိကသမာဓိ ခေါ်၏။ ဤသမာဓိမျိုးနှင့် ယှဉ်သော ဝိပဿနာကို၊ ဝိပဿနာယာနိ ကသုဒ္ဓ ဝိပဿနာဟု ခေါ်ဆိုရ၏။

ထိုနှစ်ပါးတို့တွင်၊သမထနှင့် ယှဉ်သော သမာဓိ၏ အစွမ်းအားဖြင့်၊ အလွန်ဆုံး အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးကိုရနိုင်၏။ ဘဝဂ်ခေါ်သော နေဝသညာ နာသညာယတနဘုံ၌၊ကပ္ပာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော ဗြဟ္မာကြီးတွေဖြစ်နိုင်၏။ ထိုကဲ့သို့သော အဖြစ်မျိုးကို အဖန်ဖန်အားထုတ်ရကုန်၏။ အားထုတ်၍ ရရှိလာ ပါသော်လည်း၊ ဘာဝနာအစွမ်းကုန်က တဟုန်းတည်းပျက်စီးယိုယွင်း၍၊ အပါယ်ဘုံသို့ ဆင်းလာရပြန်ကုန်၏။ ထို့ကြောင့် “**ယနေ့ ဗြဟ္မာကြီး ဖြစ်၍ တဝင်းဝင်း၊ နက်ဖြန် ဝက်စားကျင်းမှာ တရှုတ်ရှုတ်**”ဟု

ဆိုကြကုန်၏။ မြတ်စွာဘုရားသည်၊ ဤကဲ့သို့ အပေါယ်နှင့် လမ်းမပြတ်ဘဲ၊တစဝ်တည်း တည်နေသော ကုသိုလ်မျိုးတို့ကို၊အကျိုးမရှိကြောင်း ဟောတော်မူ၏။

**ဥက္ကိတွာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။**
**ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။ ။**

ပုညတေဇေန၊ ကုသိုလ်ရှိန်စော်၊အာနုဘော်တော်သည်။ ဥက္ကိတွာ၊ ချီကော် မြှောက်တင် အပ်ကုန်သည်ဖြစ်၍။ကာမရူပဂတိံ၊ကာမဘုံ,ရူပဘုံသို့။ ဂတာ၊ ရောက်၍နေကြကုန်သော။ လူ,နတ်အသီးသီး ပုထုဇန် ရူပ ဗြဟ္မာကြီးတို့သည်ငင်း။ ဘဝဂ္ဂတမ္ပိ၊ အထက်ဆုံး နေဝသညာနာသညာဘုံသို့သော်လည်း။ သမ္ပတ္တာ၊ ရောက်၍ နေကြကုန်သော။ ပုထုဇန် အရူပ ဗြဟ္မာကြီးတို့သည်ငင်း။ပုန၊တဖန်။ဒုဂ္ဂတိံ၊ဆင်းရဲမျိုးစုံ အပါယ်ဘုံသို့။ အာယ န္တိ၊ လာရောက်ကြရပြန်ကုန်၏။

တနည်းအားဖြင့်လည်း၊လူ,နတ်တို့၏ချမ်းသာကို ရစေတတ်သော ဒါန,သီလမှုမျိုး၊ရူပဗြဟ္မာတို့၏ချမ်းသာကို ရစေတတ်သော သမထ ဘာဝနာမှုမျိုး၊ အထက်ဘုံ အရူပဗြဟ္မာတို့၏ ချမ်းသာကို ရစေတတ် သော ဘာဝနာမှုမျိုး၊ ဈာန်အဘိညာဏ် သမာပတ်တို့ကို ရစေတတ် သော ဘာဝနာမှုမျိုးတို့သည်၊ လောကဝယ် ဘုရားမပွင့်သော အခါတို့၌ လည်း ထင်ရှားရှိကုန်၏။ အားထုတ်လျှင် ရနိုင်၏။ အမြဲတည်ရှိသော ဓမ္မတာကုသိုလ်မှုမျိုးဖြစ်ကုန်၏။ ။နိဗ္ဗာန်ရောက်ကြောင်း ပညာသည် မူကား။လောကဝယ် ဘုရားပွင့်မှ ဖြစ်ထွန်းပေါ်ပေါက်နိုင်၏။ ထိုပညာမှု တခုအတွက်နှင့်သာ လောကဝယ်ဘုရားပွင့်တော်မူရ၏။ သမထဘာဝနာ ၏ အကျိုး ချမ်းသာမျိုးသည်၊ အားမကိုးရ စိတ်မချရဘဲ၊ တခါက အတွင်းပင်လျှင် ပျက်စီးဆိုယွင်းတတ်၏။ထို့ကြောင့် ဝိပဿနာပညာ အလုပ်တခုကိုသာ အရေးကြီးစွာ အားထုတ်ကြစေရန်၊ အတန်တန် ဟောတော်မူ၏။

သာဓကဝတ္ထုမှာ၊သီဟိုဠ်ကျွန်း၌၊ ဝိပဿနာမပါ သမထ ဘာဝနာ အလုပ်လောက်နှင့် အထမြောက်သော သာမဏေတပါးသည်၊မိုးပေါ် ပျံသွားလျက်၊မကြာမကြာ ဈာန်ကို ကစားလေ၏။ဆရာတော်မထေရ် မြတ်က မောင်ရင်ကလေး၊တော်တော်ဈာန်ကစား၊ကန်းမန့်ညားနေ မည်ဟု ဆုံးမတော်မူ၏။ ။ဆရာစကားကိုနားမထောင်မူ၍၊ဈာန်ကစား

လေသော်၊ တနေ့သ၌ သူငယ်မကယောက်သည်၊ တောထဲ ရေကန်တွင် သီချင်းဆိုရင်း ကြွချိုးနေရာ၊ ကောင်းကင်က ဗျာန်ကစားသော ကိုရင်ကလေးကြွားသဖြင့်၊ အသင့်အတင့် နှလုံးမသွင်းနိုင်ဘဲ၊ တပ်မက်ခြင်းဖြစ်ပေါ်လာ၍၊ ထိုအခါ သမထအရှိန်ကြောင့် ငြိမ်ဝပ်နေသော ကိလေသာတို့ ထကြွ သောင်းကျန်းလာသဖြင့်၊ သူငယ်မကလေး၏ အသံဟူသောမြှားသည်၊ ကိုရင်ကလေး၏ရင်ဝနှလုံးသို့ စူးဝင်လေရာ၊ မြှားမှန်သောငှက်ကဲ့သို့၊ ထွန့်ထွန့်လူး ဆတ်ဆတ်ထုံ၊ဗျာန်အဟုန် ပျက်စီးသဖြင့်၊ တရှိန်တည်းမရပ်မခံနိုင်ဘဲ၊ကျွမ်းပြန်၍ ကျလာလေသတည်း။ ။ထိုအခါ သူငယ်မပေးသောတဘက်နှင့် လူထွက်လိုက်သွား၍၊ နှစ်ဦးသားသင့်မြတ်ရာ၊ယက်ကန်းအတတ်နှင့် အသက်မွေးကြလျက်၊တနေ့သ၌ ခိုက်ရန်ဖြစ်ပွား စကားများ၍၊ယောက်ျားက တုတ်နှင့် ပေါက်လိုက်ရာ၊ သူငယ်မ၏မျက်လုံးကို ထိုးဖေါက်သဖြင့်၊ဟောက်တောက်ကန်းဖြစ်ရလေ၏။ ဤကဲ့သို့ဖြစ်လာမှ၊ ရှင်လူထွက် သူခများမှာ၊ **''မောင်ရင်ကလေး ဗျာန်ကစား- ကန်းမနှင့် ညားမနော်''** ဟူသော ဆရာ၏ဆုံးမတဲ့စကားသံကို ပြန်လှန်စဉ်းစားမိသဖြင့်၊မချိသန်သဲ၊ပုံကာသဲ၍၊ ငိုပွဲကြီးဖြစ်ရလေတော့သည်။

ဤကဲ့သို့ သဘောအလုပ်ကိစ္စမျိုးသည်၊တဘဝအတွက်မျှ စိတ်မချရဘဲ၊ တခဏ အတွင်းမှာပင် ပျက်စီးခြင်းနှင့် မလွတ်ကင်း လေသောကြောင့်၊ လိုရင်းမဟုတ်ကြောင်းကို ကောင်းကောင်းကြီး သိနိုင်ရာ၏၊ ထို့အတူ သာသနာပအခါတွင် ဗျာန်အဘိညာဏ်ကို ရကြသော၊တာပသ ရသေ့ကြီးစသည်တို့၏ ပျက်စီးခြင်းဝတ္ထုတို့မှာလည်း၊ လွန်စွာပင် များပြား၍၊ ထင်ရှားသိသာလှပေ၏။

အလုံးစုံသောသတ္တဝါတို့သည်၊ ကမ္ဘာပျက်သောအခါ၊ အထက်ဗြဟ္မာဘုံသို့ရောက်ကြကုန်၏ဟု ကျမ်းဂန်များ၌ဆိုသဖြင့်၊ အနည်းဆုံးတကမ္ဘာမှာ၊တကြိမ်တခါ ဗြဟ္မာကြီးတွေ့ဖြစ်ဘူးကြကုန်၏။ သို့ဗြဟ္မာဖြစ်ရန်မှာလည်း၊ မြေလျှိုး, မိုးပျံ,ဗျာန်အဘိညာဏ်ကို ရရှိမှဖြစ်နိုင်ကြသဖြင့်၊တကမ္ဘာတွင် တခါဗျာန်ရ၍၊တကြိမ်ဗြဟ္မာကြီးဖြစ်ရ၏၊ ဤသို့ဖြစ်လျှင် အနမတဂ္ဂသံသရာ၌၊ လွန်ခဲ့သော ကမ္ဘာပေါင်းမရေမတွက်နိုင်သောကြောင့်၊ ဗျာန်အဘိညာဏ်ရသောဘဝ၊ ဗြဟ္မာကြီးတွေဖြစ်ခဲ့ကြသောဘဝတို့မှာ၊ မရေမတွက်နိုင်အောင် များပြားလှကုန်၏၊ ထိုသို့ များပြားသော်လည်း၊သမထအစွမ်းကြောင့်ရသော ဗျာန်အဘိညာဏ်

တို့သည်၊ယခုအခါမှာ ရှာဖွေ၍မရနိုင်အောင် ပျောက်ပျက်ကုန်ဆုံးကြလေ၏။ဂင်းအလုပ်မျိုးကို ရှာကြံခြင်း,ရရှိခြင်း မဆိုင်းမရပ်ပါလျှင် ပျက်စီးကုန်ဆုံးခြင်းသဘောကလည်း၊အစမသတ် ပြတ်စဲမည် မဟုတ်ပေ၍၊ မပျက်စီးနိုင်သော အလုပ်ကိုသာ အားထုတ်ကြရန် အမှန်သင့်ကြောင်းဖြင့်၊ ကျမ်းဂန္ဓိလာရှိပေသည်။

**ပုဗ္ဗေ သိဗ္ဗေါ်ပျ နိဋ္ဌတ္တာ၊ နဋ္ဌော ဒါနိ အသိဗ္ဗိကော။**
**တသ္မာ အကုပ္ပသိဗ္ဗိံ ဝ၊ ဂဝေသေ ပဏ္ဍိတော နရော။ ။**

ပုဗ္ဗေ၊ရှေးအတိတ၊ဘဝများစွာ၊သံသရာက၊ သိဗ္ဗေါပိ၊ သမထတန်ခိုးဖြင့်၊မြေလျှိုးမိုးပျံ၊ဈာန်အဘိညာဏ်၊ကောင်းကင်ယံ ကျော်ဟိုး၊သိဗ္ဗိမျိုးကို၊စိုးစိုးပိုင်ပိုင်၊နိုင်နိုင်နင်းနင်း၊ပြှင်ဘက်ကင်းအောင်၊ ပြီးခြင်းကြီးပြီးမြောက်ခဲ့ဘူးပါသော်လည်း၊ အသိဗ္ဗိကော၊မကြာမရှည်၊ လောကီတန်ခိုး၊သိဗ္ဗိမျိုးမည်သည်။ အနိဋ္ဌတ္တာ၊ မမြဲသဘော၊ ရွေလျောပျက်စီးတတ်လေသောကြောင့်၊ဒါနိ၊ယခုပစ္စုပ္ပန္နကာလ၊ဤဘဝ၌၊နဋ္ဌော၊ ပျက်စီးကုန်ဆုံး၍သွားခဲ့လေပြီ။တသ္မာ၊ထိုကြောင့်။ပဏ္ဍိတော၊ပညာရှိသော၊နရော၊အမျိုးကောင်းသားသည်။ အကုပ္ပသိဗ္ဗိံ ဝ၊ဘယ်အခါမှ ပျက်စီးခြင်း မဖြစ်နိုင်သော၊ အနှစ်သဘော၊ နိဗ္ဗာန်တည်းဟူသော သိဒ္ဓိကောင်း တခုကိုသာလျှင်။ ဂဝေသေ၊နေ့ညမယုတ် အားထုတ်ရှာမှီးရာ၏။

ဤစကား အရပ်ရပ်သည်၊လောကီသမထနည်းလမ်း၏ အစွမ်းဖြစ်သော သမာဓိအကျိုးတို့ကို အမျိုးမျိုးပြဆိုခြင်းပေတည်း။ ။ဤကျမ်းသည်၊သမထယာနိက ဝိပဿနာနည်းလမ်းမျိုးမဟုတ်။သုဒ္ဓဝိပဿနာနည်းလမ်းမျိုးဖြစ်၍၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိမျိုးကို ပြဆိုရန် အခွင့်မရှိပေ။ ခဏိက သမာဓိသည်လည်း၊ အသီးအခြား မလာဘဲ၊ ဝိပဿနာနှင့်ယှဉ်တွဲသည်ဖြစ်၍၊ ဝိပဿနာကိုပြသောအခါ၌၊ ဂင်းခဏိကသမာဓိသည်၊ အတွင်းဝင်ပါပြီးဖြစ်သဖြင့်၊ အထူးပြဆိုရန် မလိုတော့ပြီ၊

အထူးမှတ်ရန်မှာ၊ သီလက္ခန္ဓသို့ ပေါ့နှင့် သာမညဖလ, ပုံဟာန်းတို့သည်၊ သမာဓိအရာ၌ ကွဲပြားခြားနားခြင်းမရှိဘဲ သုတ္တန်အဆိုအတိုင်း သမာဓိကို အခြေခံ၍၊သတိပဋ္ဌာန်နည်းလမ်းဖြင့်၊ ဝိပဿနာ ပဋ္ဌာန်းသို့ တက်ကြိုးသော်ဂင်း၊သမာဓိအခြေမခံဘဲ၊ သတိပဋ္ဌာန်နည်းလမ်းဖြင့်၊ ဝိပဿနာ

ကမ္မဋ္ဌာန်းသို့ တက်လိုသော်ငင်း၊မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်သို့ပေါက်ရောက်နိုင်၏။ လှေခါးထစ်စသော ဥပမာ ဥပမေယျတို့နှင့် မတွေးဆမကြံစည်ဘဲ၊ ယုံကြည့်စွာမှတ်ယူပါလေ။ ဥပမာ မန္တလေးရွှေမြို့တော်သို့သွားရန်၊အတွင်းရှိ မြို့ရွာများသို့ ဝင်ရောက်နိုင်သော လမ်းဟောင်းလမ်းရှည်လမ်းမကြီးတခု၊ တောဘက်က ဖြတ်သန်း၍သွားသော လမ်းသစ်,လမ်းတို,လမ်းကျဉ်းတခုရှိရာ၏၊လမ်းဟောင်းအတိုင်းသွားလျှင်၊ မြို့ရွာအတွေ့များ၍ အရောက်နှေး၏။ ဖြတ်သန်း၍ လမ်းသစ်က သွားလျှင်၊ မြို့ရွာအတွေ့အမြင်မရှိ ရောက်လွယ်၏။

ဤဥပမာ၌၊ သမာဓိကို အခြေခံသောနည်းသည်၊ လမ်းဟောင်း, လမ်းရှည်နှင့်တူ၏။ သမာဓိ အတူပါသောနည်းသည်၊ ဖြတ်သန်းသွားသော လမ်းတို,လမ်းသစ်နှင့်တူ၏။ သမထဘက်၌ ဗဟုသုတ ရှိခြင်း, မရှိခြင်းသည်၊မြို့ရွာများကို တွေ့မြင်ရခြင်း,မတွေ့မြင်ရခြင်း နှစ်မျိုးနှင့်တူ၏။တရားအားထုတ်သောသူသည်၊ လမ်းသွားသောသူနှင့်တူ၏။မဂ်, ဖိုလ်,နိဗ္ဗာန်သည်၊ မန္တလေး ရွှေမြို့တော်နှင့် တူ၏။ တရားထူးကို ရခဲ ရလွယ်ခြင်းသည်၊ မန္တလေးသို့ နောက်ရောက် , ရှေ့ရောက်သည်နှင့် တူ၏။ ။ဤဥပမာကို သဘောကျပါလျှင်၊ သမထ အခရုံဖြစ်သော သမာဓိကို၊အသီးအခြား မထူထောင်ဘဲ၊ဝိပဿနာအလုပ်တခုနှင့်ပင်၊ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ဝင်နိုင်ကြောင်းကို၊ကောင်းစွာမှတ်ယူ၍၊ ရဟန်း, ရှင်,လူ ခပ်သိမ်းသူတို့သည်၊ ယုံကြည်စွာ စိတ်ထားလျက်၊ ဝိပဿနာတရားကို မနေမနား ကြိုးစားအားထုတ်ကြကုန်ရာသည်။

**သမာဓိအရကို ပြဆိုခြင်းပြီး၏။**

---

## ဈာန်,မဂ်,ဖိုလ်၏ အန္တရာယ်ငါးပါးကိုပြဆိုခြင်း

နတ်ရွာခြောက်တန်သို့ ရောက်စေရန်ငင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်စေရန်ငင်း၊ ရည်သန်တောင့်တ၍၊ဒါန,သီလ,သမထ, ဝိပဿနာတို့ကို၊အခါခါအားထုတ်ကြသော ရဟန်း,ရှင်,လူ ခပ်သိမ်းသောသူ ဟူသမျှတို့အား၊ မရနိုင်ရန်, မရောက်နိုင်ရန်၊ ချခံ မြစ်တားတတ်သော ဘေးအန္တရာယ်တို့သည်၊ ငါးပါးအပြားရှိကုန်၏။

အန္တရာယ် ငါးပါးဟူသည်ကား။ ။-၁ကမ္မန္တရာယ်။ ။၂-ကိလေသန္တရာယ်။ ။၃-ဝိပါကန္တရာယ်။ ။၄-ဥပဝါဒန္တရာယ်။ ။၅-အာဏာဝီတိက္ကမန္တရာယ်-ဟူသည်တို့တည်း။ ။ငင်းငါးပါးတို့ကို

ကျမ်းဂန်တို့၌၊သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်ဟုဆို၏။နတ်ရွာနိဗ္ဗာန် ချာန်မဂ်ဖိုလ်တရားတို့၏ဘေးအန္တရာယ်ကြီးများ၊ရန်သူကြီးများဟုဆိုလိုသည်။

ထိုငါးပါးသော အန္တရာယ်တို့တွင်။ ။၁-အမိကိုသတ်သော-မာတုဃာတက ကံ။ ။၂-အဘကို သတ်သော-ပိတု ဃာတက ကံ။ ။၃-ရဟန္တာကို သတ်သော-အရဟန္တ ဃာတက ကံ။ ။၄-ဘုရားကို သွေးစိမ်းတည်အောင် ပြုသော-လောဟိတုပ္ပါဒက ကံ။ ။၅-သံဃာချင်းကွဲပြားအောင် ဖျက်ဆီးသင်းခွဲသော-သံဃဘေဒက ကံ။ ။ဤငါးပါးသော ကံသည်၊ ကမ္မန္တရာယ်မည်၏။ဤင်းတို့ကို ပဉ္စာနန္တရိယကံငါးပါးဟူ၍လည်း၊မြတ်စွာဘုရား ဟောကြားတော်မူ၏။အလွန်အပြစ်ကြီးလေးသော ကံငါးပါးဟုဆိုလိုသည်။ ဤငါးပါးသော ကံကြီးတို့တွင်၊တပါးပါးကို ပြစ်မှားကျူးလွန်မိသောသူသည်၊ယခုဘဝ၌၊ဒါန,သီလ,သမထ,ဝိပဿနာတို့ကို၊ဘယ်မျှပင် အားထုတ်သော်လည်း၊နတ်ရွာနိဗ္ဗာန် ချာန်,မဂ်,ဖိုလ်တရားများကို၊ မရနိုင် မရောက်နိုင်ဘဲ၊ သေသည်၏ အခြားမဲ့၌၊ မဟာအဝီစိ ငရဲသို့သာ တခါတည်း ကျရလေတော့သည်။

အထူးမှာ၊ဤင်းငါးပါးသောကံကြီးတို့တွင်၊အမိကိုသတ်သော-မာတုဃာတကကံနှင့်၊အဘကို သတ်သော-ပိတု ဃာတကကံ ၂-ပါးသည်၊သတိရ၍ မိဘအလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး၊သရဏဂုံသီလ၌တည်လျက်၊ဒါန,သီလ,ဘာဝနာများကို အားထုတ်ပါလျှင်၊မဟာအဝီစိငရဲမှလွဲ၍ လောဟကုမ္ဘီငရဲလောက်မျှနှင့် ငြိမ်းငြိမ်းနိုင်သဖြင့်၊ များစွာပင်သက်သာရာကိုရနိုင်ရန်ရှိပေသေး၏။ကြွင်းကံသုံးပါးမှာ၊သက်သာရန် နည်းလမ်း မရှိတော့ဘဲ၊မဟာအဝီစိ ငရဲကြီးသို့သာ မချွမလွဲအမြဲပင်ကျရောက် ရတော့သည်။အဇာတသတ်မင်းနှင့် ဒေဝဒတ်စသည်တို့၏ဝတ္ထုကို မျှော်ရှုကြပါလေ။ ။ဤင်းပြင်၊ ပုထုဇန်ဖြစ်သော ဘိက္ခုနီမကိုဖြင်း၊ သောတာပန်စသော အရိယာဘိက္ခုနီမကိုဖြင်း၊ သဘောဆန္ဒမတူမှုသော ဘိက္ခုနီမကိုဖြင်း၊ ဖျက်ဆီးသော ဘိက္ခုနီဒူသက ကံသည်လည်း၊ ပဉ္စာနန္တရိယကံနှင့် အလားတူသည်ဟု ဟောတော်မူသောကြောင့်၊နတ်ရွာနိဗ္ဗာန်ချာန်,မဂ်,ဖိုလ်တရားတို့ကို၊ဆီးတား ကာရံ့ယ်တတ်သော ဘေးရန်အန္တရာယ်များဖြစ်၍၊ ကမ္မန္တရာယ်ပင်မည်၏။

သို့သော်၊ သဘောတူသော ပုထုဇန် ဘိက္ခုနီမကို ဖျက်ဆီးရာ၌၊ ချာန်,မဂ်,ဖိုလ်ကိုသာ တားမြစ်တတ်သော မဂ္ဂန္တရာယ်ကား ဖြစ်၏။

နတ်ရွာ လမ်းခရီးကို တားမြစ်တတ်သော သဂ္ဂန္တရာယ်မှုကား မဖြစ်နိုင်ပေ။ ရဟန္တာဖြစ်သော ဘိက္ခုနီမကို ဖျက်ဆီးပါမှုကား၊ ၇-ရက်မကြာမီပင်လျှင်၊ မဟာပထဝီ မြေခွဲမျို၍၊ အဝီစိ ငရဲကြီး၌ ချိုးစွဲကာ နစ်မြုပ်ရလေတော့၏။ ဥပ္ပလဝဏ်ထေရီမအား ပြစ်မှားသော သူငြေးသား နန္ဒဝဏ္ဏကို ထောက်ရှုကြပါလေ။

ဤကား ကမ္မန္တရာယ်ကို ပြဆိုခြင်းတည်း။

ထိုငါးပါးသော အန္တရာယ်တို့တွင်၊ နိယတ မိစ္ဆာဒိဋ္ဌိကြီးသုံးပါးသည်၊ **ကိလေသန္တရာယ်မည်၏။**

ဒိဋ္ဌိကြီးသုံးပါး ဟူသည်ကား။ ။၁-**အကိရိယ ဒိဋ္ဌိ**။ ၂-**နတ္ထိက ဒိဋ္ဌိ**။ ၃-**အဟေတုက ဒိဋ္ဌိ**တို့ပေတည်း။ ထိုသုံးပါးသော ဒိဋ္ဌိကြီးတို့တွင်၊ ဤလောက၌ လှူဒါန်းခြင်း-ဒါနမှု၊ စောင့်ရှောက်ခြင်း-သီလမှုတို့ကို၊ ပြုခြင်းစသော ကုသိုလ်ကံမည်သည်ဟုင်း၊ သူ့အသက်သတ်ခြင်း-ပါဏာတိပါတမှု၊ သူ့ဥစ္စာခိုးခြင်း-အဒိန္နာဒါနမှုတို့ကို ပြုခြင်းစသော အကုသိုလ်ကံမည်သည်ဟုင်း မရှိ။ ပြုပြီးသောခဏ၌၊ ပျောက်ပျက်၍ သွားသည်သာတည်းဟု ကုသိုလ်ကံ,အကုသိုလ် ကံတို့ကို မြစ်ပယ်၍ ယူခြင်းသည်၊ အကရိယဒိဋ္ဌိမည်၏။ ။လှူဒါန်းခြင်း-ဒါနမှု၊ စောင့်ရှောက်ခြင်း-သီလမှုတို့ကို၊ ပြုခြင်းစသော ကုသိုလ်ကံ မည်သည်ဟုင်း၊ သူ့အသက်သတ်ခြင်း-ပါဏာတိပါတမှု၊ သူ့ဥစ္စာခိုးခြင်း-အဒိန္နာဒါနမှုတို့ကို၊ ပြုခြင်းစသော အကုသိုလ်ကံမည်သည်ဟုင်း ထင်ရှားရှိ၏။ ထိုအမှုတို့ကိုပြုသောသူသည်၊ မသေမီသာလျှင် ကောင်းကျိုးကိုစံရ၍၊ မကောင်းပြစ်ကိုခံရ၏။ သေပြီးသောကာလ နောက် နောက် ဘဝတို့၌ကား၊ ကောင်းကျိုးကို စံရခြင်း,မကောင်းပြစ်ကို ခံရခြင်းဟူ၍ မရှိတော့ပြီဟု၊ အကျိုးကို မြစ်ပယ်၍ယူခြင်းသည် နတ္ထိကဒိဋ္ဌိမည်၏။

ဤလောကကိုဟုင်း၊ သတ္တဝါတို့ကိုဟုင်း၊ ထာဝရတည်သော ဘုရား, ဗြဟ္မာကြီးတို့ ဖန်ဆင်း၏၊ ဖန်ဆင်း၍သာ ဖြစ်ပေါ်လာ၏။ သေလျှင်ဝိညာဉ်တို့သည်၊ ဘုရားထံသို့သာ သွားရကုန်၏။ ထို့ကြောင့် ရှေ့ဘဝလည်း မရှိ၊ နောက်ဘဝလည်း မရှိ၊ မိဘတို့၏ ကျေးဇူးလည်း မရှိဟူ၍၊ အကြောင်းကို မြစ်ပယ်၍ ယူခြင်းသည်၊ အဟေတုက ဒိဋ္ဌိမည်၏။

ဤမိစ္ဆာဒိဋ္ဌိ အယူကြီးသုံးပါးသည်၊ အလွန်များသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ တည်းဟူသော ကိလေသာကြောင့်သာ ဖြစ်ပေါ်လာ

ရသောကြောင့်၊ကိလေသဘုံရာယ်မည်၏။ ဤအယူ အကျင့်ရှိနေသော သူတို့သည်၊ဈာန်၊မဂ်၊ဖိုလ်တရားကို မဆိုထားဘိ၊လူ့ပြည်၊နတ်ရွာကိုမျှ မပေါ်လာနိုင်၊မရောက်လာနိုင်တော့ပြီ။သေသည့်၏ အခြားမဲ့၌၊ပထဝီ ဂေါပကခေါ်သော မြေစောင့်သတ္တဝါအဖြစ်၊သံသရာဝဋ် သစ်ငုတ်ဖြစ် ၍၊ အပါယ်ငရဲ၌သာလျှင် နစ်မြုပ်ရလေတော့သည်။

ဤမိစ္ဆာဒိဋ္ဌိကြီး ၃-ပါးကို၊ မြေစောင့် သံသရာဝဋ်သစ်ငုတ်ဖြစ်၍၊ ငရဲ၌ ခံရသော ဤစကြာဝဠာပင် ပျက်စီး သွားသော်လည်း၊ မပျက် တည်ရှိသော အခြားစကြာဝဠာသို့ ရွှေ့ပြောင်းခံရပြန်သဖြင့်၊အလွန် မြဲမြံခိုင်ခံ့သောကြောင့်၊ နိယတမိစ္ဆာဒိဋ္ဌိဟူ၍ ခေါ်ဆိုပြန်၏။သဿတ ဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိစသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကြီးတို့သည်လည်း၊ဤ နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးမှ ပွားစီးဖြစ်ပေါ်လာကြသော ဒိဋ္ဌိကြီးတို့ ပင် ဖြစ်ကြောင်းကို ကောင်းစွာ မှတ်ယူကြပါလေ။

ဤကား ကိလေသန္တရာယ်ကို ပြဆိုခြင်းတည်း။

---

**ဝိပါကန္တရာယ်**ဟူသည်ကား၊ ခွေး၊မျောက်၊ ဆင်၊ မြင်း စသော ဒုဂ္ဂတိ အဟိတ် တိရစ္ဆာန်တို့သည်၎င်း၊ပဋိသန္ဓေအခါ အမိဝမ်းတွင်း ကပင် အင်္ဂါမစုံလင်၍၊ မျက်စိကန်း၊ နားပင်း၊ ဆွံ့၊ အ၊ သေသူ၊ ပဏ္ဍုတ်၊ဥဘတောဗျည်းစသော သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့သည်၎င်း၊ အင်္ဂါကြီးငယ် စုံလင်သော ဒွိဟိတ်ပုဂ္ဂိုလ်တို့သည်၎င်း၊ ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်သည်၊ ဈာန်၊မဂ်၊ဖိုလ် တရားကို ဆီးတား ပိတ်ပင်လေ သောကြောင့်၊ ဝိပါကန္တရာယ်မည်၏။

၎င်းပုဂ္ဂိုလ်များသည်၊တရားကို အားထုတ်သော်လည်း၊ ဈာန်၊မဂ်၊ ဖိုလ်ကို မရနိုင်ပေ။ ဤနေရာ၌ ဈာန်၊ မဂ်၊ ဖိုလ်ကို တားမြစ်သော မ ... န္တရာယ်သာဖြစ်၏။ ဒါန၊သီလ၊ဘာဝနာများကို အားထုတ်သွားပါ လျှင်၊ နတ်ရွာကို တားမြစ်တတ်သော သဂ္ဂန္တရာယ်မဖြစ်ပေ၍၊ နောင်ဘဝမှာ၊လူကောင်း၊နတ်ကောင်းဖြစ်၍၊မဂ်၊ဖိုလ်ကို ရနိုင်ပေရာသည်။

ဤကား ဝိပါကန္တရာယ်ကို ပြဆိုခြင်းတည်း။

---

**ဥပဝါဒန္တရာယ်**ဟူသည်ကား၊ လူ ... ဟာန်း အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ ရဲ့ ရှုတ်ချ ဆဲရေးခြင်းတည်း။ထိုအရိယာပုဂ္ဂိုလ်တို့ကို၊ကဲ့ရဲ့ ရှုတ်ချ ဆဲရေး ပုတ်ခတ်ခြင်းသည်၊နတ်ရွာနိဗ္ဗာန်နှင့် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တရားတို့ကို၊

ဆိုးတားကန့်ကွက်ပိတ်ပင်တတ်သောကြောင့်၊ဥပဝါဒန္တရာယ်မည်၏။ အရိယူပဝါဒန္တရာယ် ဟူ၍လည်းခေါ်၏၊ ထိုကံကို ပြစ်မှားကျူးလွန်မိသောသူသည်၊ မဂ်, ဖိုလ်ကို မဆိုထားဘိ၊ နတ်ရွာ သုဂတိကိုပင် မရနိုင်တော့ပြီ။သေသည်၏အခြားမဲ့၌အပါယ်ဘုံသို့သာ သွားရလေ၏။

အရိယာသည်၊ဒဿနအရိယာ,အာစာရအရိယာဟူ၍ နှစ်ပါးရှိ၏။ ထို နှစ်ပါးတို့တွင်၊ သစ္စာလေးပါးကို လောကုတ္တရာ မဂ်ဉာဏ်ဖြင့်၊ တကြိမ်မျှသိမြင်ပေါက်ရောက်ဘူးသော ရဟန်းသည်၊ဒဿနအရိယာမည်၏။ ထို သစ္စာလေးပါးကို သိမြင်ပေါက်ရောက်ရန်၊ ကျင့်ကြံနေသော ရဟန်းသည်၊ အာစာရ အရိယာမည်၏။ အယုတ်ဆုံးအားဖြင့် သောတာပန်ဖြစ်သော လူသည်လည်း၊ ဒဿန အရိယာ၌ဝင်၏။ ထို ပုဂ္ဂိုလ်တို့ကို ပြစ်မှားမိသောသူသည်၊ အလွန် အပြစ် ကြီးလေးသော အရိယူပဝါဒန္တရာယ် ထိုက်လေတော့သည်။

ပြစ်မှား စွပ်စွဲခြင်းသည်လည်း၊ အနုမဝဏ္ဏဖြင့် စွပ်စွဲခြင်း၊ ဂုဏ်သရေ ပျက်စီးညှိုးနွမ်းစေသဖြင့် စွပ်စွဲခြင်းဟူ၍ နှစ်မျိုးပင်ရှိပြန်၏။ ထို နှစ်မျိုးတို့တွင်၊ ဤပုဂ္ဂိုလ်အား မြတ်သောရဟန်း တရားမရှိ၊ ဤပုဂ္ဂိုလ်တို့သည် ရဟန်းပင်မဟုတ်ကုန်ဟု ပြောဆိုခြင်းသည်၊အနုမဝဏ္ဏဖြင့် စွပ်စွဲသည် မည်၏။ ပုဂ္ဂိုလ်တို့အား ဈာန်,မဂ်, ဖိုလ်တရားမရှိ စသည်ဖြင့် ပြောဆိုခြင်းသည်၊ ဂုဏ်သရေကို ဖျက်ဆီးသည်မည်၏။

ဤကဲ့သို့ ကဲ့ရဲ့စွပ်စွဲ ဆဲရေးသောသူသည်၊ အပြစ်ကိုသိ၍ ပြောဆိုမိသည်ဖြစ်စေ၊ အပြစ်ကို မသိဘဲလျက် ပြောဆိုမိသည်ဖြစ်စေ၊ အရိယူပဝါဒန္တရာယ် ငြိတွယ်ဖြစ်တားသောကြောင့်၊နတ်ရွာနိဗ္ဗာန် ဈာန်,မဂ်, ဖိုလ်တရားကို အားထုတ်သော်လည်း၊ မရနိုင်, မရောက်နိုင်တော့ပြီ။ သို့သော် လွန်ကျူးမိသောအပြစ်များကို၊ နောက်မှ သတိရ၍ ကောင်းမွန်သောဂါရဝစိတ်ဖြင့်၊ အသက်ရှိသော် မျက်မှောက်၊ အသက်မရှိသော် သင်္ချိုဟ်သော သင်းချိုင်းရာသို့သွား၍၊ တောင်းပန်ဝန်ချ၊ ပ,သ ပူဇော်ပြီး ဖူးမျှော် ကန်တော့ပါလျှင်၊ ထို ကံငြိမ်းပျောက်၍၊ နတ်ရွာ နိဗ္ဗာန်သို့ အမှန်ပင် ပေါက်ရောက်နိုင်သေး၏။

ထို ကံနှင့်စပ်၍ သိမှတ်ရန် ဝတ္ထုများမှာ။ ။မြတ်စွာဘုရားလက်ထက်တွင်၊သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေသော မထေရ် ရဟန်းကြီးတပါးနှင့် ရဟန်းငယ်တပါးတို့၊ တခုသောရွာတွင် အတူတကွ ဆွမ်းခံဝင်ကြသော်၊ ရွာဦးအိမ်၌ နေသော ဒါယကာသည်၊

လောလောပူသောယာဂုကို တမှုတ်စိသူ၏။ထိုအခါမထေရ်ကြီးသည်၊ လေနာထကြွခိုက်ကြိုကြိုက်၍၊ရောဂါပျောက်ငြိမ်းစေရန် တုံးတခုတွင် ထိုင်ပြီး၊ သပိတ်ကိုစောင်းလျက် သောက်လေ၏။ ထိုအခါ ရဟန်းငယ် မြင်၍၊ ရှင်ရဟန်းကြီးသည် အလွန်မွတ်သိပ်လေစွ၊ ဣန္ဒြေမရ အမြင် မလှပြုလျက်၊ ငါ့အရှက်ကို ခွဲလေသည်ဟု ဆိုမိ၏။ ထိုရွာမှ ဆွမ်းခံပြန် လာသော်၊ ရဟန်းငယ်ကိုခေါ်၍ ငါ့ရှင် သင့်အား ဘုရားသာသနာ တော်၌၊အားကိုးရာ တရားများရှိပြီလောဟု မေး၏။ ထိုအခါ တပည့် တော်မှာ အားကိုးရာ ရှိပါပြီ၊ သောတာပန်ပါဟု ရဟန်းငယ်က လျှောက်ထားလျှင်။ ငါ့အရှင်သည် အထက်မဂ်အလို့ငှါ အားမထုတ် သာပြီ၊ ငါသို့စဉ်သော အရိယာသာဝကကိုပင်၊ ဖြစ်တင်ကဲ့ရဲ့မိသော ကံသည်၊သင်၏ မဂ္ဂန္တရာယ်ပင် ဖြစ်လေပြီဟုပြော၍။ ထိုအခါ ရဟန်း ငယ်သည်လည်း၊ အလွန်လျှင် ထိတ်လန့်သဖြင့်၊ များစွာဝန်ချ၍ ပူဇော် ကန်တော့ရလေ၏။

ယင်းသို့ပူဇော်ကန်တော့မှ၊ဥပဝါဒကံ ငြိမ်းပျောက်လျက်၊အထက် မဂ်ဘို့ကို အားထုတ်နိုင်လေသည်။ ။၎င်းပြင် အရှင်ကစ္စည်းမထေရ်ကို ပြစ်မှားသော သူဌေးသား သောရေယျဝတ္ထု၊အရှင်ပိလိန္ဒဝစ္ဆမထေရ် ကို ပြစ်မှားသော လှည်းသမား ဝတ္ထုတို့လည်း၊ တောင်းပန်ဝန်ချ၍ ပူဇော်ကန်တော့မှ၊ ဥပဝါဒကံ ငြိမ်းပျောက်လျက်၊ ရှေးအတိုင်းပြန် ရောက်ရလေ၏။ ဤသို့ စသည်ဖြင့် များစွာလာရှိပေသည်။ ထို့ကြောင့် ၎င်းကံသည်၊ သေသည်၏ အခြားမဲ့၌၊ အပါယ်သို့သာ လားရသော ကြောင့်၊အလွန်အပြစ်ကြီးလေးသဖြင့်၊အနန္တရိယကံနှင့်တူသည်ဟုဆို ၏။ဝန်ချတောင်းပန်၍ပျောက်ငြိမ်းလွတ်ကင်းခြင်းမျှသာ ထူးပေသည်။

ဤကား၊ ဥပဝါဒန္တရာယ်ကို ပြဆိုခြင်းတည်း။

---

**အာဏာဝီတိက္ကမန္တရာယ်** ဟူသည်ကား၊ သက်တော် ထင်ရှား မြတ်စွာဘုရား ပညတ်ထားသော ဝိနည်း သိက္ခာပုဒ်တော်များကို၊ စေတနာနှင့်တကွ ပြစ်မှား၍ လွန်ကျူးကျော်နင်းလျက်၊ ပါတိမောက္ခ သံဝရ သီလမှ ချွတ်ယွင်း စေခြင်းသည်၊ အာဏာဝီတိက္ကမန္တရာယ် မည်၏။ ထိုကံသည်လည်း၊ဈာန်,မဂ်,ဖိုလ်တရားများကို တားမြစ်တတ် သော မဂ္ဂန္တရာယ်မူကားဖြစ်၏။နတ်ရွာသုဂတိကို တားမြစ်တတ်သော သဂ္ဂန္တရာယ်မူကား မဖြစ်ပေ။ ။ဤနေရာ၌ သဂ္ဂန္တရာယ် မဖြစ်ဟု

ဆိုသော်လည်း၊ ကဿပဘုရားလက်ထက်၌ အနှစ်နှစ်သောင်း ကာလပတ်လုံး၊ သီလသိက္ခာလုံခြုံအောင် စောင့်ရှောက်သော ရဟန်းကောင်းဖြစ်ပါလျက်၊ မပြော ပ,လောက်သော ပိန်းရွက်ကို စေတနာမရှိဘဲ၊ လှေသွားဆဲအခါတွင် အမှတ်မဲ့ကိုင်ဆွဲဖြတ်မိခဲ့လေရာ။ သံသယမကင်းရှာသဖြင့်၊ သေခါနီးအခါတွင် ၎င်းနိမိတ်ထင်လာ၍၊ စုတေသေလွန်သောအခါ အပါယ်ရွာသို့လားပြီး၊ ဘုရားနှစ်ဆူတို့၏ အကြား၌ရှည်လျားသော ကာလပတ်လုံး၊အပါယဒုက္ခများကို ခံစားရ၍၊ ငါတို့ဘုရားပွင့်တော်မူမှ ဖူးမျှော်လျှောက်ထားပြီး၊ တရားတော်ကို ကြားနာရသော၊ ဧရကပတ္တ နဂါးကို ထောက်ထားပါလျှင်၊ လွန်စွာပင်ကြောက်ရွံ့ဘွယ် ကောင်းလှပေတော့သည်။

၎င်းအန္တရာယ်သည်၊ အနည်းငယ် မပြော ပ,လောက်သော၊တပဲလေးရွေးမျှ အဘိုးမတန်သည့်၊ အပ်ချည်စသော ဝတ္ထုများကိုပင်၊ ဝိနည်းနှင့် မအပ်စပ်ဘဲ၊ မိမိတို့သုံးစွဲရှိနေပါလျက်၊ ဝိနည်းကံနှင့် ပြေငြိမ်းအောင်မပြုသေးမိ၊တရားကိုအားထုတ်ကျင့်ကြံနေပါသော်လည်း၊ ဇာဟိတ်ပဋိသန္ဓေဉာဏ်နှင့် ပါရမီရင့်သန်စေကာမူ၊ ဝိနည်းပညတ်ကို လွန်ကျူးကျော်နင်း၍ ရရှိထားသော၊ထိုအပ်ချည်ကလေးကိုပင် ခုခံ၍ တားမြစ်နိုင်သဖြင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မပေါက်မရောက်နိုင်။ ကြီးမားသောသိက္ခာပုဒ်များမှာ ဆိုဘွယ်ရာမရှိပေ။ ဤသို့လျှင် အာဏာဝီတိက္ကမန္တရာယ် ဟူ သော၊ ဝိနည်း သိက္ခာပုဒ် ပညတ်တော်သည်၊ အလွန်အံ့ဩဘွယ် ဆန်းကြယ် ထူးထွေလှပေ၏။ ။ သို့သော် သိက္ခာပုဒ်ကြီး ၄-ပါးစင်ကြယ်၍၊ သုတ်သင်ရန် နားလည်ပါလျှင်၊အလွယ်နှင့်ပင် ရှင်းလင်းနိုင်ပါ၏။ မိမိက မပြုလုပ်တတ်သော်၊ ကမ္မဋ္ဌာန်းဆရာပြုပြင်ပေးက သာ၍ပင် ပြီးစီးလွယ်နိုင်ပေ၏။ အကျယ်ကို အလိုရှိလျှင်၊ နောက်ကပြခဲ့သော ပါတိမောက္ခသံဝရသီလအခဏ်းကို ပြန်၍ကြည့်ရှုပါလေ။

ဤကား အာဏာဝီတိက္ကမန္တရာယ်ကို ပြဆိုခြင်းတည်း။

ယခုဆိုအပ်ခဲ့ပြီးသော အန္တရာယ်ငါးပါး၌၊မှတ်သားရန် သာဓကကို အမြွက်မျှ ပြဆိုပေအံ့။

**သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ တေ ကမ္မ ကိလေသ ဝိပါက ဥပဝါဒ အာဏာဝီတိက္ကမ ဝသေန ပဉ္စ**

ဝိဓာ။ တတ္ထ ပဉ္စာနန္တရိယ ကမ္မာ ကမ္မန္တရာယိကာ နာမ။ တထာ ဘိက္ခုနီဒူသက ကမ္မံ၊ တံ ပန မောက္ခဿေဝ အန္တရာယံ ကရောတိ၊ န သဂ္ဂဿ။ နိယတမိစ္ဆာဒိဋ္ဌိဓမ္မာ ကိလေသန္တရာယိကာ နာမ။ ပဏ္ဍကတိရစ္ဆာနဂတ ဥဘတောဗျဉ္ဇနကာနံ ပဋိသန္ဓိဓမ္မာ ဝိပါကန္တရာယိကာ နာမ။ အရိယူပဝါဒါ ဥပဝါဒန္တရာယိကာ နာမ၊ တေ ပန ယာဝ အရိယေ န ခမာပေန္တိ၊ တာဝ ဒေဝ န တတော ပရံ။ သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝီတိက္ကမန္တရာယိကာ နာမ။

(ပါစိတ်အဋ္ဌကထာ အရိဋ္ဌသိက္ခာပုဒ်အဖွင့်)

ဤသာဓကေ ပါဠိ၏ အနက် အဓိပ္ပါယ်များမှာ နောက်က ပြဆိုခဲ့ပြီးသော အန္တရာယ် ငါးပါး၌ ပါရှိပြီးဖြစ်၍၊ သိသာထင်ရှားသဖြင့် အနက်အဓိပ္ပါယ်များကို ထပ်မံရေးသားခြင်း မပြုတော့ပြီ။ အကျယ်ကိုအလိုရှိပါလျှင် ယခုထုတ်ပြခဲ့သော ပါဠိတော် အဋ္ဌကထာ ဋီကာများ၌ ရှုကြည့်ပါလေ။

## ၎င်းအန္တရာယ် ငါးပါး၌ လိုရင်းအချုပ်မှာ

၁။ ပဉ္စာနန္တရိယ ကံငါးပါးမှ လွတ်ကင်းခဲ့လျှင်၊ ကမ္မန္တရာယ် ငြိတွယ်ရန်မရှိ၊ သန့်ရှင်းစင်ကြယ်၏။

၂။ ဗုဒ္ဓဘာသာဖြစ်ကြသော သူများမှာ၊ ကိလေသန္တရာယ် ငြိတွယ်ရန်မရှိ၊ သန့်ရှင်းစင်ကြယ်၏။

၃။ ယခုဘဝ၌ ခြေ,လက်,အင်္ဂါ ပြည့်စုံသော သူများမှာ၊ ငါတို့ ဒွိဟိတ်ဖြစ်၏ဟူ၍ရင်း၊ ဒွိဟိတ်ဖြစ်လေသလောဟူ၍ရင်း၊ ဝိပါကန္တရာယ်အတွက် စိုးရိမ်ဘွယ်,ထင်မြင်ဘွယ် သို့လောသို့လောဟု တွေးတောစဉ်းစား၍၊ ယုံမှားသံသယ စိတ်ဒွိဟဖြစ်ရန်အကြောင်းမရှိ။ တရားကို အားမထုတ်မိက ပိုင်းခြားသိနိုင်သော သဘောမျိုးလည်း မဟုတ်၊ အကယ်စင်စစ် ဒွိဟိတ်ဖြစ်၍ သောတာပန်ကြီး အဖြစ်သို့ ယခုဘဝ၌ မရောက်စေကာမူ၊ နာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ်စသော အောက်ဉာဏ်များသို့ရောက်၍ စူဠသောတာပန်ဖြစ်ပြီး၊ ဒုတိယဘဝမှာ မချွတ်ဧကန် အမှန်စင်စစ်၊ မဟာသောတာပန်ကြီး အစစ် ဖြစ်ရမည်မှာ မလွဲနိုင်တော့ပေ။

ဆင်,မျောက်စသော တိရစ္ဆာန်များ ဒါနပြုခြင်း၊ မြွေ,နဂါးစသော တိရစ္ဆာန်များ သီလစောင့်ခြင်း၊ ဘိက္ခုနီမ မွေးထားသော ကျေးသား

ငယ်သည်၊အမှိုက ကမ္ဗဋ္ဌာန်းထင်မြင်ခြင်း စသည်ဖြင့် ကျမ်းဂန်များ၌ လာသောကြောင့်၊ ပဏ္ဍုက်,ဥဘတောဗျည်း၊ မျက်စိကန်း, နားပင်း စသော လူ, ရှင်, ရဟန်းများမှာ၊ သာ၍ပင် ဒါန, သီလ, သမထ, ဝိပဿနာအလုပ်များကိုအားထုတ်ရန် သင့်လှပေသဖြင့်၊ဝိပါကန္တရာယ် အတွက် စိုးရိမ်ဘွယ်မရှိ၊ စမ်းသပ်၍ ပြုလုပ်ကြည့်ရာ၏။

၄--အရိယာ သူတော်ကောင်းများအား၊ မတော်တဆ အမှတ်မဲ့ ပြစ်မှားမိသော်လည်း၊ ကန်တော့ ကောင်းပန်လျှင်၊ ပြေငြိမ်း ပျောက် ပျက်နိုင်သဖြင့်၊ အရိယူပဝါဒန္တရာယ် ငြိ တွယ် ရန် မရှိ၊ သန့်ရှင်း စင် ကြယ်လေ၏။

၅-ဝိနည်းပညတ် သိက္ခာပုဒ်တော်များကို လွန်ကျူးခြင်း အပြစ် သည်၊လူများမှာ မရှိ၍ လွတ်ကင်း၏။ ရဟန်းသာမဏေတို့မှာ ရှိသော် လည်း၊ဝိနည်းကံအတိုင်း ပြုပြင် သုတ်သင်ပါက၊ အလွယ်နှင့်ပင် ပြေ ငြိမ်း လွတ်ကင်းနိုင်သဖြင့်၊ အာဏာဝိတိက္ကမန္တရာယ် ငြိတွယ်ရန်မရှိ၊ သန့်ရှင်းစင်ကြယ်၏။

ထို့ကြောင့် သာသနာတော်မြတ်နှင့် တွေ့ကြုံကျိုး နပ်ရလေအောင်၊ အန္တရာယ်ငါးရပ်ကို စိတ်၌မျှမဥပါဒ်ဘဲ၊ မပြတ်သောလုံ့လဖြင့် ပရ မတ် ရုပ်,နာမ်,ဓမ္မ၏ သဘာဝဖြစ်ပျက်မှု၌၊ ဉာဏ်စက္ခုအား ထင်ရှား သိမြင်စေရန်၊ ဝိပဿနာတရားကို မနေမနားကြိုးစား အားထုတ်အပ် လှပေသည်။

**ဈာန်,မဂ်,ဖိုလ်၏ အန္တရာယ်ငါးပါးကို ပြဆိုခြင်းပြီး၏။**

---

ပလိဗောဓ ကြီး,ငယ်ကို သိလွယ်ရန် ပြဆိုခြင်း

**အာဝါသောစ ကုလံလာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။**
**အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီ'တိ တေ ဒသ။ ။**

(ပါရာဇိကဏ်အဋ္ဌကထာ)

အာဝါသောစ၊ နေရာကျောင်း ပလိဗောဓရင်း။ ကုလံ၊ အလုပ် အကျွေး ပလိဗောဓရင်း။ လာဘော၊ ပစ္စည်းသာဘ် ပလိဗောဓရင်း။ ဂဏော၊အပေါင်းအဘော် ပလိဗောဓရင်း။ ပဉ္စမံ၊ငါးခုမြောက်သော။ ကမ္မဉ္စ၊ အမှုကြီးငယ် ပလိဗောဓရင်း။ အဒ္ဓါနံ၊ခရီးသွားခြင်း ပလိဗောဓ ရင်း။ ဉာတိ၊ဆွေမျိုးပလိဗောဓရင်း။ အာဗာဓော၊ အနာရောဂါ ကပ်

ရောက်ခြင်း ပလိဗောဓရင်း။ ဂန္ထော၊ ကျမ်းဂန်သင်ကြားခြင်း ပလိဗောဓရင်း။ ဣဒ္ဓိ၊ပုထုဇန်တို့တန်ခိုးပြခြင်း ပလိဗောဓရင်း။ ဣတိ၊ဤသို့။ တေ၊ထိုပလိဗောဓတို့သည်။ ဒသ၊ဆယ်ပါးတို့တည်း။

အဓိပ္ပါယ်ကား။ ။ပလိဗောဓ ဟူသည်မှာ၊ကမ္မဋ္ဌာန်းဝိပဿနာကို အားထုတ်ဆဲအခါ ဖြစ်ပေါ်လာတတ်သော ပူပန်စရာ, စိုးရိမ်စရာ, ကြောင့်ကြစရာမျိုးကိုဆို၏။ ထို ပူပန် စိုးရိမ် ကြောင့်ကြစရာ ဖြစ်သော ပလိဗောဓကို၊ ဝိပဿနာ အားထုတ်ရာ၌ ဝင်ရောက်နှောက်ယှက်ခြင်း မရှိစေခြင်းငှါ၊ ရှေးဦးစွာ ပယ်ရှင်း၍ ပြတ်ကင်းအောင် ပြုလုပ်ထားရမည် ဆိုလိုသည်။

ဤ ပူပန် စိုးရိမ်ကြောင့်ကြစရာ ဖြစ်သော ပလိဗောဓကြီးတို့သည်၊ ဆယ်ပါး အပြားရှိကုန်၏။ ထိုဆယ်ပါးသော ပလိဗောဓကြီးတို့တွင်၊

၁-ကျောင်းနေရာ အရိပ်အာဝါသအတွက် ဆောင်ရွက်ရန် မပြီးစီး၊ ကွဲင်းကျန်နေ၍ ကြောင့်ကြနေခြင်းသည်၊ အာဝါသပလိဗောဓ မည်၏။

၂-အလုပ်အကျွေး အစေအပါး တကာ, တကာမ အတွက် စိတ်လက်မချ၊ သောကမကင်း၍ကြောင့်ကြနေခြင်းသည်၊ ကုလပလိဗောဓ မည်၏။

၃-ရရှိပြီးသော ပစ္စည်းဥစ္စာ၊ရလတ္တံ့သော ပစ္စည်းဥစ္စာတို့အတွက် ဝဲကွက်ထင်လင်း ကြောင့်ကြနေခြင်းသည်၊လာဘပလိဗောဓမည်၏။

၄-နှစ်သက်ချစ်ခင် မေတ္တာဝင်၍၊ ကျွမ်းကျင်သော မိတ်သင်္ဂဟ ဖြစ်သဖြင့်၊ အတူတကွ စားသောက် နေထိုင် လုပ်ကိုင် သွားလာဘူးသော သိတင်းသုံးဖော် စသော အပေါင်းအသင်း များ အတွက်၊ ငဲ့ကွက် ကြောင့်ကြ၍ နေခြင်းသည်၊ ဂဏပလိဗောဓမည်၏။

၅-ထိုထိုဝေယျာဝစ္စ အမှုငယ် အမှုသစ်၊ ရေသွန်, ပန်းသွန် စသော ဝတ်ကိစ္စများအတွက်၊ဝိတက်ရှုပ်ထွေး စိတ်မအေးသဖြင့်၊ တရေးရေး ကြံစည်တွေးဆ၍ ကြောင့်ကြနေခြင်းသည်၊ ကမ္မပလိဗောဓမည်၏။

၆-အဝေးအနီး တိမ္ဗကြီး, ငယ် အသွယ်သွယ်ကြောင့်၊ မဖြောင့် စိတ်ထား၊လမ်းခရီးများသွားလာရန် မကင်းရှင်းသဖြင့်၊ ကြောင့်ကြ၍ နေခြင်းသည်၊ အဒ္ဓါန ပလိဗောဓမည်၏။

၇—ဆာရာတပည့် မိဘ,ဘိုးဘွား၊ ညီသားအစ်ကို၊ထိုထိုမောင်နှမ၊ သားချင်းစသော ဆွေမျိုးများအတွက် စိတ်လက်မအေးဘဲ၊တွေးတော ကြံဆ၍ ကြောင့်ကြနေခြင်းသည်၊ ဉာတိပလိဗောဓမည်၏။

၈-အနာရောဂါဝေဒနာတို့ကြောင့်၊နေ့ဘိုင်စားသောက်မကောင်း ခြင်း စသည်များအတွက် စိတ်လက် ညှိုးနွမ်း မချမ်း မသာ ဖြစ်၍ ကြောင့်ကြနေခြင်းသည်၊ အာဗာဓပလိဗောဓမည်၏။

၉ စာပေ ကျမ်းဂန်ကို သင်အံ ပို့ချခြင်း၊ကြည့်ရှုကြံစည်ခြင်း၊ရေး သားမှုရခြင်း၊ဟောပြောသင်ကြားနေခြင်း၊ ဘုရားပုထိုး ရှိခိုးနေခြင်း၊ ရွတ်ဘတ် သရဇ္ဈာယ်နေခြင်း၊စာပေး စာယူ ပြုလုပ်ခြင်း စသည်များ အတွက် ဝဲကွက်ကြောင့်ကြနေခြင်းမျိုးသည်၊ ဂန္ထပလိဗောဓမည်၏။

၁၀-ပုထုဇန် ပုဂ္ဂိုလ်တို့၌ ရရှိထားသော ဈာန်အဘိညာဏ်တို့ဖြင့်၊ မိုးချုံမြေလျှိုး အမျိုးမျိုးဘန်ဆင်းခြင်းစသော တန်ခိုးဣဒ္ဓိပါဒ် အတွက် ဝဲကွက်ကြောင့်ကြ၍ နေခြင်းသည်၊ ဣဒ္ဓိပလိဗောဓ မည်၏။

ဤဆယ်ပါးသော ပလိဗောဓကြီးတို့ကို၊ တရားအားထုတ်နေသည့် အတွင်း၌၊စိမ့်ပြုပြင်ခြင်း မရှိရအောင်၊ ကြိုတင်ပယ်ရှင်း၍ထားရမည်။ ပြဆိုအပ်ခဲ့ပြီးသော ထိုပလိဗောဓကြီးဆယ်ပါးတို့တွင်၊ နောက်ဆုံးဖြစ် သော ဣဒ္ဓိ ပလိဗောဓမှာ၊ ယခုခေတ် အခါ၌ ဖြစ်မြောက်ရန် ခဲယဉ်း သည့်တကြောင်း၊ အကယ်၍ ဖြစ်မြောက်ခဲ့သော်လည်း၊ ဘုရားလက် ထက်တော်၌ပင် ဝိပဿနာဘက်သို့ ပါဝင်အောင်၊ ဆွဲငင်ပြုပြင်ရန် ငြိုငြင်ခက်ခဲလှသည်ကို ထောက်ဆ၍၊ ယခုခေတ်ကာလ၌ ဝိပဿနာ ပညာဘက်သို့ လိုက်ပါနိုင်ရန် မထင်မမြင်သည့် တကြောင်း။ ၎င်း ပလိဗောဓသည်၊ ကြွင်း ၉-ပါးတို့ထက် ထင်ရှား သိသာလှသည့် တကြောင်း။ ဤသို့သော အကြောင်းများကြောင့် ဖိစစ်ဘွယ် မရှိ တော့ပြီ။ ကြွင်း ၉-ပါးတို့တွင်လည်း၊ အာဝါသ, ကမ္မ, အာဗာဓ, ဂန္ထ၊ ဤ ၄-ပါးသော ပလိဗောဓကြီးတို့သည်၊ မိမိတဦးတည်းနှင့်သာ များစွာဆက်ဆံသဖြင့်၊ နောက်က ပြခဲ့သော အဓိပ္ပါယ်ကို အစဉ်မှီး၍၊ ပယ်ဖြတ်ရှင်းလင်းရန် နည်းလမ်းများမှာ ထင်ရှား သိသာလောက် ပေ၏၊ကျန်သောကုလ,လာဘ,ဂဏ,အဒ္ဓါန,ဉာတိဟူသော ပလိဗောဓ ၅-ပါးမှာမူ၊ ရဟန်းတော်တို့အား အနီး,အဝေး တကာ, တကာမ၊ သိတင်းသုံးတော်ဆွေမျိုးတို့ ပင့်ဘိတ်လှူဒါန်း၍သွားရခြင်း၊လာရောက် ၍ လက်ခံရခြင်း၊ လူတို့အားလည်း ထိုအတူ ဘိတ်မန်ခြင်းပြု၍ သွားရ

ခြင်း၊လာရောက်သည်ဖြစ်၍ ဧည့်ခံရခြင်းများရှိတတ်သဖြင့်၊ သူတပါး တို့နှင့် ဆက်ဆံရသည်များ၍ အနည်းငယ် ခဲယဉ်းစွာ ဖြစ်တတ်၏။

ထို့ကြောင့်၊ထိုသူတို့နှင့်ဝေးကွာသောအရပ်များ၌ သာ၍သင့်လျော် ပေသည်။ဤင်းအရပ်မျိုးကို မရနိုင်ခဲ့သော်၊တပါးသူတို့လာသော်လည်း မတွေ့မဆုံနိုင်ရန်၊ စာများရောက်သော်လည်း၊ မိမိကိုမပေးရန် ဆိုခဲ့ သော မိဘ,ဘိုးဘွားစသည်တို့နှင့်စပ်သော အကောင်းအဆိုး အမျိုး မျိုးသော အကြောင်းတို့ကို မကြားမသိနိုင်စေရန်၊ နေရာကျအောင် စီမံ၍ထားရ၏။

ဆရာထံမှာ နေထိုင်အားထုတ်လျှင်၊ ဆရာက ပြုလုပ်ပေးလိမ့်မည်။ ဆရာမရှိလျှင်၊အတူ အားထုတ်နေသော အပေါင်း အဘော် တို့ကို မှာထားမည်။ ယခုလိုမှာထားရ၍ ပြောရသောသူသည်၊ အကြောင်း နှင့် တွေ့လို၍လာသောသူအား၊စိတ်ကျေနပ်အောင် လှည့်ပတ်ပြောဆို တတ်ပါမှ၊ မတွေ့မမြင် မကြား မသိ ရှိနိုင်သည်။ ဘယ်လောက်ပင် ရင်းနှီးသောသူတို့၏ အလွန်အရေးကြီးသော ကိစ္စဖြစ်စေကာမူ၊ ဤ အခါမှာ မကြားမသိရမှ ပလိဗောဓကင်းသည်။ အစီမံ မလုံခြုံလျှင် ကင်းရှင်းရန် ခဲယဉ်းသောနေရာဖြစ်၍၊ အထူးသတိပြုရသော အချက် ရပေတည်း။

တရားကို အတူတကွ အားထုတ်နေသော အပေါင်းအဘော်မှာ၊ မိဘ,ဘိုးဘွား စသည် ဖြစ်သော်လည်း၊ပလိဗောဓ အရေမဟုတ်ပေ။ ထိုကဲ့သို့ တရားကိုအားထုတ်နေရာ၌၊ အတူနေ အတူလုပ် မဟုတ်ခဲ့ လျှင်၊ မိဘ,ဘိုးဘွားစသော သူတို့၏ ကောင်း,ဆိုးစသော အကြောင်း များကိုကြားသိရန် မဆိုထားဘိ၊ တွေ့မြင်ခြင်းမျှပင် မရှိလွတ်ကင်းမှ၊ ပလိဗောဓ ရှင်းလင်းနိုင်ပေသည်။ ဤသို့ ပလိဗောဓ ပယ်ဖြတ်ရခြင်း သည်၊ ကမ္မဋ္ဌာန်းကို အားထုတ်နေသော အခါ၌သာ ပြုလုပ်ရသည်။ တပါးသောအခါတို့၌ ဖြတ်ပယ်ရသည်မဟုတ်ပေ။ ။ဤကား၊ ပလိ ဗောဓကြီးဆယ်ပါးကို အမြွက်မျှပြဆိုသောစကားရပေတည်း။

''ခုဒ္ဒက ပလိဗောဓ ပစ္ဆေဒံ ကတွာ''စသည်ဖြင့်၊ဝိသုဒ္ဓိမဂ်၌ ကြော ကြွ ဘွယ် ဟူသော ပလိဗောဓငယ် ငါးပါးလာ၏။ ။ အဓိပ္ပါယ်ကား။....

၁—ရှည်သော ဆံပင်, မုတ်ဆိတ်၊ လက်သည်း,ခြေသည်းတို့ကို ပယ်အပ်၏။

၂-ဆွေးမြေ့ရုတ်ပြတ်သော သက်နီးအဝတ်စသည်များကို၊ ခိုင်မြဲအောင် ဖါထေး စပ်ချုပ်ခြင်းကို ပြုအပ်၏။

၃—ဟောင်းနွမ်း ညစ်ပေသော သင်္ကန်း အဝတ် စသည်များကို၊ ဖွပ်လျှော် ထပ်သိုး,လိပ်နယ်ခြင်းကို ပြုအပ်၏။

၄-အညစ်အကြေးတင်သော သပိတ်များရှိလျှင်၊စင်ကြယ်အောင် မီးဖုတ်ခြင်း စသည်ကို ပြုလုပ်အပ်၏။

၅-အိပ်ယာ,ခုတင်,အင်းပျဉ်,ညောင်စောင်း စသည်ကို ပြုပြင်အပ်၏။ လူများမှာလည်း ခေါင်းဆေးလျှော်ခြင်း စသော အထက်၌ ဆိုခဲ့သည့် စပ်ဆိုင်ရာကြောင့်ကြဘွယ်အမှုငယ်များကို ပြုပြင်၍ထားအပ်၏။

ဤဆိုခဲ့ပြီးသော ကြောင့်ကြငယ်တို့ကို၊ကမ္မဋ္ဌာန်းအလုပ်သို့ မဝင်မီ စိမ့်ပြုပြင်ထား၍၊ နောင် ၁၅-ရက်၊တလ စသည်ရှိမှ ထပ်မံပြုပြင်ရသော်လည်း၊ ဝိပဿနာအလုပ်မပျက်ရအောင်၊ကမ္မဋ္ဌာန်းနှင့်တွဲဘက်၍ သွားနိုင်လောက်ပြီ။ဤပလိဗောဓငယ်မှာ၊ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်း၍၊လိုက်စဉ်ကို မရိပ်မိသေးမီ ၅-ရက်,၇-ရက်,၁၀-ရက်စသည်ဖြင့်၊နေ့ရက်နှုအတွင်းမှာ၊ကြောင့်ကြခြင်းမရှိစေရန်သာ ရှေးဦးစွာပြုလုပ်ထားရသည်။ ဝိပဿနာရှုမှတ်သော၊ လိုက်စဉ်ကို ရိပ်မိသောအခါ မခဲယဉ်းပေ။သို့သော် အချို့မှာ၊ ၂-ရက်, ၃-ရက်နှင့်ပင် သဘောကျတတ်ပါ၏။ အချို့မှာ ၅-ရက်, ၇-ရက်, ၁၀-ရက်, ၁၅-ရက်၊ တလခန့်ရှိမှ သဘောကျတတ်ပေသည်။တလထက် ပိုလွန်သော သူကား နည်းပါးလှပေ၏။ စမ်းသပ် အားထုတ်ကြည့်လျှင်၊ ထင်ရှားသိသာပေလိမ့်မည်။

ပလိဗောဓကြီးမှာ၊ဂ. မ္မဋ္ဌာန်းအလုပ် မထွက်သေးမီအတွင်း၌၊လွတ်ကင်းမှ သင့်လျော်သည်။ လိုရင်း အချုပ်မှာ၊ ဝိပဿနာ အလုပ်ကို အားထုတ်နေသည့်အတွင်း၊ ၎င်းအလုပ်ကိစ္စမှ တပါး၊ အခြားသော အလုပ်ကိစ္စများကို အာရုံမပြုဘဲ၊ တခုတည်းသာ သဲသဲမဲမဲ စွဲမြဲလွယ်၍၊ တွင်ကျယ် စေခြင်းငှာ သာလျှင်၊ ပြုလုပ်ထားရန် ဖြစ်လေသည်။ ။ ဤကား ကြောင့်ကြဘွယ်ဟူသော ပလိဗောဓငယ်ငါးပါး၏ အဓိပ္ပါယ် လိုရင်းဖြစ်သော အကျဉ်းစကားစုပေတည်း။

ပလိဗောဓ ကြီး,ငယ်ကို သိလွယ်ရန် ပြဆိုချက်ပြီး၏။

အသပ္ပါယနှင့် သပ္ပါယနှစ်ပါးကို ပြဆိုခြင်း

**အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။**
**ဣရိယာပထော၊ တိ သတ္တေ၊ တေ၊ အသပ္ပါယေ ဝိဝဇ္ဇယေ။ ။**

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

အာဝါသော၊ ကျောင်းနေရာဂုဏ်း။ ဂေါစရော၊ ဆွမ်းခံရွာဂုဏ်း။ ဘဿံ၊ စကားပြောဆိုခြင်းဂုဏ်း။ ပုဂ္ဂလော၊ အတူနေပုဂ္ဂိုလ်ဂုဏ်း။ ဘောဇနံ၊ အစာအာဟာရ ဘောဇဉ်ဂုဏ်း။ ဥတု၊ အပူအအေး ဥတုဂုဏ်း။ ဣရိယာပထော၊ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးသော ဣရိယာပုထ်ဂုဏ်း။ ဣတိ၊ ဤသို့။ သတ္တ၊ ၇-ပါးကုန်သော။ တေ၊ ထို အသပ္ပါယေ၊ မလျောက်ပတ် မျှတသော ထိုအသပ္ပါယတို့ကို။ ဝိဝဇ္ဇယေ၊ ရှောင်ကြဉ်ရာ၏။

အဓိပ္ပါယ်ကား။ ။၁ အကြီး၊ အငယ်၊ အနိမ့်၊ အမြင့်၊ ပရိသတ်နှင့် အနီးအဝေး၊ အချို့တိုက်သစ်ဝါး၊ အချို့ကြွပ်၊ သွတ်၊ သက်ငယ်၊ ဓနိမိုး၊ ဤသို့ စသော အဆောက်အဦတို့တွင်၊ သဘောမကျသော အဆောက်အဦ မျိုးသည်၊ ဝိပဿနာအာရုံနှင့် ဆန့်ကျင်ဘက်ဖြစ်အောင်၊ စိတ် ဝိတက် ပြန့်ပွားတတ်သောကြောင့်၊ အသပ္ပါယ အာဝါသမည်၏။

၂ ဆွမ်း ခံသွားရာ လမ်းခရီး၊ မြို့ရွာ၊ ရပ်ကွက်တို့တွင်၊ ဝိပဿနာ၏ အနှောက်အယှက်ရပ်များ၍ ပျက်ပြားလွယ်တတ်သော၊ လမ်းခရီး၊ မြို့ရွာ၊ ရပ်ကွက်မျိုးသည်၊ အသပ္ပါယ ဂေါစရမည်၏။

၃ ဝိပဿနာ အလိုရှိသောသူ၊ သမထနှင့် စပ်သည်ကို ပြောဆိုရခြင်းစသော စကားမျိုးသည်၊ အသပ္ပါယ ဘဿမည်၏။ ဤဘဿဟူသောအရာ၌၊ မလျောက်ပတ်သော စကားကို ရှောင်ကြဉ်ရမည်ဟု ဆို၏။ မဟာသတိပဋ္ဌာနသုတ် သံဝဏ္ဏနာပဒ္ဓ၌၊ ဘာသိတေအဝ ပြောဆိုသည်ကို သိရမည်ဟုဆို၏။ ဤသို့ဆိုသော်လည်း၊ ဝိပဿနာလုပ်ငန်းကို အဟုတ်အဟတ် အားထုတ်နေသော အခါတွင်၊ စကားပြောဆိုခြင်းကို လုံးလုံးရှောင်ကြဉ်မှ သင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤ ဝိပဿနာ အားထုတ်သောအခါမှာ၊ တရားဟောပြောခြင်းများသည် ပင်၊ ပလိဗောဓကြီး ဆယ်ပါး၌ ပါဝင်လေသောကြောင့်တည်း။

၄-စရိုက်နှလုံးသွင်း သဘောဆန္ဒချင်း မတူမှုသောသူတို့နှင့်၊ အတူ တကွ နီးကပ်ဆက်ဆံ၍ ပေါင်းသင်းနေထိုင်ခြင်းမျိုးသည်၊ အသပ္ပါယ ပုဂ္ဂလမည်၏။

၅-အချို,အချဉ်၊ အစပ်,အငန်၊ အဖန်,အခါးစသော အာဟာရတို့တွင် အလိုမရှိသော အစာအာဟာရမျိုးသည်၊ အသပ္ပါယ ဘောဇနမည်၏။

၆-ပူသော အရပ်,အေးသော အရပ် စသည်တို့တွင်၊ မညီမညွတ် မမျှတသော အရပ်ဒေသမျိုးသည်၊ အသပ္ပါယ ဥတုမည်၏။

၇-လျောင်း,ထိုင်, ရပ်, သွား, သေးပါးသော ဣရိယာပုထ်တို့တွင်၊ စိတ်ကြည်လင်စွာနှင့် ကာလရှည်ကြာ မနေနိုင်သော ဣရိယာပုထ်မျိုးသည်၊အသပ္ပါယ ဣရိယာပထမည်၏။ ။ဤကား အသပ္ပါယ ၇-ပါး၏အဓိပ္ပါယ်တည်း။

အသပ္ပါယ ဟူသည်၊ ကမ္မဋ္ဌာန်း အားထုတ်သောသူ၏ စရိုက်နှင့် မတိုက်ဆိုက်၍၊ ရောင့်ရဲ တင်းတိမ်ခြင်း မဖြစ်သည်ကို ဆိုလိုသည်။ ဤ ကဲ့သို့အာသာမပြေ စိတ်မကျေနပ်ရှိနေသောသူအား၊တရားအလုပ် ဆုတ်ယုတ်ဖင့်နွှေး လေးကန်၍ နေတတ်လေသည်ကို၊ထို ၇-ပါးသော အသပ္ပါယတို့တွင်၊ ဘောဇဉ် အစာ အာဟာရတို့ မမျှတ မလျောက် ပတ်၍၊ တရားလမ်း တန့်ရပ် ၄ှည်ကြာနေသော အကြောင်းများကို၊ အောက်၌ ဘော်ပြထားသော မာတိကာ တကာမကြီး၏ ဝတ္ထုကို ထောက်ရှု၍ သိအပ်ပေသည်။

မြတ်စွာဘုရားရှင်သည် သက်တော်ထင်ရှားရှိ၍၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌၊သီတင်းသုံး နေထိုင်တော်မူစဉ်အခါ၊ကောသလမင်းကြီး၏ စိုးပိုင်ရာဖြစ်သော တောင်ခြေတွင်၊ မာတိကာမည်သော ရွာကြီး၌၊ မာတိက မာတာ မည်သော ဥပါသိကာမကြီး တယောက်ရှိလေ၏။ ထိုရွာကြီးကို ဆွမ်းအမှီပြု၍၊ ၎င်းရွာတောင်ခြေ တောတန်းတွင်၊ ခြောက်ကျိပ်သော ရဟန်းတို့ သီတင်းသုံး၍၊ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်သော ဒွတ္တိံသ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ကြလျက် ဆွမ်းစားစရပ်မှ ထွက်ကြသော်၊ အပေါင်း အဘော် မရှိဘဲ၊ သစ်ပင်ရင်း,စမ်းမြောင်,တောင်ကြား စသည်တို့၌ တပါးစီ သာ နေကြကုန်၏။

,ထိုအခါ မာတိကာ တကာမကြီးသည်၊ ပဉ္စည်း လေး ပါး တို့ဖြင့် ထောက်ပံ့ လှူဒါန်း၍၊ ခြောက်ကျိပ်သော ရဟန်းတို့အား၊ခစားမပြတ် ဆည်းကပ်ကိုးကွယ်၍နေ၏။တနေ့သ၌ ညနေချမ်းအချိန်တွင် ကျောင်းသို့လာရာ၊ တပါးစီသာနေသော ရဟန်းမျ-းကို တွေ့မြင်လေသော်၊

အချင်းချင်း မသင့်ဖြစ်ကြသည့်ထင်၍ ဈျောက်ထား သဖြင့်၊ ရဟန်း တရားကို အားထုတ်နေကြကြောင်း အမိန့်ရှိသောအခါ၊ လူဖြစ်သော သူများလည်း၊ အားထုတ်၍ ရနိုင်ပါက အလိုရှိပါသည်ဟု ဈျောက် ထားလေသဖြင့်၊ ဒွတ္တိံသ ကမ္မဋ္ဌာန်းကိုပင် သင်ကြားပေးလိုက်၍၊ ၎င်း တရားကို မပြတ်အားထုတ်၍နေလေ၏။

ဤသို့ အားထုတ်နေရာ၊မာတိကာ တကာမကြီးသည်၊မကြာပင်မိ အနာဂါမ်တည်၍၊ အဘိညာဏ် သမာပတ်နှင့်တကွ ပြည့်စုံသဖြင့်၊ ခြောက်ကျိပ်သော ရဟန်းတို့၏စိတ်ကို၊ အဘိညာဏ်ဖြင့် ရှုကြည့်လေ လျှင်၊ ပုထုဇန်ချည်းပင် ဖြစ်နေကြောင်းကိုသိမြင်၍၊ ရှေးဦးစွာ အား ထုတ်ကြပါလျက်၊ ဘယ်အတွက် မဂ်, ဖိုလ်ကို မနိုင်ကြသနည်း ဟု အကြောင်းကို ဆင်ခြင်ပြန်သော်၊ အချို့,အချဉ်စသော အာဟာရတို့ တွင်၊အလိုရှိသောအရသာကို မမှီဝဲရသဖြင့်၊ ရောင့်ရဲ တင်းတိမ်ခြင်း မရှိကြ၍ အာသာမပြေသောကြောင့်၊ ရက်, လ တာရှည်နေသည်ကို သိမြင်လေ၏။

ထိုအခါ မာတိကာ တကာမကြီးသည်၊ရဟန်းတို့၏ စိတ်အကြံကို သိရန်၊အဘိညာဏ်ကို မကြာမကြာဝင်စား၍၊အလိုရှိသော အစာများ ကိုသာ လှူဒါန်းလေ၏။ဤသို့ တကာမကြီးပြုစုသော အလိုရှိရာ အစာ အာဟာရများကို မှီဝဲသုံးစား၍ တရားကို အားထုတ်ကြသဖြင့်၊ မကြာ မီပင် ငြိမ်းမြောက်၍၊ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဤဝတ္ထုများကို ထောက်ထား၍၊တရားအားထုတ်ကြသော ပုဂ္ဂိုလ် တို့သည်၊ ပြုစုလုပ်ကျွေးသော သူတို့အား အစ်စပ်လျှင် ပြောထားရာ၏။ အပ်စပ်လျက် အားနာဘက်၍ မပြောခဲ့သော်၊ပြုစုလုပ်ကျွေးသောသူတို့ က၊ပုဂ္ဂိုလ်စရိုက် နှစ်ခြိုက်သော အစာ အာဟာရများကို၊ သိအောင် ကြံဖန်၍ စီမံပြုပြင်ရလေသည်။ လိမ်မာပါးယားသော အလုပ်အကျွေး များလို့ရာ၏။ ဤအချက်များကို တရားအားထုတ်သောသူ၊ပြုစုလုပ်ကျွေး သောသူတို့ သတိဖြစ်ခဲ့တတ်သဖြင့်၊အခွင့်ရလျှင် နေရာတကျပြုလုပ်စေ ခြင်းငှာ၊ မာတိကာ တကာမကြီး၏ ဝတ္ထုကို အမြွက်မျှ ထည့်သွင်း၍ ပြလိုက်ပေသည်။ ။ဤကား အသပ္ပါယ ၇-ပါးကို ပြဆိုခြင်းတည်း။

သပ္ပါယ ဟူသည်လည်း၊ဆိုခဲ့ပြီးသော အသပ္ပါယမှ ဆန့်ကျင်ဘက် ပင်ဖြစ်သဖြင့်၊ အသီးအခြား မလာမရှိပေ။ ထို့ကြောင့် "**သပ္ပါယေ သတ္တသေဝေထ**" ဟူသည်နှင့် အညီ၊ ဝိပဿနာ အားထုတ်သော

ယောဂီပုဂ္ဂိုလ်နှင့် မလျောက်ပတ်သော၊ နေရာ အဆောက်အဦစသော ၇-ပါးကို ပယ်ရှား၍၊ လျောက်ပတ်သော၊ နေရာ အဆောက်အဦ စသော ၇-ပါးကို မှီဝဲအသုံးပြုအပ်၏။ လိုရင်းမှာ၊ ၎င်း ၇-ပါးကိုမှီဝဲ၍ တရားအားထုတ်ရာ၊ ဝိပဿနာဉာဏ် ဆုတ်ယုတ်လာလျှင် အသပ္ပါယ ဖြစ်၏။ ဝိပဿနာဉာဏ် ချင့်သန်ကြီးပွားက၊ သပ္ပါယဖြစ်၏။ အလုပ် တွင်သည်မတွင်သည်သာလျှင်၊ လိုရင်းပဓာနပေတည်း။

အံ့ထူးမှာ၊ သပ္ပါယ ၇-ပါးတွင်၊ဘဿ-ဟူသောပုဒ်အရ၊လျောက် ပတ်သောစကားကို ဆိုရသည်ဟု အဓိပ္ပါယ် ရှိသော်လည်း၊ အလိုအ လျောက် ပြောဆိုနေရန်မဟုတ်။ ၎င်းအလုပ်၌ စိတ်ဖြစ်ပုံ,ဉာဏ်ထင်မြင် ပုံများကို ဆရာကမေးသောအခါ ပြောကြားခြင်း၊မိမိ၏စိတ်ဉာဏ်၌ အာရုံထူးလာ၍၊မေးမြန်းခြင်းစသော မလွဲသာ၍ ပြောဆိုရသောအခါ။ ဝိပဿနာအလုပ် မလွတ်စေဘဲ ပြောကြားရမည်ကိုသာ၊ ဘဿသပ္ပါ ယဟုဆို၏။ တပါးသောအခါ များမှာမူ၊ ရတနာသုံးပါးနှင့်စပ်သော စကားပင်ဖြစ်သော်လည်း၊ အသပ္ပါယဖြစ်၍ အချင်းခပ်သိမ်း ရှောင်ကြဉ် ရမည်။ကြွင်း ၆ ပါးမှ မသင့်မလျောက်ပတ်သည်ကိုသာ ရှောင်ရှား၍၊ လျောက်ပတ်သည်များကို အားထား မှီဝဲရလေသည်။ ။လူများမှာ လည်း ဆိုင်ရာကိုထည့်သွင်း၍ ယူကြပါလေ၊ အဓိပ္ပါယ်မှာ မထူးလှ ပေ။ ဤကား သတိပြုရန်အထူးတည်း။ ဤကား သပ္ပါယ ၇-ပါးကို ပြဆိုခြင်းတည်း။

အသပ္ပါယနှင့် သပ္ပါယ ၂-ပါးကို ပြဆိုချက်ပြီး၏။

## ကျောင်းအင်္ဂါ ၅-ဖြာကို သိသာရန် ပြဆိုခြင်း

**''ကထဉ္စ ဘိက္ခဝေ သေနာသနံ ပဉ္စင် သမန္နာဂတံ ဟော တိ''**စသည်ဖြင့် တရားအားထုတ်သော ကျောင်းနေရာ အဆောက် အဦ၌၊အင်္ဂါ ၅-ပါးနှင့် ပြည့်စုံရမည်ကို **ဝိသုဒ္ဓိမဂ်** ၌ ပြဆို၏။

အင်္ဂါ ငါးပါး၏ အဓိပ္ပါယ်ကား၊ ၁-ဆွမ်းခံရွာ မဝေးလွန်း, မနီး လွန်းရှိခြင်း။ ၂ နေ့အခါ လူအဝင်အထွက် ပရိသတ်မရောရှက် မထူ မများ မရောပြွမ်း၍၊ညအခါ ငယ်သောစကားမပြောသံ,ကျယ်လောင် သော ကြွေးကျော်သံမရှိ နည်းပါးခြင်း။ ၃ မှက်, ခြင်, လေပူ, နေပူ, မြွေ,ကင်း,သစ်,ကျား စသော ဘေးရန်မရှိ နည်းပါးခြင်း။ ၄-ပဥ္စည်း

လေးပါးအတွက် မခက်ခဲမငြိုငြင်ဘဲ၊ ရောင့်ရဲမှု ဘနိုင်ရန် ရလွယ်ခြင်း။ ၅-ရုပ်, နာမ်, ဓမ္မ၊ ပရမတ္ထသဘာဝကို ကျနအောင် ဝေဘန်ခွဲခြမ်း၍ ဟောပြော ပြသခြင်းငှါ စွမ်းနိုင်သော ဆရာရှိခြင်း။ ဤငါးပါးပင် တည်း။

ထို ငါးပါးတို့တွင်၊ ပထမ, ဒုတိယ အင်္ဂါ ၂-ပါးတို့မှာ၊ သမထ အလုပ်၌ ပြည့်စုံမှ ဖြစ်နိုင်၏။ ဝိပဿနာ အလုပ်မှာ၊ မြို့ရွာအတွင်း လူပရိသတ် အကြားဖြစ်သော အိမ် ကျောင်းများမှာပင်၊ အားထုတ်၍ ရနိုင်သောကြောင့် မပြည့်စုံသော်လည်း ဖြစ်နိုင်၏။ ပြည့်စုံပါလျှင် သာ၍ပင် သင့်လျော်၏။ တတိယ, စတုတ္ထ အင်္ဂါ ၂-ပါးမှာလည်း မခဲယဉ်းလှပေ။ ဆရာအတွက်ဖြစ်သော ပဉ္စမ အင်္ဂါသာလျှင် လိုရင်း ဖြစ်လေသည်။

ကမ္မဋ္ဌာန်း ဆရာဟူသည်၊ ရဟန္တာ ရှိခဲ့သော်၊ ထို ရဟန္တာထံမှာ အားထုတ်ရ၏။ ရဟန္တာကို မရခဲ့သော် အနာဂါမ်၊ ၎င်းကို မရခဲ့သော် သကဒါဂါမ်၊ ၎င်းကို မရခဲ့သော် သောတာပန်၊ ၎င်းကို မရခဲ့သော် ဝိပဿနာလမ်းကို၊ ဟုတ်မှန်သော ယထာဘူတ သဘာဝကို၊ ကျနအောင် ညွှန်ပြနိုင်သော ပညာရှိထံမှာ အားထုတ်ရ၏။ အောက် အောက် ဖြစ်သော ပုဂ္ဂိုလ်သည်၊ အထက် အထက်ဖြစ်သော ပုဂ္ဂိုလ် ထံမှာလည်း အားထုတ်နိုင်၏။ ဤဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ် မျိုးကို မရနိုင်ပါက၊ ကျမ်းဂန်ကို ကြည့်ရှု၍ မှန်ကန်သော နည်းလမ်းကို ကြိုးပမ်းအားထုတ်ရလေသည်။

လောက၌ အရပ်တပါးသို့ မျှားစွာသွားလာ ရောက်ပေါက်ဘူး သော၊ ဒေသန္တရ ဗဟုသုတ ပုဂ္ဂိုလ်ဖြစ်စေကာမူ ကိုယ်တိုင် တခါ တခေါက်မျှ မရောက်ဘူးသေးသော လမ်းခရီးဖြစ်ခဲ့လျှင်၊ မေးမြန်းလာ သောသူတို့အား၊ သိသာထင်ရှားအောင် ပိုင်းခြား၍ ပြောကြားခြင်းငှါ၊ မျှားစွာပင် ခဲယဉ်းတတ်ပေ၏။ အရပ်တပါးသို့ အရောက်အပေါက် နည်းပါးသူဖြစ်သော်လည်း၊ တခါတခေါက် ကိုယ်တိုင် သွားရောက် ဘူးသောလမ်းခရီးများ၌ မေးမြန်းသော သူတို့အား သိသာထင်ရှား အောင် ပိုင်းခြား၍ ပြောကြားခြင်းငှါ၊ လွန်စွာပင် လွယ်ကူလေရာ၏။

ဤဥပမာကဲ့သို့ပင်၊ ပရိယတ်ကျမ်းဂန်၌ ကျွမ်းကျင်၍၊ ဉာဏ်အမြင် ရှူးရှသော ဗဟုသုတ ဂန္ထနာရပုဂ္ဂိုလ်ကြီးပင် ဖြစ်စေကာမူ၊ မိမိဉာဏ်၌ မထင်မြင် မပေါက်ရောက် နည်းလမ်းလောက်မျှကိုပင်၊ မရဘူးသော

ဝိပဿနာ လုပ်ငန်းများကို မေးမြန်းခဲ့လျှင်၊ စမ်းတဝါးဝါး ဉာဏ်ယောင်မှားး၍၊ ရှေ့ နောက်စကား မညီညွတ်ဘဲ၊ ပရမတ်သဘောမှ လွတ်သော ပညတ်စကားမျှကိုသာ ပြောကြား မိတတ်လေ၏။ ပရိယတ် ကျမ်းဂန်ကို သင်အံလေ့ကျက်ခြင်း မရှိသော်လည်း၊ မိမိဉာဏ်တွင် ထင်မြင် ပေါက်ရောက် နည်းလမ်းမျှလောက်ကိုပင် ကြားနာရရှိဘူးသော သူသည်၊ ဝိပဿနာလုပ်ငန်းကို မေးမြန်းပါမူ၊ ခွဲခြမ်းစိတ်ဖြာ၍ သေချာ ရှင်းလင်းစွာ သဘာဝဓမ္မကို ကျနအောင် ဟောပြခြင်းငှါ စွမ်းနိုင်လေ၏။ ထို့ကြောင့် အထက်ဆုံးဖြစ်သော ရဟန္တာကို မရမှ အောက် အောက် ဖြစ်သော ပုဂ္ဂိုလ်တို့နှင့် ကျမ်းဂန်သို့ သက်ရောက်အောင် ညွှန်ပြ ရပေသည်။ လူများ မှာလည်း အင်္ဂါ ငါးပါး ပြည့်စုံရန် နည်းလမ်း၌ ရဟန်းနှင့် မထူးလှပေ။ စပ်ဆိုင်ရာများကို ပြုလုပ်ရန် လွယ်ကူတော့သည်။

ကျောင်းအင်္ဂါ ၅-ဖြာကို သိသာရန် ပြဆိုချက် ပြီး၏။

ပဓာနိယင်္ဂါးပါးကို ခွဲခြား၍ ပြဆိုခြင်း

**သဒ္ဓေါ ဟောတိ၊ တထာဂတဿ ဗောဓိံ၊ အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ၊ အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု၊ အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု၊ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။** ။ ပဉ္စင်္ဂုတ္တရပါဠိတော် ပဓာနိယင်္ဂသုတ်။

သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဗောဓိံ၊ သဗ္ဗညုတဉာဏ်တော်မြတ်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ အပ္ပါဗာဓော၊ အနာကင်းသည်။ အပ္ပါတင်္ကော၊ ရောဂါကင်းသည်။ ဟောတိ၊ ဖြစ်၏။ နာတိသီတာယ၊

အလွန်မအေးလွန်းသော။ နာတိသီတာယ၊ အလွန်မပူလွန်းသော။ မဇ္ဈိမာယ၊ အခါခပ်သိမ်း မျှတညီညွတ်သော။ ပဓာနက္ခမာယ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်ခြင်းငှါ ခန့်ကျန်း သန်မာနိုင်သော။ သမဝေပါကိနိယာ၊ စား၊အပ်သော အာဟာရ စသည်တို့ကို အညီအညွတ် ကြေကျက်စေခြင်းငှါ စွမ်းနိုင်သော။ ဂဟဏိယာ၊ ပါစက ဓာတ်မီးနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ ။အသဌော၊မကောက်ကျစ် မစဉ်းလဲသည်။ အမာယာဝိ၊မလိမ်လည် မလှည့်ပတ်သည်။ ဟောတိ၊ ဖြစ်၏။သတ္ထရိဝါ၊မြတ်စွာဘုရား၌၎င်း။ဝိညူသု၊တရားကျမ်းဂန်သဘော ဉာဏ်၌ မိမိထက်အမြင်သန်ကုန်သော။ သဗြဟ္မစာရီသုဝါ၊ အတူနေ သီတင်းသုံးဘော်တို့၌၎င်း။ အတ္တာနံ၊မိမိကိုယ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။အာဝိကတ္တာ၊ထင်စွာပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

အကုသလာနံ ဓမ္မာနံ၊ ယုတ်မာသော အကုသိုလ်တရား တို့ကို။ ပဟာနာယ၊ ပယ်ဖျောက် ခြင်းငှါ။ ကုသလာနံ ဓမ္မာနံ၊ စင်ကြယ် ကောင်းမြတ်သော ကုသိုလ်တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှါ။ အာရဒ္ဓဝီရိယော၊ ဒဲ့မြဲမပြတ် အားထုတ်အပ်သော ဝီရိယ ရှိသည်ဖြစ်၍။ ထာမဝါ၊ ထက်သန်သော အားအစွမ်း ရှိသည်ဖြစ်၍။ ဒဠှပရက္ကမော၊ အလွန်မြဲမြံသော လုံ့လရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကောင်းမွန်ဖြူစင်သော ဝိပဿနာ တရားတို့၌။ အနိက္ခိတ္တ ဓုရော၊ အခါခပ်သိမ်းမချသော ဝန်ရှိသည်ဖြစ်၍။ ဝိဟာရတိ၊နေ၏။ ။ ဥဒယတ္ထဂါမိနိယာ၊ နှင်ပါးသော ရုပ်, နာမ်တို့၏ ပဋ္ဌပွန်အဖြစ်အပျက် ကို ပိုင်းခြားခြင်းငှါ။ ပညာဝါ၊ပညာရှိသည်။ဟောတိ ဖြစ်၏။ သမ္မာ၊ မဘောက်မပြန်အမှန်။ဒုက္ခက္ခယ ဂါမိနိယာ၊ဆင်းရဲ၏ကုန်ခြင်း နိဗ္ဗာန် ကို ပိုင်းခြားခြင်းငှါ။ ဝါ၊ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ။ နိဗ္ဗေဓိကာယ၊ ဖောက်ထွင်းနိုင်ထသော။ အရိယာယ၊ အရိယာအား သ ဖြစ်ခြင်းငှါ ထိုက်ထသော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။ ။ဤကား ပဓာနိယင် အင်္ဂါ ၅-ပါး၏ အနက်တည်း။

ဒီပိပ္ပါယ်ကား၊ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို ထမြောက် ပေါက် ရောက်အောင်၊ အားထုတ်နိုင်ရန် ပြည့်စုံရမည် ဖြစ်သောကြောင့်၊ ဤ ငါးပါးကို ပဓာနိယင်တရားဟုခေါ်၏။ ၎င်းအင်္ဂါငါးပါးနှင့် ပြည့်စုံ လျှင်၊ ယခုဘဝ၌ပင် မဂ်,ဖိုလ်သို့ပေါက်ရောက်နိုင်၏။ မပြည့်စုံခဲ့လျှင်၊ ယခုဘဝ၌ မဂ်,ဖိုလ်ကို မပေါက်ရောက်နိုင်ဟု ဆိုလိုသည်။

ထိုငါးပါးသောအင်္ဂါတို့တွင်၊ ၁-ပထမအင်္ဂါ၌၊ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံရမည်ဆို၏။ ၎င်းအင်္ဂါ၌ ရတနာသုံးပါးဟု ဆိုသဖြင့်၊မိမိဆည်းကပ်သော ကမ္မဋ္ဌာန်းဆရာနှင့်၊မိမိအားထုတ်သော တရားသည်လည်း၊ သက်ဆိုင် ပါဝင် လေတော့၏။ ။ကမ္မဋ္ဌာန်း အားထုတ်ရာ၌ ဤအချက်သည် လိုရင်းပေတည်း။

အဘယ်ကြောင့် ဆိုသော်၊ လောက၌ ကာယသိဒ္ဓိစသော သိဒ္ဓိ အမျိုးမျိုး၊ အင်း, အိုင်, ခါး, လှဲ, လက်ဖွဲ့စသော အတတ်မျိုး၊ ဂါထာမန္တ ယား ဆေးဝါးစသော အတတ်မျိုးများ၌ပင်လျှင်၊ ယုံကြည်သော စိတ်မရှိပါမူ၊ပြီးစီးထမြောက်လိုသောစိတ်ဓာတ် ပြေ့ညံ့နေ၍၊ အား ထုတ်သော လုလ္လပယောဂလည်း မထက်သန်သဖြင့်၊ မှန်ကန်သော နည်းအတိုင်း အစီအမံ ကောင်း သော်လည်း၊ အကျိုး မပြီးစီးဘဲ အချည်းနှီးဖြစ်တတ်လေသည်။

ထို့အတူ မိမိအားထုတ်သော တရားနည်းလမ်းကို မယုံကြည်ပါ လျှင်၊ ညွှန်ပြသောဆရာက ယထာဘူတ သဘာဝကျနစ်၍၊ ဖြောင့်မှန် သော တရားနည်းလမ်းကိုပင် ပြနိုင်စေကာမူ၊ လုလ္လ ပယောဂနှင့် စိတ်ဓာတ်ညံ့ဖျင်း ဝိစိကိစ္ဆာမကင်းရှင်းသဖြင့်၊ အောင်မြင်ထမြောက် ပေါက်ရောက်ခြင်း မဖြစ်နိုင်ပေ။

ကျမ်းဂန်၌၊ ရတနာသုံးပါး၌ ယုံကြည်မှုကို ပြဆိုရာ၊ မယုံကြည် သောသူများမှာ၊ တရားကိုပင် အားထုတ်မည် မဟုတ်ပေ။ ရတနာ သုံးပါးကို ယုံကြည်၍ တရားအားထုတ်သော်လည်း၊ ကမ္မဋ္ဌာန်းဆရာ နှင့် မိမိအားထုတ်သော ကမ္မဋ္ဌာန်းတရား နည်းလမ်းများကိုပင်၊ မယုံ ကြည်ရှိတတ်လေသည်။ ရတနာသုံးပါးကို ယုံကြည်သော သရဏဂုံ ၄သည်၊ ကိုယ်တိုင် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် ခံယူဆောက် တည်သည်ဖြစ်စေ၊ ဗောဓိမင်းသား ပဋိသန္ဓေနေစဉ်၊ မိခင်ဖြစ်သူက ဝမ်းထဲ၌ရှိသော သူငယ်အတွက်ဟု မှန်းဆ၍၊ အပိုအမိုခံယူ ဆောက် တည်သည်ဖြစ်စေ ပြီးစီးနိုင်သဖြင့်၊ ဤအယူကို မစွန့်သဖြင့် မိရိုးဖလာ ဓမ္မတာ သဘောကဲ့သို့ ဖြစ်၍ ပျက်စီးခြင်းမရှိ၊ နောက်ထပ် ခံယူ ဆောက်တည်ခြင်း မရှိသော်လည်း အမြဲတည်ရှိလေ၏။

ဤကဲ့သို့ သရဏဂုဏ်တည်သော ဗုဒ္ဓဘာသာဖြစ်၍၊ရဟန်းပြုလုပ် ခြင်း၊ ကျောင်းတကာ, ကျောင်းအမ ပြုလုပ်ခြင်း စသည့် ဖြစ်ပါသော်

လည်း၊ ကမ္မဋ္ဌာန်းအရာ၌မူ၊ အချို့မှာ အားထုတ်ရပုံ အစီအစဉ် နည်းလမ်းများကို ကြားသောအခါ၊မိမိရှေ့က ကြားဘူး, မှတ်ဘူး၊ နည်းယူ၍ သဘောကျဘူးသည်များနှင့် ခြားနားနေလျှင်၊ တရားလမ်းကပင်ဟုတ်မှန်သော်လည်း၊ ဝိတက် အကြံအစည်များ ဝင်ရောက် နှောက်ယှက်၍၊ သို့လော သို့လော တွေးတောယုံမှားခြင်း၊ဝိစိကိစ္ဆာဘက်သို့ ယုံင်လဲ၍ သွားတတ်၏။

အချို့မှာ အားထုတ်၍ အတော်အတန် ကမ္မဋ္ဌာန်းအာရုံကို၊ အမြင်သန်သောအခါ၌ပင် တမျိုးတမည်ကို ဆင်ခြင်ကြံစည်၍၊ စိတ်မတည်တန့်နိုင်ဘဲ၊ ချော်လွဲမှားယွင်းသော အတွေးအထင်တို့ ဝင်ရောက်ဖျက်ဆီးသဖြင့်၊ တရားနည်းလမ်း၌ ယုံမှားသံသယ စိတ်ဒွိဟဖြစ်လာတတ်၏။

ဤသို့ဖြစ်သော်လည်း ရတနာသုံးပါးအား ယုံကြည်မှုသရဏဂုဏ်မှာ မပျက်စီးဘဲ ပြည့်စုံလျက်ပင် တည်ရှိလေသည်။ ရတနာ ၃-ပါးကို ယုံကြည်၍ ဆည်းကပ်သူဖြစ်လျက်၊ ကမ္မဋ္ဌာန်းဆရာနှင့် အားထုတ်သောတရားကို မယုံကြည်လျှင်၊ မအောင်မြင်နိုင်။ ကမ္မဋ္ဌာန်းဆရာနှင့် အားထုတ်သောတရားကို ယုံကြည်ပါမူ၊ ရတနာ ၃-ပါးကို ယုံကြည်ရမည်ဆိုသော ကျမ်းစကားသည်လည်း၊ တပါတည်း ပါဝင်ပြီးစီးလေတော့သည်။ ထို့ကြောင့် ပဌမအင်္ဂါအရ၊ တရား အားထုတ်သောအရာ၌ ကမ္မဋ္ဌာန်းဆရာနှင့် မိမိအားထုတ်သောတရားကို ယုံကြည်မှုသည်၊လိုရင်းဖြစ်၏ဟု ဆိုခဲ့ပေသည်။ ဤအချက်စုကို သတိပြု စဉ်းစားဆင်ခြင်ပါလျှင်၊များစွာပင် ပေါ်လွင်ထင်ရှား၍ လာပေလိမ့်မည်။ ။ ဤကား ပဌမအင်္ဂါ၏ အဓိပ္ပါယ်တည်း။

၂-ဒုတိယအင်္ဂါနှ၊အနာရောဂါ ဝေဒနာကပ်ရောက်သောသူသည်၊ တရားကို အားမထုတ်နိုင်။ ရောဂါ ဝေဒနာ လွတ်ကင်း၍ တရားအားထုတ်မှ ပေါက်ရောက်နိုင်သည်မှာ၊ အများပင်သိသဖြင့် အဓိပ္ပါယ်လွယ်ကူပါ၏။ သို့သော်''အသက်ကိုပါ-အနာကိုယ်ရောက်''ဆိုသကဲ့သို့ ကျန်းမာချမ်းသာခွင့် မရနိုင်သူမှ၊ တပါးသောသူများမှာ၊ အနည်းငယ် တပ်ဟာပါမည်ဤဘွတ် မမျှဘာသည်မှာ၊ သင့်တော်သော ဆေးဝါးဓာတ်စာများကို မှီဝဲသုံးစွဲ၍၊တရားကို အားထုတ်ပါလျှင်၊ဝင်းဒုတိယအင်္ဂါကင်းစင်၍၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အောင်မြင် ပေါက်ရောက်နိုင်လေသည်။ ။ဤကား ဒုတိယအင်္ဂါ၏ အဓိပ္ပါယ်တည်း။

၃-တတိယအင်္ဂါ၌၊ မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာ၊ အတုတရား အားထုတ်သော အပေါင်း အဘော်တို့၌၊ လိမ်လည် လှည့်ပတ်ခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်းမရှိဘဲ၊ ဖြောင့်မတ်ဖြူစင်သော စိတ်သဘော ထားရှိစေရမည်ဆို၏။ ကမ္မဋ္ဌာန်း အားထုတ်သော သူသည်၊ မိမိ၏ ဉာဏ်၌ ထင်မြင်တွေ့ရှိသည့် အတိုင်း၊ အဖြောင့်အမှန် ပြောကြားမှ ကမ္မဋ္ဌာန်းဆရာပြုလုပ်သော ပုဂ္ဂိုလ်က၊ ဒေသနာနှင့် တိုက်ဆိုင်ကြည့်ရှု၍ ကိုက်ညီသော်၊ ဘယ်ဉာဏ် ဘယ် အခြေ ရောက် ရှိ ကြောင်း ကောင်းစွာဆင်ခြင်၍ သိမြင်နိုင်၏။

ဤကဲ့သို့ သိမြင်မှ အာရုံ၏ထင်ပုံ၊ ရုပ်တွေးသည့် သန့်ရှင်းသည်၊ စိတ်ဖြစ်ပုံ၌ သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့၏ ညီမျှသည်၊ ဆုတ်ယုတ်သည် ပိုလွန်သည်များကို ချင့်ချိန်၍၊ ယုတ်လျော့ ပြော့ညံ့ထိုင်းမှိုင်း လေးကန်သည်ကို တက်ကြွရွှင်လန်းလာစေရန်၊ လွန်ကဲပိုမိုနေသည်ကို ဆုတ်နှစ်၍ ညီညွတ်မျှတသွားစေရန်၊ ညီမျှနေသောဉာဏ်ကို အထက်သို့ တက်သွားစေရန်၊ ဖြောင့်မှန်အောင်ပြုပြင်၍ နည်းလမ်းကို ညွှန်ပြဟော ပြောတတ်လေသည်။ ။အချို့မှာ မထင်ဘဲ အထင်၊ မမြင်ဘဲ အမြင် ပြုလုပ်၍ ပြောတတ်၏။ အချို့မှာ ကြားနာ မှတ်သား ဘူးသည်ကိုပင်၊ ဉာဏ်အမြင် ပြုလုပ်၍ ပြောဆိုတတ်၏။ ဤကဲ့သို့ မဟုတ် သည်ကို အဟုတ်၊ မမှန်သည်ကို အမှန်ပြုလုပ်ခြင်းစသော ကောက်ကျစ် စဉ်းလဲ ခြင်းများ အနည်းငယ်မျှ မရှိစေမူ၍၊ မိမိ၏ ဝါသနာစရိုက်များနှင့် စိတ် အာရုံထင်၍ ဉာဏ်၌မြင်လာသော အတိုင်းကို ပြောကြားခြင်း၊ မထိမ် မကျန် မကွယ်မထောက်ဘဲ၊ ဖြောင့်စင်း ဖြူစင်သော စိတ်နှလုံးသဘော ထားများ ရှိစေရမည် ဆိုလိုသည်။ ။ဤကား တတိယ အင်္ဂါ၏ အဓိပ္ပါယ်တည်း။

၄-စတုတ္ထအင်္ဂါ၌၊ စတုပါရိသုဒ္ဓိခေါ်သော သီလ ၄-ပါးကို၊ သန့်ရှင်း စင်ကြယ်စေ၍၊ နည်းလမ်းဖြောင့်မှန်သော တရားကို သမ္မပ္ပဓာန် ဝီရိယ ၄-ပါးဖြင့်၊ မနေမနား ကြိုးစား အားထုတ် ရမည် ဆို၏။ ၇-ရက် အားထုတ်လျှင်၊ မဂ်, ဖိုလ်သို့ ပေါက်ရောက်နိုင်သော ပါရမီပြည့်ပုံ၍၊ ပုဗ္ဗကမ္မအမှု လုံလောက်သော်လည်း၊ ဝီရိယ အားလျော့စွာ ၁၅-ရက် တလ, တနှစ် စသည်ဖြင့်၊ ကာလကြာမြင့်၍ နေတတ်၏။ မပေါက် မရောက်ဘဲ သော်လည်း ရှိတတ်လေ၏။ ထို့ကြောင့် ဝိပဿနာဉာဏ် အမြင်သန်၍၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရသမျှကာလပတ်လုံး တွန့်တိုဆုတ်

နှမ်ခြင်းမရှိဘဲ၊လွန်ကဲထက်သန်သော စိတ်ကိုထားလျက်၊မပေါ့မလျော့သော လုလ္လ ဝိရိယနှင့် ပြည့်စုံညီညွတ်စေရမည်ဆိုလိုသည်။ ။ဤကား စတုတ္ထအင်္ဂါ၏ အဓိပ္ပါယ်တည်း။

၅-ပဉ္စမအင်္ဂါ၌၊ ဆိုခဲ့ပြီးသော အင်္ဂါတို့နှင့် ပြည့်စုံ၍၊ တရားကို အားထုတ်သောအခါ၊ဟုတ်မှန်တိုင်းသော ပရမတ္ထသဘာဝ ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေသည်ကို၊ ဉာဏ်၌ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍၊ ထင်ထင်လင်းလင်း ကွဲပြား သန့်ရှင်းအောင် သိမြင်စေရမည်ဆို၏။ ။ဤကား ပဉ္စမအင်္ဂါ၏ အဓိပ္ပါယ်တည်း။

ပဓာနိယင် ၅-ပါးကို ခွဲခြား၍ ပြဆိုချက်ပြီး၏။

---

## အပရိဟာနိယ ၇-တန်ကို ဝေဘန်၍ ပြဆိုခြင်း

အပရိဟာနိယ တရားဟူသည်ကား၊ အားထုတ်နေသဲ ဖြစ်သော ဝိပဿနာတရား၏ မဆုတ်မယုတ် မပျက်မစီးနိုင်ဘဲ၊ခိုင်မြဲကြီးပွားစေတတ်သော တရားစုကိုဆို၏။ယင်းတရားများကား၊ ၁-မြတ်စွာဘုရား၌ ရှိသေခြင်း-ဗုဒ္ဓဂါရဝတာ။ ၂-တရားတော်မြတ်၌ ရှိသေခြင်း ဓမ္မဂါရဝတာ။ ၃-ရဟန်းသံဃာ ဆရာသမား မထေရ်ကြီးများ၌ ရှိသေခြင်း-သံဃဂါရဝတာ။ ၄-အကျင့် သီလတရား၌ ရှိသေခြင်း-သိက္ခာဂါရဝတာ။ ၅-စိတ်မပြန့်လွင့် တည်ကြည်ငြိမ်သက်ခြင်း၌ ရှိသေခြင်း-သမာဓိဂါရဝတာ။ ၆-ပရမတ္ထသဘာဝကို ကျွန်အောင် ခွဲခြား၍ ဝိပဿနာနည်းလမ်းကို မှန်ကန်စွာ ဟောပြော ညွှန်ပြနိုင်သော ဆရာသမားကောင်း အပေါင်းအဘော်ရှိခြင်း-ကလျာဏမိတ္တတာ။ ၇-ထိုသို့နည်းပြ၍ ဆုံးမသောစကားကို မပယ်ရှား မငြင်းဆန်ဘဲ၊ လိုက်နာမှတ်သားရန် လွယ်ကူခြင်း-သောဝစဿတာ။ဤ ၇-ပါးသောတရားနှင့် ပြည့်စုံညီညွတ်ခဲ့ပါလျှင်၊ ဝိပဿနာ အလုပ် မဆုတ်ယုတ် မပျက်ပြားဘဲ၊ ကြီးပွားတိုးတက်နိုင်လေသောကြောင့်၊ယင်း ၇-ပါးကို အပရိဟာနိယ တရားဟူ၍၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော်မူ၏။

ထို အပရိဟာနိယတရား ၇-ပါးတို့တွင်-ဗုဒ္ဓဂါရဝ စသော တရား ငါးပါးတို့၏ အဓိပ္ပါယ်များမှာ၊ ပဓာနိယင်တရား၌ ပြဆိုခဲ့သောနည်းနှင့်များစွာထွေးခြား၍ ထင်ရှားသိလွယ်လောက်သဖြင့်၊ စိစစ်ဘွယ်မရှိတော့ပြီ။ကလျာဏမိတ္တနှင့် သောဝစဿတာတရား ၂-ပါး၏အဓိပ္ပါယ်

များကိုသာ ဘော်ပြပေအံ့။ ။ထို၂-ပါးတို့တွင်၊ ယထာဘူတ သဘာဝ ကို၊ ကျနမှန်ကန်စွာ ဝေဘန်ခွဲခြမ်းခြင်းငှာ နွမ်းနိုင်သော ပုဂ္ဂိုလ်မျိုးကို ကလျာဏမိတ္တဆို၏။ ဝိပဿနာအလုပ်၌ အရေးအကြီးဆုံးပေတည်း။

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ"။ ။

ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသော ပရမတ္ထ သဘာဝ၊ ရုပ်,နာမ် ၂-ခုတို့၏ ခဏမစဲ အမြဲအားဖြင့် ဖြစ်ပျက်၍နေမှုကို။ ဉာဏာယ၊ ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့်၊ အမှန်ထိုးထွင်း သိမြင် ထင်လင်း၍ လာစေခြင်းငှာ။ သတ္ထာ ဝိပဿနာလုပ်ငန်းကို ဟုတ်မှန်စွာ နည်းလမ်းပြဘတ်သော ဆရာကောင်း,ဆရာမြတ်ကို။ ပရိယေသိတဗ္ဗာ၊ ထက်ဝန်းကျင်အရပ်တို့၌ တွေ့ရှိအောင် လှည့်ပတ်၍ မပြတ် မလပ် အထပ်ထပ်ရှာမှီးအပ်၏။

ဤသို့ လာရှိသော ဒေသနာတော်နှင့်အညီ၊ ကမ္မဋ္ဌာန်းကို အားထုတ် လိုသော ယောဂီ ပုဂ္ဂိုလ်သည်၊ ဟုတ်တိုင်းမှန်စွာ ဝိပဿနာ အရာ၌၊ သေချာရှင်းလင်းအောင် ဟောပြနည်းပေးခြင်းငှာ စွမ်းနိုင်သောဆရာ ကို၊ယူဇနာတရာမက ဝေးကွာသော အရပ်၌သော်လည်း သွားရောက် စုံစမ်း၍၊မရ ရအောင် ရှာရမည်ဆိုလို၏။ ။ဤအချက်၌ဆရာဟူသည်၊ အသက်သိက္ခာကြီးခြင်း၊ လောက၌ ပရိသတ်ဘုန်း,ပစ္စည်းလာဘ်လာ ဘဘုန်းတို့ ကြီးမားခြင်း၊ ဂုဏ်သတင်းထင်ရှား၍ အမည်ကျော်ကြား ပျံ့နှံ့ခြင်း၊ ပရိယတ် ကျမ်းဂန်ကို မှောက်လှန်နိုင်အောင် ကျွမ်းကျင် တတ်မြောက်၍၊ ဗဟုသုတ ဂန္ထနာ့ရ၊ ပိဋကတ္တယ ပါရဂူဖြစ်ခြင်း စသော ဂုဏ်များသည် လိုရင်းမဟုတ်ပေ။ဝိပဿနာ ကျင့်စဉ်လမ်းကို ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားပြသနိုင်ခြင်းသည်သာ လိုရင်းပဓာန ဖြစ်ပေသည်။လောက၌အမည်ထင်ရှား၊ဘုန်းတန်ခိုးကြီးမား၍၊အပြော အဆို ကောင်းသည်များကိုသာ လိုက်စား၍၊ အားထားယုံကြည်သူ များတတ်လေသည်။ ။ဤကား ကလျာဏမိတ္တ၏ အဓိပ္ပါယ်တည်း။

သောဝစဿတာ ဟူသည်ကား၊ ကလျာဏမိတ္တ ဖြစ်သော ကမ္မဋ္ဌာန်းဆရာတို့၏ ဆုံးမစကားကို မြေဝယ်မကျ ခန့်ညားရိုသေစွာ စိတ်ကိုထား၍၊တွန်းတည်းသောစကားဖြင့် မပယ်မရှားဘဲ၊မှတ်သား လိုက်နာရမည်ဆို၏။ဤကဲ့သို့ လွယ်ကူစွာ နာယူနိုင်သော စိတ်သဘော မရှိပါမူ၊ တလုလု ထောင်လွှားနေသော မာနတရား အားကြီးနေ၍၊ ဩဝါဒပြား တည်ကြည်ခြင်းများ မဖြစ်နိုင်ပေ။ ၎င်း အရာမျိုးကို

အချို့သော ကမ္မဋ္ဌာန်း ဆရာတို့သည်၊ ထို သောဝဏ္ဏသာတာ ဂုဏ်နှင့် ညီ့မညီ ထောက်လှမ်း၍ စုံစမ်းခြင်းပြုတတ်လေသည်။ ၊လိုက်နာရန် လွယ်ကူပုံမှာ၊ ကမ္မဋ္ဌာန်းဆရာက မလှုပ်မရှားဘဲ၊ တနေ့လုံး ရပ်နေရ မည်ဆိုလျှင်၊ ရပ်နေနိုင်ရလိမ့်မည်။ နေပူကျဲကျဲကြီး၌ တနေ့လုံးထိုင်နေရ မည်ဆိုလျှင်၊ ထိုင်နေနိုင်ရလိမ့်မည်။ မိုးသည်းကြီးရွာသဲ၌ မနေမနားဘဲ၊ တနေ့လုံးသွားလာနေရမည်၊တနေ့လုံးအိပ်နေရမည်ဆိုခဲ့လျှင်၊မညည်း မညူဘဲ လွယ်လွယ်ကူကူ နားထောင်ပြုလုပ်နိုင်ရလိမ့်မည်။အချုပ်အားဖြင့် အသက်သေရမည့် အရာကိုပင် ခိုင်းစေသော်လည်း၊တစွန်းဘည်း သောစကားဖြင့် မငြင်းမဆန်ဘဲ၊ အသက်ကိုစွန့်ပြီး မကြောက်မရွံ့မူ၍၊ ရဲဝံ့စွာ ပြုလုပ်နိုင်စေရမည်ဟု ဆိုလိုသည်။ ဤကား သောဝဏ္ဏသာတာ ၏ အဓိပ္ပါယ်တည်း။ ။ဤနေရာ၌ ကလျာဏ မိတ္တ,သောဝဏ္ဏသာတာ အင်္ဂါနှစ်ပါးလုံးနှင့် ဆက်ဆံ၍ နည်းယူမှတ်သားထိုက်သော ဝတ္ထုသွား သာခကေကို အမြွက်မျှ ပြဆိုဦးအံ့။

မြတ်စွာဘုရားလက်ထက်၌၊အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်၍၊ ရဟန်းငါးရာတို့အား သင်ကြား ပို့ချနေသဖြင့်၊ ဓမ္မကထိက ဂိုဏ်းဆရာဖြစ်သော ပေါဋ္ဌိလမထေရ်ကြီးဟုပါး ထင်ရှားစွာရှိလေ၏။ ထိုမထေရ်ကြီးသည်၊ ဤဆိုခဲ့သော ဂုဏ်ထူးမျိုးနှင့် ဘုရား ၇-ဆူတို့၏ သာသနာ၌ ရရှိနေထိုင်ခဲ့ဘူးရာ၊ ဝိပဿနာအလုပ်ကိုမူ၊ ယခုထက်တိုင် အားထုတ်ကျင့်ကြံရန် စိတ်ကူးမျှမရှိပေ။

ထိုအခါ မြတ်စွာဘုရားသည်၊ ပေါဋ္ဌိလ မထေရ်ကြီးအား တုစ္ဆ အချည်းနှီးဟူသော စကားကို၊ အခါခပ်သိမ်း မိန့်ကြားတော်မူသဖြင့်၊ ထိတ်လန့်သော သံဝေဂဖြစ်ပွား၍၊ ရဟန်းတရေးကို အားထုတ်ရန် တပါးတည်း ထွက်သွားရာ၊ ယူဇနာ ၁၂၀-မျှ ဝေးကွာသော ရဟန်း သုံးကျိပ်တို့ နေထိုင်သည့် တောကျောင်းတခုသို့ ရောက်ရှိလေ၏။ထို အခါ ပေါဋ္ဌိလမထေရ်သည်၊ သံဃာမထေရ်ကြီးထံ ချဉ်းကပ်၍....

**ဘန္တေ အဝဿယော မေ ဟောထ။** ။ဘန္တေ၊ အရှင်မြတ် ဘုရား။တုမ္ဟေ၊အရှင်မြတ်ဘုရားတို့သည်။ မေ၊ ဘုရားတပည့်တော်၏။ အဝဿယော၊ အားထား ကိုးကွယ်ရာသည်။ ဟောထ၊ ဖြစ်တော် မူပါကုန်အရှင်ဘုရား။

ဤသို့ ရိုသေစွာ လျှောက်ထားလေ၏။ ထိုအခါ မထေရ်ကြီးက ငါ့ရှင် သင်သည် ပိဋကတ်သုံးပုံဆောင်သော ဓမ္မကထိကကြီးဖြစ်ပါ

၏။ငါတို့ပင်လျှင် သင့်ကိုမြို၍၊ တစုံတခုသော သိဘွယ်ရာဖြစ်သင့်ပေ၏။ အဘယ်ကြောင့် ဤစကားမျိုးကို လျှောက်ဘိသနည်းဟု မိန့်ကြားတော်မူလိုက်၏။ ပေါဋ္ဌိလ မထေရ်သည် ဤသို့ မပြုပါလင့်၊ အရှင်ဘုရား တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ၊ မဂ်, ဖိုလ်ရကြောင်း ဥပဒေသနာနည်းလမ်းကို ပေးတော်မူပါဟု ထပ်မံလျှောက်ပြန်လေ၏။

ထိုအခါ သံဃာ့မထေရ်ကြီးက၊ မထေရ်ငယ်ထံသို့ လွှတ်လိုက်၏။ ၎င်းမထေရ်ငယ်အား လျှောက်ထားပြန်သော်၊ အောက် မထေရ်ငယ်ထံသို့လွှတ်လိုက်ပြန်၏။ဤကဲ့သို့ အဆင့်ဆင့်လွှတ်လိုက်ရာ၊အဝ်ချုပ်နေသော အငယ်ဆုံး ၇-နှစ်အရွယ်ရှိသော သာမဏေ ငယ်ကလေးထံသို့ ရောက်သွားလေ၏။ ပေါဋ္ဌိလမထေရ်သည်၊သာမဏေငယ်ကလေးထံ၌ ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုး၍....

''**အဝဿယော ဟောဟိ သပ္ပုရိသ**''။ ။သပ္ပုရိသ၊သူတော်ကောင်း သာမဏေ။ တွံ၊ သင် သူကောင်းသည်။ မေ၊ အကျွန်ုပ်၏။ အဝဿယော၊မဂ်ဖိုလ်လားရာ ဥပဒေသနာတရား၌ အားထားကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါလော။

ဤသို့ တောင်းပန်လေ၏။ ထိုအခါ သာမဏေငယ်က၊ အဘယ်ကြောင့် ဤသို့သောစကားကို ဆိုပါသနည်းဆရာ၊အလွန်ထူးကဲသော အံ့ဘွယ်သရဲ ရှိပေ၏။ အရှင်ဘုရားတို့သည် အသက်သိက္ခာ လွန်စွာကြီးမား၍၊ ပရိယတ္တိဓမ္မ၌ အလွန်ဗဟုသုတ ရှိကြပါကုန်၏။ တပည့်တော်ကပင် အရှင်ဘုရားတို့ထံ၌၊ တစုံတခုသော အကြောင်းများကို မှတ်သား သိလွှယ်ရန်၊ ဖြစ်သင့်ရာသည် တကားဟု ပြောကြား၍၊ ပေါဋ္ဌိလမထေရ်၏ တောင်းပန်သောစကားကို ပယ်ရှားလိုက်လေ၏။

ထိုအခါ ပေါဋ္ဌိလမထေရ်ကြီးသည်၊ မနေနိုင်,မထိုင်နိုင်ဖြစ်လျက်၊ မိမိ၌ရှိသော ဂုဏ်တွေကိုမငဲ့ကွက် မကြောက်မရှက်နိုင်ဘဲ၊သာမဏေငယ်၏ခြေကိုဖက်၍၊အကျွန်ုပ်ကို မပျက်ဆီးပါနှင့်၊အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်တော်မူပါဟု အလွန်ရိုသေစွာ မိမိစိတ်ကိုနှိမ်ချ၍၊ အောက်ဘျနောက်ကျချ်ပြီး၊ ခယဝပ်တွား ရှိခိုးလျက် အမျိုးမျိုး တောင်းပန် ရပြန်လေသည်။

ဤကဲ့သို့ ကံလျှာဏ မိတ္တဖြစ်သော ပုဂ္ဂိုလ်၌၊ အရှုံ့ကျိုက် သဲလှိုက်နှစ်မြိုက် ကျိုးနွံစွာ ဆည်းကပ်သောအခါမှ။ သာမဏေငယ်က အရှင်

ဘုရား၊ ဆိုဆုံးမသော စကားကို မပယ်ရှားဘဲ၊ အကယ်၍ မှတ်သား လိုက်နာ နိုင်ငြားအံ့။ အရှင်ဘုရားတို့၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါသည်ဟု နှင်မာမြဲမြံလေအောင်၊ ချုပ်နှောင်ကြပ်တည်းသော စကားကို ပြော ကြားလေ၏။ ဤသို့ ပြောကြားသောအခါ၊ ပေါ်ဋ္ဌိလ မထေရ်ကြီး သည်၊ တခွန်းတည်းသောစကားဖြင့်ပင်လျှင် မပယ်ရှားဘဲ၊ စွဲမြဲမှတ် ယူပါမည့် သူတော်ကောင်း။ မီးပုံကြီးအတွင်းသို့ ခုန်ဆင်းရမည်ဟု အကယ်၍ စေခိုင်းပါမူ၊ ခဏချက်ခြင်းပင် ခုန်ဆင်းပါမည်ဟု ယုံ ကြည်ရန် ပဋိညာဉ်မှုဖြင့် ဝန်ခံခြင်း ပြုလေသည်။

ထိုအခါ သာမဏေငယ်က ကျောင်းနှင့် မနီး မဝေးတွင် ရှိသော ရေအိုင်ကြီးကို ပြပြီးလျှင်၊ ယခု သင်္ကန်းကို ဝတ်ထားသော အတိုင်း၊ ဤရေအိုင်ကြီးအတွင်းသို့ ခုန်ဆင်းလေဟု စေခိုင်းလိုက်ရာ။ ချက်ခြင်း ထသွား၍ ခုန်ဆင်းမည်ပြုသောအခါ၊ ယခုပြန်ခဲ့ပါဟု ခေါ်ပြန်လေ လျှင်၊ တခွန်းတည်းသော စကားဖြင့်ပင် လျှင်စွာ တုန့်ပြန်လာလေ၏။ ဤကဲ့သို့ သောဝစ္စသတာ ဂုဏ်နှင့် ပြည့်စုံ၏ဟု ယုံကြည်သောအခါ မှ၊ ဥပမာစကားဖြင့် ဝိပဿနာတရားလမ်းများကို ညွှန်ကြား နည်း ပေးလေ၏။

နည်းပေးပုံမှာ အရှင်ဘုရား၊ တောင်ပို့တခု၌ အပေါက် ခြောက်ခု ရှိရာ၊ တခုသော အပေါက်ဖြင့်၊ ဖွတ်သည်ဝင်သွားလေ၏။ ထိုဖွတ်ကို အလိုရှိသော သူသည်၊ ငါးခုသော အပေါက်တို့ကို လုံအောင်ပိတ်၍၊ တခုသော အပေါက်ဖြင့်သာလျှင် ဘမ်းယူရလေ၏။ ထို့အတူ အရှင် ဘုရားတို့သည်၊ ခြောက်ခုသော ဒွါရတို့တွင်၊ ငါးခုသော ဒွါရတို့ကို လုံခြုံအောင်ပိတ်ဆို့၍၊ မနောဒွါရတခု၌ ဝိပဿနာကမ္မဋ္ဌာန်း ဖအား ထုတ်မှုကို ပြုပါလေကုန်ဟု နည်းပေးလိုက်လေ၏။ ထိုနည်းကိုမှီ၍ အားထုတ်ရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ဤပေါဋ္ဌိလ မထေရ်ကြီးသည်၊ ကလျာဏမိတ္တဖြစ်သော ကမ္မဋ္ဌာန်း ဆရာကိုရနိုင်ရန်၊ မိမိ၌ရှိသော လောကီဂုဏ်တွေကို မငဲ့ မကွက်ဘဲ၊ ယူဇနာ ၁၂၀-ကွာဝေးသောအရပ်သို့ တပါးတည်းထွက်၍၊ ၇-နှစ် သားမျှရှိသော သာမဏေငယ် ကလေးအား၊ ပြားပြား ဝပ်လျက် ဆည်းကပ်ခစားပြီး၊ အနည်းနည်းဘောင်းပန်ရပုံ။ သောဝစ္စသတာ ဂုဏ်နှင့် ပြည့်စုံစေရန်၊ မီးပုံကြီးအတွင်းသို့ ခုန်ဆင်းရမည် ဆိုလျှင်၊ ချက်ခြင်းပင် ဆင်းပါမည်ဟု အသက်ကိုစွန့်စား၍ ပြောကြားဝန်ခံပြီး

လျှင်၊ ရေအိုင်ကြီးအတွင်းသို့ပင် ချန်ဆင်းမည်ပြုခြင်း။ ပြန်လာရန်ခေါ်သော်၊ ရှေသို့အနည်းငယ်မျှ မပိုမလွန်စေဘဲ၊ ချက်ခြင်းပင် ပြန်လာနိုင်ခြင်း စသော သာမဏေငယ်ကလေး၏ စကားကို၊ မိုယ်းကြီးသွားကျမည်လောက်မျှမက၊ မတိမ်းမယိမ်း မချွတ်မယွင်းစေဘဲ၊ နိုင်မြစွာ နှံယူလွယ်ခြင်းများ ပြုလုပ်နိုင်လေသည်။

ထိုအတူ မဂ်,ဖိုလ်တရား ဝိပဿနာနည်းလမ်းများကို လိုလားကြသော ယောဂီပုဂ္ဂိုလ်တို့သည်၊ ကလျာဏမိတ္တ,သောဝစ္စသတာ ဂုဏ်တို့နှင့်ပြည့်စုံစေရန်၊ ပေါဋ္ဌိလမထေရ်ကြီး၏ အပြုအမူနှင့် စိတ်သဘောထားရှိပုံမျိုးကို၊ များများကြီး နည်းခိုးသင့်လှပေသတည်း။ ။ဤကားသိသာရုံ အဖွင့်မျှ ပြဆိုလိုက်၏။ ခဏ္ဍပဒ အဋ္ဌကထာ၌ ကျယ်ဝန်းစွာလာပေသည်။ ၎င်းပြင် ဤဝတ္ထုအရ၊ ပေါဋ္ဌိလမထေရ်ကြီး အားထုတ်ရပုံ၊ ကမ္မဋ္ဌာန်းအစီအစဉ် နည်းလမ်းကို၊အထက်ဝိပဿနာအခန်းသို့ရောက်မှ၊ သေချာရှင်းလင်းစွာဘော်ပြပါမည်။ အပရိဟာနိယ ၇-တန်ကို ဝေဘန်၍ ပြဆိုခြင်းပြီး၏။

အကျင့်ပြည့်စုံခြင်း စသည်ကို ပြဆိုရာ သီလကဏ္ဍပြီး၏။

---

သတိပြဋ္ဌာန်းခြင်း စသည်ကို ပြဆိုရာ

# ၃ - သတိပဋ္ဌာနကဏ္ဍ

## သတိနှင့် ဝိပဿနာပုဒ်ကို ပြဆိုခြင်း

**သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ။** ။သတိယေဝ၊သတိသည်သာလျှင်။ ပဋ္ဌာနံ၊ ရှေသွားဘည်း။ သတိပဋ္ဌာနံ၊ သတိသည် သာလျှင်ရှေသွား။ ။

ဤသို့လာသော သတိပဋ္ဌာနသုတ် အဋ္ဌကထာစသည်တို့နှင့်အညီ၊ သတိပဋ္ဌာနဟူသော ပုဒ်၏အနက်ကို မှတ်အပ်၏။ ။အဓိပ္ပါယ်ကား၊ သတိပဋ္ဌာနဟူသော ပုဒ်၏အရ၊ သတိကိုအမှူးပြု၍၊ သတိပဋ္ဌာန် နည်းလမ်းဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ရသည် ဆိုသော်လည်း၊ သတိတခုမျှကို မပဓာနမှု၍၊ သတိရှေသွားရှိသော အသိဉာဏ် ပညာကို သာ မချအားဖြင့် မှတ်ယူအပ်သည်ဟု ပြလိုရင်းဖြစ်ပေ၏။

**သတိံ ဟိ ခေ၀ရဏာတိ နိဒ္ဒိဋ္ဌာ၊ ခေ၀ရဏဋ္ဌေတ္ထ သလ္လက္ခဏံ။**
(ဝိသုဒ္ဓိမဂ်ဋီကာ)

ဟိ-သစ္စံ၊ မှန်၏။ သတိံ၊ သတိကို။ ခေ၀ရဏာတိ၊ ခေ၀ရဏ-ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ ဧတ္ထ၊ ဤသတိကို ခေ၀ရဏဟူ၍ ညွှန်ပြရာ၌။ ခေ၀ရဏဋ္ဌ၊ ခေ၀ရဏ ဟူသည့်ကား။ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်းတည်း။ ။ ဤဋီကာစကားအရ၌၊ သတိပဋ္ဌာန ဟူသည်ကို သတိ-တပုဒ်,ပဋ္ဌာန-တပုဒ်ခွဲ၍၊ သတိပုဒ်၏ အနက်ကို ထုတ်ပြခြင်းဖြစ်၏။ သတိပုဒ်၌ အောက်မေ့ခြင်းဟုပေးသော အနက်သည်၊ မှတ်ခြင်းသဘောကို ယူရမည် ဟု ဆိုလိုသည်။

**အထဝါ ဥပဓာရေတဗ္ဗန္တိ သတိဖုဗ္ဗင်္ဂမာယ ပညာယ ဥပလက္ခေတဗ္ဗံ၊ န ဟိ သတိရဟိတာ ပညာ အတ္ထိ။** ။ဋင်းဋီကာ။ ။ အထဝါ၊ တနည်းသော်ကား။ ဥပဓာရေတဗ္ဗန္တိ၊ မှတ်အပ်၏ ဟူသည်ကား။ သတိပုဗ္ဗင်္ဂမာယ၊ သတိသည်သာလျှင် ရှေ့သွားရှိသော။ ပညာယ၊ အသိဉာဏ်ဖြင့်။ ဥပလက္ခေတဗ္ဗံ၊ မှတ်အပ်၏။ ဟိ-သစ္စံ၊ ထိုစကားမှန်၏။ သတိ ရဟိတာ၊ မှတ်ခြင်းသတိမှ လွတ်ကင်းသော။ ပညာ၊ အသိဉာဏ်သည်။ န အတ္ထိ၊ မရှိ။

ဤသို့ နောက် ထပ်၍ တနည်းဖွင့်ပြသော ဋီကာအရမှာ၊ သတိဖြင့် မှတ်ခြင်းဆိုသော အရာ၌၊ သတိ ရှေ့ သွား ရှိသော အသိဉာဏ်ဖြင့် မှတ်ခြင်းပညာကို ယူအပ်၏။ သတိမှ လွတ်ကင်းသော ပညာမရှိဟူ၍ သိစေ၏။ ။အဓိပ္ပါယ်ကား မှတ်ယူခြင်းသည်၊ သတိတခုတည်းလည်း မဖြစ်၊ ပညာတခုတည်းလည်း မဖြစ်။ သတိနှင့်ပညာသည် ဦးဆိုက် လျှင် ပဲ့ဆိုက် ဆိုသကဲ့သို့၊ ရှေ့,နောက် အစဉ်မပြတ်မူ၍၊ အတူတကွ စပ်ယှဉ် နေသဖြင့်၊ သတိဖြင့် မှတ်ခြင်း ဆိုသော်လည်း၊ ပညာပါ တပေါင်းတည်း ပါဝင်လေ၏။ ပညာဖြင့် မှတ်ခြင်းဆိုသော်လည်း၊ သတိပါ တပေါင်းတည်း ပါဝင်လေ၏။ သတိရှေ့ဆောင်သော အသိဉာဏ် ပညာကိုသာ၊ မှတ်ယူခြင်း ဟူသော အနက်သဘော၌၊ သန္နိဋ္ဌာန်ကျ မှတ်ယူရမည်ဟုဆိုလိုရင်း ဖြစ်ပေ၏။ ။ဤ အဋ္ဌကထာ နှင့် ဋီကာတို့၏ အဓိပ္ပါယ်သဘောများမှာ မကွဲပြားဘဲ၊ တသားတည်း ညီညွတ်ကြလေသည်။

**သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ။** ။သတိယာ၊ မှတ်ခြင်းသတိ၏၊ ပဋ္ဌာနံ၊ တည်ရာတည်း၊ သတိပဋ္ဌာနံ၊ သတိ၏တည်ရာ၊ ။ဤအဋ္ဌကထာ

စကားဖြင့်၊ သတိ၏ တည်ရာဖြစ်သော ပဋ္ဌာနပုဒ်အနက်ကို ပြပေ၏။ အဓိပ္ပါယ်မှာ၊ ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာဟု ဆိုအပ်ကုန်သော၊ ကာယ,ဝေဒနာ,စိတ္တ,ဓမ္မာ ဌာန်းလေးပါးတို့ကို၊ ပဋ္ဌာနဟု ဆိုလိုသည်။ ဤကား ပုဒ်ခွဲပုံ အဓိပ္ပါယ်တည်း။

**သတိစ သာ ပဋ္ဌာနဉ္စာတိ သတိပဋ္ဌာနံ။** ။သတိစ၊မှတ်ခြင်းသတိလည်း ဟုတ်၏။သာ၊ထိုမှတ်ခြင်း သတိဟူသည်။ပဋ္ဌာနဉ္စ၊တည်ရာဌာနလည်း ဟုတ်၏။ ဣတိ၊ထိုကြောင့်။သတိပဋ္ဌာနံ၊သတိပဋ္ဌာနမည်၏။ ။ဤ အံဓ္ဘကထာ စကားဖြင့်၊ သတိနှင့် ပဋ္ဌာနတွဲနစပ်၍ တပုဒ်ဘည်းဖြစ်သော အနက်ကိုပြ၏။ အဓိပ္ပါယ်ကား၊ သတိသည်၊ ကိုယ် အမူအရာစသည်တို့ကို မှတ်ခြင်း သဘောလည်းဖြစ်၏။ အသိဉာဏ်ဖြစ်သော ပညာ၏ တည်ရာ သဘောလည်း ဖြစ်၏ဟု ဆိုလိုသည်။ ။ဤကား သတိပဋ္ဌာနဟူသော ပုဒ်၏အနက်ကို အဖြွက်မျှ ပြဆိုလိုက်ခြင်းတည်း။

**ဝိဝိဓေန ပဿနာ ဝိပဿနာ။** ။ဝိဝိဓေန၊အထူးထူး အပြားပြား များသောအားဖြင့်။ ပဿနာ၊ရှုခြင်းတည်း။ဝိပဿနာ၊အထူးထူး အပြားပြားရှုခြင်း။ ။ဤသို့လာသော ကျမ်းဂန်စကားဖြင့်၊ရုပ်,နာမ်,ခန္ဓာစသော များစွာသော ပရမတ္ထ တရားတို့၌၊ များပြားသော အသိဉာဏ်ဖြင့် ရှုခြင်းပညာကို၊ ဝိပဿနာဆို၏။ ဝိနှင့် ပဿနာကိုခွဲ၍ ၂-ပုဒ်အနက်ရ ကြံစည်ပုံတည်း။

**ဝိဎတိ ဥပသဂ္ဂေါ ပဿနာတိ အဓ္ဂော။** ။ပေဋကောပဒေသပါဠိတော်။

ဝိဎတိ ဇသော သဒ္ဒေါ၊ဝိ-ဟူသော ဤသဒ္ဒါသည်။ ဥပသဂ္ဂေါ၊ဥပ၊သာရပုဒ်မျှသာတည်း။ ပဿနာ၊ ရှုခြင်း။ ဝါ၊မှတ်ခြင်း။ ဣတိအယံ၊ဤသည်ကား။အဓ္ဂော၊ဝိပဿနာဟူသောပုဒ်၏အနက်သဘောတည်း။

ဤပါဠိတော်စကားဖြင့်၊ ဝိပဿနာဟူသောပုဒ်၌၊ဝိသဒ္ဒါသည် အဓိသက်သက် အနက်မရှိ၊ပဿနာပုဒ်၏အနက်တခုတည်းရှိသည်ကို ပြ၏။ အဓိပ္ပါယ်ကား၊ ရှုခြင်း, မှတ်ခြင်းမျှကိုသာ ဆိုလိုသည်။ ။ဤကား ဝိပဿနာပုဒ်၏ အနက်ကို အဖြွက်မျှ ပြခြင်းတည်း။

ဆိုအပ်ခဲ့ပြီးသော သတိပဋ္ဌာန-ပုဒ်နှင့်၊ ဝိပဿနာ-ပုဒ် ၂-ခုတို့၏ လိုရင်းအချုပ်ဖြစ်သော အဓိပ္ပါယ်မှာ၊**သတိပဋ္ဌာန**ဟူသည်၊ကိုယ်အမူအရာစသည်ကို မှတ်ခြင်း,သိခြင်းပင်ဖြစ်၏။**ဝိပဿနာ**ဟူသည်လည်း၊

ရုပ်, နာမ်, ခန္ဓာစသည်တို့ကို မှတ်ခြင်း, သိခြင်းပင်ဖြစ်၏။ ကိုယ်အမူအရာ စသည်ဆိုခြင်းနှင့်၊ရုပ်, နာမ်စသည်ဆိုခြင်းသည်လည်း၊ အလုပ်ကိစ္စသဘောမှာအတူတူပင် ဖြစ်လေသည်။ အထူးမှာ၊ဝိပဿနာအရာ၌ ပွားများခြင်း, စီးဖြန်းခြင်း, ရှုခြင်း, မှတ်ခြင်း စသော၊ ခေါ် ဝေါ် ပြောဆိုမှုများသည် လိုရင်းမဟုတ်။ အသိဉာဏ် ဖြစ်ပေါ် လာနိုင်ရန် ပြုလုပ်ရသော အမှုမျိုးတို့သာ ဖြစ်ကုန်၏၊ သိမှုတခုသာလျှင် လိုရင်း ဖြစ်ပေသည်။

လောက၌ အသိနှင့်အမှတ်ကို ဇာတူပြုလျက်၊အသိကိုပင် အမှတ်ဟု ပြောဆိုရိုးစကားဖြစ်၍ အသုံးများ၏။ ဥပမာ သတိပြုခဲ့လား, စဉ်းစားမိခဲ့လား, မှတ်မိခဲ့လားဟူ၍ မေးရာ၌၊ သတိပြုပါ၏, စဉ်းစားမိပါ၏, မှတ်မိပါ၏ဟု ပြောခြင်းများသည်၊သိမှုကိုပင် ခေါ် ဆိုရလေသည်။ ။ ထိုကြောင့် လူအများခေါ် ဝေါ် ခြင်း၌ ထင်ရှားသိလွယ်စေရန်၊ပွားများသည်, စီးဖြန်းသည်, ရှုသည်ဟူသော စကားများ၏အစား၊ ဤကျမ်း၌ မှတ်သည် ဟူသော စကားကို၊ များစွာ အသုံးပြု၍ ရေးသားပါရိလိမ့်မည်။ အချုပ်မှာ ကိုယ်အမူအရာ စသည်ကို မှတ်ခြင်း သည်၊ ဝိပဿနာရှုသည်ဟုဆို၏။ ။အထူးမှာ၊ သတိပဋ္ဌာနပုဒ်၌၊ သတိဖြင့် မှတ်မှ အသိဉာဏ် ပေါ် လွယ်၍။ သဘောရွေသွားရှိသော ပညာဟု ဆိုရာ၌၊ အလုပ်တည်တွင်စဖြစ်၍ ဉာဏ်မစိပ်သေးမီ အချိန်အခါကိုသာ မှတ်ယူရမည်။

သတိပဋ္ဌာနနှင့် ဝိပဿနာပုဒ်ကို ပြဆိုချက်ပြီး၏။

---

သတိပဋ္ဌာန်လမ်းစကို အမြွက်မျှပြဆိုခြင်း

**ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ။**

သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်။ ။ဤသတိပဋ္ဌာန် နည်းမျိုးကို အင်္ဂုတ္တိုရ် ပါဠိတော်, သံယုတ် ပါဠိတော်, ပဋိသမ္ဘိဒါမဂ် ပါဠိတော်, ဝိဘင်းပါဠိတော် စသည်တို့၌လည်း ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ-ယေ ဣမေ သတိပဋ္ဌာနာ၊အကြင်သတိပဋ္ဌာန်တို့သည်။သန္တိ၊ ရှိကုန်၏။

တဒိတံ-တေ ဆူမေ သတိပဋ္ဌာနာ၊ ထို သတိပဋ္ဌာန်တို့သည်။ ဧကာယနော၊ တကြောင်းတည်းသော ခရီးသည်။ ဟောတိ၊ ဖြစ်၏။ အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန်ဟူသော တကြောင်းတည်းသော ခရီးသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာမှ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းငှါ။ ဉာယဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ဟောတိ၊ ဖြစ်၏။

လိုရင်း အဓိပ္ပါယ်မှာကား။ ။သတိပဋ္ဌာန် လေးပါးတည်းဟူသော လမ်းခရီးသို့ သွားလျှင်၊ကိလေသာ ဘေးရန်ကင်း၍ စိုးရိမ်ပူပန်ဘွယ် မရှိ၊ ကိုယ်,စိတ် ဆင်းရဲခြင်း မရှိဘဲ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်၏ဟု ဆိုပေသည်။ ကြောက်ရွံ့ဖွယ်ရာဘေးရန် လွဲမှား စရာ လမ်းခွဲမရှိ၊ စင်ကြယ်ဖြောင့်မှန်သော လမ်းမကြီး ဖြစ်ကြောင်းကို ကောင်းစွာ ညွှန်ပြချက်ပေတည်း။ ။ဤပါဠိတော်၌ ဧကာယန-ပုဒ် သည်၊ တခုတည်းသော လမ်းခရီးဆိုသဖြင့် ဒေသနာတော်ကိုရ၏။ လောက၌ လူအချို့ ခရီးသွားလာသောအခါ၊ အပေါင်းအဘော် ခေါ်သွား၍ ရသကဲ့သို့။နိဗ္ဗာန်သို့ သွားသော လမ်းခရီးမှာ၊ အပေါင်း အဘော်နှင့်သွား၍ မဖြစ်နိုင်၊ တရားကို အားထုတ်သောသူမှ ပေါက် ရောက်နိုင်သည်ဟု ဆိုလိုသည်။

သတိပဋ္ဌာန်သည်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်၊ ခန္ဓာကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ အမြဲ မှတ်ခြင်းသည်၊ ကာယာ နုပဿနာ သတိပဋ္ဌာန်မည်၏။ ဝေဒနာတို့၌ ဝေဒနာဟု အဖန်တလဲလဲ အမြဲမှတ် ခြင်းသည်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်မည်၏။ စိတ်၌ စိတ်ဟု အဖန်တလဲလဲ အမြဲမှတ်ခြင်းသည်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မည် ၏။ နီဝရဏ စသော တရားတို့၌၊ နီဝရဏ စသော တရားဟု အဖန် တလဲလဲ အမြဲမှတ်ခြင်းသည်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။

**ကတမေ စတ္တာရော ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ။**

(ကာယာနုပဿနာ သတိပဋ္ဌာန် ရင်းပါဠိတော်)

ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ဤသာသနာတော်၌။ဘိက္ခု၊ရဟန်းသည်။ အာတာပီ၊ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊သိတတ်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ထင်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘ, ဒေါသကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ကိုယ်၌။ကာယာနုပဿီ၊ကိုယ်ဟု အဖန်တလဲလဲ အမြဲမှတ်၍။ ဝိဟရတိ၊နေ၏။

မိမိခန္ဓာကိုယ်၌ ကိုယ်ဟု မလစ်လပ်စေဘဲ၊အဖန်တလဲလဲ အမြဲမှတ် နေလျှင်၊ အမှန်သိလာ၍၊ခန္ဓာကိုယ်၌ နှစ်သက်ခြင်း-လောဘ၊မနှစ်သက် ခြင်း-ဒေါသတို့ ပျောက်ပျက် ချုပ်ငြိမ်း သွားလိမ့်မည်ဟု ဆိုလိုရင်း ဖြစ်၏။ ။ဤကား၊ကာယာနုပဿနာ သတိပဋ္ဌာန်၏ သဘောတည်း။ ။ ကြွင်းသော သတိပဋ္ဌာန်သုံးပါးတို့၏ ပါဠိအနက် သဘောတို့မှာ မထူး လှပြီ၊ ကာယာနုပဿနာ သတိပဋ္ဌာန်အတိုင်း မှတ်လေ။

သတိပဋ္ဌာန် လမ်းစကို အမြွက်မျှ ပြဆိုချက် ပြီး၏။

---

ဥယျောဇဥ် ဂါထာကို သိသာရန် ပြဆိုခြင်း

**အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လမန္တနံ။**
**တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။**
**ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။**

(ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်)

ဘိက္ခဝေ၊ ချစ်သား,ချစ်သမီးတို့။ သလ္လမန္တနံ၊ ကာမ,ရာဂ စသည် ခပင်း ငြောင့်တံသင်းတို့ကို၊ ပယ်ရှင်း နှုတ်သိမ်း၍၊ချုပ်ငြိမ်းအေးမြရာ မှန်သော နိဗ္ဗာန် ဈေးပြည်မြတ်ကို၊ အညာယ၊ သဗ္ဗညုတ ဉာဏ်ဖြင့် ဟုတ်မှန်ထင်လင်း ထိုးထွင်းသိမြင်တော်မူပြီး၍၊ မဂ္ဂေါ၊အရိယာပုဂ္ဂိုလ် မြတ်တို့၊ မပြတ်သွားလာရာ ခရီးဖြစ်သော လမ်းမကြီးကို၊ ဝေါ၊ သင်

ချစ်သား,ချစ်သို့းတို့အား၊ မယာ၊ ငါဘုရားသည်။ အက္ခာတော၊ညွှန်ပြသောအားဖြင့် ဟောကြားဘော်မူအပ်လေပြီ။ တထာဂတာ၊ တထာဂတာ နာမ,မည့်တွင် ငါ ဘုရားရှင်တို့သည်။ အက္ခာတာရော၊မဂ်ခရီးလမ်းမှန် ကျင့်တတ်ရန်ကို မထိမ်မကျန် ကျကျ နန ဟောပြရုံသာ ဟောပြခြင်းငှါ၊ စွမ်းနိုင်ဘော် မူကြလေကုန်၏။ ဝါ၊ သောတာပန်စသည် ဖြစ်အောင် စင်စစ်ပြုလုပ်၍ မပေးနိုင်ကြလေကုန်ပြီ။ တုမှေဟိ၊ မဂ်, ဖိုလ် လိုလား သင် ချစ်သား, ချစ်သို့းတို့သည်။ အာတပ္ပံ၊ ဈာန်ြ ၆-တန် မဟာသတိပဋ္ဌာန်အလာ၊ ကိုယ်အမူအရာ, နှုတ်အမူအရာ,စိတ်အမူအရာတို့၌။ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ဩဠာရိက,သုခုမ၊ ဟိန,ပဏီတ၊ ဒူရ,သန္တိက၊ အာရုံကျဆိုက် အခိုက်အခိုက်၌၊ သိအောင်လိုက်၍ မှတ်သောလုလ္လဝိရိယကို။ ကိစ္စံ၊ မနားမနေ ပြုသင့်ပေ၏။ပဋိပန္နာ၊ပြုကျင့်ကြကုန်သော။ ဝါ၊မြင်တိုင်း,ကြားတိုင်း, နံတိုင်း,စားတိုင်း,ထိတိုင်း, သိတိုင်း စသည်ကို၊ သိအောင်လိုက်၍ မှတ်ကြကုန်သော။ ဈာယိနော၊နာမရူပ ပရိစ္ဆေဒဉာဏ်အစ မဂ်ဉာဏ်,ဖိုလ်ဉာဏ်အရ ပစ္စဝေက္ခဏာဉာဏ်သို့ ကျအောင်၊ရှုနိုင်,မှတ်နိုင်ကြကုန်သော၊သင် ချစ်သား,ချစ်သို့းတို့သည်။ မာရဗန္ဓနာ၊ တထောင့်ငါးရာ ကိလေသာ မာရ်မင်း နှောင်ဖွဲ့ခြင်းမှ။ ပမောက္ခန္တိ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်နှင့် ရဟန္တာအစစ် အဆင့်ဆင့်ဖြစ်၍ ကင်းလွတ်ကြ လေကုန်သတည်း။

၍ ဥယျောဇဉ် ဂါထာ၏ အဓိပ္ပါယ်မှာ။ ။ကိလေသာခြောင့်တံကျင်တို့ ကင်းစင်ငြိမ်းအေးရာမှန်သော နိဗ္ဗာန်ကို၊ သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်၍၊ ထိုနိဗ္ဗာန်သို့ သွားရာလမ်းခရီးကို ငါဘုရား ဟောကြားထားတော်မူ၏။ ဘုရားတို့မည်သည်၊ ဟောပြရုံမျှသာ တတ်နိုင်ကုန်၏။မဂ်,ဖိုလ်သို့ ရောက်အောင် ဆွဲဆောင်ယူငင်၍ မပို့တတ်၊ မဂ်, ဖိုလ်ချမ်းသာကို အလိုရှိသော သူသည်၊ သတိပဋ္ဌာန်၌ လာသောနည်းအတိုင်း၊ကိုယ်အမူအရာစသည်ကို မှတ်အပ်၏။ဈာန်ြ ၆-ပါး စသည်ကို မှတ်အပ်၏။ ၍သို့ အခိုက်အတန့်ကျအောင် မှတ်နိုင်ပါလျှင်၊ ကိလေသာအပေါင်းမှ လွတ်ထွက်ပြီး ဝိပဿနာဉာဏ် အစဉ်အတိုင်း တိုးတက်၍၊မဂ်,ဖိုလ်,နိဗ္ဗာန်သို့ အမှန်ပင် ပေါက်ရောက်လိမ့်မည်ဟု ဆိုလိုသည်။

ဥယျောဇဉ် ဂါထာကို သိသာရန် ပြဆိုခြင်းပြီး၏။

## အာနာပါန ပဗ္ဗကို အမြွက်မျှ ပြဆိုခြင်း

ထိုဥဒ္ဒေသာစဉ် ဒေသနာလာရှိသည့်အတိုင်း ဝိပဿနာ ရှုမှတ်ပုံကို၊ သတိပဋ္ဌာန် နည်းအရ ကိုယ်အမှုအရာမှစ၍၊ ဓာတ်ကြီး ၄-ပါး စသည်များပါ အစဉ်အတိုင်း ဖော်ပြလိမ့်မည်။ အားထုတ်သော အခါ၊ ကမ္မဋ္ဌာန်းတောင်းပုံ၊ကမ္မဋ္ဌာန်းပေးပုံများသည်၊ ဝိသုဒ္ဓိမဂ်၌ လာသည့်အတိုင်း၊ ရှေးဝိပဿနာကျမ်းများ၌ ပါရှိပြီးဖြစ်၍၊ကြားဘူးသူများကြပေရာ၏။ တရားအားထုတ်ပုံကို ဟောပြော၍ ကြားနာမှတ်သားခြင်းသည်လည်း၊ တောင်းပြီး၊ ပေးပြီး၊ ယူပြီးပင် ဖြစ်လေသည်။ တောင်းမှု၊ ပေးမှု စသည်များသည် လိုရင်းမဟုတ်လှ၊ မှန်ကန်စွာ ကြားနာမှတ်သားမိသော နည်းအတိုင်း၊ အားထုတ်မှုသာ လိုရင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤကျမ်း၌ အားထုတ်ပုံ နည်းလမ်းများကိုသာ ခွဲခြမ်း၍ ပြဆိုပေအံ့။

**သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊ ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။** ။မဟာသတိပဋ္ဌာန် ပါဠိတော်။

သော၊ ထိုဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊ မှတ်ခြင်းသတိရှိသည် ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်လေကို လွှတ်၏။ သတောဝ၊ မှတ်ခြင်းသတိ ရှိသည်ဖြစ်၍ သာလျှင်။ ပဿသတိ၊ ဝင်သက်လေကို ရှူရှိုက်၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်လေကို လွှတ်သည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက်လေကို လွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်မှတ်၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်လေကို ရှူရှိုက်သည် ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်လေကို ရှူရှိုက်၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်မှတ်၏။ ရဿံဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်လေကို လွှတ်သည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿာသာမီတိ၊ ထွက်သက်လေကို လွှတ်၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။ ပဿသန္တော ဝင်သက်လေကို ရှူရှိုက်သည်ရှိသော်၊ ရဿံ

တိုစွာ။ ပဿသာမိတိ၊ ဝင်သက်လေကို ရှူရှိုက်၏ ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤ သတိပဋ္ဌာန် နည်းအတိုင်း၊ ထွက်သက်, ဝင်သက် လေတို့ကို သိအောင် အားထုတ်ရသည်။ အားထုတ်ရပုံမှာ၊ ထွက်သက်လေကို လွှတ်သောအခါ၊ ထွက်တယ်ဟု မှတ်။ လေလွှတ် ဆိုသည်ကို မပါ စေနှင့်။ထို့အတူ ဝင်သက်လေကို ရှူရှိုက်သောအခါ၊ဝင်တယ်ဟု မှတ်။ ထွက်သက် ရှည်လျှင် ရှည်တယ်ဟု မှတ်။ ထွက်သက်တိုလျှင် တိုတယ် ဟု မှတ်။ ဝင်သက် ရှည်လျှင် ရှည်တယ်ဟု မှတ်။ ဝင်သက် တိုလျှင် တိုတယ်ဟု မှတ်။ နောက်မှ ရှုမှတ်ပုံ အကျယ်ကို ပေါ်ပြမည်။ ။ ဤကား သတိပဋ္ဌာန် ရှုမှတ်ပုံတည်း။

အာနာပါနပဗ္ဗကို အမြွက်မျှ ပြဆိုခြင်း ပြီး၏။

ဣရိယာပုထ် ၄-ပါးကို ရှုမှတ်ပုံကို သိသာရုံ ပြဆိုခြင်း

**ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှိတိ ပဇာနာတိ၊ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊တထာ တထာ နံ ပဇာနာတိ။** ။မဟာသတိပဋ္ဌာန် ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တပါးတုံ။ဘိက္ခု၊ ရဟန်းသည်။ဂစ္ဆန္တော ဝါ၊သွားစဉ်မူလည်း။ ဂစ္ဆာမီတိ၊သွား၏ဟူ၍။ ပဇာနာတိ၊သိ၏။ ဌိတော ဝါ၊ရပ်စဉ်မူလည်း။ ဌိတောမှိတိ၊ရပ်၏ဟူ၍။ ပဇာနာတိ၊သိ၏။ နိသိန္နော ဝါ၊ထိုင်စဉ်မူလည်း။ နိသိန္နောမှိတိ၊ ထိုင်၏ဟူ၍။ပဇာနာတိ၊သိ၏။သယာနော ဝါ၊အိပ်စဉ်လည်း။သယာနောမှိတိ၊ အိပ်၏ဟူ၍။ပဇာနာတိ၊ သိ၏။ ယထာယထာဝါပန၊ အကြင်အကြင် သွားခြင်း,ရပ်ခြင်းစသော အခြင်းအရာ အားဖြင့်လည်း။ အဿ၊ထို ယောဂီပုဂ္ဂိုလ်၏။ ကာယော၊ကိုယ်ခန္ဓာသည်။ ပဏိဟိတော၊အမျိုးမျိုး ပြုပြင်ပြောင်းလဲ၍ ထားအပ်သည်။ ဟောတိ၊ဖြစ်၏။ တထာတထာ၊ ထိုထိုသွားခြင်း, ရပ်ခြင်း စသော အခြင်းအရာ အားဖြင့်။ နံ၊ ထိုခန္ဓာ ကိုယ်ကို။ ပဇာနာတိ၊သိ၏။

ဤသို့ ပါဠိတော်လာသောအတိုင်း ဝိပဿနာအလုပ်ကို အားထုတ်ရမည်။ အားထုတ်ရပုံမှာ။ ။သွားသောအခါ သွားတယ်ဟု မှတ်။ ရပ်သောအခါ ရပ်တယ်ဟု မှတ်။ ထိုင်သောအခါ ထိုင်တယ်ဟု မှတ်။ အိပ်သောအခါ အိပ်တယ်ဟု မှတ်။ ထိုထို ကိုယ်အမူအရာ ပြောင်းလဲပြုပြင်သောအခါ၊ ခေါ်ဝေါ် သော အတိုင်းမှတ်။ ။သွားသောအခါ၊ ဘယ်ခြေကြွလျှင်၊ကြွတယ်ဟု မှတ်။ ဘယ်ခြေဆိုသော အမှတ်ကို မပါစေနှင့်။ ထိုအတူ ဘယ်ခြေလှမ်းလျှင် လှမ်းတယ်ဟု မှတ်။ ဘယ်ခြေချလျှင် ချတယ်ဟု မှတ်။ ညာခြေမှာလည်း ထိုအတူပင်၊ ကြွလျှင် ကြွတယ်ဟု မှတ်။လှမ်းလျှင် လှမ်းတယ်ဟု မှတ်။ချလျှင် ချတယ်ဟု မှတ်။ အိပ်ခြင်း ဣရိယာပုထ်၏ အလှဲ့အစောင်း အပြောင်းအလဲကို သူ့အခေါ် အတိုင်းမှတ်။ ။ဤကား ကိုယ်ကာယ သတိပဋ္ဌာန် ရှုမှတ်ရပုံတည်း။

ဆိုခဲ့သည့်အတိုင်း မှတ်သောအခါ၊ ပြုသောအမူအရာနှင့် အမှတ်သည်၊တချက်တည်း ညီစေရမည်။ ဥပမာ သွားသောအခါ၊သွားခြင်းအမူအရာဖြစ်ပေါ်လာသော သွားဆဲခဏ၌၊ သွားတယ်ဟု မှတ်။ သွားခြင်းအမူအရာ ဖြစ်ပေါ်သည်က ရှေ့ကျ၍၊ အမှတ် နောက်ကျခြင်း။ အမှတ်က ရှေ့ကျ၍၊သွားခြင်း အမူအရာ ဖြစ်ပေါ်သည်က နောက်ကျခြင်းများ မဖြစ်စေနှင့်။ ။မှတ်သောအခါ၌၊ မှတ်စဉ်ကို မရိပ်မိ၍၊ မှတ်ပုံ အချိုးအစား မကျသေးမီအခါ၊ မေ့နေသည်က များတတ်၏။ ဤသို့မေ့နေလျှင် မေ့တယ်ဟု မှတ်။ မှတ်ပုံ လိုက်စဉ်ကို ရိပ်မိသောအခါ၊ မေ့သည်က နည်းပါး၍၊ မှတ်မိသည်က များလာလိမ့်မည်။ အမှတ်စိပ်လာလျှင် အသိဉာဏ်လည်း စိပ်၍လာ၏။ အမှတ်ကျဲနေလျှင် အသိဉာဏ်လည်း ကျဲနေ၏။ ။ဖြစ်ပေါ်လာသော အမူအရာသည်၊ တန့်ရပ် နားနေခြင်းမရှိ၍၊ အမှတ်ကလည်း ဆိုင်းရပ်မနေဘဲ၊ဖြစ်ပေါ်လာတိုင်းသော အမူအရာကို၊ မလစ်မလပ်ရအောင် အမြဲမှတ်နေရသည်။ အမှတ်များနိုင်လျှင် သာ၍ ကောင်း၏။ ၂-မျိုး,၃-မျိုးစသော အမူအရာကို၊ တခါတည်းရပေါင်း၍ မမှတ်နှင့်၊ ထင်ရှားရာကိုသာ တခုစီ,တခုစီ အစဉ်အတိုင်းမှတ်။တခုစီကိုသာမှတ်သော်လည်း အမှတ်စိပ်လာသောအခါ၊ ၂-ခု,၃-ခုကိုလည်း တခါတည်း သိလာတတ်၏။

အဋ္ဌကထာ၌ သွားသည်, အိပ်သည် စသည်များကို၊ သွားတယ် အိပ်တယ်စသည်ဖြင့် သိခြင်းမျိုးကို၊ ခွေးသိ ဝက်သိဟုဆို၏။ ခွေး,ဝက်တို့သိခြင်းသည်၊ မှတ်၍ သိသည်မဟုတ်။ ကမ္မဋ္ဌာန်းအားထုတ်သောသူ

မှာ၊ မှတ်၍သိလာ၏။ အသိခြင်း အမည်တူသော်လည်း၊သိပုံသဘော များမှာ၊ လွန်စွာကွဲပြား၍ ခြားနားလေသည်။

သိခြင်းသည်၊ သညာသိ ဝိညာဏ်သိ,ပညာသိဟူ၍ ၃-မျိုးရှိ၏။ ထို အသိ ၃-မျိုးမှတ်သားရန် ဥပမာမှာ၊ လောက၌ သူငယ်,မိခင်ဘခင်, ပန်းတိမ်ဆရာဟူ၍ ၃-ယောက်ရှိရာ၊ လမ်း၌ ရွှေတုံးတခုကို သူငယ် တွေ့ရှိ၍ ယူလာ၏။ သူငယ်သည် ထိုရွှေတုံးကို ရွှေဟူ၍မသိ၊ဝါသော သဏ္ဍာန်ဟူ၍သာ သိ၏။ မိခင်သည် ဤဝါသောသဏ္ဍာန်ကို ရွှေဟူ၍သာ သိ၏၊ အဘယ်မျှ အဘိုးထိုက်တန်သည်ဟူ၍ကား မသိ။ပန်းတိမ်ဆရာ သည် ရွှေဟူ၍ရင်း၊အဘယ်မျှ အဘိုးထိုက်တန်သည်ဟူ၍ရင်း သိ၏။

ဤဥပမာ၌ သညာသိသည်၊သူငယ် သိသည်နှင့်တူ၏၊ ဝိညာဏ်သိ သည်၊မိခင် သိသည်နှင့်တူ၏။ ပညာသိသည် ပန်းတိမ်ဆရာ သိသည် နှင့်တူ၏။မှတ်ခြင်းမရှိဘဲ ပကတိသညာသိ, ဝိညာဏ်သိမျိုးကိုသာ ခွေး သိ,ဝက်သိဟု အဋ္ဌကထာဆရာဆို၏။မှတ်၍သိသော လူ, ရဟန်းတို့၏ ပညာသိမျိုးကို မဆိုပေ။ အားထုတ် စမ်းကြည့်ပါလျှင် ကိုယ်တိုင် ပင် ကွဲပြားစွာ သိမြင်၍လာလိမ့်မည်။

ဝင်းပြင် ဇာရိယာပထပဗ္ဗကို နှလုံးသွင်းသော အရာမှာ၊ပါဠိတော် ၌ သွားလျှင် သွားတယ်ဟု သိလာ၍၊ အဋ္ဌကထာ၌ သွားသောအခါ၊ စိတ္တဇဝါယော ဓာတ်ကြောင့်၊ ခန္ဓာကိုယ် အရိုးစုကြီး လှုပ်ရှားသွား သည်ဟုလာ၏။ထို ၂-မျိုးတို့တွင်၊သုဒ္ဓဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ ပါဠိတော် နည်းအတိုင်းသာ အားထုတ်အပ်၏။ အဋ္ဌကထာ ဆရာ သည်၊ ဓာတ်ကမ္မဋ္ဌာန်း အရာကိုသာ ဘွင့်ပြတော်မူ၏။ ။ဤကား အဋ္ဌကထာ၌လာသော ခွေးသိ,ဝက်သိ ဆိုသည်နှင့်၊ ဓာတ်ကမ္မဋ္ဌာန်း အရာကို သိသာရုံပြဆိုလိုက်၏။ ဝင်းအကြောင်းများသည်၊ ငါတို့ ကျေးဇူးရှင် (မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး) ရေးသား စီရင်တော်မူသော သတိပဋ္ဌာန စာတမ်း၌၊ ဝတ္ထုသက်သေနှင့်တကွ အကျယ်တဝင့် ဘွင့်ပြပါရှိလေသည်။

ဆောင်ပုဒ်လင်္ကာ၊ **''ဖြစ်အောင်လည်း မပြုနှင့်၊ ပျက်အောင် လည်း မပြုနှင့်'' ဖြစ်အောင်ပြုက-လောဘ၊ ပျက်အောင်ပြုက- ဒေါသ၊ ဖြစ်တိုင်း,ပျက်တိုင်းကို မသိက-မောဟ။** ။အဓိပ္ပါယ် ကား၊မှတ်သောအခါ အမှုအရာ ဖြစ်ပေါ်လာအောင် ပြုခြင်း၊ ဓိဋ္ဌိစိတ် က ဘယ်လိုဖြစ်အောင် ကြံစည်ခြင်းများမရှိစေနှင့်။ ဤကဲ့သို့ ဖြစ်ပေါ်

လာအောင် လုပ္လ်ပယောဂပြုခြင်း ကြံခြင်းများသည်၊ လောဘ၏ ဖြစ်ထွန်းပေါ်ပေါက်လာသော အမှုအရာကို မိမိစိတ်ဖြင့် ကြံဘန်၍၊ ပျက်စီးအောင်မပြုနိုင်၊ ဖြစ်ပေါ်လာသော အမှုအရာကို ပျက်စီးအောင် ကြံစည်ပြုလုပ်ခြင်းသည်၊ ဒေါသဖြစ်၏။ အမှုအရာစသည်တို့ ဖြစ်ပျက် နေသည်ကို မသိလျှင် မောဟဖြစ်၏။ လုလ္လပယောဂ မပြုမလုပ် မကြံ စည်ဘဲ၊ အလိုအလျောက် ပေါ်ပေါက်လာသော အမှုအရာကိုသာ မှတ်ရမည်။ ဤသို့မှတ်လျှင် အဖြစ်အပျက်သဘောများကို၊ ထင်ထင် ရှားရှား သိသာလာလိမ့်မည်။

ဝိပဿနာအလုပ်ဟူသည်၊ ရုပ်,နာမ် အမှုအရာတို့၏ အဖြစ်အပျက် ကိုသိအောင် အားထုတ်ရသည်ဟု ဆိုသော်လည်း၊ ကြံစည်၍ဖြစ်သည် ကို သိခြင်း၊ ကြံစည်၍ပျက်သည်ကို သိခြင်း၊ ဤသိခြင်းမျိုးကို ဝိပဿနာ ဟုမဆိုရ။ အကြောင်းအားလျော်စွာ မကြံစည်ဘဲ၊ ဖြစ်ပေါ်လာသည် ကို သိခြင်း၊ ပျက်သွားသည်ကို သိခြင်း၊ ဤသိခြင်းမျိုးကိုသာ ဝိပဿနာ ဟု ဆိုရလေသည်။

ဥပမာ၊ လယ်ကတွင်ပေါက်၍၊ ငါးကိုစောင့်သော မျိုးသည်၊ ငါး ပေါ်လာအောင်လည်း မကြံစည်၊ ပေါ်လာသည်ကို ပျောက်သွား အောင်လည်း လုလ္လမပြုဘဲ၊ ပေါ်လာသော ငါးကိုသာ မိအောင် ဘမ်းလေ၏၊ ထို့အတူ ဖြစ်ပေါ်လာသော ရုပ်,နာမ် အမှုအရာအတိုင်း၊ သွားခြင်း စသည်ကို၊ သွားတယ် စသည်ဖြင့် မှတ်။ ဤသို့မှတ်လျှင် မှတ်သော အမှုအရာ၊ ပရမတ် ရုပ်,နာမ်မျှကိုသာ သိ၍၊ လောဘ, ဒေါသ, မောဟတို့ မဝင်နိုင်ဘဲ၊ အဖြစ်အပျက်ကိုသာ သိသော ဝိပဿနာ ပညာ ဖြစ်၏။ ဤ ဝိပဿနာပညာသည်၊ ကာမာဝစရ ကုသိုလ်ဉာဏ်နှင့် ယှဉ်သော ဥပေက္ခာပေတည်း။ ဝေဒနာ ၃-ပါး တို့တွင်၊ သောမနဿဝေဒနာ ဒေါမနဿဝေဒနာတို့ မဝင်ဘဲ၊ ဥပေက္ခာဝေဒနာ တခုတည်း၌၊ တည်အောင် အားထုတ်မှု ကိုသာ ဝိပဿနာဉာဏ်ပညာဟု မှတ်ယူအပ်ပေသည်။

ဇာရိယာပုထ် ၄-ပါး၊ ရှုမှတ်ပုံကို ပြဆိုခြင်း ပြီး၏။

---

သမ္ပဇည ၇ ဖြာကို ကျယ်ဝန်းစွာ ပြဆိုခြင်း

**ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန ကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ**

ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သင်္ဃာဋိ ပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ၊ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ ။မဟာသတိပဋ္ဌာန် ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့ တက်သည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သိအောင်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အာလောကိတေ၊ တူရူတဲ့တဲ့ကြည့်သည်ရှိသော်။ ဝိလောကိတေ၊ တစောင်း ကြည့်သည် ရှိသော်။ သမ္ပဇာန ကာရီ၊ သိအောင်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သမိဉ္ဇိတေ၊ ကွေးသည်ရှိသော်။ ပသာရိတေ၊ ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ဖြစ်၏။ သင်္ဃာဋိပတ္တ စီဝရဓာရဏေ၊ ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ဖြစ်၏။ အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်၊ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး,ကျင်ငယ်ကို စွန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်၊ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားပြောသည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္ပဇာနကာရီ၊ သိအောင်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ကာယေ၊ ရုပ်အစု၌။ ကာယာနုပဿီ၊ ရုပ်အစုကို အဘန်တလဲလဲ

ရှုလေ့ရှိသည်ဖြစ်၍။ ဝိပဿကတိ၊ နေ၏။ အဇ္ဈတ္တ ဗဟိဒ္ဓါဝါ၊ ရံခါ မိမိ သန္တာန်, ရံခါ အပသန္တာန်၌လည်း။ ကာယေ၊ ရူပကာယ ရုပ်အစု၌။ ကာယာနုပဿီ၊ ရူပကာယရုပ်အစုကို အဘန်တလဲလဲ ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊နေ၏။ ကာယသ္မိံ၊ရူပကာယ၌။ သမုဒယဓမ္မာ နုပဿီ ဝါ၊ ဖြစ်ခြင်းကို အဘန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လည်း၊ ဝိဟရတိ၊ နေ၏။ကာယသ္မိံ၊ ရူပကာယ၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘော ကို အဘန်တလဲလဲ ရှုလေ့ရှိသည် ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရူပကာယ၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်း,ပျက်ခြင်း သဘောကို အဘန်တလဲလဲရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။

ဤသို့မဟာသတိပဋ္ဌာန်ပါဠိတော်၌ လာသောနည်းအတိုင်း၊ ကိုယ်အမူအရာ စသည်တို့ကို၊ ဖြစ်ခြင်း, ပျက်ခြင်း သဘောများ ထင်လာအောင် ဝိပဿနာတရားကို အားထုတ်အပ်၏။ အားထုတ်ပုံမှာ၊ ရှေ့သို့ တက်လျှင် တက်တယ်ဟု မှတ်။ နောက်သို့ ဆုတ်လျှင် ဆုတ်တယ်ဟု မှတ်။တူရူတဲ့တဲ့ကြည့်လျှင် ကြည့်တယ်ဟု မှတ်။ တစောင်းကြည့်လျှင် ကြည့်တယ်ဟု မှတ်။လက်ခြေတို့ကိုကွေးလျှင် ကွေးတယ်ဟု မှတ်။ဆန့်လျှင် ဆန့်တယ်ဟု မှတ်။သပိတ်သင်္ကန်းစသည်ကိုကိုင်လျှင် ကိုင်တယ်ဟု မှတ်။ယူလျှင် ယူတယ်ဟု မှတ်။ထားလျှင် ထားတယ်ဟု မှတ်။ဝတ်လျှင် ဝတ်တယ်။ ချွတ်လျှင် ချွတ်တယ်။ ခါလျှင် ခါတယ်။ ခေါက်လျှင် ခေါက်တယ်ဟု မှတ်။

လူများမှာလည်း၊ ထို့အတူပင် ပုဆိုး, ထမိ, အင်္ကျီ,ပဝါ,အိုးခွက်, ဇွန်း,ပန်းကန် စသည်ကို၊ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ ထားလျှင် ထားတယ်။ ဝတ်လျှင် ဝတ်တယ်။ ချွတ်လျှင် ချွတ်တယ်။ ခါလျှင် ခါတယ်။ခေါက်လျှင် ခေါက်တယ်ဟု မှတ်။စားလျှင် စားတယ်။ သောက်လျှင် သောက်တယ်။ ခဲလျှင် ခဲတယ်။ လျက်လျှင် လျက်တယ်ဟု မှတ်။ကျင်ကြီး,ကျင်ငယ်စွန့်လျှင် စွန့်တယ်ဟု မှတ်။သွားလျှင် သွားတယ်။ ရပ်လျှင် ရပ်တယ်။ ထိုင်လျှင် ထိုင်တယ်။ အိပ်လျှင် အိပ်တယ်။ နိုးလျှင် နိုးတယ်။ စကားပြောလျှင် ပြောတယ်။ ဆိတ်ဆိတ်နေလျှင် ဆိတ်ဆိတ်နေတယ်ဟု မှတ်။

ဤသို့မှတ်ခြင်းတို့၌၊သွား,လာ,ထိုင်,ရပ်,ထ,ကြွ စသော အမူအရာ၊ ရှေ့တက် နောက်ဆုတ်၊ ငဲ့,ပြောင်း,စောင်း,ငဲ့,ကွေး,ဆန့်စသော အမူအရာတို့ကို မှတ်ခြင်းသည်၊ အဇ္ဈတ္တရုပ်ကို ဝိပဿနာ ရှုမှတ်သည်

မည်၏၊ ခေါင်းပေါင်းခြင်း၊ ခေါင်းဖြီးခြင်း၊ ဆံတုံး ထုံးခြင်း စသော အမူအရာ၊ အကိုင်,အတွယ်၊အပေး,အယူ၊အခင်း,အရုံ၊အချို့,အထည် စသည်ကို မှတ်ခြင်းသည်၊ဗဟိဒ္ဓရုပ်ကို ဝိပဿနာ ရှုမှတ်သည်မည်၏။ နောက်မှ မှတ်ပုံနည်းကို၊ တသီးတခြား ဘွင့်ပြဦးမည်။ ဤကား ကိုယ် ကာယ၌ သတိပဋ္ဌာန် ရှုမှတ်ပုံတည်း။

အဓိပ္ပါယ်ကား၊ပါဠိတော်စသည်တို့၌၊ ဘိက္ခဝေ ဘိက္ခု-ဟု ပါရှိ သော်လည်း၊ ရဟန်းကိုသာ ဟောသည်ဟု မမှတ်နှင့်။ ဝိပဿနာ ကမ္မဋ္ဌာန်း အရာမှာ၊ သာမဏေ, ရသေ့, ဘိုးသူတော်, မယ်သီလ နှင့် လူများကိုလည်း ဟောသည်ဖြစ်၍၊ ၎င်းသာမဏေ စသည်တို့သည် လည်း၊ ဘိက္ခုပင် မည်သည်ဟု မှတ်ယူကြပါလေ။ ။၎င်းပြင်၊ သဃ်ာ ဒိုပဋ္ဌာစိဝရ ခါရဏာ ဆိုသဖြင့်၊ရဟန်းနှင့်သာဆိုင်သည်ဟု မမှတ်နှင့်၊ ရဟန်းအသုံးအဆောင်ကိုသာ ပြသည်။ အထက်တွင် ဘော်ပြသော၊ ဘိက္ခုဝေ ဘိက္ခု သဒ္ဒါများသည်၊ သာမဏေ,လူ စသည်ကို ဟော သကဲ့သို့။ အသုံးအဆောင် နေရာမှာလည်း၊ မိမိတို့ အသုံးအဆောင် များကို၊ မိမိတို့ အပြောအဆို အခေါ်အဝေါ်နှင့်၊ ရှုမှတ်ပုံနည်းတွင် ပြခဲ့သောအတိုင်း၊ မိမိတို့၏ ဆိုင်ရာပစ္စည်း ဝတ္ထုများကို မှတ်ရှုရ လေသည်။

ပါဠိတော်၌ ပဇာနာတိ-သမ္ပဇာနကာရီ-နုပဿီ- ဟူ သော ပုဒ် များကို အပြားအားဖြင့် သိ၏၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်၊ အဘန်တလဲလဲ ရှုလေ့ရှိသည်ဟု အနက်ပေးသော်လည်း၊ သဘောမှာ သိမှတချသာ လိုရင်းဖြစ်၏။ ထို့ကြောင့် ရှုမှတ်ပုံ ဝိပဿနာအလုပ်ကို ပြသောအခါ၊ ရှေ့သို့တက်လျှင် တက်ဘယ်ဟု မှတ် စသည်ဖြင့် ဆိုခဲ့ ပေသည်။ ။ဤနေရာ၌၊ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ ရှိသည်ဟု အနက်ပေးသဖြင့်၊ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်များ သည်၊ သွားခြင်း ဣရိယာပုထ်ကို နှလုံးသွင်းသော အခါ၊ စိတ္တဇ ဝါယောဓာတ်က ဆောင်၍၊ အရိုးစုကြီးရှေ့သို့ ထောင်တက်သည် စသည်ဖြင့် ကြံစည် ဆင်ခြင်၍၊ ယောင်မှားပြီး အားထုတ်တတ်ကြ လေသည်။

ပါဠိတော် အဋ္ဌကထာတို့၌၊ ဇာနာတိ, ပဇာနာတိ - စသည်ဖြင့်၊ သိခြင်းအနက်ကို ဟောသော ပါဠိအမျိုးမျိုးလာ၏။ ထိုသို့လာရှိရာ၊ ဇာနာတိ စသော ပုဒ်မျိုးသည်၊ ပညာသိအနက်ကို အမြဲမချ ပြသည်

မဟုတ်။ ပစ္စုပ္ပန္နတ္တိ, သမ္ပစ္စာနကာရိ-စသော၊ ပ,ရှေးရှိသော ပုဒ်မျိုးသည်၊ ညဏ်သိ,ပညာသိ အနက်မျိုးကို၊ အမြဲမချပြသည်ဟု မှတ်အပ်၏။ သတိပဋ္ဌာန် ပါဠိတော်၌ လာသော၊ ပဇာနာတိ-စသော ပုဒ်မျိုးသည်၊ ဤညဏ်သိ,ပညာသိ အနက်မျိုးကိုသာပြသော ပုဒ်တို့ချည်းသာတည်း။ထို့ကြောင့် အထက်တွင် ပြခဲ့သောအတိုင်း၊ပညာသိ,ညာဏ်သိ အနက်မျိုးကို ဟောသောပုဒ်မျိုးကို၊ သိမှုတချမ့်သာ အနက် အဓိပ္ပါယ်ကို မှတ်သင့်ပေသည်။

အဘယ်ကြောင့် ဆိုသော်၊ ပစ္စဝေက္ခဏာ အရာ၌။ ။ပဋိသင်္ခါ ယောနိသော ပုန်ကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ပညာဖြင့် ဆင်ခြင်၍ဟု သဒ္ဒါကိုလိုက်၍ အနက်ပေးရိုးပြုကြ၏။ ၎င်းပဋိသင်္ခါပုန်ကို၊ ပဋိသင်္ခါယ ဇာနိတွာဟု၊ ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာတို့၌ ဘွင့်ပြ၏။နိဿျဆရာတော်ဘုရားကြီးသည်။ ထိုတည်ပုဒ်-ဘွင့်ပုဒ်တွေကို တပေါင်းတည်းပြု၍၊ ပဋိသင်္ခါယ ဇာနိတွာ၊ သိ၍။ ဤသို့ အနက်ပေးတော်မူ၏။ အလွန် သင့်မြတ်ပေသည်။ ကျေးဖူးရှင် မဟာ ဝိသုဒ္ဓါရာမ ဆရာတော်၊ ကျီကူစံ ဆရာတော်၊ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးတို့သည်။ နှစ်သက်တော်မူကြကုန်၏။ ထို့ကြောင့် ပဇာနာတိ,သမ္ပဇာနကာရီ ဟူသော ပုဒ်အရ၊ ဘွင့်ပြခဲ့သော အနက် အဓိပ္ပါယ်တို့ကို မှတ်သား ယုံကြည်သင့်လှပေသည်။

၎င်းပြင် အာနာပါနပဗ္ဗ၌၊ ထွက်သက်လေကို လွှတ်သည်ရှိသော်၊ ဝင်သက်လေကို ရှူရှိုက်သည် ရှိသော်-ဟု အနက်ပေးခြင်း။ ဣရိယာပထပဗ္ဗ၌၊ သွားစဉ်,ရပ်စဉ်,ထိုင်စဉ်,အိပ်စဉ်-ဟု အနက်ပေးခြင်း။ ဤသမ္ပဇညပဗ္ဗ၌၊စားသည်ရှိသော်၊သောက်သည်ရှိသော်-ဟု အနက်ပေးခြင်းများသည်၊ ပစ္စုပ္ပန်ကာလ တခုကိုသာ မချမှတ်ယူရမည်။ တရားအားထုတ်သောအခါ၊ အတိတ်ကာလ၌ ဖြစ်ပေါ်၍ လွန်ပြီးသော ရုပ်,နာမ်အမှုအရာ။ အနာဂတ်ကာလ၌၊ မဖြစ်ပေါ်လာသေးသော ရုပ်,နာမ်အမှုအရာများကို၊ မှတ်မရှု နှလုံးသွင်းခြင်း မပြုနှင့်။ ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ဖြစ်သော ရုပ်,နာမ်အမှုအရာကိုသာ၊ ရှုမှတ်ရမည် ဆိုလိုသည်။

**အတီတံ နာန္ဝာဂမေယျ၊ န ပဋိကင်္ခေ အနာဂတံ။**

**ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။**

**ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။**
**အသံဟီရံ အသင်္ကုပ္ပံ၊ တံ ဝိဒွါ အနုဗြူဟယေ။ ။**

**ဇဝံ အာတာပိ ဝိဟာရိံ၊ အဟောရတ္တ မတန္ဒိတံ။**
**တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။ ။**

(နေတ္တိ ပါဠိတော်)

ဝိဒ္ဓါ၊ ပညာရှိသည်။ အတီတံ၊လွန်လေပြီးသော ရုပ်,နာမ်ကို။နာန္တာဂမေယျ၊ မလိုက်မမှတ်ရာ။ အနာဂတံ၊ မဖြစ်ပေါ်သေးသော ရုပ်,နာမ်ကို။ န ပဋိကင်္ခေ မှတ်ခြင်းငှါ အလိုမရှိရာ။ အတီတံ၊လွန်လေပြီးသော။ ယံဓမ္မံ၊ အကြင်ရုပ်,နာမ်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထို ရုပ်, နာမ်သဘောသည်၊ ပဟီနံ၊ ကွယ်ပျောက်လေပြီ၊ အနာဂတံ၊ မဖြစ်ပေါ်သေးသော။ ယံဓမ္မံ၊ အကြင်ရုပ်,နာမ်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုရုပ်,နာမ်သဘောသည်။ အပ္ပတ္တဉ္စ၊ ရောက်လည်း မရောက်သေး။

တတ္ထတတ္ထ ခဏေခဏေ, ကာလေကာလေ, ဌာနေဌာနေ၊ ထိုထိုခဏခဏ ထိုထိုကာလကာလ၊ ထိုထိုဌာနဌာန၌၊ ပစ္စုပ္ပန္နံ၊ ယခုယခုဖြစ်သော၊ ယံဓမ္မံ၊ အကြင်ရုပ်,နာမ်,ခန္ဓာ အာရုံကို၊ ဝိပဿတိ၊ ရှုမြင်၏။ တံဓမ္မံ၊ ထိုရှုမြင်သော ယခုယခုဖြစ်သော ရုပ်,နာမ်, ခန္ဓာ အာရုံကို။ အသံဟီရံ၊ မပြောင်းမရွေ့မီ။ အသင်္ကုပ္ပံ မပျောက်မပျက်မီ။ အနုဗြူဟယေ၊ အစဉ်မပြတ်အောင် အဆင့်ဆင့် ပွားများရှုမှတ်ရာ၏။

အာတာပိ၊ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ အဟောရတ္တံ၊ နေ့ညဉ့်ပတ်လုံး။ အတန္ဒိတံ၊ မပျင်းမရိမူ၍။ ဇဝံဝိဟာရိံ၊ ဤသို့နေလေ့ရှိသော၊ တံ၊ ထိုယောဂီပုဂ္ဂိုလ်ကို၊ ဝေ၊ အမှန်စင်စစ်၊ ဘဒ္ဒေက ရတ္တောတိ၊ ကောင်းသောနေ့ညဉ့်ရှိသောသူဟူ၍။ သန္တော၊ ကိလေသာတို့မှ ငြိမ်းအေးတော်မူပြီးသော၊ မုနိ၊မြတ်စွာဘုရားသည်။ အာစိက္ခတေ၊ ဟောကြားတော်မူ၏။

အဓိပ္ပါယ်ကား၊ ဝိပဿနာ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ နာမ်,ရုပ်တို့၏ ဖြစ်ရာ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟု ကာလ ၃-ပါး ရှိသည်တွင်၊အတိတ်ကာလ၌ဖြစ်သော ရုပ်,နာမ်ကိုလိုက်၍ မရှုမမှတ်နှင့်၊ အတိတ် ရုပ်,နာမ်သည် လွန်ပြီး၍ ပျောက်ပျက်လေ၏၊ အနာဂတ်ကာလ၌ ဖြစ်သော ရုပ်,နာမ်ကိုလည်း၊ ရှုမှတ်ခြင်းငှါ အလိုမရှိနှင့်။

အနာဂတ် ရုပ်,နာမ်သည်၊ ဖြစ်မှုမဖြစ်သေး။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်,နာမ်ကိုသာ ရှုမှတ်လေ။ ထိုပစ္စုပ္ပန်ဖြစ်သော ရုပ်,နာမ်ကို ပျောက်ပျက်၍ မသွားမီ၊ နေရာ, ဌာန, ကာလ, ခဏ ရွှေ့ပြောင်း၍ မသွားမီ၊ ဖြစ်ပေါ်ဆဲခဏ၌ မိအောင် ရှုမှတ်ရမည်ဟု လာ၏။

၍အဓိပ္ပါယ်၌၊ အတိတ် ရုပ်,နာမ်သည်၊ ပျောက်ပျက်သွားပြီဖြစ်၍၊ ရှုမှတ်သော် ဉာဏ်၌မမိ။ ဉာဏ်၌ မမိလျှင်၊ ယထာဘူတ မကျ၊ ယထာဘူတ မကျလျှင်၊ ပရမတ်ကို မထိခိုက်။ ပရမတ်ကို မထိခိုက်လျှင်၊ ဝိပဿနာပင် မဖြစ်နိုင်။ အနာဂတ် ရုပ်,နာမ်သည်လည်း၊ ဖြစ်မှုမဖြစ်သေးပေ၍၊ ရှုမှတ်သော် ဉာဏ်၌မမိလေရာ။ ဉာဏ်၌ မမိလျှင်လည်း၊ အတိတ်ကဲ့သို့ အတူပင် ဝိပဿနာမဖြစ်ပေ။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်,နာမ်ကို မှတ်မှ၊ ပရမတ်သဘောကို ဉာဏ်၌မိ၍၊ ဝိပဿနာဖြစ်သည်ဟု ဆိုလို၏။ ထို့ကြောင့် ပစ္စုပ္ပန်ဖြစ်သော ရုပ်, နာမ် အမူအရာသဘောကိုသာ၊ ရှုမှတ်ပုံနည်းလမ်းကို အထက်၌ ဘော်ပြခဲ့လေသည်။

၍ဆိုအပ်ခဲ့ပြီးသော ကာလ ၃-ပါး၌ ဖြစ်သော ရုပ်,နာမ်တို့တွင်၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်,နာမ်သည်သာ၊ ပရမတ်အစစ်အမှန် ဖြစ်သော အဓိပ္ပါယ်မျိုးကိုရည်၍၊ "**အသစ်အသစ် ပရမတ်၊ အဟောင်းအဟောင်း ပညတ်**"ဟု မန္တလေးမြို့ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော ဒိပဲရင်းဆရာတော်ဘုရားကြီး ရေးသားတော်မူ၏။

၍နေရာ၌ ဝိသုဒ္ဓိမဂ်တွင်၊ ကာလ ၃-ပါး၌ဖြစ်သော ရုပ်,နာမ်ကို ဝိပဿနာရှုရမည်ဟု လာရှိသည်မှာ အလွန်ထင်ရှားလှ၍၊ ပစ္စုပ္ပန်တခုကိုသာ ဆိုခြင်းသည်၊ အဋ္ဌကထာနှင့်မညီဟု မေးမြန်းရန်ရှိပေ၏။ ဝိသုဒ္ဓိမဂ်၌၊ **ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ** စသည်ဖြင့်၊ ကာလ ၃-ပါးကို ပြသည်ကား မှန်၏။ မဟာသတိပဋ္ဌာန် ပါဠိတော်၌၊ **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ**-စသည်ဖြင့်၊ ပစ္စုပ္ပန် ကာလ တခုကိုသာ ဟောတော်မူ၏။ နေတ္တိပါဠိတော်၌လည်း၊ **အတီတံ နာနွာဂမေယျ**-စသည်ဖြင့်၊ ပစ္စုပ္ပန် ကာလကိုပင် ဟောတော်မူပြန်လေ၏။ ထို့ကြောင့် မေးမြန်းသောသူ၏ အလိုအားဖြင့်၊ အဋ္ဌကထာကို လုံးလုံးနှစ်သက်လျှင်၊ ပါဠိတော်ကို ပယ်ရှားရာရောက်၏။ ပါဠိတော် သဘောကို လုံးလုံး လိုက်လျှင်လည်း၊ အဋ္ဌကထာကို အလေးမပြုရာ ရောက်၍၊ ဉာဏ်ယောင်မှားရန်, မေးမြန်းရန် အချက်ပေတည်း။

အဋ္ဌကထာ၌ ပါဠိတော်ကို သဘောချင်း ညီမျှအောင် ယူဆရန်မှာ၊ ပါဠိတော်၌ လာသော အဓိပ္ပါယ်သည်၊ ပြုလုပ်ရပုံ သဘောကို ပြ၏။ အဋ္ဌကထာ၌ လာသော အဓိပ္ပါယ်သည်၊ ဖြစ်ပေါ်လာသော သဘောကို ပြ၏။ ဤကဲ့သို့ မှတ်ယူပါလျှင်၊ မဆန့်ကျင် မကွဲပြားဘဲ တသားတည်း ဖြစ်နိုင်ပေ၏။ အချုပ်မှာ၊ အလုပ်ကို အားထုတ်သော အခါ ပစ္စုပ္ပန် ကာလ တခု၌ ဖြစ်သော ရုပ်,နာမ်ကိုသာ ရှုမှတ်လျှင်၊ အတိတ်,အနာဂတ် တို့၌ ဖြစ်သော ရုပ်,နာမ်တို့ကိုလည်း၊ ဉာဏ်၌ ထင်ပြင် သိရှိ၍ လာလိမ့်မည်ဟု ဆိုလိုသည်။

ဥပမာကား။ လူတယောက်အား နှိပ်စက် သတ်ဖြတ်ရန်၊ ရန်သူ သုံး ယောက် တို့ လိုက် လာ ရာ၊ တ ယောက် မှာ လွန် သွား လျက်၊ တယောက်မှာ မရှိသေး၍၊ တယောက်မှာမူကား အနီးသို့ ကပ်ပြီး ရင်ဆိုင် ဖြစ်နေလေ၏။ ထို သုံး ယောက် တို့ တွင်၊ လွန် သွား သူနှင့် မရောက်လာ မရှိသေး၊ ကွာဝေးနေသော သူတို့ကို ဘမ်းသော်၊ မိမည် မဟုတ်၍ အကျိုး မရှိပေ။ ရင်ဆိုင်ဖြစ်၍ နီးကပ်နေသော သူကို ဘမ်းလျှင်၊ မိ၍ နိုင်နင်းရာ၏။ အနီးလူကို ဘမ်းမိ နိုင်နင်းပါလျှင်၊ အဝေးလူတို့ကိုလည်း မကပ်ဝံ့ဘဲ၊ ရှောင်လွှဲ ထွက်ပြေး၍ နိုင်ပြီး ဖြစ်လေ၏။

ဤ ဥပမာ အရ၊ လောက၌ ၃-ယောက်နှင့် တယောက်ကို မဆိုထားဘိ၊ ၅-ယောက်နှင့် တယောက်ပင် ဖြစ်သော်လည်း၊ တယောက်ကို ဘမ်းမိ နိုင်နင်းခဲ့လျှင်၊ ကျန် ၄-ယောက်တို့မှာ အနီးသို့ မကပ်မချဉ်းဝံ့ဘဲ၊ ရှောင်လွှဲ ပုန်းကွယ်ကြသည်မှာ ထင်ရှား၏။ ထို့အတူ ပစ္စုပ္ပန် ရုပ်,နာမ် တခုကို ရှုမှတ်လျှင်၊ ကျန် အတိတ်,အနာဂတ် ရုပ်,နာမ်တို့ကို သိမြင်၍ လာနိုင်၏။

သိပုံမှာ။ ။ဤကား၊ ဖြစ်ဆဲ ပစ္စုပ္ပန်။ ရှေးက ဖြစ်သည်ကား အတိတ်။ နောက် မဖြစ်သေးသည်ကား အနာဂတ်။ ဤသို့ သိမြင်၍ လာနိုင်၏။ မယုံလျှင် အားထုတ်စမ်းကြည့်က၊ ဟုတ်မှန်းကို ကိုယ်တိုင် ဒိဋ္ဌအားဖြင့် ထင်ရှားစွာ သိရှိ၍ လာကြပေလိမ့်မည်။

အံထက်တွင် ပြဆိုခဲ့သော နေတ္တိပါဠိတော်၌၊ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီးသည်။ အတီတံ၊ ကွေးပြီးသော။ အနာဂတံ၊ မကွေးရသေးသော။ ပစ္စုပ္ပန္နံ၊ ကွေးဆဲဖြစ်သော။ ခမ္ဘံ၊ အမှုအရာ သဘောကို။ ဤသို့ စသည်ဖြင့် အနက် ပေးစေသို၏။ အလွန်သင့်မြတ် လှပေသည်။

အဘယ့်ကြောင့် ဆိုသော်၊ ဝိပဿနာ အလုပ်မည်သည်၊ ပရမတ် ရုပ်,နာမ်ကို အဟုတ်အမှန် သိမှုသာ လိုရင်းဖြစ်၏။ ပရမတ်ဟူသည် လည်း၊ အမူအရာ သဘောမျှသာ ဖြစ်သောကြောင့်တည်း။ ရုပ်,နာမ် သင်္ခါရ အမူအရာ သဘောဟူသည်တို့သည်၊ ပရမတ် တရားချင်း အတူပင် ဖြစ်ကြကုန်သော်လည်း၊ အလုပ်ကိစ္စနှင့် စပ်သော ဌာနရာ၌၊ အမူအရာ သဘောကို ယူခြင်းသည် သာ၍ သင့်လျော်၏။

အကြောင်းမူကား၊ ရုပ်, နာမ်, ခန္ဓာ,သင်္ခါရ စသည်ဖြင့် အနက် ပေးခြင်းပြုရာ၌ အချို့သော ယောဂီတို့မှာ၊ သွားခြင်း, ရပ်ခြင်း, ကွေး ခြင်း,ဆန့်ခြင်း စသော အမူအရာများကို၊ ပရမတ် ရုပ်, နာမ်ဟူ၍ မထင်ဘဲ၊ သဂြိုဟ် စသော အဘိဓမ္မာ ကျမ်းဂန်တို့၌ လာသော၊ ရုပ် ၂၈-ပါး, နာမ် ၅၃-ပါးဟူသော အရေအတွက် သရုပ်,သဏ္ဍာ ဒေသ နာနည်းတို့ကိုသာ၊အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာ၍၊ဝိပဿနာမှုတို့၌ အသုံး ပြုတတ်ကြကုန်၏။ ထို့ကြောင့်၊ မင်းကွန်း ဆရာတော်ဘုရားကြီး၏ ထင်မြင်ယူဆပုံများကို သဘောကျသင့်လှပါ၏။

ယခု ဖော်ပြခဲ့သော ကာလသုံးပါးတွင်၊ပစ္စုပ္ပန်ကာလကို ယူခြင်း သည်၊ အလုပ်စ၍ တည်ထွင်ပုံ, အလုပ် အားထုတ်ပုံများကိုသာ မှတ် အပ်၏။ အနက်ပေး သဘော ယူဆပုံများကိုလည်း၊ဝိပဿနာ အလုပ် ကိစ္စနှင့် စပ်ဆိုင်ရာများ၌သာ မှတ်သားအပ်၏။ ဂန္ထန္တရာဝါ ဂန္ထာ မိတိ ပဇာနာတိ-စသည်ဖြင့် ဟောတော်မူအပ်သော၊ ဒေသနာ အရပ် ရပ်များကို ထောက်ထား ဆင်ခြင်၍၊ မျှော်မြင် စဉ်းစား သင့်ကြပေ သတည်း။

ယခု ပြဆိုခဲ့သော အာနာပါနပဗ္ဗ,ဣရိယာပထပဗ္ဗ,သမ္ပဇညပဗ္ဗတို့ သည်၊ သတိပဋ္ဌာန် ၄-ပါးတို့တွင်၊ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်ပုံ ဖြစ်၏။ ဤကာယာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်ပုံသည်၊ ပါဠိတော်၌ များစွာ လာရှိသော်လည်း၊ ဝိပဿနာ အရာမှာ လိုရင်း ဖြစ်သော အလုပ်နှင့် ဆိုင်ရာကိုသာ ထုတ်ဖော်၍၊ ရှုမှတ်ပုံ အစီအစဉ် နည်းလမ်းများကို၊ သိသာရုံမျှ ပြဆိုလိုက်၏။အကျယ်ကို သိလိုပါလျှင်၊ ပါဠိတော်တွင် ကြည့်ကြပါလေ။

သမ္ပဇည ၇-ဖြာကို ကျယ်ဝန်းစွာ ပြဆိုချက် ပြီး၏။

ကာယာ နုပဿနာ သတိပဋ္ဌာန်ကို ပြဆိုချက် ပြီး၏

ဝေဒနာ သတိပဋ္ဌာန်ကို သိမှတ်ရန် ပြဆိုခြင်း

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာတိ။ သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ။မဟာသတိပဋ္ဌာန်ပါဠိတော်။

.ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စပန၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်တလဲလဲ ရှုမှတ်လေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်၊ သုခံဝါ ဝေဒနံ၊ သုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒုက္ခံဝါ ဝေဒနံ၊ ဒုက္ခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ ဒုက္ခံဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ အဒုက္ခ မသုခံဝါ ဝေဒနံ၊ ဥပေက္ခာဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဒုက္ခ မသုခံဝေဒနံ၊ ဥပေက္ခာဝေဒနာကို။

ဝေဒယာမိတိ၊ခံစား၏ဟူ၍။ပဇာနာတိ၊သိ၏။သာမိသံဝ ါ၊ကာမဂုဏ်ကို မှီသည့်လည်းဖြစ်သော။ သုခံဝေဒနံ၊ကို။ဝေဒယမာနော၊သော်။သာမိ သံဝါ၊ကာမဂုဏ်ကို မှီသည့်လည်းဖြစ်သော။သုခံဝေဒနံ၊ကို။ ဝေဒယာ မိတိ၊၍။ပဇာနာတိ၊သိ၏။ နိရာမိသံဝါ ကာမဂုဏ်ကို မမှီသည့်လည်း ဖြစ်သော။ သုခံဝေဒနံ၊ ကို။ ဝေဒယမာနော၊သော်။ နိရာမိသံ၊ ကာမ ဂုဏ်ကို မမှီသော။ သုခံဝေဒနာ၊ကို။ ဝေဒနာမိတိ၊၍။ပဇာနာတိ၊သိ၏။ သာမိသံဝါ၊သော။ ဒုက္ခံဝေဒနံ၊ကို။ ဝေဒယမာနော၊သော်။ သာမိသံ၊ သော။ ဒုက္ခံဝေဒနံ၊ကို။ ဝေဒယာမိတိ၊၍။ ပဇာနာတိ၊သိ၏။နိရာမိသံဝါ၊ သော။ ဒုက္ခံဝေဒနံ၊ကို။ ဝေဒသမာနော၊သော်။ နိရာမိသံ'သော။ ဒုက္ခံ ဝေဒနံ၊ ကို။ ဝေဒယာမိတိ၊၍။ ပဇာနာတိ၊ သိ၏။ သာမိသံဝါ၊ သော။ အဒုက္ခ မသုခံဝေဒနံ၊ ကို။ ဝေဒယမာနော၊ သော်။ သာမိသံ၊ သော။ အဒုက္ခ မသုခံဝေဒနံ'ကို။ဝေဒယာမိတိ၊၍။ ပဇာနာတိ၊သိ၏။ နိရာမိသံ၊ သော။ အဒုက္ခ မသုခံဝေဒနံ၊ ကို။ ဝေဒယမာနော၊ သော်။ နိရာမိသံ၊ သော။ အဒုက္ခ မသုခံဝေဒနံ'ကို။ ဝေဒယာမိတိ ၍။ ပဇာနာတိ၊ သိ၏။ ဣတိ၊ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိ သန္တာန်၌လည်း။ ဝေဒနာသု၊ ဝေဒနာ ၃-ပါးတို့၌။ဝေဒနာနုပဿီ၊ဝေဒနာ ၃-ပါးကို အဖန်တလဲလဲရှုမှတ်လေ့ ရှိသည်ဖြစ်၍။ဝိဟရတိ၊ နေ၏။ဗဟိဒ္ဓါဝါ၊အပသန္တာန်၌လည်း။ဝေဒနာ သု၊တို့၌။ ဝေဒနာနုပဿီ၊၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တ ဗဟိဒ္ဓါဝါ၊ရံခါ မိမိသန္တာန်,ရံခါ အပသန္တာန်၌လည်း။ ဝေဒနာသု၊ တို့၌။ ဝေဒနာ နုပဿီ၊ ၍။ ဝိဟရတိ၊နေ၏။

ဤသို့ ပါဠိတော် လာသော နည်းအတိုင်း၊ ပရမတ် ရုပ်,နာမ်တို့၏ ဖြစ်ပျက်ဟန်ကို၊ဉာဏ်၌ အမှန် သိမြင်၍လာအောင်၊ဝေဒနာ ၃-ပါးကို ရှုမှတ် အားထုတ်၏။

အားထုတ်ပုံမှာ၊ ခန္ဓာကိုယ်၌ အေးလျှင် အေးတယ်ဟု မှတ်။ ပူလျှင် ပူတယ်ဟု မှတ်။ အိုက်လျှင် အိုက်တယ်။ ချမ်းလျှင် ချမ်းတယ်။ ချမ်းသာ လျှင် ချမ်းသာတယ်။ ဆင်းရဲလျှင် ဆင်းရဲတယ်ဟု မှတ်။ မူးလျှင် မူး တယ်။ဝေလျှင် ဝေတယ်။သမ်းလျှင် သမ်းတယ်။မောလျှင် မောတယ်။ ပန်းလျှင် ပန်းတယ်။ ဟိုက်လျှင် ဟိုက်တယ်ဟု မှတ်။ ပျို့လျှင် ပျို့တယ်။ အော့လျှင် အော့တယ်၊ အံလျှင် အံတယ်၊ နေကောင်းလျှင် ကောင်း တယ်၊ နေဆိုးလျှင် ဆိုးတယ်ဟု မှတ်။ ညောင်းလျှင် ညောင်းတယ်၊ ကိုက်လျှင် ကိုက်တယ်၊ ခဲလျှင် ခဲတယ်ဟု မှတ်။

ထုန်လျှင် ထုန်တယ်၊ ကျောင်လျှင် ကျောင်တယ်၊ စိမ့်လျှင် စိမ့်တယ်ဟု မှတ်။ မှိန်းလျှင် မှိန်းတယ်၊ ကျိန်းလျှင် ကျိန်းတယ်၊ စပ်လျှင် စပ်တယ် ဟု မှတ်။ အောင့်လျှင် အောင့်တယ်၊ အင့်လျှင် အင့်တယ်၊ ထိုင်းမှိုင်း လျှင် ထိုင်းမှိုင်းတယ်၊ ဝေလျှင် ဝေတယ်ဟု မှတ်။ တောင့်လျှင် တောင့်တယ်၊ တင်းလျှင် တင်းတယ်၊ ထိုးလျှင် ထိုးတယ်၊ သက်သာ လျှင် သက်သာတယ်၊ မသက်သာလျှင် မသက်သာဘူးဟု မှတ်။ ယား လျှင် ယားတယ်၊ နာလျှင် နာတယ်ဟု မှတ်။

စားသောက်သော အခါတို့၌လည်း၊ ချိုလျှင် ချိုတယ်ဟု မှတ်။ ချဉ်လျှင် ချဉ်တယ်၊အေးလျှင် အေးတယ်ဟု မှတ်။ဆိမ့်လျှင် ဆိမ့်တယ်၊ ပူလျှင် ပူတယ်၊ စပ်လျှင် စပ်တယ်ဟု မှတ်။ ပေါ့လျှင် ပေါ့တယ်၊ လေးလျှင် လေးတယ်၊ ငန်လျှင် ငန်တယ်၊ ဖန်လျှင် ဖန်တယ်၊ ခါးလျှင် ခါးတယ်ဟု မှတ်။ စားလို့ ကောင်းလျှင် ကောင်းတယ်၊ စားလို့ မကောင်းလျှင် မကောင်းဘူး၊ စားလို့ အရသာရှိလျှင် ရှိတယ်၊စားလို့ အရသာ မရှိလျှင် မရှိဘူးဟု မှတ်။

ဤကား ဝေဒနာ၌ သတိပဋ္ဌာန် ရှုမှတ်ပုံတည်း။

**အဓိပ္ပါယ်ကား။** ။ဝေဒနာ သုံးပါးတို့တွင်၊ သာယာစုံမက် နှစ်သက် သဘောကျ၍၊ ကောင်းမွန်ချမ်းသာ၊ ကြည်လင် ရွှင်လန်း၊ ဝမ်းမြောက် ဝမ်းသာ လှသဖြင့်၊ တောင့်တ လိုလားသော ဣဋ္ဌာရုံ အမူအရာ သဘောဟူသမျှသည်၊ သုခဝေဒနာမျိုးမည်၏။ ဤ သုခ ဝေဒနာ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ မသာယာ မနှစ်သက် သဘော မကျခြင်းစသော၊ အနိဋ္ဌာရုံ အမူအရာသဘောဟူသမျှသည်၊ ဒုက္ခဝေဒ နာမျိုးမည်၏။ ထိုဝေဒနာ ၂-ပါးတို့၏ အကြား၌ဖြစ်သော၊ သဘော ကျသည်လည်း မဟုတ်၊ သဘော မကျသည်လည်း မဟုတ်သော၊ မဇ္ဈတ္တာရုံ အမူအရာ သဘောဟူသမျှသည်၊ ဥပေက္ခာဝေဒနာမည်၏။

ၡင်းပြင် ခန္ဓာကိုယ်၌၊ ချမ်း, အေး, ပူ, အိုက် စသည်ဖြင့်၊ ပြခဲ့သော ရှုမှတ်ပုံမျိုးသည်၊ အဇ္ဈတ္တဝေဒနာကို ရှုမှတ်သည် မည်၏။ စားသောက် သော အာဟာရ စသည်၌၊ အချို, အချဉ် စသည်ဖြင့် ရှုမှတ်ပုံမျိုးသည်၊ ဗဟိဒ္ဓဝေဒနာကို ရှုမှတ်သည် မည်၏။ သမ္မောဟဝိနောဒနီ၌၊ အဇ္ဈတ္တ ဗဟိဒ္ဓ ခွဲပုံ၊ ဤဝေဒနာ နုပဿနာ၌၊ အဇ္ဈတ္တ ဗဟိဒ္ဓခွဲပုံများကိုမှီ၍၊ ကြွင်းကျန် သော ပဗ္ဗတို့၌ ခွဲပုံများကိုလည်း သိကြပါလေ။ အဇ္ဈတ္တ, ဗဟိဒ္ဓ၊

သမုဒယ,ဝယ စသည်ဖြင့် ဆိုသော်လည်း၊ ရှုမှတ်ပုံမှာ တသီးတခြား အထူးအထွေဟူ၍ မရှိတော့ပြီ။ အထက်တွင် ဖော်ပြခဲ့သောအတိုင်း ရှုမှတ်လျှင်၊ အလုံးစုံ ပါဝင်လေတော့သည်။

ဤဝေဒနာကို ရှုမှတ်ရာ၊အဋ္ဌကထာ၌ ပက်လက်အိပ်တတ်ခါမျှသာ ဖြစ်သော သူငယ်တို့ပင်သော်လည်း၊ နို့စို့သော အခါ စသည်၌၊ သုခ ဝေဒနာကို ခံစားသည်ဟု သိကြကုန်သေး၏။ ထိုသို့ သိသော်လည်း၊ သတ္တဝါဟူသောအယူ၊သတ္တဝါဟူသော အမှတ်သညာ မကင်းသဖြင့်၊ ကမ္မဋ္ဌာန်းဟူ၍ရင်း၊ သတိပဋ္ဌာန်ကို ရှုမှတ်သည် ဟူ၍ရင်း မဖြစ်နိုင်။ ယောဂီရဟန်းမှာမူကား၊ သတ္တဝါဟူသော အယူကိုစွန့်၍၊ သတ္တဝါ ဟူသော အမှတ်သညာကို ခွါသောကြောင့်၊ ကမ္မဋ္ဌာန်းလည်း ဖြစ်၏။ သတိပဋ္ဌာန်ကို ရှုမှတ်သည်လည်း မည်၏ဟူ၍ ဖွင့်ပြတော်မူသည်။

**တတ္ထ ကာမံ ဥတ္တာနသေယျကာပိ ဒါရကာ ထညပိဝနာဒိကာလေ သုခံ ဝေဒယမာနာ သုခံ ဝေဒယာမာတိ ပဇာနန္တိ၊န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉှိ ဇာနနံ သတ္တူပလဒ္ဓိံ န ဇဟာတိ၊ သတ္တသညံ န ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။ ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ဇဟာတိ၊ သတ္တသညံ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ။ ။**

(သုတ်မဟာ ၊ါ အဋ္ဌကထာ ၆ ဒနာ သတိပဋ္ဌာန် အဘွင့်။)

တတ္ထ ထိုစကားရပ်၌။ ဥတ္တာနသေယျကာ၊ပက်လက်အိပ်တတ်ခါမျှ ဖြစ်ကုန်သော။ဒါရကာပိ၊ကလေးသူငယ်တို့သည်မူလည်း။ ထညပိဝနာ ဒိကာလေ နို့ရည်ကိုသောက်ရသောအခါစသည်၌။ သုခံ၊သုခဝေဒနာ ကို။ဝေဒယမာနာ၊ခံစားကုန်သည်ရှိသော်။သုခံ၊သုခဝေဒနာကို။ ဝေဒ ယာမာတိ၊ ခံစားကုန်၏ဟူ၍။ကာမံ ပဇာနန္တိ၊ အကယ်၍ကား သိကြ ကုန်၏။ ပန၊ထိုသို့ပင် သိကြကုန်သော်လည်း။ ဧတံ၊ဤသုခံဝေဒနံ ဝေဒ ယာမိ အစရှိသော စကားကို။ ဧဝရူပံ၊ဤသို့သဘောရှိသော၊ ဇာနနံ၊ သိခြင်းမျိုး ။ ။သန္ဓာယ၊ရည်၍၊န ဝုတ္တံ ဟောတော်မမူအပ်။

ဟိ သ ၊အမှန်ဟုက ၏။ဧဝ ရူပံ၊ဤသို့သဘောရှိသော၊ဇာနနံ သိခြင်း မျိုးသည်၊သတ္တ လဒ္ဓိံ၊သတ္တဝါဟူသော အယူကို၊န ဇဟာတိ၊မစွန့်နိုင်၊ သတ္တသညံ၊သတ္တ ါဟူသော အမှတ်သညာကို၊န ဥဂ္ဃာဋေတိ၊မခွါနိုင်၊

ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းသော်လည်း။ န ဟောတိ၊ မဖြစ်။ သတိပဋ္ဌာနဘာဝနာ ဝါ၊ သတိပဋ္ဌာန်ကို ရှုမှတ်ပွားများခြင်းသော်လည်း။ န ဟောတိ၊ မဖြစ်နိုင်။ ဣမဿ ဘိက္ခုနော၊ ဤရဟန်း၏။ ဇာနနံ ပန၊ မှတ်၍ သိသော သိခြင်းမျိုးသည်ကား။ သတ္တူပလဒ္ဓိံ၊ သတ္တဝါဟူသောအယူကို။ ဇဟတိ၊ စွန့်နိုင်၏။ သတ္တသညံ၊ သတ္တဝါဟူသောအမှတ်သညာကို။ ဥဂ္ဃာဋေတိ၊ ခွါနိုင်၏။ ကမ္မဋ္ဌာနဉ္စေဝ၊ ကမ္မဋ္ဌာန်းသော်လည်း။ ဟောတိ၊ ဖြစ်၏။ သတိပဋ္ဌာနဘာဝနာစ၊ သတိပဋ္ဌာန်ကို ရှုမှတ်ပွားများခြင်းသော်လည်း။ ဟောတိ၊ ဖြစ်၏။

အထူးမှာ ကမ္မဋ္ဌာနပုဒ်ဖြင့်၊ ဓာတ် ကမ္မဋ္ဌာန်းကိုယူ။ သတိ ပဋ္ဌာန ဘာဝနာပုဒ်ဖြင့်၊ သုဒ္ဓဝိပဿနာကိုယူ၊ ဤသို့ အဋ္ဌကထာ၌ လာသော စကားကို ဆင်ခြင်စဉ်းစား၍၊ မှတ်သား ယုံကြည်သင့်ပေ၏။ အထက်တွင် ပြခဲ့သော အသိသုံးမျိုးတို့ ဥပမာဖြင့်လည်း နှိုင်းယှဉ်၍ ကြည့်ပါလေ။ ဤနေရာ၌ ကွေးတယ်, ဆန့်တယ်, စားတယ်, သောက်တယ်, ပူတယ်,အေးတယ် စသည်ကို မှတ်ရုံမျှနှင့်၊ ရုပ်,နာမ်တို့ ၏ အဖြစ်အပျက် လျင်မြန်သည်ကို သိမြင် နိုင်ပါမည်လောဟု မေးခဲ့လျှင်၊ ပြဆိုခဲ့သည့် အတိုင်း အခိုက်အတန့် ထိအောင်,မိအောင် မှတ်ခဲ့ပါလျှင်၊ ရုပ်,နာမ် တို့ အဖြစ်အပျက် မြန်သော်လည်း၊ အမှန်ပင် သိမြင်နိုင်၏ဟု ဖြေဆို အပ်ပေသည်။

**ရင်းအမေး၌ သိမြင်နိုင်ပုံကို ဥပမာဖြင့် ထင်စွာပြဆိုပေအံ့။ ။**
လောက၌ မီးရထား,မီးသင်္ဘော စသောစက်ကြီးယာဖြင့် ပြုလုပ်သော အဆောက် အဦ တို့သည် ရှိကုန်၏။ ထို မီးရထား, သင်္ဘော တို့ကို သွားစေ လိုသောအခါ၊ စက်ဗိုလ် ဆလင်တို့သည် စက်ကြီးယာတို့ကို ပြင်ဆင်၍၊ မိမိတို့ လုပ္ပယောဂဖြင့်၊ များစွာအားစိုက်၍ လှည့်ကြ လေရာ၊ မူလအစမှာ အနည်းငယ်မျှသာ စက်များ လည်၏။ မီးရထား, မီးသင်္ဘောမှာ၊ လှုပ်ရုံမျှ မရှိသေးပေ။

သို့သော်လည်း ဤကဲ့သို့ လှည့်၍ အရှိန်ရသောအခါ၊ စက်ကြီးယာ သည် အလွန် မြန်စွာလည်၍၊ မီးရထား, မီးသင်္ဘောကြီး တို့ကိုပင်၊ အလိုရှိရာ အရပ်သို့ ဆွဲငင်ဆောင်ယူ၍ သွားနိုင်လေ၏။ ဤကဲ့သို့ အရှိန်ရ၍ စက်ကြီးယာတို့ လည်ခြင်းသည်၊ စက်ဗိုလ် ဆလင်တို့ အား စိုက်၍ လှည့်သော အခါထက် ဆပေါင်း ထောင်,သောင်းမက လျင် မြန်စွာ လည်၍လာကြလေ၏။ ထိုအခါ စက်ဗိုလ် ဆလင်တို့သည်၊

စက်ကြိုးယာတ္တိုကို မကိုင်မလှည့်ကြဘဲ၊ အသာထိုင်၍ ကြည့်ရှုနေကြရသဖြင့်၊ စက်ကြိုးယာတ္တိုသည်၊ မိမိတို့ ဘာသာအလျောက်၊ အလွန်လျင်မြန်စွာလည်၍ နေကြလေ၏။

ထိုအတူ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ အလုပ်ခွင်သို့ ဝင်၍ ကွေးတယ်, ဆန့်တယ်, စားတယ်, သောက်တယ်,ပူတယ်,အေးတယ် စသည်ဖြင့်၊ ဖြစ်ပေါ်လာသော အမှုအရာသဘောကို၊ အစဉ်အတိုင်း မပြတ်မလပ်စေဘဲ မှတ်နေလေရာ။ ပထမ မှတ်စအခါမှာ၊ မှတ်ထားလောက်ကိုပင် အနည်းငယ်မျှသာ သိမြင်နိုင်ပေသေး၏။ မေ့၍နေသည့် ကာလ များပြား ပေလိမ့်ဦးမည်။ သို့သော် ဤကဲ့သို့ မနားမရပ်ဘဲ မှတ်နေသဖြင့်၊ လိုက်စဉ်အချိုးကျ၍ အမှတ်စိပ်လာသောအခါ၊ အသိဉာဏ်တွေ များပြားစွာ ဖြစ်ပေါ်လာနိုင်၏။ ဤသို့ အမှတ်စိပ်လာ၍ အသိဉာဏ်ပေါ်ခြင်းသည်၊ မှတ်၍သိသောအခါထက်၊ အလွန်လျင်မြန် များပြားစွာ သိမြင်၍ လာတတ်ပေသည်။

တချက်မှတ်ရာ၌ ၂-ချက် ၃-ချက်စသည်ဖြင့် သိမြင်တတ်၏။ တမျိုးကို မှတ်သောခဏ၌၊ ၂-မျိုး ၃-မျိုး စသည်ကိုပင် သိမြင်တတ်လေ၏၊ ဥပမာ သွားတာတခုကို သွားတယ်ဟု မှတ်သောခဏ၌၊ သွားတာကိုလည်းသိ၏၊ မြင်တာ ကြားတာစသည်ကိုလည်း သိလာတတ်သေး၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်က မမှတ်နိုင်တော့ဘဲ၊ အသိဉာဏ်တွေသည် ဘာသာအလျောက် ဆက်စပ်ပေါ်ပေါက်၍လာလေတော့သည်။

ဤဥပမာ၌မီးရထား,မီးသင်္ဘောတို့၏စက်ကြိုးယာသည်၊ဝိပဿနာကမ္မဋ္ဌာန်းနှင့် တူ၏၊ စက်ဗိုလ်ဆလင်တို့သည်၊ ယောဂီပုဂ္ဂိုလ်နှင့် တူ၏၊ စက်ကြိုးယာကို လှည့်၍ အနည်းငယ်မျှ လည်ခြင်းသည်၊ ဝိပဿနာကို ရှုမှတ်စအခါ၌ မှတ်ထားလောက်မျှကို သိမှုနှင့် တူ၏။ စက်အရှိန်ရ၍ လျင်မြန်စွာ လည်လာခြင်းသည်၊ လိုက်စဉ်မှတ်ပုံအချိုးကျ၍ ဝိပဿနာဉာဏ် ဖြစ်ပေါ်မှုနှင့် တူ၏၊ စက်ကြိုးယာ လျင်မြန်စွာ လည်လာသဖြင့်၊ စက်ဗိုလ်ဆလင်တို့သည် မလှည့်ရတော့ဘဲ အသာထိုင်၍ ကြည့်ရှုနေရခြင်းသည်၊ အသိဉာဏ်တွေ ဖြစ်ပေါ်လာသောအခါ၊ မှတ်ခြင်းကို မပြုမူ၍၊ ဥပေက္ခာ လျစ်လျူရှုနေရမှုနှင့် တူလေ၏။ ။ဤဥပမာအတိုင်း မှတ်ယူကြပါလေ။ မယုံကြည် သဘောမကျမူ၊ အားထုတ်စမ်းကြည့်က ကိုယ်တိုင်ဗိုဓ သိကြရပေလိမ့်မည်၊

**ဝေဒနာ နုပဿနာကမ္မဋ္ဌာန်းကို ပြဆိုချက် ပြီး၏။**

## စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပြဆိုခြင်း

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။ သဒေါသံဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ။ သမောဟံဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။ သံခိတ္တံဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တံဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။ မဟဂ္ဂတံဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ အမဟဂ္ဂတံဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။

(မဟာသတိပဋ္ဌာန် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စပန၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ကို အဖန်တလဲလဲ ရှုမှတ်လေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံဝါ၊ ရာဂနှင့်တကွ လည်းဖြစ်သော။ စိတ္တံ၊ လောဘမူစိတ် ရှစ်ခုကို။ သရာဂံ စိတ္တန္တိ၊ ရာဂ နှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝီတရာဂံဝါ ရာဂ ကင်းသည်လည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ် ကို။ ဝီတရာဂံ စိတ္တန္တိ၊ ရာဂကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သဒေါသံဝါ၊ ဒေါသနှင့်တကွလည်း ဖြစ်သော။ စိတ္တံ၊ ဒေါသမူစိတ် နှစ်ခုကို။ သဒေါသံ စိတ္တန္တိ၊ ဒေါသနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာ နာတိ၊ သိ၏။ ဝီတဒေါသံဝါ၊ ဒေါသကင်းသည်လည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတဒေါသံ စိတ္တန္တိ၊ ဒေါသ ကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သမောဟံဝါ၊ မောဟနှင့် တကွလည်းဖြစ်သော။ စိတ္တံ၊ မောဟမူစိတ်နှစ်ခုကို။ သမောဟံ စိတ္တန္တိ၊ မောဟနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏၊ ဝီတမောဟံ ဝါ၊ မောဟကင်းသည်လည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတမောဟံ စိတ္တန္တိ၊ မောဟကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သံခိတ္တံဝါ၊ တွန့်သည်လည်း ဖြစ်သော၊ စိတ္တံ၊ လောဘမူ, ဒေါသမူ, သသင်္ခါရိကစိတ် ငါးခုကို။ သံခိတ္တံ စိတ္တန္တိ၊ တွန့်

သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝိက္ခိတ္တံဝါ၊ ပြန့်လွင့်သည်လည်း ဖြစ်သော။စိတ္တံ၊ ဥဒ္ဓစ္စ သဟဂုတ်စိတ်ကို။ ဝိက္ခိတ္တံ စိတ္တန္တိ၊ ပြန့်လွင့်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ မဟဂ္ဂတံဝါ၊ မြတ်သော အဖြစ်သို့ ရောက်သည်လည်း ဖြစ်သော။ စိတ္တံ၊ ရူပါဝစရစိတ်ကို။ မဟဂ္ဂတံ စိတ္တန္တိ၊ မြတ်သောအဖြစ်သို့ ရောက်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အမဟဂ္ဂတံဝါ၊ မြတ်သောအဖြစ်သို့ မရောက်သည်လည်း ဖြစ်သော။ စိတ္တံ၊ ကာမာဝစရစိတ်ကို။ အမဟဂ္ဂတံ စိတ္တန္တိ၊ မြတ်သော အဖြစ်သို့ မရောက်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤစိတ္တာနုပဿနာသတိပဋ္ဌာန်၌ အဋ္ဌကထာလာတိုင်း၊ စိတ်တို့၏ သင်္ချာသရုပ်ကို ဘောင်ထုတ်၍ အနက်ပေးထားသဖြင့်ရင်း၊ ဒွါရခြောက်ပါး, အာရုံခြောက်ပါးတို့နှင့် စပ်ယှဉ်နေသဖြင့်ရင်း၊ ပါဠိ့တော် အဋ္ဌကထာ၌ လာသောအတိုင်း ရှုမှတ်ပါလျှင်၊ လုံးထွေးရောယှက်နေ၍၊ အားထုတ်သော သူတို့ဉာဏ်၌၊ သဘာဝ မထိခိုက်နိုင်ဘဲ လှဲချော်၍ နေတတ်လေ၏။

**ဥပမာကား**။ သရာဂံဝါ၊ ရာဂနှင့် တကွလည်း ဖြစ်သော။ စိတ္တံ၊ လောဘမူစိတ် ၈ချက်ကို။ သရာဂံ စိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဤသို့စသည်ဆိုသဖြင့်၊ အလုပ်ကိုလုပ်သော ယောဂီ ပုဂ္ဂိုလ်တို့မှာ မရှင်းလင်းနိုင်ပေ။ ထို့ကြောင့် အစိတ်စိတ် ဝေဘန်ခွဲခြမ်း၍ အားထုတ်သင့်လှပေသည်၊

**အားထုတ်ပုံမှာ**။ မျက်စိဖြင့် အဆင်း အမျိုးမျိုးကို မြင်ရသော အခါ၊ မြင်တယ်ဟု မှတ်။ အနီ,အပြာ,အဝါ,ကျောင်း စသည်ဖြင့် မြင်အပ်သောအဆင်း၊ မြင်အပ်သောသဏ္ဌာန်တို့ကို မလိုက်နှင့်၊ မြင်လျှင် မြင်တယ်ဟု မှတ်။ နားဖြင့် အသံအမျိုးမျိုးကို ကြားသောအခါ၊ ကြားတယ်ဟု မှတ်။လူသံ,ခွေးသံ,ကြက်သံ,ဝက်သံ,ငှိသံ,ရယ်သံ စသည်ကို မလိုက်နှင့်၊ ကြားလျှင် ကြားတယ်ဟု မှတ်။ နှာခေါင်းဖြင့် အနံ့အမျိုး မျိုးကို နံသောအခါ၊ နံတယ်ဟု မှတ်။ အမွှေးနံ့, အပုပ်နံ့, ရေမွှေးနံ့, ခွေးပုပ်နံ့ စသည့်ကို မလိုက်နှင့်၊ နံလျှင် နံတယ်ဟု မှတ်။ လျှာဖြင့် အစာအမျိုးမျိုးကို စားသောအခါ၊အချိုဟု သိလျှင် သိတယ်ဟု မှတ်။ သကြား,ထန်းလျက်, ပျား, တင်လဲ စသည်ကို မလိုက်နှင့်။ အချဉ်ဟု သိလျှင် သိတယ်ဟု မှတ်။ ရှောက်, သံပုရာ, မန်ကျည်း စသည်ကို မလိုက်နှင့်။ ထို့အတူ အပူ,အစပ်,အဆိမ့်,အဖန်,အငန်,အခါး တို့ကို

သိသောအခါ သိတယ်ဟု မှတ်။ အစာ၏ အမည်ကို မလိုက်နှင့်။ ဤနည်း အတိုင်း စားအပ်သော အစာ အာဟာရတို့၏ အရသာ သဘောမျှကိုသာ မှတ်လေ။

ဖေါဋ္ဌဗ္ဗာရုံ၌၊ တစုံတခုသော သက်နီး, သပိတ်, ပရိက္ခရာ,ပုဆိုး, ထမိ,အင်္ကျီ,ပုဝါတို့နှင့်၊ ထိလျှင် ထိတယ်ဟု မှတ်။ ထိတာကို သိလျှင် သိတယ်ဟု မှတ်။ တွေ့ထိသော အထည် ဝတ္ထုတို့ကို မလိုက်နှင့်။ တပါးသော ဝတ္ထုတို့နှင့် တွေ့ထိသောအခါ၊ သိရှိသော အခါတို့၌လည်း၊ ထိတယ်,သိတယ် ဟူ၍သာ မှတ်လေ။ ဓမ္မာရုံ၌၊ လောဘဖြစ်၍ လိုချင်လျှင် လိုချင်တယ်ဟု မှတ်။ အလိုရှိသော ဝတ္ထုများကို မပါစေနှင့်။ မလိုချင်လျှင် မလိုချင်ဘူးဟု မှတ်။ ဒေါသ ဖြစ်၍ စိတ်ဆိုးလျှင် ဆိုးတယ်၊ မဆိုးလျှင် မဆိုးဘူးဟု မှတ်။ မောဟဖြစ်၍ တွေဝေလျှင် တွေဝေတယ်၊ မိန်းမောလျှင် မိန်းမောတယ်၊ သတိလစ်လျှင် လစ်တယ်၊ မေ့လျှင် မေ့တယ်၊ မသိလျှင် မသိဘူးဟု မှတ်။ မသိသာလျှင် မသိသာဘူး၊ မထင်ရှားလျှင် မထင်ရှားဘူးဟု မှတ်။ ဤနေရာ၌ အဘိဓမ္မာ ကျမ်းဂန်တို့တွင်လာသော မောဟဝါရပိထိကို သတိပြုပါလေ။

တွေးတောလျှင် တွေးတောတယ်၊ ကြံစည်လျှင် ကြံစည်တယ်၊ ဆင်ခြင်လျှင် ဆင်ခြင်တယ်၊ စဉ်းစားလျှင် စဉ်းစားတယ်ဟု မှတ်။ ဝန်တိုလျှင် ဝန်တိုတယ်၊ နှမြောလျှင် နှမြောတယ်၊ ယုံမှားလျှင် ယုံမှားတယ်ဟု မှတ်။ ဝမ်းမြောက်နှစ်သက် သနားချစ်ခင်လျှင် ထို အတိုင်း မှတ်။ စိတ်အာရုံ မန္တလေးရောက်,ရန်ကုန်ရောက်,သားသမီးထံရောက်, ပစ္စည်းထံရောက် စသည်ဘို့ကို ရောက်တယ်ဟု မှတ်။ ဤသို့ စသည်ဖြင့် စိတ်၌ ကောင်းသောအာရုံ, မကောင်းသော အာရုံတို့ ထင်လာသော အခါ၊ အထက်တွင် ပြခဲ့သောအတိုင်း သူ၏သဘာဝကို ကျနထိမိုက် အောင် မှတ်လေ။ ။ဤကား သတိပဋ္ဌာန် ရှုမှတ်ပုံတည်း။ ။ အဓိပ္ပါယ်မှာ။ ။ဤ စိတ္တာနုပဿနာ၌၊ ယခု ပြဆိုခဲ့သော ရှုမှတ်ပုံ နည်းမျိုးကို သဘောမကျ မကျေနပ်ရှိနေပါလျှင်၊အောက်တွင် ဘော်ပြ ထားသော ပဋ္ဌာန်း ဒေသနာတော်,သံယုတ်ဒေသနာတော်များကို စဉ်းစား ဆင်ခြင်၍ နှိုင်းယှဉ် ကြံစည်ကြပါလေ။

**စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။** ။စက္ခုံ၊ မျက်စိ ကိုရင်း။ ရူပေစ၊ အဆင်းတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍၊ စက္ခုဝိညာဏံ၊ မျက်စိဖြင့် မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ **။သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ**

**သောတဝိညာဏံ။** ။သောတဉ္စ၊ နားကိုရင်း။ သဒ္ဒေစ၊ အသံတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ သောတဝိညာဏံ၊ နားဖြင့်ကြားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ **ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ။** ။ဃာနဉ္စ၊ နှာခေါင်းကိုရင်း။ ဂန္ဓေစ၊ အနံ့တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဃာနဝိညာဏံ၊ နှာခေါင်းဖြင့် နံခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။** ။ဇိဝှဉ္စ၊ လျှာကို ရင်း။ ရသေစ၊ အစာအာဟာရ တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဇိဝှါဝိညာဏံ၊ လျှာဖြင့် စားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။** ။ကာယဉ္စ၊ ကိုယ်ကိုရင်း။ ဖောဋ္ဌဗ္ဗေစ၊ အတွေ့တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကိုယ်ဖြင့် ထိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။** ။မနဉ္စ၊ စိတ်ကို ရင်း။ ဓမ္မေစ၊ သဘောတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ မနောဝိညာဏံ၊ စိတ်ဖြင့် သိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ စသည်ဖြင့် ဒွါရ ခြောက်ပါးနှင့် အာရုံခြောက်ပါးကိုမှီ၍၊ ဝိညာဏ်ခြောက်ပါးတို့ ဖြစ်ပေါ်လာပုံများကို၊ ပဋ္ဌာန်းကျမ်း၌ မြတ်စွာ ဘုရား ဟောကြားတော်မူ၏။ ၎င်း အဘိဓမ္မာ ပဋ္ဌာန်းကျမ်းမြတ်၌၊ စိတ် ဝိညာဏ်တို့ ဖြစ်ပေါ်ရာ အကြောင်း ပစ္စယတို့နှင့် တွဲစပ်၍ လာရှိသော်လည်း၊ ဝိပဿနာ အားထုတ်သော ယောဂီပုဂ္ဂိုလ်မှာမူ၊ ထို အကြောင်းတွေကို မလိုက်ဘဲ၊ သုတ္တန် ဒေသနာတော်၌ လာသည့် အတိုင်း၊ မြင်လျှင် မြင်တယ်၊ ကြားလျှင် ကြားတယ်ဟူ၍သာ မှတ် အပ်၏။

ပဋ္ဌာန်းစသော အဘိဓမ္မာ ကျမ်းဂန်တို့၌ လာသော နည်းလမ်း များသည်၊ သဘာဝဓမ္မတို့၏ ဖြစ်စဉ်ကို ပြခြင်းမျှသာဖြစ်၏၊ တရား အားထုတ်ရန် အတွက်နှင့် ပြဆိုသည်မဟုတ်ပေ။ အားထုတ်ရန် နည်း လမ်းများကို သုတ္တန်ကျမ်းဂန်တို့၌ အမျိုးမျိုးခွဲခြမ်း၍ ဟောတော်မူ၏။ ဤနေရာမျိုး၌ အဘိဓမ္မာဒေသနာတော်နည်းသည်၊ မဂ်,ဖိုလ်သို့ ပေါက် ရောက်အောင် အားထုတ် ပြုလုပ်ရန် မဟုတ်၊ တရား အားထုတ်၍ ပေါက်ရောက်ပြီးသော ပုဂ္ဂိုလ်တို့ သုံးသပ် ဆင်ခြင်ခံစားရန်၊ ပဋိသမ္ဘိ ဒါဉာဏ် အတွက်မျှသာ ပြဆိုပေသည်ဟု၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါ

ရာမ ဆရာတော်၊ မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီးတို့ မိန့်ကြားတော်မူကြပြန်၏။

သဘောမှာ၊ ဒွါရ ၆-ပါး၌ ထိခိုက်လာသော အာရုံ ၆-ပါးကို၊ ဝိညာဏ် ၆-ပါးဖြင့် သိသည်ဟု ဆိုသော်လည်း၊ ဝိညာဏ် ၆-ပါးလုံး သိနိုင်သည်မဟုတ်၊ မနောဝိညာဏ် တခုသာလျှင် သိနိုင်ပေ၏။ ဤသဘောမျိုးကိုရည်၍၊ အထက်တွင် ဘော်ပြခဲ့သော ပဋ္ဌာန်းဒေသနာတော်ကို ပေါ် လွင်ထင်ရှားစေရန် အနက်ပေးခဲ့ပေသည်။ ။ချက်မိန့်အဆင်းတို့ ထိခိုက်သောအခါ၊ စက္ခုဝိညာဏ်သည်၊ မြင်ခြင်းမျှသာ စွမ်းနိုင်၏။ အပြူ,အနီ,အကြီး,အငယ် စသည်ကို သိခြင်းသည်၊ မနောဝိညာဏ်ပေတည်း။ ထိုအတူ ဒွါရနှင့် အာရုံတို့ တွေ့ဆုံထိခိုက်ရာတို့၌၊ သောတဝိညာဏ်,ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်တို့၏ သဘောနှင့်၊ မနော ဝိညာဏ်၏ သဘောများကို ပိုင်းခြား၍ သိကြပါလေ။

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပြဆိုချက် ပြီး၏။

---

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပြဆိုခြင်း

ဤဓမ္မာနုပဿနာ သတိပဋ္ဌာန်သည်၊ နီဝရဏပဗ္ဗ, ခန္ဓပဗ္ဗ,အာယတနပဗ္ဗ၊ ဗောဇ္ဈင်္ဂပဗ္ဗ,သစ္စပဗ္ဗဟု ပါဠိတော်၌ အစီအစဉ် လာရှိသော်လည်း၊ အလုပ်ကိစ္စ၌ အချုပ်ဖြစ်သော ခန္ဓပဗ္ဗတခုကိုသာ ပါဠိသရုပ်နှင့်ထုတ်ဆောင်၍ ပြပေအံ့။ ကြွင်းသော ပဗ္ဗတို့မှာ၊ ထိုက်သည်အားလျော်စွာ အလုပ်၌ ပါဝင် ပြီးစီးနိုင်ကြလေသည်။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟရတိ၊ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမေ ။ ဣတိ ဝိညာဏံ၊

**ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ။**

(မဟာသတိပဋ္ဌာန် ပါဠိတော်)

ဘိက္ခဝေ၊ရဟန်းတို့။ ပုန စ၊တဘန်လည်း။ အပရံ၊တပါးတုံ။ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာဖြစ်ကုန်သော။ ဓမ္မေသု၊တရားတို့၌။ ဓမ္မာနုပဿီ ဥပါဒါနက္ခန္ဓာ တရားငါးပါးတို့ကို၊ အဖန်တလဲလဲ ရှုမှတ်လေ့ ရှိသည်ဖြစ်၍၊ဝိဟရတိ၊ နေ၏။ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စ ပန၊အဘယ်သို့လျှင်။ ပဉ္စသု၊ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာ ဖြစ်ကုန်သော၊ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊၍။ ဝိဟရတိ၊နေသနည်း။ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ဤသာသနာတော်၌၊ဘိက္ခု၊ရဟန်းသည်။ဣတိ-ဣဒံ၊ဤသည်ကား။ ရူပံ ရုပ်တည်း။ ဣတိအယံ၊ဤသည်ကား။ ရူပဿ၊ရုပ်၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိအယံ၊ဤသည်ကား။ ရူပဿ၊ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ ဝေဒနာ၊ ဝေဒနာတည်း။ ဣတိအယံ၊ ဤသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ အတ္ထင်္ဂမော၊ချုပ်ခြင်းတည်း။ ဣတိအယံ၊ဤသည်ကား။ သညာ၊သညာ တည်း။ ဣတိအယံ၊ ဤသည်ကား။ သညာယ၊သညာ၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ဣတိအယံ၊ဤသည်ကား။ သညာယ၊သညာ၏။ အတ္ထင်္ဂမော၊ချုပ်ခြင်းတည်း။ ဣတိ-ဣမေ၊ဤသည်တို့ကား။သင်္ခါရာ၊သင်္ခါရ တို့တည်း။ ဣတိအယံ၊ ဤသည်ကား။သင်္ခါရာနံ၊ သင်္ခါရတို့၏။သမုဒယော ဖြစ်ခြင်းသည်။ဣတိအယံ၊ဤသည်ကား။သင်္ခါရာနံ၊တို့၏။အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိဣဒံ၊ ဤသည်ကား။ ဝိညာဏံ၊ ဝိညာဏ် တည်း။ဣတိအယံ၊ဤသည်ကား။ဝိညာဏဿ၊ဝိညာဏ်၏။သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိအယံ၊ဤသည်ကား။ ဝိညာဏဿ၊ဝိညာဏ်၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိ၊ဤသို့။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန် ၌လည်း။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာ ငါးပါး တရားတို့၌၊ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို၊ အဖန်တလဲလဲ ရှုမှတ်လေ့ ရှိသည် ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါ ဝါ၊အပသန္တာန်၌လည်း။ ဓမ္မေသု၊တို့၌။ ဓမ္မာနုပဿီ ၍။ ဝိဟရတိ၊နေ၏။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ၊ ရံခါ မိမိသန္တာန်၊ ရံခါ အပသန္တာန်၌လည်း၊ဓမ္မေသု၊တို့၌၊ဓမ္မာနုပဿီ၊၍၊ဝိဟရတိ၊နေ၏။

ဤ ဓမ္မာနုပဿနာကို ရှုမှတ်ပုံသည်၊ နောက်က ပြခဲ့ပြီးသော နည်းအတိုင်းပင် ဖြစ်၏။ ရူပက္ခန္ဓာကို ရှုမှတ်လျှင်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၌ ပြခဲ့သောအတိုင်း ရှုမှတ်ရာ၏၊ ဝေဒနာက္ခန္ဓာကို ရှုမှတ်လျှင်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၌၊ ပြခဲ့သော နည်းအတိုင်းပင် ရှုမှတ်ရာ၏။ ဝိညာဏက္ခန္ဓာကို ရှုမှတ်လျှင်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၌၊ ပြခဲ့သော နည်းအတိုင်း ရှုမှတ်ရာ၏။ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့ကို ရှုမှတ်လျှင်လည်း နောက်က ပြခဲ့ပြီးသော နည်းအတိုင်းပင် ရှုမှတ်ရာ၏။ ထူးထွေခြားနားခြင်း မရှိသည်သာ။ ၎င်းခန္ဓာငါးပါးစသည် တို့၏သဘောများကို၊ ရှေ့ခန္ဓာငါးပါးကို ပြဆိုသော အခန်း၌၊ အစိ အစဉ်နှင့်တကွ ရှင်းလင်းစွာတော်ပြပါမည်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပြဆိုချက် ပြီး၏။

## သတိပဋ္ဌာန်လေးပါးအပြားကို မှတ်သားရန်ပြဆိုခြင်း

ယခုပြဆိုခဲ့သော ဝိပဿနာ ရှုမှတ်ရာ၌၊ သတိပဋ္ဌာန်လေးပါးဟု ပိုင်းခြားရေတွက်ခြင်းမှာ၊ တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်၊ ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်၊ သမထယာနိက ပုဂ္ဂိုလ်၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်၊ ဉာဏ်နုသော ပုဂ္ဂိုလ်၊ ဉာဏ်ထက်သော ပုဂ္ဂိုလ်။ ဤသို့ စသည်ဖြင့် သတ္တဝါတို့၏ အလိုဆန္ဒသို့ လိုက်၍ ဟောတော်မူရခြင်း မျှသာ ဖြစ်ပေ၏။

**မန္ဒဿ တဏှာစရိတဿ ဩဠာရိကံ ကာယာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ တိက္ခဿ သုခုမံ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ ဒိဋ္ဌိစရိတဿပိ မန္ဒဿ နာတိပ္ပဘေဒဂတံ စိတ္တာနုပဿနာသတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ တိက္ခဿ အတိပ္ပဘေဒဂတံ ဓမ္မာနုပဿနာသတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။** အဋ္ဌကထာ။

မန္ဒဿ၊ နုံ့သော ပညာရှိသော။ တဏှာစရိတဿ၊ တဏှာစရိုက်ရှိသောသူအား။ ဩဠာရိကံ၊ ရုန့်ရင်း ကြမ်းတမ်းသော အာရုံရှိသော။ ကာယာနုပဿနာသတိပဋ္ဌာနံ၊ ကာယာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တိက္ခဿ၊ ထက်သော ပညာရှိသောသူအား။ သုခုမံ၊ သိမ်မွေ့နူးညံ့သော အာရုံရှိသော။ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ သည်။

ဝိသုဒ္ဓိမဂ္ဂေါ၊ သည်။ ဟောတိ၊ ဖြစ်၏။ မန္ဒသာ၊ နုံသော ပညာရှိသော။ ဒိဋ္ဌိစရိတဿပိ၊ ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း၊ နာတိပ္ပဘေဒ ဂတံ၊ အာရုံအပြား မများလွန်းသော။ စိတ္တာနုပဿနာ သတိပဋ္ဌာနံ၊ သည်။ဝိသုဒ္ဓိမဂ္ဂေါ၊သည်။ဟောတိ၊ဖြစ်၏။တိက္ခသာ၊ပညာထက်သော ပုဂ္ဂိုလ်အား။ အတိပ္ပဘေဒဂတံ၊ အာရုံအပြား များလွန်းသော။ ဓမ္မာ နုပဿနာ သတိပဋ္ဌာနံ၊ သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာ စင်ကြယ် ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** ။တဏှာစရိုက်, ဒိဋ္ဌိစရိုက် ၂-မျိုးရှိရာ။ တဏှာ စရိုက်ရှိသော ပုဂ္ဂိုလ်သည်၊ ပညာ အနုံ အထက်ကိုလိုက်၍ ၂-ပါး အပြားရှိ၏၊ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်သည်လည်း၊ပညာ အနုံ အထက် ဟူ၍ ၂-ပါးပင် ပြား၏။ ထိုပုဂ္ဂိုလ်တို့ အားလျော်စွာ၊ ရုန့်ရင်းသော အာရုံ, နူးညံ့သောအာရုံ၊ နည်းသောအာရုံ, များသောအာရုံဟု အစုံ အစုံအားဖြင့် ၂-ပါး, ၂-ပါးခွဲခြား၍ ဟောတော်မူ၏။ ။ထို့အတူ သမထယာနိကပုဂ္ဂိုလ်၌၊တဏှာစရိုက်,ဒိဋ္ဌိစရိုက်၊ပညာ အနုံ အထက် ကိုလိုက်၍ ဟောတော်မူ၏။ ဝိပဿနာ ယာနိက ပုဂ္ဂိုလ်၌ လည်း၊ တဏှာစရိုက်,ဒိဋ္ဌိစရိုက်၊ပညာ အနုံ အထက် အားလျော်စွာ ဟော တော်မူ၏။ သဘာဝလက္ခဏာ, သာမည လက္ခဏာဟု ၂-ပါး ရှိ၏၊ ထို ၂-ပါးတို့တွင်၊ ပထဝီ၏ ကက္ခဋ္ဌသဘော၊ အာပေါ်၏ ပဂ္ဃရဏ သဘောစသည်မျိုးကို၊သဘာဝလက္ခဏာဆို၏။အနိစ္စသဘော အခြင်း အရာမျိုးကို၊ သာမည လက္ခဏာဆို၏။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် သည်၊ လက္ခဏာ ၂-ပါးလုံး သိမြင်သည် စသည်ဖြင့်၊ အဋ္ဌကထာ၌ အကျယ်ဆို၏၊ အချုပ်မှာ ဤသတိပဋ္ဌာန် ၄-ပါးလုံးကို ၎င်း၊ ၃-ပါး မျှကို၎င်း၊ ၂-ပါးမျှကို၎င်း၊ တပါးမျှကို၎င်း၊ အားထုတ်အပ်၏၊ တပါး မျှကို အားထုတ်သော်လည်း၊ ၄-ပါးလုံး ကို ပြီးနိုင်၏၊ သတိပဋ္ဌာန်ကို အားမထုတ်ပါလျှင်၊ ဘာဝနာဟူ၍ပင် မရှိဟု အဋ္ဌကထာ၌လာ၏။

**ယသ္မာ ပန ကာယ ဝေဒနာ စိတ္တ ဓမ္မေသု ကိဉ္စိဓမ္မံ အနာ မသိတွာ ဘာဝနာနာမ နတ္ထိ။** ။ပန၊ ရချောဘန် အမှန် စင်စစ် သော်ကား။ ကာယ ဝေဒနာ စိတ္တ ဓမ္မေသု၊ ကာယာနုပဿနာ သတိ ပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာ နုပဿနာ သတိပဋ္ဌာန်တို့တွင်၊ ကိဉ္စိဓမ္မံ၊ တစုံတခုသော သတိ ပဋ္ဌာန်တရားကို၊ အနာမသိတွာ၊ နှလုံးမသွင်းသည်ရှိသော်၊ ဘာဝနာ

နာမ၊ ဝိပဿနာ ဘာဝနာမည်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ ကိဉ္စိခမ္ပံ၊ တပါးပါးသော သတိပဋ္ဌာန် တရားကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

သတိပဋ္ဌာန်ကို အားထုတ်ပါလျှင်၊နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်၏ဟု ရှင်းအဋ္ဌကထာ၌ပင် ပြတော်မူသည်။ ။**အယ ဥမဂ္ဂေါ ဘာဝိတော အနုပုဗ္ဗေန နိဗ္ဗာနသစ္ဆိကိရိယံ သာဓေတိ။** ။ဟိသဏ္ဌံ မှန်၏။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဘာဝိတော၊ ရှုမှတ် ပွားများအပ်သော။ အယံမဂ္ဂေါ၊ ဤသတိပဋ္ဌာန်ဟူသော တရားလမ်းသည်။ နိဗ္ဗာနသစ္ဆိကိရိယံ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းကို။ သာဓေတိ၊ ပြီးစေနိုင်၏။

ဤသို့ပြဆိုခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာတို့ကို ထောက်ထား၍၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တလိုလားသော အမျိုးကောင်း သူ,သား တို့သည်။ သတိပဋ္ဌာန်တရားလေးပါးကို ဘွင့်ပြခဲ့သော နည်းအားဖြင့်၊ ယုံကြည်စွာ စိတ်ထား၍၊ ပွားများအားထုတ်သင့်လှပေသည်။

သတိပဋ္ဌာန်ဟု ယုံကြည်ရပုံကား ဤသို့တည်း

**အတ္ထိ ကာယော,တိ ဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ အတ္ထိ ဝေဒနာ,တိ၊ ပ၊ အတ္ထိ စိတ္တံ,န္တိ၊ ပ၊ အတ္ထိ ဓမ္မာ,တိဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။**

ကာယော၊ ရုပ်အပေါင်းသည်ကား။ အတ္ထိ၊ ရှိချေ၏။ ဣတိဝါပန၊ ဤသို့ကား။ အဿ ယောဂိနော၊ ထိုသတိ အထင်ကိုပြုသောယောဂီ၏။ သတိ၊ သတိသည်။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏၊ ဝေဒနာ၊ ဝေဒနာသည်ကား။ အတ္ထိ၊ ရှိချေ၏။ စိတ္တံ၊ စိတ်သည်ကား။ အတ္ထိ၊ ရှိချေ၏။ ဓမ္မာ၊ သဘောတို့သည်ကား။ အတ္ထိ၊ ရှိချေကုန်၏။ ဣတိဝါပန၊ဤသို့ကား။ အဿ ယောဂိနော၊ ထိုသတိအထင်ကိုပြုသော ယောဂီ၏။ သတိ၊ သတိသည်။ ပစ္စုပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့ ရုပ်အပေါင်းဟု ထင်သော သတိ၊ ဝေဒနာဟု ထင်သော သတိ၊ စိတ်ဟု ထင်သော သတိ၊ သဘောဟု ထင်သော သတိ၊ အဆင့်ဆင့်ထင်အောင် အမှတ်ပြု၍ ပွားများရမည်ဟု ဆိုလိုသည်။

သတိပဋ္ဌာန်အပြားကို မှတ်သားရန် ပြဆိုချက်ပြီး၏။

## တနည်း သတိပဋ္ဌာန် ရှုမှတ်ပုံကို ပြဆိုခြင်း

အထက်၌ဘော်ပြခဲ့သော သတိပဋ္ဌာန်အလာဖြင့်၊ ဝိပဿနာရှုမှတ်ပုံနည်းသည်၊ ပါဠိအနက်နှင့် အဋ္ဌကထာ်များပါ ရောယှက် နေသဖြင့်၊ အားထုတ်ရန် သဘောဉာဏ် မသက်နိုင်ဘဲ၊ ခက်ခဲနေမည်စိုး၍၊ ယခုတဘန်ထပ်မံပြီး၊ ရှုမှတ်ပုံနည်းသက်သက်ကို အမြွက်မျှ ပြဆိုဦးအံ့။ ။ ပါဠိတော်၌လာသော သတိပဋ္ဌာန် ၄-ပါး အစဉ်သည်၊ ဟောပြောသော ဒေသနာက္ကမ နည်းမျှသာ ဖြစ်၏။ အားထုတ်ရန် ပဋိပတ္တိက္ကမ အစဉ်ကိုပြသော နည်းမဟုတ်ပေ။ ထို့ကြောင့် အားထုတ်သောအခါ၊ အခွင့်သာ၍ ပေါ်လွင် ထင်ရှားရာကိုသာ အစဉ်အတိုင်း ရှုမှတ်အပ်ပေ၏။

ဤသတိပဋ္ဌာန် ရှုမှတ်နည်း ဖြစ်သော ဝိပဿနာ အလုပ်သည်၊ သမထ ကမ္မဋ္ဌာန်းများကဲ့သို့ တခုဘည်းသော အာရုံကိုသာ အားထုတ်ရသည်မဟုတ်၊ များစွာသော ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတို့၌ ဖြစ်သော၊ အာရုံအမျိုးမျိုးကို ရှုမှတ်ရပေသည်။ နေရာဌာနကိုဖြင်း၊ အချိန်ကာလကိုဖြင်း၊ ဣရိယာပုထ်ကိုဖြင်း၊ မရွေးမချယ်ရဘဲ၊ အလွယ်တကူနှင့်ပင် အိပ်ပျော်နေသော အချိန်ကိုထား၍၊ တပါးသော အချိန်ကာလတို့၌၊ ဘယ်နေရာမှာမဆို၊ သွားရင်း, လာရင်း, စားရင်း, သောက်ရင်း, ချက်ရင်း, ပြုတ်ရင်း, လုပ်ရင်း, ကိုင်ရင်းပင် လောကီပစ္စည်းရေး စသည်တို့အတွက်နှင့် မပျက်မကွက်ရဘဲ၊ အမြဲအားထုတ်နိုင်လေသည်။

**အားထုတ်ပုံမှာ**၊ထွက်သက် လေလွှတ်လျှင် လွှတ်တယ်၊ထွက်လျှင် ထွက်တယ်၊ ဝင်သက်လေ ရှုလျှင် ရှုတယ်၊ ရှိုက်လျှင် ရှိုက်တယ်၊ ဝင်လျှင် ဝင်တယ် စသည်ဖြင့်၊ အာနာပါနပဗ္ဗ အတိုင်းမှတ်။ သွားလျှင် သွားတယ်၊ရပ်လျှင် ရပ်တယ်စသည်ဖြင့်၊ဣရိယာပထပဗ္ဗအတိုင်းမှတ်။ ရှေ့သို့တက်လျှင် တက်တယ်၊နောက်သို့ဆုတ်လျှင် ဆုတ်တယ် စသည်ဖြင့်၊ သမ္ပဇဉ္ဉပဗ္ဗအတိုင်းမှတ်။ ဤကား ကာယာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပုံ အကျဉ်းတည်း။ အကျယ်ကို အထက်တွင်ပြခဲ့ပြီ၊ ၎င်းရှုမှတ်ပုံ အကျယ်, အကျဉ်းနည်း များသည်၊ မှတ်စအခါ၌ နားယောင်နေမည်စိုး၍၊ မှတ်ပုံလိုက်စဉ်ကို ခပ်ကျဲကျဲပြလိုက်ပေသည်။

အတန်ငယ်စိပ်သော မှတ်ပုံလိုက်စဉ်ကို အားထုတ်ရန် နည်းမှာ၊ ဆေးလိပ် သောက်သောအခါ၌၊ ဆေးလိပ်နေရာကို လက်လှမ်းလျှင် လှမ်းတယ်။ လက်နှိမ့်ချလျှင် ချတယ်။ ဆေးလိပ်နှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်ဟု မှတ်။ မီးခြစ်နေရာကို လက်လှမ်းလျှင် လှမ်းတယ်၊ လက်နှိမ့်ချလျှင် ချတယ်။ မီးခြစ်နှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်ဟု မှတ်။ မီးခြစ်ကို ဖွင့်လျှင် ဖွင့်တယ်။ လက်တဘက်က လှမ်းလျှင် လှမ်းတယ်။ မီးခြစ်တန်နှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်ဟု မှတ်။ မီးခြစ်လျှင် ခြစ်တယ်။ တို့လျှင် တို့တယ်။ ဖွါလျှင် ဖွါတယ်။ ရှူလျှင် ရှူတယ်။ ရှိုက်လျှင် ရှိုက်တယ်ဟု မှတ်။ ဖွါတိုင်း ဖွါတိုင်း။ ရှူတိုင်း ရှူတိုင်း။ ရှိုက်တိုင်း ရှိုက်တိုင်း။ ဖွါတယ် ဖွါတယ်။ ရှူတယ် ရှူတယ်။ ရှိုက်တယ် ရှိုက်တယ်ဟု မလစ်မလပ်ရအောင် မှတ်လေ။ ။ဤကား ဆေးလိပ် တခါသောက်သောအခါ၌ ရှုမှတ်ပုံတည်း။

ကွမ်းစားသောအခါ၌၊ ကွမ်းအစ်ဆီကို လက်လှမ်းလျှင် လှမ်းတယ်။ လက်နှိမ့်ချလျှင် ချတယ်။ ကွမ်းအစ်နှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ဖွင့်လျှင် ဖွင့်တယ်။ ချလျှင် ချတယ်။ လွှတ်လျှင် လွှတ်တယ်ဟု မှတ်။ လက်မြှောက်လျှင် မြှောက်တယ်။ ကွမ်းဆီကို လက်လှမ်းလျှင် လှမ်းတယ်။ နှိမ့်ချလျှင် ချတယ်။ ကွမ်းနှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ လက်တဘက်သို့ လှမ်းလျှင် လှမ်းတယ်။ ထိလျှင် ထိတယ်။ ထားလျှင် ထားတယ်။ လွှတ်လျှင် လွှတ်တယ်။ ကွမ်းကို ချိုးလျှင် ချိုးတယ်။ ဖဲ့လျှင် ဖဲ့တယ်ဟု မှတ်။ ထုံးဘူးဆီကို လက်လှမ်းလျှင် လှမ်းတယ်။ နှိမ့်ချလျှင် ချတယ်။ ထုံးဘူးနှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ မြှောက်လျှင် မြှောက်တယ်။ လက်တဘက်သို့ ကမ်းလျှင် ကမ်းတယ်။ ချလျှင် ချတယ်။ ထားလျှင် ထားတယ်။ ဖွင့်လျှင် ဖွင့်တယ်ဟု မှတ်။

ထုံးဆီကို လက်သွားလျှင် သွားတယ်။ ထုံးနှင့် ထိလျှင် ထိတယ်။ ကော်လျှင် ကော်တယ်။ ယူလာလျှင် ယူလာတယ်။ ကွမ်းသီးဆီကို လက်သွားလျှင် သွားတယ်။ ထုံးနှင့် ထိလျှင် ထိတယ်။ ထုံးတို့လျှင် တို့တယ်။ တခါတို့လျှင် တို့တယ်။ ၂-ခါတို့လျှင် တို့တယ်ဟု တို့တိုင်း တို့တိုင်း၊ တို့တယ် တို့တယ်ဟု မှတ်။ ထုံးဘူးကို ချလျှင် ချတယ်။ ကွမ်းကို ချိုးလျှင် ချိုးတယ်။ ခေါက်လျှင် ခေါက်တယ်။ လက်မြှောက်

လျှင် ခြေ့ာက်တယ်။ ပါးစပ်နှင့် ထိလျှင် ထိတယ်။ ပါးစပ် ဟလျှင် ဟတယ်။ ခွံ့လျှင် ခွံ့တယ်။ ထည့်လျှင် ထည့်တယ်။ လက်လွှတ်လျှင် လွှတ်တယ်ဟု မှတ်။ ဝါးလျှင် ဝါးတယ်။ ကွမ်းသွေး ထွေးလျှင် ထွေးတယ်။ မျိုချလျှင် မျိုချတယ်ဟု ဝါးတိုင်း ဝါးတိုင်း၊ ထွေးတိုင်း ထွေးတိုင်း။ မျိုချတိုင်း မျိုချတိုင်း၊ ဝါးတယ် ဝါးတယ်။ ထွေးတယ် ထွေးတယ်။ မျိုတယ် မျိုတယ်ဟု မကုန်မခြင်း မလစ်မလပ်ရအောင် မှတ်လေ။ ။ဤကား ကွမ်းတခါစားသောအခါ၌ ရှုမှတ်ပုံတည်း။

ထမင်းစားသောအခါ၌၊ အတို့ဆိကို လက်လှမ်းလျှင် လှမ်းတယ်။ လက်နှိမ့်ချလျှင် ချတယ်။ အတို့နှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ လုံးလျှင် လုံးတယ်။ ထွေးလျှင် ထွေးတယ်။ ရစ်လျှင် ရစ်တယ်။ ပတ်လျှင် ပတ်တယ်။အရည်ညှစ်လျှင် ညှစ်တယ်ဟု မှတ်။ ငါးပိဆိကို လက်လှမ်းလျှင် လှမ်းတယ်။ နှိမ့်ချလျှင် ချတယ်။ ငါးပိနှင့် ထိလျှင် ထိတယ်။ တို့လျှင် တို့တယ်။ ခြေ့ာက်လျှင် ခြေ့ာက်တယ်။ ယူလျှင် ယူတယ်။ တန့်ရပ်လျှင် ရပ်တယ်။ နှိမ့်ချလျှင် ချတယ်။ ထမင်းနှင့် ထိလျှင် ထိတယ်။မြှုပ်လျှင် မြှုပ်တယ်။လွှတ်လျှင် လွှတ်တယ်ဟု မှတ်။ ထမင်းဆိကို လက်သွားလျှင် သွားတယ်။ ထမင်းနှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ ထမင်းနှင့် ဖိုးလျှင် ဖိုးတယ်။ ထမင်းလုပ် ပြင်လျှင် ပြင်တယ်ဟု မှတ်။

ခြေ့ာက်လျှင် ခြေ့ာက်တယ်။ပါးစပ်နှင့် ထိလျှင် ထိတယ်။ပါးစပ်ဟလျှင် ဟတယ်။ ခွံ့လျှင် ခွံ့တယ်။ လွှတ်လျှင် လွှတ်တယ်။ လက်ပြန်သိမ်းလျှင် သိမ်းတယ်ဟု မှတ်။ ဝါးလျှင် ဝါးတယ်။ ဇွန်းဆိကို လက်လှမ်းလျှင် လှမ်းတယ်။ တန့်ရပ်လျှင် ရပ်တယ်။ နှိမ့်ချလျှင် ချတယ်။ ဇွန်းနှင့် ထိလျှင် ထိတယ်။ ကိုင်လျှင် ကိုင်တယ်။ ယူလျှင် ယူတယ်။ ဟင်းရေ၌ ဇွန်းကို နှစ်လျှင် နှစ်တယ်ဟု မှတ်။ ဖေါ်လျှင် ဖေါ်တယ်။ ခြေ့ာက်လျှင် ခြေ့ာက်တယ်။ ပါးစပ်နှင့် ထိလျှင် ထိတယ်။ ပါးစပ်ဟလျှင် ဟတယ်။ သောက်လျှင် သောက်တယ်။ ဇွန်းကို နှုတ်လျှင် နှုတ်တယ်။ ပြန်ချလျှင် ချတယ်။ပန်းကန်နှင့် ထိလျှင် ထိတယ်၊လွှတ်လျှင် လွှတ်တယ်၊လက်ပြန်ရုပ်လျှင် ရုပ်တယ်ဟု မှတ်။ ဝါးလျှင် ဝါးတယ်။ မျိုလျှင် မျိုတယ်။ ဝါးတိုင်း ဝါးတိုင်း။ မျိုတိုင်း မျိုတိုင်း။ ဝါးတယ် ဝါးတယ်။ မျိုတယ် မျိုတယ်ဟု ပါးစပ်ထဲ၌ ထမင်းမကုန်သေး မပြီးသေးသမျှ ကာလပတ်လုံး၊ မလစ်မလပ်ရအောင် အစဉ်အတိုင်း မှတ်လေ။ ။ဤကား

ထမင်းတလုပ် စားသောအခါ၌ ရှုမှတ်ပုံတည်း။ ။ထိုအတူ ထမင်းလုပ်တိုင်း လုပ်တိုင်း၊ အထက်၌ ဘော်ပြခဲ့သော မှတ်ပုံမျိုးကဲ့သို့၊ အမူအရာပြုပြင်သော ခဏနှင့် အမှတ်သည် ထပ်မိစေ၍၊ အမူအရာတိုင်း စပ်သွားအောင် မှတ်ရလေသည်။

ယခုပြခဲ့သော ဆေးတခါသောက် အတွင်း၌ မှတ်ပုံ၊ ကွမ်းတခါစားအတွင်း၌ မှတ်ပုံ၊ ထမင်းတလုပ်စား အတွင်း၌ မှတ်ပုံများကို ပြခြင်းသည်၊ စားသောက်သော အခါတို့၌၊ ပြုပြင် ပြောင်းလဲသော အမူအရာတို့၏ အစဉ်နှင့် ခေါ်ဝေါ် ပြောဆိုသောအတိုင်း ပြလိုက်သည်။ ဤမှတ်ပုံ အစဉ်လည်း ကျဲသေး၏။ ထိုထက်စိပ်နိုင်လျှင် သာ၍ ပင်ကောင်း၏။ မှတ်စအခါ၌ ယခုထက် မစိပ်သေးသော်လည်း၊ အရှိန်ရလာသောအခါ၊ စာ၌မပြမပါဘဲ၊ ကြွင်းကျန်နေသော မှတ်ရန် အချက်တွေကိုပင် မြင်၍လာလိမ့်မည်။ ပေါ်လာ,မြင်လာသော အချက်တို့ကိုလည်း၊ အစဉ်အတိုင်း ထည့်သွင်း၍ မှတ်ပါလေ။

ခေါ်ဝေါ်၍မှတ်ရန် ထုတ်ပြခဲ့သော၊ အမူအရာ အပြောင်းအလဲတို့၏ အမည်များ၌၊ ခေါ်ဝေါ်ပြောဆို သုံးစွဲခြင်းများ၊ မတူ ခြားနားကွဲပြား၍ နေခဲ့လျှင်၊ မိမိတို့ပြောဆို အသုံးပြုသော အမည်ဖြင့်ပင် မှတ်ရလေသည်။ ဥပမာ ဆေးလိပ်ကို သောက်သည်,ဖွါသည် စသဖြင့် ခေါ်ဆို၏။ ထုံးဘူးကို ဖွင့်သည်,လှန်သည်စသဖြင့် ခေါ်ဆို၏။ ကွမ်းကို ခေါက်သည်,ချိုးသည်,လိပ်သည် စသည်ဖြင့် ခေါ်ဆို၏။ ဟင်းရွက်စိမ်းနှင့် အပြုတ်များကို၊ အတို့အမြှုပ် စသည်ဖြင့် ခေါ်ဆို၏။ ဤသို့ စသော အခေါ်အမည်မျိုးတွင်၊ မိမိတို့ လွယ်ကူစွာ အသုံးပြုသော အခေါ်အဝေါ် အမည်မျိုးဖြင့်ပင် မှတ်သားရလေသည်။

ဤကဲ့သို့ ဝိပဿနာ အမှတ်နှင့် ထမင်းစားသောအခါ၊ လက်အမူအရာ အပြောင်းအလဲကို မှတ်မိအောင် သတိပြု၍၊ မနှေးမမြန် မှန်မှန် စားရလေသည်။ မြန်လျှင် အမူအရာ ပြောင်းတိုင်းကို မိအောင်မှတ်နိုင်ရန် ခဲယဉ်းသည်။ မှတ်နေဆဲအခါမှာ၊ မေ့သွားလျှင် မေ့တယ်၊လစ်သွားလျှင် လစ်တယ်၊ ပျောက်သွားလျှင် ပျောက်တယ်ဟု မှတ်။မှတ်စအခါမှာ၊ အမူအရာ တခုခုကို မှတ်လျှင်၊ လျှာဖျား လှုပ်အောင်မှတ်။ သို့မှ ဖြစ်ပေါ်လာသော ရုပ်,နာမ် အမူအရာကို မှတ်ပုံမိ၍ ထင်ရှားသဖြင့်၊ အဖြစ်နှင့်အမှတ် ထပ်လျက် ဒဏ်ချက်နသည်။ အရှိန်ရသော အခါ၊ အာရုံပြု နှလုံးသွင်းရုံမျှနှင့်ပင် မှတ်ပုံဒဏ်ချက်မှာ၊ နာနာ မိလေ

တော့သည်။ ထမင်းစားရာ စသည်တို့၌ မှတ်သောအခါ၊ လက်မြှောက် လက်ချသော အမူအရာမျိုးနှင့် ဝါးခြင်း, စားခြင်း အမူအရာတို့ကို တပြိုင်နက် ဖြစ်သည်ဟု ထင်တတ်လေ၏။ ထင်သော်လည်း မိရာကိုသာ မှတ်။ အဖြစ်မြန်၍ ထင်ရသည်။ နောင်အခါ ကွဲပြား၍ လာလိမ့်မည်။

ယခု ပြဆိုခဲ့သော အချက်ရှုနှင့် ညီညွတ်နိုင်ရန်မှာ၊ ဆေးသောက်, ကွမ်းစား, ထမင်းစားရာတို့၌၊ မှတ်ပုံအစဉ်ကို နည်းမှီ၍၊ ဆေးလိပ်ရာ, စက်ချုပ်ရာ, မောင်းထောင်းရာ, ရေခပ်ရာ, ထင်းပေါက်ရာ, ထမင်း ချက်ရာ, ခေါင်းလျှော်, ခေါင်းဖြီး, ရေချိုးရာ စသည်တို့၌လည်း မှတ်ရာ၏။ လှေထိုး, လှည်းမောင်း, ဈေးရောင်းရာ၊ လယ်ထွန်, ပျိုးနှုတ်, ကောက်စိုက်ရာ၊ စပါးရိတ်, စပါးစည်း, စပါးနယ်ရာ၊ ယာခင်း ကိုင်း ခင်းတွင် မျိုးစိုက်ရာ၊ မြေပေါက်ရာ၊ ပေါင်းနှုတ်ရာ၊ ပဲ ကောက်, နှမ်း ရိတ်, နှမ်းစည်း, နှမ်းခါရာ၊ ပန်းတိမ်, ပန်းဘဲ, ပန်းပု, ပန်းချီ, လက်သမား, ယွန်းထိုက်, စစ်စီးထိုးရာ စသည်တို့၌လည်း၊ မိမိတို့ အခေါ်အဝေါ် အသုံး အစွဲ အပြောအဆိုအတိုင်း မှတ်သားကြရာသည်။

ဤကား ကာယာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်ပုံတည်း။

---

## ဝေဒနာစသော သတိပဋ္ဌာန် ၃-ပါးကို ရှုမှတ်ပုံ ပြဆိုခြင်း

ကာယာနုပဿနာ၌၊ အမှတ်စိပ်ပုံကို ပြဆိုခဲ့သော နည်းအတိုင်း၊ ဝေဒနာ၌လည်း၊ ပူ, အေး, ကိုက်ခဲ စသော သဘောတို့ကို အကျယ်နည်း အရ၊ ဖြစ် ပေါ် လာ တိုင်း စိပ် နိုင် သ မျှ စိပ်အောင်မှတ်။ ကာယာ နုပဿနာကို မှတ်ဆဲတွင်၊ ဝေဒနာပေါ်လာလျှင် ဝေဒနာပင်မှတ်။ ဝေဒနာကို မှတ်ဆဲတွင်၊ ကိုယ်အမူအရာ ပေါ်လာလျှင် ကိုယ်အမူအရာ ကိုပင် မှတ်။

စိတ္တာနုပဿနာ၌လည်း၊ အကျယ်ပြခဲ့သော နည်းအရ၊ စိပ်အောင် မှတ်ရာ၏။ အထူးမှာ၊ သမထ အာရုံ မျိုးကဲ့သို့၊ စိတ်ကို သိမ်းဆည်း ချုပ်တည်း၍ မထားနှင့်၊ သွားလိုတိုင်း လွှတ်လိုက်၊ စိတ်သွားရာကိုသာ လိုက်၍မှတ်။

**ဥပမာကား။** ။တောထဲမှ မျောက်ရိုင်းတကောင်ကို မိလာရာ၊ ယဉ်ကျေးနူးညံ့၍ စိတ်ပြောင်းလာစေရန် အလိုရှိသောသူသည် ကြိုးရှည် ရှည်နှင့် ချည်၍၊ အနီးအနားရှိ သစ်ပင်များသို့ အလိုရှိတိုင်း သွား လာ

နိုင်အောင် လွှတ်ထားရာ၏။ ပြေးသွား၍ ကြိုးတင်းလျှင် ဆုတ်လာသဖြင့်၊ ပြေးသွားဘန်များ၍ မောသောအခါ ငြိမ်ဝပ်လာ၏။ အလိုရှိတိုင်း မသွားနိုင်အောင် ရလာစ အလွန်ရိုင်းဆဲအခါမှာ၊ ကြိုးတိုတိုနှင့် ချည်ထားလျှင်၊ ရုန်းလွန်း,ကန်လွန်း၍ ကြိုးသော်လည်း ပြတ်ရာ၏၊ အရေအသားစုတ်၍သော်လည်း သေရာ၏။ ယဉ်ကျေးခြင်းအဖြစ်သို့ မရောက်နိုင်ပေရာ။

ထို့အတူ ဝိပဿနာ အလုပ်ခွင်သို့ ဝင်စ အခါမှာ၊ စိတ်သည် အလွန်ရိုင်း၍နေ၏။ ထိုစိတ်ကို နူးညံ့သိမ်မွေ့ ပြေ့ပြောင်းယဉ်ကျေး၍လာအောင် သတိမြဲမြဲပြုလျက်၊ မွှောရုံ အမျိုးမျိုးကို အလိုရှိတိုင်း ဝင်ထွက် ကျက်စားမှုဖြင့်၊ အာရုံပြု ပြေးသွားနိုင်အောင်၊ သဘောအတိုင်း လွှတ်ထားပြီး၊ သွားရာ,ရောက်ရာ,အာရုံပြုရာကိုသာ သိအောင်လိုက်၍ မှတ်ရာ၏။ ဤသို့ ပြေးသွားတိုင်း မှတ်၍၊ သိလာဘန် များသောအခါ၊ စိတ်သည် မောဟိုက်ပင်ပန်းသဖြင့်၊ နူးညံ့ပြေ့ပြောင်း၍ လာနိုင်၏။ စိတ်ကို ချုပ်တည်းထားလျှင် သမာဓိ မရနိုင်ဘဲ၊ ဝိပဿနာလမ်းလွဲ၍ သွားတတ်၏။ ဤ ဥပမာ,ဥပမေယျတို့ကို နှိုင်းယှဉ်၍ ယူပါလေ။

**မက္ကဋောဝိယ ဝိညာဏံ။** ။ဝိညာဏံ၊ စိတ် ဝိညာဏ်သည်။ မက္ကဋောဝိယ၊ တောမျောက်ရိုင်းနှင့်တူ၏။ ။ဤသို့စသည်ဖြင့်လာသော ကျမ်းဂန်များကို ထောက်ထားဆင်ခြင်သင့်ပေသည်။ ။ဓမ္မာနုပဿနာ၌လည်း၊ ရှုမှတ်ရန် နည်းမှာမထူးလှပေ။ သို့သော်လည်း ခန္ဓာငါးပါး, ဗောဇ္ဈင် ၆-ပါးစသည်တို့၏ သဘော၊ ရှုမှတ်ရာ၌ ပါဝင်ပုံအထူးများကို၊ ရှေ့ခန္ဓာငါးပါးကို ပြဆိုသော အခန်း၌ ကြည့်ရှုပါလေ။ ။ဤကား စေဒနာ စသော သတိပဋ္ဌာန် ၃-ပါး ရှုမှတ်ပုံတည်း။

တနည်း သတိပဋ္ဌာန်ရှုမှတ်ပုံကို ပြဆိုရာ သတိပဋ္ဌာန ကဏ္ဍပြီး၏။

---

## အကြောင်း၊အကျိုး ဆက်စပ်ခြင်း စသည်ကိုပြဆိုရာ

# ၄-ပဋိစ္စသမုပ္ပါဒကဏ္ဍ

## ပဋိစ္စ သမုပ္ပါဒ်လည်ပုံကို ပြဆိုခြင်း

ဝိပဿနာတရားကို အားထုတ်ခြင်းမည်သည်၊ ပရမတ် ရုပ်,နာမ်ကို အမှန်သိမြင်သော ပညာဉာဏ် ဖြစ်ပေါ်လာအောင်၊ ပြုလုပ်မှု သည်ပင်ဖြစ်၏။ ဤကဲ့သို့ အသိဉာဏ်ခေါ်သော ပညာ ဖြစ်ပေါ်လာ

လျှင်၊ မောဟခေါ်သော အဝိဇ္ဇာသည် မဖြစ်နိုင်ပေ။ အဝိဇ္ဇာ ဖြစ်ပေါ်လာသော်၊ ပညာဉာဏ် ဖြစ်ပေါ်လာနိုင်ခွင့်မရ၊ ဤအဓိပ္ပါယ်ကို သဘောကျအောင် မှတ်သားကြပါလေ။

အလုံးစုံသော စိတ်စေတသိက်တရားတို့ကို၊ အလုပ်ကိစ္စ၌အသုံးပြုရန်၊ အကောင်း အဆိုးဟူ၍ နှစ်မျိုး နှစ်စားမျှသာ ခွဲခြားရ၏။ အသိဉာဏ်ဖြစ်သော ပညာသည်၊ အကောင်း ဖြစ်သော ကုသိုလ်တရား အပေါင်းတို့၏ ရှေ့သွားဦးစီး အကြီးအမှူး ခေါင်းဆောင် ဖြစ်၏။ မသိတတ်သော မောဟအဝိဇ္ဇာသည်၊ မကောင်းသော အကုသိုလ်တရားအပေါင်းတို့၏ ရှေ့သွားဦးစီး အကြီးအမှူး ခေါင်းဆောင်ဖြစ်၏။ သိသောပညာဖြစ်လျှင်၊ အသင်းအပင်းဖြစ်သော ကုသိုလ် တရားတို့သည်၊ မကွဲမပြားပါဝင်ကုန်၏။ မသိသော မောဟဖြစ်လျှင်လည်း၊ အသင်းအပင်းဖြစ်သော အကုသိုလ်တရားသည်၊ မကွဲမပြား ပါဝင်ကြကုန်၏။ သံသရာလောကကြီး ဖြစ်ပျက်နေမှု၌၊ ထို ပညာ ၊ အဝိဇ္ဇာ ၂-ခုတို့သာလျှင်၊ ဓာတ်လိုက်များ ဖြစ်ကြလေသည်။

**ဥပမာအားဖြင့်**၊ ကောင်းသော တရားဘက်၌ ပညာသည်၊ စစ်တပ်၏ ဗိုလ်ချုပ်,ဗိုလ်မှူးကြီးနှင့်တူ၏။ မကောင်းသော တရားဘက်၌ အဝိဇ္ဇာသည်၊ စစ်တပ်၏ဗိုလ်ချုပ်,ဗိုလ်မှူးကြီးနှင့်တူပေ၏။ကောင်းသော တရားအစု၊ မကောင်းသော တရားအစုတို့သည်၊ ထိုဗိုလ်ချုပ်, ဗိုလ်မှူးတို့၏ နောက်လိုက် နောက်ပါဖြစ်သော အခြွေအရံ စစ်သည်တပ်သားတို့နှင့်တူကြကုန်၏။ ဤဥပမာအရ၊ဝိပဿနာကို အားထုတ်မှုသည်၊ တောပုန်း,သူခိုး,လူဆိုး,ဒါးပြနှင့်တူသော၊ အဝိဇ္ဇာမောဟ၏ နှိပ်စက်သော ဘေးရန်ကို၊ တွန်းလှန် ဖြိုဖျက်ခြင်းပေတည်း။ ။

ပုဂ္ဂိုလ်က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ဝိထိသဘော ဓောဝိဇ္ဇပ္ပါဒ်ဖြစ်သော၊ ပရမတ် ရုပ်,နာမ်တရားတို့မည်သည်၊ တန့်,နား, ရပ်ဆိုင်းခြင်းမရှိဘဲ၊ အိပ်ပျော်၍ ဘဝင်ကျနေသည်မှတပါး၊ အခြားသောအချိန်ကာလတို့၌၊ အမြဲပင်ဖြစ်ပျက်၍နေကြလေသည်။ ထိုသို့ရုပ်, နာမ်တို့ ဖြစ်ပေါ် လာသောအခါ၊ အသိဉာဏ် ခေါ်သော ပညာလိုက်လျှင်လိုက်၊ ပညာမလိုက်လျှင် မသိသော မောဟ အဝိဇ္ဇာက လိုက်ပါ၍ သွားလေတော့သည်။ ။ဝိထိစိတ်ဘို့၏ အဖြစ်လျင်မြန်ပုံများကို၊ မြစ်ရေအယဉ် စီးဆင်းသကဲ့သို့ရှင်း၊ ခြိမ်းတောက်သော အလျှံကဲ့သို့ရှင်း။ အလွန်လျင်မြန်စွာဖြစ်သည်ဟူ၍၊ကျမ်းဂန်တို့၌ အမိန့်

အဆိုရှိကြကုန်၏။ ကာလအားဖြင့် လျှပ်စစ်တပြက်၊ မျက်စိတမှိတ် ကာလအတွင်း၌၊ ဝိထိစိတ် အကြိမ်ပေါင်း ကုဋေ တသိန်းမက ဖြစ်သည်ဟူ၍လည်း၊ မိန့်ဆိုကြလေကုန်၏။

ဤသို့ မျက်စိတမှိတ်ခန့် အချိန်ကာလ၌၊ ဝိထိစိတ် အကြိမ်ပေါင်း ကုဋေ တသိန်းဖြစ်ခဲ့သော်။ ဝိထိစိတ်တကြိမ်တွင်၊ ဇော ၇-ချက်ပါ၏။ ထိုဇော ၇-ချက်တွင်၊ ပထမဇောသည်၊ ပဋိသန္ဓေ အကျိုးကို မပေးတတ်။ ဒိဋ္ဌဓမ္မအကျိုးကိုသာ ပေးတတ်သည်ဖြစ်၍၊ ၎င်းပထမဇောကို ဖယ်ထားသော်၊ ကြွင်းကျန်သော ဇော ၆-ချက်ရှိ၏။ ဤဇောစိတ် ၆-ခုသည်၊ ပဋိသန္ဓေအကျိုးကို ပေးနိုင်သဖြင့်။ ။**ကော်စိတ္တံ ကော ပဋိသန္ဓိ**-ဟု စိတ်တချက်သည်၊ ပဋိသန္ဓေကို တကြိမ်ပေးသည်ဆိုသောကြောင့်၊ ဝိထိစိတ် တကြိမ်၌၊ ဇောစိတ် ၆-ချက်တို့သည်၊ နောင် အနာဂတ် ကာလ၌၊ ဘဝပေါင်း ၆-ကြိမ် ဖြစ်နိုင်သဖြင့်၊ မျက်စိတမှိတ်ခန့် ကာလအတွင်း၌ဖြစ်သော ဇောစိတ်အတွက်၊ နောင်အနာဂတ် ကာလ၌၊ ဘဝအကြိမ်ပေါင်း ကုဋေ ၆-သိန်းဖြစ်ရပေလိမ့်မည်။

ဤသို့ဖြစ်၍၊မျက်စိ နှစ်မှိတ်ခန့်၊ သုံးမှိတ်ခန့် စသောကာလ၊ တနာရီ၊ နှစ်နာရီ စသောကာလ၊ တရက်၊နှစ်ရက်၊တနှစ်၊ နှစ်နှစ် စသောကာလတို့၌ဖြစ်သော ဇောစိတ်တို့အတွက်၊ နောင်အနာဂတ်ကာလ၌ ဖြစ်ရမည့်ဘဝအကြိမ်မှာမူ၊ ကုဋေပေါင်း အသင်္ချေ အနန္တမကာ၊ အလွန်ပင် ရှည်လျားများပြားလေတော့သည်။

ဤမျှလောက် လျင်မြန် များပြားစွာဖြစ်သော ဝိထိစိတ်တို့တွင်၊ဝိထိတကြိမ်၌ စိတ် ၂-ခုပြိုင်၍မဖြစ်နိုင်။ စိတ် ၂-ခုဟူသည်၊ ပညာနှင့် မောဟကိုဆို၏။ ဝိထိစိတ် တကြိမ်ဖြစ်လျှင်၊ ပညာနှင့်စပ်ယှဉ်သော စိတ်ဖြစ်လျှင် ဖြစ်၊ပညာနှင့်စပ်ယှဉ်၍ မဖြစ်လျှင်၊ မောဟနှင့်ယှဉ်ဖြစ်၍၊ ဝိထိစိတ် တကြိမ်ဖြစ်ပေါ်ရာ၌၊ ပညာနှင့် မောဟတို့သည် တခုခုဖြစ်ရ၏။ ၂-ခုစလုံးလည်း၊ ဝိထိစိတ်တကြိမ်တည်း၌၊ အတူတကွ ပြိုင်ယှဉ်၍ မဖြစ်နိုင်ကုန်။ ဤအချက်ရကို သဘောကျအောင် စိတ်စွဲမြဲနှလုံးသွင်း ရှုကြစေရာသည်။

**ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။**
**ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။ ။**

(ဓမ္မပဒ ပါဠိတော်)

ဒူရင်္ဂမံ၊ ဝေးသော အရပ်၌ရှိသော အာရုံသို့လည်း သွားခြင်းငှါ စွမ်းနိုင်ထသော။ ဧကစရံ၊ တခုချုပ်ပျောက်ပြီးမှ တခု ဖြစ်ပေါ်လာနိုင်ထသော။ အသရီရံ၊ ခန္ဓာကိုယ်လည်း မဟုတ်ထသော။ ဂုဟာသယံ၊ ဟဒယနှလုံးဟူသော လိုဏ်ဂူလျှင် မှီရာ ရှိပေထသော။ စိတ္တံ၊ ဝိညာဏက္ခန္ဓာ ခေါ်သောစိတ်ကို။ ယေ၊ အကြင်သူတို့သည်။ သံယမေဿန္တိ၊ လုံခြုံအောင် စောင့်ရှောက်နိုင်ကြ လေကုန်၏။ တေ၊ ထိုသူတို့သည်။ မာရဗန္ဓနာ၊ ကိလေသာမာရ်မင်း၏ နှောင်ဖွဲ့ခြင်းမှ။ မောက္ခန္တိ၊ လျင်မြန်စွာ လွတ်မြောက်နိုင်ကြလေကုန်၏။

ဤဒေသနာတော်၌လာသော အဓိပ္ပါယ်အရဖြင့်၊ နောက်ကပြဆိုခဲ့သော သဘောများသည် လွန်စွာ ထင်ရှားလှပေ၏။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သည့်ဆိုရာ၌၊ ထိုစိတ်ဖြစ်ပေါ်လာသောအခါ၊ ပဋိစ္စသမုပ္ပါဒ်သဘော၏ ဖြစ်ပုံကိုသိရန်မှာ၊ ကွေးခြင်းဟူသော အမှုအရာ သဘောတခု ဖြစ်ပေါ်ရာ၌၊ ကွေးလိုသော စိတ်ကြောင့် ကွေးခြင်း သဘော ဖြစ်ပေါ်လာနိုင်၏။ ၎င်းကွေးလိုခြင်း သဘော, ကွေးခြင်း သဘော တချက် အစုံဖြစ်ခြင်းသည်၊ နာမ်,ရုပ် ၂-ပါး တကြိမ် ဖြစ်ပေါ်သည် မည်၏။ ထိုသို့ကွေးခြင်း ဖြစ်ပေါ်ရာ၌၊ ကွေးတယ်ဟု မမှတ်လျှင်၊ ကွေးသော နာမ်,ရုပ်ကို မသိ၊ မသိခြင်းဟူသည်ကား၊ မောဟ၏ သဘောပေတည်း၊

ထိုကွေးခြင်း နာမ်,ရုပ် တချက် ဖြစ်ပေါ်သော ဝီထိစိတ် အကြိမ်သည်၊ မောဟနှင့် ယှဉ်၍ဖြစ်သောကြောင့်၊ ၎င်းတကြိမ်၌ ပါသော ဇောခြောက်ချက် အတွက်၊ နောင်အနာဂတ်ကာလ၌၊ ၆-ကြိမ် ပဋိသန္ဓေနေရန်ဖြစ်၏၊ ၎င်းဇောခြောက်ချက် အတွက်၊ ပဋိသန္ဓေအကျိုးကိုပေးလျှင်၊ မောဟဇောဖြစ်သဖြင့် အပါယ်ဘဝ မျိုးစေ့သည်သာ လျှင် ဖြစ်ပေါ်၍လာလေ၏။ ဤသို့ စိတ်တချက်၌ ပါသော မောဟ ဇော ခြောက်ချက်အတွက်၊ အပါယ်ဘုံ၌ ၆-ကြိမ် ဖြစ်သဖြင့်၊ မျက်စိ တမှိတ်ခန့်ကာလတွင်၊ ဝီထိစိတ်အကြိမ်ပေါင်း ကုဋေ တသိန်းဖြစ်၍၊ ၎င်းအချိန်အတွင်း၌၊ မသိသော မောဟဇောမျိုးသာလျှင် နေစေပါမူ၊ ဤမျက်စိတမှိတ်ခန့် ကာလအတွင်း ဖြစ်သော ဇောအတွက်၊ နောင်

အနာဂတ် ကာလ၌ အပါယ်လေးပါးသို့ လားရောက်ရန် ဘာပေါင်း ကုဋေ ၆-သိန်းဖြစ်လေတော့သည်။

တနာရီ,နှစ်နာရီ, တရက်,နှစ်ရက်စသော အချိန်ကာလ အတွင်း၌ ဖြစ်သော ဇောစိတ်တို့ အတွက်၊ အပါယ်သို့ လားရောက်ရန် ဘဝ အကြိမ်များမှာမူ၊ ကုဋေပေါင်း အသင်္ချေယျ အနန္တမက များပြားလှ လေတော့၏။ ဤသို့ မသိခြင်းဟူသော မောဟအဝိဇ္ဇာကြောင့်၊ နောင် အနာဂတ်ကာလ၌ ဘဝဖြစ်ရသည်များကိုပင်လျှင်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဲဟတ်လည်သည်ဟု ဆိုရလေသည်။

အဝိဇ္ဇာပစ္စယာ၊ယာဝပစ္ဆိမပွန်ဘဝ၌ ခဏခဏဖြစ်၍နေသော၊သဘာဝ ဓမ္မ ပရမတ္ထ ရုပ်,နာမ်ကို၊ ဝိပဿနာ ပညာဉာဏ်ဖြင့် အဟုတ်အမှန် မသိ မမြင်ခြင်းကြောင့်။ သင်္ခါရ၊ နောင် အနာဂတ်ဘဝ၌ များလှစွာ သော ပဋိသန္ဓေဝိညာဏ် အပါယ်လေးပါးဟူသော၊ ဘဝတို့ကို ဖြစ် စေတတ်ကုန်သော အကုသိုလ် စေတနာတို့သည်။ သမ္ဘဝန္တိ၊ အသစ် အသစ် အဆင့်ဆင့်ဖြစ်ပေါ်၍ လာကြလေကုန်၏။

**အမှာစကား**၊ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာအရ၊ မျက်စိ တမှိတ်ခန့် ကာလ၌၊ ဝိထိစိတ်အကြိမ်ပေါင်း ကုဋေ ၆-သိန်းဆိုသော စကား၊ ၆-ကြိမ်၌ ပဋိသန္ဓေဘဝ ၆-ကြိမ်ဆိုသော စကားသည်၊ ဇောကန်မချ မဟုတ် အနေကန် အမှန်းအဆမျှသာဖြစ်၏။ သဘာဝကတို့ သိနိုင်သော အရာမဟုတ်၊ ဘုရားရှင်တို့၏ အရာပေတည်း။ ထို့ကြောင့် အဝိက သဒ္ဒါနှင့် ဟောသည်ကို ထောက်ထားပါလျှင်၊ ယွင်းမှားသည်ဟု အပြစ်ဆိုရန်မရှိကြောင်းများကို၊သတိပြုရန် မှာထားလိုက်ပေသည်။ ။ ဤကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အစဉ်မပြတ် လည်ပုံဖြစ်သော သဘာဝကို သိသာရုံထောက်ဆ၍ အမြွက်မျှ ပြဆိုလိုက်ခြင်းပေတည်း။

ပဋိစ္စသမုပ္ပါဒ်လည်ပုံကို ပြဆိုချက် ပြီး၏။

## ပဋိစ္စသမုပ္ပါဒ်ပျက်သွားပုံနှင့် အဓိပ္ပါယ်သဘောများကို ပြဆိုခြင်း

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ ကြိုးပြတ်ပျက်စီးပုံ အဓိပ္ပါယ်သဘော မှာကား။ ။ကွေးခြင်းအမူအရာဟူသော နာမ်,ရုပ်တချက်ဖြစ်ပေါ်လာ သော ဝိထိစိတ်တကြိမ်ဖြစ်ရာ၌၊ကွေးတယ်ဟု မှတ်လျှင်၊ ကွေးသည်ဟု သိ၏။ သိခြင်းဟူသည် ပညာမည်၏။ ထိုအသိဉာဏ် ပညာပါသော

ဝိထိစိတ် အကြိမ်၌ မောဟမဖြစ်၊ မောဟ မဖြစ်လျှင် ဤ ဝိထိစိတ် အကြိမ်၌ ပါသော ဇောစိတ်အတွက်၊အပါယ်သို့ လားရန်ဖြစ်သော ဘဝတို့သည်၊ ချုပ်ငြိမ်း ကွယ် ပျောက်ကုန်၏။ ဤသို့ ပညာပါလျှင် မောဟ မဖြစ်နိုင်သဖြင့်၊ နောင် အနာဂတ်ကာလ၌ အပါယ်လားရန် ဘဝကင်းပြတ်ခြင်း သဘောမျိုးကို၊ ပဋိစ္စသမုပ္ပါဒ် ပျက်သည့် ပြတ်သည်ဟု ခေါ် ဆိုရလေသည်။

**အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။**

အဝိဇ္ဇာယတွေဝ၊ ယခု ပစ္စုပ္ပန်ဘဝ၌ ခဏ, ခဏ ဖြစ်၍ နေသော သဘာဝဓမ္မ ပရမတ္ထ ရုပ်,နာမ်ကို၊ဝိပဿနာပညာဉာဏ်ဖြင့် အဟုတ် အမှန် မမြင် မသိခြင်းဟူသော မောဟ၏သာလျှင်။ အသေသဝိရာဂ နိရောဓာ၊ အကြွင်းမရှိ အသိဉာဏ်ပါသော ဝိထိစိတ်ဖြင့်၊ မဖြစ်ပေါ် လာဘဲ ချုပ်ခြင်းကြောင့်။ သင်္ခါရ နိရောဓော၊ နောင် အနာဂတ် ကာလ၌၊ များလှစွာသော ပဋိသန္ဓေ ဝိညာဏ် အပါယ်လေးပါး ဟူသော ဘဝတို့ကို ဖြစ်စေတတ်ကုန်သော၊ အကုသိုလ် စေတနာ သင်္ခါရတို့၏ အဆင့်ဆင့်ကုန်ဆုံး ချုပ်ငြိမ်းခြင်းသည်။သမ္ဘဝတိ၊ဖြစ်၏။

ဤ ဒေသနာတော်အရ ပြဆိုခဲ့သော အဓိပ္ပါယ်များဖြင့်၊ ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်၏ အစဉ်မပြတ် ဖြစ်၍လည်ပုံ၊ ပျက်စီး၍ သွားပုံ များကို ပိုင်းခြား၍ သိကြပါလေ။ ကျမ်းဂန်များ၌၊မူလ,အဂ္ဂနိ,အစပ်, အလွှာ အင်္ဂါ စသည်ဖြင့်လာရာ။ သဘာဝဓမ္မတို့၏ အစဉ်ကို ပညတ် တင်၍ ထင်မြင်ရန် ပြဆိုသော ဒေသနာနည်းမျှသာဖြစ်၏၊ ယောဂီ ပုဂ္ဂိုလ်တို့ ဝိပဿနာအလုပ်မှု၌၊ အသုံးပြုရန် ပြဆိုသော နည်းမဟုတ် ပေ။ ။ဤကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ကြိုးပြတ် ပျက်စီးပုံ ဖြစ်သော သဘာဝကို အမြွက်မျှ ပြဆိုလိုက်ခြင်းပေတည်း။

**အချုပ်သဘောမှာ။** ။မသိသော မောဟနှင့်ယှဉ်၍၊ ဝိထိစိတ် တကြိမ်ဖြစ်သည်ကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တချက် လည်သည်ဟု ဆို၏။ ပဋိစ္စသမုပ္ပါဒ် ဟူသည်၊ နောင်ဖြစ်ရန် ဘဝအတွက် မပျက်နိုင် အောင်၊တံဆိပ်ဖြင့် ရိုက်နှက်၍ မှတ်ပုံတင်ထားခြင်းပေတည်း။သိသော ပညာနှင့်ယှဉ်၍ ဝိထိစိတ် တကြိမ်ဖြစ်သည်ကို၊ ပဋိစ္စသမုပ္ပါဒ် စက်ရ ဟတ် တခု ပျက်သည်ဟု ဆို၏။ နောင်ဖြစ်ရန် ခန္ဓာဘဝ မရှိခြင်း ပေတည်း။

ငြိုရင်းမှာ။ ။မသိသော စိတ်အကြိမ်သည်၊ဘဝတိုးပွားလာရန် ဖြစ်၏။သိသော စိတ်အကြိမ်သည်၊ဘဝချုပ်ငြိမ်းရန်ဖြစ်၏။ဤအဓိပ္ပါယ် မျိုးကိုပင်ရည်၍၊ "မသိလျှင် တွယ်-သိလျှင် ပြယ်၏။ မသိလျှင် ဘေး-သိလျှင် အေး၏။" ဤသို့ စသည်ဖြင့် မန္တလေးမြို့ ရွှေကျင် သာသနာပိုင် ဖြစ်တော်မူသော၊ ဗိုလ်ရင်းဆရာတော် ဘုရားကြီး ရေး သားတော်မူလေသည်။ အလုပ်ကိစ္စ၌ ပါဝင်ပြီးစီးသော သဘောမျှ ကိုသာ ယူရမည်။ သစ္စာဉ်ကိုပြသော ဒေသနာနည်းမျိုးကို မလိုက် နှင့်၊ဒေသနာနည်းဖြစ်သော ပညတ်ကို လိုက်နေလျှင်၊သဘာဝ ပရမတ် သို့ မထိခိုက်နိုင်။ ဤအချက်ကို ဉာဏ်ပိုင်အောင် စဉ်းစားကြပါလေ။

မောဟသည် အမိုက်မှောင်နှင့် တူ၏။ ပညာသည် ဆီမီးရောင်နှင့် တူ၏။ မီးရောင်လာလျှင် မှောင်ပျောက်၍၊ မီးရောင် ပျောက်လျှင် အမှောင်ရောက်မြဲဖြစ်၏။ ထိုအတူ အသိဉာဏ်ဖြစ်ပေါ်လျှင်၊မသိသော မောဟချုပ်ပျောက်၍၊ အသိဉာဏ်မဖြစ်ပေါ်လျှင်၊ မသိသော မောဟ ရောက်လာ၏။ ထို့ကြောင့် ဝိထိအစဉ်၌ပါသော ကွေးခြင်း,ဆန့်ခြင်း စသော နာမ်,ရုပ်ဖြစ်ပေါ်သည်ကို၊သူ့သဘောအတိုင်း အမှန်သိသော ဉာဏ်ဖြစ်အောင်၊ ကွေးလျှင် ကွေးတယ်, ဆန့်လျှင် ဆန့်တယ် စသည် ဖြင့်၊ဖြစ်ပေါ်လာသော အမူအရာ အလုံးစုံကို အကုန်အစင်ပင် မှတ်ရ လေသည်။

ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်ကို ပြဆိုချက် ပြီး၏။

---

## အသိနှစ်မျိုး၏ သဘောများကို ထင်ရှားစွာ ပြဆိုခြင်း

အသိနှစ်မျိုး ဟူသည်ကား၊ မောဟနှင့် ယှဉ်၍ သိခြင်း၊ ပညာနှင့် ယှဉ်၍ သိခြင်းတို့ကို ဆို၏။ ထို အသိ နှစ်မျိုးတို့၏ ထူးခြားကွဲလွဲပုံကို သိရှိနိုင်ရန်မှာ၊ အောက်၌ ဖော်ပြထားသော အဓိပ္ပါယ် သဘော များဖြင့် မှတ်သားသိရှိအပ်ပေသည်။ ပဋိစ္စသမုပ္ပါဒ်၌ ဝိထိသဘောနှင့် စပ်သော စကားများမှာ၊ ပရမတ် ရုပ်, နာမ်တို့၏ အဖြစ်အပျက် လျင် မြန်ပုံကို ကျမ်းဂန်တို့၌ လာရှိသောအတိုင်း၊ သဘာဝမှ ဖြစ်စဉ်ကို သိမြင်ရန် ပြဆိုလိုက်၏။ သဘာဝ အစဉ်မှာမူ၊ မျက်စိတမှိတ်၌ အကြိမ် ပေါင်း ကုဋေတသိန်းဖြစ်နိုင်၏။ တကြိမ်လှမ်းခြင်း,တကြိမ်ကွေးခြင်း, တကြိမ် ဆန့်ခြင်းတို့သည်၊ မျက်စိတမှိတ်ခန့် ကာလထက် များစွာ

ပိုလွန်သည်မှာ အများပင် သိမြင် ထင်ရှားပါ၏။ သို့သော် အမှတ် အသား လွယ်စေရန် အညီအမျှဟု မှန်းဆ၍ ထားပါလေ။

ဝိပဿနာ အလုပ်သည်၊ နာမ်,ရုပ်တို့ ဖြစ် ပျက် တိုင်းကို သိရ၏။ တခါ ကွေးသောကာလ၌ နာမ်,ရုပ် ဖြစ်ပေါ် သည်မှာ၊အကြိမ်ပေါင်း ကုဋေ တသိန်းရှိ၏။ ဝိပဿနာ ရှုရာ၌ကား၊ တကြိမ်ကွေးလျှင် တခါ မှတ်ဟု ဆိုသဖြင့်၊ တခါသာ သိနိုင်ရာ၏။ ထို့ကြောင့် ရှေ့စကား နောက်စကားလည်း မညီ၊နာမ်,ရုပ်တို့ဖြစ်ပေါ် တိုင်းလည်း၊အဘယ်သို့ သိမြင်နိုင်ပါမည်နည်းဟု တွေးတောရန် အချက်ရှိပေသည်။

ရှင်းလင်းစွာ မှတ်သားရန်မှာ၊ မျက်စိတမှိတ်ခန့် ကာလ၌ ကုဋေ တသိန်းဆိုသည်မှာ၊ ပရမတ်တရားတို့၏ သဘာဝဖြစ်စဉ်ကို ပြသည်ဟု မှတ်။ ၎င်းအစဉ်သည် ယောဂီပုဂ္ဂိုလ်တို့ ရှုမှတ်ရန် မဟုတ်၊ မြတ်စွာ ဘုရားတို့၏ ဉာဏ်တော်၌သာ ထင်မြင်နိုင်ရန်ဖြစ်၏။ ယောဂီ ပုဂ္ဂိုလ် မှာ၊မျက်စိတမှိတ် လက်တခါကွေး,တခါဆန့်၌ တချက်သာမှတ်။ ဤသို့ တချက်မှတ်သော်လည်း၊ ၂-ချက်, ၃-ချက်, ၄-ချက်, ၅-ချက်စသည်ဖြင့် သိလာတတ်၏။

တခါကွေး၌ တချက်မှတ်ဟု ဆိုသည်မှာ၊ အလုပ်ဝင်စ၌ မှတ်ပုံ လိုက်စဉ် လွယ်စေရန် ဖြစ်သည်။ လိုက်စဉ် အချိုး ကျ၍ ရှင်းလင်း ပေါ်လွင် လာသောအခါ၊ မှတ်ရန် အချက်တွေကို မြင်လာလိမ့်မည်။ ထိုအခါ အခွင့်သာသမျှကိုပင် မှတ်ရလေသည်။ နောက်က ပြခဲ့သော သတိပဋ္ဌာန် ရှုနည်းကို ပြန်၍ ကြည့်ပါလေ။

ဤအရာ၌ နာမ်,ရုပ်တို့ အဖြစ်မြန်လျှင် မြန်သလောက်၊ ယောဂီ ပုဂ္ဂိုလ်တို့၏ဉာဏ်၌၊ အထင်အမြင် မပေါက်သော်လည်း၊ မိုဃ်းရွာ သောအခါ၊ ရေစီပေါင်း ရေပွက်တို့၏ အဖြစ်အပျက် လျင်မြန် သလောက်မျှ၊ ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ် ရောက်နိုင်လျှင်ပင်၊ အလုပ်ကိစ္စ၌ ပြီးမြောက်နိုင်လေ တော့သည်ဟု မြတ်စွာဘုရား ဟော ကြားတော်မူ၏။

**ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။**

**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။**

(ဓမ္မပဒ ပါဠိတော်)

ပုဗ္ဗုဠကံ၊လျင်မြန်ဖြစ်ပျက် ရေစီပေါင်းရေပွက်ကို၊ ပဿေ ယထာ၊ မျက်စိနှင့်ပင် ကြည့်ရှုတွေ့မြင်ရ သကဲ့သို့ရင်း။ မရီစိကံ၊ လိမ်လည်၍

ပြတတ်သော အခိုးတံလျှပ်ကို။ ပသော ယထာ၊ မျက်စိနှင့်ပင် ကြည့်ရှု တွေ့မြင်ရသကဲ့သို့ရှင်း။ ဧဝံ၊ဤအတူ။ လောကံ၊ နာမ်,ရုပ်ဓမ္မ၊ သင်္ခါရ တရား အပေါင်းအစုဟူသော လောကကို။ အဝေက္ခန္တံ၊ ဉာဏ်မျက်စိ တွင် ထင်မြင်သိရှိ၍ နေသောသူကို၊ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ဤဒေသနာတော်၏ အဓိပ္ပါယ်မှာ၊ ရုပ်, နာမ်သင်္ခါရ တရားတို့ကို၊ ရေပွက်တံလျှပ်တို့နှင့် တူစွာ ဥပမာပြု၍၊ ရှုမှတ်ရန် အလို့ငှါ ပြတော်မူ သည် မဟုတ်။ ရေပွက်ဘို့ အဖြစ်အပျက် လျင်မြန်သလောက်၊ ရုပ်,နာမ် တို့ ဇဖြစ်အပျက် လျင်မြန်သည်ကို ဉာဏ်ဇမြင် ပေါက်ရန်၊ တံလျှပ်တို့ ခိုင်မာခြင်း သဘော မရှိသကဲ့သို့။ ရုပ်,နာမ်တို့ ခိုင်မြဲခြင်းမရှိသည်ကို အသိဉာဏ်ပေါက်လျှင်ပင်၊ ကိစ္စပြီးမြောက်နိုင်ပုံကို ပြတော်မူ လိုရင်း ဖြစ်၏။

ထို့ကြောင့် အထက်တွင် ဘော်ပြခဲ့သော သဘောများသည်၊ မိမိ ထင်မြင်ချက် မျှသာ မဟုတ်။ ဤ ဒေသနာတော်၏ အဓိပ္ပါယ်သွားနှင့် တသားတည်း ညီမျှသဖြင့်၊ ယုံကြည်ရန် သင့်လှပေတော့သည်။ သိပုံ နှစ်မျိုးတွင်၊မောဟယှဉ်သော စိတ်တို့၏ သိပုံမှာ၊အာရုံတခုနှင့် တွေ့ဆုံ လျှင်၊ အဆုံးမသတ် မနားမရပ်ဘဲ၊ ဇထပ်ထပ်ကြိစည် တွေးတော၍ နေ၏။ ပညာနှင့်ယှဉ်သော စိတ်တို့၏ သိပုံမှာ၊ အာရုံတခုနှင့် တွေ့ဆုံ ရာ၊ထိုအာရုံ၌ ရပ်တန့်၍ မနေဘဲ၊ အမျိုးမျိုးသောအာရုံတို့ကို လျင်မြန် စွာ ပြောင်းလဲ၍ သိမြင်နိုင်လေ၏။

**ဥပမာကား။** ။ဉာဏ်သိမျိုးသည်၊မျက်စိဖြင့် အဆင်းကိုမြင်ရာ၌၊ မြင်ခါမျှဖြစ်၍၊ ထိုအဆင်းအာရုံကို ကြံစည်ခြင်းမပြုဘဲ၊ မြင်တယ်ဟု မှတ်၍ သိလျှင်၊အာရုံတမျိုးသို့ လျင်မြန်စွာပြောင်းလဲ၏။မောဟသိမျိုး မှာမူကား၊ မျက်စိဖြင့် ဇာတ္တာရုံဖြစ်သော မာတုဂါမ၏ အဆင်းကိုမြင် သောအခါ၊ မြင်တယ်ဟု မမှတ်သဖြင့် မြင်ခါမျှကို မသိ၍၊ လက်,ခြေ, အင်္ဂါ,နှုတ်ခမ်း,သွား,မေး စသော သဏ္ဌာန်ဒြပ်ပညတ်တွေ ပေါ်လာ ၏။ ထိုအခါ မှတ်၍ သိသော ဉာဏ်မပေါ်သေးလျှင်၊ ဆံပင်မှစ၍ ခြေဖျားတိုင်အောင်သော အမူအရာအင်္ဂါကြီးငယ်တို့ကို၊အသွယ်သွယ် စိတ်၌ ချီးမွမ်းသုံးသပ်၍ နေ၏။ ထိုသို့ ရောက်ရာ အာရုံကို မမှတ်၍ အသိဉာဏ် မဖြစ်သေးလျှင်၊ မူလဖြစ်သော မာတုဂါမ၏ တကိုယ်လုံး

ကို သုံးသပ်ရုံတွင် မနေဘဲ၊ ထိုမာတုဂါမ၏ အဓိ,အဘာ စသော တဆွေလုံး တမျိုးလုံးကိုပင် သိမ်းရုံး၍ အာရုံပြုတတ်လေ၏။

ဤအစဉ်အတိုင်း အာရုံပြုသုံးသပ်နေသည့် အတွင်း၌၊ ရောက်ရာ အာရုံကိုမှတ်၍ သိလိုက်လျှင်၊ ထိုအာရုံ အစဉ်မပြတ်စဲ၍ တမျိုးသို့ ပြောင်းလွဲလေ၏။ ရောက်ရာ အာရုံတခုခုကို မမှတ်၍ အသိဉာဏ်မပေါ်လျှင်၊ ကြီစည့်တွေးတောသော အာရုံ၏ အစဉ်သည် ရပ်တန့်ခြင်း မရှိဘဲ၊ အမြဲပင် သိမ်းရုံး၍ မီးခိုးမဆုံး မိုးမဆုံးဆိုသကဲ့သို့ ဖြစ်နေလေတော့၏။ စမ်းကြည့်လျှင် သိလာလိမ့်မည်။

ယခုပြဆိုခဲ့သော မောဟာသိ,ပညာသိ ၂-ပါးတို့၏ ထင်ရှားသိသာပုံ အဓိပ္ပါယ်များကို မှတ်သားရန် သာဓကမှာ။ ။မြတ်စွာဘုရားသခင်သည်၊ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၊ ဦးရိုးဖြစ်သော တိဿမထေရ်ကြီး ဆွမ်းဘုဉ်းပေးနေရာတွင်၊ သုံးဃရက္ခိတ မည်သော တူတပည့် ရဟန်းငယ်တပါးသည်၊ ယပ်ခပ်၍ ပေးနေရင်းပင်၊ လူထွက်ရန် စိတ်ကူးကြံစည်လေ၏။

ကြံစည်ပုံမှာ၊ ငါ့မှာ ပိတ်လေးတောင်ရှိ၏။ ၎င်းပိတ်ကို ရောင်းလျှင် ပိုက်ဆံ တမတ်ရ၏။ ဤပိုက်ဆံ တမတ်ဖြင့် ကြက်မကြီး တကောင်ကို ဝယ်၊ ၎င်းကြက်မက-၃,ဆယ်လုံးပေါက်၍၊ ကြက်မ ဆယ်ကောင်ဖြစ်၏။ ကြက်မ တကောင်လျှင်၊ ၃,ဆယ်လုံးပေါက်ပြန်၍၊ ကြက် အကောင် တရာ ရ၏။ ဤကြက်တရာကို တကောင်လျှင် တမတ်နှင့် ရောင်းသော် ငွေ ၂၅-ကျပ်ရ၏။ ၎င်းငွေနှင့် နွားမကြီးတကောင်ဝယ်၊ ၃-နှစ်လည်လျှင် နွားတခြံ ဖြစ်၏။

ထိုနွားတို့တွင်၊ အချို့ကိုရောင်းပြီး မယားတယောက်ယူ၊ မကြာမီ သားကလေး မွေးဘွားသဖြင့်၊ ကောင်းသောနွားနှင့် လှည်းစီး၍၊ ဆရာဦးရိုးဖြစ်သော တိဿမထေရ်ကြီးထံသို့ ကန်တော့ရန်လာရာ၊ လျှင်မြန်စွာ နွားကပြေး၍ သူငယ်ကလေး လှည်းပေါ်က စင်ကျသွားသဖြင့်၊ မိန်းမကို စိတ်ဆိုး၍ နွားမောင်းသောတုတ်နှင့် တအားလွှဲ၍ ရိုက်လိုက်ရာ၊ ဆရာ၏ ဦးခေါင်းကို ယပ်စောင်းနှင့် ခတ်မိလေသည်။ ထိုအခါ မထေရ်ကြီးက ရဟန်းငယ်၏စိတ်ကို သင်ခြင်းရာ၊ ကြံစည်ပုံအစဉ်ကို သိမြင်တော်မူသဖြင့်၊ အပြစ်ရှိသော သင်၏မယားကို မရိုက်ဘဲ၊ အပြစ်မရှိသော ငါမထေရ်အို၏ ခေါင်းကို အဘယ်ကြောင့် ရိုက် နှက်ဘိ

သနည်း၊ မောင်ရွှေဘိုး အဖေဟု မိန့်တော်မူလေရာ။ ရဟန်းငယ်မှာ လွန်စွာ ရှက်လှ၍ ဘော်ရာသို့ပင် ထွက်ပြေးလေသတည်း။

မောဟာစိတ်မျိုးသည်၊ ဤရဟန်းငယ်ကဲ့သို့ပင်၊ ကြံစည်သောအာရုံ မဆုံးလျှင်၊ စိတ်အစဉ်မပြတ်ဘဲ ဆက်စပ်၍သာ သွားတတ်လေသည်။ ၎င်းရဟန်းငယ်၏ ကြံစည်သော အာရုံသည်၊ဆရာ၏ဦးခေါင်းတော်ကို ယပ်နှင့် ခတ်မိသောကြောင့် သာလျှင်၊ စိတ်အစဉ် တန့်ရပ်ပြတ်စဲ၍ သွားရလေသည်။ ဆရာ၏ဦးခေါင်းကို မရိုက်မိလျှင်၊ ဘယ်အာရုံကို ဆိုက်အောင်သွား၍၊ဘယ်မှ အချိန်ကြာဦးမည် ဟူ၍ပင် မသိနိုင်ဖြစ် လေသည်။

ဤမှုလောက် ကြံစည်နေသော အာရုံပြုသည်၊ စိတ်အစဉ်အတွင်း၌ တခုခုသော အာရုံရောက်ရာကို မှတ်၍ သိပါလျှင်၊ထိုနေရာတွင် အစဉ် ပြတ်၍ ၎င်းအာရုံမှ တပါး၊ အခြားသောအာရုံသို့ ပြောင်းသွားရ၏။ ပြောင်းသွားပုံကား၊ မူလကြံစည်သည်မှစ၍၊ ကြက်မကို ဝယ်သော အာရုံ၌၊ ဝယ်တယ်ဟု မှတ်လိုက်လျှင်၊ ဝယ်တာကို အမှန်သိ၏။ ဤသို့ သိလျှင် ကြက်ကို ရောင်းခြင်း၊ နွားကို ဝယ်ခြင်းစသောအာရုံ စိတ် အစဉ်သို့မလိုက်ဘဲ၊တပါးသောအာရုံသို့ ပြောင်းလွဲ ကြံစည်မည် ဖြစ် ပေသည်။ မယုံလျှင် စမ်းသပ်၍ ကြည့်ရှုကြပါလေ။ ။ဤကား အသိ နှစ်ပါး၏ ထူးခြားဟန်ကို မှတ်သားရန် သာဓကနှင့် အဖြွက်မျှ ပြဆို လိုက်ခြင်းပေတည်း။

ပဋိစ္စသမုပ္ပါဒ်နှင့် အ သိ နှစ် ရပ် ကို ပေါင်းစပ်၍ သိအပ်သော ဓမ္မပုဂ္ဂိုလ် သဘော များ မှာ မူ ကား။ ။လောက၌ မကောင်းမှုဖြင့် အသက်မွေးသော ရဆိုး,တံငါတို့သည် ရှိကုန်၏။ထိုသူတို့သည် မိမိတို့ ကြံယာအသုံးအဆောင်တို့နှင့်၊သွားလာခြင်း အမှုကို ပြုလုပ်ခြင်းတို့၌၊ သဘောတူ အပေါင်းအဘော် လူ,သာမညတို့ တွေ့မြင်ရာ၌၊ ရှက် ကြောက် ရွံ့ရှာခြင်းမရှိပေ။ သူတော်ကောင်း လူ, ရဟန်း, သံဃာ တော်များကို တွေ့မြင်လျှင်၊အဝေးသို့ ပြေးသာလျှင် ပြေး၏။မပြေးသာ လျှင် ရှောင်လွှဲဖွယ်ရှာ၍ နေ၏။ မရှောင်သာ မလွှဲမဖယ်သာလှသော်၊ နောက်ခိုင်း ခေါင်းငုံ့၍သာ နေလေ၏။ မျက်နှာချင်း ယှဉ်ပြိုင် တွေ့ဆုံ လျက်၊ အမြင်ခံ,အထင်ခံပြုမူ၍ကား မနေဝံ့ကြပေ။ ထိုအတူပင် ပညာ နှင့်ယှဉ်သောစိတ် ,မဝင်လျှင်၊ မောဟာတို့ သဘောအတိုင်း ရပ်ဆိုင်း တန့်နားခြင်း မရှိဘဲ၊ ရှက်ကြောက်ရန် ကင်းဝေးသော တံငါများကဲ့

သို့၊ မကောင်းသော အာရုံတရားဓ္ဓိသာ မွေ့လျော် ပျော်ပါး၍ နေကြလေသည်။

တနည်းအားဖြင့်၊ ကောင်းသော တရားသည်၊ ရေဆန်နှင့် တူ၏။ မကောင်းသောတရားသည်၊ ရေစုန်နှင့်တူ၏။ ရေဆန်သို့ တက်ရန်မှာ အတန်ပင် ခဲယဉ်း၍၊ရေစုန်သို့ ဆင်းရန်မှာ လွန်စွာ လွယ်ကူသကဲ့သို့။ ကောင်းသော တရားအာရုံ၌၊ စိတ်ထားရန်မှာ လွန်စွာ ခဲယဉ်း၍၊ မကောင်းသော လောဘ, ဒေါသ, မောဟ အာရုံတို့နှင့် နေရလျှင်၊ ကြည်လင်ဝမ်းသာလျက်၊ လွန်စွာ လွယ်ကူကြောင်းကို၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

**ပါပသ္မိံ ရမတိ မနော။** ။မနော၊ မပြုမပြင် ပုထုဇဉ်တို့၏ ပကတိ ရှိနေသော စိတ်အစဉ်သည်။ ပါပသ္မိံ၊ လောဘ, ဒေါသ, မောဟစသော အကုသိုလ်ပွားများ မကောင်းသော ဒုစရိုက်တရား၌။ ရမတိ၊ မွေ့လျော်ပျော်ပါး ကျက်စား၍ နေလေ၏။

ဤဒေသနာတော်အတိုင်းပင်၊ သတ္တဝါတို့၏ ပကတိသော စိတ်ဓနစိတ်ထား၊ နှလုံးသွင်း အာရုံ ပြုပုံများကို မှတ်သား၍ သိသင့်လှ၏။ ထို့ကြောင့် နောက်က ပြခဲ့သော၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ခြင်း၊ အပါယ်လေးပါးသို့ လားရခြင်း၊ ဘဝခန္ဓာတို့ အဘန်ဘန် ဖြစ်ရခြင်းများသည်၊ အဝိဇ္ဇာစသော အကုသိုလ် တရားတို့ကြောင့်သာ ဖြစ်၍၊ ထိုအဝိဇ္ဇာစသည်တို့ ဝင်ရောက်နှောက် ယှက်ခြင်းမှ လွတ်ကင်းစေရန်၊ အလုံးစုံသော အမှုအရာဟူသမျှကို၊ ခဏခဏတိုင်း သိအောင် သတိဖြင့် မှတ်ကြပါလေ။

ကျမ်းဂန်တို့၌ နာမ်,ရုပ်ဟူ၍၎င်း၊ ခန္ဓာဟူ၍၎င်း၊ အာယတနဟူ၍၎င်း၊ ဓာတ်ဟူ၍၎င်း၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍၎င်း၊ သံသရာဟူ၍၎င်း ခေါ်ဆိုကြကုန်၏။ ထိုတရားတို့သည် အချုပ်အားဖြင့်၊ အမှန်ကိုမသိသော မောဟအဝိဇ္ဇာပေတည်း။ နောက်က ပြခဲ့သော ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း၊ မျက်စိတမှိတ်ခန့် ကာလအတွင်း၌ ဖြစ်သော မောဟစိတ်အတွက်၊နောင် အနာဂတ်ကာလ၌ အပါယ်ခန္ဓာ ဘာဝအကြိမ်ပေါင်း ကုဋေခြောက်သိန်း ဖြစ်ရ၍၊ တနာရီ,နှစ်နာရီ စသော အချိန်ကာလ အတွင်း၌ဖြစ်သော မောဟစိတ် အတွက်၊ အပါယ်ခန္ဓာ ဘဝဖြစ်ရန် အကြိမ်မှာမူ၊ ကုဋေပေါင်း အသင်္ချေယျအနန္တ မရေမတွက်နိုင်သဖြင့်၊

တရက်,နှစ်ရက် တနှစ်,နှစ်နှစ်စသော အချိန်ကာလအတွက် အဆက် ဆက်ဖြစ်ရန်၊ ဘဝခန္ဓာတို့မှာ ပြောဘွယ်ရာမရှိတော့ပြီ။

ထို့ကြောင့် သတ္တဝါတို့၏ ဖြစ်ရာအစ, ကုန်ရာ အဆုံးများကို၊ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့်ပင်လျှင်၊ မသိနိုင်မမြင် နိုင်ဟု အနမတဂ္ဂ ဒေသနာတော်ကို ဟောကြားတော်မူသည်။ ယခု ဖြင်ဆဲ ပစ္စုပ္ပန်ဘဝ၌ ပြုမိသောကံအမျိုးမျိုး၊နောက် ဘဝများစွာတို့က ပါလာ ခဲ့ကြသော ကံအမျိုးမျိုးတို့က အကျိုးပေး၍၊ အမျိုးမျိုးဖြစ်ရ လတ့်သော အပါယ်ခန္ဓာဘဝတို့သည်၊ အရိယာမဂ်ကို မရောက် မရ သေးသမျှ ကာလ ပတ်လုံး၊ ဘယ်အခါမှ ဆုံးမည်ဟု၊ ကန္တာနှင့် ရေတွက်သော်လည်း ကုန်နိုင်ဘွယ်ရာ အကြောင်းမရှိချေ။ ထို့ကြောင့် နာမ်,ရုပ်တို့က၊ မရပ်မစဲ အမြဲဖြစ်နေသဖြင့်၊ ဖြစ်ပေါ်တိုင်း မေ့ဟ ကင်း၍ အသိဉာဏ် ပွင့်လင်းအောင် အပြင်းအထန် မရပ် မနားဘဲ၊ အမြဲပင်ရှုမှတ်၍ နေရလေသည်။

**ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာနစ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ ။**

(ဝိသုဒ္ဓိမဂ်)

ခန္ဓာနံ၊ ခန္ဓာငါးပါး၊သင်္ခါရ နာမ်,ရုပ်တရားတို့၏၊ပဋိပါဋိစ၊အစဉ် သည်၎င်း။ ဓာတု အာယတနာနံ၊ ဓာတ် အာယတနတရားတို့၏၊ ပဋိ ပါဋိစ၊ အစဉ်သည်၎င်း။ အဗ္ဗောစ္ဆိန္နံ၊ အဆက်မပြတ် အဘန်ဘန် အ ထပ်ထပ်။ ဝတ္တမာနာ၊ အဝိဇ္ဇာကြောင့် ရှည်ကြာကာလ၊ ဖြစ်ပျက် ကျင်လည်၍ နေရသည်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

အသိနှစ်မျိုး၏သဘောများကို ပြဆိုချက်ပြီး၏။

## သတိ၏ အစိပ္ပါယ်ကို သိလွယ်ရန် ပြဆိုခြင်း

သတိပဋ္ဌာန် ဒေသနာတော်ကို၊ သုတ္တန်ကျမ်းတို့၌၎င်း၊ အဘိဓမ္မာ ကျမ်းတို့၌၎င်း၊ မြတ်စွာဘုရား ဟောကြားတော်မူရာ။ သုတ္တန်ကျမ်း များ၌၊ အစ,အဆုံး အကျယ်ဝေဘန်၍ ပြတော်မူ၏။ ၎င်းသုတ္တန်ကျမ်း တို့၌လာသော သတိပဋ္ဌာန်ဒေသနာတော်သည်၊ သုဒ္ဓဝိပဿနာအလုပ် ၌၊ လွန်စွာကျေးဇူးများလှသဖြင့်၊ ပေတို့၌၎င်း၊ ဘုတ်အုပ်တို့၌၎င်း၊ ရှေး

ဆရာတို့ အသီးအခြား ထုတ်နှုတ်ထားခဲ့၍၊ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်း၊ ကျောင်းတိုင်းလိုပင်၊ မြန်နှံ့ ထင်ရှား လက်ကိုင် ပြုထား၍၊ အများအပြား ရှိနေကြပေ၏။

ဤသို့ ရှိနေပါသော်လည်း၊ ထို သတိပဋ္ဌာန် ကျမ်း၌ ပါသော၊ အဓိပ္ပါယ်သဘော ယူဆပုံနှင့်၊ အားထုတ်သော လုပ်နည်းအစဉ်မှာမူ၊ ရှေးအခါတွင် အသုံးများ၍ ထင်ရှားလာရာ။ ယခုခေတ်အခါ၌ကား၊ အသုံးအစွဲ နည်းပါးလှ၍၊ အားထုတ်ပုံ နည်းလမ်း အစဉ်များပင်၊ ကွယ်ပျောက်သွားမတတ်၊ ပြတ်လပ် တိမ်ကောနေသဖြင့်၊ ပြောလို့မှ မယုံကြည် နိုင်လောက် အောင်၊ မေ့မှိန် တိမ်မြုပ်၍ နေခဲ့ပေသည်။ ထို့ကြောင့် ၎င်းသတိပဋ္ဌာန် ဒေသနာတော်အရ၊ ရှေးက အသုံးများ၍ ထင်ရှားသော လမ်းရိုးလမ်းမကြီး ဖြစ်ပုံကို၊ ဤကျမ်း၌ ပြဆိုသော အဓိပ္ပါယ် သဘော၊ ယူဆပုံ၊ အားထုတ်ပုံ နည်းလမ်း အစဉ်များနှင့် သင့်မသင့် ဉာဏ်ယှဉ်လျက် ဆင်ခြင်စဉ်းစားပြီး၊ မမှားအောင် သတိပြု၍ ကြည့်ရှုမှတ်ယူကြပါလေ။

ဤဆိုခဲ့ပြီးသော သတိပဋ္ဌာန်နှင့်စပ်၍ မှတ်သားရန်များမှာ၊ ရှေးဆရာတို့ တောထွက်ခဏ်း ကဗျာလင်္ကာကို ရေးသားရာတို့၌၊ သတိပဋ္ဌာန် ကျမ်းစာကို အမြဲဆောင်၍ ထွက်ရသည်ဟု ထည့်သွင်းရေးသားထားကြ၏။ ရှေးလူကြီးများ ဆုံးမသော စကား၌လည်း၊ သတိနှင့် သွား၊ သတိနှင့် စား၊ သတိနှင့် အိပ် စသည်ဖြင့်၊ များစွာအသုံးပြု၍ ပြောကြလေသည်။ လောကုတ္တရာနှင့် စပ်ရာ၌လည်း၊ တရားရှာ - ကိုယ်မှာ ဟု ပြောရိုး အစဉ်စကားသည်၊ အလွန်ပင် ထင်ရှားပေ၏။ သို့သော်၊ အဓိပ္ပါယ် သဘော သွားနှင့် အား ထုတ် ရ ပုံ နည်းများကိုမူကား၊ ပိုင်းခြား ဝေဘန်၍၊ ယထာဘူတ ကျအောင် ယူဆရန်မှာ၊ အမှန်ပင် ခဲယဉ်းပေ၏။ လုပ်ကိုင်ပုံ နည်းလမ်းကို ဖြောင့်မှန်စွာ ခွဲခြမ်း၍ ပြသော်လည်း၊ ကျမ်းဂန်လာ ဒေသနာနည်းများ၌၊ အသီးသီး အဖုံဖုံ ဖြစ်နေ၍၊ မယုံကြည်နိုင်ဘဲ ရှိနေတတ်ကြလေသည်။

ဤကဲ့သို့ ဖြစ်ခြင်းများသည်၊ သာမည ပုဂ္ဂိုလ်ကို မဆိုထားဘိ၊ လွန်စွာ တန်ခိုးဣဒ္ဓိပါဒ် ကြီးမားသော သူတော်ပင်သော်လည်း၊ မှန်ကန်သော နည်းလမ်း အစကို မရမမိ၍၊ မိမိဉာဏ်ဖြင့် ထင်မြင်သည့် အတိုင်း၊ ပြုလုပ်အားထုတ်လေသောကြောင့်၊ ချွတ်ချော် ယွင်းမှား၍

အလုံဖြစ်တတ်, အလွဲသို့ ရောက်သွားတတ်ကြောင်းများကို၊အောက်၌ ဘော်ပြထားသော ဝတ္ထုသွားဖြင့်၊ထင်ရှားစွာ သိသင့်လှပေသည်။

ရောဟိတဿ မည်သော နတ်သားသည်၊ မြတ်စွာဘုရား အထံသို့ ခ,စား၍၊ ဤသို့ လျှောက်ထား၏။ မြတ်စွာဘုရား တပည့်တော်သည်၊ ရှေးအခါ၌ တန်ခိုးကြီးမားသော ရောဟိတဿ ရသေ့ ဖြစ်ဘူးပါ၏။ စကြဝဠာ တခုကို ခြေတလှမ်းမျှဖြင့်၊ ကောင်းကင်သို့ ပျံသွားခြင်းငှါ စွမ်းနိုင်၍၊ ငါသည် တန်ခိုးအစွမ်းဖြင့်၊လောက၏အဆုံးကို ရောက်နိုင်လတံ့ဟု ကြံစည်ပါ၏။ ထို အကြံအတိုင်း အနှစ်တရာပတ်လုံး သွားလေရာ။ အသက်သာ ကုန်ခြင်းသာရောက်၍၊ လောက၏ အဆုံးသို့ မရောက်ပါ မြတ်စွာဘုရားဟု လျှောက်ထားလေ၏။

ရောဟိတဿနတ်သား၊ လောက၏ အဆုံးကို ခြေဖြင့် သွားရောက်နိုင်သည်ဟူ၍ ငါဘုရား ဟောတော် မမူပေ။ လောက၏ အဆုံးကို မရောက်ဘဲလည်း၊ဆင်းရဲ ဒုက္ခ၏ အဆုံးကို ပြုနိုင်လိမ့်မည်ဟူ၍လည်း၊ ငါဘုရား ဟောကြားတော် မမူပေ။ ချစ်သား ရောဟိတဿနတ်သား၊ အမှန်စင်စစ်သော်ကား၊ သညာနှင့်တကွ စိတ်နှင့် တကွသော တလံမျှ လောက်ရှိသော ဤ ကိုယ်ကောင်၌သာလျှင်၊ လောကကြီးဟု ပညတ်တော်မူ၏။ လောက၏ ဖြစ်ကြောင်းကို ပညတ်တော်မူ၏။လောက၏ ချုပ်ရာကို ပညတ်တော်မူ၏။လောက၏ ချုပ်ဆုံးရာသို့ ရောက်ကြောင်း အကျင့်ကောင်းကိုလည်း ပညတ်တော်မူ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ ဤကိုယ်ကောင်၌ ရုပ်,နာမ် ၂-ပါး၊ခန္ဓာ ၅-ပါး၊ သစ္စာ ၄-ပါးရှိ၏။ ဤကိုယ်ကောင်ဖြင့် သွားလျှင် လောက၏ အဆုံးသို့ ရောက်နိုင်၏ဟု ဆိုလိုသည်။

**ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။**

**အပတွာ စ လောကဿန္တံ၊ ဒုက္ခာ နတ္ထိ ပမောစနံ။ ။**

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်)

ဒေဝပုတ္တ၊ ရောဟိတဿနတ်သား။ လောကဿ၊ လောကကြီး၏။ အန္တော၊ အဆုံးသို့။ ဂမနေန၊ ခြေနှင့်သွားသဖြင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ပတ္တဗ္ဗော၊ ရောက်နိုင်သည် မဟုတ်ချေ။ လောကဿန္တံ၊ လောက၏ အဆုံးသို့။ အပတွာ၊ မရောက်မူ၍။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ ပမောစနံစ၊ လွတ်မြောက်နိုင်ခြင်းမည်သည်လည်း။ နတ္ထိ၊ မရှိပေ။ ။

ဋ္ဌင်းဝတ္ထုသည် ဤကျမ်း၌ အဖွင့်ကိစ္စမျှသာဖြစ်၏။ သံယုတ်ကျမ်းရင်း၌ရင်း၊ စတုရင်္ဂုတ္တရ ပါဠိတော် စတုက္ကဝဂ်၌ရင်း၊ အကျယ်တဝင့် ရှိလေသည်။

**အဓိပ္ပါယ်ကား။** ။လောကအဆုံး ဟူသော စကားအရ၊ ရောဟိတဿ ရသေ့သည်၊ စကြဝဠာကမ္ဘာ၏အဆုံးဟု ထင်၏။ အရှင်ဘုရားနှင့် လူတို့သည်၊ ဒဲဆက်ဆုံး ဘဝဂ်ဘုံကို လောက၏ အဆုံးဟု ထင်၏။ ထိုသို့ ထင်သောကြောင့်၊ ရောက်အောင် ခြေဖြင့်သွားခြင်း၊ ဈာန်ကို အားထုတ်ခြင်းများပြုကြ၏။ မြတ်စွာဘုရားသည်ကား၊ ကိုယ်ကောင်ကြီးကို လောကဟု ဟောတော်မူ၏။

ကိုယ်ကောင်ကြီး၏ အမူအရာကို မှတ်သော သတိပညာကို၊သွားခြင်း အကျင့်ဟု ဟောတော်မူ၏။ ခန္ဓာကိုယ် ချုပ်ငြိမ်းခြင်းကို၊လောက၏ အဆုံးဟု ဟောတော်၏။ထို့ကြောင့် ဒေသနာတရား ပြောဆိုသော စကားတို့သည်၊ အသံဖြင့် တူမျှသော်သည်း၊ သဘာဝ ယူဆပုံ ခဲယဉ်းသဖြင့်၊ မှားယွင်းချွတ်ချော် တတ်သည်များကို သတိပြုရန် ပြဆိုလိုက်ပေသည်။

သတိ၏ အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုချက် ပြီး၏။

---

## ရုပ်,နာမ်၏ လက္ခဏာကို ထင်ရှားစွာ ပြဆိုခြင်း

ရုပ်, နာမ် နှစ်ပါး၏ သဘောအရမှာ။ ။အထက်၌ ပြဆိုခဲ့သော ရှေးလူကြီးတို့ ဆိုးမစကား ဒေသနာ ဝတ္ထုများသည်၊ နိဗ္ဗာန်သို့ ခန္ဓာကိုယ်နှင့် သွား ရောက် နိုင် ပုံ ကို ပြ ၏။ သတိပဋ္ဌာန်ကျမ်း၌ လာသော အဓိပ္ပါယ် သဘော များသည်လည်း၊ ခန္ဓာကိုယ်ဖြင့်ပင် သွားပုံကို ပြတော်မူ၏။ ပြပုံမှာ၊ သွားလျှင် သွားတယ်ဟု မှတ်။ ဤသို့ စသည်ဖြင့် လာ၏။ ထိုသို့ မှတ်ရာ၌၊ သွားခြင်း စသော ကိုယ်အမူအရာသည်၊ ရုပ်, နာမ် ၂-ပါးတို့ ဖြစ်ပေါ်လာသည် မည်၏။ မှတ်ခြင်းသည်၊ ရုပ်,နာမ် ၂-ပါးဖြစ်သည်ကို သိ၏။

ဤသို့ လာရှိသော ဒေသနာ ဝတ္ထုများနှင့်၊ အဓိပ္ပါယ် သဘော သွားကို ထောက်ထား၍၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို၊ ကိုယ် ခန္ဓာဖြင့် သွားရသည်ဟူသော အဓိပ္ပါယ်အရ။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည်၊ သွား,ရပ်,ကွေး,ဆန့်စသော ကိုယ်အမူအရာ, နှုတ်အမူအရာများကို သတိပဋ္ဌာန်နည်းအတိုင်း၊ သွားတယ်, ရပ်တယ်၊ ကွေးတယ်,ဆန့်တယ် စသည်ဖြင့် မှတ်ခြင်းများပေတည်း။

ဤသို့ ကွေးခြင်း, ဆန့်ခြင်း စသော အမူအရာကို မှတ်နေသော ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်တရားသာ ထင်မြင်၍၊ နာမ်တရား မထင်နိုင် ရှိနေခဲ့လျှင်၊ ဝိရိယကိုလျော့ခြင်း၊ မထင်သော နာမ်ကို ထင်အောင် ကြောင့်ကြ ကြံစည်ခြင်း မပြုဘဲ၊ ထင်ပြီးသော ရုပ်တရားကိုသာ စွဲမြဲစွာ မှတ်ရ၏။ ဤသို့ အဘန်ဘန် ရှုမှတ်နေလျှင်၊ နာမ်တရားသည် အလိုလို ပေါ်ပေါက်ထင်မြင် လာလိမ့်မည်မှာ မလွဲတည်း။

**ဥပမာကား**။ ။မှန်ကိုကြည့်သောသူသည်၊ မျက်နှာရိပ် ကောင်းစွာ မထင်သေးသော်၊ မှန်ကိုမစွန့်မူ၍ အဝတ်ဖြင့် ပွတ်တိုက် သုတ်သင် ပါလျှင်၊ မျက်နှာရိပ်သည် အလိုလို ကြည်လင်စွာ ထင်လာ၏၊ အကြိမ်များစွာ ပွတ်တိုက်လျှင်၊ သာ၍ မှန်ကြည်လင်သဖြင့်၊ မျက်နှာရိပ်သည် အလွန် သန့်ရှင်းစွာ ထင်လာ၏။

ဤဥပမာ၌ ယောဂီပုဂ္ဂိုလ်သည်၊ မှန်ကြည့်သူနှင့်တူ၏။ ထင်နေသော ရုပ်သည် ကြည့်ရှု၍ မြင်သောမှန်နှင့်တူ၏။ ရုပ်၌ ထင်ပုံ မသန့်ရှင်းခြင်း သည်၊ မှန်၌ ဖုံမှုန့်ကပ်နေသည်နှင့် တူ၏။ ရုပ်ကို အဘန်ဘန် ရှုမှတ်ခြင်း သည်၊ မှန်ကို အကြိမ်များစွာ ပွတ်တိုက်သည်နှင့် တူ၏။ ရုပ်ကို ရှုမှတ် ရာ၌ အလိုလို နာမ်ထင်လာခြင်းသည်၊ မှန်ကို ပွတ်တိုက်ရာ၌ အလိုလို မျက်နှာရိပ်ပေါ် လာသည်နှင့် တူ၏။ ရုပ်ကို အဘန်ဘန် ရှုမှတ်သဖြင့်၊ ဉာဏ်အမြင် သန့်ရှင်း၍၊ နာမ်တရား ထင်ရှားလာခြင်းသည်၊ မှန်ကို အကြိမ်များစွာ ပွတ်တိုက်၍၊ ဖုံမှုန့် စင်ကြယ်သဖြင့် ကြည်လင်စွာ မျက်နှာရိပ်ပေါ် လာသည်နှင့်တူ၏။ ။ဤဥပမာကို ဝိသုဒ္ဓိမဂ်၌ အမျိုး မျိုးပြတော်မူသည်။

**ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။**

**ယထာ ဟိ စက္ခုမတော ပုရိသဿ အပရိသုဒ္ဓေ အာဒါသေ မုခနိမိတ္တံ ဩလောကေန္တဿ နိမိတ္တံ န ပညာယတိ၊ သော နိမိတ္တံ န ပညာယတီတိ န အာဒါသံ ဆဍ္ဍေတိ၊ အထခေါ နံ ပုနပ္ပုနံ ပရိမဇ္ဇတိ၊ တဿ ပရိသုဒ္ဓေ အာဒါသေ နိမိတ္တံ သယမေဝ ပါကဋံ ဟောတိ။**

ဟိ၊သစ္စံ၊မှန်၏။ ယထာယထာ၊အကြင်ကြင်သို့သော ရှုမှတ်သုံးသပ်ခြင်းစသော အခြင်းအရာအားဖြင့်၊ အဿ၊ထိုယောဂီပုဂ္ဂိုလ်အား၊ရုပံ၊ရုပ်သည်၊ သုဝိက္ခာလိတံ၊ ကောင်းစွာသန့်ရှင်းသည်။ နိဇ္ဇဋံ၊ အရှုပ်အထွေးကင်းသည်၊ သုပရိသုဒ္ဓံ၊ကောင်းစွာစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏၊ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ တဒါရမ္မဏာ၊ထိုရုပ်လျှင် အာရုံရှိကုန်သော၊အရူပဓမ္မာ၊နာမ်တရားတို့သည်၊ သယမေဝ၊ အလိုလိုသာလျှင်၊ ပါကဋာ၊ ထင်ရှားလာကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။

ဟိ၊ဥပမာကို ပြဦးအံ့၊ စက္ခုမတော၊မျက်စိအမြင်ရှိသော၊ပုရိသဿ၊ယောကျာ်းသည်၊ အပရိသုဒ္ဓေ၊ မစင်ကြယ်သော၊ အာဒါသေ၊မှန်၌၊ မုခနိမိတ္တံ၊ မျက်နှာရိပ်ကို၊ ဩလောကေန္တဿ၊ ကြည့်သည်ရှိသော်၊ နိမိတ္တံ၊ မျက်နှာရိပ်သည်၊ န ပညာယတိ၊ မထင်သေး၊ သော၊ ထိုယောကျာ်းသည်၊ နိမိတ္တံ၊မျက်နှာရိပ်သည်၊ န ပညာယတီတိ၊ မထင်ဟူ၍၊ အာဒါသံ၊မှန်ကို၊ န ဆဍ္ဍေတိ၊မစွန့်သေး၊ အထခေါ၊စင်စစ်သော်ကား၊ နံ၊ထိုမှန်ကို၊ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ ပရိမဇ္ဇတိ၊ ပွတ်တိုက်သုတ်သင်၏၊ အာဒါသေ၊မှန်သည်၊ ပရိသုဒ္ဓေ၊စင်ကြယ်သည်ရှိသော်၊ တဿ၊ထိုယောကျာ်းအား၊ နိမိတ္တံ၊မျက်နှာရိပ်သည်၊ သယမေဝ၊အလိုလိုသာလျှင်၊ ပါကဋံ၊ထင်ရှားလာသည်၊ ဟောတိ ယထာ၊ဖြစ်သကဲ့သို့၊ တထာ၊ထို့အတူ၊ အရူပဓမ္မာ၊နာမ်တရားတို့သည်၊ သယမေဝ၊ အလိုလိုသာလျှင်၊ ပါကဋာ၊ထင်ရှားလာကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

ယခုပြဆိုခဲ့သော သွား,အိပ်,စား,သောက် စသည်ဖြင့်၊မှတ်ရသော ဝိပဿနာ ကမ္မဋ္ဌာန်းနည်းမျိုးကို၊ အချို့သောသူတို့သည်၊ စမ်းသပ်၍ မကြည့်သေးဘဲ ကဲ့ရဲ့တတ်ကြလေ၏။ သွား, သွားတယ် သိ၊ သွားတယ် မှတ်။ စား, စားတယ် သိ၊ စားတယ် မှတ်။ ဤသို့ စသည်ဖြင့်၊ သိအောင် မှတ်ခြင်းများကို၊ကမ္မဋ္ဌာန်းဝိပဿနာ အားထုတ်သည်ဟူ၍ရင်း၊ တရားအားထုတ်သည် ဟူ၍ရင်း မထင်ကြကုန်။ သူတို့တရား သူတို့ဝိပဿနာ ကမ္မဋ္ဌာန်းကလဲ၊ သွားတာ, စားတာ၊ သိရမယ်,မှတ်ရမယ်တဲ့။ ဘယ့်နှယ်တရားလဲ၊ ကိုယ်သွားတာ,ကိုယ်စားတာကို၊ ကိုယ် မသိဘဲနေမလား၊ အရူးမှ မဟုတ်ဘဲ။ ဤလိုတရားမျိုးကို မကြားစဖူး တယ်ထူးတဲ့တရားဘဲ။ ဌက်တွင်း ကျမ်းကဲက ထင်ပါရဲ့ စသည်ဖြင့်၊ ပြောဆိုတတ်ကြလေသည်။

ဤသို့မှတ်ယူ စွဲလမ်းနေသောသူတို့သည်၊ အောက်၌ ဘော်ပြထားသည်များကို စဉ်းစားဆင်ခြင်ရာ၏။ စားသောက်ခြင်း စသော အမူအရာတို့သည်၊ **ရုပ်,နာမ်ဖြစ်ကြောင်း။မှတ်ခြင်းသည်၊ဝိပဿနာဖြစ်**ကြောင်းများကို၊ အထက်တွင်ဘော်ပြခဲ့ပြီ။ ကိုယ်စားတာ, ကိုယ်မသိဘဲ နေမလားဟု ထင်ရာ၊ စမ်းသပ် ရှုမှတ်ကြည့်လျှင်၊ကိုယ်သွားတာ, ကိုယ်စားတာကို၊ ကိုယ်မသိကြောင်း ထင်ရှားလာလိမ့်မည်။ ။အရူးမှ မဟုတ်ဘဲဟု ထင်ရာ။ လောက၌ အကောင်းအဆိုး သား,သမီး,ပစ္စည်း, မိမိကိုယ်များကိုပင်၊ အများလူတို့ကဲ့သို့ မသိ မမှတ် မထင်နိုင်အောင်၊ ဖေါက်ပြန်၍ နေသောသူကို အရူးဟု ဆိုကြကုန်၏။ ထိုအတူ မိမိတို့ စားသောက်ခြင်း စသော အမူအရာ၊နာမ်,ရုပ် သဘောကို မသိသော သူသည်၊ ပုထုဇဉ်အရူးဖြစ်၏။

**ပုထုဇ္ဇနော ဥမ္မတ္တကောဝိယ။** ။ပုထုဇ္ဇနော၊ ပရမတ် ရုပ်, နာမ်ကို အမှန်မသိသော ပုထုဇဉ်သည်။ ဥမ္မတ္တကောဝိယ၊ လောက၌ မစင်နှင့် စန္ဒကူးတို့၊ မထူးဟု ထင်မြင်နေအောင်၊ ဖေါက်ပြန် ရူးသွပ်၍ နေသောသူနှင့် တူ၏။

လောက၌ ထမင်းတခါစား၍၊ ပြီးအောင်မှ စိတ်ကို အစိုးမရဘဲ၊ မပြီးခင် ထပြေးခြင်း၊ ထမင်းပွဲကို ကန်ကြောက်၍ တွန်းလှန်ပစ်ခြင်း၊ စကားဝါကျ တခုဆုံးရုံမျှ ကောင်းစွာ အစီအစဉ် ညီညွတ်အောင် မပြောနိုင်ဘဲ၊ ဘုရား,တရား စကားပြောဆိုရင်း၊ တေးသီချင်းပါလာခြင်း၊ ဆဲရေးတိုင်းထွာ ယုတ်မာသောစကား ပါလာခြင်း စသော၊ ပဋ္ဌာစာရီတို့လို စိတ် ဖေါက် ပြန် သော သူ ကို အရူး ဆိုရသကဲ့သို့။ ကမ္မဋ္ဌာန်းဝိပဿနာနှင့် စပ်သော အာရုံ၌ မိမိတို့စိတ်ကိုထား၍၊ ခဏခေတ္တ ၁-နာရီ ၂-နာရီစသည်ဖြင့်မနေ၊ လေလွင့်နေသော စိတ်ကြမ်း စိတ်မိုက်ရှိသောသူကို၊ အရူးဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။ အားထုတ် စမ်းကြည့်လျှင်၊ အရူးမှန်း, အကောင်းမှန်းကို ခွဲခြမ်း၍ သိသာလိမ့်မည်။

မကြားစဘူး ထူးဆန်းလှ၏ စသည်ဖြင့် ထင်မြင်မှတ်ယူရာ။ မကြားဘူးသေးလျှင်၊ အဆိုးဟူ၍ရင်း၊ အဆန်းဟူ၍ရင်း ထင်တတ်၏။ ကြားဘူးသောအခါ၊ အကောင်း, အရိုး, အဖြောင့်ဟု ထင်မြင်လာရ၏။ လောက၌ အချို့လူများသည်၊ အလွန် အရသာရှိသော ဒူးရင်းသီးကို

မစားဘူးသေးလျှင်၊ နံသည်, ရွံသည်ဟု ရွံ့မဲ့ စက်ဆုပ် ကြကုန်၏၊ စားမိ၍ အရသာကို သိလာသောအခါ၊ တပါးသော အစာကိုပင် မစားချင် ဖြစ်လေသည်။

ထိုအတူ ယခုပြခဲ့သော သတိပဋ္ဌာန်နည်းလမ်း၊ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်ပုံကို မကြားဘူးသေးလျှင်၊ အထူးအဆန်းထင်၏၊ ကြားဘူး,နာဘူး,အားထုတ်ဘူးသော အခါ၊ အရိုး, အဖြောင့်, အမှန်, အကန်ဟု ထင်မြင်သဘောကျလာ ပေလိမ့်မည်။ မြတ်စွာဘုရား၏ လက်ျာတော်ရံ၊ပညာဧတဒဂ်ရ ဓမ္မ သေနာပတိ တရား စစ်သူကြီးဖြစ်တော်မူသော၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ မယ်တော် သာရိပုဏ္ဏေးမကြီးသည်၊ သား ရဟန္တာ ၇-ပါးတို့၏ မိခင်ဖြစ်ပါသော်လည်း၊ ထိုသားတို့၏ တရားတို့ကို အဟုတ်အမှန်ဟု မထင်နိုင်ဘဲ၊ အထူးအဆန်း,အလိမ်အကောက်ဟု မှတ်နေသဖြင့်၊ သားများဆုံးမသော တရားကိုမလိုက်မူ၍၊ မိမိရှေးက စွဲလမ်းသော မိစ္ဆာအယူကိုမစွန့်ဘဲ၊ မိမိသားများနှင့်ပင် ကဲ့ကွာ၍နေ၏၊သားများကို အယူမှား၊တရားလွဲသို့ လိုက်သည်ဟု အပြစ်တင်လျက် ကဲ့ရဲ့ရှုတ်ချနေ၏။ ၊အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုမည့်နေ့၌ မယ်တော်၏အိမ်သို့လာ၍၊ မွေးဘွားသော တိုက်ခန်းတွင်နေရာ။ ညအခါ သွေးအံသော ဝေဒနာဖြစ်လာ၍၊နတ်,သိကြား,ဗြဟ္မာတို့လာပြီး၊ပြုစုရန် လျှောက်ထားသည်များကို မြင်ရ,ကြားရမှ၊သား၏တန်ခိုးကြီးမားကြောင်းကို ထင်ရှားသိလာ၍၊ သား၏ ဆရာဖြစ်သော ရှင်ကြီးဂေါတမမှာမူ၊ ပြောဘွယ်ရာ မရှိပေဟု ကြံစည်မိလေ၏။ ထိုအခါ အရှင် သာရိပုတ္တရာက၊ မြတ်စွာ ဘုရား၏ ဂုဏ်တော်များကို ဟောကြားလေရာ။ တရား၏အဆုံး၌ မိစ္ဆာဒိဋ္ဌိ အယူရှိသော သာရိပုဏ္ဏေးမကြီးသည်၊ သောတာပန် အရိယာ အဖြစ်သို့ ရောက်လေ၏။ ဤသို့ တရားမှန်ကြောင်းကို ဉာဏ်၌သိလာသောအခါ၊ လွန်သွားသော နေ့, ရက်, လ, နှစ်တွေကို နှမြော၍၊ သို့ကလောက် အဘိုးထိုက်တန်သော တရားထူးကို ယခုမှကြားနာရ၍၊ သောတာပန်မျှသာ ဖြစ်ရလေသည်။ ငယ်ရွယ်စဉ် အခါက ကြားနာရပါလျှင်၊ သကဒါဂါမ်, အနာဂါမ်အဖြစ်များသို့ပင် ရောက်နိုင်ရာ၏၊ မိခင်ဖြစ်ပါလျက် အချိန်အခါ လွန်မှ လာ၍ ဟောလေခြင်းစသည်ဖြင့် ပြောဆို၍၊သားကိုပင် အပြစ်တင်ဘူးလေသည်။ ဤသို့သော ဝဋ္ဋလွှားတွေကို၊ များများကြီး စဉ်းစားကြပါလေ။

အထက်တွင် ပြဆိုခဲ့သော အတိုင်း၊ ထင်ပြီးသော ရုပ်ကိုသာ အကြိမ်များစွာ ရှုမှတ်သော်၊ နာမ်တရား အလိုလိုပေါ်လာ၏။အဘယ်သို့ ပေါ်လာပါသနည်းဟူမူ၊ ဖဿ၏ အစွမ်းအားဖြင့်ဇင်း၊ ဝေဒနာ၏ အစွမ်းအားဖြင့်ဇင်း၊ ဝိညာဏ်၏အစွမ်းအားဖြင့်ဇင်း၊တပါးပါးသော အခြင်းအရာတို့ဖြင့် ပေါ်လာတတ်၏။ ထိုသုံးပါးတို့တွင်၊ တပါးပါးသာလျှင် ရှေးဦးစွာပေါ်လာတတ်၏။ ၃-ပါးလုံး တပြိုင်နက် ပေါ်လာသည်မဟုတ်ပေ။ ၃ ပါးလုံး အတူတကွ မပေါ်သော်လည်း၊ တပါး ပေါ်လာလျှင်၊ ကြွင်းသောတရားတို့လည်း၊ အတူတကွပင် ဖြစ်ပေါ်၍ လာကြကုန်၏။ ထို့ကြောင့် နာမ်မထင်သေး သော်လည်း၊ ထင်ရှား ပေါ်လာပြီးသော ရုပ်ကိုသာလျှင်၊ အဖန်တလဲလဲ စွဲမြဲစွာ ရှုမှတ်ရလေသည်။

**ဝေံ သုဝိသုဒ္ဓရူပ ပရိဂ္ဂဟဿ ပနဿ အရူပဓမ္မာ တီဟိ အာကာရေဟိ ဥပဋ္ဌဟန္တိ၊ ဖဿ ဝသေန ဝါ ဝေဒနာ ဝသေန ဝါ ဝိညာဏ ဝသေန ဝါ။**

ပန၊ အတို့တပါးသည်ကား။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သုဝိသုဒ္ဓရူပ ပရိဂ္ဂဟဿ၊ ကောင်းစွာ စင်ကြယ်သောရုပ်ကို ရှုမှတ်သိမ်းဆည်းပြီးသော။ အဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ဖဿ ဝသေန ဝါ၊ ဖဿ၏ အစွမ်း အားဖြင့်ဇင်း။ ဝေဒနာ ဝသေန ဝါ၊ ဝေဒနာ၏ အစွမ်းအားဖြင့်ဇင်း။ ဝိညာဏ ဝသေန ဝါ၊ဝိညာဏ်၏အစွမ်းအားဖြင့်ဇင်း။ တီဟိ အာကာရေဟိ၊ ၃-ပါးသော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။

အာရုံတို့ကို တွေ့ထိခြင်း သဘောသည်-ဖဿမည်၏၊ အာရုံကို ခံစားခြင်း သဘောသည်- ဝေဒနာမည်၏။ အာရုံကို သိခြင်း သဘောသည် ဝိညာဏ်မည်၏။ဇင်း ၃-ပါးကို ဤနေရာ၌ နာမ်ဟုဆိုပေသည်။

ဤသို့ သတိပဋ္ဌာန် ပါဠိတော်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌၊ ဝိပဿနာနှင့်စပ်သော နာမ်,ရုပ် ၂-ပါးကို ပြဆိုရာ။ သွားခြင်း,စားခြင်းစသော* အမူအရာဟူသမျှသည်၊ နာမ်,ရုပ်မည်၏။ ထို အမူအရာ စသည်ကို မှတ်ခြင်းသည်၊ ဝိပဿနာမည်၏။ ။သဘောကို ကောက်ယူပုံမှာ၊ သွားခြင်းအမူအရာသည်-ရုပ်၊သွားလိုသောစိတ်သည်-နာမ်။ နာမ်ကြောင့် ရုပ်ဖြစ်သည်။ ရုပ်,နာမ် ၂-ပါးအတူ ဖြစ်သည်ဆိုလို၏။

**နာမေန ရူပံ ပဝတ္တတိ**။ ။နာမေန၊နာမ်ကြောင့်။ရူပံ၊ရုပ်သည်။ ပဝတ္တတိ၊ဖြစ်၏။ ။၎င်းဒေသနာတော်ကို ထောက်လေ။ ။ရုပ် ၂၈ ပါး၊ နာမ် ၅၃-ပါးဟု ကျမ်းဂန်၌လာသော သရုပ်သဘောများကို မလိုက်နှင့်။ အလုပ်ကိစ္စ၌၊ **ရူပ္ပန လက္ခဏံ ရူပံ၊ နမန လက္ခဏံ နာမံ**။ ။ရူပ္ပန လက္ခဏံ၊ဖေါက်ပြန်ခြင်းသဘောသည်၊ရူပံ၊ရုပ်မည်၏။နမန လက္ခဏံ၊ ညွတ်ခြင်း သဘောသည်။ နာမံ၊ နာမ်မည်၏။ ။ဤသို့ လာသော ဒေသနာအရ၊ သဘောမျှကိုသာ ဆိုလေသည်။ ။ထိုသို့ ယူဆသော အဓိပ္ပါယ်သဘောအရဖြင့်၊ သွားတာ ရုပ်,သွားချင်တာ နာမ်။ရပ်တာ ရုပ်, ရပ်ချင်တာ နာမ်။ထိုင်တာ ရုပ်, ထိုင်ချင်တာ နာမ်။ အိပ်တာ ရုပ်, အိပ်ချင်တာ နာမ်။ ဤသို့စသည်ဖြင့်၊ ရှေ့တက်,နောက်ဆုတ်၊ ကွေး, ဆန့်,ကြွ,မ,ကိုင်,တွယ်၊ ပေးကမ်း,ယူငင်,သိမ်းဆည်း,ကြည့်ရှု, စားသောက် စသော ကိုယ်အမူအရာ၊ ပြောဆိုခေါ်ဝေါ် ရယ်မော,ငိုကြွေး စသော နှုတ်အမူအရာတို့ ဖြစ်ပေါ်လာမှုများသည်၊ နာမ်,ရုပ် ၂-ပါး တို့ဖြစ်သည် မည်၏။

**ဧဝံ လောကော ပဝတ္တတိ**။ ။ဧဝံ၊ဤသို့သောအကြောင်းအကျိုး အစဉ်ဖြင့်။ လောကော၊ နာမ်,ရုပ် ၂-ပါးသည်။ ပဝတ္တတိ၊ ဖြစ်၏။ ။ ကိုယ်အမူအရာစသည့်မှ တပါး၊ သရုပ်သဘောအဆိုများကို ကြံစည်၍ နေလျှင်၊ ပရမတ် ရုပ်,နာမ်ကို၊ အဟုတ်အမှန် မမိနိုင်ရန် မဟုတ်ပေ။ **တရားရှာ-ကိုယ်မှာ** ဆိုသောစကားကို ရှုမျှော်လေ။

ကမ္ဘာလောကကြီး၌၊ ရုပ်,နာမ် ၂-ပါးသာ ရှိသည်။ ရုပ်,နာမ် ၂-ပါးသာ ဖြစ်သည်။ ရုပ်,နာမ် ၂-ပါးသာ ပျက်သည်။ ထို ရုပ်,နာမ် ၂-ပါး၏ ဖြစ်ပျက်နေသည်ကို၊ အမှန် သိအောင် အားထုတ်ရသည်။ ဤသို့ ပရမတ် ရုပ်,နာမ်တို့ ဓာတ်သဘောအရင်းကို သိမှ၊ ဝိပဿနာ ဉာဏ်ဖြစ်သည်။ အမှန်သိသော ဉာဏ်ဖြစ်မှ၊ ရုပ်,နာမ်ကို ရှုမှန်း စက်ဆုပ်၍ ရုပ်,နာမ်ချုပ်ရာ နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ဤသို့ စသည်ဖြင့် လာရှိသောဒေသနာ၊ ပြောဆိုနေသော စကားများနှင့်၊ အထက်တွင် ယူဆရန် ပြဆိုသော သဘောသွားကို စဉ်းစား၍ နှိုင်းယှဉ်ကြပါလေ။

သွားခြင်းစသော ကိုယ်အမူအရာစသည့်ကို၊ သွားတယ်စသည်ဖြင့် မှတ်နေလျှင်၊ ဖေါက်ပြန်ခြင်း သဘောရှိသော ရုပ်တရား၊ ညွတ်ခြင်း သဘောရှိသော နာမ်တရားတို့သည်၊ ၂-ပါးအစုံသော်၎င်း၊တပါးပါး

သော်ငင်း၊ ရုပ်,နာမ်တို့၏ ဓာတ်သဘောအတိုင်း၊ ညဏ်၌ထင်မြင်လာလိမ့်မည်။ ထင်မြင်လာသည့် သဘောအတိုင်းသာ မှတ်၊ရုပ်ကို ရှုမှတ်မည်၊ နာမ်ကိုရှုမှတ်မည်ဟု မကြံစည်နှင့်။ မကြံစည်ဘဲ ရုပ်တရားပေါ်လာလျှင် နာနာမှတ်၊ လွှတ်၍ထားနှင့်။ မှတ်ဆဲ၌ နာမ်ပေါ်လာသော်၊ ရုပ်ကိုလွှတ်၍ နာမ်ကိုသာ မမှတ်နှင့်။ဤသို့ ကိုယ်အမူအရာ စသည်ကို မှတ်ခြင်းသည်၊ရုပ်,နာမ်နှစ်ခု၏ ဖြစ်ပျက်မှုကို သိမြင်အောင် ရှုသော ဝိပဿနာအလုပ်မည့်၏။ ကိုယ်ခန္ဓာကို လွှတ်၍ တပါးသော နေရာ၌၊ ရုပ် ၂-ပါးဟူ၍ မရှိနိုင်ပေ။

**သစေ ဟိ ကေသို ဝါ ရူပဓမ္မေ ဥပဋ္ဌိတေ ဒွိသုဝါ ရူပံ ပဟာယ အရူပ ပရိဂ္ဂဟံ အာရဘတိ ကမ္မဋ္ဌာနတော ပရိဟာယတိ။ ။**

(ဝိသုဒ္ဓိမဂ်)

ဟိသဒ္ဒါ၊မှန်၏။ ကေသို ရူပဓမ္မေ၊ တကြိမ်သော ရုပ်တရားသည်။ ဥပဋ္ဌိတေဝါ၊ ထင်လာသော်ငင်း။ ဒွိသု ဓမ္မေသု၊ နှစ်ကြိမ်သော ရုပ်တရားတို့သည်။ ဥပဋ္ဌိတေသုဝါ၊ ထင်လာကုန်သော်ငင်း။ ရူပံ၊ တကြိမ် နှစ်ကြိမ်ထင်သော ရုပ်ကို။ပဟာယ၊မမှတ်ဘဲ ပယ်ချ၍။အရူပ ပရိဂ္ဂဟံ၊ နာမ်ကို သိမ်းဆည်းခြင်းကို။ သစေ အာရဘတိ၊အကယ်၍ အားထုတ်သည်ဖြစ်အံ့။ ကမ္မဋ္ဌာနတော၊ ကမ္မဋ္ဌာန်းမှ။ ပရိဟာယတိ၊ ဆုတ်ယုတ်၏။ ။ ဝိသုဒ္ဓိမဂ်၌ ဥပမာနှင့်တကွ အကျယ်တဝင့် ပါရှိလေသည်။

ယခု ပြဆိုခဲ့ပြီးသော၊နာမ်,ရုပ် ၂-ပါးနှင့်စပ်၍၊ သာဝတ္ထိပြည်သားဖြစ်သော ပဋ္ဋဂ္ဂပုဏ္ဏားကြီးအား၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။ အကြောင်းမှာ၊ တနေ့သ၌ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရာ၊ ထိုပုဏ္ဏားကြီးအိမ်၌ ရပ်တော်မူ၍၊ ထက်ဝက်မျှ စားကြွင်း ဖြစ်သော ထမင်းကိုသူရာ၊ မြတ်စွာဘုရား အသူခံတော်မူ၍၊ လွန်စွာ ဝမ်းမြောက်လှသဖြင့်၊ အမေး ပုစ္ဆာစကားကို လျှောက်ထားလေ၏။

အရှင်ဂေါတမ အရှင်ဘုရားတို့သည်၊ မိမိ၏တပည့်များကို၊ ဘိက္ခု ဟူ၍ ခေါ်ဆိုကြပါကုန်၏။ အဘယ်သို့သော သဘောဖြင့်၊ ဘိက္ခုမည်ပါသနည်းဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည်၊ ဘိက္ခုမည်ကြောင်းတရားကို၊ ပုဏ္ဏားကြီးအား ဟောကြားတော်မူ၏။

**သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာစ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။ ။**

ဖြဟ္မဏာ၊ ပဥ္စင္ဂပုဏ္ဏားကြီး။ ယသာ၊အကြင်ပုဂ္ဂိုလ်အား။သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ နာမရူပသ္မိံ၊ ပရမတ္ထတရား နာမ်,ရုပ် ၂-ပါး၌။ မမာယိတံ၊ ငါ-ငါ၏ဥစ္စာဟု ခင်မင်မြတ်နိုးခြင်း သည်၊ နတ္ထိ၊ မရှိ။ အသတာစ၊ ဖြိကပ်တွယ်ဘာ သာယာစုံမက် ဒ္ဓိုင်း မရှိသည်ဖြစ်၍လည်း၊ န သောစတိ၊ ပျက်စီးသော်လည်း ပင်ပန်းညှိုး နွမ်း၍၊ စိုးရိမ်ပူဆွေးခြင်း မရှိပေ။ သော ပုဂ္ဂလော၊ ထိုကဲ့သို့ သဘော ရှိသော ပုဂ္ဂိုလ်ကို။ ဝေ ဧကန္တေန၊ ရချဧကန် အမှန်စင်စစ်အားဖြင့်။ ဘိက္ခုတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ နာမ်,ရုပ် ၂-ပါး ပရမတ္ထတရားကို ဟောကြားသောအဆုံး ၌၊ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့သည်၊ အနာဂါမိဖိုလ်၌ တည်ကြကုန် ၏။လောကကြီး၌ နာမ်,ရုပ် ၂-ပါးသာရှိ၏။နာမ်,ရုပ် ၂-ပါး၌ တပ်နှစ် သက်ခြင်း ရာဂမဖြစ်နိုင်အောင်၊ စားလျှင် စားတယ် စသည်မှတ် ဟု ဆိုလိုသည်။

ထိုသို့ စားခြင်း,သောက်ခြင်းစသော အမှုအရာတို့သည်၊ ရုပ်,နာမ် ၂-ပါးသာ ဖြစ်ကြောင်းကို၊ ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိ၌ လာသောစကား ဖြင့်လည်း၊ ထင်ရှားစွာ သိသင့်ပေ၏။ ၎င်းအဋ္ဌကထာ၌၊နာမ်က သွား လိုသောကြောင့်၊ ရုပ် သွားရ၏။ နာမ်က စားလိုသော ကြောင့်၊ ရုပ် စားရ၏ စသည်ဖြင့် များစွာလာ၏။ထို့ကြောင့် သွားတာ-ရုပ်၊သွားချင် တာ-နာမ်။ စားတာ-ရုပ်၊စားချင်တာ-နာမ် စသည်ဖြင့်၊ ရုပ်, နာမ်တို့ သဘောအရကို ဘော်ပြခဲ့ပေသည်။

အချုပ်မှာ၊ ဤရုပ်,နာမ် ၂-ပါးတို့သည်၊ ဖြစ်လျှင် အတူ,ပျက်လျှင် အတူဖြစ်၍၊တခုကိုတခု အမှီတံကဲ၊ သဟဲပြုရကြောင်း။ စားခြင်း,သွား ခြင်း စသည်၌၊ နာမ်,ရုပ် ၂-ပါးဖြစ်၏။ စားတာ,သွားတာ စသည်ကို မှတ်၍ သိခြင်းသည်၊ဝိပဿနာဖြစ်၏ဟု ဆိုခဲ့သောစကားများကို၊ မှတ် သား ယုံကြည်စွာ လိုက်နာကျင့်ကြံကြကုန်ရာသည်။

**နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ။** စသည်ဖြင့် ဆိုသောကြောင့်၊ ရုပ်သည်လည်း နာမ်ကြောင့် ဖြစ်၏၊ နာမ်သည်လည်း ရုပ်ကြောင့်ဖြစ်၏။ နာမ်,ရုပ် ၂-ပါးတို့သည်၊ အကျိုး တရား ဖြစ်ကုန်၏ ဟူ၍၎င်း၊ အကြောင်းတရား ဖြစ်ကုန်၏ ဟူ၍၎င်း ဆိုရပေသည်။

**ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။**
**ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။** ဝိသုဒ္ဓိမဂ်။

နာမဥ္စ၊ ညွတ်ခြင်း သဘောရှိသော နာမ်တရားသည်၎င်း။ ရူပဥ္စ၊ ဖေါက်ပြန်ခြင်း သဘောရှိသော ရုပ်တရားသည်၎င်း။ ယမကံ၊ မကွာမကွဲ အစုံတွဲ၍ ဖြစ်ရလေ၏။ ဥဘော၊ နာမ်,ရုပ်တရား ၂-ပါးတို့သည်။ အညောညနိဿိတာ၊ တခုနှင့်တခု အချင်းချင်းမှီတွယ်၍ ဖြစ်လေကုန်၏။ ဧကသ္မိံ၊ တခုသော နာမ်တရား, တခုသော ရုပ်တရားသည်။ ဘိဇ္ဇမာနသ္မိံ၊ ချုပ်ပျောက် ပျက်စီးခဲ့သည်ရှိသော်။ ဥဘော၊ ၂-ပါးကုန်သော။ ပစ္စယာ၊ အကြောင်းဖြစ်သော နာမ်,ရုပ် တရားတို့သည်။ ဘိဇ္ဇန္တိ၊ တပြိုင်နက်တည်း ပျက်စီးကြလေကုန်၏။

ရုပ်,နာမ်၏ လက္ခဏာကို ပြဆိုချက်ပြီး၏။

## ခန္ဓာ၏သဘောမှန်ကို သိမြင်ရန် ပြဆိုခြင်း

သတိပဋ္ဌာန် ပါဠိတော်၌လာသော၊ ဓမ္မာနုပဿနာ ရှုမှတ်ပုံ ခန္ဓာငါးပါးကို ပြဆိုခဲ့သောအတိုင်းပင် မှတ်ရာ၏။အစိပ်စိပ် ဝေဘန်ခဲ့လျှင်၊ သွား, ရပ်, ထိုင်, လျောင်း စသော ကိုယ်အမူအရာ သဘောစုသည်၊ ကာယာနုပဿနာ၏ ရှုမှတ်ရာဖြစ်သော ရူပက္ခန္ဓာမည်၏။ ပူ,ဧ ကိုက်ခဲ စသော အမူအရာသဘောစုသည်၊ ဝေဒနာနုပဿနာ၏ ရှုမှတ်ရာ ဖြစ်သော ဝေဒနာက္ခန္ဓာမည်၏၊ အဖြူ,အနီ,အကြောင်,အကျား,အကြီး, အငယ်,အတို,အရှည် စသည်တို့ဖြင့်မှတ်သော သညာအမှတ်သဘောသည်၊ သညာက္ခန္ဓာမည်၏။ သွားတယ်, စားဘယ်၊ ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်ရာ၌၊အားထုတ်ခြင်း အမူအရာသဘောစုသည်၊ သင်္ခါရက္ခန္ဓာမည်၏။ မြင်တယ်,ကြားတယ်,နံ့တယ်,စားတယ် စသည် ဖြင့်မှတ်ရာ၌၊သိခြင်းအမူအရာ သဘောစုသည်၊ဝိညာဏက္ခန္ဓာမည်၏။

သဘောကို ကောက်ယူလျှင်၊အမူအရာသဘောတခု၌ ခန္ဓာငါးပါးလုံးပင် ပါဝင်၏။ပါဝင်ပုံမှာ၊ကွေးသော အမူအရာ သဘောတခုကို၊ ကွေးတယ်ဟု မှတ်ရာ၌၊ ကွေးခြင်း ဖြစ်ပေါ်လာသော အမူအရာ သဘောသည်၊ ရူပက္ခန္ဓာမည်၏။ ကွေးသောအခါ အဆင်သင့် အခန့်တော်၍သဘောကျသော အမူအရာသဘောသည်၊သုခဝေဒနာမည်၏။ ကွေးသောအခါ အဆင်မသင့် အခန့်မတော်၍ သဘောမကျသော

အမှုအရာ သဘောသည်၊ ဒုက္ခဝေဒနာမည်၏။ သဘောကျသည်လည်း မဟုတ်၊ သဘောမကျသည်လည်း မဟုတ်သော အမှုအရာသဘောသည်၊ ဥပေက္ခာဝေဒနာမည်၏။ ထို ဝေဒနာသုံးပါးကို၊ ဝေဒနာက္ခန္ဓာ ဆို၏။ ကွေးတယ်ဟု မှတ်ခြင်းသည်၊ သညာက္ခန္ဓာမည်၏။ ကွေးသော အခါ ကွေးခြင်း အမှုအရာ သဘော ဖြစ်ပေါ်လာအောင်၊ အားထုတ် ခြင်း အမှုအရာသဘောသည်၊ သင်္ခါရက္ခန္ဓာမည်၏။ ကွေးသောအခါ ကွေးတယ်မှတ်၍၊ ကွေးတာကို သိခြင်းသဘောသည်၊ ဝိညာဏက္ခန္ဓာ မည်၏။

အချုပ်မှာ၊ ကွေးတာ ရူပက္ခန္ဓာ၊ ကွေးလို့ကောင်းတာ, မကောင်း တာ ဝေဒနာက္ခန္ဓာ၊ ကွေးတယ် မှတ်တာ သညာက္ခန္ဓာ၊ ကွေးမယ် အားထုတ်တာ သင်္ခါရက္ခန္ဓာ၊ ကွေးတယ် သိတာ ဝိညာဏက္ခန္ဓာ။ ကွေးသော အမှုအရာ သဘော တချက်၌၊ ခန္ဓာငါးပါး တပြိုင်နက် ပါဝင်ပြီးစီးပုံကို ယုံကြည်ရန်၊ ဘော်ပြလိုက်သော အဓိပ္ပါယ်အကျဉ်း ချုပ်ပေတည်း။ ။ခန္ဓာငါးပါးကို ပြဆိုရာ၊ ကျမ်းဂန်တို့၌ လာသော သရုပ်သင်္ချာ အရေအတွက်မျိုးကို မလိုက်နှင့်။ ကျမ်းဂန်အဆိုမှာ၊ ရုပ် ၂၈-ခုသည်၊ ရူပက္ခန္ဓာ။ ဝေဒနာ စေတသိက်သည်၊ ဝေဒနာက္ခန္ဓာ။ သညာ စေတသိက်သည်၊ သညာက္ခန္ဓာ။ စေတသိက် ၅၀-သည်၊ သင်္ခါရက္ခန္ဓာ။ စိတ် ၈၉-ပါး, ၁၂၁-ပါးသည်၊ ဝိညာဏက္ခန္ဓာဟု ဆို၏။ ဤသို့ သင်္ချာကို ရေတွက်ခြင်းသည်၊ ဒေသနာ ပရိယတ်မည်၏။ ဝိပဿနာ အလုပ်၌ ဒေသနာနည်းမျိုးကို မလိုပေ။ ။**ဒေသနာတိ ပညတ္တိ**—ဟူသော စကားအရ၊ ဒေသနာ ဟူသည်မှာ ပညတ် မျှသာ ဖြစ်၏။ပရမတ်ကိုထိမိုက်မှ ဝိပဿနာဟု ဆိုရလေသည်၊ ပရမတ်အရာ ၌ သဘောမျှကိုသာ ယူရ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌၊ ဝိပဿနာ အလုပ်နှင့် စပ်ဆိုင်သော ခန္ဓာငါးပါး၏ သဘောများကို ဘော်ပြ လေသည်။

**ရုပ္ပနလက္ခဏံ ရူပံ၊ ဝေဒယိတလက္ခဏာ ဝေဒနာ၊ သဉ္ဇာနနလက္ခဏာ သညာ၊ အာယူဟနလက္ခဏာ သင်္ခါရာ၊ ဝိဇာနနလက္ခဏံ ဝိညာဏံ။**

ရုပ္ပနလက္ခဏံ၊ ဖေါက်ပြန်ခြင်းသဘောသည်၊ ရူပံ၊ ရူပက္ခန္ဓာမည်၏။ ဝေဒယိတလက္ခဏာ၊ ခံစားခြင်းသဘောသည်၊ ဝေဒနာ၊ ဝေဒနာက္ခန္ဓာ

မည်၏။ သဉ္ဇာနန လက္ခဏာ၊ မှတ်ခြင်း သ ဘော သည်။ သညာ၊ သညာက္ခန္ဓာမည်၏၊ အာယူဟနလက္ခဏာ၊ အားထုတ်ခြင်း သဘော တို့သည်။ သင်္ခါရ၊ သင်္ခါရက္ခန္ဓာမည်ကုန်၏။ ဝိဇာနနလက္ခဏာ၊ သိခြင်း သဘောသည်။ ဝိညာဏ်၊ ဝိညာဏက္ခန္ဓာမည်၏။

ဤ ဒေသနာ အရဖြင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာ၊ ကျမ်းဂန်လာ ဒေသနာနည်း ဖြစ်သော၊ သရုပ်သင်္ချာ အရေ အတွက် တို့ကို သိရန် လိုရင်းမဟုတ်။ ပြဆိုခဲ့သော ပရမတ် သဘောမျှကို သိမှုသာ လိုရင်း ဖြစ်၏။ ပရမတ်ကို သိမှုဆိုရာ သဘောမျှသာ ဖြစ်၍၊ ပညတ်သိမျိုးကဲ့သို့ မဟုတ်။ မိမိက မသိသော်လည်း၊ ကွေးသောအခိုက်, ဆန့်သောအခိုက် စသည်၌ ခန္ဓာငါးပါးတို့သည်၊ မိမိ၌ သဘောအတိုင်း ပါဝင်သွား သည်ကိုဆို၏။ ဤသဘောများသည်၊ အားထုတ်သော ယောဂီပုဂ္ဂိုလ် ဉာဏ်၌ ထင်လာလိမ့်မည်။

ယခုပြဆိုခဲ့သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ၊ ခန္ဓာငါးပါး၏ အဓိပ္ပါယ်များသည်၊ သဘောယူဆပုံဖြစ်၏။ ပဏ္ဏာသကျမ်း၌၊ **ဘူတံ ဘူတတော ပဿတိ**-ဟု ဝိပဿနာ ရှုမှတ်ပုံကို ပြဆိုရာ၊ ၎င်းအဋ္ဌကထာ၌၊ **ဘူတံတိ ခန္ဓပဉ္စကံ**-ဟု ဖွင့်တော်မူ၏။ ။ဘူတံ၊ခန္ဓာငါးပါး ကို။ ဘူတတော၊ ခန္ဓာငါးပါးဟူ၍။ ပဿတိ၊ ရှုမှတ်၏။

ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟူ၍ ရှုရမည်ဆိုရာ၊ ရူပက္ခန္ဓာ, ဝေဒ နာက္ခန္ဓာ စသည်ဖြင့် ရွတ်ဆိုနေရမည်လည်းမဟုတ်၊ ခန္ဓာငါးပါးကို စိတ်၌ ကြံစည် တွေးတော၍ တပေါင်းတည်း ရှုမှတ်ခြင်ဆင်ရမည် လည်းမဟုတ်၊ တပါးစီ, တပါးစီ သီးခြား၍ သုံးသပ်ရမည်လည်း မဟုတ်ပေ။ ဤကဲ့သို့ ဆင်ခြင်ရှုမှတ်၍ သုံးသပ်နေမူ၊ ပရမတ်ခန္ဓာကို မထိခိုက်ဘဲ၊ ပညတ်ပေါ်၌ တင်၍သာ နေလေတော့သည်။

အထက်၌ ထုတ်ပြသော ပါဠိတော်,အဋ္ဌကထာများကို၊ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားသည်။ ဘူတံ၊ အကွေး ဖြစ်သည်ကို။ ဘူတ တော၊ အကွေးဖြစ်သည်ဟု။ ပဿတိ၊ ရှုမှတ်၏။ ဤသို့ အနက်ပေးတော် မူသည်။ ၎င်းဆရာတော်ဘုရားကြီး၏ သဘောအလိုအားဖြင့်၊ ဘူတ- သဒ္ဒါသည်၊ ခန္ဓာငါးပါးကို ဟောရကား၊ သွား, လာ, စား, သောက် စသော အလုံးစုံသော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ တို့၏ ဖြစ်ခြင်းကိုပင်၊ ဘူတ-သဒ္ဒါဖြင့် အနက်ပေးနိုင်သည်ဟု ယူရာ ရောက်၏။ လွန်စွာ သင့်လျော်လှ ပေတော့သည်။

ဤသို့ အနက်ပေးရာ၌ သဒ္ဒါနည်းကို မမှတ်သင့်၊ ဝိပဿနာအလုပ်ကိစ္စ၌ ရှုမှတ်ပုံသဘော ပေါ်လွင်ထင်ရှား၍၊ ပရမတ်ခန္ဓာ ငါးပါး၌ ထိခိုက်သော လုပ်နည်းကို ယူရမည်။ ၎င်း အဓိပ္ပါယ်အရ၊ ကွေးခြင်း ဖြစ်ပေါ်ရာ,ဆန့်ခြင်းဖြစ်ပေါ်ရာ တချက်တချက်၌၊ခန္ဓာငါးပါး တပြိုင်နက် ပါဝင်ပုံကို အထက်တွင် ပြခဲ့ပြီ၊ ထို့ကြောင့် ရှုမှတ်ပုံမှာ၊ ခန္ဓာရှုနည်း,ဓမ္မာနုပဿနာရှုနည်းဟူ၍ အသီးအခြားတမျိုးတဖုံမလိုက်ဘဲ၊ သွား,သွားတယ်၊ စား, စားတယ်၊ မြင်,မြင်တယ်၊ ကြား,ကြားတယ် စသည်ဖြင့်၊သတိပဋ္ဌာန်၌ ဆိုခဲ့သော နည်းအတိုင်း မှတ်ခြင်းကို၊ ဓမ္မာနုပဿနာမည်သော ခန္ဓာငါးပါးကို ရှုမှတ်ခြင်း ဝိပဿနာဟူ၍ မှတ်ယူအပ်ပေသည်။

ယခု ပြဆိုခဲ့သော ပါဠိတော်များ၏ အဓိပ္ပါယ်နှင့် မခြား၊ ခန္ဓာငါးပါးတို့သည်၊ တပါးဖြစ်ပေါ်လျှင် ကွဲင်းသော ခန္ဓာတို့သည်လည်း၊ တပါတည်း ဖြစ်ပေါ်လာကြောင်းနှင့် အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြကုန်သည်။

**ကောစိ ထာရော ပထဝီဓာတု ကက္ခဠ လက္ခဏာတိ အာဒိနာ နယေန ဓာတုယော ပရိဂ္ဂဏှန္တော ပထမာ ဘိနိပါတော ဖဿော။ တံ သမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ သဒ္ဓိံ ဖဿေန စေတနာ သင်္ခါရက္ခန္ဓော၊ စိတ္တံ ဝိညာဏက္ခန္ဓောတိ ဥပဋ္ဌာတိ။ ။** (ဝိသုဒ္ဓိမဂ်)

ထာဝ၊ ရှေးဦးစွာ။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ကက္ခဠ လက္ခဏာ၊ ကြမ်းတမ်းခြင်းသဘောရှိ၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသော။ နယနေ၊နည်းဖြင့်။ ဓာတုယော၊ဓာတ်တို့ကို၊ ပရိဂ္ဂဏှန္တဿ၊ ရှုမှတ်သိမ်းဆည်းသော။ ကေဿ၊ တဦးသော ယောဂီ ပုဂ္ဂိုလ်အား။ ပထမာဘိနိပါတော၊အာရုံ၌ ရှေးဦးစွာ ရှေးရှု ကြခြင်းသည်။ဖဿော၊ ဖဿမည်၏။ တံ သမ္ပယုတ္တာ၊ ထိုဖဿနှင့်ယှဉ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ သညာ၊ သညာသည်။ သညာက္ခန္ဓော သညာက္ခန္ဓာမည်၏။ ဖဿေန၊ ဖဿနှင့်။ သဒ္ဓိံ၊တကွ။ စေတနာ၊စေတနာသည်။ သင်္ခါရက္ခန္ဓော၊သင်္ခါရက္ခန္ဓာမည်၏။ စိတ္တံ၊

စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ ဣတိ၊ ဤသို့။ ဥပဒ္ဒဝတိ၊ထင်၏။

ဤ အဋ္ဌကထာစကားနှင့် ရုပ်ကိုရှုမှတ်ဆဲအခါ၊ ဖဿဟူသော နာမ်တရားပေါ် လာရာ၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ အတူဘက္ကမကွဲမကွာ ပါလာသဖြင့်၊ ခန္ဓာငါးပါးတို့ တပြိုင်နက် ဖြစ်သည်ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် ဝိပဿနာအားထုတ်ရာ ယောဂီပုဂ္ဂိုလ်က၊ အာရုံ ထင်မြင် ခိုက်တိုက်ရာ၊တခုခုကိုသာ ရှုမှတ်နေလျှင် ခန္ဓာငါးပါးတို့သည်၊ မိမိတို့ သဘောအတိုင်း အတူတကွ ပါဝင် သွားကြ၏။ ပရမတ်ဟူသည် အမူအရာ သဘောမျှသာ ဖြစ်၍၊ ယောဂီပုဂ္ဂိုလ် ဉာဏ်၌ အကုန်မထင်သော်လည်း လိုရင်းမဟုတ်လှ။ တပါးပါး ထင်မြင်လျှင် အလုပ်ကိစ္စ၌ ပြီးလေတော့သည်။

ခန္ဓာ-ဟူသော အမည်သည်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလတို့၌၊အကြိမ်ကြိမ်ဒါဘန်ဘန် အတန်တန်ဖြစ်ပေါ်ပေါင်းစု၍ နေသော သဘောမျိုးကိုဆို၏။အမျိုးမျိုးသော ဖောက်ပြန်ခြင်းသဘောစုသည်-ရူပက္ခန္ဓာ၊ အမျိုးမျိုးသော ကောင်း, မကောင်း ချမ်းသာ ဆင်းရဲကို ခံစားခြင်း သဘောစုသည်-ဝေဒနာက္ခန္ဓာ၊ အမျိုးမျိုးသော အမှတ်သညာတို့ကို မှတ်ခြင်း သဘောစုသည်-သညာက္ခန္ဓာ၊ အမျိုးမျိုးသော ကိစ္စတို့၌ အားထုတ်ခြင်း သဘောစုသည်-သင်္ခါရက္ခန္ဓာ၊ အမျိုးမျိုးသော အမူအရာတို့ကို သိခြင်းသဘောစုသည်-ဝိညာဏက္ခန္ဓာ၊ ဤသို့ ခန္ဓာငါးပါး သဘောကိုမှတ်ယူလေ။

**ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။**
**မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။**
**မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ.ဒိစ္စဗန္ဓုနာ။ ။**

(ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်)

ရူပံ၊ ရူပက္ခန္ဓာ သဘောသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ် ဆိုင်ခဲကြီးနှင့်တူ၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာ သဘောသည်။ ပုဗ္ဗုဠူပမာ၊ ရေပွက်နှင့်တူ၏။ သညာ၊ သညာက္ခန္ဓာသဘောသည်။ မရီစိကူပမာ၊ တံလျှပ်နှင့်တူ၏။ သင်္ခါရာ၊သင်္ခါရက္ခန္ဓာသဘောတို့သည်။ကဒလူပမာ၊ ငှက်ပျောတုံးနှင့် တူကုန်၏။ ဝိညာဏဉ္စ၊ ဝိညာဏက္ခန္ဓာသဘောသည် မှုကား၊ မာယူပမံ၊ မျက်လှည့်နှင့်တူ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊

နေမင်း၏ အသွေ ဖြစ်တော်မူသော၊ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

ဤသို့ ကျမ်းဂန်တို့၌လာသော ဥပမာစကားများသည်၊ ခန္ဓာငါးပါး တို့၏ ပရမတ္ထသဘာဝ ဖြစ်ဟန်ကိုသာ ပြတော်မူသည်ဟု မှတ်ရမည်။ ဝိပဿနာယောဂီတို့ အားထုတ်ရန် လုပ်ပုံနည်းမျိုးကိုပြသော အရာ ဟု မယူသင့်၊ ၎င်းဒေသနာလာတိုင်း ရူပက္ခန္ဓာကို ရေမြှုပ်ဆိုင်ခဲနှင့်တူ စွာ စိတ်ထား၍ ရှုမှတ်ပါလျှင်၊ ဥပမာဖြစ်သော ရေမြှုပ် ဆိုင်သာလျှင် ထင်မြင်လာလတ့်။ ဤသို့ စိတ်ဖြင့် ကြံစည်၍ ထင်မြင်လာသော အာရုံ မျိုးသည်၊ ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်၏။ ပညတ်ပေါ်မှာသာ ဉာဏ်အမြင် ထင်၍ နေ၏။

ဒေသနာတော်၌လာသော ဥပမာစကားသည်၊ ယောဂီ ပုဂ္ဂိုလ်တို့ ဝိပဿနာရှုမှတ်ခြင်းဖြင့်၊ မောဟကိလေသာ ကင်းရှင်း၍၊ ဉာဏ်အမြင် ပွင့်လင်းသောအခါ ကြံစည်ခြင်း မပြုရဘဲ၊ ခန္ဓာငါးပါးတို့သည်၊ မိမိ တို့၏ သဘာဝအတိုင်း ဖြစ်ပေါ်လာ၍၊ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌၊ အလိုလို ထင်မြင်လာသောသဘောကို ပြတော်မူ၏။ ဤသို့ မကြံစည် ဘဲ အလိုအလျောက်ပေါ်လာသော ဉာဏ်အမြင် သဘောမျိုးသည် သာ၊ ပရမတ်အစစ် ဖြစ်လေသည်။

ပြဆိုခဲ့သော ခန္ဓာငါးပါးကို၊ သဘောအတိုင်း ဉာဏ်၌ အမှန်သိ လာအောင် အားထုတ်မှုကို ဝိပဿနာကမ္မဋ္ဌာန်းဆို၏။ ဉာဏ်၌ အမှန် သိလာလျှင်၊ တပ်နှစ်သက်ခြင်း တဏှာ, လောဘ, သမုဒယ မဖြစ်နိုင်။ တဏှာ, လောဘ, သမုဒယ မဖြစ်မှ၊ နောင်အသစ်တဖန် ခန္ဓာငါးပါး ချုပ်ဆုံး၏။ ထိုခန္ဓာငါးပါး ချုပ်ဆုံးခြင်းကိုပင်၊ အေးငြိမ်းသော နိဗ္ဗာန် ဟု ဆိုလေသည်။ ပရမတ္ထတရားဖြစ်သော ခန္ဓာငါးပါးကို လွှတ်၍၊ သိမှု,မြင်မှုမျိုးသည်၊ ပညာသိ မဟုတ်၊ မောဟသိသာဖြစ်၏။ မောဟ သိမျိုး မည်သည်၊ပရမတ်ကိုမထိခိုက်ဘဲ ပညတ်မျှသာဖြစ်၏။ထိုပညတ် မကွာ၍ ခန္ဓာငါးပါး ဖြစ်နေမှုကိုပင်၊ လွန်စွာကြီးလေးသော ဒုက္ခဝန် ကြီး ဘိစီးနှိပ်စက် နေသည်ဟု ဆိုရလေသည်။

ဤခန္ဓာငါးပါးကို ကြီးမားသော ဝန်ထုပ် ဝန်ပိုးနှင့်တူကြောင်းကို၊ ဥပမာထား၍ မြတ်စွာဘုရား ဟောတော်မူ၏။ လောက၌ ကြီးလေး သော ဝန်ကြီးကို ထမ်းဆောင်နေရသော သူသည်၊ လွန်စွာ ပင်ပန်း ဆင်းရဲလှ၏။ ထို ဝန်ကြီးကို ချ၍ လွတ်လပ်သော သူသည်၊ လွန်စွာ

စိတ်၌ ချမ်းသာလေ၏။ ထို့အတူ ခန္ဓာငါးပါးဟူသော ဝန်ကြီးကို ထမ်းဆောင်နေရသော ပုဂ္ဂိုလ်သည်၊ လွန်စွာ ပင်ပန်း ဆင်းရဲလှ၏။ ခန္ဓာဝန် လွတ်ကင်းသောသူသည်၊လွန်စွာအေးငြိမ်းချမ်းသာရလေ၏။

ဤ ဥပမာ၌ ခန္ဓာငါးပါးသည်၊ ရှစ်ဆောင်း, လေးထောင် နှစ်ပြန် ဆောင်သော မြင့်မိုရ်တောင်ကြီးမျှမက၊ လွန်စွာ လေး လံ ကြီး မား လှသော ဝန်ထုပ်ကြီးနှင့်တူ၏။ ခန္ဓာငါးပါးရှိနေသော လူ, နတ်, ဗြဟ္မာတို့သည်၊ ထိုဝန်ကြီးကို ထမ်းဆောင်နေရသော သူနှင့် တူ၏။ ခန္ဓာငါးပါးဇာတ်သိမ်း၍ အေးငြိမ်းချမ်းသာသော နိဗ္ဗာန်သည်၊ထိုဝန်ထုပ်ကြီးကို ချပြီး၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရှိသည်နှင့်တူ၏။ ဤ ဥပမာအတိုင်း မှတ်ယူလေ။

**ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။**
**ဘာရာဒါနံ ဒုခံလောကေ၊ ဘာရနိက္ခေပနံ သုခံ။ ။**

(ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ချစ်သား,ချစ်သမီးတို့။လောကေ၊လောကကြီး၌။ပဉ္စက္ခန္ဓာ၊ ရုပ်,ဝေဒနာ စသော ခန္ဓာငါးပါး တရားတို့သည်။ ဟဝေ-ဧကန္တေန၊ မချွတ်ကန် အမှန်စင်စစ်အားဖြင့်။ ဘာရာ၊ မြင့်မိုရ်တောင်မျှမက လွန်စွာ လေးလံလှသော ဝန်ထုပ် ဝန်ပိုးကြီးနှင့် တူကြလေကုန်၏။ ပုဂ္ဂလော၊ လူ, နတ်, ဗြဟ္မာ များစွာ သောင်းသောင်း ပုဂ္ဂိုလ်အပေါင်းသည်။ ဘာရဟာရောစ၊ ဝန်ထုပ်ဝန်ပိုးကြီးကို သည်ပိုး ထမ်းဆောင်၍ နေရသော သူနှင့်လည်း တူလှလေ၏။ ဘာရာဒါနံ၊ ခန္ဓာဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို သယ်ပိုးထမ်းဆောင်၍ နေရခြင်းသည်။ ဒုက္ခံ၊မချိထန်သဲ အလွန်ပင် ဆင်းရဲရလေ၏၊ဘာရနိက္ခေပနံ၊ခန္ဓာဝန်ကို ချသွန် စွန့်လွှတ်၍ ထားရခြင်းသည်။ သုခံ၊ ဒုက္ခဇာတ်သိမ်း၍ အလွန်ပင် အေးငြိမ်း ချမ်းသာလှပေ၏။

ယခု ပြဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါးတို့၏ သရုပ်သကြာ်တို့သည်၊ ပညတ်ဒေသနာနည်းအားဖြင့် လွန်စွာ များပြားလှသောကြောင့် ၎င်း၊ ဖျေးဆရာကြီးတို့ ရေးသားတော် မူကြသော ထိုထိုပဋ္ဌာန်း ကျမ်းတို့၌ ပါရှိပြီး ဖြစ်သောကြောင့်၎င်း၊ ဝိပဿနာလုပ်ငန်းကိစ္စ၌ လိုရင်း မဟုတ်လှသောကြောင့်၎င်း။ ဤသို့ စသော အကြောင်းများကြောင့်၊ ခန္ဓာငါးပါး၏ သရုပ်သကြာ်များကို ဤကျမ်း၌ ထုတ်ဘော် ရေးသား

ခြင်း မပြုဘဲ၊ အလုပ်ကိစ္စတွင် ပါဝင် အသုံးများသော သဘော အဓိပ္ပါယ်မျှကိုသာ၊ ယူဆရန် ထည့်သွင်း၍ ရှင်းလင်းစွာ ပြဆိုလိုက် ပေတော့သတည်း။

ခန္ဓာ၏ သဘောမှန်ကို သိမြင်ရန် ပြဆိုခြင်း ပြီး၏။

## လက္ခဏာရေး ၃-ချက်ကို အမြွက်မျှ ပြဆိုခြင်း

ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းချုပ်ပျောက်လျက်၊ အေးမြ ချမ်းသာ ခြင်းသို့ ရောက်ရာဖြစ်သော၊ သစ္စာလေးတန်ကို အမှန်သိမြင်၍ မဂ်, ဖိုလ်,နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ရန်၊ခန္ဓာ နာမ်,ရုပ်ဖြစ်သော ပရမတ် တရားရုဉ္ စွဲ ရှုမှတ်မှု ဟူသော၊ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်း မည်သည်၊ ထိုပရမတ် ခန္ဓာ နာမ်,ရုပ် တို့၏ အဟုတ်အမှန်ဖြစ်သော၊ မမြဲခြင်း-အနိစ္စသဘော၊ ဆင်းရဲခြင်း-ဒုက္ခသဘော၊ အလိုမကျခြင်း- အနတ္တသဘော၊ ဤ သဘောလက္ခဏာ တရားသုံးပါးတို့ကို၊ ဉာဏ် မျက်စိအား ထင်ရှားပေါ်လွင် သိမြင်၍ လာစေခြင်းငှါ၊ အသက်ခန္ဓာ ကိုပင် မငဲ့ညှာဘဲ၊ လွန်ကဲစွာသော ဝီရိယခါတ်ဖြင့်၊ မပြတ်မလပ် အထပ်ထပ် အားထုတ်ရခြင်းများ ဖြစ်ပေသည်။

ထို အကြောင်းနှင့် စပ်၍ ကျမ်းဂန်တို့၌၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ် တို့သည်၊ နာမ်,ရုပ် နှစ်ပါး ခန္ဓာငါးပါးဟူသော သင်္ခါရတရားတို့ကို၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးသို့ တင်၍၊ ဉာဏ်မြင်အောင် ရှုမှတ်သုံးသပ်ရသည်ဟု ဆိုသဖြင့်၊ ယောဂီပုဂ္ဂိုလ် တို့၏ ဉာဏ်ဖြင့် ကြံဘန်၍၊ အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုမှတ် သုံးသပ်မှုကို၊ ပြုလုပ်ရမည်ကဲ့သို့ ထင်မြင် တတ်ကြလေသည်။

ဤသို့ မှတ်၍ ရုပ်, နာမ်တရားတို့ကို၊ အနိစ္စ အချက်မြင်ပြီးမှ ဒုက္ခ အချက်ကို ရှုရသည်၊ ဒုက္ခအချက်ကိုပိုင်မှ အနတ္တကို ရှုရသည်။ ဤသို့ စသည်ဖြင့် လက္ခဏာယာဉ် သုံးပါးကို တပါးစီ ခွဲခြမ်း၍၊ မိမိတို့၏ အကြံစွမ်း, ဉာဏ်စွမ်းဖြင့် မှန်းဆ၍ အားထုတ်တတ်ကြလေသည်။

စင်စစ်မှာမူ၊ ယောဂီပုဂ္ဂိုလ်တို့က ရုပ်,နာမ်သဘောကို ရှုမှတ်ရာ၌၊ အနိစ္စ,ဒုက္ခ,အနတ္တ-ဟူသော လက္ခဏာယာဉ် သုံးပါးတို့သည်၊ သဘော အတိုင်း အလိုလို ပေါ်လွင်၍ ဉာဏ်၌ ထင်မြင် လာမှုကိုသာ လိုအပ် ပေသည်။ ပုဂ္ဂိုလ်က ကြံစည်၍ ထင်မြင်လာမှုသည်၊ ပညတ်ထင်မျိုး ဖြစ်၏။ သူ့သဘောအတိုင်း ထင်မြင်လာမှု၊ ပရမတ်အစစ် ဖြစ်လေသည်။

ပရမတ် သဘောမျိုးသည်၊ ပုဂ္ဂိုလ်တို့ ကြံစည်သလိုမလိုက်။ မိမိတို့ သဘောအတိုင်း ဖြစ်ချင်သလို ဖြစ်၍၊ ပျက်ချင်သလို ပျက်ကြသဖြင့်၊ ထင်ချင်သလိုပင်ထင်၍လာတတ်လေသည်။ ထို့ကြောင့် ပရမတ်တရားမျိုးကို ပုဂ္ဂိုလ်တို့၏ အလိုသို့ မလိုက်၊ ပုဂ္ဂိုလ်တို့၏ အစိုးမရသော အနတ္တသဘောမျိုးဟု ဟောတော်မူ၏။ ဤအချက်ရပ်များကို အထူးပင် စဉ်းစားကြပါလေ။

ယခု ပြဆိုခဲ့သော သဘောလက္ခဏာ သုံးပါးတို့ကို၊ မထင်မမြင် နိုင်အောင် ဖုံးလွှမ်းပိတ်ထားပုံ၊ ၎င်းသဘောလက္ခဏာ သုံးပါးတို့ကို ထင်မြင်အောင် အားထုတ်ပုံ၊ ဖွင့်လှန်ပုံ စသည်များကို ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးတို့၌ ဘွင့်ပြမိန့်ဆိုတော်မူကြကုန်၏။ ထိုနည်းကို အစဉ်မှီး၍ အားထုတ်ရန် သဘောအဓိပ္ပါယ်ကို သိလွယ်အောင် ပြဆိုပေအံ့။

**ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ ။**

ကိဿ၊ အဘယ်တရားကို။ အမနသိကာရာ၊ နှလုံးမသွင်း မရှုမမှတ် ခြင်းကြောင့်။ ကေန၊ အဘယ်တရားသည်။ ပဋိစ္ဆန္နတ္တာ၊ ပိတ်ပင်ဖုံး လွှမ်း၍ ထားခြင်းကြောင့်။ အနိစ္စလက္ခဏံ၊ နာမ်, ရုပ်တို့၏ မမြဲခြင်း အနိစ္စသဘောလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်၌ မထင်မမြင်နိုင်ပါသနည်း။ ဥဒယဗ္ဗယာနံ၊ နာမ်, ရုပ်တရားတို့၏ဖြစ်ခြင်း, ပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်း မရှုမှတ်ခြင်းကြောင့်။ သန္တတိယာ၊ မပြတ်မလတ် ဖြစ်ခြင်းသဘောတို့ ဆက်စပ်နေသော အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ပိတ်ပင်ဖုံးလွှမ်း၍ ထားခြင်းကြောင့်။ အနိစ္စလက္ခဏံ၊ နာမ်, ရုပ်တို့၏ မမြဲခြင်းသဘောလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ ယောဂီ ပုဂ္ဂိုလ်တို့ ဉာဏ်၌ မထင်မမြင်နိုင်။ ပန၊ ထင်မြင်နိုင်ရန်သော် ကား။ ဥဒယဗ္ဗယံ၊ နာမ်, ရုပ်တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို။ ပရိဂ္ဂဟေတွာ၊ ဆင်ခြင်သုံးသပ် အမြဲရှုမှတ်၍။ သန္တတိယာ၊ မပြတ်မလတ် ဖြစ်ခြင်း သဘောတို့ ဆက်စပ်နေသော အစဉ်ကို။ ဝိကောပိတာယ၊

ဖြတ်တောက် ဖျက်ဆီးလိုက်သည်ရှိသော်။ အနိစ္စလက္ခဏာ၊ နာမ်, ရုပ် တို့၏မမြဲခြင်းသဘော လက္ခဏာသည်။ယာထာဝ သရသတော၊ဟုတ် မှန်တိုင်းသော မိမိတို့၏သဘောလက္ခဏာအားဖြင့်၊ ဥပဋ္ဌာတိ၊ ယောဂီ ပုဂ္ဂိုလ်တို့ဉာဏ်အား ထင်ရှားသိမြင်၍ လာရ လေတော့သတည်း။

**အဓိပ္ပါယ်ကား။** ။အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊အဘယ် သည် ဖုံးလွှမ်းသောကြောင့်၊ မမြဲခြင်း အနိစ္စသဘောသည်၊ ယောဂီ ပုဂ္ဂိုလ်တို့ဉာဏ်၌ မထင်မြင် ပါသနည်းဟု မေး၏။ ရုပ်, နာမ်တို့၏ အဖြစ်အပျက်ကို နှလုံးမသွင်းခြင်းကြောင့်၊ အစဉ်မပြတ် ဖြစ်နေသော သန္တတိ ဖုံးလွှမ်းခြင်းကြောင့်၊ နာမ်, ရုပ်တို့၏ မမြဲခြင်း အနိစ္စသဘော သည်၊ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်၌ မထင်မမြင်နိုင်ဟု ဖြေဆို၏။

ထိုနောက် ထင်မြင်နိုင်ရန် နည်းလမ်းကို ပြခြင်း၌၊နာမ်,ရုပ်တို့၏ အဖြစ်အပျက်ကို ရှုမှတ်၍၊အစဉ်မပြတ်ဖြစ်နေသော သန္တတိကို ဖွင့်လှန် ဖျက်ဆီးလိုက်ပါလျှင်၊နာမ်,ရုပ်တို့၏ မမြဲခြင်းသဘောသည်၊ ဟုတ်မှန် သော သဘောအတိုင်း၊ ယောဂီပုဂ္ဂိုလ်တို့ဉာဏ်၌၊ ထင်ရှားစွာ သိမြင် လာနိုင်သည်ဟု မိန့်ဆိုတော်မူ၏။ ဤကား အကျဉ်းချုပ် အဓိပ္ပါယ် တည်း။

ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့၌လည်း၊ အနိစ္စလက္ခဏာကဲ့သို့ ပင်၊ ဇာစုံအလင် အမေးအဖြေနှင့် တကွ လာ၏။ အဓိပ္ပါယ် အဖွင့်မျှ ကိုသာ ပြဆိုတော့မည်။

အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်သည် ဖုံးလွှမ်းထား ခြင်းကြောင့်၊ ရုပ်,နာမ်တို့၏ ဆင်းရဲခြင်း ဒုက္ခသဘောသည်၊ ယောဂီ ပုဂ္ဂိုလ်တို့ဉာဏ်၌ မထင်မမြင် ပါသနည်းဟု မေး၏။ ရုပ်,နာမ်တို့၏ မပြတ်နှိပ်စက် သည်ကို နှလုံးမသွင်းခြင်းကြောင့်၊ ဣရိယာပုထ်သည် ဖုံးလွှမ်းထားခြင်းကြောင့်၊ ရုပ်,နာမ်တို့၏ ဆင်းရဲခြင်း ဒုက္ခသဘော သည်၊ ယောဂီပုဂ္ဂိုလ်တို့ဉာဏ်၌ မထင်မမြင်နိုင်ဟု ဖြေဆို၏။

ထိုနောက် ထင်မြင်နိုင်ရန်နည်းလမ်းကို ပြခြင်း၌၊ ရုပ်,နာမ်တို့၏ မပြတ်နှိပ်စက်သည်ကို ရှုမှတ်၍၊ အမျိုးမျိုးပြုပြင် ပြောင်းလဲနေသော ဣရိယာပုထ်ကို ခွါလိုက်,လှန်လိုက်ပါလျှင်၊ရုပ်,နာမ်တို့၏ ဆင်းရဲခြင်း ဒုက္ခသဘောသည်၊ ဟုတ်မှန်သောအတိုင်း၊ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ် ၌၊ ထင်ရှား သိမြင်လာနိုင်သည်ဟု မိန့်ဆိုတော်မူ၏။ ။ဤကား ဒုက္ခ လက္ခဏာ၏ အဓိပ္ပါယ်အဖွင့်မျှတည်း။

အဘာယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အဘာယ်သည် ဖုံးလွှမ်းထား ခြင်းကြောင့်၊ ရုပ်, နာမ်တို့၏ အစိုးမရခြင်း အနတ္တ သဘောသည်၊ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်၌၊ မထင်မမြင်ပါသနည်းဟု မေး၏။ ရုပ်,နာမ် တို့၏ အထူးထူး အပြားပြားဖြစ်သော ဓာတ်သဘောများကို၊ အသီး အခြား နှလုံးမသွင်းခြင်းကြောင့်၊ ရုပ်ဓာတ်,နာမ်ဓာတ်အစုတို့၊ တလုံး တစည်း တခုတည်းကဲ့သို့ မှတ်ထင်နေသော၊ ဃနသည် ဖုံးလွှမ်းထား ခြင်းကြောင့်၊ အလိုမကျခြင်း အနတ္တသဘောသည်၊ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်၌ မထင်မမြင်နိုင်ဟု ဆို၏။

ထို့နောက် ထင်မြင်နိုင်ရန် နည်းလမ်းကို ပြခြင်းငှါ၊ ရုပ်ဓာတ်,နာမ် ဓာတ်တို့၏ အသီးအခြားကို ရှုမှတ်၍၊ တခုဘည်းကဲ့သို့ မှတ်ထင် နေ သော ဃနကိုခွဲစိပ်လိုက်ပါလျှင်၊ ရုပ်,နာမ်တို့၏ အလိုမကျခြင်း အနတ္တ သဘောသည်၊ ဟုတ်မှန်သော သဘော အတိုင်း၊ ယောဂီ ပုဂ္ဂိုလ်တို့ ဉာဏ်၌ ထင်ရှား သိမြင်လာသည်ဟု မိန့်ဆိုတော်မူ၏။ ။ဤကား အနတ္တလက္ခဏာ၏ အမိပ္ပါယ် အဖွင့်မျှဘည်း။

လက္ခဏာရေး ၃-ချက်ကို အဖွင့်မျှ ပြဆိုခြင်း ပြီး၏။

## ဒုက္ခ၏လက္ခဏာကို ရှင်းလင်းစွာ ပြဆိုခြင်း

အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးတို့ကို ထင်ရှား သိမြင်လာစေခြင်းငှါ၊ ရုပ်,နာမ်တို့၏ အဖြစ်အပျက်ကို ရှုမှတ်၍၊ အစဉ် ကို ဖျက်ဆီးလျှင် အနိစ္စကိုမြင်၏။ ရုပ်,နာမ်တို့၏ အဖြစ် အပျက်ကို ရှုမှတ်၍၊ ဣရိယာပုထ်ကို ခွါလျှင် ဒုက္ခကိုမြင်၏။ ရုပ်,နာမ်တို့၏ ဓာတ် သဘောကို အသီးအခြားရှုမှတ်၍၊ တခုတည်း နေသည်ကို ခွဲစိပ်လျှင် အနတ္တလက္ခဏာကို မြင်၏ဟု၊ အကျဉ်းအားဖြင့် လက္ခဏာ တပါး တပါး၌ ပြုလုပ်ရန်ကိစ္စမှာ နှစ်မျိုး,နှစ်မျိုးစီ ပြဆိုလေ၏။

**အချုပ်မှာမူကား။** ။လက္ခဏာ တပါးပါး၌ ပြုလုပ်ရန်ကိစ္စမှာ၊ တခု တခုသာ ရှိ၏ဟု မှတ်ယူ အပ်ပေသည်။ မှတ်ယူပုံမှာ၊ အနိစ္စ လက္ခဏာ၌ အဖြစ်အပျက်ကို ရှုမှတ်ခြင်း၊ အစဉ်ကို ဖျက်ဆီးခြင်းဟု နှစ်ချက်ပြဆိုရာ၊ အဖြစ်အပျက်ကို သိမြင်ခဲ့ပါလျှင်၊ အစဉ်ကို ဖျက်ဆီး ခြင်းကိစ္စ ပြီးလေ၏။ အစဉ်အဆက်ကို ဖြတ်၍ ပြတ်ခဲ့ပါလျှင်လည်း၊ အဖြစ်အပျက်ကို သိမြင်ခြင်းကိစ္စ ပြီးစီးလေတော့သည်။ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့၌လည်း၊ အနိစ္စလက္ခဏာကဲ့သို့ပင် မှတ်ယူပါလေ။

လောကဓ္ဓ ဝတ္ထုတခုကို ခွက်တခုနှင့် ဖုံးအုပ်ထားရာ၏၊ ထိုသို့ ထားရာ၌ ၎င်းခွက်အောက်၌ရှိသော ဝတ္ထုကိုမြင်အောင်ကြည့်၍ ခွက်ကို ဖွင့်လှန်ပါလျှင်၊ ဝတ္ထုကို အမှန်သိ၏ဟု ပြောလေသည်။ ၎င်းစကား၌ ဝတ္ထုကို မြင်အောင်ကြည့်လျှင်၊ ရှိသည်ဟု အမှန်သိ၍ ဖွင့်လှန်ခြင်းပြုရန် မလိုတော့ပြီ။ ဖုံးထားသောခွက်ကို ပွင့်အောင် ဖွင့်လှန်လိုက်ပါလျှင် လည်း၊ ရှိသောဝတ္ထုကို အမှန်သိနိုင်၍ မြင်အောင်ကြည့်ခြင်း ပြုရန် မလိုတော့ပြီ။ ၎င်းဥပမာအတိုင်း၊ ဥပမေယျဖြစ်သော လက္ခဏာယာဉ် သုံးပါးကို မှတ်သားနိုင်းယှဉ်၍ သိမြင်အပ်ပေသည်။

ယခု ပြဆိုခဲ့သော လက္ခဏာသုံးပါးတို့တွင်၊ ဆင်းရဲခြင်းသဘော ဖြစ်သောဒုက္ခလက္ခဏာသည် ဣရိယာပုထ် ဖုံးလွှမ်းထားသောကြောင့် မထင်မြင်။ ဣရိယာပုထ်ကို ဖွင့်လှန်လိုက်လျှင်၊ ဆင်းရဲခြင်း သဘော ဖြစ်သော ဒုက္ခလက္ခဏာသည် ထင်မြင်လာ၏ဟု ဆိုသဖြင့်၊ ဣရိယာ ပုထ် ဖုံးအုပ်နေသည်ကို ပွင့်လင်းအောင် ဖွင့်လှန်ခြင်း၊ ဣရိယာပုထ် နှစ်မြှုပ်နေသည်ကို ပေါ်လွင်အောင် ပေါ် ထုတ်ခြင်းသည် သာလျှင် လိုရင်းပေတည်း။

ဝိပဿနာအရာ၌ လက္ခဏာယာဉ် သုံးပါး၏ သဘောကို ပြဆိုရာ၊ အစဉ်အလာအားဖြင့် အနိစ္စလက္ခဏာကိုသာ ရှေးဦးစွာ ပြရိုးပြုကြသည် များ၍၊ ၎င်းအစီအစဉ် နည်းလမ်းတို့သည် ကျမ်းဂန်တို့၌ ထင်ရှားစွာ ရှိကြကုန်၏။ ၎င်းကျမ်း၌မူကား၊ ဒုက္ခလက္ခဏာကို ရှေးဦးစွာ ပြဆိုမည်။ ၎င်းသို့ဒုက္ခလက္ခဏာကို ပြသဖြင့်၊ အနိစ္စလက္ခဏာ၊ အနတ္တလက္ခဏာတို့၏ သဘောများကိုလည်း၊ တပေါင်းတည်း ထင်မြင်၍လာလတ္တံ့။ ၎င်းကဲ့သို့ ပြဆိုရာ၌ ရှေးရိုးအစဉ် မဟုတ်သော်လည်း၊ ထင် မြင် လွယ် သည် သာ လျှင် ပဓာနဖြစ်ကြောင်းများကို ကောင်းစွာသတိပြုကြပါကုန်။

ဒုက္ခလက္ခဏာ ထင်မြင်အောင်၊ ဘော်ထုတ် ဖွင့်လှန်ရန် နည်းမှာ အခြားမဟုတ်ပေ။ သတိပဋ္ဌာန် ရှုမှတ်ပုံအခဏ်းတွင် ပြဆိုခဲ့သော အတိုင်း၊ ကိုယ်အမူအရာ အလုံးစုံကို အကုန်အစင် စိပ်နိုင်သမျှ စိပ်၍ သိမြင်လာနိုင်ရန် မှတ်ခြင်းပေတည်း။ ၎င်းကဲ့သို့ စိပ်အောင် မှတ်နိုင်ပါ လျှင်၊ မြှုပ်နေသောဣရိယာပုထ်များသည် ပေါ်လာ၏။ ဖုံးကွယ်နေသော ဣရိယာပုထ်များသည်လည်း ပွင့်လင်းလာ၏၊ ထိုအခါ ဒုက္ခလက္ခဏာ သည် သူ့သဘောအတိုင်း ချမ်းသာဟူ၍ အနုမြူမျှ မရှိပုံ၊ ဆင်းရဲအတိ သာ ဖြစ်ပုံ၊ အခြင်းအရာများသည် ပြတ်စွာဘုရား ဟောကြားတော်

မှုသကဲ့သို့။ ယခု လူ,ရှင်,ရဟန်းတို့ ပြောကြားနေသကဲ့သို့ပင်၊ မှတ်သော ပုဂ္ဂိုလ်တို့၏ဉာဏ်၌ အဟုတ်အမှန်အားဖြင့် ထင်ရှားစွာသိမြင်၍ လာနိုင်လေတော့သည်။

ဤနေရာ၌ ဇာရိယာပုထ် ဖုံးလွှမ်းထားသောကြောင့်၊ဒုက္ခလက္ခဏာ မထင်မမြင်နိုင်သည်ဟု ကျမ်းဂန်တို့၌ ပြဆိုသောစကားအရ၊ ဇာရိယာပုထ်က ဒုက္ခလက္ခဏာကို ဖုံးလွှမ်းလေသလော၊ သို့မဟုတ် ဒုက္ခလက္ခဏာကပင် ဇာရိယာပုထ်ကို ဖုံးလွှမ်းလေသလောဟု စဉ်းစား တွေးတောပါမူ။ ထိုကဲ့သို့ ဇာရိယာပုထ်ကလည်း၊ ဒုက္ခလက္ခဏာကို ဖုံးလွှမ်းသည်မဟုတ်။ ဒုက္ခလက္ခဏာကလည်း၊ ဇာရိယာပုထ်ကို ဖုံးလွှမ်းသည် မဟုတ်ပေ။ထိုကြောင့် ဇာရိယာပုထ်ဖုံးလွှမ်းနေသဖြင့်၊ ဒုက္ခလက္ခဏာ မထင်မြင်သည်ဟု ပြဆိုသော ကျမ်းဂန်အရ၊ သဘော အဓိပ္ပါယ်များကို ဇာရိယာပုထ်ချင်းချင်း၊ ရှေ့ဇာရိယာပုထ်က နောက်ဇာရိယာပုထ်ကို အဆက်ဆက် အစဉ်မပျက်အောင် ဖုံးလွှမ်းထား၍၊ ဒုက္ခလက္ခဏာ သဘောကို မထင်မြင်နိုင်ဟု ပိုင်ပိုင်ကြီး မှတ်ယူအပ်ပေသည်။

ဇာရိယာပုထ်တခုက ဇာရိယာပုထ်တခုကို ဖုံးလွှမ်းနေ၍၊ ဒုက္ခလက္ခဏာကို မထင်မြင်နိုင်ပုံမှာ၊ သွားခြင်း ဇာရိယာပုထ် တာရှည်လျှင်၊ ညောင်းညာကိုက်ခဲ ဆင်းရဲခြင်းဒုက္ခသည် ဖြစ်လာတတ်၏။ ထိုဆင်းရဲ မဖြစ်ရန်၊ရပ်ခြင်း ဇာရိယာပုထ်ဖြင့် ထပ်ဆင့်ဖုံးလွှမ်းပေးလိုက်၏။ဤသို့ ရပ်ခြင်း ဇာရိယာပုထ်ဖြင့်၊ ထပ်ဆင့်၍ ဖုံးလွှမ်းပေးလိုက်သောကြောင့်၊ သွားခြင်း ဇာရိယာပုထ်၌ ဖြစ်ပေါ်နေသော ညောင်းညာကိုက်ခဲ ဆင်းရဲခြင်း ဒုက္ခများသည်၊ ထင်ရှားစွာ မိမိသဘောအတိုင်း မပေါ်လာနိုင်တော့ဘဲ၊ ကွယ်ကာ ပျောက်ပျက်၍ နစ်မြုပ် ချုပ်ဆုံးခြင်း အဖြစ်သို့ ရောက်ရလေ၏။

ဤကဲ့သို့ပင်လျှင် ရှေ့ရှေ့၌ဖြစ်သော ဇာရိယာပုထ်၏၊ ညောင်းညာကိုက်ခဲ ဆင်းရဲခြင်း ဒုက္ခသဘောတွေကို၊ နောက်နောက် ဖြစ်သော ဇာရိယာပုထ်တို့က မပေါ်နိုင်အောင်၊အစဉ်မပြတ် ထပ်ဆင့်ဖုံးလွှမ်း၍ နေလေသောကြောင့်၊ဒုက္ခလက္ခဏာ သဘောများသည်၊ယောဂီပုဂ္ဂိုလ်တို့ဉာဏ်၌ အဟုတ်အမှန် မထင်မြင်နိုင်ဟု၊ လိုရင်းအဓိပ္ပါယ်သဘောများကို မှတ်သား နှလုံးသွင်းကြပါလေ။ ။ဤကား စာမတတ်သော သူများ ထင်ရှားစွာ သိနိုင်ရန်၊ အကြမ်း အားဖြင့် ပြဆိုလိုက်သော အဓိပ္ပါယ် အဖွင့်မျှပေတည်း။

စာတတ်သော ပုဂ္ဂိုလ်များ၊ ကျမ်းဂန်ဒေသနာအလာနှင့် ထောက်ထားနိုင်းယှဉ်ရန်မှာ၊ ဏ္ဍရိယာပုထ်တခုက ဏ္ဍရိယာပုထ်တခုကို ဖုံးလွှမ်းထား၍၊ ဖွင့်ဘော်ရန်ပြဆိုသော သတိပဋ္ဌာန်အတိုင်း ဟူရာ၌၊ သွား,ရပ်,ထိုင်,လျောင်း ဟူသော ဏ္ဍရိယာပုထ် လေးပါးမျှကိုသာ ရှုမှတ်ရမည်မဟုတ်။ ကွေး, ဆန့်စသော သမ္ပဇဉ်ပဗ္ဗ၌ ဆိုသော နည်းအရ၊ ထမင်းတလုပ်,ကွမ်းတခါစား,ဆေးတခါသောက် ကာလ၌၊ အမှတ်ချင်းစပ်သွားအောင် မှတ်ပုံမျိုးကဲ့သို့၊ ဏ္ဍရိယာပုထ် ဖြစ်ခြင်းနှင့် အမှတ်စပ်သွားအောင် မှတ်ရလေသည်။ ။ကွေး,ဆန့်,ကြွ,မ,ပေး,ယူ,နိမ့်,မြင့်,ဆင်း,တက်,မြောက်,ချ,စား,သောက်,ဝါး,မျို-စသော အမူအရာအပြုအပြင်တို့သည်လည်း၊ ဏ္ဍရိယာပုထ်များပင် ဖြစ်ကြလေ၏။

**သတိပဋ္ဌာန်ပါဠိတော် ဏ္ဍရိယာပထပဗ္ဗ၌၊ ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ။ တထာ တထာ နံ ပဇာနာတိ-ဟု။** ။မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်၏ အဓိပ္ပါယ်များကိုသတိထားစဉ်းစားကြပါလေ။ ၎င်း ဒေသနာတော်၏ အနက်အဓိပ္ပါယ်များသည်၊ နောက်က ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန် ရှုမှတ်ပုံ အခန်း၌ ပါရှိလေပြီ။ ထို့ကြောင့် အလုံးစုံသော အမူအရာဟူသမျှကို၊ ဏ္ဍရိယာပုထ်ချည်း ဖြစ်ကြောင်း မှတ်ယူရန် ပြဆိုခဲ့ပေသည်။

ထိုသို့ ထမင်းတလုပ်၌၊ အပြုအပြင် အမူအရာ အပြောင်းအလွဲ အကြိမ်ပေါင်း၊ ဏ္ဍရိယာပုထ် ၃၀-ခန့်ထား၍၊ ၎င်းဏ္ဍရိယာပုထ် ၃၀-ကို သူ့သညာအတိုင်း အကုန်မှတ်လျှင်၊ မှတ်သောအတိုင်း အကြိမ် ၃၀-လုံးကို သိ၍၊ ထမင်းတကြိမ် စားရာ၌၊ ထမင်းလုပ်ပေါင်း ၁၀-ဖြစ်လျှင်၊ အသိပေါင်း ၃၀၀-ဖြစ်၏။ ထမင်းလုပ် ၂၀-ဖြစ်လျှင်၊ အသိပေါင်း ၆၀၀-ဖြစ်၏။ ထမင်းလုပ်ပေါင်း ၃၀-ဖြစ်လျှင်၊ အသိဉာဏ်အကြိမ်ပေါင်း ၉၀၀-ဖြစ်လေသည်။

ဤနည်း အတိုင်း၊ လက်အမူအရာ အပြုအပြင် အပြောင်းအလွဲ ဏ္ဍရိယာပုထ်ဟူသမျှကို စပ်မိအောင် မှတ်၍သွားပါလျှင်၊ ဏ္ဍရိယာပုထ်တခုတခု၌ အသိဉာဏ် တချက်တချက်စီဖြစ်၍၊ ဏ္ဍရိယာပုထ်တခုနှင့် တခုအကြားတွင် အသိဉာဏ်ညှပ်လျက်နေ၏။ ထိုအခါ ဏ္ဍရိယာပုထ် အချင်းချင်း၊ မထိ,မစပ်,မကပ်,မပူး,မဖုံး,မလွှမ်း,မညှပ်,မဘိ နိုင်ဘဲ၊ တခုစီတခုစီ ပွင့်လင်းကွဲကွာ၍၊ သီးခြား ဖြစ်ပေါ်ခြင်းများ ထင်ရှား

လာလေသည်။ ဤသဘောမျိုးကိုပင် ဣရိယာပုထ်ကို ဘော်သည့်, ဖွင့်သည့်, လှန်သည်ဟု ခေါ်ဆိုပေ၏။ ဝါးခြင်း, မျိုခြင်း, စားခြင်း, သောက်ခြင်း-စသော အမူအရာ ဣရိယာပုထ်တို့၌ လည်း၊ ဤနည်း အတူပင်လျှင် မှတ်ယူ သိမြင် ပါလေ။ ။ဤကား စာတတ်သူများ၊ ဒေသနာနှင့် ထောက်ထား နှိုင်းယှဉ်၍၊ သိမြင်နိုင်ရန် အချက်ကို အဖြွက်မျှ ပြဆိုလိုက်ခြင်းပေတည်း။

ယခုပြဆိုခဲ့သော နည်းအတိုင်း၊ ဣရိယာပုထ်ကို ဘော်ဖွင့် ခါလှန်၍၊ ပွင့်လင်းပေါ်ထွက် ကွဲကွဲလာခဲ့လျှင်၊ ဒုက္ခလက္ခဏာ သဘောကို ထင်မြင်နိုင်ပါမည်လောဟူမူ၊ ထင်မြင်နိုင်ပါ၏ဟု မှတ်ယူလေ။ ထင်မြင်ပုံမှာ၊ ထမင်းတလုပ်ကို ပြုပြင်ကိုင်တွယ် မြှောက်ချခြင်း စသော လက်အမူအရာကို၊စပ်သွားအောင် မှတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ ထိုသို့ ပြုပြင်ခြင်း အမူအရာ၊ ဣရိယာပုထ်တို့ ဆင်းရဲခြင်း-ဒုက္ခလက္ခဏာသဘောကိုထင်မြင်လာ၍၊မိမိလက်ကိုပင် မသယ်ချင်,မသိမ်းချင်, မသယ်နိုင်,မသိမ်းနိုင်၊ သယ်၍မရ,သိမ်း၍မရဘဲ ဖြစ်လာတတ်၏။

ထိုသို့ထင်မြင်ခြင်း ဖြစ်လာသောအခါ၊လက်များသည် အလွန်လေးလန်သဖြင့် ထမင်းကိုပင် မစားချင်ဘဲ ဖြစ်ပြီးလျှင်၊ ရှောင်လွှဲဆိုင်းငံ့ ရပ်တန့်၍ နေတတ်လေတော့သည်။ စားရ, ဝါးရသော နှုတ်ခမ်း, ပါးစပ်, မေးဖျားတို့ သည်လည်း၊ လက်ကဲ့သို့ပင်လျှင် ဆင်းရဲခြင်း သဘောကို ထင်မြင်လာ၍၊ မစားချင်, မသောက်ချင်, မဝါးချင်,မမျိုချင်, မစားနိုင်,မသောက်နိုင်, မဝါးနိုင်,မမျိုနိုင်တော့ဘဲ၊ပါးစပ်ကိုပင် ဟ၍မရ မဟနိုင်၊မလှုပ်မလှုပ်နိုင်အောင်ပင် လွန်စွာလေးလန်လာ၍၊ ထမင်းကိုမှ ဝအောင်, ပြီးအောင်, မစား, မသောက်နိုင်ဘဲ၊ ရပ်စဲ၍ သိမ်းလိုက်ရ လေတော့သည်။

ဤသို့ ဖြစ်ပေါ်လာတတ်,စိတ်၌ ထင်မြင်လာတတ်သော သဘောကို၊ ဒေသနာတော် အရဖြင့်သာ ပြောရလေသည်။ ဉာဏ်၌ အဟုတ် အမှန် ယခုပြခဲ့သည့် အတိုင်း ထင်မြင်လာ၍ သိနိုင်ရန်မှာ၊ မှတ်သော သူတို့၌သာ ထင်ရှားနိုင်သည်ဖြစ်၍၊စမ်းသပ်ကြည့်ပါလျှင် မကြာမီပင် ဉာဏ်၌ အမှန်သိရှိ ထင်မြင်၍ လာပေလိမ့်မည်။ အချို့ပုဂ္ဂိုလ်များသည် ယခုပြဆိုခဲ့သော နည်းအရ၊ ထမင်းတလုပ် အတွင်း၌ မှတ်ရပုံကို ပြောပြလေရာ၊ ကိုယ်တိုင်မမှတ်ရသေးဘဲ မှတ်ရပုံအစဉ်ကို ကြားရုံ

နှင့်ဘဲ၊ စိတ်ထဲ၌ ကျဉ်းကြပ်မောပန်းလာ၍ ဟူ၍ရင်း၊ မောဟိုက် ပင်ပန်းစရာကြီး ဟူ၍ရင်း အသီးသီး ပြောကြားကြလေသည်။

ယခုလိုပြုပြင်သော လက်၊ စားဝါးသော ပါးစပ်တို့၌ ဆင်းရဲခြင်း ဒုက္ခသဘောကို ထင်မြင်ရာ၌၊ နာမ်က စားလိုသောကြောင့် ရုပ်က စားသည်ဟု နောက်က ပြဆိုခဲ့သော အတိုင်း၊ နာမ်,ရုပ် နှစ်ပါးတို့ ဆင်းရဲခြင်း သဘောများကိုသာ ထင်မြင်သည်ဟု မှတ်ပါလေ။ ဤသို့ ပြုပြင်ခြင်း လက်အမူအရာဟူသော နာမ်,ရုပ်၊ စားဝါးခြင်း ပါးစပ် အမူအရာဟူသော နာမ်, ရုပ်တို့၌၊ဆင်းရဲခြင်း ဒုက္ခလက္ခဏာသဘော ကို ထင်မြင်ပါလျှင်၊ တကိုယ်လုံး၌ ဖြစ်သော အမူအရာ နာမ်, ရုပ်၊ အတွင်းအပြင်,အနီးအဝေး၌ဖြစ်သော အမူအရာ နာမ်,ရုပ်၊ လောက ခတ်တခုလုံး၌ဖြစ်သော အမူအရာ နာမ်,ရုပ်တို့၏ ဆင်းရဲခြင်း ဒုက္ခ လက္ခဏာသဘောတို့ကိုလည်း၊ အကုန်အစင်ပင် သိမြင်၍ လာနိုင်လေ တော့သည်။

ဤကဲ့သို့ ပုဂ္ဂိုလ်က ဆင်းရဲ,ဆင်းရဲ၊ ဒုက္ခ,ဒုက္ခဟု နှုတ်မသွင်း မရှု မမှတ်ဘဲ၊ ကွေး,ဆန့်,စားသောက်ခြင်းစသော အမူအရာ ဟူသမျှကို၊ သူ့အတိုင်း ရှုမှတ်ဟု သတိပဋ္ဌာန်ပါဠိတော်အရ၊ မှတ်နေရင်းပင်လျှင် ဆင်းရဲခြင်း ဒုက္ခသဘောများ အလိုလိုထင်ရှားစွာ ပေါ်ပေါက်လာ ခြင်းမျိုးကို၊ မြတ်စွာဘုရား ဟောတော်မူသော-**သင်္ခါရာ ဒုက္ခာ** ဟူသော ဒေသနာအရ၊ အလုံးစုံသော ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ တရား တို့သည်၊ ပကတိ သူ့သဘောအတိုင်းအားဖြင့် ဆင်းရဲခြင်း အရအပုံ အတုံးအခဲသာ၊ တည်နေ၍ဟု လာသော ဒေသနာ အဓိပ္ပါယ်များနှင့် ညီညွတ်နိုင်ပေသည်။

ယောဂီပုဂ္ဂိုလ်တို့က ဒုက္ခ,ဒုက္ခ၊ဆင်းရဲ,ဆင်းရဲဟု နှုတ်သွင်းခြင်း ပြု၍ ပေါ်လာသော ဒုက္ခမျိုးသည်၊ သူ့သဘောအတိုင်း မဟုတ်ဘဲ၊မိမိ သဘောအတိုင်း အတွေးအကြံသို့ လိုက်လာသည်ဖြစ်၍၊ပရမတ် ရုပ်, နာမ် အစစ်အမှန် မဟုတ်သဖြင့်၊ဒုက္ခသဘောသည်လည်း အစစ်အမှန် မဖြစ်နိုင်တော့ပေ။ ထိုသို့ အစစ်အမှန် မဟုတ်သောကြောင့် အာရုံပြု၍ ထင်မြင်လာသော ဒုက္ခသဘောမျိုး မည်သည်၊ တာရှည်မတည် မခိုင် မမြဲဘဲ ပျက်စီး၍ သွားလွယ်တတ်၏။ ထင်မိပြီးသော အာရုံများသည် လည်း၊ ပျောက်သွားက စိတ်၌ စွဲလမ်းခြင်းမဖြစ်ပေ။ထင်ပေါ်လာသော

အခါ၌လည်း၊ အစစ်အမှန်ကို ထင်မြင်လာ သကဲ့သို့ အလွန်ဆင်းရဲ ပင်ပန်းခြင်းများ မဖြစ်နိုင်ပေ။

ဧင်းပြင်၊ပုဂ္ဂိုလ်နှလုံးသွင်း၍ အာရုံပြုသော ကြိုးစည်းမှုကြောင့် ဖြစ်ခဲ့ပါလျှင်၊နှလုံးသွင်းသော အာရုံတခုသာလျှင် ထင်လာတတ်၏။ တပါးသော တရားအစုတို့၌ အလိုလိုထင်၍ မလာတတ်ပေ။ ဤသို့ ဖြစ်လျှင် **ကော စေမ္မာ**-ဟူသော ပါဠိတော်များနှင့် မညီဘဲ၊သခ်ီရ တရားတို့၏ အမည်ပညတ်များကို ကုန်စင်အောင် လိုက်နေရ ပေလိမ့်မည်။ သဘာဝအစစ် ပရမတ်အမှန်ဖြစ်ခဲ့ပါလျှင် **ကော စေမ္မာ**-ဟူသော ပါဠိအရ၊တခုကို ကျကျ နန ထင်မြင်ပါမူ၊လောကဓာတ် တခုလုံးသည် ဒုက္ခတုံး,ဒုက္ခခဲ,ဒုက္ခစုချည်းသာ ဖြစ်သည်ဟု၊ ပြောကြားသော စကား ပါဠိတော် ဒေသနာများနှင့်အညီ၊လောကဓာတ်အလုံးကို သိမ်းကျုံး၍ အကုန်အစင်ပင် သိမြင်ထင်လင်း၍ လာနိုင်လေတော့သည်။

ထို့ကြောင့် နောက်က ပြဆိုခဲ့သော အဓိပ္ပါယ် သဘောသွားကို၊ များများကြီး ဆင်ခြင် စဥ်းစားကြပါလေ။ ။ဤကား အလုပ်ကိစ္စ၌ ဒုက္ခလက္ခဏာ၏ သဘာဝ ဓမ္မအရကို၊ ရှင်းလင်းစွာ ပြဆိုလိုက်ခြင်းပေတည်း။

ဒုက္ခ၏ လက္ခဏာကို ရှင်းလင်းစွာ ပြဆိုချက်ပြီး၏။

## ဒုက္ခ၏သဘောသရုပ်ကို အဇ္ဈတသုတ်ဖြင့် ပြဆိုခြင်း

ယခု ပြဆိုခဲ့သော ဒုက္ခလက္ခဏာသဘော၌၊ ဒုက္ခ၏ အပြား ဒုက္ခ၏ သဘောသွားများကို ဗဟုသုတ တိုးပွား ရှင်းလင်းစွာ ပိုင်းခြား၍ မှတ်သားသိရှိကြစေရန်၊ နေတ္တိပါဠိတော်၌ လာသော အဇ္ဈတသုတ်ကို အနည်းငယ် ထုတ်နုတ်၍၊ သရုပ်သဉ်ျာနှင့်တကွ နှစ်ဖြာသော ပညတ် ပရမတ်တရားတို့ကို အဖွင့်ကိမှ ရေးသားပြဆိုလိုက်ဦးအံ့။

**ကိံသု တဿ မဟဗ္ဘယန္တိ ပဥ္စ၊**
**ဒုက္ခံမဿ မဟဗ္ဘယန္တိ ဝိသဇ္ဇေသိ။**

ဘဂဝါ၊မြတ်စွာဘုရား။ ကိံသု၊အဘယ်သည်။တဿ လောကဿ၊ ထိုလူအပေါင်း၏။ မဟဗ္ဘယံ၊ ဘေးကြီးဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ပဥ္စ၊အဇိတ မေးလျှောက်သော ပြဿနာ၌။အဇိတ၊ချစ်သားအဇိတ။

ဒုက္ခံ၊ ဆင်းရဲညှိုးနွမ်း ပင်ပန်းခြင်းသည်။ အဿသ လောကဿ၊ ဤလူ အပေါင်း၏၊ မဟဗ္ဘယံ၊ နှိပ်စက် ဘိစီးသော ဘေးကြီးဖြစ်သတည်း။ ဣတိ၊ ဤသို့။ ဝိသဇ္ဇေသိ၊ မြတ်စွာဘုရား ဖြေကြားတော်မူ၏။

**အဓိပ္ပါယ်ကား**။ ။လောက၌၊ ကြောက်ရွံ့စရာ, ထိတ်လန့်စရာ, တုန်လှုပ်စရာကောင်းသည်ကို ဘေးကြီးဟု ခေါ်ဆိုကြ၏။ ကြောက်ရွံ့ စရာကောင်းသော ဘေးကြီးဟူသည်လည်း၊ အခြားမဟုတ် ဒုက္ခပင် ဖြစ်၏။ ထိုဒုက္ခကို ကြောက်၍၊ ဒုက္ခ၏ ကုန်ခန်းချုပ်ငြိမ်းခြင်း၊ ဒုက္ခမှ လွတ်ကင်း၍ ချမ်းသာကို ရခြင်းငှါ၊ အမျိုးမျိုးသော ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို ပြုဗုအားထုတ်ကြရကုန်၏ဟု ဆိုလိုသည်။

ထိုဒုက္ခသည်၊ သဘောအားဖြင့် ဆင်းရဲခြင်းဟူသော ဒုက္ခ တပါး တည်းသာဖြစ်၏။ အမည်အားဖြင့်ကား၊ ဒုက္ခ ဒုက္ခတာဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ဒုက္ခသည်၊ကာယိကဒုက္ခ,စေတသိက ဒုက္ခဟူ၍ ၂-ပါး အပြား ရှိကြောင်းကို၊ မြတ်စွာဘုရား ဟောကြား တော်မူ၏။

**ဒုဝိဓံ ဒုက္ခံ ကာယိကဉ္စ စေတသိကဉ္စ၊ ယံ ကာယိကံ ဣဒံ ဒုက္ခံ၊ ယံ စေတသိကံ ဣဒံ ဒေါမနဿံ။**

ဒုက္ခံ၊ ဒုက္ခသည်။ ဒုဝိဓံ၊ ၂-ပါး အပြားရှိ၏။ ကာယိကဉ္စ၊ ကာယိ က ဒုက္ခလည်း တပါး။ စေတသိကဉ္စ၊ စေတသိက ဒုက္ခလည်း တပါး။ ယံ ဒုက္ခံ၊ အကြင်ဒုက္ခသည်။ ကာယိကံ၊ ကိုယ်၌ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဒုက္ခသည်။ ဒုက္ခံ၊ ဒုက္ခဝေဒနာဟူသော ကာယိက ဒုက္ခမည်၏။ ယံ ဒုက္ခံ၊ အကြင် ဒုက္ခသည်။ စေတသိကံ၊ စိတ်၌ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဒုက္ခသည်။ ဒေါမနဿံ၊ ဒေါမနဿ ဝေဒနာဟူသော စေတသိက ဒုက္ခမည်၏။

**အဓိပ္ပါယ်ကား**။ ။ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်း သည်၊ ကာယိကဒုက္ခ, စေတသိကဒုက္ခ ၂-ပါးမည်၏။ ဒုက္ခဝေဒနာ, ဒေါမနဿ ဝေဒနာ ၂-ပါးကိုပင်၊ ဒုက္ခ ၂-ပါးဟု ဆိုလိုသည်။ ထို ဒုက္ခ ၂-ပါးကိုပင် သတ္တဝါတို့ ကြောက်ရွံ့ ထိတ်လန့်ကုန်၏။ ထို ဒုက္ခ ၂-ပါးနှင့်တူသော ဆင်းရဲမည်သည် လောက၌ မရှိ။ ထို ဒုက္ခ ၂-ပါးသည်သာလျှင်၊ လောက၌ အကြီးမားဆုံးသော ဘေးရန်အစစ် ဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

**သမ္ဗေသတ္တာ ဟိ ဒုက္ခဿ ဥဗ္ဗိဇ္ဇန္တိ၊ နတ္ထိ ဘယံ ဒုက္ခေန သမသမံ၊ ကုတော ဝါ ပန ဥတ္တရိတရံ။**

ဟိ သစ္စံ၊ထိုဆိုခဲ့သောစကားသည် မမှားဧကန် စင်စစ်မှန်၏။သဗ္ဗေ သတ္တာ၊အလုံးစုံသော သတ္တဝါတို့သည်။ ဒုက္ခဿ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲ-ကာယိကဒုက္ခ၊ စိတ်၌ ဖြစ်သော ဆင်းရဲ-စေတသိက ဒုက္ခမှ။ ဥဗ္ဗိဇ္ဇန္တိ၊ ကြောက်ရွံ့ ထိတ်လန့်ကုန်၏။ ဒုက္ခေန၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဒုက္ခနှင့်။သမသမံ၊တူမျှသော။ ဘယံ၊ဘေးကြီးမည်သည်။ နတ္ထိ၊ မရှိတော့ပြီ။ ကုတော ဝါ ပန၊အဘယ်မှာလျှင်။ ဒုက္ခေန၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဒုက္ခထက်။ ဥတ္တရိတရံ ဘယံ၊ လွန်ကဲ ကြီးမားသောဘေး ရှိနိုင်ပါအံ့နည်း။နတ္ထိ၊မရှိနိုင်တော့လေပြီ။ ။ဤကား ဒုက္ခ ၂-ပါးကို ပြဆိုခြင်းတည်း။

**တိဿော ဒုက္ခတာ၊ ဒုက္ခ ဒုက္ခတာ,သင်္ခါရ ဒုက္ခတာ, ဝိပရိဏာမ ဒုက္ခတာ။**

ဒုက္ခတာ၊ဒုက္ခတာတို့သည်၊တိဿော၊ ၃-ပါး အပြားရှိကုန်၏။ ဒုက္ခ ဒုက္ခတာ၊ဒုက္ခဒုက္ခတာလည်း တပါး။သင်္ခါရဒုက္ခတာ၊သင်္ခါရ ဒုက္ခတာ လည်း တပါး။ဝိပရိဏာမ ဒုက္ခတာ၊ဝိပရိဏာမ ဒုက္ခတာလည်း တပါ.။

**အဓိပ္ပါယ်ကား။** ။ဒုက္ခတာ,သည်၊ဒုက္ခ ဒုက္ခတာ တပါး,သင်္ခါရ ဒုက္ခတာ တပါး,ဝိပရိဏာမဒုက္ခတာ တပါးဟူ၍ ၃-ပါး အပြားရှိ၏။ ထိုဒုက္ခတာ ၃-ပါးတို့တွင်၊ အထက်၌ ပြဆိုခဲ့သော ကာယိယဒုက္ခ, စေတသိက ဒုက္ခ ၂-ပါးသည်၊ သဘောအားဖြင့် ဆင်းရဲသောဒုက္ခ၊ အမည်အားဖြင့် ဆင်းရဲမည်သော ဒုက္ခဖြစ်သောကြောင့်၊ဒုက္ခ ဒုက္ခတာ မည်၏။ ဤကား ပညတ်သဘောပေတည်း။

ပရမတ်သဘောအားဖြင့်မူကား၊ ကိုယ်၏ မချမ်းသာခြင်း, စိတ်၏ မချမ်းသာခြင်းမျိုးသည်၊ ဒုက္ခဒုက္ခတာမည်၏။ နာမ်,ရုပ် တို့၏ ဥပါဒ်, ဌီ,ဘင် အားဖြင့် အစဥ်မပြတ် ဆက်စပ်၍ ဖြစ်ပျက်နေခြင်း သဘောမျိုးသည်၊ သင်္ခါရဒုက္ခတာမည်၏။ ဘဝတခုဆုံး၍ ပျက်ပြုန်း သေကြေခြင်း' သဘောသည်၊ဝိပရိဏာမဒုက္ခတာမည်၏။ ဤသို့ ဒုက္ခတာ သုံးပါးကို မှတ်သားပါလေ။

ထို ဒုက္ခသုံးပါးတို့တွင်၊ လူအပေါင်းသည်၊ ရံခါ အဘယ်ဒုက္ခမှ လွတ်မြောက်နိုင်ပါမည်နည်း။ ရံခါ အဘယ်ဒုက္ခမှ မလွတ်မြောက်နိုင်

ပါမည်နည်းဟု အဇိတရဟန်းက မေးလျှောက်လေ၏၊ ထိုအခါ လူအပေါင်းတို့သည်၊ ရံခါ ကိုယ်,စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အနာရောဂါ ကင်းရှင်းသောအခါ၊ ပိုင်းခြားသောအားဖြင့်သာ ဒုက္ခ ဒုက္ခတာမှ လွတ်မြောက်နိုင်သေး၏။ ရံခါ လူအပေါင်းတို့သည်၊ မသေမကြေ မပျက်စီးဘဲ အသက်ရှည်သောအခါ၊ပိုင်းခြားသော အားဖြင့်သာ ဝိပရိဏာမဒုက္ခတာမှ လွတ်မြောက်နိုင်ရန် ရှိပေသေး၏။ နာမ်, ရုပ်တို့၏ ဥပါဒ်, ဋ္ဌီ, ဘင် အားဖြင့် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပျက်နေသော သင်္ခါရဒုက္ခတာမှမူကား၊ လူအပေါင်းတို့သည် ရံခါမျှ မလွတ်နိုင်တော့ပြီ။ ပရိနိဗ္ဗာန် စံဝင်သော်မှသာလျှင်၊ လွတ်မြောက် ချမ်းသာနိုင်လေတော့ သည်ဟု မြတ်စွာဘုရား ဖြေကြား မိန့်ခြွက်တော်မူလေသည်။

**တတ္ထ လောကော ဩဓိသော ကဒါစိ ကရဟာစိ**
**ဒုက္ခဒုက္ခတာယ မုစ္စတိ၊ တထာ ဝိပရိဏာမဒုက္ခတာယ၊**
**တံကိဿဟေတု ဟောန္တိ လောကေ အပ္ပါဗာဓာပိ၊**
**ဒီဃာယုကာပိ။ သင်္ခါရဒုက္ခတာယ ပန လောကော**
**အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ မုစ္စတိ။**

တတ္ထ၊ထိုသုံးပါးသော ဒုက္ခတာတို့တွင်။ လောကော၊လူအပေါင်းသည်။ ဩဓိသော၊ ပိုင်းခြားသောအားဖြင့်။ ကဒါစိ၊ အတ္တူပက္ကမ-မိမိလုံ့လဖြင့် ရံခါ။ ကရဟာစိ၊ ပရူပက္ကမ-သူတပါးလုံ့လဖြင့် ရံခါ။ ဒုက္ခဒုက္ခတာယ၊ ကိုယ်၏ ဆင်းရဲခြင်း-ကာယိကဒုက္ခ, စိတ်၏ ဆင်းရဲခြင်း-စေတသိကဒုက္ခမှ။ မုစ္စတိ၊လွတ်မြောက်နိုင်၏။ တထာ၊ ထိုအတူ။ ဝိပရိဏာမဒုက္ခတာယ၊ သေဆုံးခြင်းဖြင့် ဆင်းရဲသောဒုက္ခမှ။ မုစ္စတိ၊လွတ်မြောက်နိုင်၏။ တံကိဿဟေတု၊ အဘယ်ကြောင့် နည်း ဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ လောကေ၊ လောကကြီး၌။ အပ္ပါဗာဓာပိ၊ အနာရောဂါ ကင်းရှင်းခြင်းတို့သည်လည်း။ ဟောန္တိ၊ရှိသည်ဖြစ်ကုန်၏။ ဒီဃာယုကာပိ၊ အသက်တာရှည် တည်နေခြင်းတို့ သည်လည်း။ ဟောန္တိ၊ရှိသည်ဖြစ်ကုန်၏။ တသ္မာ၊ထို့ကြောင့်။ မုစ္စတိ၊လွတ်မြောက်နိုင်၏။ သင်္ခါရဒုက္ခတာယပန၊ နာမ်,ရုပ်တို့၏ ဥပါဒ်,ဋ္ဌီ,ဘင် အားဖြင့် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပျက်နေသော သင်္ခါရ ဒုက္ခတာမှကား။ လောကော၊လူအပေါင်းသည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊

ခန္ဓာမကြွင်းအဝ် နိဗ္ဗာနဓာတ်ဖြင့်။ မုဉ္စတိ၊ လွတ်မြောက်နိုင်လေတော့၏။ လောကေ၊ လောကန္တ၌၊ ကဒါစိ ကရဟာစိ နမုစ္စတိ၊ အတ္တူပတ္တမ-မိမိလုလ္လ, ပရူပတ္တ-သူတပါးတို့လုလ္လ၊ ရံခါမျှ မလွတ်မြောက်နိုင်စလေတော့သတည်း။

**အဓိပ္ပါယ်ကား။** ။ဒုက္ခတာ သုံးပါးတို့တွင်၊ ဒုက္ခဒုက္ခတာ, ဝိပရိဏာမဒုက္ခတာ ၂ ပါးမှာ၊ မိမိ၏ လုလ္လပယောဂ, သူတပါး၏ လုလ္လပယောဂ ရှိသော်သည်း၊ ရံခါ ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်၏။ သင်္ခါရဒုက္ခတာမှာကား၊ နာမ်,ရုပ်တို့၏ ဥပါဒ်,ဌီ,ဘင်အားဖြင့် အစဉ်မပြတ်ဆက်စပ်၍ ဖြစ်ပျက်နေသော ဆင်းရဲမှုရင်း၊ မိမိ၏ လုလ္လပယောဂအားဖြင့် ဖြစ်သော ဆင်းရဲမှုရင်း ရံခါမျှ မလွတ်နိုင်ပြီ၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်မှသာလျှင်၊ ဒုက္ခမှ လွတ်နိုင်လေတော့၏ဟု ဆိုလိုသည်။

လိုရင်း အချုပ်မှာ၊ ဤဒုက္ခတာသုံးပါးတို့တွင်၊ ဒုက္ခဒုက္ခတာ, ဝိပရိဏာမဒုက္ခတာ ၂-ပါးတို့သည်၊ အစွယ်အပွား အကိုင်းအခက်မျှသာ ဖြစ်ကြကုန်၏။ သင်္ခါရဒုက္ခတာ တပါးသည်သာလျှင်၊ ပင်ရင်းအမြစ်အမှန်ဖြစ်၏။ ထို့ကြောင့်၊ ဘေးကြီးဟု ခေါ်ဆိုသော ဒုက္ခဟူသည်ကား၊ ဤ သင်္ခါရဒုက္ခတာပင် ဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

**တသ္မာ သင်္ခါရဒုက္ခတာ ဒုက္ခံ လောကဿာတိ ကတွာ ဒုက္ခ မဿ မဟဗ္ဘယန္တိ။**

တသ္မာ၊ ထိုသို့သင်္ခါရဒုက္ခမှ လောကန္တ ရံခါမျှ မလွတ်သောကြောင့်။ သင်္ခါရဒုက္ခတာ နာမ်,ရုပ်၏ ဥပါဒ်,ဌီ,ဘင် အားဖြင့် အစဉ်မပြတ်ဆက်စပ်၍ ဖြစ်ပျက်နေသော ဒုက္ခသည်။ လောကဿ၊ လူအပေါင်း၏။ ဒုက္ခံ၊ ဆင်းရဲပင်မြစ် အမှန်အစစ်ဖြစ်သတည်း။ ဣတိ ကတွာ၊ ဤသို့ ဒုက္ခပင်မြစ်၊ စင်စစ်ဆင်းရဲ ဘေးကြီးဘဲဟု နှလုံးပြု၍။ ဒုက္ခံ၊ နာမ်, ရုပ်တို့၏ ဥပါဒ်,ဌီ,ဘင်အားဖြင့် အစဉ်မပြတ်ဆက်စပ်၍ ဖြစ်ပျက်နေသော ဒုက္ခသည်။ အဿ လောကဿ၊ ဤလူ အပေါင်း၏။ မဟဗ္ဘယံ၊ ဘေးကြီးအစစ်အမှန် ဖြစ်သတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိသဇ္ဇေသိ၊ ဖြေကြား မိန့်ကြွက်တော်မူခဲ့လေ၏။

အချုပ်အားဖြင့် ဝိပဿနာ အလုပ်ကိစ္စ၌၊ ဤသင်္ခါရဒုက္ခတာသည်သာ လိုရင်းဖြစ်၍၊ ယောဂီပုဂ္ဂိုလ်တို့သည် ဤသင်္ခါရဒုက္ခတာကိုသာ

ဉာဏ်၌ ထင်မြင်အောင် အားထုတ်အပ်၏၊ ဒုက္ခဒုက္ခတာ, ဝိပရိဏာမ ဒုက္ခတာမျိုးကို အားထုတ်ခြင်းဖြင့်၊ ကိစ္စမပြီးစီး ဝိပဿနာ အရာသို့ မဝင် ပရမတ်ဆတ်ဆတ်မဟုတ်၊ သင်္ခါရဒုက္ခတာသည် မပါမဝင်နိုင်။ သင်္ခါရ ဒုက္ခတာကို အားထုတ်ပါမူ၊ ကိစ္စပြီးစီး ဝိပဿနာသို့ ဝင်၍ ပရမတ် ဆတ်ဆတ် ဖြစ်သဖြင့်၊ ဒုက္ခဒုက္ခတာ, ဝိပရိဏာမ ဒုက္ခတာ ၂-ပါးတို့သည်လည်း၊ တပြိုင်နက်တချက်တည်း ပါဝင်ပြီးစီးနိုင်၏ဟု ဆိုလိုသည်။ ။ဤကား အဓိပ္ပာယ်ဝင်ဆုတ်၍လာသော ဒုက္ခလက္ခဏာအရကို အမြွက်မျှ ပြဆိုခြင်းတည်း။

ယခုပြဆိုခဲ့ပြီးသော ဒုက္ခလက္ခဏာ၏သဘောများကို ပိုင်းပိုင်းခြားခြား မှတ်သား၍၊ ဤဒုက္ခလက္ခဏာ၏ ဆင်းရဲခြင်း သဘောကို ဉာဏ်၌ ဟုတ်မှန်သော သဘော အတိုင်း ထင်ရှားသိမြင်၍ လာရလေအောင်၊ ထိုဒုက္ခလက္ခဏာအား ဖုံးလွှမ်းပိတ်ပင်၍ ထားသော ဣရိယာပုထ်တို့ ပေါ်ထွက်ပွင့်လင်း၍ လာလေအောင်၊ အလုံးစုံသော ကိုယ်အမူအရာ အပြုအပြင် အပြောင်းအလဲ ဟူသမျှတို့ကို သိမြင်နိုင်စေရန်၊ ကွေး ကွေး တယ်, ဆန့် ဆန့်တယ်, စား စားတယ်, သောက် သောက်တယ် စသည် ဖြင့် မလစ်မလပ် ဣရိယာပုထ်နှင့် အမှတ်စပ်သွားအောင် မနားမရပ်ဘဲ စွဲမြဲ၍ မှတ်ကြပါလေ။

လက္ခဏာယာဉ် သုံးပါးတို့တွင်၊ ဤဒုက္ခလက္ခဏာသည် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့အား လိုရင်းအချက်ကြီးဖြစ်ပေ၍၊ ဒေသနာတော်အရ နှင့် သဘာဝဓမ္မကို ထောက်ဆ နှိုင်းယှဉ်၍ ဆင်ခြင် စဉ်းစားနိုင်ကြ စေရန်၊ အတန်ငယ် ဝေဘန်ဆုံးဖြတ်၍ အထပ်ထပ် ဘွင့်ပြလိုက်ပေ သတည်း။

ဒုက္ခ၏ သဘောသရုပ်ကို ပြဆိုခြင်းပြီး၏။

## အနိစ္စနှင့် အနတ္တကို အမြွက်မျှ ပြဆိုခြင်း

အနိစ္စနှင့်အနတ္တလက္ခဏာ နှစ်ပါးတို့သည်၊ဒုက္ခလက္ခဏာနှင့် မကွဲ မပြားဘဲ တသားတည်း တပြိုင်နက်ပါဝင်၏ဟု ဆိုရာ၌၊ အနိစ္စလက္ခ ဏာကို နာမ်,ရုပ်နှစ်ပါးတို့ အဖြစ်အပျက် ဆက်စပ်နေသောအစဉ်သည် ဖုံးလွှမ်း ပိတ်ကာ၍နေ၏။ အနတ္တလက္ခဏာကို နာမ်,ရုပ်တို့ တပေါင်း တရုံး တလုံးတစည်းတည်းဖြစ်နေသော အစုအဆိုင် အတုံးအခဲသည် ဖုံးလွှမ်းနေ၏ဟု ဆိုသဖြင့်၊ အစဉ် အဆက် ပြတ်လျှင် အနိစ္စ သဘော

လက္ခဏာသည် ထင်ပြင်နိုင်၏။ အတုံးအခဲတို့ အစိပ်စိပ်ကွဲလျှင်၊အနတ္တ လက္ခဏာသည် ထင်ပြင်နိုင်၏ဟု အဓိပ္ပါယ်ရလေသည်။ ၎င်းသဘော အဓိပ္ပါယ်ကို ရှေလည်အောင် ပိုင်းခြား၍ ကွဲပြားစွာ မှတ်သားထား ပါလေ။

အထက်က ဘော်ပြခဲ့သော ဒုက္ခလက္ခဏာ၌ ဣရိယာပုထ် ဖြစ်ပုံ၊ ဣရိယာပုထ် ဖုံးလွှမ်းနေပုံ၊ ဣရိယာပုထ် ဖွင့်လှန်ထုတ်နုတ်ပုံ၊ ဣရိယာ ပုထ် ဖွင့်လှန်ပေါ်ထွက်ပုံ၊ ဣရိယာပုထ် ပေါ်ထွက်ပွင့်လင်းလာ၍ ဒုက္ခ လက္ခဏာ ထင်ပြင်ပုံများကို သဘောကျပါလျှင်၊ ဤလက္ခဏာ နှစ်ပါး ကိုလည်း သဘောကျနိုင်၏။ ဒုက္ခလက္ခဏာ ထင်ပြင်လာလျှင်၊ ဤလက္ခ ဏာနှစ်ပါးလည်း ထင်ပြင်ပြီး ဖြစ်လေတော့သည်ဟု ဆိုလိုသည်။

ထင်ပြင် ပြီးစီးပုံမှာ၊ဣရိယာပုထ်အဖြစ်နှင့်အမှတ်ထပ်မိ၍ ဣရိယာ ပုထ် အချင်းချင်း မထိမစပ်နိုင်ဘဲ၊ ဣရိယာပုထ် အကြား အကြား၌ အမှတ်အသိ ညှပ်နေသည်ကို၊ ဣရိယာပုထ် ကွာသည်,ပွင့်သည်, လန် သည်, ပေါ်သည်ဟု ဒုက္ခလက္ခဏာ၌ ဆိုခဲ့၏။ ဤသို့ ဖြစ်သည်ကိုပင် ဣရိယာပုထ် အချင်းချင်း မပူးမကပ် မဆက်မစပ်နိုင်ဘဲ၊ ဣရိယာပုထ် ဖြစ်ပျက်ခြင်း အစဉ်မရှိ၍ နာမ်, ရုပ် အစဉ်ပြတ်သည်ဟု အနိစ္စ လက္ခဏာ၌ ခေါ်ဆိုရလေသည်။

ထို့အတူ ဤသို့ ဖြစ်သည်ကိုပင်၊ ဣရိယာပုထ် အချင်းချင်း မစုဆုံး မပေါင်းရုံး မလုံးစည်းနိုင်ဘဲ၊ ဣရိယာပုထ် တခုစီတခုစီ အသီးအခြား ဖြစ်၍အစိပ်စိပ် အမွှာမွှာ ဖြစ်နေသဖြင့်၊နာမ်,ရုပ် အတုံးအခဲတို့ ပြိုပျက် ကွဲပြားသည်ဟု အနတ္တလက္ခဏာ၌ ခေါ်ဆိုရ လေတော့သည်။ ထို့ ကြောင့် ဒုက္ခလက္ခဏာကို ပိုင်လျှင်၊ အနိစ္စ, အနတ္တလက္ခဏာ တို့ကို လည်း ပိုင်လေတော့၏၊ ထင်ပြင်လေတော့၏၊ ပြီးစီးလေတော့၏ဟု ဆိုခဲ့ပေသည်။

လိုရင်းအချုပ်မှာ၊ ခန္ဓာ,နာမ်,ရုပ် ဖြစ်သော သင်္ခါရတရားတို့၌၊ လက္ခဏာယာဉ် ၃-ပါး တင်မှု ဆိုခြင်းသည်၊ယောဂီပုဂ္ဂိုလ်က အထူး ဆောင်ရွက် မြှောက်တင်ခြင်းမျိုးမဟုတ်၊တရားကိုအားထုတ်ရာ၌ အလို လို သူ့သဘောအတိုင်း ဉာဏ်၌ထင်ပြင်လာမှုကို ဆို၏။ ထိုသို့ ထင်ပြင် လာစေရန်လည်း၊ တပါးစီ တပါးစီ အချိန်ကာလပိုင်း၍၊ တခါးတဖုံ ခွဲခြားအားထုတ်ရသည် မဟုတ်၊ လက္ခဏာ ၃-ပါးတို့သည်၊ အဖြစ် မှာ မကွဲပြား သဘောအားဖြင့် တချက်တည်းပါဝင်၏။ အမည်အား

ဖြင့်သာ ကွဲပြား နေကြောင်းကို၊ အနတ္တ လက္ခဏသုတ် စသည့်တို့၌၊ မြတ်စွာဘုရား ဟောကြားတော်မူသည်။

**တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။**
**ယံပနာ ၊နိစ္စံ၊ ဒုက္ခံဝါ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။**
**ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ**
**တေံမမ ,ဧသောဟမသ္မိ , ဧသော မေ အတ္တာ တိ။**
**နောဟေတံ ဘန္တေ။** ။အနတ္တလက္ခဏသုတ်။

ဘိက္ခဝေ၊ရဟန်းတို့။တံ၊ထိုငါဘုရား မေးတော်မူလတ္တံ့သောစကားကို။ တုမှေ၊ သင်ချစ်သား ရဟန်းများတို့သည်။ ကိံမညထ၊ အဘယ်လို မှတ်ထင်ကြကုန်မည်နည်း။ ရူပံ၊ ကျေးခြင်း,ဆန့်ခြင်း စသော ရုပ်အပေါင်းသည်။ နိစ္စံဝါ မြဲလေသလော။ အနိစ္စံဝါ၊ မမြဲလေသလော။ ဣတိ၊ ဤသို့ မြတ်စွာဘုရား မေးတော်မူ၏၊ ဘန္တေ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရား။ တေံ၊ကျေးခြင်း,ဆန့်ခြင်းစသော ဤရုပ်အပေါင်းသည်။ အနိစ္စံ၊ ဥပါဒ်,ဌီ,ဘင်အားဖြင့် အစဉ်မပြတ် ဆက်စပ်၍၊ ဖြစ်ခြင်း,ပျက်ခြင်း မစဲသောကြောင့်၊ အမြဲမရှိပါဘုရား။ ဣတိ၊ ဤသို့ ရဟန်းတို့က လျှောက်ကြကုန်၏။

ယံပန ရူပံ၊ အကြင် ကျေးခြင်း,ဆန့်ခြင်း စသော ရုပ်အပေါင်းသည်။ အနိစ္စံ၊ မမြဲ။ တံ ရူပံ၊ ထိုမမြဲသောရုပ်သည်။ ဒုက္ခံဝါ၊ ဆင်းရဲလေသလော။ သုခံဝါ၊ ချမ်းသာလေသလော။ ဣတိ၊ ဤသို့ မြတ်စွာဘုရား မေးတော်မူ၏။ ဘန္တေ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရား။ တေံ၊ ဤမမြဲသော ရုပ်အပေါင်းသည်။ ဒုက္ခံ၊ ချမ်းသာ မဘက် သက်သက်ဆင်းရဲ အမှန်စင်စစ်ပါဘုရား။ ဣတိ၊ ဤသို့ ရဟန်းတို့က လျှောက်ကြကုန်၏။

ယံပန ရူပံ၊အကြင် ကျေးခြင်း,ဆန့်ခြင်းစသော ရုပ်အပေါင်းသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိ၏။ တံ ရူပံ၊ ထိုရုပ်ကို။ တေံ၊ ဤကျေးခြင်း,ဆန့်ခြင်း စသော ရုပ်အပေါင်းသည်။ မမ သန္တကံ၊ ငါ၏ဥစ္စာတည်း။ ဧသော၊ ဤရုပ်အပေါင်းသည်။ အဟံအသ္မိ၊ ငါဖြစ်၏။ ဧသော၊ ဤရုပ်အပေါင်းသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့၊ သမနုပဿိတုံ၊ တဏှာ, မာန,ဒိဋ္ဌိ ဟူသော ဂါဟအားဖြင့် စွဲလမ်း၍ ရှုမှတ်ခြင်းငှါ၊ ကလ္လံနု၊

သင့်နိုင်ပါမည်လော။ ဇာတိ၊ ဤသို့ မြတ်စွာဘုရား မေးတော်မူ၏။ ဘန္တေ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရား။ ဧတံ၊ ဤသို့ဂါဟာအားဖြင့် စွဲလမ်းရှုမှတ်ခြင်းငှါ။ နောဟေတံ၊ မသင့်မလျော်ပါဘုရား။ ဇာတိ-အဝေါစုံ၊ ဤသို့ ရဟန်းတို့က လျှောက်ကြလေကုန်သတည်း။

ဤသို့ အနတ္တလက္ခဏသုတ်ကို အနက်ပေးရာ၌၊အဋ္ဌကထာများဖွင့်ချက်၊ သဒ္ဒါရေး ဒေသနာတော်နည်းသို့ လိုက်၍၊ ရုပံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် သုံးပါးသော ကာလတို့၌ဖြစ်သော၊ စတုသမုဋ္ဌာနိက ရုပ်သည်ဟု နိဿယ ဆရာတော်ကြီးများ အနက်သမ္ဗန်၍ ထားကြကုန်၏။ ငါတို့သည်လည်း၊သတိပဋ္ဌာန်ရှုမှတ်နည်းဖြစ်သော ဝိပဿနာ အလုပ်ကိစ္စ၌ ထင်မြင်လွယ်စေခြင်းငှါ၊ အဓိပ္ပါယ်သဘောသို့လိုက်၍၊ ရုပံ၊ ကွေးခြင်း,ဆန့်ခြင်းစသော ရုပ်အပေါင်းသည်ဟု အနက် ယောဇနာ လိုက်ပေသည်။

အကြောင်းမှာ ကာလသုံးပါး၌ဖြစ်သော၊ စတုသမုဋ္ဌာနိက ရုပ်ဟု ဆိုလျှင်၊ စာသင်ဘူး၍ အဓိပ္ပါယ်သဘာဝကို ကျနစွာ မှတ်သားမိသူများမှာ၊ အလုပ်ကိစ္စ၌ အသုံးချ၍ ယူဆနိုင်ရန် အကြောင်းရှိသော် ရှိတန်ရာသေး၏။ စာမတတ်၍ ဗဟုသုတနည်းပါးသော သူများမှာမူ၊ သဘာဝဓမ္မကို မယူမဆတတ်၍၊ ဝိပဿနာ အလုပ်ကိစ္စ၌ အသုံးမချတတ်နိုင်ကြပေ။ ကွေးခြင်း,ဆန့်ခြင်းစသော ရုပ်အပေါင်းဟု ဆိုလျှင်၊ ကလေး,သူငယ်များပင်သော်လည်း၊ သိမြင်လွယ်ကူနိုင်၏။ ကွေးခြင်း,ဆန့်ခြင်းစသော ရုပ်အပေါင်း ဟူသည်လည်း၊ စတုသမုဋ္ဌာနိက ရုပ်များပင် ဖြစ်ကြလေသည်။ ထို့ကြောင့် သဘာဝ ဓမ္မကိုသာ ကြံ၍ အနက်သမ္ဗန် လိုက်ပေ၏။ ကာလသုံးပါးအရကို နောက်က ပြဆိုခဲ့ပြီးလေပြီ၊ သဘောမသိလျှင် ပြန်၍ကြည့်ရှုပါလေ။

**အနတ္တ လက္ခဏသုတ်၏ အဓိပ္ပါယ်ကား။** ။လက္ခဏာသုံးပါး ဟူသည်၊ တသီးတခြားစီ ဖြစ်ပေါ်နေသည် မဟုတ်၊ တပါးဖြစ်ပေါ်လျှင် ကြွင်းသော ၂-ပါးလည်း လိုက်ပါလေတော့၏ဟု ဆိုလိုသည်။ ဒေသနာတော်မှာ အမေးနှင့်အဖြေ စုံလင်ကျယ်ဝန်းစွာ လာရှိသော်လည်း၊ အဓိပ္ပါယ်အကျဉ်းချုပ်မှာ ရုပ်သည် မမြဲခြင်း သဘောဖြစ်၏။ ထိုမမြဲခြင်းသဘောဖြစ်သော ရုပ်သည်ပင်လျှင်၊ ဆင်းရဲခြင်း သဘောဖြစ်၏။ ထိုဆင်းရဲခြင်း သဘောဖြစ်သော ရုပ်သည်ပင်လျှင်၊ အလိုမကျခြင်း သဘောဖြစ်၏ဟု ဟောတော်မူသောကြောင့်၊ မမြဲခြင်းသဘော

ဖြစ်သော အနိစ္စတချွပင်၊ ဆင်းရဲခြင်းသဘောဖြစ်သော ဒုက္ခ၊အလို မကျခြင်း သဘောဖြစ်သော အနတ္တ လက္ခဏာများလည်း၊ ထပ် ဆင့်၍ဖြစ်လာလေတော့သည်။ ထို့ကြောင့် ကွေးခြင်းစသော အမှု အရာ တခုတချွ၌၊ လက္ခဏာရေးသုံးပါးတို့ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးသွားသည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသည်။

ဤသို့ ပစ္စုပ္ပန်၌ဖြစ်သော ရုပ်တပါးကို လက္ခဏာရေး သုံးပါးတို့ ဖြင့်၊ ယောဂီပုဂ္ဂိုလ်တို့၏ ဝိပဿနာဉာဏ်အား ထင်ရှားစွာသိမြင်လာ လျှင်လည်း၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်၊ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ဩဠာရိက, သုခုမ၊ ဟီန, ပဏီတ၊ ဒူရ, သန္တိက-ဟူသော တဆယ့်တပါးသော အခြင်းအရာတို့ဖြင့် ဖြစ်သော ရုပ်တို့သည်လည်း၊ တချက်တည်း ပါ ဝင်ပြီးစီးကြောင်းကို ဤအနတ္တလက္ခဏာသုတ်၌ပင် မြတ်စွာဘုရား ဟောကြားတော်မူသည်။

**အနိစ္စနှင့် အနတ္တကို အမြွက်မျှ ပြဆိုချက် ပြီး၏။**

---

## လက္ခဏာရေး ၃-ရပ်ကို ပေါင်းစပ်၍ ပြဆိုခြင်း

ယခုပြဆိုခဲ့သော လက္ခဏာရေးသုံးပါးနှင့်စပ်၍ ကျမ်းဂန် အရပ် ရပ်တို့၌၊ အထပ်ထပ် အကျယ်ဝေဘန်သော ဒေသနာနည်းမျိုးတို့ များ ပြားသော်လည်း၊ အားထုတ်သော ပုဂ္ဂိုလ်သည် လက္ခဏာရေး သုံး ပါးကို အာရုံထားခြင်း,ကြံစည်ခြင်း မပြုဘဲ၊ဖြစ်ပေါ်လာတိုင်းသော အမှုအရာ နာမ်,ရုပ်သဘောကို မှတ်နေပါလျှင်၊လက္ခဏာသဘောသည် အလိုလို ဖြစ်လာ,ထင်လာ၏။ ထင်လာသောအခါ မမြဲခြင်း အနိစ္စ သဘော၊ ဆင်းရဲခြင်း - ဒုက္ခသဘော။ ၎င်းလက္ခဏာ ၂-ပါးတွင်၊ တပါးပါး ရှေးဦးစွာ ထင်လာတတ်၏။ ထိုသို့ တပါးပါးထင်လာ လျှင်လည်း၊ သုံးပါးလုံး ပြီးစီးလေတော့သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

**အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသ သမုဃာတာယ။**
**အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဍာတိ။**
**အနတ္တသညိနော အသ္မိမာနော သမုဃာတံ ပါပုဏာတိ။**
**ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ ပါပုဏာတိ။ ။**

(နဝင်္ဂတ္တရပါဠိတော် မွေဃိယသုတ်)

အသ္မိမာနသော၊ ငါ,ငါဟူ၍ မာန်မူ မှတ်ထင်ခြင်းကို၊ သမုဂ္ဃာတတာ ယ၊ ပယ်သတ် ဖျက်ဆီးခြင်းငှါ။ အနိစ္စသညာ၊ မမြဲဟု ထင်သော အနိစ္စသညာကို။ ဘာဝေတဗ္ဗာ၊ အဘန်ဘန်အထပ်ထပ် ရှုမှတ်အပ်၏။

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ မမြဲဟု မှတ်ထင်စွဲ မြဲ၍နေသောသူအား။ အနတ္တသညာ၊ ငါ၏အလိုဟု စွဲလမ်းစရာ အနှစ်သာရ အစိုးမရ၍၊ အတ္တမရှိ-ဟူသော အနတ္တသဘောဝ ထင်မြင်လာမှုသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာတော့၏။ အနတ္တသညိနော၊ အစိုးမရ-အလိုမကျဟု အနတ္တသညာ ထင်မြင်လာသော သူအား။ အသ္မိမာနေ၊ ငါ,ငါဟူ၍ မာန်မူ မှတ်ထင်ခြင်းသည်။ သမုဂ္ဃာတံ၊ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ရောက်၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခုပစ္စက္ခ မျက်မှောက်ဖြစ်သော ဘဝ၌ပင်လျှင်။နိဗ္ဗာနံ၊အေးငြိမ်းချမ်းသာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**ဤမေဃိယသုတ်၌ အကျဉ်းချုပ် အဓိပ္ပါယ်မှာကား။** ။အနိစ္စလက္ခဏာတခုကိုသာ အဘန်ဘန်ပွားများရှုမှတ်၍ အနိစ္စထင်မြင်လျှင်၊ အနတ္တသည် အားမထုတ်ဘဲ အလိုလိုပင်ထင်မြင်လာ၏။ အနတ္တထင်မြင်လျှင်လည်း၊ ငါ,ငါဟု ထင်မှတ်နေသော မာနပျက်စီး၍၊ ယခုဘဝ၌ပင် မဂ်, ဖိုလ်ဟူသော ချမ်းသာကို ရယူခံစားနိုင်၏ဟု ဆိုလိုသည်။

ဤဒေသနာတော်၌၊ အနိစ္စလက္ခဏာကို ပွားများရှုမှတ်ရမည် ဆိုသော်လည်း၊ ဉာဏ်၌မထင်မမြင်ဘဲ ဆင်ခြင်ကြံဆ၍ အနိစ္စ, အနိစ္စ၊ အမြဲမရှိ-အမြဲမရှိဟု ရွတ်ဆိုခြင်း,နှုတ်သွင်းခြင်းကို ပြုလုပ်နေရမည် မဟုတ်၊ ဉာဏ်၌ထင်မြင်လာသော အနိစ္စသဘောကိုသာ အနိစ္စ-မမြဲဟု စိတ်၌ စွဲမြဲအောင်မှတ်ရလေသည်။ ဤသို့မမြဲဟု ထင်မြင်လာမှုကို၊ မမြဲဟုရှုမှတ်မှု ယထာဘူတ ဖြစ်နိုင်လေ၏။ ဆင်းရဲခြင်းသဘော ဖြစ်သော ဒုက္ခလက္ခဏာ ထင်မြင်လာရာ၌လည်း၊ ဤနည်း အတူပင် လျှင် မှတ်ယူကြပါလေ။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ပဌမ ဇုဒ္ဓဝဂ်၌လည်း၊အနိစ္စလက္ခဏာ အချက်သည် ထိုရင်းဖြစ်၏။ အနိစ္စလက္ခဏာတခုကို ပိုင်လျှင်၊ ကာမဘဝ၌ သာယာသော ရာဂအလုံးစုံကို ကုန်ခန်းစေနိုင်၏။ ရူပဘဝ၌ သာယာသော ရာဂအလုံးစုံကို ကုန်ခန်းစေနိုင်၏၊ ဘဝအမျိုးမျိုး၌ သာယာသော ရာဂအမျိုးမျိုးကို ကုန်ခန်းစေနိုင်၏။ အလုံးစုံသော အသ္မိမာန ကိုလည်း ပယ်နုတ် သတ်ဖြတ်၍ ပျက်စီးစေနိုင်၏။

မဟောဟာအဓိဋ္ဌာကိုလည်း ချုပ်ငြိမ်းစေနိုင်၏ဟု အမျိုးမျိုးသော ဥပမာတို့ဖြင့် ကျယ်ဝန်းများပြားစွာ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထိုကြောင့်၊ ပရမတ် ရုပ်နာမ်တို့၏ အမှန်ဖြစ်သော မမြဲခြင်းအနိစ္စသဘောကို မထင်မမြင်နိုင်အောင်၊ပိတ်ပင်ဖုံးလွှမ်းထားသော ဥပါဒ်,ဌီ,ဘင် အားဖြင့်၊ အစဉ်မပြတ်ဆက်စပ်၍ ဖြစ်ပျက်နေသော နာမ်ရုပ်တို့၏အစဉ်ပြတ်စဲ၍၊ မမြဲခြင်း-အနိစ္စ သဘောလက္ခဏာကို ဟုတ်မှန်သောအတိုင်းသာလျှင်၊ ဝိပဿနာဉာဏ်ပညာ၌ တင်ရှားစွာ သိမြင်၍ လာနိုင်စေရန်၊သတိပဋ္ဌာန် ရှုမှတ်ပုံနည်းအတိုင်း ကွေးခြင်း,ဆန့်ခြင်း, စားခြင်း,သောက်ခြင်း,မြင်ခြင်း,ကြားခြင်းစသော၊ အမူအရာအလုံးစုံတို့ကို အကုန်အစင်အကြားမလပ်စေဘဲ၊ ဖြစ်ပေါ်လာသော အမူအရာသဘောနှင့်၊ အမှတ်တို့သည် တချက်တည်း ထပ်မိစပ်မိ သွားအောင်၊ မနားမရပ်သော လုပ္ပဝီရိယဖြင့်၊ အဘန်ဘန် အထပ်ထပ် စွဲမြဲစွာ ရှုမှတ်ကြပါလေ။ ။ဤကား အနိစ္စ,အနတ္တလက္ခဏာ ၂-ပါးတို့၏ အဓိပ္ပါယ်သဘောအရကို အမြွက်မျှ ပြဆိုခြင်းတည်း။

အထူးမှာ ထိုလက္ခဏာရေးသုံးပါးတို့၏ သဘော အဓိပ္ပါယ်များကို အကျယ်ဝေဘန်၍၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၌ - **ပဉ္စက္ခန္ဓေ အနိစ္စတော, ဒုက္ခတော**-စသည်ဖြင့် ၄၀-လာ၏။ ၎င်းကိုဝေဘန်လျှင်၊ အနိစ္စလက္ခဏာ ၁၀-ပါး၊ ဒုက္ခလက္ခဏာ ၂၅-ပါး၊ အနတ္တလက္ခဏာ ၅-ပါးဖြစ်ပါ၏။ ဤတရားစုကို ဉာဏ် ၄၀ - ဟူ၍၎င်း၊ ဘာဝနာ ၄၀-ဟူ၍၎င်း၊ဝိပဿနာ ၄၀-ဟူ၍၎င်း၊ တော ၄၀-ဟူ၍၎င်း ခေါ်ဆိုလေသည်။

ဤသို့လာသောတရားများသည်၊ သဘာဝအားဖြင့် ဉာဏ်၌ ထင်တတ်သောအမည်ကိုစွဲ၍သာ ပြဆိုခြင်းဖြစ်၏။ ၄၀-လုံးကို ယောဂီပုဂ္ဂိုလ်က ထင်မြင်အောင် အားထုတ်ရသည်မဟုတ်။ပရမတ် ရုပ်နာမ်၏သဘောကို သိမြင်အောင်၊ ဝိပဿနာ ရှုမှတ်နေသော ပုဂ္ဂိုလ်အား အမှတ်အသိစိပ်၍ ဉာဏ်ရင့်သောအခါ၊ အလိုလိုပင် ထင်မြင်လာတော့၏။ ။ထင်မြင်လာပုံများသည်၊အချို့မှာ ၄၀-သော အခြင်းအရာမျှထက်ပင် ပိုလွန်၍ထင်မြင်နိုင်၏။ အချို့မှာ ၄၀-သော အခြင်းအရာမျှလောက်ကိုပင် ထင်မြင်လာ၏။ အချို့မှာ ၄၀-သော အခြင်းအရာမျှလောက်ကိုပင် မထင်မြင်နိုင်ပေ။ ဉာဏ်အထက် အနုံ့ကိုလိုက်၍၊ အဆင့်ဆင့် အစားစား အလွန်များ၏။ ။အချုပ်မှာမူ၊ အနိစ္စ, ဒုက္ခ,

အနတ္တ-ဟူသော လက္ခဏာ သုံးပါးကို ထင်မြင်လျှင်၊ အလုပ်ကိစ္စ ပြီးစီးနိုင်ကြောင်းကို ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်များ၌ ထင်ရှားစွာ မိန့်ဆိုကြလေ၏။

ရှင်းလင်းရန်မှာ၊ ပါဠိတော်များ၌ လက္ခဏာ ၁-ပါးထင်မြင်လျှင်၊ ကိစ္စပြီးစီးလေတော့သည်ဟု ဟောတော်မူ၏။ အဋ္ဌကထာများ၌ကား၊ လက္ခဏာသုံးပါးလုံး ထင်မြင်မှ ပြီးစီးနိုင်သည်ဟုဆို၏၊ ဤသို့မညီမညွတ်သကဲ့သို့ ဖြစ်နေရာတွင်၊ လက္ခဏာ သုံးပါးတို့သည် သဘောအားဖြင့် မကွဲပြားခြင်း၊ တပါးထင်လာလျှင် ကြွင်းသော နှစ်ပါးသည်လည်း၊ အမှန်ပင် ထင်မြင်လာရခြင်း သဘောမျိုးကို ရည်၍၊ ဟောတော်မူသည်ဟု ပါဠိတော်၏ အဓိပ္ပါယ်ကို မှတ်ယူသင့်ပေ၏။

လက္ခဏာသုံးပါးတို့သည်၊ သဘောအားဖြင့် မကွဲပြား၊ တပါးထင်မြင်လျှင် ကြွင်းနှစ်ပါးတို့ ထင်မြင်နိုင်ငြားသော်လည်း၊ ဉာဏ်၌ထင်သောအခါ တကြိမ်တည်း သုံးပါးလုံးပြိုင်၍ မထင်နိုင်ခြင်း၊ တပါးတည်းကို ထင်မြင်သော အခိုက်၌၊ ကိစ္စမပြီးနိုင်သေးခြင်းမျိုးကို ရည်၍၊ မိန့်ဆိုသည်ဟု အဋ္ဌကထာ၏ အဓိပ္ပါယ်ကိုမှတ်ယူသင့်ပေ၏။ ဤအတိုင်းမှတ်ယူပါလျှင်၊ သဘောမကွဲပြားဘဲ တသားတည်း ညီညွတ်နိုင်လေတော့သည်။

ဤသို့ပြဆိုခဲ့ပြီးသော နည်းအတိုင်း၊ ကွေးခြင်း, ဆန့်ခြင်းစသော ရုပ်, နာမ်, ခန္ဓာ သင်္ခါရ တရားတို့၏ ဖြစ်ပေါ်လာသော အမူအရာ သဘောအတိုင်းကို ရှုမှတ်နေ၍၊ မမြဲခြင်း-အနိစ္စသဘော လက္ခဏာ တခု ပေါ်လာလျှင်၊ အလုံးစုံသော တရားအပေါင်းတို့၌လည်း၊ မမြဲခြင်း-အနိစ္စသဘော လက္ခဏာပေါ်လာတော့၏။ ထိုသို့ ပေါ်လာလျှင် သင်္ခါရတို့၌ ငြီးငွေ့၍၊ ကိလေသာ စင်ကြယ်လာသဖြင့်၊ ဝိပဿနာ နည်းလမ်း ဖြောင့်မှန်လေဘော့၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

**သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။**

(ဓမ္မပဒပါဠိတော်)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။သင်္ခါရာ၊ ရုပ်,နာမ် ခန္ဓာဟူသော သင်္ခါရတရားတို့သည်။ အနိစ္စာ၊ ဖြစ်ပေါ်ပြီးက ပျက်စီးရလေသောကြောင့်၊

အမြဲမရှိကြလေကုန်။ ဇာတိ၊ ဤသို့။ ယာဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ် ပညာဖြင့်။ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည့်ရှိသော်။ ဒုက္ခေ၊ ရုပ်, နာမ် သင်္ခါရ ဖြစ်သော ဆင်းရဲ ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ နှစ်သက် ခင်မင် ပျော်မွေ့ခြင်းမရှိ၊ ပျင်း, မုန်း, ငြီးငွေ့၍ လာလေတော့၏။ ဧသ-ဧသော၊ ဤသို့ ပျင်းမုန်း,ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အစစ်အမှန်ပင် ဖြစ်ခဲ့လေတော့သတည်း။

ဤ အနိစ္စလက္ခဏာ ကဲ့သို့ပင်၊ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့ကိုလည်း ဟောကြားတော်မူ၏။ ထိုသို့ ဝိပဿနာလမ်း ဖြောင့်တန်းသွားလျှင်၊ နာမ်, ရုပ်တို့၏ အဖြစ်အပျက်ကို ဉာဏ်၌ ထင်လင်းစွာ သိမြင်လာသဖြင့်၊ သင်္ခါရ နာမ်, ရုပ် တို့၏ ချုပ်ငြိမ်းခြင်းသည်၊ အမှန်ချမ်းသာသော နိဗ္ဗာန်ပင်တည်းဟု သိမြင် လာလေတော့သည်။

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။**

(ပရိနိဗ္ဗာနသုတ်ပါဠိတော်)

သင်္ခါရာ၊ခပ်သိမ်းကုန်သော ရုပ်,နာမ် သင်္ခါရ တရားတို့သည်။ ဝတ-ဧကန္တေန၊ မချွတ်ကေန် အမှန် စင်စစ် အားဖြင့်။ အနိစ္စာ၊ အမြဲမရှိကြလေကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း,ပျက်ခြင်းသဘော ရှိကြလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာကြကုန်ပြီး၍၊ နိရုဇ္ဈန္တိ၊ပျက်စီးချုပ်ပျောက်ကြလေကုန်၏။ တေသံ၊ထိုဖြစ်ပျက်မစဲ မမြဲသောသင်္ခါရ တရားတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သည်။ သုခေါ၊လွန်စွာအေးမြ ချမ်းသာလှသော သုခကြီးဖြစ်ခဲ့ပေသတည်း။

ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာများကိုလည်း၊ အနိစ္စ လက္ခဏာ ကဲ့သို့ပင်လျှင်၊ မြတ်စွာဘုရား ဟောကြားတော် မူသေး၏။ ပါဠိကို အလိုရှိလျှင်၊ အနိစ္စလက္ခဏာ၌ ဆိုခဲ့သောနည်းကို အစဉ်မှီး၍၊အသီးသီး သိရှိကြပါလေ။ ယခု ပြဆိုခဲ့သော အဓိပ္ပါယ် သဘောများကို ထောက်ထားဆင်ခြင်၍၊လက္ခဏာတပါး ဖြစ်ပေါ်ရာတွင် ကြွင်းသော လက္ခဏာ နှစ်ပါးတို့လည်း၊ မကွဲမပြားဘဲ တပြိုင်နက် တချက်တည်း

ပါ၀င်ပြီးစီးနိုင်ကြောင်းကို၊ ကောင်းကောင်းကြီး သဘောကျသင့်လှ ပေတော့သည်။ ။ဤကား လက္ခဏာရေးသုံးရပ်ကို တချက်တည်း ပေါင်းစပ်၍၊သိမှတ်ရန် ပြဆိုလိုက်သော စကားရပ် အပြီးသတ်တည်း။

အကြောင်းအကျိုး ဆက်စပ်ပုံ စသည်ကို ပြဆိုရာ ပဋိစ္စသမုပ္ပါဒကဏ္ဍပြီး၏။

## လုံရှိအောင် စောင့်ရှောက်ခြင်း စသည်ကို ပြဆိုရာ၊

# ၅-ဓာတ္တုယကဏ္ဍ

## ဓာတ်၌ ပါ၀င်သော တရားများကို ပြဆိုခြင်း

ဤ ဝိပဿနာကျမ်းသည်၊ မဟာသတိပဋ္ဌာန် ပါဠိတော်ကို မူလ ထား၍၊ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာတို့ကို အစဉ်အတိုင်း ပြလာသကဲ့သို့၊ဓမ္မာနုပဿနာကို အစဉ်အတိုင်း ပြသင့် သော်လည်း၊သုဒ္ဓဝိပဿနာနည်းလမ်း၌ ကျေးဇူးများသည်ကိုသာ သင့် လျော်ရာ ထုတ်နုတ်၍၊ သတိပဋ္ဌာန်၏ အစီအစဉ်များကို ပြခဲ့ပေသည်။ ယခုအခါ ဝိပဿနာ လုပ်ငန်းအစ၌ ပြဆိုခဲ့သော ဥယျောဇဉ် ဂါထာ အရ၊သတိပဋ္ဌာန်နည်းလမ်းများကို ခွဲခြမ်းဝေဘန်၍ ပြဆိုပြီး၍၊ ဓာတ် ၆-ပါး၌ ရှုမှတ်ရန် နည်းများကိုသာ မှတ်သား နားလည်စေခြင်းငှါ ရှင်းလင်းစွာ ပြဆိုပေအံ့။

ဓမ္မာနုပဿနာအစဉ်၌၊ ဓာတ်ဟူ၍ အသီးအခြား မပါသော်လည်း၊ ထိုဓာတ်ကို ပြဆိုသဖြင့် သံယောဇဉ်, ဗောဇ္ဈင်, အာယတန, ခတ်၊ ၀တ္ထု,ဒွါရ,အာရုံ,ဝိညာဏ်စသော တရားတို့သည်လည်း၊ တပေါင်း တည်း ပါ၀င်ပြီးစီး၍၊ ယောဂီပုဂ္ဂိုလ်တို့ဉာဏ်၌ သိမြင်ထင်ရှားလွယ် သဖြင့် ကျေးဇူးများလှပေ၏။ ထို့ကြောင့် ဓာတ် ၆-ပါးကို ပြဆိုရန် အခွင့်သည်၊ ယခုအခါ လွန်စွာပင် သင့်လျော် လျောက်ပတ် လှပေ သတည်း။

ဓာတ် ၆-ပါးကို ပြဆိုရာ၌၊ သိမှတ်ရန် အချက်များမှာ၊ စက္ခု, သောတ,ဃာန, ဇိဝှါ, ကာယ, မန ဟူ၍ ၆-ပါးမှတ်။ မျက်စိ, နား, နှာခေါင်း,လျှာ,ကိုယ်,စိတ်ဟူ၍ အနက် ၆-ပါးကိုမှတ်။ ၎င်း ၆-ပါး ကို မူလ တည်ထား၍၊ဝတ္ထုသဒ္ဒါနှင့် တွဲစပ်လျှင် စက္ခုဝတ္ထု,သောတ ဝတ္ထု,ဃာနဝတ္ထု,ဇိဝှါဝတ္ထု, ကာယဝတ္ထု,ဟဒယ ဝတ္ထုဟူ၍ ဝတ္ထု ၆-ပါးခေါ်၏။ ဝတ္ထုဟူသည် မှီရာဖြစ်၍၊ မျက်စိ၏ မှီရာ, နား၏ မှီရာ,

နှာခေါင်း၏ မှိရာ, လျှာ၏ မှိရာ, ကိုယ်၏ မှိရာ, စိတ်၏ မှိရာကို ဆိုလိုသည်။ မှိရာကိုပင် တည်ရာဟူ၍လည်း ဆိုရ၏။

တဘန် ဒွါရသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရ,မနောဒွါရဟူ၍ ဒွါရ ၆-ပါးဖြစ်၏။ ဒွါရဟူသည် အပေါက်ဖြစ်၍၊ မျက်စိပေါက်, နားပေါက်, နှာခေါင်း ပေါက်,လျှာပေါက်,ကိုယ်ပေါက်, စိတ်ပေါက်ဟူ၍ အပေါက် ၆-ခု ဆိုပေသည်။

တဘန် ပသာဒ သဒ္ဒါနှင့် တွဲစပ်၍၊ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ,ဇိဝှါပသာဒ,ကာယပသာဒ,မနောပသာဒ ဟူ၍ ပသာဒ ၆-မျိုးဖြစ်၏။ ပသာဒဟူသည် အကြည်ဖြစ်၏။ မျက်စိအကြည်, နား အကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်, စိတ် အကြည်ဟူ၍ အကြည် ၆-မျိုးဖြစ်၏။ ဤနေရာ၌ မနောပသာဒဟူ၍ ကျမ်းဂန်၌ အဆိုမရှိသော်လည်း စိတ်အကြည်ဟု ရှိခြင်း၊ အလုပ်ကိစ္စ၌ သိလွယ်ခြင်း၊ အရေအတွက် လွယ်ကူ စေခြင်းများကြောင့်၊ မနော ပသာဒ–ဟု အဓိပ္ပါယ်ကို ထည့်သွင်းရေတွက်၍ ပြဆိုလိုက်ပေသည်။

တဘန် ဝိညာဏသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ စက္ခုဝိညာဏ်,သောတ ဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနော ဝိညာဏ်ဟူ၍ ဝိညာဏ် ၆-မျိုးဖြစ်၏။ ဝိညာဏ်ဟူသည် သိခြင်းဖြစ်၍၊ မျက်စိအသိ, နားအသိ, နှာခေါင်းအသိ, လျှာအသိ, ကိုယ်အသိ,စိတ် အသိ ဟူ၍ အသိ ၆-မျိုး ဆိုလိုသည်။

တဘန် ဃာန္ဒြေသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ,မနိန္ဒြေဟူ၍ ဣန္ဒြေ ၆-မျိုးဖြစ်၏။ဣန္ဒြေဟူ သည် အစိုးရခြင်းကို ဆိုသဖြင့်၊မျက်စိ အမြင်ဖြင့် အစိုးရခြင်း၊ နား အကြားဖြင့် အစိုးရခြင်း၊ နှာခေါင်းအနံ့ဖြင့် အစိုးရခြင်း၊ လျှာအစား ဖြင့် အစိုးရခြင်း၊ကိုယ်အထိဖြင့် အစိုးရခြင်း၊စိတ်အသိဖြင့် အစိုးရခြင်း ဟူ၍ အစိုးရခြင်း ၆-မျိုးဖြစ်၏။ စောင့်ရှောက်ခြင်း, လုံခြုံခြင်း, ပိတ် ဆို့ခြင်း, တားမြစ်ခြင်း, ကာကွယ်ခြင်း စသော အနက်သဘောမျိုး များလည်း ဖြစ်သင့်လေသည်။

တဘန်သမ္ဖဿသဒ္ဒါနှင့်တွဲစပ်လျှင်၊စက္ခုသမ္ဖဿ,သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူ၍ ဖဿ ၆-ပါးဖြစ်၏။ ဖဿဟူသည် အတွေ့ဖြစ်၍၊ မျက်စိအတွေ့၊ နား

အတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ ဟူ၍ အတွေ့ ၆-မျိုးဆိုလိုသည်။

တဘာန် ဝေဒနာ သဒ္ဒါနှင့် တွဲစပ်လျှင်၊ စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာ ဟူ၍ ဝေဒနာ ၆-ပါး ဖြစ်ပြန်၏။ ဝေဒနာဟူသည် ခံစားခြင်းဖြစ်၍၊ မျက်စိအတွေ့ဖြင့် ခံစားခြင်း၊ နားအတွေ့ဖြင့် ခံစားခြင်း၊ နှာခေါင်း အတွေ့ဖြင့် ခံစားခြင်း၊ လျှာ အတွေ့ဖြင့် ခံစားခြင်း၊ ကိုယ်အတွေ့ဖြင့် ခံစားခြင်း၊ စိတ်အတွေ့ဖြင့် ခံစားခြင်းဟူ၍ ခံစားခြင်း ၆-မျိုး ဆိုလိုသည်။

တဘာန် အာယတနသဒ္ဒါနှင့် တွဲစပ်လျှင်၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနဟူ၍ အာယတန ၆-ပါးဖြစ်၏။ အာယတန ဟူသည် အပေါင်းအစုဖြစ်၍၊ မျက်စိ အပေါင်းအစု, နား အပေါင်းအစု, နှာခေါင်း အပေါင်းအစု, လျှာ အပေါင်းအစု, ကိုယ် အပေါင်းအစု, စိတ် အပေါင်းအစု ဟူ၍ အပေါင်းအစု ၆-မျိုးဆိုလိုသည်။ ၎င်းအာယတန ၆-ပါးသည်၊ ခန္ဓာကိုယ်၏ အတွင်း၌ ဖြစ်၍-အဇ္ဈတ္တိက အာယတနမည်၏။

ထိုမှ တပါး၊ ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ ဟူ၍ ၆-ပါးမှတ်။ အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘောဟူ၍ အနက်၆-ပါးမှတ်။ ၎င်း ၆-ပါးကို မူလတည်ထား၍ အာယတနသဒ္ဒါနှင့်တွဲစပ်လျှင်၊ ရူပါယတန,သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဟူ၍ အာယတန ၆-ပါး ဖြစ်၏။ ပေါင်းစုခြင်း အနက် သဘောမှာ၊ အထက်တွင် ပြခဲ့သော အတိုင်းပင် မှတ်လေ။ ၎င်း အာယတန ၆-ပါးသည်၊ ခန္ဓာကိုယ်၏ အပဖြစ်၍-ဗာဟိရ အာယတန မည်၏။

အထူးမှာ၊ အာယတန သဒ္ဒါသည် အပေါင်းအစုဟု သာမည အနက်ဆိုသော်လည်း၊ အဓိပ္ပါယ် သဘောမှာမူ မတူကြပေ။ ဥပမာ လောက၌၊ လူအများပေါင်းစုသော နေရာကို ဆိပ်ကမ်း ဟူ၍၎င်း၊ ဈေးရုံဟူ၍၎င်း၊ သဘင်ဟူ၍၎င်း ခေါ်ဆိုကြရာ၌၊ လာရောက်သော သူများကို လူအပေါင်း လူအစုဟု ဆို၏။ ဆိပ်ကမ်း၊ ဈေးရုံ၊ သဘင် ခင်းကျင်းသော နေရာများကို၊ စုပေါင်း ဝင်ထွက်ရာဆို၏။

ထိုအတူ အတွင်းအဇ္ဈတ္တိက အာယတန ၆-ပါးသည်၊လူအပေါင်းတို့ စုဆုံရာဖြစ်သော ဆိပ်ကမ်း စသည်များနှင့် တူ၏။ အပ ဗာဟိရ အာယတန ၆-ပါးသည်၊ လူအပေါင်းနှင့်တူ၏။ မျက်စိသည်၊ အဆင်းအမျိုးမျိုးတို့ပေါင်းစုရာ ဆိုလိုသည်။ နား,အသံ,နှာခေါင်း,အနံ့ စသည်တို့၌လည်း၊မျက်စိနှင့် အဆင်းကဲ့သို့ပင် မှတ်ယူပါလေ။

ဤ အာယတနသဒ္ဒါ၌၊ စုပေါင်းခြင်းမှ တပါးသော အနက်များလည်း ရှိသေး၏။ ထင်ရှားသိလွယ်သည်ကိုသာ ပြလိုက်သည်။ ၎င်းအာယတန မျိုးတို့တွင်၊ အဇ္ဈတ္တိက အာယတန ၆-ပါးကို၊ ရွာဆိုးကုန်း မြို့ပျက်နေရာနှင့် တူ၏။ဗာဟိရအာယတန ၆-ပါးကို၊သူခိုး ဒါးပြများနှင့် တူ၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ၎င်းအာယတန နှစ်မျိုးကို ပေါင်း၍၊ အာယတန တဆယ့်နှစ်ပါးဟု ခေါ်ဆို၏။

တဘန် ဗာဟိရ အာယတန ၆-ပါးကို၊ အာရမ္မဏသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ ရူပါရမ္မဏ,သဒ္ဒါရမ္မဏ,ဂန္ဓာရမ္မဏ,ရသာရမ္မဏ,ဖေါဋ္ဌဗ္ဗာရမ္မဏ,ဓမ္မာရမ္မဏ-ဟူ၍ အာရမ္မဏ ၆-ပါးဖြစ်၏။ အာရမ္မဏဟူသည် အာရုံဖြစ်၍၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-ဟူ၍ အာရုံ ၆-ပါး ဆိုလိုသည်။ ၎င်းအာရုံ ၆-ပါးတို့တွင်၊ ဓမ္မာရုံမှတပါး ရူပါရုံစသော အာရုံငါးပါးကို၊ ကာမဂုဏ် တရားဟူ၍ ခေါ်ဆိုလေသည်။

တဘန် သညာသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ,ရသသညာ,ဖေါဋ္ဌဗ္ဗသညာ,ဓမ္မသညာ-ဟူ၍ သညာ ၆-ပါးဖြစ်၏။သညာဟူသည် အမှတ်ကိုဆိုသည်ဖြစ်၍၊အဆင်းဟု မှတ်ခြင်း၊ အသံဟု မှတ်ခြင်း၊အနံ့ဟု မှတ်ခြင်း၊အရသာဟု မှတ်ခြင်း၊အတွေ့ဟု မှတ်ခြင်း၊ သဘောဟု မှတ်ခြင်း-ဟူ၍ အမှတ် ၆-မျိုး ဆိုလိုသည်။

တဘန် တဏှာသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ,ရသတဏှာ,ဖေါဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာ-ဟူ၍ တဏှာ ၆-ပါးဖြစ်၏။ တဏှာဟူသည် တပ်မက်ခြင်းဖြစ်၍၊ အဆင်း၌ တပ်မက်ခြင်း၊အသံ၌ တပ်မက်ခြင်း၊ အနံ့၌ တပ်မက်ခြင်း၊အရသာ၌ တပ်မက်ခြင်း၊ အတွေ့၌ တပ်မက်ခြင်း၊ သဘော၌ တပ်မက်ခြင်း ဟူ၍ တပ်မက်ခြင်း ၆-မျိုး ဆိုလိုသည်။

တဘန် ဝိညာဏ် ၆-ပါးနှင့် အာယတန ၁၂-ပါးကို၊ ဓာတုသဒ္ဒါနှင့် တွဲစပ်ပြန်လျှင်၊စက္ခုဓာတ်,သောတဓာတ်,ဃာနဓာတ်,ဇိဝှါဓာတ်,

ကာယဓာတ်၊ မနောဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်၊ စက္ခု ဝိညာဏဓာတ်၊ သောတ ဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်-ဟူ၍ ဓာတ် ၁၈-ပါး ဖြစ်ပြန်လေသည်။

ဓာတ်ဟူသည် ဆောင်ခြင်းဖြစ်၍၊ မျက်စိဖြင့် ဆောင်ခြင်း၊ နားဖြင့် ဆောင်ခြင်း၊ နှာခေါင်းဖြင့် ဆောင်ခြင်း၊ လျှာဖြင့် ဆောင်ခြင်း၊ ကိုယ်ဖြင့် ဆောင်ခြင်း၊ နှလုံးဖြင့် ဆောင်ခြင်း။ အဆင်းဖြင့် ဆောင်ခြင်း၊ အသံဖြင့် ဆောင်ခြင်း၊ အနံ့ဖြင့် ဆောင်ခြင်း၊ အရသာဖြင့် ဆောင်ခြင်း၊ အတွေ့ဖြင့် ဆောင်ခြင်း၊ သဘောဖြင့် ဆောင်ခြင်း။ မျက်စိဖြင့် မြင်သိ၍ ဆောင်ခြင်း၊ နားဖြင့် ကြားသိ၍ ဆောင်ခြင်း၊ နှာခေါင်းဖြင့် နံသိ၍ ဆောင်ခြင်း၊ လျှာဖြင့် စားသိ၍ ဆောင်ခြင်း၊ ကိုယ်ဖြင့် ထိသိ၍ ဆောင်ခြင်း၊ စိတ်ဖြင့် သိသိ၍ ဆောင်ခြင်း-ဟူ၍၊ ဆောင်ခြင်း ၁၈-ပါး ဆိုလိုသည်။ သုဉ်းခြင်း၊ ဆိတ်ခြင်းဟူ၍လည်း ဆိုရလေ၏။

ဧင်းတရားစုကို အမည်အားဖြင့် ရေတွက်၍၊ ဝဏ္ဏ ၆-ပါး၊ ဒွါရ ၆-ပါး၊ ပသာဒ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဈာန်ဓြေ ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ အာရုံ ၆-ပါး၊ သညာ ၆-ပါး၊ တဏှာ ၆-ပါးဟူ၍ ၆-ပါး ၁၀-လီ၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဧင်းအာယတနနှင့် ဓာတ်ကို ထည့်ပျှင်၊ အမည် ၁၂-ပါး ဖြစ်၏။ ဤတရားအပေါင်းသည်၊ ဈာန်ဓြေ ၆-ပါး၌ ပါဝင်ကြ၏။ ဧင်းပြင် အခြားသော တရားတို့လည်း ပါဝင် ကုန်သေး၏။ လွယ်ကူ ထင်ရှား ရာကိုသာ အကျဉ်းထုတ်၍ ပြဆိုလိုက်ပေသည်။

ဤကား ဈာန်ဓြေကို ပြဆိုရာ၌ ပါဝင်သော အချက်စုတို့တွင်၊ ဗဟုသုတ ပွားများကြစေရန် ရည်သန်သဖြင့်၊ အာယတန၊ ဓာတ် စသော ထင်ရှားရာ တရားများကို အမည်ပါ ဘော်ထုတ်၍၊ အကျဉ်းချုပ် ပြဆိုလိုက်သော ခေါင်းစဉ်မာတိကာ စကားများပေတည်း။

ဈာန်ဓြေ၌ပါဝင်သော တရားကို ပြဆိုခြင်းပြီး၏။

## ဈာန္တွေလုံးဖြုံးအောင် သတိဖြင့် ဝိတ်ဆို့ရပုံကို ပြဆိုခြင်း။
## ထေ တုမှေ ဘိက္ခဝေ ဈာန္တိယေသု ဂုတ္တဒွါရာ ဝိဟရထ။
(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ ထေ၊ လာကြကုန်လော။ တုမှေ၊ သင်တို့သည်။ ဈာန္တိယေသု၊ စက္ခုစသော ဈာန္တွေ ၆-ပါးတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံသော တံခါးရှိကြလေအောင်။ ဝိဟရထ၊ ပိတ်ဆို့၍ နေကြကုန်လော။

**အဓိပ္ပါယ်ကား။** ။မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဤ ၆-ပါးတို့ကို လုံခြုံအောင်ပိတ်ဆို့၍ နေကြကုန်ဟု ဆို၏။ ဤ ၆-ပါးတို့၌ လုံခြုံအောင်ပိတ်ဆို့ခြင်းကို ဈာန္တွေခေါ်သည်။ ။လောက၌ တံခါးမှူး, တံခါးစောင့်တို့သည်၊ မိမိတို့ဆိုင်ရာ တံခါးများကို အလိုရှိတိုင်း နိုင်နင်းစွာ ပိတ်ဆို့ခွင့်ရ၏။ ရန်သူတို့ မဝင် မထွက် မဖျက် မဆီးနိုင်ပေ။ ထိုတံခါးမှူး, တံခါးစောင့်တို့ကို၊ တံခါးပိုင်သောသူ, တံခါး အစိုးရသောသူ-ဟူ၍ ခေါ်ဆိုကြရလေ၏။

ထို့အတူ၊စက္ခုန္ဒြေရခေါ်သော မျက်စိပေါက်ကို လုံခြုံအောင် ပိတ်ဆို့ရာ၏။ မျက်စိပေါက်၌ အကုသိုလ်တရားတို့ မဝင်စေနှင့် ဆိုလို၏၊ ဤသို့ မျက်စိပေါက်၌ အကုသိုလ်တို့ မဝင်မရောက်နိုင်စေရန်၊ လုံခြုံအောင် ပိတ်ဆို့ခြင်း အမှုကို၊ မျက်စိပေါက်၌ အစိုးရသောကြောင့်၊ စက္ခုန္ဒြေဟု ဆို၏။ ကြွင်းသော ဈာန္တွေငါးပါးတို့၌လည်း၊ စက္ခုန္ဒြေ ကဲ့သို့ပင် မှတ်ယူအပ်ပေသည်။

ဈာန္တွေ-ဟူသောစကားအရ၊မျက်စိ စသည်တို့ကို လုံခြုံအောင် ပိတ်ဆို့ခြင်းတို့၌၊ မျက်စိကို မှိတ်ထားခြင်း၊ အဝတ်စသည်တို့ဖြင့် ဖွဲ့စည်း ချည်နှောင်ထားခြင်းများကြောင့်၊ အဆင်းအမျိုးမျိုးတို့၌ မမြင်ရခြင်း မျိုးကို၊ မျက်စိ လုံခြုံသည်, အစိုးရသည်ဟု ထင်မှတ်၍၊ စက္ခုန္ဒြေ ဆိုရသည် မဟုတ်ပေ။

ဤကဲ့သို့ လောက၌ တံခါးပေါက်များကို လုံခြုံအောင် ပိတ်ဆို့ သကဲ့သို့၊မျက်စိပေါက်စသည်ကို ပိတ်ဆို့ရသည်ဟု မှတ်ထင်ပါလျှင်၊ နား, နှာခေါင်းများမှာ မျက်စိကဲ့သို့ ပိတ်ဆို့၍ ရနိုင်ရန်၊ အတန်ငယ် ရှိသည်ဟု ထင်ခဲ့သော် ဟုတ်စေတော့။ လျှာကို ပိတ်လျှင်၊ပါးစပ်ကို အပ်နှင့် ချုပ်ရပေလိမ့်မည်။ ဤကဲ့သို့ ချုပ်ထားပါမူ၊ ထမင်းအသက် ၇-ရက်သိုသဖြင့်၊ ၈-ရက်,၉-ရက်ကြာလျှင် အမှန်ပင်သေရာ၏။

တရားအားထုတ်ရာ၌ အချို့မှာ၊ နှစ်ပေါင်း ၃၀-ကျော်ကာလ ကြာကြာကုန်၏၊ ယခုလိုဖြစ်ခဲ့သော်၊ ဇာန္ဒေကို ဟောတော်မူခြင်းသည်၊ တရားအားထုတ်သူတို့ကို သေအောင် ပြုလုပ်သည်နှင့် တူပေရာ၏။ ၇-ရက်မကြာမီ ပါးစပ်ကိုဖြေ၍ ရံခါရံခါ ချုပ်မည်ဟု ဆိုခဲ့ပြန်လျှင်လည်း၊ မျက်စိ,နား,နှာခေါင်း,လျှာတို့မှာ၊ အပေါက်ကဲ့သို့ သဏ္ဌာန်ရှိသဖြင့် ဟုတ်စေဦးတော့။ ကိုယ်နှင့်စိတ်မှာမူ၊ အပေါက်သဏ္ဌာန်မျှ မရှိပေ၍၊ပိတ်ဆို့နိုင်ရန် အကြောင်းမရှိပေ၊ မြတ်စွာဘုရားသခင်သည်၊ ကာယဒွါရ,မနောဒွါရဟု ဟောတော်မူ၍၊ ထိုကာယဒွါရ,မနောဒွါရတို့ကိုလည်း၊ လုံခြုံအောင် ပိတ်ဆို့ရမည်ဟု ဟောတော် မူခဲ့သည်ကား၊ အလွန်ပင် ထင်ရှားလှပေသည်။

ဆိုအပ်ခဲ့ပြီးသော ဒွါရ ၆-ပါးကို လုံခြုံအောင် ပိတ်ဆို့ရန်၊ ဇာန္ဒေ ၆-ပါးကို၊မြတ်စွာဘုရားဟောတော်မူသောဒေသနာ၌၊အလိုတော်ကျဖြစ်သော အဓိပ္ပါယ်မှာ၊ သတိပဋ္ဌာန်ရှုမှတ်နည်းတွင် ဝိဇ္ဇာနုပဿနာ၌ ပြဆိုခဲ့သောအတိုင်း၊ မြင်လျှင် မြင်တယ်ဟု မှတ်ခြင်းသည်၊ စက္ခုဒွါရကို လုံခြုံအောင် ပိတ်ဆို့သော စက္ခုဇာန္ဒေမည်၏။ ထို့အတူ ကြားလျှင် ကြားတယ်၊ နံလျှင် နံတယ်၊ စားလျှင် စားတယ်၊ ထိလျှင် ထိတယ်၊ သိလျှင် သိတယ်ဟု မှတ်ခြင်းများသည်၊ သောတဒွါရ, ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရ,မနောဒွါရ-ဟူသော၊ နား,နှာခေါင်း,လျှာ, ကိုယ်,စိတ်တို့ကို လုံခြုံအောင် ပိတ်ဆို့သော၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ,ကာယိန္ဒြေ,မနိန္ဒြေတို့ မည်ကုန်၏ဟု မှတ်ယူအပ်ပေသည်။

ထို့ကြောင့်၊ မြင်,မြင်တယ်၊ ကြား,ကြားတယ်၊ နံ,နံတယ်၊ စား, စားတယ်၊ ထိ,ထိတယ်၊ သိ,သိတယ်ဟု အမြင်နှင့်အမှတ်ကို အခိုက်အတန့်,အခိုက်အတန့်၌၊ စပ်မိအောင် မလစ်မလပ်စေဘဲ မြဲမြဲစွဲစွဲ မှတ်ရလေသည်။ဤသို့ မှတ်၍သိသည်ကို ဇာန္ဒေလုံခြုံသည်ဟု ဆိုလေသည်။ လိုရင်းမှာ သတိတခုကို မြဲမြဲစေမှုပင်တည်း။

ဤနေရာ၌၊ ဝိဇ္ဇာဂုဏ္ဍမထေရ်ကြီးသည်၊ ကုရဏ္ဍက လိုဏ်ဂူကြီး၌ အနှစ် ၆၀-ကျော် သီတင်းသုံး နေထိုင်တော် မူသော်လည်း၊ ဂူကြီး၏ အထက်အမိုးကို တခါမျှမကြည့်ဘူးပေ။ အာဂန္တုရဟန်းများ ရောက်လာသောအခါ၊ ဤလိုဏ်ဂူကြီး၏အမိုး၌ ၇-ဆူကုန်သော ဘုရားရှင်တို့၏ တောထွက်ခဏ်းများကို ရေးသား ချယ်လယ်ထားရာ၊ လွန်မင်းစွာ ရှုချင်စဖွယ် ဆန်းကြယ်လှပါကုန်သည်ဟု လျှောက်ထားကြလေ၏။

ထိုအခါ မိတ္တဂုတ္တမထေရ်ကြီးက၊ ဤလိုဏ်ဂူ၌ သီတင်းသုံး နေထိုင်ခဲ့သည်မှာ၊ အနှစ်ခြောက်ဆယ်ကျော် ကြာမြင့်လေပြီ၊ ယခုကဲ့သို့ ဆန်းကြယ်စွာ ချယ်လယ်ထားသော တောထွက်ခဏ်းများ ရှိ၏ ဟူ၍ငင်း, မရှိဟူ၍ငင်း၊ မသိဘူးပေဟု မိန့်တော်မူဘူးလေ၏။

ဝင်းပြင်၊ စောရက ကျောင်းကြီး၌သီတင်းသုံးတော်မူသော၊ မဟာမိတ္တ မထေရ်ကြီး သည်လည်း၊ မယ်တော် တကာမကြီး၌ ရောဂါစွဲကပ်နေသဖြင့်၊ ဆေးများကိုယူဆောင်၍ သားရဟန်း ကြွလာပါစေဟု သွီးဘိက္ခုနီမကို မှာကြားလိုက်ရာ၊ ဘိက္ခုနီမသည် မောင်တော်မဟာမိတ္တ မထေရ်အား လျှောက်ထားလေ၏။ ရောဂါ ပျောက်ရန်ဆေးမြစ်စသည်တို့ကို ကျိုချက်ရန် ငါမသိပေ။ သို့သော် ရဟန်း ဖြစ်သည်မှစ၍ယခုနေ့ရက်သို့တိုင်အောင်၊မာတုဂါမတို့၌ လောဘစိတ်ဖြင့် တခါဘူးမှ မကြည့်ရှုမိပေ။ ဤသစ္စာစကားဖြင့် မယ်တော်၏ ရောဂါများ ပျောက်ကင်းပါစေဟု ဆို၍၊ ယခုအတိုင်းပြောပြီး မယ်တော်အား ဆုတ်နယ်လေဟု၊ နှစ်မ ဘိက္ခုနီမကို မှာကြားစေလွှတ်လိုက်၏။ ထိုအခါ ဘိက္ခုနီမသွား၍ မောင်တော် မှာကြားလိုက်သောစကားကို မယ်တော်အား ပြောကြား၍ ဆုတ်နယ်လေလျှင်၊ရောဂါများကင်းစင်လျက် ကြည်လင်ချမ်းသာကြောင်းများကို ဝိသုဒ္ဓိမဂ်၌ အဆိုရှိလေ၏။

ဤမထေရ်မြတ်နှစ်ပါးတို့၊ စက္ခုန္ဒြေကို စောင့်ရှောက်ခြင်း များသည်၊ ဣန္ဒြိယသံဝရသီလဖြစ်၏။ ဝိပဿနာအရာမျိုး မဟုတ်ပေ။ ထိုကြောင့် ဝိပဿနာအရာ၌ ဣန္ဒြေများကို လုံခြုံအောင်၊ အစိုးရအောင် ပိတ်ဆို့မှု စောင့်ရှောက်မှုများမှာ၊ ဒွါရ ၆ ပါး၌ ထိခိုက်လာသော အာရုံ ၆-ပါးကို၊မြင်တယ်,ကြားတယ်,နံတယ်,စားတယ်,ထိတယ်,သိတယ်ဟု သတိဖြင့် မှတ်ခြင်းအမှုကို ယူရမည် ဟူ၍၊ အဋ္ဌကထာတို့၌ မိန့်တော်မူကြကုန်၏။

**စက္ခုန္ဒြိယ သံဝရသံဝုတော ဝိဟရတိတိဣေ၊ စက္ခု မေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ၊သံဝရဏတော သံဝရော ပိဒဟန တော ထကနတောတိ ဝုတ္တံ၊ သတိယာ တံ အဓိဝစနံ။**

(မူလပဏ္ဏာသ အင်္ဂုတ္တိုရ် အဋ္ဌကထာ)

စက္ခုန္ဒြိယ သံဝရသံဝုတော ဝိဟရတိတိဣဒ္ဓ၊မျက်စိကို လုံခြုံအောင် စောင့်ရှောက်၍နေ၏ ဟူသော ဤစကားရပ်၌၊ စက္ခုမေဝ၊ မျက်စိဖြင့်သာလျှင်။ဣန္ဒြိယံ၊ အဆင်းအမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသည်တည်း၊

စက္ခုဝိညာဉ်၊ အဆင်း အမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသော မျက်စိ။ သံဝရဏတော သံဝရော၊ စောင့်ရှောက်ခြင်း။ ပိဒဟနတော ထကန တော၊ ပိတ်ဆို့ခြင်း။ ဇူတိ၊ ဤသို့ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ် ၏။ တော်၊ စက္ခုန္ဒြေကို စောင့်ရှောက်ခြင်း, ပိတ်ဆို့ခြင်း ဟူသော ဤ အဓိပ္ပါယ်သည်။ သတိယာ၊ မမေ့မလျော့အပ်သော သတိ၏၊ ဝါ၊ မြင်သည် ကိုသာလျှင် မြင်တယ်ဟု မှတ်ခြင်း၏၊ အဓိဝစနံ၊ အမည်ပေတည်း။

ဤ အဋ္ဌကထာများ၏ စကားအရဖြင့်၊ အထက်၌ ဘော်ပြခဲ့သော အဓိပ္ပါယ်များကို ယုံကြည်ရန် သင့်လှပေသည်။ နောက်၌ ဘော်ပြခဲ့ သော ပေါဋ္ဌိလမထေရ်ကြီးအား၊ တောင်ပို့၌ ဖွတ်ကိုဘမ်းပုံ- ဥပမာ ထား၍၊ သာမဏေ ငယ်ကလေးက နည်းပေး ဟောကြားသော ကမ္မဋ္ဌာန်းတရား၌ အားထုတ်ရန်များသည်သည်း၊ သချပြခဲ့သော ဣန္ဒြေ ၆-ပါး၌၊ လုံခြုံအောင် ပိတ်ဆို့သော ဝိပဿနာ လုပ်နည်းချားပင်ဖြစ် လေသည်။ မယုံကြည်ရှိနေလျှင် စမ်းသပ် အားထုတ်ကြည့်က၊ ဒိဋ္ဌ ကိုယ်တွေ့ပင် သိမြင်ရပေလိမ့်မည်။

သဘောမှာ၊ မြင်သောအခိုက်၌ မြင်တယ်ဟု မှတ်လျှင်၊ မြင်ခြင်းမှု ကိုသာ သိ၏။ ဤမြင်ခြင်းမှုဖြစ်သော သဘောသည် ပရမတ်ဖြစ်၍၊ ပရ မတ်ကို မိမှ,ထိခိုက်မှ ရုပ်နာမ်ကိုအမှန်သိသော ဝိပဿနာ ဖြစ်နိုင်ပေ သည်။ ဤသို့ဝိပဿနာ ဖြစ်သည်ကို၊ စက္ခုန္ဒြေ စောင့်ရှောက်သည်၊ လုံခြုံအောင် ပိတ်ဆို့သည်၊ မျက်စိကို အစိုးသည်ဟုဆို၏။ မြင်တယ် မှတ်၍ မြင်ခြင်းမှုကို သိလျှင်၊ နောက်က သချပ်ထုတ်ပြခဲ့သော ဝဇ္ဇု, ဒွါရ,ဝိညာဏ် စသည်တို့ကိုလည်း သိမြင်ပြီး ဖြစ်လေတော့သည်။ ဤသို့ သိမြင်သည်ဆိုရာ၌၊ တချိ တချိ အကုန်အစဉ်ဉာဏ်၌ မထင်သော် လည်း၊ သဘာဝဓမ္မတို့ ပေါင်းစည်း ပါဝင်သွားသည်ကို ယူရ၏။

ဥပမာ၊ ဟင်းအိုးတချ၌ ဟင်းနှင့် စပ်ဆိုင်ရာ အမျိုးမျိုး သော အဆောက်အဦတို့ကို ရောနှောချက်ပြုတ်၍၊ လျှာနှင့်တွေ့ထိသောအခါ ၌ အရသာများကို အမည်ဖြင့်ခွဲခြား၍ မသိနိုင်သော်လည်း၊ အရသာ သဘောအမျိုးမျိုးတို့သည်၊ လျှာ၌ တပေါင်းတည်းပါဝင်၍ သွားကြ လေကုန်၏။ ထိုအတူပင်လျှင်၊ ပရမတ္ထတရားတို့၏ သဘောသွား ဖြစ် နိုင်ရန် အလားများကို သေချာစွာ မှတ်သားကြပါလေ။

မြင်သောအခါ မြင်တယ်ဟု မမှတ်လျှင်၊ မြင်ခါမှုဖြစ်သော ပရ မတ်ကိုလွန်၍၊ အမည်သင်္ကေတ,ပုံပန်းသဏ္ဍာန်, ဖြိုပ်ဖြစ်သော ပညတ်

တွေကိုမြင်၏။ ထိုအခါ ဣဋ္ဌာရုံကိုမြင်လျှင်၊ သဘောကျ နှစ်သက်သာယာသော - လောဘဖြစ်လာ၏။ အနိဋ္ဌာရုံကိုမြင်လျှင်၊ သဘောမကျ မနှစ်သက် မသာယာသော-ဒေါသဖြစ်လာ၏။ ပညတ်မှုကိုသာ သိ၍နေလျှင်၊ ပရမတ်ရုပ်နာမ်ကို အမှန်မသိသော-မောဟဖြစ်လာ၏။ ၎င်းသုံး ပါးတို့တွင်၊ လောဘကို-သုခဝေဒနာ၊ ဒေါသကို-ဒုက္ခဝေဒနာ၊ မောဟကို-ဥပေက္ခာဝေဒနာဆိုသည်။

တရားကို အားထုတ်သော အလုပ်မည်သည်၊ လောဘ, ဒေါသ, မောဟတို့ မဖြစ်စေရဘဲ၊ သိခြင်းဟူသော ဉာဏ်ပညာ ပေါ်ပေါက်လာအောင် ပြုလုပ်ခြင်းပေတည်း။ ထို့ကြောင့်၊ မြင်လျှင်,မြင်တယ်ဟု မှတ်ခြင်းသည်၊ မြင်ကာမျှဖြစ်သော ပရမတ် ရုပ်နာမ်ကိုသာ အမှန်သိသည်ဖြစ်၍၊ ဝိပဿနာ တရားမည်၏ဟု ဆိုခဲ့ပေသည်။ စက္ခုဒွါရ တခု၌ ဘော်ပြသော အနက်သဘောသွားကဲ့သို့၊ ကြွင်းသော ဒွါရ ၅-ပါးတို့၏ အနက်သဘောများကိုလည်း၊ ဤအတိုင်း ပိုင်းခြား၍သိမှတ်ကြပါလေ။

**အထူးမှာ**၊ ပေါဋ္ဌိလမထေရ်ကြီးအား သာမဏေငယ် ကလေးကပေးသော ကမ္မဋ္ဌာန်းနည်းမှာ၊ တောင်ပို့၌ ဖွတ်ဝင်သော အပေါက်တခု၊ ဂယ်ပေါက်ခေါ်သော နံဘေးအထက်များ၌ အပေါက်ငါးခုရှိရာ၊ ၎င်းငါးပေါက်ကိုပိတ်ဆို့၍ ဝင်သွားသော အပေါက်တခုကဖွတ်ကို ဘမ်းသကဲ့သို့။ စက္ခုဒွါရ,သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ, ကာယဒွါရ-ဟူသော အပေါက်ငါးခုကိုပိတ်၍၊ မနောဒွါရခေါ်သော အပေါက်က စောင့်၍ဘမ်းလေ ဟု၊ ဥပမာစကားဖြင့် ဟောကြားနည်းပေးလေ၏။

မြတ်စွာဘုရားသည်၊ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ-ဆိုသဖြင့်၊ ဒွါရ ခြောက်ပါးလုံး ပိတ်ဆို့ရမည်ဟု ဟောတော်မူ၏။ ဤသို့ ဟောတော်မူသော ဒေသနာတော်ကို တိုက်ရိုက် မရချမယူမူ၍၊ သွယ်ဝိုက်သော ဥပစာနည်းဟူ၍ မှတ်ယူအပ်ပေသည်။ ဤနည်းနှစ်မျိုးသည်၊ ပညတ်ခေါ်ဝေါ်သောစကားတို့ ကွဲပြားသကဲ့သို့ ရှိသော်လည်း၊ တရားအားထုတ်ရပုံ ပရမတ်အဓိပ္ပါယ် သဘောသွားမှာ၊ အထက်က ပြခဲ့သော သတိပဋ္ဌာန်ရှုမှတ်နည်းများ ကို သဘောထားမိပါလျှင်၊ တသားတည်းပင်ဖြစ်ကြောင်းကို ကောင်းမွန်စွာ သိလာပေလိမ့်မည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဇလန္ဓိယဂုတ္တ-ဒေသနာ တရားကို ဥပစာနည်းဟု ဆိုခဲ့ရာ **သတိယာ တော် အမိဝစနံ**-ဟု အဋ္ဌကထာ၌ ဘွင့်ပြသဖြင့် လွန်စွာ ထင်ရှားလှပေ၏။ ရှေး ဆရာတော် ဘုရားကြီးတို့သည်လည်း **"အမိဝစနံ-နာမံရှိရာ-ဥပစာ"** ဟု မိန့် ဆိုတော်မူကြကုန်၏။

ဥပမာအားဖြင့် လောက၌ တောင်ဘက်အိမ်သည် လွန်စွာဆူညံ သည်ဟူ၍ရင်း၊ တောင်ဘက်ကျောင်းသည် လွန်စွာစာအံသည် ဟူ၍ ရင်း၊ ဤကဲ့သို့စသည်ဖြင့် ပြောဆိုကြကုန်၏။ ထိုသို့ပြောဆိုကြသော စကားအတိုင်းမဟုတ်၊ စင်စစ်မှာ၊ အိမ်ကဆူညံခြင်း, ကျောင်းက စာအံခြင်းများ မပြုတတ်ပေ။ အိမ်၌ရှိသော လူများကသာ ဆူညံ၏။ ကျောင်း၌ရှိသော ရဟန်းသာမဏေများကသာ စာအံကြလေသည်။ ထို့အတူ သတိသမ္ဗောဇ္ဈင်ဖြင့် ပိတ်ဆို့ရမည်ကို၊ စက္ခုစသော ဒွါရများကို ပိတ်ဆို့၍ နေကြဟု ဥပစာနည်းအားဖြင့်သာ၊ မြတ်စွာဘုရား ဟော ကြားတော်မူသည်ဟု မှတ်ယူ အားထုတ်မှ၊ **"သတိယာ တော် အမိ ဝစနံ"** ဟူသော အဋ္ဌကထာနှင့်မကွဲပြားဘဲ၊ ပရမတ်သဘောတရား၌ တသားတည်းညီမျှသော အဓိပ္ပါယ်များကို မများမယွင်း ဖြောင့်စင်း မှန်ကန်စွာ ရရှိနိုင်ပေလိမ့်မည်။

သတိဖြင့်ပိတ်ဆို့ရပုံကို ပြဆိုခြင်းပြီး၏။

## စောင့်ရှောက်ရန် ဟောကြားသည်ကို ထင်ရှားစွာပြဆိုခြင်း

ယခုပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်ရှုမှတ်ပုံနည်းအရ၊ မြင်သည်ကို မြင်တယ်ဟု မှတ်သဖြင့်၊ စက္ခုန္ဒြေလုံခြုံခြင်း၊ မြင်သည်ကို မြင်တယ်ဟု မမှတ်သဖြင့်၊ စက္ခုန္ဒြေမလုံခြုံခြင်းများကို မြတ်စွာဘုရား ဟောကြား တော်မူ၏။

**စက္ခုနာ ရူပံ ဒိသွာ မာ နိမိတ္တဂ္ဂါဟီနော အဟုဝတ္ထ မာ အနုဗျဉ္ဇနဂ္ဂါဟိနော။ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံ ဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ။ တဿ သံဝရာယ ပဋိပဇ္ဇထ ရက္ခထ စက္ခုန္ဒြိယံ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇထ။** ။သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တဂ္ဂါဟီနော၊ ယောကျ်ားဟူသော အမှတ်, မိန်းမဟူသော အမှတ်ကို ယူလေ့ရှိကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေကုန်လင့်။ အနုဗျဉ္ဇနဂ္ဂါဟီနော၊ လက်,ခြေ,အင်္ဂါ၊မျက်နှာ,မျက်ခုံး၊မျက်လုံး,ရင်,ဝမ်း၊နှုတ်ခမ်း,သွား,မေး-စသော ကိုယ်အင်္ဂါအစိပ်၊ နိမိတ်အာရုံကို အမှတ်ယူလေ့ရှိကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေကုန်လင့်။ ယတွာဓိကရဏံ၊ အကြင် စက္ခုန္ဒြေကို မပိတ်မဆို့ခြင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဧနံ ဘိက္ခုံ၊ ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊လောဘ,ဒေါသဟု ဆိုအပ်ကုန်သော။ပါပကာ၊ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်တစိုက်လိုက်၍ နှိပ်စက်ကြလေကုန်၏။ တဿ၊ ထိုလောဘ, ဒေါသတို့ နှိပ်စက်ခြင်း၏ အကြောင်းဖြစ်သော စက္ခုန္ဒြေကို။ သံဝရာယ၊ စောင့်ရှောက်ခြင်းငှါ။ ပဋိပဇ္ဇထ၊ မြင်သည်ကို မြင်တယ်ဟု မှတ်ကြကုန်လော။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခထ၊ လုံခြုံအောင် ပိတ်ဆို့ကြကုန်လော။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇထ၊ ရောက်ကြကုန်လော။

ဤဒေသနာတော်မြွက်အရ၊ မြင်သည် အခိုက်၌ မြင်တယ်ဟု မှတ်၊ မြင်တယ်ဟု မှတ်လျှင် မြင်ခါမျှဖြစ်သော ပရမတ်ကိုသာ သိ၏ဟု ဆိုလိုသည်။ အဘယ့်ကြောင့် ဆိုသော်၊ မြင်သည်အခိုက်၌ မြင်တယ်ဟု မမှတ်လျှင်၊ မြင်ခါမျှဖြစ်သော ပရမတ်ကိုလွန်၍ ယောကျ်ား,မိန်းမဟူသော ပညတ်၊ လက်,ခြေဟူသော ပညတ်၊မျက်လုံး,မျက်ခုံးဟူသော ပညတ်၊ နှုတ်ခမ်း,သွား,မေးဟူသော ပညတ်၊ ဤသို့ စသော ပညတ်တွေကိုသာ မှတ်၍၊ ပညတ်တွေကိုသာ သိလေ၏။ ပညတ်ကို သိလျှင်၊ ကောင်းသော ဣဋ္ဌာရုံ၌ သာယာခြင်း လောဘဖြစ်၏။ မကောင်းသော အနိဋ္ဌာရုံ၌ မသာယာခြင်း ဒေါသဖြစ်၏။အပေါင်း အသင်း ဖြစ်သော အကုသိုလ် တရားတို့သည်လည်း ပါဝင်ကုန်၏၊ ထိုတရားတို့သည်၊ အပါယ်လေးပါးသို့ ပစ်ချလေ၏။သံသရာ၌ အမြဲလိုက်၍နှိပ်စက်ကုန်၏။ ထို့ကြောင့် လောဘ,ဒေါသတို့ မဝင်နိုင်စေရန်၊ မျက်စိကို လုံခြုံအောင် ပိတ်ဆို့ကြဟု ဟောတော်မူ၏။

မျက်စိဖြင့် အဆင်းကို မြင်လျှင်၊ယောကျ်ား,မိန်းမဟူ၍ အပေါင်းဖြစ်သော ခန္ဓာကိုယ်ကို မမှတ်မယူကြနှင့်၊ လက်,ခြေ,နား,နှာခေါင်း, စသော ကိုယ်အင်္ဂါ အစိပ်များကို မမှတ်ယူကြနှင့်ဟု၊ ဟောတော်မူသော ဒေသနာကို သဘောကျပါလျှင်၊ အဆင်းကိုမမြင်အောင် မျက်စိကို ပိတ်ခြင်း၊ အသံကို မကြားအောင် နားကို ပိတ်ဆို့ခြင်း စသည်များသည် ဝိပဿနာမဟုတ်။မြင်လျှင် မြင်တယ်ဟု မှတ်ခြင်းသည်သာ ဝိပဿနာဖြစ်သည်ဟု၊ပြဆိုခဲ့သော အဓိပ္ပါယ်သဘော ရှုမှတ်ပုံ နည်းများကို၊ဖြောင့်စင်း ဟုတ်မှန်ကြောင်း ကောင်းစွာသိရှိ၍ လာကြ ပေလိမ့်မည်။

**စက္ခုံ ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တမ္ပိ အာဒိတ္တံ။** ။ သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိသည်။ ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်။ မောဟဂ္ဂိနာ၊ မောဟမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်၍နေ၏။ ရူပါ၊ အဆင်းတို့သည်။ ရာဂဂ္ဂိနာ၊ ဖြင့်။ ဒေါသဂ္ဂိနာ၊ ဖြင့်။ မောဟဂ္ဂိနာ၊ ဖြင့်။ အာဒိတ္တာ၊ တောက်လောင်၍ နေကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ရာဂဂ္ဂိနာ၊ ဖြင့်။ ဒေါသဂ္ဂိနာ၊ ဖြင့်။ မောဟဂ္ဂိနာ၊ ဖြင့်။ အာဒိတ္တံ၊ တောက်လောင်၍ နေ၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းသည်။ ရာဂဂ္ဂိနာ၊ဖြင့်။ဒေါသဂ္ဂိနာ၊ဖြင့်။မောဟဂ္ဂိနာ၊ဖြင့်။ အာဒိတ္တော၊ တောက်လောင်၍နေ၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့်၊ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲ,ချမ်းသာသည်လည်း မဟုတ်သော။ ယမ္ပိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထို ခံစားခြင်းသည်လည်း။ ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်။ မောဟဂ္ဂိနာ၊ မောဟမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်၍ နေ၏။

ဤ အာဒိတ္တ ဒေသနာတော်မြတ်၌ မျက်စိစသည်ကို၊ ရာဂမီး,ဒေါသမီး,မောဟမီးဖြင့် တောက်လောင်သည်ဟု ဟောတော်မူရာ၊ ဋီကာ,

အခုရံ့,ဝိညာဏ်,ဖဿ,ဝေဒနာများလည်း ပါဝင်ကြလေ၏။ သုခံဝါ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော ဟု အနက်ပေးသော၊ သုခဝေဒနာ, ဒုက္ခဝေဒနာ ဟူသည်၊ အလွန် သဘောကျ ထင်ရှားသော၊ ဝိတ်-ချမ်းသာမျိုးကိုသာ သုခဝေဒနာ၊ ထိခိုက်နာကျင်၍ အလွန် ဆင်းရဲမျိုးကိုသာ၊ ဒုက္ခဝေဒနာဟု မမှတ်နှင့်။ သဘောကျသော အမူအရာသဘော, သဘောမကျသော အမူအရာ သဘောမျိုးကိုပင်၊ သုခဝေဒနာ,ဒုက္ခဝေဒနာဟု သေချာမြဲမြံစွာ မှတ်သားကြပါလေ။

ယခု ဟောတော်မူသော ဒေသနာ၏ အဓိပ္ပါယ်အရ၊ မျက်စိသည် ၌ ရာဂမီး မလောင်အောင်၊ နှစ်သက်ခြင်း သဘော, မနှစ်သက်ခြင်း သဘောများ မဖြစ်စေအောင် ပြုလုပ်ရန်မှာ၊ မြင်တယ်ဟု မှတ်ခြင်းပင် တည်း။ အဘယ့်ကြောင့်ဆိုသော်၊ မျက်စိနှင့် အဆင်းသည် အမြဲပင် တွေ့ဆုံ၍ နေကြ၏။တွေ့ဆုံလျှင် ဣဋ္ဌာရုံ,အနိဋ္ဌာရုံ တခုခုဖြစ်၏။ဣဋ္ဌာရုံ ဖြစ်လျှင် သဘောကျ နှစ်သက်သော အမူအရာ သဘော ပေါ်လာ သဖြင့်၊ လောဘဖြစ်၍ ရာဂမီးလောင်၏။ အနိဋ္ဌာရုံဖြစ်လျှင် သဘော မကျ မနှစ်သက်သော အမူအရာသဘော ပေါ်လာသဖြင့်၊စိတ်၌ မချမ်း သာ၍ ဒေါသမီး လောင်၏။ ပရမတ်သဘောကို အမှန်မသိ သဖြင့်၊ မောဟမီးလောင်၏။ အမှန်ကို မသိလျှင် ဝေဒနာ ၃-ပါးဖြစ်၍၊ မီးသုံး ပါးလောင်သည် မည်၏။ ထို့ကြောင့် အမှန်သိအောင်၊ မြင်လျှင် မြင် တယ်ဟု မှတ်ရလေသည်။

**စက္ခုံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။** ။သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။စက္ခုံ၊မျက်စိသည်။ န တုမှာကံ၊သင်ချစ်သား သားတို့ ဥစ္စာမဟုတ်။တံ၊ထိုသင်ချစ်သားတို့ ဥစ္စာမဟုတ်သော မျက်စိ ကို။ပဇဟထ၊ပယ်စွန့်ကြကုန်လော။တံ၊ထိုသင်ချစ်သားတို့ ဥစ္စာမဟုတ် သော မျက်စိကို။ ပဟီနံ၊ပယ်စွန့်လိုက်သည်ရှိသော်။ ဝေါ၊သင်ချစ်သား တို့အား။ ဟိတာယ၊ အစီးအပွားများခြင်းငှါ။ သုခါယ၊ ကိုယ်,စိတ် နှစ်ဖြာ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ဖြစ်ရပေလတ့်။

ဤ ဒေသနာတော်အရ၊ မျက်စိကို ပယ်စွန့်ကြ။ မျက်စိကို ပယ်စွန့် လျှင် ချမ်းသာခလိမ့်မည်ဟု ဟောတော်မူသဖြင့်၊ မျက်စိကို စွန့်လျှင်

ဆင်းရဲ ဒုက္ခ ရောက်လိမ့်မည် ဟူသော အဓိပ္ပါယ်လည်း ပြီးစီး၏။ မျက်စိကို စွန့်ရမည် ဆိုရာ၌၊ မျက်စိကို ထိုးဖေါက် ကော်ထုတ်၍ ပယ်စွန့် ရမည်လည်းမဟုတ်၊ အဆင်းကို မမြင်ရအောင် ရှောင်လွှဲ ကွယ်ကာ၍ ထားရမည်လည်းမဟုတ်။ စင်စစ်မှာ မျက်စိဖြင့် အဆင်းကို မြင်ရသောအခါ၊ လောဘ, ဒေါသ, မောဟတို့ မဝင်ရအောင် ပယ်စွန့် ရမည်ဆို၏။ ဤသို့ ပယ်စွန့်ခြင်းသည်၊ အမှန်ကိုသိသော ဉာဏ်ပညာမှသာလျှင် ကင်းရှင်းအောင် ပယ်စွန့်နိုင်၏။အသိဉာဏ် ပေါ်လာရာမှာလည်း သတိစွဲမြဲမှ ဖြစ်နိုင်၏။

ထို့ကြောင့်၊မြင်လျှင် မြင်တယ်ဟု မှတ်ခြင်းသည်၊ မြင်ခါမျှကိုသာ သိ၍၊ မြင်ခါမျှ ဖြစ်သော အမှုအရာ သဘော၌၊ လောဘ, ဒေါသ, မောဟတို့ မဝင်နိုင်၍ ပယ်စွန့်ရာရောက်၏။ ထိုသို့ လောဘ စသည်တို့ လွတ်ကင်းလျှင်၊နောင်တဘန် မျက်စိမဖြစ် ချုပ်ငြိမ်းလေသောကြောင့်၊ မျက်စိကို ပယ်စွန့်သည်မည်၏ဟု ဆိုလေသည်။

**စက္ခုံ ဘိက္ခဝေ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊ စက္ခုသမ္ဖဿော အဘိညေယျော၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိအဘိညေယျံ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ သိအပ်၏။ ရူပါ၊ အဆင်းတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်သည်ကို။ အဘိညေယျံ၊ သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့သည်ကို။ အဘိညေယျော၊သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။အဒုက္ခမသုခံဝါ၊ဆင်းရဲ,ချမ်းသာသည်လည်း မဟုတ်သော။ ယမ္ပိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊သိအပ်၏။

ဤ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဖြင့်၊ မျက်စိကို သိ,အဆင်းတို့ကို သိ, မြင်သည်ကို သိ, အတွေ့ကို သိ,ခံစားခြင်းကို သိဟု ဟောတော်မူ၏။ထို ဒေသနာတော်အရ၊ မျက်စိ စသည်ကို သိအောင် အားထုတ်ပုံမှာ၊

မျက်စိ, အဆင်း, အမြင်, အတွေ့, ခံစားခြင်းတို့ကို၊ တခုစီ ခွဲခြမ်း စိတ်ဖြာ၍ ရှုမှတ်ရသည်မဟုတ်။ မြင်သည်ကို မြင်တယ်ဟု မှတ်လိုက်သဖြင့်၊ မြင်တာကို သိလျှင် အဆင်းစသည်ကိုလည်း သိပြီး ဖြစ်လေ၏။

မြင်ခြင်းကို အမှန် မသိလျှင်၊ ယောကျ်ား,မိန်းမ, ခြေ,လက်,အင်္ဂါ စသော ပညတ်ကို မှတ်၍ မှတ်၍၊ ပညတ်ကို သိ၏။ ထိုအခါ နှစ်သက်ဘွယ်ထင်သော-လောဘ၊ မနှစ်သက်ဘွယ်ထင်သော-ဒေါသ၊ အမှန်ကို မသိသော-မောဟတို့ ဝင်လာ၏။ ထို့ကြောင့် ဒေသနာတော်အရ၊ အဆင်း,ဝိညာဏ်,ဖဿ,ဝေဒနာတို့ကို မလိုက်ဘဲ၊ မြင်လျှင် မြင်တယ်ဟူ၍သာ အမှတ် ဖြစ်လေတော့သည်။

**ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိ ဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။** ။သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ တတ္တာယ၊ လောလောပူသော။ အာဒိတ္တာယ၊ ရဲရဲပြောင်ပြောင် တောက်လောင် သည် လည်း ဖြစ် သော။ သမ္ပဇ္ဇလိတာယ၊ အလျှံပြောင်ပြောင် တောက်လောင်သည်လည်း ဖြစ်သော။ သဇောတိဘူတာယ၊ အခိုးနှင့် တကွ တောက်လောင် သည်လည်း ဖြစ်သော။ အယောသလာကာယ၊ သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ အဆင်အမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသော မျက်စိကို။ သမ္ပလိမဋ္ဌံ၊ ထိုးဖေါက်မွှေနှောက်သဖြင့် သေဆုံးရခြင်းသည်။ ဝရံ၊ မြတ်လှသေး၏။ စက္ခုဝိညေယျေသု၊ မြင်၍ သိအပ်ကုန်သော။ ရူပေသု၊ အဆင်းတို့၌။ အနုဗျဉ္ဇနသော၊ လက်,ခြေ,အင်္ဂါ၊ မျက်နှာ, မျက်ခုံး၊ မျက်လုံး, ရင်, ဝမ်း၊ နှုတ်ခမ်း,သွား,မေး စသော ကိုယ်အင်္ဂါအစိပ်၊ နိမိတ် အာရုံကို အမှတ် ယူခြင်းသည်၎င်း။ နိမိတ္တဂ္ဂါဟော၊ ယောကျ်ားဟူသော အမှတ်,မိန်းမဟူသောအမှတ်ကို ယူခြင်းသည်၎င်း။ နတွေဝ-ဝရံ၊ မမြတ်တော့သည်သာလျှင်တည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ်မှာ၊ မျက်စိဖြင့် အဆင်းကို မြင်သော အခါ၊ လောဘ, ဒေါသ, မောဟတို့ဖြစ်ပေါ်စေတတ်သော၊ ယောကျ်ား, မိန်းမ စသည်တို့ဖြင့် ပညတ်တွေကို မြင်၍ နေရခြင်းထက်၊ ထိုမျက်စိကို အခိုးအလျှံနှင့်တကွ၊ ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော၊

သံချောင်းကြီးနှင့် ထိုးဖေါက်၍ သေလိုက်ရခြင်းကပင် လွန်စွာကောင်း မြတ်လှသေး၏၊ ခြေ,လက်,အင်္ဂါစသော ပညတ်တွေကို မြင်ခြင်းသည်၊ အလွန်ယုတ်မာ၏၊ အလွန်ကြောက်စရာကောင်း၏၊ အလွန်စက်ဆုပ် ရွံရှာဘွယ် ကောင်းလှ၏ဟု ကဲ့ရဲ့ရှုတ်ချ၍ အပြစ်တင်တော်မူသည်။

ဤကဲ့သို့ ပညတ်တွေကို မြင်ခြင်း၌၊ ကြက်သည်း မွေးညှင်းထ၍ ခေါင်းများ ကြီးလာ လောက်အောင်၊ ကျော ရင်များ ချမ်းစိမ့်လာ၍ လွန်စွာ ထိတ်လန့်ဘွယ် ရှိလောက်အောင်၊ လေးလေး နက်နက်ကြီး ဒေသနာတော်ကို ထုတ်ဘော်၍၊ မြတ်စွာဘုရား ဟောကြားတော်မူရ သည်မှာ၊ ထိုသို့မြင်ဆဲ မှတ်ဆဲခဏ၌၊ လောဘအာရုံ၊ ဒေါသအာရုံ၊ မောဟအာရုံများနှင့် သေသွားခဲ့ပါလျှင်၊အမှန်ပင် အပါယ်သို့ လားရ မည်ဖြစ်သောကြောင့်၊ ထို ဆင်းရဲဒုက္ခ များသို့ မကျမရောက်ကြစေ ခြင်းငှါ၊လွန်စွာသနားတော်မူလှ၍ နစ်နစ်နာနာကြီး ဟောကြားတော် မူရလေသည်။

**နိမိတ္တဿာဒ ဂဓိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ အနုဗျဉ္ဇနဿာဒ ဂဓိတံ ဝါ၊ တသ္မိံ စေ သမယေ ကာလံ ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ ယံ ဒွိန္နံ ဂတီနံ အညတြ ဂတိံ ဂစ္ဆေယျ နိရိယံဝါ တိရစ္ဆာနယောနိံ ဝါ။ ။**

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ရဟန်းတို့။ နိမိတ္တဿဒ ဂဓိတံဝါ၊ယောကျ်ားဟူသော အမှတ်, မိန်းမဟူသော အမှတ်ကိုယူခြင်း၌၊ သာယာစုံမက် နှစ်သက် မြတ်နိုးခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ငင်း၊အနုဗျဉ္ဇနဿာဒ ဂဓိတံဝါ၊ လက်,ခြေ,အင်္ဂါ၊ မျက်နှာ,မျက်ခုံး၊ မျက်လုံး,ရင်,ဝမ်း၊ နှုတ်ခမ်း, သွား မေး, စသော ကိုယ်အင်္ဂါအစိပ်၊နိမိတ်အာရုံကို အမှတ်ယူခြင်း၌၊သာ ယာစုံမက် နှစ်သက်မြတ်နိုးခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ငင်း၊ ဝိညာ ဏံ၊ မြင်ခြင်းသည်၊ တိဋ္ဌမာနံ၊ တည်ဆဲဖြစ်၍။ တိဋ္ဌေယျ၊တည်ငြားအံ့။ တသ္မိံသမယေ၊ ယောကျ်ား ဟူသောအမှတ်, မိန်းမဟူ သောအမှတ်, လက်,ခြေ,အင်္ဂါ၊ မျက်နှာ,မျက်ခုံး၊ မျက်လုံး,ရင်,ဝမ်း၊ နှုတ်ခမ်း,သွား, မေး,စသော ကိုယ်အင်္ဂါအစိပ်၊ နိမိတ်အာရုံကို အမှတ်ယူဆဲဖြစ်သော ထိုအခိုက်အတန့် ခဏကာလ၌။ ကာလံ၊ သေခြင်းကို။ စေ ကရေယျ၊ အကယ်၍ ပြုရငြားအံ့။နိရိယံဝါ၊ငရဲသို့ လားရောက်ရခြင်းသည်ငင်း။

တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်ဘုံသို့ လားရောက်ရခြင်းသည်၎င်း။ ဒွိန္နံ ဂတီနံ၊ နှစ်ပါးကုန်သော လားရောက်ရခြင်းတို့တွင်။ အညတြ ဂတိံ၊ တပါးပါးသော လားရောက်ရခြင်းသို့။ ယံ-ယသ္မာ၊ အကြင်ကြောင့်။ ဂန္တဗ္ဗံ၊ လားရောက်ရာ၏။ ဇေတံဌာနံ၊ ထိုသို့ လားရောက်ရခြင်း၏ အကြောင်းသည်၊ ဝိဇ္ဇတိ၊ထင်ရှား၏။ တံ တသ္မာ၊ ထိုကြောင့်။ အနုဗျဉ္ဇနသောဘာ၊လက်,ခြေ,အင်္ဂါ၊မျက်နှာ,မျက်ခုံး၊မျက်လုံး,ရင်,ဝမ်း၊နှုတ်ခမ်း, သွား,မေး, စသော ကိုယ်အင်္ဂါအစိပ်၊ နိမိတ်အာရုံကို အမှတ်ယူခြင်းသည်၎င်း။ နိမိတ္တဂ္ဂါဟော၊ယောကျ်ား ဟူသောအမှတ်, မိန်းမဟူသော အမှတ်ကို ယူခြင်းသည်၎င်း။ နတ္ထေဝ-ဝရံ၊ မမြတ်တော့သည်သာ လျှင်တည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ်မှာ၊မျက်စိဖြင့် မြင်အပ်သော အဆင်း အမျိုးမျိုး၌၊ဝဏ္ဏခေါ်သော အဆင်းမျှသည်သာလျှင်၊ ပရမတ်အစစ်ဖြစ် ၏။ အဖြူ,အနီ,စသော အမည်သည်၎င်း၊ အကြီး,အငယ်,အပျို,အအို, စသော အမည်မျိုးသည်၎င်း၊ ဤသို့စသည်ဖြင့် လောကဘ္ဌ ခေါ်ဝေါ် သမုတ်ကြသော အမည်မျိုးသည် ပညတ်မည်၏။ မြင်သော ခဏ၌ အသိဉာဏ်မှုတွင်မနေဘဲ၊ ပညတ်နယ်သို့ ကူးသွားလျှင်၊ ချောသည်,လှ သည်,အရုပ်ဆိုးသည်,စသည်ဖြင့်၊ ပုံပန်းသဏ္ဌာန်တို့ကို မှတ်ယူ၍၊ ထို အခါ၌ ကောင်းသည်,တင့်တယ်သည် စသော သဘောမျိုးကို သိ၍၊ သာယာခြင်း-လောဘ၊ မသာယာခြင်း-ဒေါသတို့သည် ဝင်ရောက်နှိပ် စက်ကြကုန်၏။ ထိုအခိုက်တွင်၊ ထိုစိတ်မျိုးနှင့် သေဆုံးခဲ့သော်၊ ငရဲဘုံ, တိရစ္ဆာန်ဘုံတို့၌ ဖြစ်ရကုန်၏ဟု ဟောတော်မူသည်။

ဤဒေသနာတော်အရ၊ ဝဋ္ဋ သက်သေတို့လည်း များစွာရှိကုန်၏။ မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ အမှန်ကိုမသိခြင်းသည်၊ ဤမျှလောက် ကြီးမားသော အပြစ်ဘေးတွေနှင့်၊ တွေ့ဆုံနှိပ်စက်ခြင်းများကို ခံစားရ တတ်လေသောကြောင့်၊ ယခုလို ဒေသနာတော်တရားကို မြတ်စွာ ဘုရား ဟောကြားတော် မူရသည်ဟု အဓိပ္ပါယ်ကို အကျဉ်းချုံး၍၊ အဆုံးဖြစ်သော နိဂုံးကိုလည်း သိမ်းရုံးပြတော်မူပြန်လေသည်။

**ရူမံ ဥါ.ဟံ ဘိက္ခဝေ အာဒိနဝံ ဒိသွာ ဇဝံ ဝဒါမိ။**

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ အပေါယ်လေးပါးသို့ လားရမည်မလွဲ အမြဲဧကန် အမှန်စင်စစ်။ ရူမံအာဒိနဝံ၊ ဤသို့ယုတ်ညံ့ဆိုးဝါး၊နစ်နာကြီး

မားလှစွာသော အပြစ်ဘေးတွေကို။ ဒိသွာ၊ သဗ္ဗညုတဉာဏ်အား မျက်ဝါး ထင်ထင် အတတ်သိမြင်တော်မူသည်ဖြစ်၍။ ဇဝံ ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ-အစရှိသော ဤဒေသနာတော်အစဉ်ကို။ အဟံ၊ သင်တို့ဆရာ ငါသုရားသည်။ ဝဒါမိ၊ မချက်နိုးသေ ဟောကြားတော်မူခဲ့ပေ၏။

ယခုပြဆိုခဲ့သော အနက်အဓိပ္ပါယ် သဘောများသည်၊ မည်မျှလောက်တာသွားသည်ကို စဉ်းစားဆင်ခြင်၍၊ သတိသမ္ပဇဉ်ဖြင့် အသိဉာဏ် ယှဉ်ပါလျှင်၊ မျက်စိဖြင့်မြင်ရာ၌ ယောကျာ်း,မိန်းမ၊ လက်,ခြေ အင်္ဂါစသော ပညတ်တွေကို စွဲယူမှတ်သားခြင်းများသည်၊ လွန်မင်းစွာ ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းလှသဖြင့်၊ ပရမတ် ရုပ်,နာမ်ကို ဉာဏ်၌ အမှန်သိမြင်ထင်လင်း၍လာလေအောင်၊ မြင်လျှင်-မြင်တယ်ဟု မှတ်ခြင်းစသော သတိပဋ္ဌာန်ရှုမှတ်ပုံ၊ ဝိပဿနာနည်းအတိုင်း အလွှိုင်းတကြီး၊ ရန်သူနိုးသောသူကဲ့သို့ အရေးကြီးစွာ အားခဲ၍ စွဲမြဲရှုမှတ်ကြပါလေ။

စောင့်ရှောက်ရန် ဟောကြားသည်ကို ပြဆိုခြင်းပြီး၏။

## ဇူဠန္ဒြေ၏ အပြစ်အကျိုးများကို ပိုင်းခြား၍ ပြဆိုခြင်း

စက္ခုံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ ရူပေ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ စက္ခုသမ္ဖဿံ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိအဇ္ဈာနံ အပဿံ ယထာဘူတံ၊ စက္ခုသ္မိံ သာရဇ္ဇတိ၊ ရူပေသု သာရဇ္ဇတိ၊ စက္ခုဝိညာဏေ သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ သာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ သာရဇ္ဇတိ။ * ။ဥပရိပဏ္ဏာသ ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ အဇာနံ-အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ-အပဿန္တော၊ မမြင်သည်ရှိသော်။ စက္ခုသ္မိံ၊ မျက်စိ၌။ သာရဇ္ဇတိ၊ တပ်

**တဏှာစ, ဿ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ-ဘိ နန္ဒိနီ၊ သာစ-ဿ ပဝမုတိ။** ဥပနိပဏ္ဏာသပါဠိတော်။

တဏှာစ၊ မျက်စိစသည်၌ သာယာစုံမက် တပ်နှစ်သက်သော တဏှာလောဘ သည်လည်း။ အဿ၊ ထို ပုဂ္ဂိုလ်အား။ ပေါနောဗ္ဘဝိကာ၊ နောက်ထပ်တဖန် အမှန်စင်စစ် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂ သဟဂတာ၊ တပ်နှစ်သက်ခြင်းနှင့် တကွ ဖြစ်၏။ တတြတတြ၊ ထိုထို အာရုံဘုံဘဝ၌။ အဘိနန္ဒိနီ၊ လွန်စွာစွဲကပ် နှစ်သက်တတ်၏။ သာစ တဏှာ၊ ထိုမျက်စိစသည်၌ သာယာစုံမက် တပ်နှစ်သက်တတ်သော တဏှာသည်လည်း။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပဝဍ္ဎတိ နေ့ညမစဲ အမြဲ တိုးပွား၍ နေလေ၏။

**အဓိပ္ပါယ်ကား။** ။မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်သော အခါ၌၊ မြင်တယ်ဟု မမှတ်လျှင် မြင်ခါမျှတွင် မနေဘဲ၊ ယောကျ်ား, မိန်းမစသော အင်္ဂါကြီး,ငယ်ကိုမြင်၍၊ နှစ်သက်စွဲလမ်းသော တဏှာ လောဘဖြစ်လာ၏။ ထိုလောဘသည်၊ နောင်ဘဝ အသစ်တွေ အဆက် ဆက် ဖြစ်ပွားစေရန်၊ အမျိုးမျိုး, အဖုံဖုံသော အာရုံ ဘုံဘဝတွေကို၊ လွန်စွာနှစ်သက်သော နန္ဒီရာဂ မည်သော တဏှာသည်၊ မရပ်မတည် ဖြစ်ပေါ်၍ လာတော့၏။

ထိုအခါ၌၊ မြင်သည်ကို မြင်တယ် ဟု မမှတ်သော ပုဂ္ဂိုလ်အား၊ တဏှာရာဂ, လောဘ တရားတို့သည်၊ နောက်သို့ ဆုတ်ယုတ်ခြင်း နည်းပါးခြင်းမရှိဘဲ၊ တောင်ထိပ်မှ အဟုန်နှင့်တကွ စီးဆင်း၍ကျလာ သော ရေတံခွန်တို့သည်၊ ရပ်တန့်ခြင်း မရှိဘဲ တဟဲဟဲ မြည်ဟီး၍ တဒိုးဒိုး သက်ဆင်း ချော်ကျသကဲ့သို့၊ မရပ်မစဲနိုင်တော့ဘဲ အမြဲပင် တိုးပွား၍ များပြားစွာ ဖြစ်ပေါ်နေလေတော့သည်။ ထို့ကြောင့်၊ မြင် လျှင် မြင်တယ်မှတ်ဟု ဆိုခဲ့ပေသည်။

**တဿ ကာယိကာပိ ဒရထာ ပဝဍ္ဎန္တိ၊**
**စေတသိကာပိ ဒရထာ ပဝဍ္ဎန္တိ၊**
**ကာယိကာပိ သန္တာပါ ပဝဍ္ဎန္တိ၊**
**စေတသိကာပိ သန္တာပါ ပဝဍ္ဎန္တိ၊**
**ကာယိကာပိ ပရိဠာဟာ ပဝဍ္ဎန္တိ၊**
**စေတသိကာပိ ပရိဠာဟာ ပဝဍ္ဎန္တိ။** ။ရှင်းပါဠိတော်။

တသော၊ထိုပုဂ္ဂိုလ်အား။ ကာယိကာပိ ဒရထာ၊ကိုယ်၌ ပူလောင်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ စေတသိကာပိ ဒရထာ၊စိတ်၌ ပူလောင်ခြင်းတို့သည်လည်း။ပဝဍ္ဎန္တိ၊တိုးပွားကုန်၏။ ကာယိကာပိ သန္တာပါ၊ ကိုယ်၌ ပူပန်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ စေတသိကာပိ သန္တာပါ၊ စိတ်၌ ပူပန်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ ကာယိကာပိ ပရိဠာဟာ၊ကိုယ်၌ ပူအိုက်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ စေတသိကာပိ ပရိဠာဟာ၊ စိတ်၌ ပူအိုက်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွားကုန်၏။

**အဓိပ္ပါယ်ကား။** ။နန္ဒီရာဂ, လောဘ,တဏှာ,ကိလေသာ အားကြီး၍ ဘိစိးနှိပ်စက်သော သူအား၊ ကိုယ်၌ ပူလောင်ခြင်း, ပူပန်ခြင်း, ပူအိုက်ခြင်း၊ စိတ်၌ ပူလောင်ခြင်း, ပူပန်ခြင်း, ပူအိုက်ခြင်းတို့သည်၊ ပြင်းပြင်းထန်ထန် ထက်သန်တိုးပွား၍ လာကုန်၏ဟု ဆိုလိုသည်။ ဤသဘောမျိုး ဖြစ်ပေါ်နေသော သူသည်၊ သူတပါးတို့ပင် မမြင်မသိသော်လည်း၊ မိမိ၏ ကိုယ်စိတ်မှာမူ အလွန်ပူပြင်း၍နေ၏။ အိပ်သို့ပင်မပျော်,စားလို့ပင် မဝင်နိုင်အောင် မနေတတ်,မထိုင်တတ်ဘဲ၊တဖြတ်ဖြတ် လန့်တတ်သော သူကဲ့သို့ရင်း၊ တဖျင်းဖျင်း ပူစပ်,ပူလောင်ခြင်းဖြစ်သော သူဘို့ကဲ့သို့ရင်း၊ အမှန်ပင်ဖြစ်၍ နေလေတော့သည်။

ဤကဲ့သို့ ဖြစ်ပါမူ၊ ဖြစ်ကောင်းမြတ်သော တရား၌ စိတ်ကိုထား၍ မရနိုင်၊ ကောင်းမြတ်သော အာရုံကိုနှလုံးသွင်း၍ မဖြောင့်နိုင် ဖြစ်လေ၏။ ယခုလို စိတ်ယုတ်မာ,စိတ်ဆိုး,စိတ်ရိုက်,စိတ်ကြွမ်းတို့သည်၊ ပခမ်းပတာ တုန်လှုပ်ဖောက်ပြန်နေပါလျှင်၊ ဘယ်အခါတွင်မှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြည်လင်ခွင့် မရနိုင်ဘဲ၊ အမြဲပင် ဆင်းရဲလျက် အဆက်ဆက်သော ဒုက္ခများကိုသာ အကြိမ်ကြိမ်ခံစားပြီး၊ အပါယ်လေးပါးသို့ လားရကြောင်း၊ နစ်မြုပ်မျောပါး ရကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူလေ၏။

**သော ကာယိကံ ဒုက္ခံပိ စေတောဒုက္ခံပိ ပဋိသံဝေဒေတိ။**

(ဥပရိပဏ္ဏာသပါဠိတော်)

•သော၊ ထိုပုဂ္ဂိုလ်သည်။ ကာယိကံ ဒုက္ခံပိ၊ ကိုယ်၌ဖြစ်သော ဆင်းရဲဒုက္ခကိုလည်း။ ပဋိသံဝေဒေတိ၊ နေ့ညဉ့်မစဲ အမြဲခံစား၍ နေရလေ၏။ စေတော ဒုက္ခံပိ၊စိတ်၌ဖြစ်သော ဆင်းရဲဒုက္ခကိုလည်း။ ပဋိသံဝေဒေတိ၊ နေ့ညဉ့်မစဲ အမြဲခံစား၍နေရလေ၏။

ယခုပြဆိုခဲ့သော ဥပရိပဏ္ဏာသပါဠိတော်အရ၊ မျက်စိစသည်ကို ဟုတ်မှန်သောအတိုင်း မသိခြင်း, မမြင်ခြင်းကြောင့်၊ တွေ့ကြုံခံစားရသော ဆင်းရဲဒုက္ခများကို ပိုင်းခြား သိမြင်ရသဖြင့်၊ မျက်စိ စသည်ကို ဟုတ်မှန်သော အတိုင်း သိမြင်ပါလျှင်၊ ထိုနည်းမှ ပြန်ဘက်အားဖြင့်၊ အတိုင်းမသိ အေးငြိမ်းသော ချမ်းသာသုခများကို၊ ခံစားစံစားရ၍ ဟူသော အဓိပ္ပါယ်သဘောများကိုလည်း၊ ပိုင်းခြား၍ သိမှတ်ကြပါလေ။

ဤဒေသနာတော်မြတ် အလုံးစုံသည်၊ မျက်စိစသည်၌ အမှန်သိမြင်အောင် အားထုတ်ရန် နည်းများကို ညွှန်ကြား ပြသတော်မူ၏။ ထိုဒေသနာတော်အတိုင်း မျက်စိစသည်ကို အမှန်မသိလျှင်၊မျက်စိစသည်၌ တပ်မက်နှစ်သက်ခြင်း လောဘဖြစ်၏။ ဤသို့ မျက်စိကို နှစ်သက်လျှင်၊ ဆင်းရဲကို နှစ်သက်မြတ်နိုးသည် ဖြစ်ပြန်၏။ ထိုသို့ ဆင်းရဲအစုကို နှစ်သက်ခြင်းပြုနေသမျှ ကာလပတ်လုံး၊ ဘယ်အခါမှ ဝဋ်ဒုက္ခမှ လွတ်နိုင်တော့မည်၊ ချမ်းသာသုခကို ရနိုင်တော့ခြည်မဟုတ်ဟု အချုပ်တရားကို သိမြင်မှတ်သားစေရန်၊ မြတ်စွာဘုရား ဟောကြားတော် မူပြန်လေ၏။

**ယော စက္ခုံ အဘိနန္ဒတိ၊ သော ဒုက္ခံ အဘိနန္ဒတိ။**
**ယော ဒုက္ခံ အဘိနန္ဒတိ၊အပရိမုတ္တော သော ဒုက္ခသ္မာတိ.ဝဒါမိ။**
(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ ယော၊ အကြင်သူသည်။ စက္ခုံ၊ မျက်စိကို၊ အဘိနန္ဒတိ၊ သာယာစုံမက် လွန်မင်းစွာ တပ်နှစ်သက်၏။ သော၊ မျက်စိကို နှစ်သက်သော ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခအပေါင်းကို၊ အဘိနန္ဒတိ၊သာယာစုံမက် လွန်မင်းစွာ တပ်နှစ်သက်သည်မည်၏၊ ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ဆင်းရဲဒုက္ခအပေါင်းကို။ အဘိနန္ဒတိ၊သာယာစုံမက် လွန်မင်းစွာ တပ်နှစ်သက်၍နေ၏၊ သော၊ ဒုက္ခကို နှစ်သက်၍နေသော ထိုသူသည်။ ဒုက္ခသ္မာ၊ လွန်စွာ ရှည်လျားလှစွာသော သံသရာဝဋ်ဆင်းရဲမှ၊ အပရိမုတ္တော၊ ဘယ်အခါကာလမှ မလွတ်မြောက် နိုင်တော့ပြီ၊ ဣတိ၊ ဤသို့၊ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်၊ ဝဒါမိ၊ ဟောကြားတော်မူခဲ့ပေ၏။

**အဓိပ္ပါယ်ကား။** ။လောက၌ ပိုးဖလံဘိုသည်၊ ပူပြင်း လောင်ကျွမ်းစေတတ်သော မီးကို အေးချမ်း သာယာဘွယ်ဟု ထင်မှတ်၍၊

မနားမရပ်ဘဲ အထပ်ထပ်,အဘန်ဘန်, အတန်တန်ဝင်၍ တိုးသဖြင့်၊ အကျိုးမဲ့ပျက်ပြုန်း သေဆုံးကြရကုန် သကဲ့သို့။ ထိုအတူ၊ ဆင်းရဲဒုက္ခ အမှန်စင်စစ်ဖြစ်သော မျက်စိစသည်ကို၊ နှစ်သက်ဘွယ်,သာယာဘွယ်, လှပတင့်တယ်, ချစ်ခင်ဘွယ် ထင်မှတ်၍၊ ငြိကပ်တွယ်တာ စွဲလမ်းကာ နေကြသော ရဟန်း,ရှင်,လူ ခပ်သိမ်းသော သူတို့သည်၊ ယခုပစ္စုပ္ပန် ဘဝမှစ၍ မဂ်,ဖိုလ်သို့ မရောက်ရသေးသမျှ ကာလပတ်လုံး၊ အပါယ် သံသရာတလွှား၌ ကြီးမားလှစွာသော ဆင်းရဲဒုက္ခများကို အမျိုးမျိုး ခံစားရလေတော့သတည်း။

ယခုပြဆိုခဲ့သော ဒေသနာတော်မြတ်၌၊ အကျဉ်းအားဖြင့် မှတ်သား အပ်သော လိုရင်း အဓိပ္ပါယ်မှာ၊ ပကတိနေသော ပုဂ္ဂိုလ်တို့သည်၊ မျက်စိနှင့် အဆင်းတို့ ပေါင်းဆုံမိလျှင်၊ တဏှာရာဂ ခေါ်သော သား ဆိုးကို ဘွားမြင်၏။ ထိုသားဆိုးသည် အကျိုးမဲ့ဖြစ်သော ဆင်းရဲဒုက္ခ ကိုသာ ပြုတတ်၏။ ထို့ကြောင့်၊ မျက်စိနှင့် အဆင်းတို့ကို မပေါင်းသင်း မတွေ့ဆုံအောင်၊ လုံခြုံစွာ တားမြစ် ပိတ်ဆို့ရမည်ဟု ဥပမာစကားဖြင့် မှတ်သားရန် အကျဉ်းချုပ်၍၊ နိဂုံးအုပ်သော တရားဂါထာ ဒေသနာ တော်များကို မြတ်စွာဘုရားထပ်မံ၍ ဟောကြားတော်မူပြန်လေသည်။

**စက္ခု ရူပေန သံဂါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။**
**မဟာနတ္ထကရော သော ဟိ၊ သံဂါသံ တေန ဝါရယေ။**

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်)

စက္ခု၊ပသာဒမြို မျက်စိအကြည်သည်။ ရူပေန၊အဆင်းမျိုးစုံ ရူပါရုံ နှင့်။သံဂါသာ၊အကြောင်းတော်လျှင်း ပေါင်းဘော်ခြင်းကြောင့်။ရာဂ ပုတ္တံ၊ဆိုးညစ်တေလှ သားရာဂကို။ဝိဇာယတိ၊ထင်ရှားမသွေ ဘွားမြင် လေ၏။ သော ပုတ္တော၊ လိမ်လည်ကောက်ကျစ် ထို သားညစ်သည်။ မဟာနတ္ထကရော၊ ကြီးစွာသော အကျိုးမဲ့ကိုသာ မငဲ့မညှာပြုတတ်ပါ ၏၊ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ တေန ရူပေန၊အဆင်းအမျိုးစုံ ထို ရူပါရုံနှင့်။ သံဂါသံ၊အကြောင်းတော်လျှင်း ပေါင်းဘော်ခြင်းကို။ဝါရ ယေ၊ သတိရှေ့ပြေး ခွင့်မပေးဘဲ ဝေးဝေးရှောင်ခွါ တားမြစ်ရာ၏။

ယခုပြဆိုခဲ့သော ဂါထာသည်၊ စက္ခုန္ဒြေလုံခြုံ၍ ရာဂ နှိပ်စက်ပုံ၊ စက္ခုန္ဒြေလုံခြုံအောင် စောင့်ရှောက်ပုံများကို ပြဆိုခြင်းဖြစ်၏။ ဤနည်း ကိုမှီး၍ သောတ,ဃာန,ဇိဝှာ,ကာယတို့နှင့် စပ်ယှဉ်လျှင်၊ စက္ခုန္ဒြေ တချို့

၃-ဂါထာဖြစ်၏။ ထိုအတူ၊ ဗုဒ္ဓြေ ၆-ပါးကို ပွားလျှင်၊ ဂါထာပေါင်း ၁၇-ဖြစ်၏။ ၎င်းအကျယ်နည်းကို ဉာဏ်မြိုး၍ ယူကြပါလေ။ ။အထူး မှာ မနိဗ္ဗြေ၌၊ **မနော ဓမ္မေန**-ကို။မနော၊ဟာဒယမှိ စိတ်အကြည်သည်။ ဓမ္မေန၊ သဘောမျိုးစုံ ဓမ္မာရုံနှင့်-ဟု အနက်ပေး။ ။ကြွင်းသော အနက် များမှာ သိသာလောက်ပြီ။

ယခုပြခဲ့သော ဗုဒ္ဓြေ ၆-ပါး၌၊သတိပဋ္ဌာန် ရှုမှတ်ပုံနည်းသည်၊မြင် တိုင်း,ကြားတိုင်း,နံတိုင်း,စားတိုင်း,ထိတိုင်း,သိတိုင်းများကို၊သိမှုတခု သာလျှင် လိုရင်းအဓိပ္ပါယ်ဖြစ်၏။ ထိုသို့သိရှိ၍ လာနိုင်စေရန်၊ မြင်လျှင် မြင်တယ်ဟု သတိဖြင့် မှတ်ရကြောင်းကိုပြ၏။ ဤသို့ မြင်လျှင် မြင်တယ် ဟု မှတ်ခြင်းသည်၊ မြင်ကာမျှကို အမှန်သိ၍၊ မြင်ကာမျှဖြစ်သော ပရ မတ်ကို အမှန်သိမှုသည်သာလျှင်၊ သဘောရင်း အစစ် ဝိပဿနာ ဖြစ် ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူ၏။

**စက္ခုဝိညာဏ် အဘိဉေယျံ**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုဝိညာဏ်၊ အဆင်းအမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသော မျက်စိကို။ အဘိဉေယျံ၊ ဟုတ်တိုင်းမှန်စွာ သိအပ်၏။ ဝါ၊ဟုတ်မှန်တိုင်းသိအောင် မြင်သည်ကို မြင်သည်ဟု မှတ်အပ်၏။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

ဗုဒ္ဓြေနှင့်စပ်၍ အရပ်ရပ်ထုတ်ပြခဲ့သော ပါဠိတော်တို့ဖြင့်၊ ဗုဒ္ဓြေ ၆-ပါးတွင်၊ မျက်စိဖြင့် အဆင်းကိုမြင်ရာ၌၊ လုံ့လ်အောင် မပိတ် မဆို့ ခြင်းကြောင့်၊တမလွန်,ပစ္စုပ္ပန် နှစ်တန်သောဘဝတို့၌၊ ကြီးမားသော ဆင်းရဲဒုက္ခတို့နှင့် အမျိုးမျိုးတွေ့ကြုံ ခံစားရပုံဖြင့်၊ စက္ခုဒွါရ၏ ကဏှပက္ခဖြစ်သော အာဒီနဝ ဘေးဒုက္ခကို အမြွက်မျှ ပြဆိုလိုက်ခြင်း ပေတည်း။

ဤသို့ ကဏှပက္ခကို ပြသဖြင့်၊ လုံ့လ်အောင်ပိတ် ဆို့နိုင်ခြင်းကြောင့်၊ တမလွန်,ပစ္စုပ္ပန် နှစ်တန်သော ကာလတို့၌၊ များပြားသော အကျိုး တရားတို့နှင့် တွေ့ကြုံခံစားရခြင်းဖြင့်၊ စက္ခုဒွါရ၏ သုက္ကပက္ခဖြစ်သော ချမ်းသာသုခ အာနိသံသများကို ပိုင်းခြား၍ သိအပ်လှပေသည်။

ဤစက္ခုဒွါရ၏ ကဏှ,သုက္က နှစ်ပါးဖြစ်သော အဓိပ္ပါယ် သဘော သွားနှင့်၊အပြစ်,အကျိုး အမျိုးမျိုးများကို မှတ်သားနိုင်နင်း၍၊သဘော ဉာဏ် ရှင်းလင်းပါလျှင်၊ ကြွင်းသော ဒွါရငါးပါး၏ အနက်သွား အဓိပ္ပါယ်လာနှင့် ဝိပဿနာရှုမှတ်ပုံနည်းကိုရင်း၊အပြစ်,အကျိုး အမျိုး

မျိုးတို့ကိုဂုဏ်၊ စက္ခုန္ဒြေ ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီး၍၊ အသီးသီးသော ဣန္ဒြေတရားတို့ကိုလည်း၊ ရှည်လျား ဆင်းရဲလှစွာသော ဝဋ်ဒုက္ခ သံသရာမှ လျင်မြန်စွာ လွတ်မြောက်၍၊ နိဗ္ဗာန်သို့ ပေါက်ရောက်အောင် လုံ့လစွာ စောင့်ရှောက် ဖိတ်ဆို့နိုင်ကြပါစေကုန်သတည်း။

**တသ္မာ•တိဟ ဘိက္ခဝေ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ။**

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထိုသို့ သတိပဋ္ဌာန်တရား ဣန္ဒြေ ၆-ပါးတို့ကို၊ မရှုမှတ် မပွားများ မလုံ့လသောသူတို့အား၊ အပါယ်သံသရာတလွှား၌ ရှည်လျားစွာ ဘေးဒုက္ခများ၍၊ ရှုမှတ်ပွားများ လုံ့လသောသူတို့အား၊ သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာအစစ် အဆင့်ဆင့် ဖြစ်ရခြင်း စသော အကျိုးတရား ပွားများကြလေသောကြောင့်။ ဣဟ၊ ဤသာသနာဘော်မြတ်ကြီး၌။ တုမှေ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုလားကြသော သင်ချစ်သား ရဟန်းများတို့သည်။ ဣန္ဒြိယေသု၊ စက္ခု စသော ဣန္ဒြေ ၆-ပါးတို့၌။ ဂုတ္တဒွါရာ၊ လုံ့လသော တံခါး ရှိကြလေအောင်။ ဝိဟရထ၊ သတိတည်းဟူသော တံခါးရွက်ဖြင့် ခိုင်မြဲစွာ ပိတ်ဆို့၍ နေကြကုန်လော။

ဣန္ဒြေ၏ အဖြစ်အကျိုးများကို ပြဆိုခြင်း ပြီး၏။

## မဂ္ဂင်၏ သဘောများကို မှတ်သားရန် ပြဆိုခြင်း

**မဂ္ဂင်ရှစ်ပါးသည်ကား။** ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူ၍ သရုပ် ရှစ်ပါးမှတ်။ ။အမှန် မြင်ခြင်း, အမှန် ကြံခြင်း, အမှန် ပြောခြင်း, အမှန် ပြုလုပ်ခြင်း, အမှန် အသက်မွေးခြင်း, အမှန် အားထုတ်ခြင်း, အမှန် အောက်မေ့ခြင်း, အမှန် တည်ခြင်းဟူ၍ မဂ္ဂင် ရှစ်ပါး၏ အနက်ကို မှတ်လေ။

**အဓိပ္ပါယ်ဘွား။** ။ဤ မဂ္ဂင်ရှစ်ပါး၌၊ သမ္မာဒိဋ္ဌိ ကောင်းစွာ မြင်ခြင်းဟု အများ အနက်ပေးရိုး ပြုကြ၏။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီးသည်၊ သမ္မာဒိဋ္ဌိ-အမှန်မြင်ခြင်းဟု အနက်ပေး၏။ လွန်စွာ သင့် မြတ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ လောက၌ ဆန့်ကျင်ဘက် စကား ပြောကြားခြင်းသည်၊ အကောင်း, အဆိုး၊

အချော,အကြမ်း၊ အမြင့်,အနိမ့်၊ အတက်,အဆင်း၊ အမြတ်,အယုတ်၊ အမှန်,အမှား စသည်ဖြင့် ပြောဆိုကြ၏။ ထိုစကားကို ထောက်ထား၍ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်သည်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ ၎င်း မိစ္ဆာဒိဋ္ဌိကို အမှား မြင်ခြင်းဟု အများပင် အနက်ပေးရိုး ပြုကြ၏။ ဤ မိစ္ဆာဒိဋ္ဌိ ဟူသော ပုဒ်၏ အနက်ကို မြင်သဖြင့်၊ သမ္မာဒိဋ္ဌိ အမှန် မြင်ခြင်းဟု ပေးသော အနက်သည်၊ လောက၌ သုံးစွဲသော စကားနှင့် ညီညွတ်ပေသည်။

သဘောအားဖြင့်လည်း ပရမတ် အရာဖြစ်၍၊ အမှန်ကို - မြင်ခြင်း ဆိုသော စကားသည် သင့်မြတ်၏၊ ပြောဟော၍ ခွဲခြမ်း ပြဆိုရာ၌လည်း သဘောပေါက်လွယ်၏။ သို့မဟုတ် ရှေးရိုးအတိုင်း မှတ်သား အသုံး ပြုလျှင်၊ မိစ္ဆာဒိဋ္ဌိ-ပုဒ်ကို မကောင်းစွာ မြင်ခြင်းဟု အနက်ပေးမှ သင့်သကဲ့သို့ ဖြစ်နေရာ၏။ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်တို့၌လည်း၊ ဤနည်း အတိုင်း မှတ်အပ်၏။ လောကဓမ္မ သဘာဝယုတ္တိ ရှိသည်ကို သိရန် မျှသာ ပြဆိုလိုက်၏။ ဟုတ်, မဟုတ်၊ သင့်, မသင့်ကို ထောက်ချင့် စဉ်းစားကြပါလေ။

အလုပ် ကိစ္စ၌ ပါဝင်ပုံ သဘောမှာ၊ ဒေသနာ၌ ဆိုသော အစီအစဉ်မျိုးကို မယူရပေ။ ကျမ်းဂန်၌ သမ္မာသင်္ကပ္ပ-အမှန်ကြံခြင်း ဆို၏။ အလုပ်ကိစ္စမှာ ကြံစည်၍ ပြုလုပ်ရသည် မဟုတ်ပေ။ သမ္မာ သင်္ကပ္ပ ပုဒ် အရ-ကြံစည်၍ ပြုရသည်ဟု ယူလျှင်၊ သမ္မာဝါစာ အရ- စကား ပြောဆို၍ နေရပေလိမ့်မည်။ ဤသို့ ဖြစ်လျှင် မဂ္ဂင်ရှစ်ပါး၌ ဆိုသော အနက်လာအတိုင်း ပြုလုပ်ခဲ့သော်၊ ဝိပဿနာ တရားဟူ၍ မဖြစ်နိုင်ပြီ။ ဝိပဿနာတရား ဟူသည်ကား၊ စိတ်ဖြင့်သာလျှင် ပြုလုပ် ရသော အမှုမျိုးပေတည်း။

ဝိပဿနာအလုပ်ဟူသည်၊ ပရမတ်ဖြစ်သော နာမ်,ရုပ် တရားတို့၏ အဖြစ်အပျက်ကို သိအောင် အားထုတ်ရ၏။ ပရမတ် တရားဟူသည်၊ ပုဂ္ဂိုလ်,သတ္တဝါတို့က ကြံစည်ပြုလုပ်၍ ဖြစ်နိုင်သော အရာမျိုးမဟုတ်၊ မိမိတို့ သဘောအတိုင်း အကြောင်းအားလျော်စွာ သာလျှင်၊ ဖြစ်ပျက် နေကြသော အနတ္တသဘောတို့ပေတည်း။ ပုဂ္ဂိုလ်က ကြံစည်၍ ရနိုင် ပါလျှင်၊ အနတ္တဟူ၍ မဆိုသင့် အတ္တဟူ၍သာ ဆိုရန်ရှိလေသည်။

တဘန် အကြံဉာဏ်ကြီးသော သူတို့သာလျှင် ဖြစ်နိုင်ရာ၏၊ အကြံ ဉာဏ် နည်းပါးသော သူတို့အား မဖြစ်နိုင်ပေရာ၊ ဝိပဿနာအလုပ်၌

အကြံဉာဏ်ကြီးသော ပေါဋ္ဌိလ, စသော မထေရ်များပင် မသိမမြင်နိုင်၍၊ သာမကောင်ယ် ကလေးများ အထံမှာပင် နည်းယူရလေသည်။ အချုပ်မှာ၊ အားထုတ်သော ပုဂ္ဂိုလ်၏ဉာဏ်ဖြင့် ပရမတ် ရုပ်,နာမ်၏ အဖြစ်အပျက်ကို မကြံစည် မတွေးတောဘဲ၊ ပရမတ် ရုပ်, နာမ်၏ ဖြစ် ပျက် နေသော သဘောကိုသာ လိုက်၍ သိမြင်အောင် ရှုမှတ်ရလေသည်။

မြတ်စွာဘုရားသည်၊ အတက္ကာဝစရော-ဟူ၍ ဟောတော်မူ၏။ဉာဏ်ဖြင့် ကြံစည်၍ ရနိုင်, ဖြစ်နိုင်သော တရားမျိုးမဟုတ်ဟု ဆိုလိုသည်။ ဤနေရာ၌ မဂ္ဂင်ဒေသနာတော်တွင်၊ သမ္မာသင်္ကပ္ပ-အမှန် ကြံခြင်းဟု မြတ်စွာဘုရား ဟောတော်မူ၏။အတက္ကာဝစရော-ကြံစည်၍ ရနိုင်သော တရားမဟုတ်ဟု သုတ်မဟာဝါပါဠိတော်၌ မြတ်စွာဘုရားပင် ဟောတော်မူပြန်၏။ထိုကြောင့် ယောင်မှားရန် ရှိလေသည်။

ထိုဒေသနာနှစ်မျိုးတွင်၊ အတက္ကာဝစရ-ဟူသည်၊ ဝိပဿနာ အလုပ်၌ နာမ်,ရုပ်တို့၏ အဖြစ် အပျက်ကို မကြံစည်ဘဲ၊ သူ့သဘောအတိုင်း အားထုတ်ရန်ကို ပြတော်မူ၏။ သမ္မာသင်္ကပ္ပ-ဟူသည်၊ ဝိပဿနာ အလုပ်၌ ပါဝင်ပြီးစီးသော သဘာဝဓမ္မကို ပြတော်မူ၏။ မြင်သည်ကို မြင်တယ်၊ကြားသည်ကို ကြားတယ်-စသည်ဖြင့် မှတ်သော ဝိပဿနာ စိတ်တချက်၌၊ သမ္မာသင်္ကပ္ပ-စသော မဂ္ဂင်တရားတို့သည် တပြိုင်နက် ပါဝင်ကုန်၏ဟု ဆိုလိုသည်။

**ဥပမာကား။** ။အကုသိုလ်တရားကို ရေတွက်ရာ၌၊ပါဏာတိပါတ-စသည်ဖြင့် ၁၀-ပါးရ၏။ ကုသိုလ်တရားကို ရေတွက်သော်၊ ၁၀-ပါးသရုပ်မရှိပေ။သူ့အသက်ကို သတ်ခြင်းသည်၊ ပါဏာတိပါတ, အကုသိုလ်ဖြစ်၏။ သူ့အသက်ကို မသတ်ခြင်းသည်၊ ပါဏာတိပါတမှ ရှောင်ကြဉ်သော ကုသိုလ် ဖြစ်၏။ မကောင်းမှုကို မပြုခြင်း, ရှောင်ကြဉ်ခြင်း သဘောမျှသည်ပင်လျှင်၊ ကုသိုလ် မည်တော့၏။ အထူး ပြုလုပ်ရခြင်းမရှိတော့ပေ။

ထိုအတူ၊ မြင်သည်ကို မြင်တယ်ဟု မှတ်လျှင်၊ ပရမတ် ရုပ်,နာမ် ဖြစ်သော တရားမှန်ကိုသာ မြင်၏,သိ၏ဟူ၍လည်း ဆို၏။ ဤသို့ ပရမတ် ရုပ်,နာမ်ကို အမှန်မြင်ခြင်းသည်-သမ္မာဒိဋ္ဌိ, မည်၏။ ပရမတ် ဖြစ်သော အဆင်းမျှကို လွန်၍၊ အဖြူ, အနီ, အကြီး, အငယ် စသော သဏ္ဌာန်ဒြပ်ကို မြင်ခြင်းသည်၊ ပညတ်ကို မြင်သည်မည်၏။ ပညတ်

ဟူသည်၊ပရမတ် တရားမှန် မဟုတ်၍ တရားမှားဖြစ်၏။ ဤသို့ပညတ် ဖြစ်သော အမှားကို မြင်ခြင်းသည်၊မိစ္ဆာဒိဋ္ဌိဖြစ်၏။ ဤကား ဝိပဿနာ အမှန် ဖြစ်သော သဘောတည်း။

ယခုဆိုခဲ့သော နည်းအတိုင်း၊ သမ္မာဒိဋ္ဌိ၏ ဖြစ်ပုံသဘောကို မှတ်။ ဤသို့ မြင်သည်ကို မြင်တယ်ဟု မှတ်ဆဲခဏ၌၊အမှားကို ကြံစည်ခြင်း သဘော မဖြစ်နိုင်ပေ။ ထိုသို့ အမှားကို ကြံစည်ခြင်း မဖြစ်သော သဘောသည်၊ အမှန်ကြံသော သမ္မာသင်္ကပ္ပမည်၏။ ထိုအတူ မြင် တယ်ဟု မှတ်ဆဲခဏ၌၊ အမှားကို မပြောခြင်း သဘောသည်၊ အမှန် ပြောသော သမ္မာဝါစာမည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌၊ အမှား ကို မပြုခြင်းသဘောသည်၊အမှန်ပြုလုပ်သော သမ္မာကမ္မန္တ မည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌၊ အမှား အသက်မွေးမှု မပြုခြင်း သဘော သည်၊ အမှန်အသက်မွေးသော သမ္မာအာဇီဝ မည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌၊ အမှားကို အားမထုတ်ခြင်း သဘောသည်၊ အမှန်ကို အားထုတ်သော သမ္မာဝါယာမ မည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌၊ အမှားကို မအောက်မေ့ခြင်းသဘောသည်၊အမှန်ကို အောက်မေ့သော သမ္မာသတိ မည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌၊ အမှား၌ မတည်ခြင်း သဘောသည်၊ အမှန်၌ တည်သော သမ္မာသမာဓိ မည်၏။ ဤသို့ ဝိပဿနာ မှတ်သော စိတ် တချက်၌ မဂ္ဂင်ရှစ်ပါး တရားတို့သည်။ သဘောအားဖြင့် တပြိုင်နက် ပါဝင်ပြီးစီးပုံကို မှတ်ယူလေ။

ဒေသနာတော်အရပ်ရပ်၌ နိဗ္ဗာန်,မဂ်,ဖိုလ်သို့ ရောက်ရန်၊ ဝိပဿ နာတရားကို ဟောကြားရာ၌ မဂ္ဂင်ရှစ်ပါးသာ ဖြစ်လေ့ရှိ၏။ မဂ်ဉာဏ် ဖြစ်ပေါ်သောအခါ၊ သစ္စာလေးချက်သည် တပြိုင်နက် ပါဝင်ကြောင်း လာ၏။ထိုဒေသနာတော်များ အရဖြင့်၊အလုပ်ကိစ္စ၌ ပါဝင်ပြီးစီးပုံကို ပြဆိုခဲ့သော အဓိပ္ပါယ်သဘော ယူဆပုံနည်းများနှင့်၊ တသားတည်း ညီမျှကြောင်းကို ကောင်းစွာယုံကြည် သိမြင်အပ်လှ ပေတော့သည်။

ကျမ်းဂန်တို့၌ လာသော ဒေသနာ နည်းအားဖြင့် ရေးသားသျှင်၊ မဂ္ဂင် ရှစ်ပါးသည် များပြား၏။ ထို့အတူပင် ခန္ဓာငါးပါး, ပဋိစ္စ သမုပ္ပါဒ်တရားတို့သည်လည်း၊ လွန်စွာကျယ်ဝန်း များပြားကြကုန်၏။ ထို့ကြောင့် သရုပ်သဘောကိုပြသော ဒေသနာနည်းမျိုးကို မပြမဆိုဘဲ၊ အလုပ်ကိစ္စ၌ ပါဝင်သော သဘာဝလေးချက်သာ လိုရင်းပဓာနထား၍၊

သင့်ရာ ပါဠိတော်များက ထုတ်နုတ်ရေးသားလျက် ထင်ရှားသိမြင်ရန်ပေါ်လွင်အောင် ပြဆိုခဲ့ပေသတည်း။

**ယာ တထာဘူတဿ ဒိဋ္ဌိ၊**
**သာ'ဿ ဟောတိ သမ္မာဒိဋ္ဌိ။** ။ဥပရိပဏ္ဏာသပါဠိတော်။

တထာဘူတဿ၊ဟုတ်မှန်သည့်အတိုင်း။ ယာ ဒိဋ္ဌိ၊အကြင်မြင်ခြင်းသည်။ဟောတိ၊ဖြစ်၏။ သာ ဒိဋ္ဌိ၊ထိုမြင်ခြင်းသည်။အဿ၊မြင်သည်ကို မြင်သည်ဟု မှတ်သော ထိုပုဂ္ဂိုလ်အား။ သမ္မာဒိဋ္ဌိ၊အဆင်းကို အဆင်းဟု အမှန်မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော်သည်၊ ဝိပဿနာရှုမှတ်သော စိတ် တချက်၌၊ သဘာဝခမ္မဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်တပါး ပါဝင်ပြီးစီးပုံကို ပြတော်မူ၏။အဓိပ္ပါယ်ကား၊ မြင်သော အခိုက်၌ မြင်တယ်ဟု မှတ်လျှင်၊အမှန်ဖြစ်သော ပရမတ်အဆင်းမျှကိုသာ မြင်သိ၍ ၎င်းစိတ်ချုပ်ပျောက်၏။ ပုဂ္ဂိုလ်,သတ္တဝါ၊ယောက်ျား,မိန်းမ၊ခြေ,လက်,အင်္ဂါစသော သဏ္ဌာန်ဒြပ်, ပညတ်တွေကို ထိုစိတ်အကြိမ်၌ မမြင် မသိနိုင်တော့ပြီ ဆိုလိုသည်။

ဤအဓိပ္ပါယ်အတိုင်း မဂ္ဂင်ရှစ်ပါးကို တပါးစီ ခွဲခြမ်း၍၊ဝိပဿနာရှုမှတ်သော စိတ်တချက်၌၊မဂ္ဂင်ရှစ်ပါး တပြိုင်နက် ပါဝင်ပြီးစီးပုံကို၊ ဤ ဥပရိပဏ္ဏာသ ကျမ်း၌ပင်လျှင် အကျယ် ဟောန်၍ ပြတော်မူ၏။ အဓိပ္ပါယ်သဘောမှာ၊နောက်ကပြခဲ့သော နည်းအတိုင်းဖြစ်၍၊အကျယ်ကို မထုတ်ဘဲ မဂ္ဂင်ရှစ်ပါး၏ အချုပ်ကိုသာ ပြတော့မည်။ အလိုရှိပါလျှင် ကျမ်းရင်းကို ကြည့်ရှု၍၎င်း၊ သမ္မာဒိဋ္ဌိကို ပြသောပုဒ်၌ လိင်ဝုစ်ကို ပြင်၍၎င်း၊သိကြပါလေ။

**ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ**
**အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။** ။၎င်းပါဠိတော်။

ပုဗ္ဗေဝ ခေါ ပန၊မြင်သည်ကို မြင်သည်ဟု မှတ်ဆဲဖြစ်သော ခဏ၌ပင်လျှင်။ အဿ၊မြင်သည်ကို မြင်တယ်ဟု မှတ်သော ထိုပုဂ္ဂိုလ်အား။ ကာယကမ္မံ၊ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟူသော ကာယကံ ဒုစရိုက်သုံးပါးသည်။ သုပရိသုဒ္ဓေါ၊ ကောင်းစွာစင်ကြယ်တော့သည်။ဟောတိ၊ဖြစ်၏။ဝစီကမ္မံ၊မုသာဝါဒ,ပိသုဏာဝါစာ,

ဗရှသဝါစာ, သဗ္ဗပုလာဉပ-ဟူသော ဝစီကံ ခုစရိုက်လေးပါးသည်။ သုပရိသုဒ္ဓံ၊ ကောင်းစွာ စင်ကြယ်တော့သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊မိစ္ဆာအာဇီဝသည်။သုပရိသုဒ္ဓေါ၊ကောင်းစွာ စင်ကြယ်တော့သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** ။မျက်စိဖြင့် အဆင်းကို မြင်ဆဲခဏ၌၊ မြင်တယ်ဟု မှတ်သော စိတ်အတွင်း၌၊ ပါဏာတိပါတ စသော ကာယကံ သုံးပါးကို၊ ဖြစ်မှား လွန်ကျူးခြင်း မဖြစ်နိုင်ပြီ။ ထိုအတူ မုသာဝါဒ စသော ဝစီကံ လေးပါးကိုလည်း၊ ဖြစ်မှားနိုင်ရန် မရှိတော့ပြီ။ မိစ္ဆာအာဇီဝ အမှုကိုလည်း၊ ပြုလုပ်ခြင်း၌ါ မဖြစ်နိုင်ပြီ။ ထို့ကြောင့် မြင်သည်ကို မြင်တယ်ဟု မှတ်ရှုသော ဝိပဿနာ စိတ်တချက်၌၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဟူသော သီလက္ခန္ဓမဂ္ဂင်သုံးပါး၊ အာဇီဝဋ္ဌမက ခေါ်သော သီလတရားစုသည်၊ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးလေတော့၏ဟု ဆိုလိုသည်။

ဤ ဥပရိပဏ္ဏာသပါဠိတော်အရ၊ သီလက္ခန္ဓဖြစ်သော မဂ္ဂင်သုံးပါး ပါဝင်သည် ဆိုသဖြင့်၊ ပညာက္ခန္ဓဖြစ်သော မဂ္ဂင် ၂-ပါး၊ သမာဓိက္ခန္ဓဖြစ်သော မဂ္ဂင် သုံးပါးတို့သည်လည်း၊ တချက်တည်း ပါဝင်သွားကြောင်းကို ကောင်းစွာ သိမှတ်ပါလေ။ မဂ္ဂင်ရှစ်ပါး သရုပ် ဝေဘန်ပုံသည်၊ သီလကို ပြခဲ့သော အခဏ်း၌ ပါရှိလေပြီ။ သဘော ပါဂင်ပုံကိုလည်း ဤ မဂ္ဂင်ရှစ်ပါးအစ၌ ပြခဲ့လေပြီ။ မကွဲမပြား ရှိနေပါလျှင် ပြန်၍ ကြည့်ရှုကြပါလေ။ •

ယခုပြဆိုခဲ့သော ဥပရိပဏ္ဏာသ ပါဠိတော်၌ အာဇီဝဋ္ဌမက သီလသည်၊ဝိပဿနာကို ရှုမှတ်သော စိတ်တချက်၌ တပြိုင်နက် ပါဝင်သည်ဟု လာ၏။ ငါးပါးသီလ, ရှစ်ပါးသီလ များကဲ့သို့ အသီး အခြား တပါးစီ ဆောက်တည်ရသည်ဟု မလာပေ။ ၎င်းအဋ္ဌကထာနှင့်တကွ ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်တို့၌လည်း ဤအတူပင် ပြဆိုကုန်၏။ ထို့ကြောင့် အာဇီဝဋ္ဌမက သီလကို ခံယူ ဆောက်တည်မှု ပြုခြင်းသည်၊ ကျမ်းဂန်တို့နှင့် မညီညွတ်သဖြင့် အထူးပင် သတိပြုသင့် လှပေသည်။

မဂ္ဂင်၏ သဘောများကို မှတ်သားရန် ပြဆိုခြင်း ပြီး၏။

## စိတ်တချက်တွင် မဂ္ဂင်ရှစ်ပါး ပါဝင်ပုံကို ပြဆိုခြင်း

**ဧဝံ၊ မဿာ၊ယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ**
**ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ ။**

ဧဝံ၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း။ အဿ၊မြင်သည်ကို မြင်သည်ဟု မှတ်သော ထိုပုဂ္ဂိုလ်အား။ အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသော။ အရိယော၊ ဖြူစင်မြင့်မြတ်သော။အယံမဂ္ဂေါ၊မြင်သည်ကို မြင်သည်ဟု မှတ်သော ဝိပဿနာ စိတ်တချက် တပြိုင်နက် ပါဝင်ပြီးစီးသော ဤမဂ္ဂင်တရားအပေါင်းသည်။ ဘာဝနာပါရိပူရိံ၊ ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။

**အဓိပ္ပါယ်ကား။** ။အထက်၌ ပြဆိုခဲ့သောအတိုင်း မြင်သည်အခိုက်၊ မြင်တယ်ဟု မှတ်လျှင် မြင်ခါမျှ ဖြစ်သော ပရမတ်ကိုသာ သိ၏။ထိုသို့ ပရမတ်ကိုသာ မြင်ခြင်း,သိခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၍၊ ၎င်း သမ္မာဒိဋ္ဌိ မဂ္ဂင်၌ သမ္မာသက်ပ္ပစသော မဂ္ဂင် ၇-ပါး တို့သည်လည်း သဘော အားဖြင့် ပါဝင်ပြီးစီး၍၊ဤသို့ မှတ်ခြင်းသည် မဂ္ဂင်ရှစ်ပါးဖြင့် ပြီးသော ဝိပဿနာ ဘာဝနာတရားတို့ကို၊ ပွားများခြင်း,အားထုတ်ခြင်း, ပြည့်စုံခြင်းသို့ ရောက်လေတော့၏ဟု ဆိုလိုသည်။

မြင်သည်ကို မြင်တယ်ဟု မှတ်သော ဝိပဿနာစိတ်တချက်၌၊မဂ္ဂင် ရှစ်ပါး တပြိုင်နက် ပါဝင်ပြီးစီးသဖြင့်၊ ကြားလျှင် ကြားတယ်,နံလျှင် နံတယ်,ကွေးလျှင် ကွေးတယ်, ဆန့်လျှင် ဆန့်တယ် စသည်ဖြင့် မှတ်သော ဝိပဿနာ စိတ်တချက် တချက်ဘို့၌လည်း၊ အသီးအသီး မဂ္ဂင် ရှစ်ပါးစီပင် ပါဝင်ပြီးစီးကြလေတော့သည်။

မဂ္ဂင်ရှစ်ပါးဟူသည်၊အချုပ်အားဖြင့် သီလ,သမာဓိ,ပညာ သုံးပါး သာရှိ၏။ ထိုသုံးပါးတို့တွင်၊ သမ္မာဒိဋ္ဌိခေါ်သော ပညာသည် ရှေ့သွား ဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်လျှင်၊ ကြွင်းသော တရားတို့သည်လည်း လိုက်ပါ ကုန်၏။ သမ္မာဒိဋ္ဌိသည်၊ မီးရထား ခေါင်းတွဲနှင့် တူ၏။ သမ္မာသက်ပ္ပ စသောမဂ္ဂင်တို့သည်၊နောက်တွဲရထားနှင့်တူ၏။ခေါင်းတွဲသွားလျှင်၊နောက် တွဲရထားတို့လည်း လိုက်ပါကုန်၏။ ဤ ဥပမာအတိုင်းပင်၊ မဂ္ဂင်ရှစ်ပါး၏ အဓိပ္ပါယ်သဘောများကို မှတ်သားပါလေ။

ယခု ပြဆိုခဲ့သော ဒေသနာတော် များနှင့်၊ ဥပမာ, ဥပမေယျ အဓိပ္ပါယ်သဘော ယူဆပုံများကဲ့သို့၊မြတ်စွာဘုရားသည် သမဏနတ်

သားအား မဂ္ဂင် ၅စ်ပါးကို ဟောကြားတော်မူ၏။ သမဏနတ်သားသည်၊ ရဟန်း အဖြစ်နှင့် ဝိပဿနာကို အားထုတ်ဆဲတွင် စုတေ၍၊ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအခါ နတ်သားဟူ၍ မထင်ဘဲ၊ ရဟန်းဟု မှတ်လျက် စက္ခုန္ဒြေကိုချ၍၊ တရားအားထုတ် သကဲ့သို့ပင် ထိုင်နေလေ၏။ နတ်သမီးများ စကားပြောဆိုသံကို ကြားရာ၌၊ ဥပုသ်နေ့ ဖြစ်၍ တကာမများကျောင်းကို လာကြသည်ဟု မှတ်ထင်၍၊ ပလ္လင်ခွေ လျက်ပင် ထိုင်နေလေသည်။

ထိုအခြင်းအရာကို နတ်သမီးများရိပ်မိ၍၊ နတ်သား၏ရှေ့၌ မှန်ကြီးကို ထိုးပြလိုက်သဖြင့်၊ မျက်နှာရိပ်ကိုမြင်မှ မိမိ ရဟန်းမဟုတ်မှန်း ရဟန်းဘဝက စုတေ၍ နတ်ပြည်သို့ ရောက်မှန်းသိလေ၏။ ထိုအခါ သမဏနတ်သားသည်၊ နတ်သမီးများကိုပင် မြေဘုတ်ဘိလူးမအသွင် ထင်မြင် လန့်ကြောက်၍၊ မြတ်စွာဘုရားထံသို့ သွားပြီး နိဗ္ဗာန် လမ်းခရီးများကို လျှောက်ထားလေရာ၊ မဂ္ဂင်၅စ်ပါးကို ယာဉ်ရထား ဥပမာဖြင့် ဟောကြားတော်မူသည်။

ဥဇုကောနာမ သော မဂ္ဂေါ၊ အဘယာနာမ သာဒိသာ။
ရထော အကူဇနောနာမ၊ ဓမ္မစက္ကေဟိ သံယုတော။
ဟိရီ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။

ဒေဝပုတ္တ၊ နတ်သား။ သော မဂ္ဂေါ၊ ထိုမဂ္ဂင်၅စ်ပါးတည်းဟူသော ခရီးလမ်းသည်ကား။ ဥဇုကောနာမ၊ မမှားမထောင့် ဖြောင့်မတ်သော လမ်းခရီးမည်၏။ သာဒိသာ၊ ထိုနိဗ္ဗာန်တည်းဟူသော အရပ်သည်ကား။ အဘယာနာမ၊ ငြိမ်းအေးချမ်းသာခြင်း ဘေးရန်ကင်းသော အရပ် မည်၏။ ရထော၊ မဂ္ဂင်၅စ်ပါးတည်းဟူသော ယာဉ်ရထားသည်ကား။ အကူဇနောနာမ၊ မပျက်မစီး မကျိုးမပြည်နိုင်သော ရထားမည်၏။ ဓမ္မစက္ကေဟိ၊ ကာယိက ဝိရိယ, စေတသိက ဝိရိယတည်းဟူသော ရထား တို့နှင့်။ သံယုတော၊ ခိုင်မြဲစွာတပ်ယှဉ်၍ ထားအပ်သည်လည်းဖြစ်၏။ ဟိရီ၊ မကောင်းမှု အကုသိုလ်တရား အပါယ်လေးပါးသို့ လားမြခြင်း တို့မှ၊ ရှက်တတ်, ကြောက်တတ်သော ဟိရိဩတ္တပ္ပတရား နှစ်ပါးသည်၊ တဿ၊ ထိုမဂ္ဂင်၅စ်ပါးတည်းဟူသော ယာဉ်ရထား၏။ အပါလမ္ဗော၊ မှီရာတံကဲမည်၏။ သတိ၊ ရုပ်,နာမ်သင်္ခါရတရားတို့၏ အဖြစ်အပျက်ကို

မှတ်ခြင်း သတိတရားသည်။ အဿ၊ ထိုမဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထား၏။ ပရိဝါရတာံ၊ ဒွိမိရံတိုင်မည်၏။ သမ္မာဒိဋ္ဌိ ပုရေဇဝံ၊ ရုပ်, နာမ်တို့၏ အဖြစ်အပျက်ကို ရှုမှတ်သော၊ ဝိပဿနာ သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော၊ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိကို၊ သာရထိ၊ ရထားထိန်း ဟူ၍၊ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။

**လိုရင်းအဓိပ္ပါယ်ကား။** ။နတ်သား လျှောက်သော အမေးနှင့် လျော်စွာ၊ ရုပ်,နာမ် သင်္ခါရ တရားတို့၏ ချုပ်ငြိမ်း အေးချမ်းရာ ဖြစ်သော နိဗ္ဗာန်သည်၊ ဘေးရန်မရှိသော အရပ်မည်၏။ မဂ္ဂင်ရှစ်ပါးသည်၊ ထိုနိဗ္ဗာန်သို့သွားသော လမ်းဖြောင့်,လမ်းမှန်မည်၏။ တဘန် သမ္မာဒိဋ္ဌိ အမှူးရှိသော မဂ္ဂင်ရှစ်ပါးသည်၊ မပျက်မစီးနိုင်သော နိဗ္ဗာန်သို့သွားရန် ယာဉ်ရထား မည်၏ ဟူ၍ ဥပမာစကားဖြင့် အကျဉ်းမျှ ဟောကြားတော်မူသည်။

ထိုနောက် ဤမဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းခရီး ယာဉ်ရထားဖြင့် သွားပါလျှင်၊ မိန်းမဖြစ်စေ,ယောကျ်ားဖြစ်စေ မည်သူမဆို ဘေးရန်ခပ်သိမ်းတို့ ကင်းငြိမ်းအေးမြရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးသို့၊ လျင်မြန်စွာ ပေါက်ရောက်နိုင်ကြောင်းကို ထပ်မံ၍ ဟောကြားတော်မူပြန်လေသည်။

**ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။**
**သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။**

ယဿ၊ ဣတ္ထိယာဝါ၊ အကြင်မိန်းမအားလည်းကောင်း။ ယဿ ပုရိသဿဝါ၊ အကြင်ယောကျ်ားအားလည်းကောင်း။ ဧတာဒိသံ၊ ဤသို့သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထားသည်။ အတ္ထိ၊ ရှိကြသည် ဖြစ်အံ့။ သ-သော ဣတ္ထိပုရိသော၊ ထိုမိန်းမ,ယောကျ်ား လူအများသည်။ ဝေ ဧကန္တေန၊ မချဧကန် အမှန်စင်စစ် အားဖြင့်။ ဧတေန ယာနေန၊ ဤ မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ရထားဖြင့်။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန် ရွှေပြည်ကြီးသို့ သာလျှင်။ သန္တိကေ၊ လျင်မြန် ထုတ်ခြောက် ဖြောင့် ဖြောင့်ကြီး ပေါက်ရောက်နိုင်လေတော့သတည်း။

မဂ္ဂင်ရှစ်ပါး ပါဝင်ပုံကို ပြဆိုခြင်းပြီး၏။

## သစ္စာလေးတန်ကို ဝေဘန်၍ပြဆိုခြင်း

**သစ္စာနီတိ စတ္တာရိ သစ္စာနိ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စန္တိ။**

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

သစ္စာနီတိ၊ အမှန်ဖြစ်သော သစ္စာတရားတို့ ဟူသည်ကား။ ဒုက္ခံ အရိယသစ္စံ၊ ဆင်းရဲအမှန်ဖြစ်သော အရိယာတို့၏တရားရင်း။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဆင်းရဲအမှန်ကို ဖြစ်စေတတ်သော အရိယာတို့၏ တရားရင်း။ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန် ဖြစ်သော အရိယာတို့၏ တရားရင်း။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်မှန် ဖြစ်သော အရိယာတို့၏ တရားရင်း။ ဣတိ၊ ဤသို့။ သစ္စာနိ၊ အမှန်တရားတို့သည်။ စတ္တာရိ၊ လေးပါးတို့ပေတည်း။

**သစ္စာဟူသည်ကား၊** အမှန်တရားကို ဆို၏။ ထိုအမှန် ဖြစ်သော သစ္စာတရားတို့သည်၊ သမုတိသစ္စာ, ပရမတ္ထသစ္စာ, သဘာဝသစ္စာ, အရိယသစ္စာဟူ၍ အချုပ်အားဖြင့် လေးပါးရှိ၏။ ထိုလေးပါးတို့တွင်၊ အရိယသစ္စာ တပါးကိုသာလျှင် ဤအရာ၌ အလိုရှိအပ်ပေသည်။ ၎င်း အရိယသစ္စာသည် သရုပ်အားဖြင့်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူ၍ လေးပါးအပြားရှိ၏။ ဤ သစ္စာလေးပါးသည်၊ အရိယာပုဂ္ဂိုလ်တို့သာ သိအပ်, သိထိုက်, သိနိုင်, မြင်နိုင် သောကြောင့် အရိယသစ္စာမည်၏။ တနည်း အားဖြင့်မူကား၊ အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်မျိုးကို ပြုတတ်သောကြောင့်လည်း၊ အရိယသစ္စာမည်၏။

ဆင်းရဲအမှန်ဖြစ်သော တရား၊ ဆင်းရဲအမှန်ကို ဖြစ်စေတတ်သော တရား၊ ဆင်းရဲငြိမ်းရာ အမှန်ဖြစ်သော တရား၊ ဆင်းရဲငြိမ်းရာ အမှန်သို့ ရောက်ကြောင်း ဖြစ်သောတရား-ဟူ၍ခေါ်၏။ တရားဖြောင့်,တရားမှန် လေးပါးဟု ဆိုလိုသည်။ ဤအမှန်လေးပါးဟူသော သစ္စာတရားသည်၊ သရုပ်အားဖြင့် ကွဲပြား သော်လည်း၊ သဘောအားဖြင့် စိတ်တချက်၌ တပြိုင်နက် ပါဝင်သည် ဆိုသောကြောင့်၊ ကွေးလျှင် ကွေးတယ်ဟု မှတ်သော ဝိပဿနာစိတ်တချက်၌ တပြိုင်နက်ပြီးစီးနိုင်၍၊ ကွေးတယ်, ဆန့်တယ်စသည်ဖြင့် ဝိပဿနာရှုမှတ်သော စိတ်တချက်တချက်သည်၊

သတ္တာလေးပါးကို ပွားများသည်၊ သတ္တာလေးပါးကို ရှုမှတ်သည်၊ သတ္တာလေးပါးကို အားထုတ်သည်၊ သတ္တာအလုပ်ကို လုပ်သည်ဟု ဆိုရလေသည်။

ကျမ်းဂန်တို့၌ဆိုသော ဒေသနာ နည်းများမှာ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းဟု လာရှိသဖြင့်၊ တရားကို အားထုတ်သော အလုပ်ကိစ္စ၌၊ တခုစီခွဲခြမ်း၍ ပြုလုပ်ရမည်ကဲ့သို့ မှတ်ထင်တတ်လေသည်။

ဤသို့လာရှိသော ဒေသနာနည်းမျိုးသည်၊သဘာဝဖြစ်သော သစ္စာတို့၏ ကိစ္စကိုသာ ပြတော်မူ၏၊ ဝိပဿနာ အလုပ်ကိစ္စ၌ အသုံးပြုရန် မဟုတ်ပေ။သို့ကြောင့် တရားကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဒေသနာနည်းအတိုင်း မလိုက်ဘဲ၊ သဘောမျှကိုသာ မှတ်ယူအပ်ပေသည်။

သဘောအားဖြင့် ပါဝင်ပြီးစီးသွားပုံမှာ၊ကွေးသောအခိုက်၌ ကွေးတယ်ဟု မှတ်သော ဝိပဿနာစိတ် တချက်ဖြစ်၏။ ဤသို့ မှတ်ရာ၌ ကွေးခြင်းရုပ်သဘော,မှတ်ခြင်း သညာသဘောသည်၊ ဒုက္ခသစ္စာမည်၏။ ကွေးခြင်း,မှတ်ခြင်း သဘော ဖြစ်ပေါ်လာအောင်၊ ကွေးမယ်ဟု အားထုတ်ခြင်း စေတနာနှင့်တကွ ဖြစ်သော လောဘ သဘောသည်၊ သမုဒယသစ္စာ မည်၏။ ကွေးတယ်ဟု မှတ်သောအခါ၊ ကွေးတာကို သိ၏၊ဤသို့ သိခြင်းပညာ ဖြစ်ပေါ်သောခဏ၌၊ မသိခြင်း မောဟမဖြစ်နိုင်။ ထိုသို့ မောဟမဖြစ်လျှင်၊ မောဟနှင့်တကွ ဖြစ်သော အကုသိုလ်တရားတို့ ချုပ်ငြိမ်းပျောက်ပျက်နေ၏။ ဤသို့ မောဟစသည်တို့ မဖြစ်ဘဲ ချုပ်ငြိမ်း ပျောက်ပျက်နေခြင်း သဘောသည်၊ နိရောဓသစ္စာ မည်၏။ ကွေးတယ်ဟု မှတ်၍ ကွေးတာကို သိခြင်းပညာ သဘောသည်၊ မဂ္ဂသစ္စာမည်၏။ ဤသို့ ဝိပဿနာရှုမှတ်သော စိတ်တချက်၌ သစ္စာလေးပါးတို့သည်၊ သဘောအားဖြင့် တပြိုင်နက် ပါဝင်သွားပုံကို ယုံကြည်စိတ်ချ၍ မှတ်ယူကြပါလေ။

ဤသဘော ယူဆပုံနည်း၌၊ ဒုက္ခသစ္စာ,မဂ္ဂသစ္စာ ၂-ပါးမှာ၊ ထင်ရှားသိသာ၏။ သမုဒယသစ္စာ,နိရောဓသစ္စာ ၂-ပါးမှာ၊ သဘောကျရန် ခဲယဉ်း၍ ယောင်မှားတတ်၏။ ထို့ကြောင့် ဗုဒ်းသမုဒယ,နိရောဓ

သစ္စာ ၂-ပါး သဘောသွားကို ထင်ရှားသိလွယ်အောင် အနည်းငယ် ပြဆိုပေအံ့။

**ဒုက္ခသစ္စံ အိက္ခေ၀ သမုဒယနိဒါနံ။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခသစ္စံ၊ဆင်းရဲစင်စစ်အမှန်ဖြစ်သော ဒုက္ခသစ္စာတရားသည်။သမုဒယ နိဒါနံ၊သာယာစုံမက် နှစ်သက်တွယ်တာသော အာသာဆန္ဒ, လောဘ တဏှာဟူသော သမုဒယသစ္စာကြောင့်သာလျှင်ဖြစ်ပေါ်၍လာလေ၏။

ဤဒေသနာတော်အရဖြင့် ဒုက္ခသစ္စာ ဟူသည်၊ သမုဒယ သစ္စာ ကြောင့် ဖြစ်သည်ဟု ဆို၏။ သဘောကိုပြရာ၌ ကွေးခြင်းသည်၊ ဒုက္ခ သစ္စာမည်၏ ဆိုသည်။ ကွေးခြင်းသဘောသည် ရုပ်တရားဖြစ်၏။ ရုပ် တရားသည်၊ သစ္စာလေးပါးတွင် ဒုက္ခသစ္စာ ပေတည်း။ ကွေးခြင်း အမူအရာသဘောကို ဒုက္ခသစ္စာဟု ဆိုလျှင်၊ သမုဒယကြောင့် ဒုက္ခဖြစ် သည် ဆိုသဖြင့်၊ ကွေးမယ်ဟု အားထုတ်ခြင်းဖြစ်သော ကွေးလိုသော အမူအရာသဘောကို၊ သမုဒယသစ္စာဟု ပြခဲ့သော သဘော ယူဆပုံ များ၌၊ ယုံကြည် သဘောကျသင့်လှပေသည်။ နိရောဓသစ္စာခေါ်သော နိဗ္ဗာန်ကိုပြရာ ပုဒ်တို့တွင်၊ ရာဂက္ခယော,ဒေါသက္ခယော, မောဟက္ခ ယောဟူသော ပုဒ်များသည် ပါဝင်၏။ ထိုပုဒ်တို့၏ အဓိပ္ပါယ်မှာ၊ ရာဂကုန်ရာ မရှိရာသည် နိဗ္ဗာန် မည်၏။ ဒေါသကုန်ရာ မရှိရာသည် နိဗ္ဗာန်မည်၏။ မောဟကုန်ရာ မရှိရာသည် နိဗ္ဗာန်မည်၏ဟု မချွတ်ကန် အမှန် ဆိုပေသည်။

သဘောကို ပြရာ၌၊ ကွေးတာကိုသိသော ဉာဏ်ဖြစ်နိုက်၌၊ မောဟ မဖြစ်ခြင်းသဘောကို နိရောဓသစ္စာဟု ဆိုခဲ့၏။ မရှိခြင်း, ကုန်ခြင်း, ပျောက်ခြင်း,မဖြစ်ခြင်းဟူသော စကားများသည် အတူတူပင်ဖြစ်ကြ ၏။ထို့ကြောင့် မောဟစသော ကိလေသာတို့ မဖြစ်ခြင်းသဘောမျှကို၊ နိရောဓသစ္စာဟု ပြဆိုခဲ့သော သဘော ယူဆပုံများ၌လည်း၊ တသား တည်း ညီပေသည်ဟု ယုံကြည် သဘောကျသင့်လှပေတော့သည်။

ယခုပြဆိုခဲ့သော ဝိပဿနာစိတ်တချက်၌၊ သစ္စာလေးပါး တပြိုင် နက် ပါဝင်ယူဆသော နည်းမျိုးသည်၊ ဝိပဿနာရှုဆဲ အခါ၌ မှတ် သားလွယ်စေရန်၊လောကီဉာဏ်ဖြင့်ပယ်သော တဒင်္ဂပဟာန် သဘော မျိုး မျှသာ ဖြစ်သေး၏။ ဝိပဿနာဉာဏ် ရင့်သန်လာသဖြင့်၊ လော ကုတ္တရာမဂ်ဉာဏ် ဖြစ်ပေါ်လာသော အခါမှ၊ သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်နိုင်လေသည်။

၎င်း အဓိပ္ပါယ် သဘောမျိုးပင်လျှင်၊ စိတ်တချက်၌ သစ္စာလေးပါး တပြိုင်နက် ပါဝင်သည်ကို အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်။

**ဣဓာပိ စတုဣရိယာပထပရိဂ္ဂါဟိကာ သတိ ဒုက္ခသစ္စံ၊**
**တဿာ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊**
**ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ၊ ဒုက္ခပရိဇာနနော သမုဒယ**
**ပဇဟနော နိရောဓာရမ္မဏော အရိယမဂ္ဂေါ မဂ္ဂသစ္စံ၊**
**ဧဝံ စတုသစ္စဝသေန ဥဿက္ကိတွာ နိဗ္ဗုတိံ ပါပုဏာတိ။**

(သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသံယုတ်အဘွင့်)

ဣဓာပိ၊ ဤ ဣရိယာပထပဗ္ဗ၌လည်း။ စတုဣရိယာပထပရိဂ္ဂါဟိကာ၊ ဣရိယာပုထ် ၄-ပါး၌ တပါးပါးကို ရှုမှတ်သော။ သတိ၊ သတိသည်။ ဒုက္ခသစ္စံ၊ ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဒုက္ခသစ္စာ မည်၏။ တဿာ၊ ထိုမှတ်ခြင်း သတိကို။ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော။ ပုရိမတဏှာ၊ ရှေးနှုဖြစ်သော လောဘသည်။ သမုဒယသစ္စံ၊ ဆင်းရဲအမှန်ကို ဖြစ်စေတတ်သော သမုဒယသစ္စာ မည်၏။ ဥဘိန္နံ၊ ဒုက္ခ,သမုဒယ ဟူသော သစ္စာ ၂-ပါးတို့၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ နိရောဓသစ္စံ၊ ချုပ်ငြိမ်းရာအစစ် အမှန်ဖြစ်သော နိရောဓသစ္စာမည်၏။ ဒုက္ခပရိဇာနနော၊ ဆင်းရဲ အမှန်ကို သိသော။ သမုဒယ ပဇဟနော၊ ဆင်းရဲအမှန် ဖြစ်စေတတ်သည်ကို ပယ်သော။ နိရောဓာရမ္မဏော၊ ဆင်းရဲ ချုပ်ရာ နိရောဓသစ္စာကို အာရုံပြုသော။ အရိယမဂ္ဂေါ၊ အရိယာမဂ်သည်။ မဂ္ဂသစ္စံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သို့ရောက်ရန် အကျင့်မှန်ဖြစ်သော မဂ္ဂသစ္စာမည်၏။ ဧဝံ၊ ဤသို့။ စတုသစ္စဝသေန၊ သစ္စာ ၄-ပါးတို့၏ အစွမ်းအားဖြင့်။ ဥဿက္ကိတွာ၊ အဆင့်ဆင့် သစ္စာထင်ပုံ ဉာဏ်ဖြင့် ထိခအောင် မြင်၍။ နိဗ္ဗုတိံ၊ ဆင်းရဲ ခပ်သိမ်းတို့၏ ချုပ်ငြိမ်း အေးမြရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏာတိ၊ ရောက်နိုင်လေ သတည်း။

ဤအဋ္ဌကထာ စကားအရ၊ ဣရိယာပုထ်ကို မှတ်သော သတိသည်၊ ဒုက္ခသစ္စာမည်၏ဟု ဆိုသောလည်း။ နောက်ကပြခဲ့သော သတိပဋ္ဌာန် ရှုမှတ်ပုံ အတိုင်း၊ ကွေး,ဆန့်,မြင်,ကြားသော အမူအရာတို့ကို ရှုမှတ်သော စိတ်တချက်တချက် တို့၌လည်း၊ ၎င်းဣရိယာပထပဗ္ဗ ကဲ့သို့ပင်၊ သစ္စာလေးပါး ပါဝင်သည်ဟု ယုံကြည်စွာ မှတ်ယူပါလေ။

သစ္စာ ၄-တန်ကို ဝေဘန်၍ ပြဆိုခြင်းပြီး၏။

## စိတ်တချက်၌ သစ္စာ ၄-ချက် ပါဝင်သည်ကို ပြဆိုခြင်း

ယခုပြဆိုခဲ့သော နည်းအရ၊ဝိပဿနာ စိတ်တချက်၌ သစ္စာ ၄-ပါး တပြိုင်နက် ပါဝင်ပုံကို အကျဉ်းချုပ် နှုတ်၌ ဆောင်ယူ၍ လွယ်ကူစေရန်မှာ၊ (ကွေးတာ-ဒုက္ခသစ္စာ၊ ကွေးချင်တာ-သမုဒယသစ္စာ၊ ကွေးတာသိသဖြင့် မသိတဲ့မောဟ ချုပ်ဘာ-နိရောဓသစ္စာ၊ ကွေးတယ်သိတာ-မဂ္ဂသစ္စာ) ဤသို့ အကျဉ်းအားဖြင့် မှတ်သားလေ့လာပါလေ။

ကျမ်းဂန်တို့၌၊ **မဂ္ဂါဘိညာ သကိံ မတာ-ဟု** လာရှိ ကုန်၏။ မဂ်ဇော,မဂ်စိတ်၊ အဘိညာဉ်ဇော, အဘိညာဉ် စိတ်တို့မည်သည်၊ တကြိမ်တည်းသာ ဖြစ်ကုန်သည်ဟု ဆို၏။မဂ်စိတ် တကြိမ်ဖြစ်သည်၌၊ သစ္စာလေးချက်သည်လည်း တပြိုင်နက် ပါဝင်သည်ဟု ဆို၏။ သစ္စာလေးပါးဟူသည်၊ လောကုတ္တရာမဂ်၏ ကိစ္စလေးချက် ပေတည်း။

ဤသို့ ကိစ္စ ၄-ချက် ပြီးစီးသည် ဆိုရာ၌၊ ပြီးစီးပုံ ၄-ချက် ဟူသည်၊ သစ္စာဉာဏ် ၄-ချက်၊ ကိစ္စဉာဏ် ၄-ချက်၊ ကတဉာဏ် ၄-ချက်ဟူ၍ သုံးပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်၊လောကုတ္တရာ မဂ်ဉာဏ် ဖြစ်ပေါ်လာသော မဂ္ဂဝီထိ၌၊ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ-ဟု စိတ်အစဉ် လေးပါးကိုမှတ်။ ၎င်းစိတ်အစဉ် လေးပါးတို့တွင်၊ပရိကံသည်-ဖြစ်ချုပ်သမျှ ဒုက္ခဟု သိ၏။ ဥပစာသည်-သိသော သဘော မဂ်ဟု သိ၏။အနုလုံသည်-သိသောသဘော မသိပျောက် သမုဒယပယ်ဟု သိ၏။ ဂေါတြဘူသည်-မသိပျောက်ခြင်းကြောင့် ဖြစ်ချုပ်ခြင်း အကျိုးကင်း နိဗ္ဗာန်ဟု သိ၏၊ ဤသို့ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဉာဏ် ၄-ပါးသည်၊သစ္စာဉာဏ်လေးချက် မည်၏။

မဂ်ဉာဏ်သည် တဉာဏ်တည်းပင် ဖြစ်သော်လည်း၊ ဒုက္ခသစ္စာကို ပိုင်းခြားသော ပရိညာကိစ္စ၊ သမုဒယသစ္စာကို ပယ်သော ပဟာနကိစ္စ၊ မဂ္ဂသစ္စာကို ပွားသော ဘာဝနာကိစ္စ၊ နိရောဓ သစ္စာကို မျက်မှောက်ပြုသော သစ္ဆိကြိယာကိစ္စ၊ ၎င်းကိစ္စ ၄-ပါး တပြိုင်နက် ဖြစ်ကြ၏။ ဤသို့ ပရိညာကိစ္စဉာဏ်၊ပဟာနကိစ္စဉာဏ်၊ ဘာဝနာကိစ္စဉာဏ်၊ သစ္ဆိကြိယာကိစ္စဉာဏ် ၄-ပါးသည်၊မဂ်ကိစ္စ ၄-ချက်မည်၏။

ဒုက္ခသစ္စာကို ပိုင်းခြားပြီး၊ သမုဒယသစ္စာကို ပယ်ပြီး၊မဂ္ဂသစ္စာကို ပွားပြီး၊နိရောဓသစ္စာကို မျက်မှောက်ပြုပြီးဟု၊မဂ်,ဖိုလ်၏ နောက်၌ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ၄-ပါးသည်၊ကတဉာဏ် ၄-ချက်မည်

၏။ ဤသို့ တမဂ်, တမဂ်၌ သစ္စာဉာဏ် ၄-ချက်၊ ကိစ္စဉာဏ် ၄-ချက်၊ ကတဉာဏ် ၄-ချက်အားဖြင့် ၃-ပါး အပြား ရှိသည် ဖြစ်၍၊ ဉာဏ် သရုပ် အားဖြင့် ၁၂-ပါး အပြားရှိ၏ဟု မှတ်ယူပါလေ။

ဤ ကတဉာဏ် အရာသည်၊ သရုပ်အားဖြင့်ရှိ၍ ရသင့်သည်ကိုသာ ပြဆိုခြင်းဖြစ်၏။ **ပစ္စဝေက္ခတိဝါ နဝါ**-ဟုသဗ္ဗိုဟ်၌ မိန့်ဆိုသဖြင့်၊ ပယ်ပြီး, မပယ်သေးသော ကိလေသာ တို့ကို မှုကား၊ ဆင်ခြင်သော ပစ္စဝေက္ခဏာစိတ် ဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်လည်း ရှိ၏ဟု အမိပ္ပါယ်ရသည်။

သဗ္ဗိုဟ်၌၊ ပစ္စဝေက္ခဏာ မဆင်ခြင်သော ပုဂ္ဂိုလ်အချို့ရှိ သည်ဟု ဆိုသော်လည်း ရှင်ဗုဒ္ဓဃောသ အဋ္ဌကထာ၌ အချို့မှာ ပယ်ပြီး ကိလေ သာကို ဆင်ခြင်၏။ အချို့မှာ ကြွင်းသော ကိလေသာကို ဆင်ခြင်၏။ အချို့မှာ မဂ်ကိုသာ ဆင်ခြင်၏။ အချို့မှာ ဖိုလ်ကိုသာ ဆင်ခြင်၏။ အချို့ မှာ နိဗ္ဗာန်ကိုသာ ဆင်ခြင်၏။ မဂ်ကိုရသော ပုဂ္ဂိုလ်မှန်လျှင် တပါးကို သော်၎င်း၊ နှစ်ပါးကိုသော်၎င်း၊ သုံးပါး, လေးပါးကိုသော်၎င်း ဆင်ခြင် ရမည်။ အယုတ်ဆုံးအားဖြင့် တပါးကိုမျှ ဆင်ခြင်ခြင်းမပြုသော မဂ်, ဘူ၍ မဖြစ်သင့်ဟု မိန့်ဆိုတော်မူသဖြင့်၊ သရုပ် အရေအတွက် ရှိသော် သည်း၊ ပုဂ္ဂိုလ်တိုင်းမရ, ပုဂ္ဂိုလ်တိုင်း မဖြစ်ဟူ၍ မှတ်ယူအပ်ပေသည်။

မဂ်စိတ်တချက်၌၊ သစ္စာ ၄-ပါးဟု ခေါ်သော ကိစ္စ ၄-ချက်တို့ တပြိုင်နက် ပြီးစီးပုံမှာ၊ မှောင်မိုက်နေသော တိုက်ခန်း၌ ဆီမီးညှိထွန်း သည်နှင့်တူ၏။တူပုံကား၊ မှောင်မိုက်နေသော တိုက်ခန်း၌ ဆီမီးညှိထွန်း လိုက်သည်နှင့်တပြိုင်နက်၊ ဆီမီးစာ စွဲလောင်ခြင်းကိစ္စ၊ မီးတောက် ခြင်းကိစ္စ၊ မှောင်ပျောက်ခြင်းကိစ္စ၊ အလင်းရောင် ဖြစ်ပေါ်ခြင်းကိစ္စ၊ ဤ ၄-ကိစ္စသည် တပြိုင်နက် တချက်တည်းပြီးစီးလေ၏။

ထို့အတူ မဂ်ကိစ္စဖြစ်ပေါ်ရာ၌၊ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ၊သမု ဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စ။ ဤ လေးပါးသော ကိစ္စသည်၊ တပြိုင်နက် တချက်တည်း ပြီးစီးလေတော့၏။ ဥပမာနှင့် ဥပမေယျကို စပ်ယှဉ်၍ ထင်မြင်အောင် သဘောသွားကို မှတ်သားသိရှိကြပါလေ။

မဂ္ဂဝီထိ၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ပြဆိုခဲ့သော အစဉ်သည်၊ပထမ သောတာပတ္တိမဂ်၏ အစဉ်ဖြစ်၏။ အထက်မဂ်များ မှာ၊ ဂေါတြဘူနေရာ၌ ဝေါဒါန်ဟု ပြောင်းလွဲ၍ဆိုလေ။ သစ္စာဉာဏ်,

ကိစ္စဉာဏ်, ကတဉာဏ်များ၏ဖြစ်ပုံ အစီအစဉ်မှာ၊ သောတာပတ္တိမဂ်၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင် မှတ်ယူပါလေ။ ဤ နေရာ၌ နောက်က ပြဆိုခဲ့သော ရုပ်,နာမ်နှစ်ပါး,ခန္ဓာငါးပါး,သစ္စာလေးပါးတို့ ဝိပဿနာ စိတ်တချက်၌၊ တပြိုင်နက် ပါဝင်ပြီးစီးကြပုံကို နှုတ်ငုံ အရဆောင်လွယ်,မှတ်လွယ် စေခြင်းငှါ၊အကျဉ်းချုံး ပေါင်းရုံး၍ ပြဆိုပေအံ့။

**ကြွေးတာ-ရုပ်၊ ကြွေးချင်တာ-နာမ်၊ ဆန္ဒတာ-ရုပ်၊ ဆန္ဒချင်တာ-နာမ်၊** ဤသို့ စသည်ဖြင့် လောကခါတ်တခုလုံးသည်၊ရုပ်,နာမ် နှစ်ပါးသာရှိ၏။ ရုပ်,နာမ် နှစ်ပါးမှ လွတ်သော တရားမရှိဟု ပြောဆိုနေကြသော စကားနှင့် ထောက်ထား ဆင်ခြင်၍ နှိုင်းယှဉ် သိရှိကြပါလေ။ ဤကား ရုပ်,နာမ်နှစ်ပါးတို့၏ သဘောတည်း။

**ကြွေးတာ-ရူပက္ခန္ဓာ၊ကြွေးလို့ ကောင်းတာ,မကောင်းတာ-ဝေဒနာက္ခန္ဓာ၊ ကြွေးတယ်မှတ်တာ-သညာက္ခန္ဓာ၊ ကြွေးမယ် အားထုတ်တာ-သင်္ခါရက္ခန္ဓာ၊ ကြွေးတယ်သိတာ-ဝိညာဏက္ခန္ဓာ၊** ဤသို့ စသည်ဖြင့် လောကခါတ်တခုလုံးသည်၊ခန္ဓာငါးပါးရှိ၏။ ခန္ဓာငါးပါးမှ လွတ်သော တရားမရှိဟု ပြောဆိုနေကြသော စကားများနှင့် ထောက်ထားဆင်ခြင်၍ နှိုင်းယှဉ်သိရှိကြပါလေ။ဤကား ခန္ဓာငါးပါးတို့၏ သဘောတည်း။

**ကြွေးတာ-ဒုက္ခသစ္စာ၊ ကြွေးချင်တာ-သမုဒယသစ္စာ၊ ကြွေးတာသိသဖြင့် မသိတဲ့ မောဟချုပ်တာ-နိရောဓသစ္စာ၊ကြွေးတယ်သိတာ-မဂ္ဂသစ္စာ၊** ဤသို့ စသည်ဖြင့် လောကဓာတ် တခုလုံးသည်၊ သစ္စာလေးပါးသာရှိ၏။ သစ္စာလေးပါးမှ လွတ်သော တရား မရှိဟု ပြောဆိုနေကြသော စကားများနှင့် ထောက်ထားဆင်ခြင်၍ နှိုင်းယှဉ်ကြပါလေ။ ဤကား သစ္စာလေးပါးတို့၏ သဘောတည်း။

ဤသို့ ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများနှင့် လျော်စွာ၊အဘိဓမ္မာ လက်သန်း အဋ္ဌကထာကျမ်း၌ လာသော သစ္စာ လေးပါး၏ သရုပ်သဉ္ဇာနှင့်၊ အဓိပ္ပါယ် သဘောသွားများကို သတိပြု မှတ်သား၍၊ သစ္စာလေးပါး ပရမတ်တရားတို့ ဉာဏ်အမြင် ထင်ရှား ပွင့်လင်း၍ လာစေခြင်းငှါ၊ ကြွေး-ကြွေးတယ်၊ ဆန္ဒ ဆန္ဒတယ်၊ မြင်-မြင်တယ်၊ ကြား-ကြားတယ် စသည်ဖြင့် သတိပဋ္ဌာန် ရှုမှတ်ပုံနည်းအတိုင်း၊အမှု

အရာ ဟူသမျှတို့ကို မလစ်မလပ်ရအောင် အဘန်ဘန် အထပ်ထပ် ပွားများရှုမှတ်ကြပါလေ။

**ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။**
**နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။**

(အဘိဓမ္မတ္ထသင်္ဂဟပါဠိတော်)

တေဘူမကံ၊ဘုံသုံးပါး၌ မနားမရပ် အစဉ်မပြတ်အောင် ဆက်စပ်၍ ဖြစ်နေသော။ဝဋ္ဋံ၊ကွေး,ဆန့်ခြင်းအစ များလှသောင်းသောင်း ခန္ဓာနာမ်,ရုပ်ဟူသော ဝဋ်တရားအပေါင်းသည်၊ဒုက္ခံ၊ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဒုက္ခသစ္စာမည်၏။ တဏှာ၊ကွေး,ဆန့်ခြင်းအမှု ဖြစ်အောင်၊ ရှေ့ဆောင် အားထုတ်ရသော လောဘ တဏှာသည်။ သမုဒယော၊ ဆင်းရဲစေရန် အစစ်အမှန်ဖြစ်သော သမုဒယသစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာသည်။ နိရောဓောနာမ၊ မောဟကိလေသာတို့ ချုပ်ငြိမ်းရာအစစ်အမှန်ဖြစ်သော နိရောဓသစ္စာမည်၏။လောကုတ္တရော၊လောကုတ္တရာမဂ်စိတ်နှင့် ယှဉ်သော မှတ်,သိခြင်းသမ္မာဒိဋ္ဌိစသော တရားအပေါင်းကို၊ မဂ္ဂေါ၊နိရောဓသစ္စာ ချုပ်ငြိမ်းရာသို့ ရောက်ရန်၊ အကျင့်မှန်အစစ် ဧကန် ဖြစ်သော မဂ္ဂသစ္စာမည်၏ဟူ၍။ မတော၊သိအပ်,မှတ်အပ် ပေသတည်း။

ဤကား ဝိပဿနာ စိတ်တချက်၌၊ သစ္စာလေးချက်တို့ တပြိုင်နက် ပါဝင်သည်ကို ယုံကြည်ရန် ပြဆိုလိုက်သောစကား အပြီးတည်း။

စောင့်ရှောက်ခြင်း စသည်ကို ပြဆိုရာ ဇူဠိန္ဒြိယကဏ္ဍ ပြီး၏။

---

## မဂ်ဥာဏ်၏ အသင်းအပင်း စသည်ကို ပြဆိုရာ
## ၆-ဗောဓိပက္ခိယကဏ္ဍ

သတိပဋ္ဌာန် လေးပါးကို မှတ်သားရန် ပြဆိုခြင်း

**တဿ ဧဝံ ဇာနတော အရိယံ မဂ္ဂံ ဘာဝယတော စတ္တာရောပိ**
**သတိပဋ္ဌာနာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။**

(ဥပရိပဏ္ဏာသ ပါဠိတော်)

ဧဝံ၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ၈ပါး ရှိသော။ အရိယံ၊ဖြူစင်ဖြင့်မြတ်သော။မဂ္ဂံ၊မဂ်ကို၊မြင်သည်ကို မြင်တယ်ဟု မှတ်သော၊ ဝိပဿနာစိတ်တချက်၌ တပြိုင်နက် ပါဝင်သော

ဤမဂ္ဂင်တရားအပေါင်းကို။ ဘာဝယတော၊ ပွားများသော။ ဝါ၊မြင်သည်ကို မြင်တယ်ဟု မှတ်သော။တသော၊ ထိုပုဂ္ဂိုလ်အား။စတ္တာရောပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ သတိပဋ္ဌာနာ၊ ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဝိပဿနာဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤ ဥပရိပဏ္ဏာသ ပါဠိတော် မြတ်၌၊ ထိုအပ်သော အကျဉ်းချုပ်အဓိပ္ပါယ်မှာ၊ မြင်သောအခိုက်၌ မြင်တယ်ဟု မှတ်သောစိတ်၌၊ သတိပဋ္ဌာန်တရား လေးပါးတို့သည်၊ တပြိုင်နက် ပါဝင်ပြီးစီးသည်ဟု ဆို၏။ ထိုအတူ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင်ရှစ်ပါး တို့သည်လည်း၊ ဝိပဿနာရှုမှတ်သော စိတ် တချက်၌၊ တပြိုင်နက် ပါဝင် ပြီးစီး ကြောင်းကို ဖွင့်ပြတော်မူ၏။ ဤ ဥပရိပဏ္ဏာသ ပါဠိတော်ကြီး၌ပင် ဆိုပေ၏။ ၎င်းပြင် သမထ,ဝိပဿနာ တရား ၂-ပါးသည်လည်း၊ တချက်တည်း ပြီးစီး၏ဟု မိန့်ဆိုတော်မူ၏။ ဤဝိပဿနာကျမ်း၌မူကား၊ ၎င်းဖွင့်ပြလာသော တရားတို့ကို အကျဉ်းပေါင်းရ၍၊ အလုပ်ကိစ္စမှုနှင့် ဆိုင်သော သဘောမျှကိုသာ ပြဆိုပေအံ့။

ယခု သရုပ်ထုတ်ပြခဲ့သော သတိပဋ္ဌာန် လေးပါးစသော ၃၇-ပါး တို့သည်။ အပေါင်းတခုတည်းအားဖြင့်၊ ဗောဓိပက္ခိယ တရားမည်၏။ ဗောဓိပက္ခိယဟူသည်-**ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ**။ ဗောဓိယာ၊ မဂ်ဉာဏ်၏။ ပက္ခေ၊ အသင်းအပင်း၌။ ဘဝါ၊ အတူတကွ ဖြစ်ကုန်သော တရားတို့တည်း။ ဣတိ၊ ထိုကြောင့်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယမည်ကုန်၏။ မဂ်ဉာဏ်ကိုရခြင်း၏ အကြောင်း၊မဂ်ဉာဏ်ကိုရခြင်း၏ အဆောက်အဦး၊ မဂ်ဉာဏ်ကိုရခြင်း၏ မှီရာ၊ မဂ်ဉာဏ်ကိုရခြင်း၏ အဘော်ဖြစ်သော တရားမျိုးဟု အနက်အဓိပ္ပါယ်သဘောကို မှတ်ယူရာသည်။

ဗောဓိပက္ခိယသည်၊ သတိပဋ္ဌာန်စသော အမည် အားဖြင့် ၇-ပါး ရှိ၏။ ထို ၇-ပါးသော ဗောဓိပက္ခိယ တရားတို့ကို၊ သရုပ်အဓိပ္ပါယ်နှင့် တကွ အကျယ် ရေးသား၍၊ ရှေးဆရာကြီးများ စီမံထားကြကုန်၏။ လယ်တီဆရာတော်ဘုရားကြီးသည်လည်း၊ ဗောဓိပက္ခိယဒီပနီဟူသော အမည်ဖြင့်၊ အသီးအခြားပေါင်းရုံ၍ ကျမ်းတခု စီရင်တော်မူ၏။ ထို

ကြောင့် သရုပ်သဘောကို များစွာခွဲခြမ်း စိပ်ဖြာခြင်းမပြုဘဲ၊ အလုပ်ကိစ္စ၌ ပါဝင်သော လိုရာသဘောမျှကိုသာ ထည့်သွင်း၍ ပြဆိုတော့မည်။

သတိပဋ္ဌာန်၏ သရုပ်သဘောနှင့် အနက်အဓိပ္ပါယ်များကို၊ နောက်က ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန် ရှုမှတ်ပုံအခန်းတွင် ကြည့်ရှု သိမှတ်ကြပါလေ။ သဘောမှာ၊ စိတ်တချက်၌ တပြိုင်နက် ပါဝင်သည် ဆိုရာ။ တကြိမ်ကွေးသည်၌၊ ကွေးတယ်ဟု မှတ်သော ဝိပဿနာ စိတ်တချက် ဖြစ်၏။ ၎င်းစိတ်အကြိမ်၌ ကွေးခြင်းအမူအရာ သဘောသည် ကာယ မည်၏။ ကွေးသောအခါ၌ အဆင်သင့်၍ ကောင်းသော သဘော, အဆင်မသင့်၍ မကောင်းသော သဘော တချုချဖြစ်၏။ ဤ ကောင်းသော သဘော,မကောင်းသော သဘောမျိုးသည် ဝေဒနာ မည်၏။ ကွေးခြင်း ဖြစ်ပေါ်လာရန် ကွေးမယ်ဟု အားထုတ်ခြင်း စေတနာ စသော သဘောသည် ဓမ္မမည်၏။ ၎င်းစေတနာ စသည်နှင့်တကွ ဖြစ်သော သိခြင်းသဘောသည် စိတ္တမည်၏။ ကွေးတယ်ဟု မှတ်ခြင်း သဘောသည် အနုပဿနာမည်၏။ ဤအနုပဿနာကို ကာယနှင့်ယှဉ်၍ ကာယာနုပဿနာ၊ ဝေဒနာနှင့်ယှဉ်၍ ဝေဒနာနုပဿနာ၊ စိတ်နှင့်ယှဉ်၍ စိတ္တာနုပဿနာ၊ ဓမ္မနှင့်ယှဉ်၍ ဓမ္မာနုပဿနာဟု အနုပဿနာ ၄-ပါး ဖြစ်၏။ ၎င်း ၄-ပါးကို သဘောအားဖြင့် တချက်ထည်း ပြီးစီးသော သတိပဋ္ဌာန် ၄-ပါးဆို၏။ ဤကား သဘောကို ပြဆိုခြင်းတည်း။

ဒေသနာတော် နည်းအားဖြင့်ကား၊ အထက်၌ ပြဆိုခဲ့သော ဥပရိပဏ္ဏာသ ပါဠိတော်ကို ကြည့်၍သိရှိပါလေ။ ဤသို့တချတည်းနှင့် ၄-ပါးလုံး ပြီးသော်လည်း၊ ဝေနေယျတို့၏ စရိုက်ကို လိုက်၍၊ သတိပဋ္ဌာန်တရားကို ၄-ပါးခွဲ၍ ဟောတော်မူရကြောင်းများကို အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြကုန်၏။ ၎င်းအဓိပ္ပါယ်မျိုးကို နောက်က ပြဆိုခဲ့လေပြီ။ ဤနည်းအတိုင်း ဝိပဿနာ စိတ်တချက်၌၊ သတိပဋ္ဌာန်တရား ၄-ပါး တို့သည်၊သဘောအားဖြင့် တပြိုင်နက် ပါဝင်ပြီးစီးပုံကို မှတ်ယူကြပါလေ။

•ယခု ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်သဘော ယူဆပုံ၊ စိတ်တချက်၌ သတိပဋ္ဌာန် ၄-ပါးတို့ ပါဝင်ပြီးစီးပုံများကဲ့သို့ပင်လျှင်၊ ကာယာဒိတာ သတိပဋ္ဌာန်တခုကို ရှုမှတ် အားထုတ်ရာ၌၊ သတိပဋ္ဌာန် ၄-ပါးလုံး ပါဝင်ကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

**ကာယဂတာသတိ ဘာဝိတာ ဗဟုလီကတာ စတ္တာရောပိ သတိပဋ္ဌာနာ ပရိပူရေန္တိ။** ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဂတာသတိ၊ ကွေးခြင်း, ဆန့်ခြင်း စသော ကာယဂတာသတိတရကို။ ဘာဝိတာ၊ ကွေးတယ်,ဆန့်တယ် စသည်ဖြင့် မှတ်အပ်သည်ရှိသော်။ ဗဟုလီကတာ၊ မနား,မရပ်,မလစ် လပ်ရအောင် အကြိမ်ကြိမ်, အထပ်ထပ် ရှုမှတ်ပွားများ အပ်သည် ရှိသော်။ စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာပိ၊ သတိပဋ္ဌာန် တရားတို့သည်လည်း။ ပရိပူရေန္တိ၊ တပြိုင်နက်တည်း ပြီးစီးပြည့်စုံ နိုင် ကြလေကုန်၏။

သတိပဋ္ဌာန်လေးပါးကို မှတ်သားရန် ပြဆိုခြင်း ပြီး၏။

---

## သမ္မပ္ပဓာန် ၄-ထွေကို ခွဲဝေ၍ ပြဆိုခြင်း

**သမ္မပ္ပဓာန်ဟူသည်ကား။** ။**သမ္မဒေဝ ပဓာနံ သမ္မပ္ပဓာနံ။** ။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ပဓာနံ၊ အပူဘပြင်းလွန်မင်းစွာ ရှက် ဆောင်တတ်သော သဘောတရားသည်၊သမ္မပ္ပဓာနံ၊သမ္မပ္ပဓာန်မည်၏။

ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ၊အပတ်တကုတ် လွန်စွာအားထုတ် သော ဝီရိယအမှုမျိုးကို သမ္မပ္ပဓာန်ဟု ဆိုပေသည်။ ဤသမ္မပ္ပဓာန် ခေါ် သော ဝီရိယ၏ အင်္ဂါလေးပါးကိုလည်း၊ မြတ်စွာဘုရား ဟောကြား တော်မူ၏။

**ကာမံ တစော စ နှာရု စ၊ အဋ္ဌိ စ ဥပသုဿတု။**
**အဝသုဿတု မေ သရီရေ မံသလောဟိတံ။**
**ယံ တံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ။**
**န တံ အပတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။** ။

မေ၊ ငါ၏။ သရီရေ၊ ကိုယ်၌။ တစော စ၊ အရေသည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊ အရိုးသည်၎င်း။ အဝသုဿတု၊ ကြွင်းကျန် လေစေ။ မံသလောဟိတံ၊ အသား,အသွေးသည်။ ကာမံ၊ စင်စစ်။ ဥပ သုဿတု၊ ခန်းခြောက်၍ ကုန်လေစေ။ ယံ တံ၊ အကြင် ဈာန်,မဂ်,ဖိုလ် တရားကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏ ထက်သန်ကြီးမားသော အားစွမ်းဖြင့်။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏ ကြောက်ရွံ့တွန့်

ဆုတ်ခြင်းမရှိသော စွန့်စားမှုဖြင့်။ ပတ္တဗ္ဗံ၊ ရောက်ထိုက်၏။ တံ၊ ထို ဈာန်' မဂ်,ဖိုလ်ကို။ အပတွာ၊ မရောက်သည်ရှိသော်။ ဝီရိယဿ၊ အားထုတ်မှု ဟူသော ဝီရိယ၏။ သဏ္ဌာနံ၊ တန့်ရပ်နားနေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။

**အဓိပ္ပါယ်ကား။** ။ဝိပဿနာကို အားထုတ်ရာ၌၊ အရေ, အကြော,အရိုးမျှသာ ကြွင်းစေတော့။ အသား,အသွေးဟူသမျှသည်၊ အလုံးစုံ ခန်းခြောက်စေတော့။ မဂ်,ဖိုလ်ကို မပေါက်,မရောက် သမျှ၊ အားထုတ်ခြင်းအမှုကို နောက်မဆုတ်တော့ပြီဟု ဝီရိယကို အစွမ်းကုန် စွန့်လွှတ်ခြင်း ဆိုလိုသည်။

ဥပ္ပန္နာနံ၊ ဖြစ်ပြီး, ဖြစ်ဆဲ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းရင်း။ အနုပ္ပန္နာနံ၊ မဖြစ်သေးကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းရင်း။ အနုပ္ပန္နာနံ၊ မဖြစ်ဘူးကုန်သေးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းရင်း။ ဥပ္ပန္နာနံ၊ ဖြစ်ပြီး,ဖြစ်ဆဲ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ ခိုင်မြဲကြီးပွားစေခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းရင်း။ ။ဤကား သမ္မပ္ပဓာန် ဝီရိယ လေးပါး၏ သရုပ်ပေတည်း။

**အဓိပ္ပါယ်ကား။** ။မိမိ သန္တာန်၌ နောက်နောက် လွန်ခဲ့သော ဘဝတွေကပါလာသော အကုသိုလ်ကံစု၊ ယခု ပစ္စုပ္ပန်ဘဝ၌ ဖြစ်နေဆဲ ဖြစ်သော အကုသိုလ်ကံစုတို့ကို၊ ကုန်ခန်း ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်အောင် အားထုတ်ရခြင်း။ မိမိသန္တာန်၌ တခါတရံမျှ မဖြစ်ဘူးသေးကုန်သော အကုသိုလ်စု မကောင်းသော ဒုစရိုက်တို့ကို၊ မိမိသန္တာန်၌ နောင်ဘဝ အဆက်ဆက်၌ တရံတဆစ် အနည်းငယ်မျှ မဝင်ရောက်,မဖြစ်ပေါ် လာအောင် အားထုတ်ရခြင်း။ မိမိသန္တာန်၌ ရှေးအခါက တရံတဆစ် အနည်းငယ်မျှ မဖြစ်ဘူး, မရဘူးသေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်ရရှိလာအောင် အားထုတ်ရခြင်း။ မိမိသန္တာန်၌ ဖြစ်ပေါ်ရရှိပြီးသော ကုသိုလ်တရားတို့ကို မပျက်မစီးနိုင်ဘဲ၊ ကြီးပွားခိုင်မြဲ၍ တည်တန့်နေလေအောင် ရွက်ဆောင် အားထုတ်ရခြင်း။ ။ဤကား သမ္မပ္ပဓာန် ဝီရိယလေးပါး၏ အဓိပ္ပါယ်တည်း။

သဘောမှာ၊ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်နိုင်သော တရား။ မဖြစ်သေးသော အကုသိုလ်တရားကို တားမြစ်နိုင်သောတရား။ မဖြစ်ဘူးသေးသော ကုသိုလ်တို့ကို ရနိုင်သောတရား။ ရပြီးသော ကုသိုလ်တို့ကို ခိုင်မြဲစွာတည်စေနိုင်သောတရားဟူ၍၊သရုပ်အားဖြင့် လေးပါးရှိသော်လည်း။ သဘောအားဖြင့် တသီးတခြားစီ မဖြစ်နိုင်၊ ဝိပဿနာစိတ်တချက်၌ တပြိုင်နက် ပါဝင်ပြီးစီးလေသည်။

, ပြီးစီးပုံမှာ၊မဖြစ်ဘူးသေးသော ကုသိုလ်တရားဟူသည်၌၊ အကျဉ်းရေတွက်သော်၊ ဒါန,သီလ,ဘာဝနာ ဤသုံးပါးသော ကုသိုလ်တို့တွင်၊ ဒါနကုသိုလ်,သီလကုသိုလ်များမှာ ပြုဘူးသော အမျိုးအမည်နှင့် ဘဝကို မဆိုထားဘိဦး၊ ကမ္ဘာဖြင့် ရေတွက်သော်လည်း အစဦးအဆောက် မကုန်နိုင်သည်ကို၊ မြတ်စွာဘုရားသခင်၏ သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့်ပင်လျှင်၊ကုန်စင်အောင်သိမြင်၍ ဟောပြောခြင်းငှါ မစွမ်းနိုင်ကြောင်းကို၊ အနမတဂ္ဂ ဒေသနာတော်ဖြင့် ကောင်းစွာ သိသင့်လေသည်။

ဘာဝနာသည်လည်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ ဟူ၍ ၂-ပါးရှိရာ။သတ္တဝါဟူသမျှတို့သည်၊အနည်းဆုံး တကမ္ဘာ,တကမ္ဘာ၌၊ တခါ,တခါ အထက်ပြဟ္မာဘုံသို့ ရောက်ဘူးကြကုန်၏။ ပြဟ္မာမဖြစ်ဘူးသော သတ္တဝါဟူ၍ တဦးတယောက်မျှ မရှိဟု ကျမ်းဂန်တို့၌ ဆိုသဖြင့်၊ယခုအခါ အပါယ်ဘုံ၌၊ တိ,ကျွတ်, မြွေ, ပက်ကျိ, ခြပုန်း,ပိုးလောက် ဖြစ်နေကြသော သတ္တဝါတို့ပင်သော်လည်း၊ ပြဟ္မာကြီးတွေဖြစ်ဘူးခဲ့ကြပြီးသော အကြောင်းကို ကောင်းစွာသိရှိနိုင်ပေသည်။

ဤသို့ ပြဟ္မာမင်းကြီးများ ဖြစ်နိုင်ရန် မှာလည်း၊ သမထ ဘာဝနာအလုပ်၌ ထမြောက်အောင်မြင်မှ ဖြစ်နိုင်သဖြင့်၊ ၎င်း သမထ ဘာဝနာကုသိုလ်မျိုးသည်၊ ရဘူး,ရောက်ဘူး, ထမြောက်ဘူးသော အရိုးအစဉ်တရားများသာဖြစ်ကြ၏။ ဝိပဿနာ ဘာဝနာ ကုသိုလ်သည်သာလျှင် ဘဝအစဉ်,ကမ္ဘာအစဉ်၌၊ တခါတ...မျှ အိပ်မက်တွင်ပင် မတွေ့မမြင် မရမရှိဘူးသေးသော ကုသိုလ်တရားများ ဖြစ်လေသည်။ ထို့ကြောင့် ဝိပဿနာအလုပ်ကို အားထုတ်လျှင်၊စိတ်တချက်၌ပင် သဘောအားဖြင့် သမ္မပ္ပဓာန် ၄-ပါးလုံး တပြိုင်နက် ပါဝင်ပြီးစီးလေတော့သည်။

ဒါန,သီလ,သမထ ကုသိုလ်ရမျိုးသည်၊ မကြာမကြာ ခဏခဏရရှိဘူးသော လက်ရိုးတရားများဖြစ်ကြ၏။ နောက်က ပြဆိုခဲ့သော ကန်းမ

၏လင် ၅င်လူထွက်ဝတ္ထု ,ဟာရိတစ ဝတ္ထုစသည်ကို ထောက်ထား၍၊ ဘဝတပါးသို့ ခိုင်မြဲတည်တန့်စွာ လိုက်ပါသည် မဆိုထားဘိဦး၊ ယခု ဘဝတွင်ပင် လျင်မြန်စွာ ပျက်စီးတတ်သော တရားများသာ ဖြစ်ကြ၍၊ လူ့, နတ်, ဗြဟ္မာဖြစ်ပြီးမှ တဘန်၊ အပါယ် လေးပါးသို့ ရောက်ရပြန် သဖြင့်၊ ဖြစ်ပြီး, ပြီးဆဲ ဖြစ်သော အကုသိုလ်တရားတို့ကိုလည်း၊ မဖြစ် စေရန် တားဆီးပယ်လှန်ခြင်းငှါ မစွမ်းနိုင်သော တရားများသာ ဖြစ် ကြလေကုန်၏။

ဝိပဿနာ ဘာဝနာကုသိုလ်မှာမူကား၊ တရံတဆစ်မျှ မဖြစ်ဘူးသေး သော အသစ်တရားလည်း မည်၏။ ထမြောက်ပါလျှင်လည်း၊ ဘယ်အခါ တွင်မှ ပျက်စီးသွားတော့သည်လည်း မရှိ။ ယခုတရားကို အားထုတ်ဆဲ အခါ၌ အကုသိုလ် တရားတို့ သည်လည်း မဝင် ရောက်နိုင် တော့ပြီ။ နောက် နောက်သော ဘဝတို့က ပါလာကြသော အကုသိုလ်ကံတို့ သည်လည်း၊ မဂ်,ဖိုလ်ကို မျက်မှောက် ပြုလိုက်သည်နှင့် တပြိုင်နက် တချက်တည်း ပျောက်ပျက် ချုပ်ငြိမ်းကြလေကုန်တော့သည်။

**သဘောအချုပ်မှာ**၊ ဖြင်သည် အခိုက်၌ ဖြင်တယ်ဟု မှတ်သဖြင့်၊ မြင်ခါမျှဖြစ်သော ပရမတ် ရုပ်,နာမ်ကို အမှန်သိသော ဝိပဿနာစိတ် သည်၊ မဖြစ်ဘူးသေးသော ကုသိုလ်မည်၏။ ဤသို့ ရုပ်,နာမ်ကို အမှန် သိသော ဝိပဿနာစိတ်သည်၊ ထိုစိတ်အတွက် အပါယ်သို့လားရခြင်း, ပျက်စီးသွားခြင်း မရှိသဖြင့်၊ ခိုင်မြဲတည်တန့်သည် မည်၏။ မှတ်ဆဲ အတွင်း၌ လောဘစသော စိတ်တို့မဝင်နိုင်ခြင်းသည်၊ ဖြစ်ဆဲအကုသိုလ် ကို တားမြစ်သည်မည်၏။ မှတ်ဆဲ၌ ဖြစ်ပေါ်သော ဝိပဿနာစိတ်ဖြင့်၊ ဖြစ်လတ္တံ့ဖြစ်သော အပါယ် ခန္ဓာများသို့ မရောက်စေနိုင် ခြင်းသည်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်သည်မည်၏။ ဤသို့ ဝိပဿနာ စိတ်တချက်၌ သမ္မပ္ပဓာန် ဝီရိယ ၄-ပါးတို့ တပြိုင်နက် ပြီးစီးပုံကို ယုံကြည်စွာ မှတ်ယူကြပါလေ။

သမ္မပ္ပဓာန် ၄-ထွေကို ခွဲဝေ၍ ပြဆိုခြင်း ပြီး၏။

## ဣဒ္ဓိပါဒ်နှင့် ဣန္ဒြေအရကို အမြွက်မျှပြဆိုခြင်း

**ဣဒ္ဓိပါဒ်ဟူသည်ကား**။ ။ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ။ ။ ဣဒ္ဓိယာ၊ ပြီးစီးခြင်း,ပြည့်စုံခြင်း၏၊ ပါဒေါ၊ အခြေမူလသည်။ ဣဒ္ဓိပါ ဒေါ၊ ဣဒ္ဓိပါဒ်မည်၏။ ။မဂ်ဉာဏ်,ဖိုလ်ဉာဏ်၏ ကိစ္စပြီးစီး၍ ထမြောက်

အောင်မြင်နိုင်ရန်၊ ပေါက်ရောက် သွားနိုင်ရန် ဖြစ်သော မူလအခြေခံ တရားရပ်ဟု ဆိုလိုသည်။

ထိုဣဒ္ဓိပါဒ်သည်၊ဆန္ဒိဒ္ဓိပါဒ်,ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် ဟူ၍ လေးပါးရှိ၏။ထိုလေးပါးတို့တွင်၊မဂ်,ဖိုလ်ကိုရရန် အလွန်အကြူး အထူးအလိုကြီးမှုဖြစ်သော ဆန္ဒသည်-ဆန္ဒဣဒ္ဓိပါဒ် မည်၏။ မဂ်,ဖိုလ် ရရန် အလွန်အကြူး အထူးအားထုတ်မှုဖြစ်သော ဝီရိယသည်-ဝီရိယ ဣဒ္ဓိပါဒ်မည်၏။ မဂ်,ဖိုလ်ရရန် အလွန်အကြူး အထူးစွဲမြဲထက်သန်မှု ဖြစ်သော စိတ်သည်-စိတ္တဣဒ္ဓိပါဒ်မည်၏၊ ထို ၃-ပါးနှင့် ပြည့်စုံညီညွတ်၍၊ ဝိပဿနာအလုပ်ကို အားထုတ်သဖြင့်၊ ပရမတ် ရုပ်,နာမ်ကို အမှန် ထိုးထွင်း၍၊ သိမြင်မှုဖြစ်သော ပညာဉာဏ်သည်-ဝီမံသဣဒ္ဓိပါဒ် မည် ၏။ ။ဆန္ဒ,ဝီရိယ,စိတ်,ပညာ ဤ ၄-ပါးနှင့် ပြည့်စုံမှုကို၊ဣဒ္ဓိပါဒ် ၄-ပါး ဟု ဆို၏။

ဤဣဒ္ဓိပါဒ် ၄-ပါးသည် အမည်အားဖြင့် ပြားသော်လည်း၊ သဘော အားဖြင့် ဝိပဿနာ စိတ်တချက်၌၊ တပြိုင်နက် ပါဝင်ပြီးစီးပုံမှာ ထင် ရှားစွာ သိလောက်ပြီ၊ နောက်ကပြဆိုခဲ့ပြီးသော နည်းကို၊ အစဉ်မှီး၍ မှတ်ယူကြပါလေ။ ။ဤကား ဣဒ္ဓိပါဒ် ၄-ပါး၏ သဘောကို ပြဆို ခြင်းတည်း။

**ဣန္ဒြေ ဟူသည်ကား။** ။ဣန္ဒသ ကမ္မံ ဣန္ဒြိယံ။ ။ဣန္ဒသ၊ အစိုးရသောမင်း၏။ကမ္မံ၊အစိုးရခြင်းအမှုသည်။ဣန္ဒြိယံ၊ဣန္ဒြေမည်၏။ ။ လောက၌ မင်းတို့၏ အစိုးရမှုသည်၊ မိမိတို့၏ဆိုင်ရာနယ်ပယ် ဆိုင်ရာ အမှုတို့ကို၊ မည်သူမျှ ပြန်လှန်ရခံခြင်း၄ါ မစွမ်းနိုင်အောင်၊ ပိုင်ပိုင်,နိုင် နိုင် အစိုးရ၏၊ ထိုဣန္ဒြေတို့သည်၊ မိမိတို့ ဆိုင်ရာ အတွင်း၌ ရှိသော တရားတို့ကို၊ နိုင်နိုင်,နင်းနင်း တပါးသောတရားတို့ လှုပ်ချောက်ဖျက် ဆီးခြင်း၊ ဝင်ရောက် နှောက်ယှက်ခြင်း၄ါ မစွမ်းနိုင်အောင် အစိုးရ ၏ဟု ဆိုလိုသည်၊

ထိုဣန္ဒြေတို့သည်၊သဒ္ဓိန္ဒြေ,ဝီရိယိန္ဒြေ,သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေ ဟူ၍ ငါးပါးရှိ၏။ထိုငါးပါးတို့တွင်၊မိမိ အားထုတ်သောတရား၊မဂ်, ဖိုလ်,နိဗ္ဗာန်များကို အလွန်အကြူး အထူးယုံကြည်မှုသည်-သဒ္ဓိန္ဒြေမည် ၏။မိမိအားထုတ်သောတရားကို အလွန်အကြူး ထင်မြင်မှတ်မိမှုသည်- သတိန္ဒြေမည်၏။ ဝိပဿနာကို ရှုမှတ်အားထုတ် နေမှုသည်-ဝီရိယိန္ဒြေ မည်၏၊ အားထုတ်သောတရား၌ တည်နေမှုသည်-သမာဓိန္ဒြေမည်၏၊

အားထုတ်ရှုမှတ်သော တရားတို့ကို သိမှုသည်-ပညိန္ဒြေမည်၏။ သဒ္ဓါ, သတိ,ဝီရိယ,သမာဓိ,ပညာ ဤတရား ငါးပါးကို အစိုးရမှုပေတည်း။

သဘောမှာ၊မြင်သည်အခိုက် မြင်တယ်ဟု မှတ်ခြင်းသည်-သတိန္ဒြေ မည်၏။ ထိုသို့ မှတ်ခြင်း၌ ယုံကြည်မှုသည်-သဒ္ဓိန္ဒြေ မည်၏။ မှတ်ခြင်း ဖြစ်ပေါ်လာအောင်,မှတ်မိအောင် အားထုတ်မှုသည်-ဝီရိယိန္ဒြေမည်၏။ မှတ်ခြင်း၌ တည်နေမှုသည်-သမာဓိန္ဒြေ မည်၏။ မှတ်သည်ကို သိခြင်းသည်-ပညိန္ဒြေမည်၏။ ဤသို့လျှင် ဝိပဿနာရှုမှတ်သော စိတ်တချက်၌ ဣန္ဒြေငါးပါးသည်၊ သဘောအားဖြင့် တပြိုင်နက် ပါဝင် ပြီးစီးပုံကို မှတ်ယူကြပါလေ၊ ။ဤကား ဣန္ဒြေငါးပါး၏ သဘောကို ပြဆိုခြင်း ပေတည်း။

ဣန္ဒိပါဒ် ဣန္ဒြေတို့ကို ပြဆိုခြင်းပြီး၏။

## ဗိုလ်-ဗောဇ္ဈင်တရားတို့ကို မှတ်သားရန် ပြဆိုခြင်း

**ဗိုလ်ဟူသည်ကား။** **။အကမ္ပနဋ္ဌေန ဗလာနိ။** ။အကမ္ပနဋ္ဌေန၊ ကြောက်ရွံ့တွန့်ဆုတ် တုန်လှုပ်ခြင်းမရှိသော အနက်သဘောကြောင့်။ ဗလာနိ၊ ဗိုလ်တို့မည်ကုန်၏။ **။အဓိပ္ပါယ်ကား။** ။လောက၌၊စစ်ရေး စစ်မှုတို့ကို လိမ္မာကျွမ်းကျင် ကုန်စင်အောင် တတ်မြောက်၍၊ တည် ကြည်ရဲရင့်ခြင်းနှင့် ပြည့်စုံသော စစ်ဗိုလ်တို့သည်၊ စစ်မြေပြင်၌နှံ့သော ရန်သူ ရဲမက် ဆန့်ကျင်ဘက်ဖြစ်သော စစ်ဗိုလ် စစ်သားများကြောင့်၊ ထိတ်လန့် ကြောက်ရွံ့ခြင်းမရှိဘဲ၊ ရဲမာန်တံခွန်ကို ရွပ်ရွပ်ချွံချွံ စိုက် ထူ တိုးတက်၍၊ ရန်သူရဲမက် စစ်တဘက်ကို နှိပ်နင်းစွာ ဖြိုဖျက်လျက်၊ မိမိဘက် စစ်သားများနှင့် လုံ့ချိုခိုင်ခံ့ မယိမ်းယိုင်ဘဲ မြဲမြံစွာတည်နေ နိုင်၏။

ဗိုလ်တရားတို့သည်လည်း၊ထိုအတူပင် မောဟစသော အကုသိုလ် တရားများကြောင့်၊ တွန့်ဆုတ်လှုပ်ရှားခြင်းမရှိဘဲ၊ ရဲရင့်စွာတိုက်ဖျက် ၍ ခိုင်မြဲတည်တံ့နိုင်စွာ နေနိုင်ကြလေသည်ဟု ဆိုလိုသည်။ ။ထို ဗိုလ် တို့သည်၊ သဒ္ဓါဗိုလ်,သတိဗိုလ်,ဝီရိယဗိုလ်,သမာဓိဗိုလ်,ပညာဗိုလ် ဟူ ၍ ငါးပါးရှိ၏။ ဤဗိုလ်ငါးပါးတို့၏ အဓိပ္ပါယ်သဘော ဝိပဿနာရှုမှတ် သော စိတ်တချက်၌၊ တပြိုင်နက် ပါဝင် ပြီးစီးပုံများကို ဣန္ဒြေငါးပါး၌

ပြဆိုခဲ့သောအတိုင်းပင် မှတ်ယူကြပါလေ။ ။ဤကား ဗိုလ်ငါးပါး၏ သဘောကို ပြဆိုခြင်းပေတည်း။

**ဗောဇ္ဈင် ဟူသည်ကား။ ။စတုသစ္စဓမ္မေ သုဋ္ဌု ဗုဇ္ဈတီတိ သမ္ဗောဓိ၊ သမ္ဗောဓိယာ အင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။** ။စတုသစ္စဓမ္မေ၊ သစ္စာလေးပါးတရားတို့ကို၊ သုဋ္ဌု၊ ကောင်းစွာ၊ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်၊ သမ္ဗောဓိ၊သမ္ဗောဓိမည်၏။ သမ္ဗောဓိယာ၊မဂ်ဉာဏ်၏၊ အင်္ဂေါ၊ အစိပ်အင်္ဂါသည်၊ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။

မဂ်ဉာဏ်ကို ရနိုင်ရန် အကြောင်း အင်္ဂါဖြစ်သော တရားများဟု ဆိုလိုသည်။ ။ထိုသမ္ဗောဇ္ဈင်တရားသည်၊ သတိသမ္ဗောဇ္ဈင်,ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင်ဟူ၍ ၇-ပါးရှိ၏၊ ထို ၇-ပါး တို့တွင်၊ ဝိပဿနာ အခါ၌ အလွန် ထင်ခြင် မှတ်မိ မှုသည် - သတိ သမ္ဗောဇ္ဈင် မည်၏၊အလွန် သိမှုသည်-ဓမ္မဝိစယ သမ္ဗောဇ္ဈင် မည်၏၊ အလွန်အားထုတ်မှုသည်-ဝီရိယသမ္ဗောဇ္ဈင် မည်၏။ အလွန်နှစ်သက်မှု သည် - ပီတိသမ္ဗောဇ္ဈင် မည်၏။ အလွန် ငြိမ်းချမ်းမှုသည် - ပဿဒ္ဓိ သမ္ဗောဇ္ဈင် မည်၏။ အလွန် တည်ကြည်မှုသည်-သမာဓိ သမ္ဗောဇ္ဈင် မည်၏။ အလွန် လျစ်လျူရှုခြင်းသည်-ဥပေက္ခာ သမ္ဗောဇ္ဈင် မည်၏။

သဘောမှာ၊သတိပဋ္ဌာန် သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်တို့၌ ပြဆို ခဲ့ပြီးသော နည်းအတိုင်းပင် ဖြစ်လေသည်။မဂ္ဂင်၈ပါး၏ သဘောများ ကိုလည်း နောက်ကပြဆိုခဲ့ပြီ။ မဂ္ဂင်၈ပါး၌ ဘော်ပြခဲ့သော သဘော များကို မှတ်သားသဘောကျပါလျှင်၊ ဗောဓိပက္ခိယတရား ၃၇-ပါး တို့၏ သဘောများကိုလည်း၊ဝိပဿနာစိတ်တချက်၌ တပြိုင်နက် ပါဝင် ပြီးစီးပုံကို ကောင်းစွာ သဘောကျ နိုင်ပေလိမ့်မည်၊ ထို့ကြောင့် နောက်က ပြဆိုခဲ့သော သဘောများကို ကြည့်ရှု၍ မှတ်ယူ သိရှိကြ ပါလေ။

ဤသို့ ဝိပဿနာစိတ်တချက်၌၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်,မဂ္ဂင် ဟူသော ဗောဓိပက္ခိယတရား ၃၇-ပါး တို့သည်၊ တပြိုင်နက် အတူတကွ ပါဝင် ပြီးစီးကြောင်းကို မြတ်စွာ ဘုရား ဟောကြားတော်မူပြီးသော အဆုံး၌၊သမာဓိခေါ်သော သမထ ဘာဝနာ, ပညာခေါ်သော ဝိပဿနာ ဘာဝနာ ၂-ပါးသည်လည်း၊ ဖြင်သည်အခိုက် ဖြင်တယ်ဟု မှတ်သော ဝိပဿနာ စိတ် တချက်၌၊

တပြိုင်နက် ပါဝင်ပြီးစီးနိုင်ကြောင်း အချုပ်တရားကို ထပ်မံ၍ဟော ကြားတော်မူပြန်လေသည်။

**တဿံမေ ဝွေ ဓမ္မာ ယုဂနန္ဒာ ဝတ္တန္တိ**
**သမထောစ ဝိပဿနာစ။** ။ဥပရိပဏ္ဏာသပါဠိတော်။

၄၀၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းအတိုင်း။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါး ရှိသော။အရိယံ၊ဖြူစင်မြင့်မြတ်သော။ဈာနံ မဂ္ဂံ၊မြင်သည်ကို မြင်သည်ဟု မှတ်သော ဝိပဿနာစိတ်တချက်၌၊ တပြိုင်နက် ပါဝင်သော ဤ မဂ္ဂင် တရားကို။ဘာဝယတော၊ပွားများသော။ဝါ၊မြင်သည်ကို မြင်သည်ဟု မှတ်သော။တဿ၊ထိုသမထဝိပဿနာသက်သက်ကို အားထုတ် သော ယောဂီပုဂ္ဂိုလ်အား။ သမထောစ၊မြင်သည်ဟု မှတ်ဆဲ၌ တည် သော၊ ခဏိကသမာဓိခေါ် သော သမထသည်၎င်း။ ဝိပဿနာစ၊ မြင် တယ်ဟု မှတ်ဆဲ၌ မြင်တာကို သိသော၊ ပညာခေါ်သော ဝိပဿနာ သည်၎င်း။ ဝွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤ တရားတို့သည်။ ယုဂနန္ဒာ၊အစုံတို့သည်။ ဝတ္တန္တိ၊တပြိုင်နက် ဖြစ်ကြလေကုန်၏။

ဒိုလ်,ဗောဓန္ဓင် တရားတို့ကို မှတ်သားရန် ပြဆိုချက် ပြီး၏။

---

## ဝိပ္ပလ္လာသ တရားအချက်ကို အမြွက်မျှ ပြဆိုခြင်း

ဝိပ္ပလ္လာသ သည်ကား၊ သညာ ဝိပ္ပလ္လာသ, စိတ္တ ဝိပ္ပလ္လာသ, ဒိဋ္ဌိ ဝိပ္ပလ္လာသ-ဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်၊အထင်အမှတ် ဖေါက်ပြန် မှားယွင်းခြင်းသည်၊သညာဝိပ္ပလ္လာသ မည်၏။အမြင် အသိ ဖေါက်ပြန် မှားယွင်းခြင်းသည်၊ စိတ္တဝိပ္ပလ္လာသ မည်၏။ အယူ အစွဲ ဖေါက်ပြန် မှားယွင်းခြင်းသည်၊ ဒိဋ္ဌိဝိပ္ပလ္လာသမည်၏။ ဖေါက်ပြန် မှား ယွင်းခြင်းသဘောကို ဝိပ္ပလ္လာသ ဟု ဆိုပေသည်။ ထိုဝိပ္ပလ္လာသတရား သုံးပါးတို့၏ အခြင်း အရာ အားဖြင့်ကား ၁၂-ပါး အပြား ရှိ၏။ ၁၂-ပါး ပြားပုံတွင်၊ အနိစ္စ, ဒုက္ခ, အနတ္တ,အသုဘ ဤ ၄-ပါးသော တရားတို့တွင်၊ တပါး, တပါး၌ ဝိပ္ပလ္လာသတရား သုံးပါး,သုံးပါးစီ ပွား၍ ၁၂-ပါးဖြစ်၏။

ပွားပုံကား၊ မမြဲသော အနိစ္စတရား၌၊ မြဲ၏ဟု အမှားမှတ် ထင်ခြင်း-နိစ္စ သညာဝိပ္ပလ္လာသ တပါး၊ မြဲ၏ဟု အမှားသိမြင်ခြင်း- နိစ္စ စိတ္တဝိပ္ပလ္လာသ တပါး၊မြဲ၏ဟု အမှားစွဲယူခြင်း-နိစ္စ ဒိဋ္ဌိဝိပ္ပလ္လာသ

တပါး။ ဤသို့ အနိစ္စတချဉ်း၌၊အမှတ်မှား,အသိမှား, အယူမှားဟူသော၊ သညာ,စိတ္တ, ဒိဋ္ဌိဟူ၍ ဝိပ္ပလ္လာသတရား သုံးပါး ဖြစ်၏။ ဆင်းရဲသော ဒုက္ခတရား၌၊ ချမ်းသာ၏ဟု အမှားမှတ်ထင်ခြင်း-သုခ သညာဝိပ္ပလ္လာ သ တပါး၊ ချမ်းသာ၏ဟု အမှားသိမြင်ခြင်း- သုခ စိတ္တဝိပ္ပလ္လာသ တပါး၊ချမ်းသာ၏ဟု အမှားစွဲယူခြင်း-သုခ ဒိဋ္ဌိဝိပ္ပလ္လာသတပါး၊ဤသို့ ဒုက္ခ တချဉ်း၌ အမှတ်မှား,အသိမှား,အယူမှားဟူသော၊ သညာ,စိတ္တ,ဒိဋ္ဌိ ဟူ၍ ဝိပ္ပလ္လာသတရား သုံးပါးဖြစ်၏။

အလိုမကျသော အနတ္တတရား၌၊အလိုကျ၏ဟု အမှား မှတ်ထင်ခြင်း- အတ္တ သညာဝိပ္ပလ္လာသ တပါး၊ အလိုကျ၏ဟု အမှား သိမြင်ခြင်း- အတ္တ စိတ္တဝိပ္ပလ္လာသ တပါး၊အလိုကျ၏ဟု အမှားစွဲယူခြင်း-အတ္တ ဒိဋ္ဌိ ဝိပ္ပလ္လာသ တပါး။ဤသို့ အနတ္တတချဉ်း၌၊အမှတ်မှား,အသိမှား,အယူမှား ဟူသော၊သညာ,စိတ္တ,ဒိဋ္ဌိဟူ၍ ဝိပ္ပလ္လာသတရား သုံးပါးဖြစ်၏။ မတင့် တယ်သော အသုဘ တရား၌၊ တင့်တယ်၏ဟု အမှား မှတ်ထင်ခြင်း- သုဘ သညာဝိပ္ပလ္လာသ တပါး၊ တင့်တယ်၏ဟု အမှား သိမြင်ခြင်း- သုဘ စိတ္တဝိပ္ပလ္လာသ တပါး၊တင့်တယ်၏ဟု အမှား စွဲယူခြင်း-သုဘ ဒိဋ္ဌိဝိပ္ပလ္လာသ တပါး။ ဤသို့အသုဘတချဉ်း၌၊အမှတ်မှား,အသိမှား,အယူ မှား ဟူသော သညာ,စိတ္တ,ဒိဋ္ဌိ ဟူ၍ ဝိပ္ပလ္လာသ တရားသုံးပါး ဖြစ်၏။

ဤသို့ ၃-ပါး လေးလီပေါင်း၍ ဝိပ္ပလ္လာသတရား အပြား ၁၂ ပါး ဖြစ်သတည်း။ ဤ ဝိပ္ပလ္လာသတရားသည် သရုပ်အားဖြင့် ကွဲပြားသော် လည်း သဘောမှာမူကား၊ အမှန်ဖြစ်သော မမြဲခြင်း-အနိစ္စ၊ ဆင်းရဲ ခြင်း-ဒုက္ခ၊ အလိုမကျခြင်း-အနတ္တဟူသော သဘောတို့ကို၊ အမှားဖြစ် အောင် ဖေါက်ပြန်သည်ဖြစ်၍၊ လက္ခဏာယာဉ် သုံးပါး၌ တပါးပေါ် လျှင်လည်း၊သုံးပါးလုံး ပြီးစီးနိုင်သည်ဆိုသဖြင့်၊ ကွေးခြင်း, ဆန့်ခြင်း စသော အမူအရာကို မှတ်ခြင်းသည်၊ လက္ခဏာယာဉ်သုံးပါး ပါဝင် နိုင်သောကြောင့်၊ ဝိပ္ပလ္လာသ တရားတို့လည်း တချက်တည်း ပြီးစီး လေတော့သည်။

ပြီးစီးပုံမှာ၊ မြင်သောအခိုက်၌ မြင်တယ်ဟု မှတ်သဖြင့်၊ မြင်ခါမျှ ကိုသာ သိ၏။ ဤသို့ သိသောခဏ၌ မြင်ခြင်း သဘောသည်၊ခိုင်မြဲ၏, ချမ်းသာ၏,အလိုကျ၏-ဟု မှတ်ထင် သိမြင်စွဲယူခြင်းသဘော မဖြစ်နိုင် တော့ပေ။ ထိုသို့ ခိုင်မြဲခြင်းစသော သဘောတို့ လွတ်ကင်းခဲ့ပါလျှင်၊ တင့်တယ်၏ ဟူသော မှတ်ထင် စွဲယူခြင်း သဘောများ သည်လည်း

ဖြစ်နိုင်ရန်အကြောင်း မရှိတော့ပေ။ ထို့ကြောင့် မြင်ခြင်း,ကြားခြင်း စသော အမူအရာတို့ကို မှတ်၍၊ အမှန်သိသော ဝိပဿနာစိတ် တချက် တချက်၌ ဝိပ္ပလ္လာသ တရားတို့သည်၊ သဘော အားဖြင့် တပြိုင်နက် တချက်တည်းပင်လျှင် ပါဝင်ပြီးစီးသည်ဟု မှတ်ယူအပ်ပေသည်။

အမှန်သဘောဖြစ်သော ပရမတ် ရုပ်,နာမ်ဘို့၌၊မှားယွင်း ဖောက် ပြန်ခြင်း သဘောဖြစ်သော ဝိပ္ပလ္လာသတရားတို့ မကွဲမပြား ပါဝင် ဖြစ်ပေါ်ပုံမှာ၊ မျက်စိဖြင့် အဆင်းကို မြင်သောအခါ၊ မြင်တယ်ဟု မမှတ်လျှင်၊မြင်ခါမျှဖြစ်သော ပရမတ်ကို မသိ၍၊ လက်,ခြေ,အင်္ဂါ, နှုတ်ခမ်း,သွား,မေး စသော ပညတ်သဘောတို့ ပေါ်လာကုန်၏။ ထို ပညတ်သဘောတို့ ပေါ်လာလျှင်၊တင့်တယ်၏,ပွန်မြတ်၏,ချော၏,လှ၏, သာယာဘွယ်, ချစ်ခင်ဘွယ်, နှစ်သက်ဘွယ် ရှိ၏ဟု အမှားမှတ်သော သညာဝိပ္ပလ္လာသဖြစ်၏။သညာမှတ်သောအတိုင်း၊ အမှားသိသော စိတ္တ ဝိပ္ပလ္လာသဖြစ်၏။ စိတ်သိသောအတိုင်း၊အမှားစွဲယူသော ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ်၏။

ထိုအခါ၊ မခိုင်မြဲသော အနိစ္စသဘော၌၊မြဲသော နိစ္စသဘောဟူ၍၊ အမှတ်မှားခြင်း-သညာဝိပ္ပလ္လာသ,အသိမှားခြင်း-စိတ္တဝိပ္ပလ္လာသ, အယူ မှားခြင်း-ဒိဋ္ဌိဝိပ္ပလ္လာသ ဝှင်းတရား ၃-ပါးတို့သည်လည်း၊ သဘော အားဖြင့် တချက်တည်း ပါဝင်ကြလေ၏။ထို့အတူ ဆင်းရဲသော ဒုက္ခ သဘော၌၊ ချမ်းသာသော သုခသဘောဟူ၍၊ အမှတ်မှား, အသိမှား, အယူမှားခြင်း ဝိပ္ပလ္လာသ တရား ၃-ပါး။ အလို မကျသော အနတ္တ သဘော၌၊ အလိုကျသော အတ္တသဘောဟူ၍၊ အမှတ်မှား, အသိမှား, အယူမှားခြင်း ဝိပ္ပလ္လာသတရား ၃-ပါးတို့သည်လည်း ပါဝင်ကြလေ ကုန်၏။ထို့ကြောင့် ကွေးခြင်း, ဆန့်ခြင်း မြင်ခြင်း,ကြားခြင်း စသော အမူအရာ တခုတခု၌ မမှတ်၍၊ အမှန်မသိသော စိတ်အကြိမ်တွင်၊ ဝိပ္ပလ္လာသတရားသည် အလုံးစုံ တပြိုင်နက် တချက်တည်း ဖြစ်ပေါ် ကုန်၏ဟု ဆိုခဲ့ပေသည်။

**အချုပ်သဘောမှာ။** ။ဝိပ္ပလ္လာသဟူသည် ပညတ် နယ်၌သာလျှင် ကျက်စားခွင့်, အာရုံပြုနိုင်ခွင့်ရ၏။ ပရမတ်နယ်၌မူကား၊ ကျက်စား ခွင့်,အာရုံပြုနိုင်ခွင့်ကို မရပေ။ထိုဝိပ္ပလ္လာသ တရားတို့၌ အဝိဇ္ဇာသည်၊ အကြီးအမှူး ဦးစီးရှေ့သွားပေတည်း။ အဝိဇ္ဇာချုပ်ဆုံးလျှင် ဝိပ္ပလ္လာသ တရားတို့သည်၊တချက်တည်း ပျက်စီးကြလေတော့သည်။ ထို့ကြောင့်

အဝိဇ္ဇာ ဖြစ်ပေါ်ခွင့် မရဘဲ၊ ချုပ်ဆုံး၍သွားလေအောင် ကွေးခြင်း, ဆန့်ခြင်း စသည်တို့၌၊ မှတ်သော ဝိပဿနာ အလုပ်ကို အားထုတ်ပွားများကြပါလေ။

ဝိဇ္ဇာသတရားအချက်ကို အမြွက်မျှပြဆိုခြင်း၊ ပြီး၏။

## သင်္ခါယဒိဋ္ဌိ ဇွဲငြိဟန်ကို သိသာရန် ပြဆိုခြင်း

**သက္ကာယဒိဋ္ဌိ** ဟူသည်၊ လက္ခဏာရေး သုံးပါးတို့တွင်၊ အနတ္တလက္ခဏာ၌ ပြဆိုခဲ့သောအတိုင်း၊ ခန္ဓာငါးပါး သင်္ခါရ နာမ်,ရုပ်တရားတို့၌ ငါ၏ဥစ္စာ ငါဖြစ်၏။ ငါ၏အလိုဘျသော ကိုယ်ပင်တည်းဟု တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့်၊ စွဲလမ်းယူမှားသော အတ္တတရားစုတို့ပေတည်း။ထိုသက္ကာယ တရားစုတို့သည်လည်း၊ မောဟအဝိဇ္ဇာမှ ပေါက်ပွားဖြစ်ပေါ်လာကြသဖြင့်၊ ဦးခေါင်းပြတ်လျှင် ကိုယ်နှင့် တကွသော လက်,ခြေတို့သည်၊ လှုပ်ရှားသွားလာခြင်း ပြုပြင်စီမံခြင်း စသော ကိစ္စတို့ကို အားမထုတ်နိုင်တော့ဘဲ၊ ပြိုကွဲပြုန်းတီး ပျက်စီးခြင်းသို့ ရောက်ရလေသကဲ့သို့။အဝိဇ္ဇာချုပ်သည်နှင့်တပြိုင်နက်တချက်တည်း၊သက္ကာယဒိဋ္ဌိတရားစုသည် တရှိန်တည်း ပျက်စီးသွားကြ လေတော့သည်။ ဤသက္ကာယဒိဋ္ဌိတရားစုကို နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိဟူသော ဒိဋ္ဌိကြီး၃-ပါး၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့၏မျိုးစေ့ဗီဇ မူလအကြောင်းဖြစ်၏ ဟူ၍၎င်း၊ အပါယ်သံသရာသို့ ကျရောက်ရန် မျိုးစေ့ဗီဇ မူလအကြောင်းဖြစ်၏ ဟူ၍၎င်း ကျမ်းဂန်တို့၌ မိန့်ဆိုကြလေကုန်၏။

ထိုသက္ကာယဒိဋ္ဌိတို့ကို ပျက်စီးချုပ်ငြိမ်းအောင် ပြုရန်မှာ၊ အနတ္တလက္ခဏာ အချက်ကိုပိုင်မှ၊ နိုင်နိုင်နင်းနင်း ဉာဏ်အမြင် ပွင့်လင်း၍ ထိုးထွင်း သိရှိမှုပေတည်း၊ အနတ္တလက္ခဏာ အလုပ် ဟူသည်လည်း၊ ဝိပဿနာကို အားထုတ်မှုဖြစ်၏။ ဝိပဿနာ ဆိုသည်ကား နောက်က ပြဆိုခဲ့သော နည်းအတိုင်း၊ ကွေးခြင်း, ဆန့်ခြင်းစသည်ကို မှတ်ခြင်း ပေတည်း။ ဝိပဿနာမှုကို မပြုမလုပ်လျှင်၊ အတ္တဒိဋ္ဌိမကွာ၍ ဗျာန် အဘိညာဏ်ကိုပင် ရစေကာမူ၊ အပါယ်လေးပါးနှင့် လမ်းမပြတ်နိုင်ဘဲ၊ ဆက်စပ်လျက်ပင် ရှိနေလေတော့သည်။

သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ်၊ ဝိက္ခန္ဓနပဟာန်ဖြင့်

နိဝရဏတရားတို့ကိုခွါ၍၊ ပြဟ္မာ့ဘုံသို့ ရောက်နေသော ပုထုဇန်ပြဟ္မာကြီး တဦးသည်၊ မိမိရရှိသော ချမ်းသာသည် အထွဋ်အထိပ်ဖြစ်၍။ အပါယ်လေးပါးသို့ ကျရောက်သော ဆင်းရဲဒုက္ခမှဉ်ငြိမ်း၏။ ကာမဘုံသားဖြစ်သော နတ်,လူများသည်၊ သေသည်၏အခြားမဲ့၌ အပါယ်သို့သာ လားရသူ များကုန်၏။ကာမဘုံသားဖြစ်သော နတ်,လူများသည်၊ ရင်ဝ၌ လှံစူးနေသောသူကဲ့သို့ရင်း၊ ဦးခေါင်း,ဦးသျှောင်၌ မီးတောက်မီးလောင်နေသော သူများကဲ့သို့ရင်း၊ အရေးကြီးစွာ ပြုလုပ်၍ ကာမဘဝ၌ တပ်နှစ်သက်တတ်သောတရားတို့ကိုပယ်ခြင်းငှါ၊လူ,ရှင်,ရဟန်းများသည် မမေ့မလျော့သော သတိကိုဖြစ်စေ၍၊ လွန်စွာ အားထုတ်နေသင့် ပေသည်ဟု ဝမ်းမြောက်, ဝမ်းသာနှင့် မြတ်စွာ ဘုရားကို လျှောက်ထားလေသည်။

**သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနော ဝ မတ္ထကေ။**
**ကာမရာဂံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။**

(သံယုတ်ပါဠိတော်)

သတ္တိယာ၊ အသွားနှစ်ဘက် ပြေပြထက်သော ချွန်းဘောင်းလှံမြင့်။ ဩမဋ္ဌောဝိယ၊ ရင်ဝ,ရင်လယ်၌ တဲ့တဲ့ကြီးစူးစိုက်၍နေသော သူကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်း,ဦးသျှောင် တခုလုံး၌။ ဍယှမာနောဝ၊ဘထိန်ထိန်,တပြောင်ပြောင်,တဟုန်းဟုန်း မီးတောက်လောင်နေသော သူကဲ့သို့ရင်း။ ကာမရာဂံ၊ ကာမအာရုံ, ကာမဂုဏ်၌ ခုံခုံမင်မင် ချစ်ခင် နှစ်သက်သော တဏှာလောဘကို။ ပဟာနာယ၊ လျင်မြန်စွာ ပယ်ရှားနှုန်းပစ်ခြင်းငှါ။ သတော၊မမေ့မလျော့,မပေါ့သော သတိရှိသည်ဖြစ်၍။ ဘိက္ခု၊ သံသရာ အပါယ်ဘေးကို မျှော်တွေး ရှုံကြောက်သောသူ ရဟန်း ရှင်,လူ အပေါင်းသည်။ ပရိဗ္ဗဇေ၊ ဒါန,သီလ စသော ကာမတရားကို ပယ်ရှား၍၊ ပြဟ္မာ့ဘုံသို့ လားစေတတ်သော သမထ ဈာန်တရားကို ပွားများအားထုတ် သင့်လှပေသတည်း။

ဤသို့ ပြဟ္မာကြီး လျှောက်ထားသော အခါ၊ အပါယ် သံသရာသို့ လားရသော ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်ရန် တရားမှာ၊ကာမ,ရာဂကို ပယ်သော ရူပဈာန်တရား၊ ရူပရာဂကို ပယ်နိုင်သော အရူပဈာန်တရားများနှင့် အပါယ်သံသရာဒုက္ခမှ မလွတ်မြောက်နိုင်သေး။စိတ်ချ, လက်ချနှင့် အေးအေး,မြမြ မနေနိုင်သေး။ အပါယ် သံသရာဒုက္ခ ဘဝ

အမျိုးမျိုးသို့ ကျရောက်ရန်၊ အသချေ အနန္တ ဖြစ်သော ကံတို့သည်၊ အကျိုးပေးရန် ဝိုင်းရံ၍နေ၏။ ။ပုထုဇန်ဟူသော အဖြစ်မျိုးမည်သည်၊ တဘဝ အတွက်မျှကိုပင် စိတ်မချရပေ။ ယခုဘဝ၌ပင် ဆရာအမျိုးမျိုး,အယူဘာသာဖမျိုး,မျိုးသို့ ပြောင်းရွှေ့နိုင်၏။

ထို့ကြောင့်၊ **နာနာသတ္တာရာနံ မုခံ ဥလ္လောကေန္တိ တိ ပုထုဇ္ဇနာ။** နာနာသတ္တာရာနံ၊အထူးထူးသောဆရာတို့၏။ မုခံ၊ မျက်နှာကို။ ဥလ္လောကေန္တိ၊ တမျှော်မျှော်နှင့် မော်၍ ကြည့်ကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇန်မည်ကုန်၏ဟု-ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာ၏။

ဤဒေသနာတော်အရ၊ အပါယ်သံသရာမှလွတ်ရန် ပုထုဇန်အဖြစ်မှ လွတ်ရန်မှာ၊သက္ကာယဒိဋ္ဌိကွာမှသာ လွတ်မြောက်နိုင်၏။ ငါဘဲ,သူဘဲ,ပုဂ္ဂိုလ်ဘဲ,ယောကျ်ား,မိန်းမဘဲဟု အထင်အမြင်လွဲ၊အယူအဆလွဲနေသော အတ္တဝါဒ,သက္ကာယဒိဋ္ဌိဝါဒ မလွတ်သမျှကာလပတ်လုံး၊ မိမိတို့၏ရင်ထဲ,နှလုံးထဲ၌ ငရဲမီးဇီဇတို့ မငြိမ်း, မပျောက်ပေ။ ထိုဒိဋ္ဌိတို့ ရှိနေသော သူမှာမူ၊ရင်ဝ၌ လှံစူး၍ ဦးထိပ်၌ မီးလောင်နေသော သူသည်၊ လှံကို ပယ်နုတ်ရန်အရေး မီးကိုသတ်ငြိမ်းရန် အရေးသာလျှင် လွန်စွာကြီးသကဲ့သို့။ သက္ကာယဒိဋ္ဌိ ဟူသော ငရဲမီးဇီဇကို အမြစ်နှင့် တကွကျွတ်လွတ်ရန် ပယ်နုတ်သတ်ဖြတ်ခြင်း၌၊ မမေ့မလျော့,မပေါ့သောသတိဖြင့် စွဲမြဲစွာတည်ထား၍၊ ပရမတ် ရုပ်,နာမ် တရားတို့၏ အမှန်ဖြစ်ပျက်နေသော မမြဲခြင်း-အနိစ္စသဘော၊ ဆင်းရဲခြင်း-ဒုက္ခသဘော၊ အလိုမကျခြင်း-အနတ္တသဘောတို့ကို ဟုတ်မှန်သောအတိုင်း၊ ဝိပဿနာဉာဏ်အား ထင်ရှား သိမြင်လာအောင်၊ ကွေးခြင်း, ဆန့်ခြင်း, မြင်ခြင်း, ကြားခြင်း စသော၊အပြောင်းအလဲ,အပြုအပြင်,အမူအရာ ဖြစ်ပေါ်လာသည်ကိုသာ မလစ် မလပ်စေဘဲ၊ စွဲမြဲ၍ ရှုမှတ်နေရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။
(သံယုတ်ပါဠိတော်)

သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သော လျှန်းဘောင်းလှံမဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်ဝ ၌ ချင်သင်၌ တဲ့တဲ့ကြီးစူးဝိုက်၍ နေသကဲ့သို့ ၎င်း။

မတ္တကော၊ ဦးခေါင်း, ဦးသျှောင်တခုလုံး၌၊ ဒသမာနေ၁၀၊ ထိန်ထိန်, ပြောင်ပြောင်, မီးဟုန်းဟုန်း တောက်လောင် နေသကဲ့သို့ရှင်း။ သက္ကာယဒိဋ္ဌိ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ ဟူ၍ စွဲလမ်းယူမှားနေသော အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိကို၊ ပဟာနာယ၊ လျင်မြန်ဘိစိး အရေးကြီးစွာ ပယ်ရှား စွန့်ပစ်ခြင်းငှါ။ ဘိက္ခု၊ သံသရာ အပါယ်ဘေးကြီးကို မျှော်တွေး ကြောက်ရွံ့သောသူ ရှင်,လူ,ရဟန်း အပေါင်းသည်။ သတော၊ မမေ့မလျော့, မပေါ့မတန် ထက်သန်စွဲမြဲသော သတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ နာမ်,ရုပ်နှစ်ပါး ဖြစ်,ပျက်များကို မှတ်သား အားထုတ်ရာသတည်း။

ဤသို့လာသော ဒေသနာတော်အရ၊ အနမတဂ္ဂသံသရာက ပါလာသော အကုသိုလ်ကံ၊ ယခုဘဝ၌ ပြုလုပ် လွန်ကြူး မှားယွင်း မိသော အကုသိုလ်ကံတို့က၊ လေးတန်သော အပါယ်ဘဝများသို့ ဆွဲငင်တွန်းချသဖြင့်၊ အသင်္ချေယျ အနန္တ ဖြစ်သော ဆင်းရဲဒုက္ခအပေါင်းတို့သည်၊ မီးဖုတ်သော မျိုးစေ့၌၊ အညွန့်,အညှောက်,ပင်စည်,ကိုင်းခက်,အရွက်, အဖူး,အပွင့်,အသီးတို့ပါ၊ တချက်တည်း ကျွမ်းလောင် ပျက်ပြုန်းသကဲ့သို့။ ယခုပစ္စုပ္ပန် ဘဝတခုတည်းနှင့်ပင် သက္ကာယဒိဋ္ဌိမီးသည်၊ အပြီးတိုင် ချုပ်ငြိမ်းဆုံးရလေအောင်၊ အနတ္တအလုပ်ကို တွင်တွင်ကြီး အားထုတ်ကြပါလေ။

သက္ကာယဒိဋ္ဌိ စွဲငြိဟန်ကို သိသာရန် ပြဆိုချက်ပြီး၏။

---

## မဟာပုရိသဝိတက် ၈-ပါးကို မှတ်သားရန်ပြဆိုခြင်း

မဟာပုရိသ ဝိတက်ဟူသည်၊ ယောက်ျားအာဇာနည်,ယောက်ျားမွန်,ယောက်ျားမြတ်တို့၏ အမြဲမပြတ် စိတ်၌ တွေးတောသော အကြံအစည်များပေတည်း။ ဤအကြောင်းကို အင်္ဂုတ္တိုရ် ပါဠိတော်လာ မဟာဝိတက္ကသုတ်ဖြင့် သိအပ်ပေ၏။ ။အခါတပါး၌၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည်၊ ဆိတ်ငြိမ်ရာသို့ ကပ်၍ ဤသို့ ကြံစည်တော်မူ၏။ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိတို့မှကင်းကွာ၍၊ လောကုတ္တရာ သစ္စာဉာဏ်ဖြင့်၊ အဟုတ်အမှန် ထိုးထွင်း သိမြင်သော ဤ မဂ်,ဖိုလ်တရားသည်၊ ပင်ကိုယ်ဉာဏ်ရှိသော သူမြတ်၏ တရားသာဖြစ်ရာ၏၊ ဉာဏ် မရှိသောသူ၏ တရား မဟုတ်ရာဟု ကြံစည်တော်မူ၏။

ကြီးစည်ပုံ အခြင်းအရာများမှာ။ ။၁-အမိစ္ဆသာ ယံ ဓမ္မော၊ နာ ယံ ဓမ္မော မဟိစ္ဆသ- ၏ မင်္ဂ,ဖိုလ် တရားသည်၊ အလို နည်းသော သူမြတ်၏သာ သိနိုင်ရာသော တရားမျိုး ဖြစ်၏။ အလိုကြီးသော သူ၏ သိနိုင်ရာသော တရားမျိုးမဟုတ်။

၂-သန္တုဋ္ဌဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ-၏ မင်္ဂ,ဖိုလ်တရားသည်၊ရောင့်ရဲ တင်းတိမ်လွယ်သော သူမြတ်၏ တရားမျိုး ဖြစ်၏။ မရောင့်ရဲ မတင်းတိမ်သောသူ၏ တရားမျိုးမဟုတ်။

၃-ပဝိဝိတ္တဿာ ယံ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ-၏မင်္ဂ,ဖိုလ်တရားသည်၊ ဆိတ်ငြိမ်ရာ ဝိပဿနာ အာရုံနှင့် နေလေ့ရှိသောသူမြတ်၏ တရားမျိုးဖြစ်၏။အပေါင်းအဘော်နှင့် မွေ့လျော်ပျော်ပါး၍၊ ရောပြွမ်းနေထိုင်လေ့ရှိသောသူ၏ တရားမျိုးမဟုတ်။

၄-အာရဒ္ဓဝီရိယဿာ ယံ ဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ-၏မင်္ဂ,ဖိုလ်တရားသည်၊ ဝိပဿနာ တရားကို မနေမနား အားထုတ်သော သူမြတ်၏ တရားမျိုးဖြစ်၏။ ဝိပဿနာ တရားကို အားထုတ်ရန် ပျင်းရိပေါ့တန်သော သူ၏တရားမျိုးမဟုတ်။

၅-ဥပဋ္ဌိတသတိဿာယံ ဓမ္မော၊နာယံ ဓမ္မော မုဋ္ဌဿတိဿ-၏ မင်္ဂ,ဖိုလ်တရားသည်၊ မမေ့မလျော့,မပေါ့သော သတိရှိသောသူမြတ်၏တရားမျိုးဖြစ်၏။ သတိ လွတ်ပေါ့ မေ့လျော့သော သူ၏ တရားမျိုးမဟုတ်။

၆-သမာဟိတဿာယံ ဓမ္မော၊နာယံ ဓမ္မော အသမာဟိတဿ-၏ မင်္ဂ,ဖိုလ်တရားသည်၊ စိတ်တည်ကြည် ငြိမ်သက်သော သူမြတ်၏ တရားမျိုး ဖြစ်၏။ စိတ် ဖေါက်ပြန် တုန်လှုပ် လေလွင့်နေသော သူ၏ တရားမျိုး မဟုတ်။

၇-ပညာဝတောယံ ဓမ္မော၊နာယံ ဓမ္မော ဒုပ္ပညဿ-၏ မင်္ဂ,ဖိုလ်တရားသည်၊ ပကတိ ပင်ကိုယ် ဉာဏ်ရှိသော သူမြတ်၏သာ သိနိုင်ရာသော တရားမျိုး ဖြစ်၏။ မိမိဉာဏ်ဖြင့် တွေးတော ကြံဆသော သူ၏ သိနိုင်ရာသော တရားမျိုးမဟုတ်။ ဤ ၇-ပါးသော အရာဌာနတို့ကို အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်၊အထပ်ထပ် အဘန်ဘန် ကြံစည်၍ နေတော်မူလေ၏၊ထို အခါ မြတ်စွာ ဘုရားသည်၊ ကောင်းပါပေစွ ချစ်သား,ဟုတ်မှန်ပေစွ ချစ်သားဟု အရှင် အနုရုဒ္ဓါအား ကောင်းချီး

ပေးတော်မူ၍၊ ဒိ-ချစ်သား အနုရုဒ္ဓါ ထိုသို့ ကြံစည်ခဲ့ပါလျှင်၊ ၇ စ်ခု မြောက်ဖြစ်သော ဤ မဟာပုရိသ ဝိတက်ကိုလည်း ကြံစည်လေဦးဟု မြွက်ဆို၍ မိန့်တော်မူ၏။

**ဂ-နိပ္ပပဥ္စာရာမဿ ဓမ္မော၊နာယံ ဓမ္မော ပပဥ္စာရာမဿ ပပဉ္စ ရတိနော**-ဤမဂ်,ဖိုလ်တရားသည်၊ သံသရာတခွင်၌ အကျယ်မကြိုက် အကျဉ်းလိုက်သော သူမြတ်၏ တရားမျိုးသာ ဖြစ်၏။ သံသရာတခွင်၌ အကျဉ်းမကြိုက် အကျယ်လိုက်သောသူ၏ တရားမျိုးမဟုတ်။

ဤသို့ မဟာပုရိသဝိတက် ဂ-ပါးဖြစ်၏။လိုရင်းမှာ အမှန်ဖြစ်သော ပရမတ် ရုပ်,နာမ် တို့၏ အဖြစ်အပျက်ကို၊ ဉာဏ်ဖြင့် အထင်အလင်း ထိုးထွင်း၍ သိနိုင်မှ အောင်မြင် ပေါက်ရောက်သော ဤ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားမျိုးမည်သည်၊ ပဋိသန္ဓေအခါတွင် ပါလာ သော ပကတိ ပင်ကိုယ်ဉာဏ်ဖြင့်၊အကျဉ်းလိုက်သောသူမှ လွယ်ကူစွာ ထမြောက်နိုင်၏။ ပင်ကိုယ်ဉာဏ် မရှိဘဲ မိမိ ဘို ထင်မြင်ရာကို တွေး တော ကြံစည်၍၊ အကျယ်လိုက်သော သူအား မအောင်မြင် မပေါက် ရောက် နိုင်ရာဟု ဆိုလိုသည်။

မဟာပုရိသဝိတက် ဂ-ပါးကို ပြဆိုခြင်း ပြီး၏။

---

## ဂါဟတရား ၃-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း

ထိုမဟာပုရိသ ဝိတက်၇စ်ပါးတို့တွင်၊ပပဉ္စ တရားဟူသည်၊အထက် တွင် ပြဆိုခဲ့သော တဏှာ,မာန,ဒိဋ္ဌိ ၃-ပါးပေတည်း။ဤတရားသုံးပါး သည်၊ ငါ့အလို ငါ့ကိုယ်ဟူ၍ စွဲလမ်း ယူမှားတတ်သောကြောင့်၊အတ္တ ဒိဋ္ဌိ, သက္ကာယဒိဋ္ဌိလည်းမည်၏။ သံသရာတခွင်၌ ကျယ်ဝန်းအောင် ချဲ့ထွင်တတ်သောကြောင့်၊ ပပဉ္စတရားလည်း မည်၏။ တဏှာ, မာန, ဒိဋ္ဌိတို့သည်၊ မိမိတို့ မှီရာဖြစ်သော ထိုတရား ၃-ပါး ရှိသော သူကို၊ ကိုက်ဘမ်း မျိုဝါး စားသောက်တတ်သောကြောင့်၊ဂါဟတရားလည်း မည်၏။

ထိုတရား သုံးပါးတို့၏ သံသရာချဲ့ထွင်ပုံ, ကိုက်ဘမ်းဝါးမျိုပုံမှာ၊ ပရိယတ်ကျမ်းဂန်၌တတ်ကျွမ်း၍ ဒေသနာဉာဏ် အားကြီးသောသူမှာ၊ ဝိပဿနာအလုပ်နှင့်စပ်သော ပရမတ်အရာများ၌ ဉာဏ်မရှိ သဘော မပေါက် ရှိနေသော်လည်း၊ ဉာဏ်ရှိ၏,သဘောပေါက်၏,ငါ့အယူမှ

မှန်၏။သူတပါးအယူမှား၏ဟု စသည်ဖြင့် ထင်မြင်တတ်မူ၊ သူတပါး က အယူဖြောင့်သော်လည်း မယုံမကြည် မလိုက်နာနိုင်ပေ။ ဤသို့ မာနတရားတက်ကြွသဖြင့် တဏှာဒိဋ္ဌိတို့သည်၊ထိုပုဂ္ဂိုလ်အား ပူးကပ် ဝင်ရောက်၍ ဘဝများအောင် ရှဲထွင်၏။ကောင်းသောတရား ကောင်း ကျိုးချမ်းသာ, ကောင်းမြတ်သော သုဂတိဘဝမျိုးကို၊ ချိုးဖျက်, သတ် ဖြတ် ကိုက်ဘမ်း, စားမျို၍၊ မကောင်းသော တရား ကိန်းဝပ်လျက် မကောင်းကျိုးဖြစ်သော ဒုဂ္ဂတိဘဝမျိုးသို့ ကျရောက်စေ၏။ယခု ပြဆို ခဲ့သော အကြောင်းများကို၊ ဓမ္မပဒပါဠိတော်, ၎င်းအဋ္ဌကထာတို့၌ လာသော ကပိလသုတ်ဖြင့် သိအပ်ပေ၏။

ကဿပမြတ်စွာဘုရားသာသနာတော်၌၊သာဂတ,ကပိလ ညီအစ် ကို နှစ်ယောက်တို့ ရဟန်းပြုကြကုန်၏၊မိခင် သာဓနီနှင့် နှစ်မ တာပနာ တို့လည်း ရဟန်းမိန်းမ ပြုကြ ကုန်၏။ရဟန်းနှစ်ပါးတို့တွင် နောင်တော် သာဂတ,မထေရ်သည်၊ငါးဝါရသောအခါ တောသို့ဝင်၍ ဝိပဿနာ ကို အားထုတ်သဖြင့် ရဟန္တာ ဖြစ်လေ၏။ ညီ-ကပိလမှာ ပိဋကတ် ကျမ်းဂန် သင်ကြားတတ်မြောက်၍၊အခြွေအရံ တပည့်ပေါများသဖြင့် ဘုန်းကြီးခြင်း, လာဘ်များခြင်း ဖြစ်လာ၏။ ထို ကျမ်းဂန်တတ်ခြင်း ကြောင့် တပည့် အခြွေအရံနှင့်တကွ လာဘ်များသည်ကို မှီ၍ မာန တရား အားကြီးလေသည်။

ထိုအခါ ကပိလရဟန်းသည်၊အမှန်ကို အမှား, အမှားကို အမှန်ဟု ဖေါက်ပြန် စွဲယူ၍၊ မိမိ၏ အလိုသို့ လိုက်သောသူကို အားပေး၏။ မိမိ အလိုသို့ မလိုက်သောသူကို နှိပ်စက်၍၊ အနိုင်အထက် ပြုလုပ်ကျင့်ကြံ လေ၏၊မိခင်နှင့် နှစ်မဖြစ်သော ဘိက္ခုနီမတို့သည်လည်း၊ ကပိလရဟန်း ၏အယူသို့လိုက်၍ရဟန်းကောင်းများကို ပြစ်မှားဆဲရေးလေ၏။အစ်ကို သာဂတမထေရ်သည်၊ နှစ်ကြိမ်လာ၍ ဆုံးမသော်လည်း မလိုက်နာ သဖြင့် ရှောင်လွှဲရလေ၏။ သေသောအခါ ကပိလရဟန်းနှင့် မိခင်,နှစ်မ တို့သည်၊အတူမကွဲဘဲ အဝီစိငရဲကြီးသို့ ကျရောက်ကြရလေကုန်၏။

ကပိလရဟန်းသည် ငါတို့ ဘုရားလက်ထက်တော်အခါ၊ သာဝတ္ထိ ပြည်အနီး အစိရဝတီမြစ်၌ ကိုယ်မှာ ရွှေအဆင်း၊ ပါးစပ်မှာ အလွန် ပုပ်သော ငါးကြီး ဖြစ်လေ၏။ တနေ့သ၌ တံငါတို့၏ ပိုက်ကွန်ဖြင့် ဘမ်းမိ၍၊ ထူးဆန်းသောငါးဟု ကောသလမင်းကြီးအား ဆက်သလာ

ကုန်၏။ထိုအခါ မင်းကြီးသည် ထူးဆန်းလှ၍ မြတ်စွာဘုရားထံ ယူလာပြီး အကြောင်းကို လျှောက်ထားလေသော်၊ အတိတ်ကိုဆောင်၍ ဟောတော်မူရာ၊အချို့မှာ မယုံကြည်သဖြင့် ကပိလငါးကို မြတ်စွာဘုရားက သင်သည်၊ ကဿပဘုရား လက်ထက်တွင် ကပိလမည့်သော ရဟန်းဟုတ်သလောဟု မေးတော်မူ၍၊ ဟုတ်ကြောင်းကို ငါးကြီးကပင် လျှောက်ထားလေ၏။ သင် ယခု ဘယ်ကလာသလဲဟု တဘန် မေးပြန်သောအခါ၊ အဝီစိမှ လာကြောင်းလျှောက်၏။သင်၏ အမိနှင့် နှမများ ဘယ်မှာလဲဟု မေးပြန်သော်၊အဝီစိငရဲမှာ ရှိနေကြောင်း လျှောက်၏။သင်သည် ဤဘဝမှ စုတေလျှင် ဘယ်ကို သွားရမည်လဲဟု မေးသောအခါ၊အဝီစိကိုပင် ပြန်ရပါဦးမည်ဟု လျှောက်ပြီး၊ နှလုံးမသာ လွန်စွာဝမ်းနည်း လှ၍၊ လှေနံကို ခေါင်းနှင့် တိုက်ပြီး သေဆုံး၍ သွား ရှာလေသည်။

ထိုအခါ တံငါသည် ငါးရာနှင့်တကွ ရောက်လာသော ပရိသတ်များသည်၊ လွန်စွာ ထိတ်လန့် သံဝေဂ ဖြစ်ကြသဖြင့်၊ မြတ်စွာဘုရား တရားဟောတော်မူ၍ အကျွတ်တရား ရကြလေသည်။ ဤ ကပိလ ဝတ္ထုကို ထောက်ဆ၍၊ဂါဟတရား ၃-ပါးတို့ ကိုက်ဘမ်းမျိုဝါး စားသောက်သော အဖြစ်ကို သိကြပါလေ။ ၎င်း ဝတ္ထု သာခကသည် ထင်ရှားရာကိုသာ ပြဆိုခြင်းဖြစ်၏။ပုထုဇဉ်ဖြစ်သော သတ္တဝါတို့အား အနည်းအများဖြစ်တတ်ကြ၍ အထူးပင် သတိပြုသင့် လှပေသည်။

**အချုပ်မှာ။** ။ပရမတ် ရုပ်, နာမ်ကို အဟုတ်အမှန် မသိလျှင်၊ ပိဋကတ် သုံးပုံဆောင်သော်လည်း၊ တဏှာ,မာန,ဒိဋ္ဌိဖြစ်၏။သံသရာ ရှည်လျား ကျယ်ဝန်း၏။ဂါဟတရားကိုက်ဘမ်း၏။ဉာဏ်သိကိုသာ လိုအပ်၏။ စာသိကို မလိုအပ်။ထို့ကြောင့် **“ကိုယ်မှာ မတတ်-စာမှာ တတ်၊ ဂါဟကိုက် တတ်သည်”** ဟု ဆရာမြတ်တို့ မိန့်ဆိုကြကုန်၏။ထို့ကြောင့် သက္ကာယဒိဋ္ဌိ အစွဲမရှိ၍၊ ပပဉ္စတရား လွတ်ကင်းလျက် ဂါဟတရား ပြတ်စဲသဖြင့်၊ တဏှာ,မာန,ဒိဋ္ဌိတို့ မကပ်မရောက်နိုင်အောင်၊ ကျမ်းဂန် သိ,ဒေသနာစာပေသိမှ လွန်၍၊ ကိုယ်ထဲ,စိတ်ထဲ၌ ဉာဏ်သိဖြစ်လာစေရန်၊ ရှစ်တန်သော မဟာပုရိသ ဝိတက်တို့နှင့် အချက်ကျ သတ်မှတ်၍၊ ရုပ်,နာမ် ပရမတ်တို့ မပြတ် ဖြစ်ပျက်နေသော၊ ကွေးခြင်း, ဆန့်ခြင်း, ကြားခြင်း စသော အမှု အရာ တို့ကို၊ဖြစ်ပေါ်လာသော သူသဘော

အတိုင်း၊မဆိုင်းမရပ် အလပ်အကြား မဝင်စေဘဲ၊စွဲစွဲမြဲမြဲ ရှုမှတ်သင့် လှပေသတည်း။

**ဂန္ထေ ဉာတေပိ နော ကာဧယ၊ ဂါဟော ဂါဟတိ ပုဂ္ဂလံ။**

**ဂန္ထေ ဉာတေ အဉဇာတေဝါ၊ကာဃေ ဉာတေ ဝိဂန္ထတိ။**

ဂန္ထေ၊ကျမ်းဂန်ပေစာ ပရိယတ်ဒေသနာကို၊ ဉာတေပိ၊ တဘက် ကမ်းရောက် တတ်မြောက် ကျွမ်းကျင် ပါသော်လည်း၊ ကာယေ၊ သဘောဉာဏ်စွဲ ကိုယ်စိတ်ထဲ၌၊ နောဉာတေ၊ ပရမတ် ရုပ်,နာမ်ကို အဟုတ် အမှန် မသိသည်ရှိသော်၊ ဂါဟော၊ တဏှာ, မာန, ဒိဋ္ဌိ ၃-ပါး ဂါဟတရားသည်၊ပုဂ္ဂလံ၊ပညတ်သိငြား ပုဂ္ဂိုလ်များကို၊ဂါဟ တိ၊ဘမ်းယူကိုက်စား မျိုကာဝါးလေ၏၊ ဂန္ထေ၊ ကျမ်းဂန်ပေစာ ပရိ ယတ် ဒေသနာကို၊ ဉာတေဝါ၊ တဘက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်သော်ရင်း၊ အဉာတေဝါ၊ ဂါထာဝါကျ တပုဒ်တပါဒမျှပင် မရမသိ နားမလည်သော်ရင်း၊ ကာယေ၊သဘောဉာဏ်စွဲ ကိုယ်စိတ် ထဲ၌၊ ဉာတေ၊ ပရမတ် ရုပ်,နာမ်ကို အဟုတ်အမှန် သိသည်ရှိသော်၊ ဂါဟော၊ တဏှာ, မာန, ဒိဋ္ဌိ ၃-ပါး ဂါဟတရားသည်၊ ဝိဂန္ထတိ၊ တဘန် နောက်ထပ် မကပ်မဝင်နိုင်ဘဲ ပြတ်စဲကင်းငြိမ်း ရလေတော့ သည်သာတည်း။

ဂါဟတရား ၃-ပါးကို ခိုင်းခြား၍ ပြဆိုခြင်း ပြီး၏။

## ကိလေသာ၏ သရုပ်အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုခြင်း

ကိလေသာဟူသည် အကျဉ်းအားဖြင့်ဆယ်ပါး၊ အလယ် အလတ် အားဖြင့် ၁၀၈-ပါး၊ အကျယ်အားဖြင့် ၁၅၀၀-ဟူ၍ သုံးပါး သုံးမျိုး ရှိ၏၊ထိုကိလေသာတို့ကို ဝိပဿနာအလုပ်ကိစ္စ၌ အသုံးပြုသော အရေ အတွက် အစဉ်အားဖြင့်၊ အလုံးစုံပေါင်းရုံး၍ အကျဉ်းချုံးလိုက်သည် ရှိသော်၊ ဝိတိက္ကမကိလေသာ,ပရိယုဋ္ဌာနကိလေသာ, အနုသယကိလေ သာ-ဟူ၍ ၃-ပါးရှိ၏။ ထို ၃-ပါးတို့တွင်၊လွန်ကြူးသော ကိလေသာ သည်၊ ဝိတိက္ကမကိလေသာမည်၏၊စိတ်ထဲ၌ ထကြွလှုပ်ရှား၍ သောင်း ကျန်း ဆူပွက်နေသော ကိလေသာသည် ပရိယုဋ္ဌာန ကိလေသာမည် ၏၊လှုပ်ရှား ထကြွသည်ဟု မသိသာ မထင်ရှားဘဲ၊စိတ်ထဲ၌သာ အစဉ်

မပြတ် ကိန်းဝပ်တည်ရှိနေသော ကိလေသာသည်၊ အနုသယ ကိလေသာ မည်၏။

အချုပ်မှာ၊ သတ္တဝါတို့အား မိုက်မဲတွေဝေမှု, ဆိုးသွမ်းသောင်းကျန်းမှု,ညစ်နွမ်း ပေရေမှုများ ဖြစ်အောင်၊ ပြုလုပ်တတ်ခြင်း သဘောမျိုးကို ကိလေသာဟု ဆိုပေသည်။ တနည်းအားဖြင့်၊ဥပ္ပန္နကိလေသာ, အနုပ္ပန္နကိလေသာဟူ၍ နှစ်ပါးလာရှိပြန်၏။ ထိုနှစ်ပါးတို့တွင်၊ဖြစ်ပေါ်သော ကိလေသာသည်၊ဥပ္ပန္နကိလေသာမည်၏။ မဖြစ်ပေါ်သေးသော ကိလေသာသည်၊အနုပ္ပန္နကိလေသာမည်၏။ ။ထိုကိလေသာ ၅-ပါးတို့တွင်၊ဝိတိက္ကမကိလေသာကို သီလဖြင့် ပယ်သတ်၏။အကြွင်း ၄-ပါးကို သမာဓိပညာဖြင့် ပယ်သတ်၏။ ထို့ကြောင့် ယခုအခါ ဝိတိက္ကမကိလေသာသည် သိသာထင်ရှားသဖြင့်၊ပရိယုဋ္ဌာနစသော ကိလေသာများကိုသာ ပြဆိုပေတော့အံ့။

သမာဓိ,ပညာဟု ခေါ်သော သမထ ဘာဝနာ,ဝိပဿနာ ဘာဝနာ နှစ်ပါးဖြင့် ပယ်အပ်သော၊ ပရိယုဋ္ဌာန ကိလေသာ,အနုသယ ကိလေသာ နှစ်ပါးတို့တွင်၊ ပရိယုဋ္ဌာန ကိလေသာသည်၊ သစ်ပင်၏ အကိုင်းအခက်နှင့်တူ၏။ အနုသယ ကိလေသာသည်၊သစ်ပင်၏အမြစ်နှင့်တူ၏။ သစ်ပင်ကိုသတ်သောသူသည်၊မူလဖြစ်သော ရေသောက်မြစ်ကို မဖြတ်ဘဲ၊ အကိုင်းအခက်မျှကိုသာ ပယ်ဖြတ်ပါလျှင် သစ်ပင် မသေမညှိုးဘဲ၊ ရွှင်လန်း စည်ကားခြင်းသို့ ရောက်သကဲ့သို့။ခန္ဓာငါးရပ် ရုပ်ခါတ်,နာမ်ခါတ်တို့ကို ပယ်သတ်၍ ဘဝဇာတ်ကင်းပြတ်လိုသောသူသည်၊အကိုင်းအခက်နှင့်တူသော သမထလောက်မျှနှင့်ပယ်၍၊မူလ ရေသောက်မြစ်နှင့်တူသော အနုသယကိလေသာကို ဝိပဿနာနှင့် မပယ် မသတ်ပါလျှင်၊ နောင်တဘန် ဘဝအတန်တန် ဆင့်ထပ်၍ မပြတ် ရှည်သျှား တိုးပွားစည်ကားကြောင်းများကို၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝံပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။
(ဓမ္မပဒပါဠိတော်)

ရုက္ခသာ၊ သစ်ပင်၏။ ဒဠှေ၊ မြဲမြံခိုင်ခံ့သော။ မူလေ၊ ပင်ရင်းအစစ်ရေသောက်မြစ်ကို။ အနုပဒ္ဒဝေ၊ မဖြတ်မခုတ် မနှုတ်,မပယ်သည်ရှိ

သော်။ ရုက္ခော၊ ပင်စည်အကိုင်း အခက်မျှကို။ ဆိန္နောပိ၊ ခုတ်ထွင် ပယ်ဖြတ်ပါသော်လည်း။ ရုက္ခော၊ သစ်ပင်သည်။ ပုနဒေဝ၊ နောက်ထပ်တဘန်သာလျှင်။ ရူဟတိ ယထာ၊ ပေါက်ရောက်စည်ကား ကြီးပွားလာပြန်သကဲ့သို့။ ဧဝံပိ၊ ဤအတူပင်လျှင်။ တဏှာနုသယေ၊ အနုသယကိလေသာကို။ အနူဟတေ၊ ထုတ်နုတ် ပယ်ဖြတ်၍ ကုန်ခန်းအောင် မငြိမ်းမသတ်ရသေးသည်ရှိသော်။ ဣဒံ ဒုက္ခံ၊ ဤခန္ဓာငါးပါး နာမ်ရုပ်တရားဟူသော ဆင်းရဲဒုက္ခများသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ အမြဲမပြတ် အထပ်ထပ်။ နိဗ္ဗတ္တတိ၊ ဘဝအသစ်အသစ် အဆက်ဆက် ဖြစ်ရလေသတည်း။

ယခုပြဆိုခဲ့သော ကိလေသာ၏ အမိပ္ပါယ်သဘောတို့ကို၊ တနည်းအကျယ်ဝေဘန်၍ နောက်၌ ဘော်ပြသော အဖိတသုတ်ဖြင့်၊ အကျယ်အားဖြင့် ကိလေသာသည် တထောင့်ငါးရာ၊ တရားကိုယ် အားဖြင့် ၁၀-ပါး၊ မူလအားဖြင့် ၃-ပါး၊ အနုသယ ပရိယုဋ္ဌာန်အားဖြင့် ၂-ပါး၊ ယိုစီးတတ်သောသဘော သောတအားဖြင့် ၁-ပါးသာဖြစ်၏ ဟူ၍မှတ်လေ။

**သဝန္တိ သဗ္ဗမိ သောတာ။** ။သောတာ၊တဏှာတို့သည်။သဗ္ဗမိ၊အလုံးစုံသော အာယတနတို့၌။သဝန္တိ၊ယိုစီးကုန်၏။ ။ဥင်းဒေသနာတို့ကို ကောက်ထား၍ အထက်၌ပြခဲ့သော အမိပ္ပါယ် သဘောများကို၊ အသီး အသီး ဗိုင်းခြား၍ မှတ်သားသိရှိကြပါလေ။

ကိလေသာ၏ သရုပ်အဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။

---

## အဇိတသုတ်လာဖြင့် ကိလေသာ၏ လက္ခဏာကို ပြခြင်း

အဘယ်သည်၊ တဏှာတို့ကို တားမြစ်နိုင် ပါသနည်းဟု အဇိတလျောက်လေး၏၊ ဤအမေးသည်၊ပရိယုဋ္ဌာန ကိလေသာ ပယ်သည်ကို မေး၏။ ဤသို့ မေးခြင်းသည်၊ဖြစ်စင်သော ဝေါဒါန အမေးဟု မှတ်ယူအပ်ပေသည်။

**သောတာနံ ကိံ နိဝါရဏံ့ ပရိယုဋ္ဌာနဝိဃာတံ ပုစ္ဆတိ၊ ဣဒံ ဝေါဒါနံ။**

ကိံ၊ အဘယ်သည်။ သောတာနံ၊ ယိုစီးတတ်သော တဏှာတို့ကို။ နိဝါရဏံ၊ တားမြစ်နိုင်ပါသနည်း။ ဣတိ ဣမိနာ ပုစ္ဆနေန၊ ဤအမေး

ဖြင့်၊ ပရိယုဋ္ဌာန ဝိဃာတံ၊ ပရိယုဋ္ဌာန် ပယ်သည်ကို။ ပုစ္ဆတိ၊ မေး လျှောက်၏၊ ဣဒံ၊ ဤအမေးသည်။ ဝေါဒါနံ၊ ဖြူစင်ကြောင်းဖြစ်သော ဝေါဒါန်အမေးတည်း။

အဘယ်ကို တဏှာတို့၏ အစောင့်အရှောက်ဟူ၍ ဟောတော်မူပါသနည်း၊ အဘယ်ဖြင့် တဏှာတို့ကို ပိတ်ဆို့အပ်ပါသနည်းဟု အဇိတ လျှောက်ထား၏။ ဤအမေးဖြင့် အနုသယကိလေသာဖြစ်ကို ပယ်နုတ်၍၊ ထမြောက်သော ဝုဋ္ဌာနအမေးဟု မှတ်ယူအပ်ပေသည်။

**သောတာနံ သံဝရံ ဗြူဟိ၊ ကေန သောတာ ပိဓိယ ရေ,တိ အနုသယသမုဂ္ဃါတံ ပုစ္ဆတိ၊ ဣဒံ ဝုဋ္ဌာနံ။**

ကိံ၊ အဘယ်ကို။ သောတာနံ၊ ယိုစီး တတ်သော တဏှာတို့၏။ သံဝရံ၊ အစောင့်အရှောက်ဟူ၍။ တွံ၊ ရှင်ပင်ဘုရားသည်။ ဗြူဟိ၊ ဟော တော်မူပါသနည်း။ ကေန၊ အဘယ်ဖြင့်။ သောတာ၊ တဏှာတို့ကို။ ပိဓိယျရေ၊ ပိတ်ဆို့အပ်ပါသနည်း။ ဣတိ ဣတိမိနာ ပုစ္ဆနေန၊ ဤအမေး ဖြင့်။ အနုသယ သမုဂ္ဃါတံ၊ အနုသယ ပယ်သည်ကို။ ပုစ္ဆတိ၊ မေး လျှောက်၏၊ ဣဒံ၊ ဤ အမေးသည်။ ဝုဋ္ဌာနံ၊ ထမြောက်ကြောင်း ဖြစ် သော ဝုဋ္ဌာန အမေးတည်း။

**မေးလိုရင်းကား၊** ညစ်ညူးသော လူအပေါင်း၏ ဖြူစင်ကြောင်း ကား အဘယ်နည်း။ ပင်ပန်း ဆင်းရဲခြင်းသို့ ကျရောက်သော လူ အပေါင်း၏ ထွက်မြောက်ခြင်းကား အဘယ်နည်း ဟူသနည်း။

**ဧဝံ သမာပန္နဿ လောကဿ**
**ဧဝံ သံကိလိဋ္ဌဿ ကိံ လောကဿ ဝေါဒါနံ ဝုဋ္ဌာနံ.မိတိ။**

ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ဤသို့။ သမာပန္နဿ၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ ရောက်သော။ လောကဿ၊ လူအပေါင်း၏။ ဝုဋ္ဌာနံ၊ လောကမှ ထွက်မြောက်ကြောင်းကား၊ ကိံ၊ အဘယ်ပါနည်း၊ ဧဝံ၊ ဤသို့။ လောကဿ၊ လူအပေါင်း၏။ သံကိလိဋ္ဌဿ၊ ညစ်ညူးသော ကိလေသာမှ။ ဝေါဒါနံ၊ ဖြူစင်ကြောင်းကား၊ ကိံ၊ အဘယ်ပါနည်း။ ဣတိ အယံ၊ ဤသည်ကား၊ ပုစ္ဆနာဓိပ္ပါယော၊ မေးလိုရင်း အဓိပ္ပါယ် ပင်တည်း။ ။**အဓိပ္ပါယ်ကား၊** လူ အပေါင်း၏ ညစ်ညူးသော ပရိ ယုဋ္ဌာန် ကိလေသာမှ၊ ဖြူစင်ကြောင်း၊ လူအပေါင်း၏ ဆင်းရဲ ပင်ပန်း

ခြင်းသို့ရောက်သော အနူသယကိလေသာမှ ထွက်မြောက်ကြောင်းကို မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူပါသနည်းဟု မေးလျှောက်သော စကားပေတည်း။

**ယာနိ သောတာနိ လောကသ္မိံ၊ အဇိတာ၊တိ ဘဂဝါ၊**
**သတိ တေသံ နိဝါရဏံ။ သောတာနံ သံဝရံ ဗြူမိ၊**
**ပညာယေ၊တေ ပိဓိယရေတိ။**

အဇိတ၊ ချစ်သား အဇိတ။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တော် ပိသဇ္ဇန်၊ ဤသို့သော အဖြေစကားကို။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူ၏။ ကိံ ဝိသဇ္ဇေတိ၊ အဘယ်သို့ ဖြေကြားတော်မူသနည်း။ လောကသ္မိံ၊ လူအပေါင်း၌။ ယာနိ သောတာနိ၊ အကြင်တဏှာ တို့သည်။ သဝန္တိ၊ ယိုစီးကုန်၏။ သတိ၊ မှတ်ခြင်း သတိသည်။ တေသံ၊ ထိုယိုစီးသော တဏှာတို့ကို။ နိဝါရဏံ၊ တားမြစ်နိုင်၏၊ သတိ၊ မှတ်ခြင်း သတိကို။ သောတာနံ၊ ယိုစီးသော တဏှာတို့၏။ သံဝရံ၊ အစောင့် အရှောက်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏၊ ပညာယ၊ မှတ်၍သိခြင်း ဉာဏ်ပညာဖြင့်။ ဧတေ သောတာ၊ ထိုယိုစီးသော တဏှာ တို့ကို။ ပိဓိယရေ၊ ပိတ်ဆို့အပ်ကုန်၏။ ဣတိ ဝိသဇ္ဇေတိ၊ ဤသို့ မြတ်စွာ ဘုရား ဖြေကြားတော်မူ၏။

ချစ်သား အဇိတ၊ သင်အား ငါဘုရား ဖြေတော်မူမည်၊ လူအပေါင်း၌ အကြင်တဏှာ ယိုစီး၏။ ထိုတဏှာအပေါင်းကို သတိက တားမြစ်နိုင်သည်။ ထိုတဏှာအပေါင်း၏ အစောင့်အရှောက်ကို၊ သတိဟု ငါဘုရား ဟောတော်မူသည်။ မယိုစီးအောင် ထိုတဏှာ အပေါင်းကို၊ ပညာက ပိတ်ဆို့နိုင်သည်။ ချစ်သား အဇိတ၊ သင့်အား ဤသို့ ငါဘုရား ဖြေကြားတော် မူအပ်ပြီဟု မိန့်တော်မူ၏။ ဤကား လိုရင်းဖြစ်သော အဓိပ္ပါယ်တည်း။

ထိုအခါ အဘယ်သတိဖြင့် တဏှာ အပေါင်းကို မယိုစီးအောင် တားမြစ် နိုင်ပါသနည်းဟု အဇိတ လျှောက်ထား၍၊ ကာယဂတာ သတိဖြင့် တဏှာ အပေါင်းကို မယိုစီးအောင် တားမြစ်နိုင်သည်ဟု မြတ်စွာဘုရား ဟောကြားဖြေဆိုတော်မူ၏။

**ကာယဂတာယ သတိယာ ဘာဝိတာယ ဗဟုလီကတာယ စက္ခု နာဝိဿတိ မနာပိကေသု ရူပေသု၊ အမနာပိကေသု န ပဋိဟညတိ။**

ကာယဂတာယ သတိယာ၊ ကာယဂတာ သတိကို။ ဘာဝိတာယ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာယ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။စက္ခု၊မျက်စိသည်။မနာပိကေသု၊သာယာ နှစ်သက်ဘွယ်ဖြစ်ကုန်သော။ ရူပေသု၊အဆင်းတို့၌။ နာဝိဥ္ဆတိ၊ မဆွဲမငင်။ အမနာပိကေသု၊မသာယာ မနှစ်သက်ဘွယ်ဖြစ်ကုန်သော။ရူပေသု၊အဆင်းတို့၌။ န ပဋိဟညတိ၊ မထိပါး။ ဣတိ-ဝိသဒ္ဓေတိ၊ ဤသို့ မြတ်စွာဘုရား ဖြေကြားတော်မူ၏။

**အဓိပ္ပါယ်ကား။** ။ဆံပင်, မွေးညှင်း စသော ကောဋ္ဌာသအရ၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကြည့်ခြင်း, ရှုခြင်း, ကွေးခြင်း,ဆန့်ခြင်း,တစုံတခုကို ကိုင်ယူခြင်း၊စားခြင်း,သောက်ခြင်း, ခဲခြင်း,လျက်ခြင်း, စဉ်းငယ်သွားခြင်း,စဉ်းငယ်ရပ်ခြင်း, စဉ်းငယ်ထိုင်ခြင်း, စဉ်းငယ်အိပ်ခြင်း,စကားပြောခြင်း,ဆိတ်ဆိတ်နေခြင်း စသော၊ ရူပကာယကို သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်အောက်မေ့ မှတ်လေ့ မအား ပွားများသည်ရှိသော်၊ မျက်စိသည်- ဣဋ္ဌ, အနိဋ္ဌဖြစ်သော အဆင်းတို့၌၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့် မိန်းမ ဟူသော အမှတ်, ယောကျ်ားဟူသော အမှတ်၊ လက်, ခြေ,အင်္ဂါ မူရာသွင်ပြင်ဟူသော အမှတ်ကို မယူဘဲ၊ မြင်-မြင်သည်ဟု မြင်ကာမျှသာ တန့်နား-ရပ်ဆိုင်း လျက်၊ မြင်တိုင်းသာ ထင်မြင်လေတော့၏ဟု ဆိုလိုသည်။

**သောတံ နာဝိဥ္ဆတိ မနာပိကေသု သဒ္ဒေသု၊ အမနာပိကေသု န ပဋိဟညတိ။**

သောတံ၊နားသည်။ မနာပိကေသု၊ကုန်သော။ သဒ္ဒေသု၊အသံတို့၌။ နာဝိဥ္ဆတိ၊မဆွဲငင်။ အမနာပိကေသု၊ ကုန်သော။ သဒ္ဒေသု၊အသံတို့၌။ န ပဋိဟညတိ၊ မထိပါး။

**အဓိပ္ပါယ်ကား။** နားသည် - ဣဋ္ဌဖြစ်သော အသံတို့၌၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့် မိန်းမ, ယောကျ်ား ဟူသော အမှတ်၊ လက်, ခြေ, အင်္ဂါ မူရာသွင်ပြင် ဟူသော အမှတ်ကို မယူ။ ကြား-ကြားသည်ဟု

ကြွားကာမျှသာ တန့်နား ရပ်ဆိုင်းလျက်၊ ကြွားတိုင်းသာ ထင်မြင်လေ တော့၏ဟု ဆိုလိုသည်။

**ဃာနံ နာဝိဋ္ဌတိ မနာပိကေသု ဂန္ဓေသု၊**
**အမနာပိကေသု န ပဋိဟညတိ။**

ဃာနံ၊ နှာခေါင်းသည်။ မနာပိကေသု၊ ကုန်သော။ ဂန္ဓေသု၊ အနံ့တို့၌။ နာဝိဋ္ဌတိ၊ မဆွဲငင်။ အမနာပိကေသု၊ ကုန်သော။ ဂန္ဓေသု၊ တို့၌။ န ပဋိ ဟညတိ၊ မထိပါး။

**အဓိပ္ပါယ်ကား။** နှာခေါင်းသည်-ဣဋ္ဌဖြစ်သော အနံ့တို့၌၊ အမွှေး အကြိုင် အထုံအခိုး နံ့သာပန်းမာလ်ကိုစွဲ၍၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့်၊ မိန်းမ, ယောကျ်ားဟူသော အမှတ်၊ လက်, ခြေ, အင်္ဂါ မူရာသွင်ပြင်ဟူ သော အမှတ်ကိုမယူ။ အနိဋ္ဌဖြစ်သော အနံ့တို့၌၊ အပုပ်အသိုး, အညှီ အဟောက်, အညှော်အနံ့ကို စွဲ၍၊ ထိပါးသော ဒေါသ ပဋိဃအားဖြင့်၊ ပုပ်သော ခွေး, ပုပ်သော မြွေ, ပုပ်သော ငါး စသော အမှတ်ကိုမယူ။ နံ နံသည်ဟု နံကာမျှသာ တန့်နား ရပ်ဆိုင်းလျက်၊ နံတိုင်းသာ ထင်မြင် လေတော့၏ဟု ဆိုလိုသည်။

**ဇိဝှါ နာဝိဋ္ဌတိ မနာပိကေသု ရသေသု၊**
**အမနာပိကေသု န ပဋိဟညတိ။**

ဇိဝှါ၊ လျှာသည်။ မနာပိကေသု၊ ကုန်သော။ ရသေသု၊ အရသာတို့၌။ နာဝိဋ္ဌတိ၊ မဆွဲငင်။ အမနာပိကေသု၊ ကုန်သော။ ရသေသု၊ တို့၌။ န ပဋိ ဟညတိ၊ မထိပါး။

**အဓိပ္ပါယ်ကား။** လျှာသည်-ဣဋ္ဌဖြစ်သော အရသာတို့၌၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့်၊ ကြက်သား, ဝက်သား, ငါး, အမဲစသော အမှတ်၊ အချို, အချဉ်, အစပ်, အငန်, အဖန်, အခါးစသော အမှတ်ကိုမယူ။ အနိဋ္ဌ ဖြစ်သော အရသာတို့၌၊ ထိပါးသော ဒေါသ ပဋိဃအားဖြင့်၊ မကြိုက် ရှုံ့ရှာစက်ဆုပ်သည်ကို စွဲ၍ အော့အံဘွယ်ကောင်းသော အစာ အာ ဟာရဟူသော အမှတ်၊ ထွီဘွယ်ကောင်းသော အစာ အာဟာရဟူ သော အမှတ်ကိုမယူ။ စား-စားသည်, သောက် သောက်သည်, လျက်- လျက်သည်ဟု၊ စားခါမျှ, သောက်ခါမျှ, ခဲခါမျှ, လျက်ခါမျှသာ တန့်နား ရပ်ဆိုင်းလျက်၊ ဖြစ်တိုင်းသာ ထင်မြင်လေတော့၏ဟု ဆိုလိုသည်။

**ကာယော နာဝိဥ္ဈတိ မနာပိကေသု ဖေါဋ္ဌဗ္ဗေသု၊ အမနာပိကေသု န ပဋိဟညတိ။**

ကာယော၊ ကိုယ်သည်။ မနာပိကေသု၊ ကုန်သော။ ဖေါဋ္ဌဗ္ဗေသု၊ အတွေ့တို့၌။ နာဝိဥ္ဈတိ၊ မဆွဲငင်။ အမနာပိကေ၊ ကုန်သော။ ဖေါဋ္ဌဗ္ဗေသု၊ တို့၌။ န ပဋိဟညတိ၊ မထိပါး၊

**အဓိပ္ပါယ်ကား**။ ကိုယ်သည်-ဣဋ္ဌဖြစ်သော အတွေ့တို့၌၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့်၊ မိန်းမ, ယောကျ်ား ဟူသောအမှတ်၊ လက်,ခြေ, အင်္ဂါ မှုရာသွင်ပြင်ဟူသော အမှတ်ကို မယူ။ အနိဋ္ဌဖြစ်သော အတွေ့တို့၌၊ဆူးငြောင့်,ခလုတ်, ထား,လှံ, လေး,မြှားဟူသော အမှတ်၊ စူးသည်, ရှသည်, တိုက်သည်, ခိုက်သည်, ထိုးခုတ်သည်, ပစ်ခတ်သည် ဟူသော အမှတ်ကို၊ထိပါးသော ဒေါသပဋိဃအားဖြင့် စွဲလမ်း၍ မယူ။ ထိ-ထိသည်ဟု ထိကာမျှသာ တန့်နားရပ်ဆိုင်းလျက်၊ ဖြစ်တိုင်းသာ ထင်မြင်လေတော့၏ဟု ဆိုလိုသည်။

**မနော နာဝိဥ္ဈတိ မနာပိကေသု ဓမ္မေသု၊ အမနာပိကေသု န ပဋိဟညတိ။**

မနော၊ စိတ်သည်။ မနာပိကေသု၊ နှစ်သက်သာယာဘွယ် ဖြစ်ကုန်သော။ ဓမ္မေသု၊ သဘောတို့၌။ နာဝိဥ္ဈတိ၊ မဆွဲငင်။ အမနာပိကေသု၊ မနှစ်သက် မသာယာဘွယ်ဖြစ်ကုန်သော။ ဓမ္မေသု၊ သဘောတို့၌၊ န ပဋိဟညတိ၊ မထိပါး။

**အဓိပ္ပါယ်ကား**။ စိတ်သည်-ဣဋ္ဌဖြစ်သော သဘောတို့၌၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့်၊မိန်းမ, ယောကျ်ားဟူသော အမှတ်၊ လက်, ခြေ, အင်္ဂါဟူသော အမှတ်၊ မျက်နှာ,ရင်,ဝမ်းဟူသော အမှတ်၊ နှုတ်ခမ်း, သွား,မေး ဟူသော အမှတ်၊ယဉ်ကျေးဘွယ်ရာ မှုရာသွင်ပြင် ဟူသော အမှတ်၊ချစ်ဘွယ် နှစ်သက်ဘွယ်ဟူသော အမှတ်၊ တင့်တယ်သည် ချမ်းသာသည်၊ မြဲသည်၊အစိုးရသည်၊ ပြုပြင်စီရင်တတ်သည်၊ ခံစားစံစားတတ်သည်၊ တည်တတ် နေတတ်သည်၊ အလိုအတိုင်း ဖြစ် သည် စသော အမှတ်ကို မယူ၊ အနိဋ္ဌဖြစ်သော သဘောတို့၌၊ ထိပါးသော ဒေါသ ပဋိဃ အား ဖြင့်၊ စက်ဆုပ် ရွံ ရှာ ဘွယ် ဟူ သော အမှတ်၊ ကြောက်ဘွယ် မုန်းဘွယ်ဟူသော အမှတ်၊ ရန်သူ, ခိုးသူ, ထားပြဟူ

သော အမှတ်၊ ရန်ညှိုး,ရန်တုံ့ပြုတတ်သည်ဟူသော အမှတ်၊ ကဲ့ရဲ့ပြစ်တင်လိမ့်မည်ဟူသော အမှတ်စသည်ကို မယူ။သိ,သိသည်ဟု သိကာမျှသာ တန့်နားရပ်ဆိုင်းလျက်၊ ဖြစ်တိုင်းသာ ထင်မြင်လေတော့၏ဟု ဆိုလိုသည်။

**လိုရင်းကား**။ ဤကာယဂတာ သတိဖြင့်သာ၊ တဏှာအပေါင်းအား တားမြစ်သောသဘောသည်၊ ခြောက်ပါးသော ဒွါရ်ကိုစောင့်ရှောက်သော သတိဟူ၍ မှတ်ယူပါလေ။

**ကိလေသာ၏ လက္ခဏာကို ပြဆိုခြင်း ပြီး၏။**

**ကိလေသာ လုံခြုံပုံကို သိသာရုံပြဆိုခြင်း**

**ကေန ကာရဏေန သံဝုတနိဝါရိတတ္တာ ဣန္ဒြိယာနံ။**

ကေန ကာရဏေန၊အဘယ်အကြောင်းကြောင့်။ နာဝိဥ္စတိ၊ တဏှာ မာန,ဒိဋ္ဌိအားဖြင့် မဆွဲငင်ပါသနည်း။ န ပဋိဟညတိ၊ ဒေါသပဋိဃအားဖြင့် မထိပါးပါသနည်း။ ဣန္ဒြိယာနံ၊ စက္ခုစသော ဒွါရ်ခြောက်ပါးတို့ကို။ သံဝုတနိဝါရိတတ္တာ၊စောင့်ရှောက် ပိတ်ပင်အပ်သည်၏အဖြစ်ကြောင့်။ နာဝိဥ္စတိ၊တဏှာ,မာန,ဒိဋ္ဌိအားဖြင့် မဆွဲငင်သတည်း။ န ပဋိဟညတိ၊ ဒေါသပဋိဃအားဖြင့် မထိပါးသတည်း။

စက္ခုဒွါရ်, သောတဒွါရ်, ဃာနဒွါရ်, ဇိဝှါဒွါရ်, ကာယဒွါရ်, မနောဒွါရ် ဤကား ဒွါရ် ၆-ပါးတည်း။ ။လိုရင်းအဓိပ္ပါယ်ကား၊အဆင်း,အသံ, အနံ့,အရသာ,အတွေ့,သဘော ဖြစ်သော၊ ရုပ်ရူပကာယကို အာရုံပြုသောအားဖြင့်၊ မြင်-မြင်သည်၊ ကြား-ကြားသည်၊ နံ-နံသည်၊ စား-စားသည်, ထိ-ထိသည်, သိ-သိသည်ဟု မှတ်သော သတိသည်၊ကာယဂတာသတိလည်း မည်၏။ ဒွါရ် ၆-ပါးကိုစောင့်သော သတိလည်း မည်၏ဟု ဆိုလိုသည်။

**ကေန တေ သံဝုတနိဝါရိတာ၊ သတိ အာရက္ခေန။**

**တေနာ့ဟ ဘဂဝါ သတိ တေသံ နိဝါရဏာ႑ိ။**

ကေန၊ အဘယ်ဖြင့်။ တေ၊ ထို ၆-ပါးသော ဒွါရ်တို့ကို။ သံဝုတနိဝါရိတာ၊ပိတ်ဆို့တားမြစ်အပ်ကုန်သနည်း။ သတိ အာရက္ခေန၊သတိတည်းဟူသော အစောင့်အရှောက်ဖြင့်။ သံဝုတနိဝါရိတာ၊ ပိတ်ဆို့တားမြစ်အပ်ကုန်သတည်း။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာ

ဘုရားသည်။ သတိ တေသံ နိဝါရဏံ-ဟူ၍၊ သတိ တေသံ နိဝါရဏံ-ဟူ၍၊ အာဟ၊ ဟောတော်မူပြီ။ သတိ၊ သတိသည်။ တေသံ၊ ထိုခြောက်ပါးသော ဇာ့ဇွေတို့ကို။ နိဝါရဏံ၊တားမြစ်နိုင်သတည်း။

**အဓိပ္ပါယ်ကား**။ မြင်-မြင်သည်၊ ကြား-ကြားသည်၊ နံ-နံသည်၊ စား-စားသည်၊ ထိ-ထိသည်၊ သိ-သိသည်။ သွား-သွားသည်၊ရပ်-ရပ်သည်၊ ထိုင်-ထိုင်သည်၊ အိပ်-အိပ်သည်၊ ကြည့်-ကြည့်သည်၊ ကွေး-ကွေးသည်၊ဆန့် ဆန့်သည်၊တစုံတခုကို ကိုင်-ကိုင်သည် စသော ကာယဂတာသတိ ဖြစ်သည်ရှိသော်၊ ဇာ့ဇွေ ၆-ပါးကို စောင့်ရှောက် ပိတ်ပင်နိုင်သော သတိဖြစ်၏။ ဇာ့ဇွေ ၆-ပါးကို စောင့်ရှောက် ပိတ်ပင်နိုင်သော သတိဖြစ်သည်ရှိသော်၊ တဏှာအပေါင်းကို စောင့်ရှောက်သော သတိဖြစ်လေတော့သည်ဟု ဆိုလိုသည်။ ဤနေရာ၌ တဏှာဟုဆိုသော်လည်း၊ **သောတာနံ ကိံ နိဝါရဏံ ပရိယုဋ္ဌာန ဝိဃာတံ ပုစ္ဆတိ၊ ဇာ့ဒံ ဝေါဒါနံ**။-ဟူသော အမေးကို ဖြေတော်မူသော အရာဖြစ်သောကြောင့်၊ တဏှာအပေါင်းဖြင့် ပရိယုဋ္ဌာန် ကိလေသာကို ရည်တော်မူ၍၊ လူအပေါင်း၏ ညစ်ညူးသော ကိလေသာမှ ဖြူစင်ကြောင်းအမေးကို၊ **သတိ တေသံ နိဝါရဏံ**-ဟု ငါဘုရား ဖြေတော်မူ၏ဟူသော အဓိပ္ပါယ်ကို မှတ်ယူအပ်ပေသတည်း။

**ပညာယ အနုသယာ ပဟီယန္တိ၊ အနုသယေသု ပဟီနေသု ပရိယုဋ္ဌာနာ ပဟီယန္တိ။ ကိဿ၊ အနုသယဿ ပဟီနတ္တာ**။

ပညာယ၊ ပညာဖြင့်။ အနုသယာ၊ အစဉ်ကိန်းဝပ်နေသော အနုသယကိလေသာတို့သည်။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ အနုသယေသု၊ အနုသယကိလေသာတို့သည်။ ပဟီနေသု၊ ပယ်ပျောက်ကုန်သည်ရှိသော်။ ပရိယုဋ္ဌာနာ၊ စိတ်၌ ထကြွသောင်းကျန်း လှုပ်ရှားနေသော ပရိယုဋ္ဌာနကိလေသာတို့သည်။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ ကိဿ၊ အဘယ့်ကြောင့်။ ပရိယုဋ္ဌာနာ၊ ပရိယုဋ္ဌာန် ကိလေသာတို့သည်။ပဟီယန္တိ၊ပယ်ပျောက်ကုန်သနည်း။ အနုသယဿ၊အနုသယကိလေသာ၏။ ပဟီနတ္တာ၊ ပယ်ပျောက်သည်၏ အဖြစ်ကြောင့်။ ပရိယုဋ္ဌာနာ၊ ပရိယုဋ္ဌာန် ကိလေသာတို့သည်။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်သတည်း။

**အဓိပ္ပါယ်ကား**။ ကာယဂတာ သတိကို ပွားသည်ရှိသော်၊ တပြိုင်နက် စိတ်တချက်၌ ပညာဖြင့် အနုသယကိုပယ်သည်။ သတိဖြင့် ပရိယုဋ္ဌာန်ကိုပယ်သည်။ အဘယ့်ကြောင့် ပညာဖြင့် အနုသယကို ပယ်သည်ရှိသော်၊ သတိဖြင့် ပရိယုဋ္ဌာန်ကိုပယ်သနည်း။ နာမ်,ရုပ်ဖြစ်သည်ရှိသော်၊ အနုသယ ဖြစ်သည်။ အနုသယ ဖြစ်သည်ရှိသော်၊ ပရိယုဋ္ဌာန်ဖြစ်သည်။ ထို့ကြောင့်-နာမ်,ရုပ်၌ အနုသယတည်သည်။ အနုသယ၌ ပရိယုဋ္ဌာန်တည်သည်။ ပညာဖြင့် နာမ်,ရုပ်ကို ကိလေသာနှင့်မရောမနှောအောင် ပိုင်းခြားသည်ရှိသော်၊ နာမ်,ရုပ်၌ တည်သော အနုသယ နာမ်,ရုပ်နှင့် မရောမနှောအောင် ထင်သည်ရှိသော်၊ နာမ်,ရုပ်၌ တည်သော ပရိယုဋ္ဌာန် ဖြစ်ခွင့်မရ မရောနှောကြ၍ ပျောက်သည်။ အနုသယ အကြောင်း ပျောက်သည်ရှိသော်၊ အနုသယအကြောင်း၌ တည်သော အကျိုးပရိယုဋ္ဌာန်သည်၊ အကြောင်း,အကျိုး၏အဖြစ်ဖြင့် မရောနှောရ၍ ပျောက်ပျက်၏ဟု ဆိုလိုသည်။

ယခုပြဆိုခဲ့သော ကိလေသာတို့တွင်၊ အနုသယကိလေသာနှင့်-ဥပမာနှင့် ကိလေသာတူသည်။ ပရိယုဋ္ဌာန်ကိလေသာနှင့် အနုပ္ပန္နကိလေသာတူသည်။ ထို့ကြောင့်၊ နာမ်,ရုပ်၌တည်သော အနုသယသည်၊ အမြစ်နှင့်တူသည်။ အနုသယ၌တည်သော ပရိယုဋ္ဌာန်သည်၊ အပင်၏အကိုင်း, အခက်,အရွက်,ညွန့်,အပွင့်,အသီးနှင့်တူသည်။

> **တံ ယထာ ခန္ဓဝန္တဿ ရုက္ခဿ အနဝသေသ မူလုဒ္ဓရဏေ ကတေ ပုပ္ဖဖလ ပလ္လဝင်္ကုရ သန္တတိ သမုစ္ဆိန္နာ ဘဝတိ။ ဧဝံ အနုသယေသု ပဟီနေသု ပရိယုဋ္ဌာနသန္တတိ သမုစ္ဆိန္နာ ဘဝတိ။**

တံ-ဥပမံ၊ ထိုဥပမာသည်။ ယထာ ကတမံ၊ အဘယ်နည်း။ ခန္ဓဝန္တဿ၊ ပင်လုံး ပင်စည်ရှိသော။ ရုက္ခဿ၊ သစ်ပင်၏။ အနဝသေသမူလုဒ္ဓရဏေ၊ အကြွင်းအကျန်မရှိ အမြစ်ကုန်အောင် နှုတ်ခြင်းကို။ ကတေ၊ ပြုလုပ် လိုက်သည် ရှိသော်။ ပုပ္ဖဖလ ပလ္လဝင်္ကုရ သန္တတိ သမုစ္ဆိန္နာ၊ အပွင့်,အသီး,အခက်,အလက်,အရွက်,အညွန့်,အစဉ်ပြတ်သည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ အနုသယေသု၊ အမြစ်မူလ အနုသယတို့သည်။ ပဟီနေသု၊ ပယ်နှုတ်လိုက်ကုန်

သည်ရှိသော်၊ ပရိယုဋ္ဌာနသင်္ခတ သမုဋ္ဌာန်၊ အပင်၏အကိုင်း, အခက်, အရွက်, အလက်, ရွက်နု ရွက်ညွှန့်, အပွင့်, အသီး ပရိယုဋ္ဌာန်အစဉ်ပြတ်သည်။ ဘဝတိ၊ ဖြစ်ရလေသတည်း။

**အဓိပ္ပါယ်ကား။** ခန္ဓာ နာမ် ရုပ်သည်၊ သစ်ပင်, သစ်ဘုံးနှင့် တူသည်။ အနုသယ ကိလေသာသည်၊ သစ်ပင်၏ အမြစ်နှင့် တူသည်။ ပရိယုဋ္ဌာန် ကိလေသာသည်၊ သစ်ပင်၏ အကိုင်း, အခက်, အရွက်, အလက်, ရွက်ရင့်, ရွက်နု, ရွက်ညွှန့်, အဖူး, အပွင့်, အသီးနှင့် တူ၏။ သစ်ပင်၏အမြစ်ကို အကြွင်းအကျန်မရှိ ကုန်အောင် ပယ်နှုတ် လိုက်သည်ရှိသော်၊ သစ်ပင်၏ အကိုင်း, အခက်, အရွက်, အလက်, ရွက်ရင့် ရွက်နု, ရွက်ညွှန့်, အဖူး, အပွင့်, အသီးတို့ အစဉ်ပြတ်လေတော့သည်။ သစ်ပင်၏ အကိုင်း, အခက်, အရွက်, အလက်, ရွက်ရင့်, ရွက်နု, ရွက်ညွှန့်, အဖူး, အပွင့်, အသီး အစဉ်ပြတ်သည်ရှိသော်၊ နောင် သစ်ပင် အစဉ်အဆက် ပြတ်သည်။ နောင် သစ်ပင် အစဉ်အဆက် ပြတ်သည်ရှိသော်၊ နောင် တဘန် နောင် တဘန် အသစ်ဖြစ်ပွားသော သဘောမရှိ။

ဤသို့ဖြစ်သည်ရှိသော်၊ အကိုင်း, အခက်, အရွက်, အလက်, ရွက်ရင့်, ရွက်နု, ရွက်ညွှန့်, အဖူး, အပွင့်, အသီးကင်းသော သက်သက် အမြစ်လည်းမရှိ၊ ယခုကြွင်းကျန်သော သစ်ပင်, သစ်တုံးသာလျှင် ရှိဘိသကဲ့သို့။ ထို့အတူ၊ ခန္ဓာ နာမ်, ရုပ်၏ အမြစ်မူလ အနုသယ ကိလေသာကို ပယ်လိုက်သည်ရှိသော်၊ ခန္ဓာ နာမ်, ရုပ်၏ အကိုင်း, အခက်, အရွက်, အလက် ရွက်ရင့်, ရွက်နု, ရွက်ညွှန့်, အဖူး, အပွင့်, အသီး ဟူသော ပရိယုဋ္ဌာန် ကိလေသာတို့ အစဉ်အဆက် ကင်းပြတ်လေတော့သည်။

၎င်းတို့၏ အစဉ် ပြတ်သည် ရှိသော်၊ နောင်တဘန် နောင်တဘန် ဘဝအသစ်ပွားသော သဘောမရှိ၊ အကိုင်း, အခက်စသော ပရိယုဋ္ဌာန် ကိလေသာ ကင်းပြတ်သော သက်သက် အမြစ်မူလ အနုသယ ကိလေသာလည်းမရှိ၊ ယခုကြွင်းကျန်သော ခန္ဓာ နာမ်, ရုပ်မျှသာ ရှိသည်ဖြစ်၍ ပရိနိဗ္ဗာန် စုတိ ကျသည် ရှိသော်၊ ခန္ဓာဓာတ် ရုပ်သိမ်း၍ အပြီးတိုင် ငြိမ်းအေးရလေတော့သတည်း။

အချုပ်မှာ၊ အနုသယ ကိလေသာကို ပယ်သတ်မှသာ၊ ပရိယုဋ္ဌာန် ကိလေသာ အစဉ်အဆက် ကင်းပြတ်နိုင်သည်။ ပရိယုဋ္ဌာန် ကိလေသာ အစဉ်အဆက် ကင်းပြတ်မှသာ၊ ဘဝအသစ်, အသစ် နောင်တဘန်မဖြစ်ဘဲ၊ စင်စစ်ဓာတ်သိမ်း၍ ကင်းပြတ်အေးငြိမ်းရတော့၏ဟု ဆိုလိုသည်။

**ဝိဒဟိတာ ပဋိဿန္ဓာ၊ ကေန၊ ပညာယ။ တေနာ.ဟ ဘဂဝါ ပညာယေ.တေ ဝိဓိယရေတိ။**

တသ္မာ၊ ထိုသို့ အနုသယပျောက်လျှင် ပရိယုဋ္ဌာန်ပြတ်၊ပရိယုဋ္ဌာန် ပြတ်လျှင် ဘဝရပ်လေသောကြောင့်။ဧတေ သောတာ၊ထိုယိုစီးတတ်သော တဏှာတို့ကို။ ဝိဒဟိတာ၊ ပိတ်ဆို့အပ်ကုန်၏။ ပဋိဿန္ဓာ၊ဖုံးကွယ်အပ်ကုန်၏။ ကေန၊အဘယ်ဖြင့်။ ဧတေ သောတာ၊ တို့ကို။ ဝိဒဟိတာ၊ ကုန်သနည်း။ ပဋိဿန္ဓာ၊ ကုန်သနည်း။ ပညာယ၊ ပညာဖြင့်။ ဧတေ သောတာ၊ တို့ကို။ ဝိဒဟိတာ၊ ကုန်၏။ ပဋိဿန္ဓာ၊ ကုန်၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပညာယေတေ ဝိဓိယရေတိ၊ ဝိဓိယရေ-ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ ပညာယ၊ မဂ်ပညာဖြင့်။ ဧတေ သောတာ၊ ထိုယိုစီးတတ်သော တဏှာတို့ကို။ဝိဓိယရေ၊ ပိတ်ဆို့အပ်ကုန်၏။

**ဤ ဒေသနာ တော်မြတ်၏ အဓိပ္ပါယ် ကား။** အနုသယ ပျောက်လျှင် ပရိယုဋ္ဌာန်ပြတ် ဘဝရပ်လေသောကြောင့်၊ ခန္ဓာ နာမ်, ရုပ်၏ အမြစ်မူလ အနုသယကိလေသာကို ပျောက်လို၊ခန္ဓာ နာမ်,ရုပ်၏ အကိုင်း,အခက် စသော အပွင့်,အသီး ပရိယုဋ္ဌာန် ကိလေသာကို ပြတ်လို၊နောင်တဘန် အသစ်,အသစ် ဖြစ်သောဘဝကို ရပ်လိုသော အမျိုးကောင်း သား,သ္မီးသည်၊သဘောအားဖြင့် သတိပဋ္ဌာန်တရား လေးပါးဥဖြစ်သော၊ကာယဂတာ သတိ,ဝေဒနာဂတာ သတိ,စိတ္တဂတာ သတိ, ဓမ္မဂတာ သတိဖြင့်၊ ပရိယုဋ္ဌာန် ကိလေသာကို တားမြစ်ရမည်ဟု ယုံကြည်စွာ မှတ်ယူအပ်လှပေသတည်း။

ထို့နောက် သတိပဋ္ဌာန်လေးပါးဥဖြစ်သော သတိနှင့်တကွ၊ စိတ္တက္ခဏချင်းအတူ မိုရာဝဋ္ဋ အားဖြင့်လည်း တူသော၊ သဘောအားဖြင့် သစ္စာလေးပါးတရားဥဖြစ်သော၊ဒုက္ခသစ္စာကို ပိုင်းခြားသောအားဖြင့် သိသော၊သမုဒယသစ္စာကို ပယ်သောအားဖြင့် သိသော၊နိရောဓသစ္စာကို မျက်မှောက်ပြုသောအားဖြင့် သိသော မဂ်ပညာဖြင့်၊ အနုသယကိလေသာကို ဖုံးကွယ် ပိတ်ဆို့ရမည်ဟု ဆိုလိုသည်။ ။ဤနေရာ၌ တဏှာအပေါင်းဟု ဆိုသော်လည်း၊

**သောတာနံ သံဝရံ ဗြူဟိ၊ ကေန သောတာ ဝိဓိယရေတိ အနုသယသမုဿာတံ ပုစ္ဆတိ၊ ဠာဝ် ဝုဋ္ဌာနံ။-ဟူသော အမေးကို**

ဖြေတော်မူသော အရာဖြစ်သောကြောင့်၊ တဏှာအပေါင်းဖြင့် အနုသယကို ရည်တော်မူ၍၊ ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်သော လူအပေါင်း၏ နှိပ်စက်သော ကိလေသာ၊ ပင်ပန်းဆင်းရဲသော ဝဋ်ဒုက္ခမှ ထမြောက်ကြောင်း အမေးကို၊ **ပညာယေ စေတ ဝိဇီယရေ**-ဟူသော စကားဖြင့်၊ ငါဘုရား ဖြေကြားတော်မူ၏ဟု ဆိုလိုသည်။

ဤစကား အရပ်ရပ်၌ အထူးမှတ်သားရန် အချက်မှာ၊ သတိကို ယူသဖြင့် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ ငါးတို့အား၊ သဟဇာတ အတူတကွဖြစ်သော သီလက္ခန္ဓ,သမာဓိက္ခန္ဓ သမထကို ယူ။ ဤသမထဖြင့် တုန်လှုပ်ပြန့်လွင့်သော ဥဒ္ဓစ္စဟု ဟောသော ပရိယုဋ္ဌာန် ကိလေသာမှ ထမြောက်သည်။ ပညာကိုယူသဖြင့် သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,ပညာက္ခန္ဓ ဝိပဿနာကို ယူ။ ဝိပဿနာဖြင့် တွေဝေမေ့လျော့သော အဝိဇ္ဇာဟု ဟောသော၊ အနုသယ ကိလေသာမှ ထမြောက်သည်။သမထ,ဝိပဿနာ အစုံ ကိစ္စတူ တွေ့ကြုံမှ၊ မဂ်ရပုဂ္ဂိုလ်, ဖိုလ်ရ သူတယောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသတည်း။

**ဥဒ္ဓစ္စသဟဂတကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော၊ အဝိဇ္ဇာသဟဂတ ကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရော။ ဣတိ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ၊ ယုဂနဒ္ဓါ ဟောန္တိ၊ အညမညံ နာတိဝတ္တန္တိ၊ တေန ဝုစ္စတိ သမထ ဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီ.တိ။**

ဥဒ္ဓစ္စသဟဂတ ကိလေသေဟိစ၊ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာတို့မှ၎င်း၊ခန္ဓေဟိစ၊ခန္ဓာတို့မှ၎င်း။ ဝုဋ္ဌဟတော၊ထသောသူ၏။ စိတ္တဿ ဧကဂ္ဂတာ၊ စိတ်၏ငြိမ်သက် တည်ကြည်ခြင်းကြောင့်။ အဝိက္ခေပေါ၊ မပြန့်လွင့်သော၊ သမာဓိ၊သမာဓိသည်။ နိရောဓဂေါစရော၊ဥဒ္ဓစ္စသဟဂတ် ပရိယုဋ္ဌာန် ကိလေသာခန္ဓာ ငြိမ်းအေးသော နိဗ္ဗာန်ကို အာရုံပြု၏။ အဝိဇ္ဇာသဟဂတကိလေသေဟိစ၊ အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့မှ၎င်း။ ခန္ဓေဟိစ၊ ခန္ဓာတို့မှ၎င်း။ ဝုဋ္ဌဟတော၊ ထသောသူ၏။ အနုပဿနဋ္ဌေန၊မှတ်ရှုသိမြင်ခြင်းအနက်ကြောင့်။ဝိပဿနာ၊ဝိပဿနာ

သည်။ နိရောဓဂေါစရော၊ အဝိဇ္ဇာသဟဂုတ် အနုသယကိလေသာ ခန္ဓာ ငြိမ်းအေးသော နိဗ္ဗာန်ကို အာရုံပြု၍၊ ဣတိ၊ ဤသို့။ ဝုဋ္ဌာနဝုဋ္ဌာန၊ ကိလေသာခန္ဓာတို့မှထသော အနက်အားဖြင့်။ သမထ, ဝိပဿနာ၊ သမထ, ဝိပဿနာတို့သည်။ ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ ယုဂနဒ္ဓာ၊ သမထ, ဝိပဿနာအစုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညံ၊ အချင်းချင်း တပါးက တပါးကို။ နာတိဝတ္တန္တိ၊ မလွန်ကြကုန်။ တေန၊ ထို့ကြောင့်။ ဝုဋ္ဌာနဝုဋ္ဌာန သမထဝိပဿနံ ယုဂနဒ္ဓ ဘာဝေတီတိ၊ ဝုဋ္ဌာနဝုဋ္ဌာန။လ။ဘာဝေတိ၊-ဟူ၍။ ဝုတ္တံ၊ဆိုသင့် ဆိုထိုက်၏။ ဝုဋ္ဌာနဝုဋ္ဌာန၊ ကိလေသာခန္ဓာတို့မှ ထသော အနက်အားဖြင့်။ သမထ, ဝိပဿနံ၊ သမထဝိပဿနာကို။ ယုဂနဒ္ဓံ၊ စုံအောင်။ ယောဂီ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်သော ပုဂ္ဂိုလ်သည်။ ဘာဝေတိ၊ ပွားများ ရှုမှတ်၏။

အထက်က ပြဆိုခဲ့သော အနုသယကိလေသာနှင့် ဥပ္ပန္နကိလေသာ တူသည်ဆိုရာ၌၊ အနုသယကိလေသာသည်၊ ဥပါဒ်, ဌီ, ဘင်သို့မရောက်။ ကိလေသာအလို ဖြစ်တိုင်း,ဖြစ်တိုင်းသော ခန္ဓာ၏အတွင်း၌ ပါသော အားဖြင့် မဖြစ်သော်လည်း၊ ဖြစ်ပြီးသော ဥပ္ပန္နသဘောသည်-အနုသယ မည်၏။ ပရိယုဋ္ဌာန်ကိလေသာနှင့် အနုပ္ပန္န ကိလေသာ တူသည်ဆို ရာ၌၊ ပရိယုဋ္ဌာန် ကိလေသာသည်၊ ဥပါဒ်, ဌီ, ဘင်သို့ ရောက်သည်။ ဥပါဒ်,ဌီ,ဘင်သို့ ရောက်၍လည်း မပြီးဆုံးနိုင်။ တဘန်ဘဘန် အသစ် အသစ် ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသဝိတက် အဖြစ်မပြီးသော အနုပ္ပန္နသဘောသည်-ပရိယုဋ္ဌာန်မည်၏။ အနုသယ ကိလေသာ ဥပ္ပန္န သဘောအထူး၊ ပရိယုဋ္ဌာန် ကိလေသာ အနုပ္ပန္န သဘော အထူးကို၊ ယထာဘူတ လိုရင်းအဓိပ္ပါယ်ကျအောင် သိရပုံမှာ၊ အနုသယကိလေ သာ-ဥပ္ပန္နကိလေသာသည်၊ အာရုံအားဖြင့်လည်း မပြု၊ ဥပါဒ်,ဌီ,ဘင် အားဖြင့်လည်း မဖြစ်သောကြောင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါးသို့ မဝင်၊ ရုပ်, နာမ်, ခန္ဓာ၌ ဖြစ်ခြင်းငှါထိုက်သော ကိလေသာ သဘောမျှသာတည်း။ ပရိယုဋ္ဌာန် ကိလေသာ-အနုပ္ပန္န ကိလေသာသည်၊ အာရုံပြုသောအားဖြင့် ဥပါဒ် ,ဌီ, ဘင်သို့ ရောက် သောအားဖြင့်၊ ဖြစ်ပြီးဖြစ်လတ္တံ့ ဆိုရသောကြောင့်၊ အတိတ်, အနာ ဂတ်, ပစ္စုပ္ပန်ကာလသုံးပါးသို့ ဝင်သည်ဖြစ်၍၊ ရုပ်, နာမ် ခန္ဓာ၌ဖြစ် သော ကိလေသာ သဘောမျှပေတည်း။

ထို့ကြောင့် ပရိယုဋ္ဌာန် ကိလေသာအရ၊ ကာလအားဖြင့်ဖြစ်သော အတိတ်ကိလေသာ,အနာဂတ်ကိလေသာ,ပစ္စုပ္ပန်ကိလေသာ သုံးပါး။ ၎င်း သုံးပါးတွင်၊ ပစ္စုပ္ပန် ကိလေသာ ဖြစ်သော ခန္ဓာ နာမ်,ရုပ်၌ ကိန်းသောအားဖြင့် ဖြစ်ခြင်း၄ါထိုက်သော အနုသယကိလေသာအရ၊ ဥပ္ပန္နနာရဟ ကိလေသာ တပါး။ ဤသို့ ကိလေသာ အပြားကို လေးပါး အားဖြင့် ဝေဘန်အပ်၏။ ၎င်း လေးပါးတို့တွင်၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည်၊ ကာလ သုံးပါးမှ လွတ်သော အနုသယ ဥပ္ပန္နနာရဟ ကိလေသာကို ပယ်သည်။

ထို့ကြောင့် ဝိပဿနာဉာဏ်,မဂ်ဉာဏ်ပယ်သော ကိလေသာသည်၊ ကာလသုံးပါးသို့ မဝင်၊ အနုပ္ပါဒနိရောဓ-မဖြစ်ဘဲ ချုပ်ငြိမ်းသည်ဟု ဆိုရ၏။၎င်းချုပ်ငြိမ်းသော အနုသယကိလေသာကြောင့်၊အဆက်ဆက် ပရိယုဋ္ဌာန်ကိလေသာသည်၊ ကာလသုံးပါးသို့ မဝင်၊ အနုပ္ပါဒနိရောဓ အဆင့်ဆင့် မဖြစ်ဘဲ ချုပ်ငြိမ်းသည်ဟု ဆိုရ၏။အနုသယ ကိလေသာ, ပရိယုဋ္ဌာန် ကိလေသာ မဖြစ်ဘဲ ချုပ်ငြိမ်းခြင်းကြောင့်၊အဆက်ဆက် ယာခုပစ္စုပ္ပန် ခန္ဓာ နာမ်,ရုပ်၌၊တဘန်ဘန် ဖြစ်ခြင်း၄ါထိုက်သော ဘဝ သည်၊ ကာလ သုံးပါးသို့ မဝင်၊ အနုပ္ပါဒနိရောဓ မဖြစ်ဘဲ ချုပ်ငြိမ်း သည်ဟု ဆိုရ၏။ထို့ကြောင့် ချုပ်သောအခါ နိရောဓသစ္စာထိုက်သော အနုသယကိလေသာ, ပရိယုဋ္ဌာန်ကိလေသာ၊ ဘဝတဘန် ခန္ဓာ နာမ်, ရုပ်ကို ကာလဝိမုတ်ဟု ဆိုရသည်။

**ပဉ္စက္ခန္ဓာ ပန ဝိပဿနာယ ဘူမိနာမ၊ တေ အတီတာ ဒိဘေဒါ ဟောန္တိ။ တေသု အနုသယိတကိလေသာ ပန အတီတာဝါ အနာဂတာဝါ ပစ္စုပ္ပန္နာဝါတိ န ဝတ္တဗ္ဗာ။ အတီတက္ခန္ဓေသု အနုသယိတာပိ ဟိ အပ္ပဟီနာဝ ဟောန္တိ။အနာဂတက္ခန္ဓေသု ပစ္စုပ္ပန္နက္ခန္ဓေသု အနုသယိ တာပိ အပ္ပဟီနာဝ ဟောန္တိ၊ ဣဒံ ဘူမိလဒ္ဓုပ္ပန္နံနာမ။**

(ပဋိသမ္ဘိဒါမဂ်ပဏ္ဏာသ မဟာသကုလုဒါယိ သုတ်အဖွင့် အဋ္ဌကထာပါဠိ)

ပဉ္စက္ခန္ဓာ ပန၊ ပဉ္စုပါဒါနက္ခန္ဓာတို့သည်ကား။ ဝိပဿနာယ၊ဝိပ ဿနာ၏။ ဘူမိနာမ၊ဥပါဒါန်နှင့် ခန္ဓာကွဲပြားအောင် ပိုင်းခြားရာ အာရုံ ဘုံမည်၏။တေပဉ္စက္ခန္ဓာ၊ထိုပဉ္စုပါဒါနက္ခန္ဓာတို့သည်။အတီတာဒိဘေ ဒါ၊အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလအားဖြင့် ၃-ပါး ပြားကုန်သည်။

ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု အတီတာဒိဘေဒေသု ပဉ္စက္ခန္ဓေသု၊ ထို ကာလအားဖြင့် သုံးပါးပြားကုန်သော ပဉ္စုပါဒါနက္ခန္ဓာတို့၌။အနုသယိ တကိလေသာပန၊ ဥပါဒ်,ဌီ,ဘင် အားဖြင့်,မဖြစ်သေး၊ ဖြစ်ခြင်းငှါသာ ထိုက်သော အနုသယ ကိလေသာတို့ကိုကား။ အတီတာဝါ, အနာဂ တာဝါ,ပစ္စုပ္ပန္နာဝါတိ၊အတီတ်,အနာဂတ်,ပစ္စုပ္ပန်တို့ဟူ၍။န ဝတ္တဗ္ဗာ၊ မဆိုထိုက်ကုန်။ဟိ.ထင်အောင်ပြဦးအံ့။ အတီတက္ခန္ဓေသု၊အတီတ်ခန္ဓာ တို့၌၊ အနုသယိတာပိ ကိလေသာ၊ ကိန်းသော ကိလေသာတို့သည် လည်း။အပ္ပဟီနာဝ၊မပျောက်သေး၍ အပ္ပဟီန မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။အနာဂတက္ခန္ဓေသု၊အနာဂတ်ခန္ဓာတို့၌။အနုသယိ တာပိ ကိလေသာ၊ ကိန်းသောကိလေသာတို့သည်လည်း။ အပ္ပဟီနာဝ၊ မပျောက်သေး၍ အပ္ပဟီန မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်၏။ ပစ္စုပ္ပန္နက္ခန္ဓေသု ပစ္စုပ္ပန်ခန္ဓာတို့၌၊ အနုသယိတာပိ ကိလေသာ၊ ကိန်း သော ကိလေသာတို့သည်လည်း။ အပ္ပဟီနာဝ၊ မပျောက်သေး၍ အပ္ပ ဟီန မည်ကုန်သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ဣဒံ၊ဤသို့ အတီတ် ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာတို့၌ ဖြစ်ခြင်းငှါ ထိုက်လျက်၊ ကိန်း သော အနုသယကိလေသာသည်။ဘူမိလဒ္ဓုပ္ပန္နံနာမ၊ဝိပဿနာ၏ ဥပါ ဒါန်နှင့် ခန္ဓာကွဲပြားအောင် မပိုင်းခြားမိ အာရုံဘုံကို ကိန်းသောအား ဖြင့် ရသောကြောင့်-ဘူမိလဒ္ဓုပ္ပန္နကိလေသာမည်၏။

ဤသို့ အနုသယကိလေသာ ဥပ္ပန္န သဘောအထူး, ပရိယုဋ္ဌာန် ကိလေသာ အနုပ္ပန္န သဘောအထူးကို၊ယထာဘူတ လိုရင်း အဓိပ္ပါယ် ကျအောင် သိရမည်။ ရင်းပြင် ဝိတိက္ကမကိလေသာသည်၊ သီလနယ်၌ ပြီးစီးသဖြင့်၊ ဤ သမာဓိ, ပညာနယ်၌၊ ထို ကိလေသာကို ဘော်ပြခြင်း မပြုတော့ပြီ။

**အထူးမှာ။** ပါဠိအနက် ထုတ်ပြရာ၌ အဓိပ္ပါယ် သဘောများ မပေါ်လွင် မထင်ရှားဘဲ၊ ခက်ခဲနက်နဲသော အချက်ရသည်၊ ပရိယတ် ဒေသနာဉာဏ် ရှိသူတို့ အတွက်ပေတည်း။ ပရိယတ်ဉာဏ် မရှိသော သူများမှာ၊ ပေါ်လွင်ထင်ရှား၍ လွယ်ကူ သိသာသော ပါဠိအနက် အဓိပ္ပါယ် သဘောများနှင့်၊ ဥပမာ,ဥပမေယျများကိုသာ မှတ်သား၍၊ အလုပ်နည်းလမ်းတရားကို မနေမနား လွန်ကြိုးစား၍ ပွားများ အားထုတ် ကြပါလေ။ ဤကား အဓိတ သုတ်လာဖြင့် ကိလေသာ၏

သဘောအဓိပ္ပါယ်ကို၊ အလွယ်နှင့် သိရှိနိုင်ကြစေရန် စေတနာ၍ ပြဆို လိုက်ခြင်းပေတည်း။

ကိလေသာ လုံခြုံပုံကို သိသာရုံ ပြဆိုခြင်း ပြီး၏။

## သဘာဝ အရစ်ရစ်ကို ပေါင်းစပ်၍ ပြဆိုခြင်း

ယခုအခါ နောက်က ပြဆိုခဲ့ပြီးသော ကိလေသာတို့၏ သရုပ်သဏ္ဍာန် များကို မှတ်သားသိရှိကြရန် ထပ်မံ၍ ပြဆိုပေအံ့။ ။အကျယ်အားဖြင့် တထောင့်ငါးရာ ကိလေသာဆိုရာ၌ မှတ်သားရန်မှာ၊—

နာမ်,နိ,လက် မှန်၊ တည်ထားပြန်၊ သန္တာန်,ကိ မြှောက်ပွား။
တထောင့်ငါးရာ၊ ကိလေသာ၊ မှတ်ပါ ယွင်းမမှား။

ဤ သံပေါက်လင်္ကာ နှစ်ပုဒ်ဖြင့် ကိလေသာ တထောင့်ငါးရာ၏ အရကို မှတ်ယူပါလေ။

အဓိပ္ပါယ်မှာ။ နာမ်-ကား၊ နာမ် တေပညာသ ၅၃-ပါးကိုယူ။ နိ-ကား၊နိဗ္ဗန္ဓရုပ်အဋ္ဌာရသ ၁၈-ပါးကိုယူ။ လက်-ကား၊ လက္ခဏာရုပ် ၄-ပါးကိုယူ။ သန္တာန်-ကား၊ အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန် ၂-ပါးကိုယူ။ ကိ-ကား၊ကိလေသာ ၁၀-ပါးကိုယူ။ ။မြှောက်ပွားရန်မှာ နာမ် တေ ပညာသ ၅၃-ပါး၊နိဗ္ဗန္ဓရုပ်အဋ္ဌာရသ ၁၈-ပါး၊ လက္ခဏာရုပ် လေးပါး၊ ၃-ရပ်ပေါင်း ၇၅-ပါးကို တည်၍၊ ကိလေသာ ၁၀-ပါးနှင့် မြှောက် သော်(၇၅၀)ဖြစ်၏။၎င်းကို သန္တာန်၂-ပါးနှင့်မြှောက်သော် တထောင့် ငါးရာ(၁၅၀၀)ဖြစ်၏၊ ဤသို့ ကိလေသာ တထောင့်ငါးရာ ပွားပုံကို သိမှတ်ပါလေ။

အလယ် အလတ်အားဖြင့်၊ ကိလေသာ ၁၀၈-ပါးဆိုရာ၌။ တဏှာ ၃-တန်၊ အရင်းခံ၊ အာ,ကာ,သံ,နှင့်ပွား။ တရာ့ရှစ်ဖြာ၊ ကိလေ သာ၊ မှတ်ပါယွင်းမမှား။ ။ဤသံပေါက်လင်္ကာ နှစ်ပုဒ်ဖြင့်၊ ကိလေ သာစစ် တရာ့ရှစ်၏ အရကို မှတ်ယူပါလေ။

အဓိပ္ပါယ်မှာ။တဏှာ ၃-တန်ကား၊ ကာမတဏှာ,ဘဝတဏှာ, ဝိဘဝတဏှာ၊ ၎င်း ၃ ပါးကိုယူ။ အာ-ကား၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ ဟူသော အာရုံ ၆-ပါးကိုယူ။ ကာ-ကား၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်-ဟူသော ကာလ ၃-ပါးကိုယူ။ သံ-ကား၊ အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန် ၂-ပါးကိုယူ။

မြှောက်ပွားရန်မှာ၊တကျော့ သုံးပါးကိုတည်၍ အာရုံမြှောက်ပါးနှင့် မြှောက်သော်(၁၈)ပါးရ၏။ ၎င်းကို ကာလသုံးပါးနှင့် မြှောက်သော် (၅၄)ပါးရ၏။ ၎င်းကို သန္တာန်နှစ်ပါးနှင့် မြှောက်သော်(၁၀၈)ဖြစ်၏။ ဤသို့ ကိလေသာစစ် တရာ့ရှစ်၏အရကို မှတ်သားပါလေ။

တရားကိုယ်အားဖြင့် ၁၀-ပါး ဆိုရာ၌၊ လောဘ,ဒေါသ,မောဟ, မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ-ဤဆယ်ပါးတို့ ပေတည်း။ မူလ သုံးပါးဆိုရာ၌၊လောဘ,ဒေါသ,မောဟ-၎င်းသုံးပါး တို့ပေတည်း။ အကြွင်းမှာ သိသာပြီ။ ။ထိုကိလေသာတို့ကို အလုံးစုံ ပေါင်းရုံး၍ အကျဉ်းချုံးမှတ်သားရန် သံပေါက်လင်္ကာဖြင့် ပြသား ပေအံ့။

**ထောင့်ငါးရာ ပွား၊ ရာ,ရှစ် ထား၊ ဆယ်ပါး ကိလေသာ။ မူလ, သုံးစု၊ ပရိ,နု၊ ၂-ခု သော,ကော။ ကိလေသာ အပြား၊ သရုပ် များ၊ မှတ်သား သိလေပါ။** ။အဓိပ္ပါယ်ကား ကိလေသာသည်၊ အကျယ်အားဖြင့် တထောင့်ငါးရာ၊ အလတ်အားဖြင့် တရာ့ရှစ်ပါး၊ အကျဉ်း တရားကိုယ်အားဖြင့် ၁၀-ပါး၊ အမြစ်မူလအားဖြင့် သုံးပါး၊ အနုသယ,ပရိယုဋ္ဌာန် အားဖြင့် နှစ်ပါး၊ ယိုစီးသောသဘော သောတ အားဖြင့် တပါးသာဟု ဆိုလိုသည်။

သဘာဝအရစ်ရစ်ကို ပေါင်းစပ်၍ ပြဆိုခြင်း ပြီး၏။

## ၃-ပါးသော ပဟာန်ကို ဝေဘန်၍ ပြဆိုခြင်း

အထက်တွင် ပြဆိုခဲ့သော ကိလေသာတို့ကို ပယ်ရှားသော တရား တို့သည်၊ ၁-တဒင်္ဂပဟာန်၊ ၂-ဝိက္ခမ္ဘနပဟာန်၊ ၃-သမုစ္ဆေဒပဟာန် ဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင်၊ ခဏခဏ အနည်း ငယ် အနည်းငယ် ပယ်ခြင်းတို့သည်၊ တဒင်္ဂပဟာန်မည်၏။ နီဝရဏ ကိလေသာတို့ကို အတန်ကြာရှည်စွာ ကွဲကွာအောင် ခွဲခွါ၍ ပယ်ရှား ထားခြင်းသည်၊ ဝိက္ခမ္ဘနပဟာန်မည်၏။ ဆိုင်ရာမဂ်ဖြင့် ဆိုင်ရာကိလေ သာတို့ကို အကြွင်းအကျန် မရှိအောင်၊ အမြစ်မူလပါ အပြီးပယ်ရှား ခြင်းသည်၊သမုစ္ဆေဒပဟာန် မည်၏။ ဤသို့ ပဟာန်သုံးပါး၏ သရုပ် အဓိပ္ပါယ်ကို မှတ်ယူပါလေ။

သဘောမှာ၊ ပယ်သည်ဆိုသော်လည်း၊ အထူးပြုလုပ်နေရတော့ သည် မဟုတ်ပေ။ ဝိပဿနာကို အားထုတ်သောအခါ၊ အသိဉာဏ်

ဖြစ်နေသဖြင့်၊ မောဟာစသော ကိလေသာတို့ မဖြစ်သည်ကိုပင်၊ ပယ်ရှားသော ပဟာန်ဟူ၍ ဆိုရလေသည်။

**အထူးမှာ၊** ကိလေသာကို ပယ်ရှားခြင်း ပဟာန်သည်၊ သဘောချင်း တူမှုသော်လည်း၊ ခဏပယ်,အတန်ပယ်, အပြီးပယ်ဟု အခိုက်အတန့်ဖြစ်သော အမည်ပညတ်ကိုခွဲ၍သာ၊ ပဟာန်သုံးပါးဟု ကွဲပြားလေတော့သည်။

**ဥပမာကား၊** မောဟာစသော ကိလေသာသည်၊ မှောင်မိုက်နှင့်တူ၏။ ဝိပဿနာပညာဟူသော အသိဉာဏ်သည်၊ မီးရောင်နှင့် တူ၏၊ မီးရောင်မရှိလျှင် မှောင်မိုက်၍၊ မီးရောင်ရောက်လျှင် မှောင်ပျောက်သကဲ့သို့။ဝိပဿနာပညာဟူသော အသိဉာဏ်မပေါ်လျှင်၊ မောဟ စသော ကိလေသာသည် အမြဲဖြစ်ပေါ်နေ၍၊ ဝိပဿနာပညာ ဟူသော အသိဉာဏ် အရောင်တောက်လျှင်၊မောဟာစသော အမှောင်တို့ ချုပ်ပျောက်ကြလေသည်။

အသိဉာဏ်ရောက်၍ မောဟာမှောင်ပျောက်ပုံမှာ၊ လောက၌ မီးခြစ်တံမီး၊ ဖယောင်းတိုင်မီး၊ ဓာတ်တိုင်မီးဟု သုံးမျိုးရှိ၏။ မှောင်သည် တညဉ့်လုံး အမြဲရှိနေလေ၏။ အိမ်ပေါ်,ကျောင်းပေါ်၌ အမျိုးမျိုးသော အသုံးအဆောင်တို့ရှိလေ၏။ထိုအသုံးအဆောင်တို့ကို ကြည့်ရှုရှာဖွေသည်ရှိသော်၊ မီးမပါသောညအခါ၌ တစုံတခုသောဝတ္ထုကိုမျှ မမြင်နိုင်ပေရာ။ မီးရောင်နှင့် ကြည့်ရှုရှာဖွေမှ တွေ့ရှိသိမြင်နိုင်လေသည်။

မီးရောင် သုံးမျိုးတို့တွင်၊ မီးခြစ်တံ မီးရောင်သည်၊ တမိနစ်မျှသာ တောက်၍ အနည်းငယ် အရောင်ရသော်လည်း၊ အသုံးအဆောင်များကို ကောင်းစွာ မတွေ့မမြင်နိုင်။ ဖယောင်းတိုင်မီးရောင်သည်၊ အတန်ကြာ တောက်သင်းသော်လည်း၊ တနာရီခန့် မျှလောက်ရှိ၍ စုံလင်စွာ မရွေးမချယ်ရမီ ပျောက်ကွယ်လေ၏။ထိုအခါ မှောင်ရောက်မြဲ,ရောက်ပြန်၍ အလုံးစုံ ကွယ်ပျောက် ပြန်လေသည်။ ဓာတ်တိုင် မီးရောင်မှာ တညဉ့်လုံး တောက်လင်း နေသဖြင့်၊ အချင်းခပ်သိမ်း မှောင်ကွယ်ပျောက်နေ၍၊ အလုံးစုံသော အသုံးအဆောင်တို့ကိုပင် အကုန်အစင်တွေ့မြင် သိရှိနိုင်ပေသည်။

ထိုဥပမာ၌၊ ခဏခဏ သိ၍၊ ခဏခဏမျှသာ ကိလေသာကို ပယ်သော တဒင်္ဂပဟာန်သည်၊ မီးခြစ်တံမီး၌ ရှိသော မီးရောင်နှင့် တူ၏၊ အတန်ကြာရှည်စွာ နီဝရဏကိလေသာတို့ကို ခွါ၍ပယ်သော ဝိက္ခမ္ဘန

ပဟာန်သည်၊ ဗယောင်းတိုင်မီး၌ရှိသော မီးရောင်နှင့် တူ၏။ အကြွင်း, အကျန်, အကြွား, အလပ်၌ မောဟာစသော ကိလေသာမရှိအောင် အလုံးစုံပယ်ရှားသော သမုစ္ဆေဒပဟာန်သည်၊ ဓာတ်မီးတိုင်၌ ရှိသော မီးရောင်နှင့်တူ၏။ သတ္တဝါတို့ ယောကျ်ား,မိန်းမ,လူ,ရဟန်းဟု ခေါ်ဆိုနေကြသော ကိုယ်ခန္ဓာ အစုအပေါင်းသည်၊ အိမ်ဟူသော အဆောက်အဦ၊ ကျောင်းဟူသော အဆောက်အဦ အပေါင်းအစုနှင့် တူ၏။ ရုပ်, နာမ် ခန္ဓာဟူသော အစိပ်စိပ် ပရမတ်သဘောသည်၊ အိမ်,ကျောင်း၌ ရှိသော တခုခုသော အဆောက်အဦ အသုံးအဆောင်နှင့် တူ၏၊ ညအခါ၌ အိမ်,ကျောင်းတွင်ရှိသော အစိပ်စိပ် အဆောက်အဦ အသုံးအဆောင်တို့ကို၊ မမြင်အောင် ဖုံးကွယ်နေသော ညဉ့် အမိုက်မှောင်သည်၊ မောဟာစသော ကိလေသာနှင့် တူ၏။ သုတပါး ပြောသံကြားဖြင့်၊ ဆ,ဝါး,မှန်းတန်း၍သိခြင်းသည်၊ ကျမ်းဂန်ဒေသနာအဆိုများကို ထောက်ထား၍သိသော ဉာဏ်နှင့် တူ၏။ ကိုယ်တိုင်မီးထွန်း၍ ကြည့်သဖြင့်၊ထင်ထင်ရှားရှား အဟုတ်အမှန် ပုံပန်းသဏ္ဌာန် အမျိုးအမည်၊ အကြီးအငယ်စသည်တို့ကို အလုံးစုံတွေ့မြင် သိရှိရခြင်းသည်၊ ဝိပဿနာ ပညာဉာဏ်ဖြင့် ပရမတ် ရုပ်,နာမ်တို့ကို၊ အဟုတ်အမှန် ပိုင်ပိုင်, နိုင်နိုင်းစိတ်ထဲ၌ ရှင်းသွားအောင် ထိုးထွင်း သိမြင်လာသည်နှင့် တူ၏။ ဤသို့စသော ဥပမာ,ဥပမေယျစကားတို့နှင့် နှိုင်းယှဉ်ထောက်ထား၍၊ ကိလေသာ ပယ်သော ပဟာန်သုံးပါး၏ အဓိပ္ပါယ် သဘောများကို မှတ်သားကြပါလေ။

သုံးပါးသော ပဟာန်ကို ဝေဘန်၍ ပြဆိုရာ ဗောဓိပက္ခိယ ကဏ္ဍပြီး၏။

## အမှန်သိမြင်ခြင်း သဘောစသည်ကို ပြဆိုခြင်း

# ၇-ဉာဏကဏ္ဍ

## ဉာဏ် ၁၆-ပါးသရုပ်နှင့် ယထာဘူတ ဉာဏ်ကို ပြဆိုခြင်း

ရုပ်,နာမ် ခန္ဓာတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေသည်ကို စိတ်တည်စွဲမြဲ၍ ရှုမှတ်နေလျှင်၊ အစဉ်အတိုင်းဖြစ်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်လာ၏။ ဤသို့ သိမြင်မှုကို ဉာဏ်ဟုဆိုပေသည်၊ ထိုသို့ ဟုတ်တိုင်းမှန်စွာ သိမြင်လာသော ဉာဏ်ဟူသည်ကား၊

၁-နာမရူပ ပရိစ္ဆေဒဉာဏ်၊ ၂-ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ၃-သမ္မသနဉာဏ်၊ ၄-ဥဒယဗ္ဗယဉာဏ်၊ ၅-ဘင်ဉာဏ်၊ ၆-ဘယဉာဏ်၊ ၇-အာဒီနဝဉာဏ်၊ ၈-နိဗ္ဗိဒါဉာဏ်၊ ၉-မုစ္စိတုကမျတာဉာဏ်၊ ၁၀-ပဋိသင်္ခါဉာဏ်၊ ၁၁-သင်္ခါရုပေက္ခာဉာဏ်၊ ၁၂-အနုလောမဉာဏ်၊ ၁၃-ဂေါတြဘူဉာဏ်၊ ၁၄-မဂ်ဉာဏ်၊ ၁၅-ဖိုလ်ဉာဏ်၊ ၁၆-ပစ္စဝေက္ခဏာဉာဏ်။ ။ဤကား ဉာဏ် ၁၆-ပါး၏ အစဉ်အလာ ဖြစ်သော သရုပ်သချ်ာ ပေတည်း။

ဤဉာဏ် ၁၆-ပါးတို့တွင်၊အစဉာဏ် ၂-ပါးမှာ၊ဝိပဿနာဉာဏ်၏ အခြေပါဒဖြစ်၏၊အဆုံးဉာဏ် လေးပါးမှာ၊လောကုတ္တရာဉာဏ်ဖြစ်၏။ သမ္မသနဉာဏ် အစ-အနုလောမဉာဏ် အဆုံး၊ ဤ ဉာဏ် ၁၀-ပါးကို ဝိပဿနာဉာဏ်ဟု ခေါ်ဆိုပေသည်။

ထို ဉာဏ်တို့တွင်၊နောက်က ပြဆိုခဲ့သော ဝိပဿနာ ရှုမှတ်ပုံနည်း အတိုင်း အားထုတ်သဖြင့်၊ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမဟူသော မှတ်သိစွဲလမ်းခြင်းများ ကင်းပျောက်၍၊ ပရမတ် နာမ်, ရုပ် ၂-ပါးကိုသာ ပိုင်းခြားသိမြင်သောဉာဏ်သည်၊နာမရူပ ပရိစ္ဆေဒ ဉာဏ်မည်၏။ ထို နာမ်,ရုပ် ၂-ပါးတို့၏ အကြောင်းကို သိမြင်သော ဉာဏ်သည်၊ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။ ဤဉာဏ် ၂-ပါးသည်၊ပရမတ် ဖြစ်သော ရုပ်,နာမ်တို့ကို ဟုတ်မှန်သောအတိုင်း သိမြင်သောကြောင့် ယထာဘူတဉာဏ်မည်၏။

ဝိပဿနာအရာ၌၊ ဤ ဉာဏ် ၂-ပါးသည် လိုရင်းပေတည်း။ ၎င်း ဉာဏ် ၂-ပါးပိုင်လျှင်၊ အထက်ဉာဏ်တို့၌ လွယ်ကူ လေတော့သည်။ ဤဉာဏ် ၂-ပါး နေရာမကျလျှင်၊ အထက်ဉာဏ်များ၌ ယောင်ဝါး ဝါးဖြစ်နေ၍ အချိုးအစား မကျနိုင်ပေ။ ၎င်း ယထာဘူတ ဉာဏ်၏ နယ်သို့ ရောက်လျှင်ပင်၊ အပါယ်ဘေးမှ လွတ်မြောက်၍ ကြောက်ရွံ့ ရန် ဘေးခပင်းတို့ ကင်းရှင်းလေတော့၏။ ထိုပုဂ္ဂိုလ်ကို ဗျူဠ သောတာပန်ခေါ်၏။ ယခုဘဝ၌ အထက် ဉာဏ်များကိုပင် မရစေကာမူ၊ သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လား၍၊ အထက်ဉာဏ်နှင့် မဂ်ဖိုလ်တရားများကို အလွယ်တကူ ရနိုင်လေတော့သတည်း။

ထို့ကြောင့်....

ဉာမိနာ ပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်)

ဉာမိနာပန ဉာဏေန၊ ပရမတ် ရုပ်,နာမ်ကို အဟုတ်အမှန်သိသော ဤ ယထာဘူတဉာဏ်နှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌။ လဒ္ဓသာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်မှီရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြင့်မြတ်သော ဘုံဘဝ၌ မြဲသောလားခြင်း ဂတိ ရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ သောတာပန်အငယ်, သောတာပန်အထွေးမည်သည်။ ဟောတိ၊ ရချမသွေ ဖြစ်ရလေတော့သတည်း။

ဤဒေသနာတော်အရ၊ သံသရာဘေးဒုက္ခကို ကြောက်ရွံ့ ထိတ်လန့်ကြကုန်သော သပ္ပုရိသ အပေါင်း အမျိုးကောင်း သား,သမီးတို့သည်၊ ကမ္ဘာ အဆက်ဆက်, ဘဝအဆက်ဆက် အနမတဂ္ဂသံသရာတစ္ဆင်၌၊ အစဉ်ထာဝရ ပါလာကြသော ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမ လေလော စသည်ဖြင့်၊ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာများကို မှုန်းပစ်ပယ်ရှား၍၊ နှစ်ပါးသော ပရမတ် ရုပ်, နာမ်ကို အဟုတ်အမှန် ပညာဉာဏ်ဖြင့် ဝေဘန်ပိုင်းခြား၍ ထင်ရှားစွာ ထိုးထွင်း သိမြင်နိုင်ကြစေရန်၊ အဘန်ဘန်, အထပ်ထပ် မရပ်မနားဘဲ ဝိပဿနာ တရားကို ကြိုးစားအားထုတ် သင့်လှပေတော့သတည်း။

တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သမ္ဘဝေ။ ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော။

(ဝိသုဒ္ဓိမဂ်)

တသ္မာ၊ ထိုသို့ ယထာဘူတဉာဏ် အမြင်သန်က ပါယ်လေးတန် လွတ်မြောက်၍၊ စူဠသောတာပန်၏ အဖြစ်သို့ ရောက်လာသောကြောင့်။ ကင်္ခါဝိတရဏတ္ထိကော၊ သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာတရားမှ လွန်မြောက်လိုသော။ ဘိက္ခု၊ သံသရာဘေးဒုက္ခကို ကြောက်ရွံ့ထိတ်လန့်ကြသော သူတော်ကောင်းအပေါင်းသည်။ သဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်။ သတော၊ ဖြစ်ပေါ်လာ

တိုင်းသော အမှုအရာဟူသမျှကို မလစ်မလပ်ရအောင် ရှုမှတ်သော သတိရှိသည်ဖြစ်၍။ သမ္ပသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နာမရူပသာ၊ ပရမတ်တရား ရုပ်,နာမ် ၂-ပါး၏။ ပစ္စယော၊ ဖြစ်အောင် ပြုပြား အကြောင်းတရားတို့ကို။ ပရိဂ္ဂဏှေယျ၊ အဘန်ဘန်ကြံစား၍ ပွားများ ရှုမှတ်ရာသတည်း။

ဉာဏ် ၁၆-ပါး သရုပ်နှင့် ယထာဘူတဉာဏ်ကို ပြဆိုချက်ပြီး၏။

## သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပြဆိုခြင်း

သမ္မသနဉာဏ် ဟူသည်ကား၊ အထက်၌ ပြဆိုခဲ့သော နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟာဉာဏ် ၂-ပါးတို့ ကြီးပွား ထက်သန် လာသောအခါ၊ ကာလ ၃-ပါး၌ဖြစ်သော ပရမတ် ရုပ်,နာမ်တို့၏ မမြဲ ခြင်းသဘောဖြစ်သော-အနိစ္စလက္ခဏာ၊ဆင်းရဲခြင်းသဘောဖြစ်သော-ဒုက္ခလက္ခဏာ၊ အလိုမကျခြင်း သဘောဖြစ်သော-အနတ္တလက္ခဏာ၊ ဤသို့ လက္ခဏာရေး သုံးပါးတို့ကို ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ ထင် ရှားစွာ သိမြင်လာခြင်းသည်၊ သမ္မသနဉာဏ် မည်၏။ ကာလသုံးပါး ဆိုရာ၌ မိမိက တွေးတောကြံစည်မှု မပြုဘဲ၊ သူ့သဘောအတိုင်း ဖြစ် ပေါ်လာသော ပစ္စုပ္ပန် နာမ်,ရုပ်ကို ရှုမှတ်သဖြင့်၊ အတိတ်,အနာဂတ် ဖြစ်သော ရုပ်,နာမ်တို့၌လည်း၊ပစ္စုပ္ပန် ရုပ်,နာမ်ကဲ့သို့ ဉာဏ်၌ ထင်မြင် လာမှုပေတည်း။

သင်္ခါရဖြစ်သော ရုပ်,နာမ်,ခန္ဓာတို့ကို လက္ခဏာရေး သုံးပါးသို့ တင်၍၊ အနိစ္စ,ဒုက္ခ,အနတ္တ ဟု ရှုမှတ် သုံးသပ်ရသည် ဆိုရာ၌လည်း၊ မိမိစိတ် အထင်ဖြင့် ကြံစည်ဆင်ခြင်၍၊ရုပ်တရားသည်-အမြဲမရှိ,ဆင်းရဲ ၏, အလိုမကျ၊ နာမ်တရားသည်-အမြဲမရှိ,ဆင်းရဲ၏, အလိုမကျဟူ၍ ရှုမှတ်သုံးသပ်နေရမည် မဟုတ်။ရုပ်,နာမ် ခန္ဓာတို့၏ ဖြစ်ပေါ်လာတိုင်း သော သဘောကို မှတ်ဆဲ၌၊ မမြဲခြင်းသဘော, ဆင်းရဲခြင်းသဘော, အလိုမကျခြင်းသဘောတို့သည် ဉာဏ်၌ ထင်မြင်လာ၏။ ထိုသင်မြင် လာတိုင်းသော သဘောတို့၌၊ ရှုမှတ်ခြင်းကို ပင်လျှင် လက္ခဏာရေး သုံးပါးသို့တင်၍ ဆင်ခြင်သုံးသပ်သည်ဟု ဆိုရလေတော့သည်။

**ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန**
**ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာ'တိ**
**သံခိပိတွာ ဝဝတ္ထာပနေ ပညာ သမ္မသနေ ဉာဏံ။**

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟူသော ကာလသုံးပါးတို့၌ဖြစ်သော။ရူပံ၊ကွေးခြင်း,ဆန့်ခြင်းစသော ရူပက္ခန္ဓာသည်။ ခယဋ္ဌေန၊ ဖြစ်ပေါ်ပြီးက ပျက်စီး ကုန်ခန်းတတ်သော အနက်ကြောင့်။ အနိစ္စံ၊ မမြဲခြင်းသဘော။ ဘယဋ္ဌေန၊ ထိတ်လန့်ကြောက်ရွံ့ဘွယ်ဖြစ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲခြင်းသဘော။ အသာရကဋ္ဌေန၊ အနှစ်သာရမရှိသော အနက်ကြောင့်။ အနတ္တာ၊ အလိုမကျခြင်းသဘော။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ အကျဉ်းချုံး၍။ ဝဝတ္ထာပနေ၊ ရှုမှတ်ရာ၌။ ပညာ၊ သိခြင်းပညာသည်။ သမ္မသနေဉာဏံ၊သမ္မသနဉာဏ် မည်၏။

ကြွင်းသော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့ကိုလည်း၊ ဤရူပက္ခန္ဓာကဲ့သို့ ပင်လျှင် အကျယ် အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဆိုခဲ့သော အဓိပ္ပါယ် သဘောသွား၌၊ **ယထာ ဘူတံ ဇာနာတိ ပဿတိ**-စသော ဒေသနာတော်များကို ထောက်ထားသောအားဖြင့်၊ ဉာဏ်အမြင် ပွင့်လင်း ထင်ရှားလာအောင်၊ ဆင်ခြင်ခါ သတိထား၍ မှတ်သားသိရှိကြပါလေ။ ။ဤကား သမ္မသနဉာဏ်၏ သဘောတည်း။

ဤသမ္မသနဉာဏ် အမြင်သန်လာသောအခါ၊ဝိပဿနာဉာဏ်သည် လွန်စွာ သန့်ရှင်းကြည်လင်၍လာ၏။ထိုအခါ ရုပ်,နာမ် ခန္ဓာတို့၏ ဖြစ်ပေါ်လာခြင်း ဥပါဒ်-အစ၊ပျက်စီးသွားခြင်း ဘင်-အဆုံး၊ဤသို့ဖြစ်ခြင်းသဘော,ပျက်ခြင်းသဘော သည်သာလျှင် ဉာဏ်၌ ထင်မြင်လာတော့၏။ထိုဖြစ်ခြင်း,ပျက်ခြင်းမျှဖြစ်သော သဘောနှစ်မျိုးတို့သာ ဉာဏ်အား ထင်ရှားလာခြင်းသည်၊ ဥဒယဗ္ဗယဉာဏ် မည်၏။ ။သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ၂-ပါးတို့၏ အထူးမှာ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါးတို့၌ ဖြစ်သော ရုပ်,နာမ်တို့ကို ထင်မြင်မှုသည်၊ သမ္မသနဉာဏ် မည်၏။ ပစ္စုပ္ပန်ကာလ တပါး၌သာ ဖြစ်သော ရုပ်,နာမ်တို့ကို ထင်မြင်မှုသည်၊ ဥဒယဗ္ဗယဉာဏ် မည်၏။ ထိုဥဒယဗ္ဗယဉာဏ်

သည်၊ သမ္ဘသနညာဏ်ထက် သမာဓိ ရင့်သန်လာသဖြင့်၊ ဉာဏ်အမြင်လည်း ကြီးပွားထက်သန်၍ လာလေတော့၏။

**ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ**
**ဥဒယဗ္ဗယာနုပဿနေ ဉာဏံ၊**
**ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊**
**ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။**

(ဝိသုဒ္ဓိမဂ်)

ပစ္စုပ္ပန္နာနံ၊ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ဓမ္မာနံ၊ရုပ်,နာမ် ခန္ဓာ ဖြစ်ကုန်သော သင်္ခါရ သဘော တရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဘောက်ပြန် ပျက်စီးခြင်းကို ရှုမှတ်ရာ၌။ ပညာ၊ သိခြင်း ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ အဖြစ်,အပျက်ကို ရှုမှတ်ခြင်း၌။ ဉာဏံ၊ ဉာဏ် မည်၏။ ဝါ၊ ဥဒယဗ္ဗယဉာဏ်မည်၏။ ဇာတံ၊ ဖြစ်ပေါ်လာဆဲဖြစ်သော။ ရူပံ၊ ကွေးခြင်း,ဆန့်ခြင်းစသော ရူပက္ခန္ဓာသည်။ ပစ္စုပ္ပန္နံ၊ ခဏပစ္စုပ္ပန် ဖြစ်၏။ တဿ၊ ထိုခဏ ပစ္စုပ္ပန်ဖြစ်သော ကွေးခြင်း,ဆန့်ခြင်း စသော ရူပက္ခန္ဓာ၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ပေါ်လာဆဲဖြစ်သော သဘောသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖေါက်ပြန်ပျက်စီးခြင်း သဘောသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ အဖြစ်အပျက်ကို ရှုမှတ်ခြင်းသဘောသည်။ ဉာဏံ၊ သိခြင်းပညာ မည်၏။

**အဓိပ္ပါယ်ကား**။ ကာလသုံးပါးတွင် ပစ္စုပ္ပန်ကာလ တပါးကိုသာ ရ၏။ အဒ္ဓါနပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်-ဟူသော ပစ္စုပ္ပန် သုံးပါးတို့တွင်၊ ခဏပစ္စုပ္ပန် တပါးကိုသာ ဤနေရာ၌ ရအပ်၏ဟု ဆိုလိုသည်။ ကြွင်းသော ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ၄-ပါးတို့ကိုလည်း၊ ဤရူပက္ခန္ဓာ၌ ပြဆိုသော နည်းအတိုင်း မှတ်ယူအပ်ပေသည်။

အထူးမှာ၊ ဥဒယဗ္ဗယဉာဏ် ရင့်သန် ကြီးပွား လာသော အခါ၊ ယောဂီပုဂ္ဂိုလ်ဉာဏ်၌ အသစ်အသစ်ဖြစ်ဆဲဖြစ်သောရုပ်,နာမ်တို့သည်၊ လွန်စွာ အဖြစ်အပျက် လျင်မြန်လှသည်ဖြစ်၍၊ နေရောင်နှင့် တွေ့သဖြင့် ဆီးနှင်းပျောက်သကဲ့သို့ရင်း၊ ရေပွက်ကဲ့သို့ရင်း၊ ရေ၌ တုတ်လှံတန်ဖြင့် ခြစ်ဆွဲသော အရေးအသားကဲ့သို့ရင်း၊ ဖျော်စစ်ပြက်သကဲ့သို့ရင်း ထင်လာ,မြင်လာတတ်ကုန်၏။ တဘန် မျက်လှည့်,တံလျှပ်,အိပ်မက်,မီးစက်

ကွင်း ဂန္ထဗ္ဗနတ်တို့ မြူးထူးပျော်ပါး ကစားရန် ပြင်ဆင်ထားသော မြို့ကြီး, ပြကြီးကဲ့သို့ရင်း၊ ရေမြုပ်ဆိုင်ခဲ ၄က်ပျောတုံးတို့၏ တာရှည်မခံ အနှစ်သာရ မရှိသကဲ့သို့ရင်း။ ဤသို့စသည့်ဖြင့် ပြောလို့မဖြစ်နိုင်အောင် လွန်စွာ ဆန်းကြယ် ထူးထွေ လျှင်မြန်ပုံတွေကို ထင်မြင်လာတတ်ကုန်သည်။

ဤသို့ ရုပ်,နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းသဘော,ပျက်ခြင်းသဘောတို့၌၊ ရှုမှတ်သော ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ ဝိပဿနာဉာဏ် ထက်သန်ကြီးပွားလာသောအခါ၊ဖြစ်ပေါ်လာဆဲဖြစ်သော ရုပက္ခန္ဓာ တပါးကို ရှုမှတ်ရာ၌၊ ရုပ်ဖြစ်ခြင်း အကြောင်း ၄-ပါးနှင့်တကွ ရှုမှတ်နေဆဲဖြစ်သော ရုပ်ပါ၊ဥဒယလက္ခဏာ ၅-ပါးလုံးကိုပင် တပေါင်းတည်း ထင်မြင် လာလေ၏။ ရုပ်ပျက်ခြင်းအကြောင်း ၄-ပါးနှင့်တကွ ရှုမှတ်နေဆဲ ပျက်သော ရုပ်ပါ၊ ဝယလက္ခဏာ ၅-ပါးလုံးကိုပင် တပေါင်းတည်း ထင်မြင်လာပြန်လေ၏။

ဤသို့လျှင် ကြွင်းသော ခန္ဓာ ၄-ပါးတို့၌လည်း၊ ရုပက္ခန္ဓာကဲ့သို့ ဆယ်ပါး,ဆယ်ပါးစီဖြစ်၍ ဥဒယဗ္ဗယဉာဏ်သည်၊ လက္ခဏာ ၅၀-တို့ကိုပင် ထိုးထွင်း သိမြင်နိုင်လေတော့သည်။ ထိုဉာဏ်သည် ဝိပဿနာ ရှုမှတ်ရာ၌ ရှေးဦးစွာ ပေါ်ပေါက်လာစဖြစ်၍၊ သေးငယ် နုပျိုလှသဖြင့် တရုဏ ဝိပဿနာမည်၏။ ဤ ဉာဏ်သို့ ပေါက် ရောက် သော သူကို ဝိပဿနာ အလုပ်၌ တွန့်ဆုတ်ခြင်း မရှိဘဲ၊ လွန်စွာ အားထုတ်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟု ခေါ်ဆိုရကြောင်းများကို အဋ္ဌကထာ ဆရာမိန့်ဆိုတော်မူသည်၊

ဧတ္တာဝတာ ေနန ဝယဓမ္မံ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတိ.တိ၊ ဣမိနာ အာကာေရန သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ၊ ဥဒယဗ္ဗယာနုပဿနံ နာမ တရုဏဝိပဿနာဉာဏံ အဓိဂတံ ေဟာတိ၊ ယဿာ. ဓိဂမာ အာရဒ္ဓဝိပဿေကာတိ သင်္ခံ ဂစ္ဆတိ။ ။ဝိသုဒ္ဓိမဂ်။

ဧတ္တာဝတာ၊ ဤဆိုအပ်ခဲ့ပြီးသော ဘာဝနာအစဉ်ဖြင့်၊ အနေန၊ ဤယောဂီပုဂ္ဂိုလ်သည်။ ဝယဓမ္မံ၊ပျက်ကြောင်းသဘောသည်သာလျှင်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏၊ ဥပ္ပန္နဉ္စ၊ ဖြစ်ပေါ်လာပြီးသော ရုပ်,နာမ်သည် လည်း၊ ဝယံ၊မိမိသဘောအတိုင်း ပျက်စီးခြင်းသို့၊ ဥပေတိ၊ရောက်၏၊

ဋ္ဌတိ၊ ဤသို့။ ဋ္ဌမိနာ အာကာရေန၊ ဤသို့စသော အခြင်းအရာအားဖြင့်။ သမပညာသ လက္ခဏာနိ၊ အမျိုးငါးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိမြင်၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနိနာမ၊ ဥဒယဗ္ဗယာနုပဿနာမည်သော။ တရုဏ ဝိပဿနာညာဏံ၊ နုသောဝိပဿနာ ဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယဿ၊ အကြင် တရုဏ ဝိပဿနာ မည်သော ဥဒယဗ္ဗယဉာဏ်ကို။ အဓိဂမာ၊ ရခြင်းကြောင့်။ အာရဒ္ဓဝိပဿကောတိ၊ မဂ်, ဖိုလ် ရရန် ဝိပဿနာကို အပြင်းအထန် အားထုတ်သော ပုဂ္ဂိုလ်ဟူ၍။ သင်္ခံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ရလေတော့သတည်း။

ဤသို့ ရုပ်,နာမ်ခန္ဓာတို့၏ ဖြစ်မှု,ပျက်မှုကို ထင်မြင်အောင် ကြည့်ရှုနိုင်သော ဥဒယဗ္ဗယဉာဏ် စက္ခုကို ရရှိသော ပုဂ္ဂိုလ်သည်၊ တနေ့ တရက်မျှပင် နေရသော်လည်း၊ ဖြစ်ပျက်နေသော ရုပ်,နာမ်ရုကို ဉာဏ်စက္ခုဖြင့် ထင်မြင်အောင် မကြည့်မရှုနိုင်သော ပုဂ္ဂိုလ်တို့၏ အသက်တရာ နေရခြင်းထက်ပင်၊ လွန်မင်းစွာ မြင့်မြတ် လှလေပြီဟု ဥဒယဗ္ဗယဉာဏ်၏ အကျိုးများပုံကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

**ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။**

(ဓမ္မပဒပါဠိတော်)

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်,နာမ်နှစ်ဖြာ ခန္ဓာငါးခု ဖြစ်ပျက်မှုကို။ အပဿံ- အပဿန္တော၊ ဝိပဿနာမှု ဉာဏ်စက္ခုဖြင့် သိမြင်အောင် မကြည့်မရှုနိုင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍ တည်နေရာ၏။ တတော၊ ထိုအသက်ဘရာရှည်၍ နေရသောသူထက်။ ဥဒယဗ္ဗယံ၊ ရုပ်,နာမ်နှစ်ဖြာ ခန္ဓာငါးခု ဖြစ်ပျက်မှုကို။ ဝါ၊ လက္ခဏာရေးသုံးဖြာကို။ ပဿတော၊ ဝိပဿနာမှု ဉာဏ်စက္ခုဖြင့် သိမြင်အောင် ကြည့်ရှုနိုင်သောသူ၏။ ဧကာဟံ၊ တနေ့, တရက်,တမနက်မျှ။ ဇီဝိတံ၊ အသက်ရှည်၍ နေရခြင်းသည်။ သေယျော၊ မြင့်မြတ်လှပေသတည်း။

ဤသို့ ဟောကြားတော်မူသော ဒေသနာတော်များကို ထောက်ထား နှလုံးသွင်း၍၊ ရုပ်,နာမ်တို့၏ ဖြစ်ခြင်း,ပျက်ခြင်းများကို ဟုတ်မှန်ထင်လင်း ထိုးထွင်း သိမြင်၍ လာနိုင်စေရန်၊ အဘန်ဘန် ကြိုးစား၍

ဝိပဿနာအလုပ်တရားကို ပွားများရှုမှတ်ကြပါလေ။ ။ဤကား ဥဒယဗ္ဗယဉာဏ်၏ သဘော လက္ခဏာကို ထင်ရှားစွာ ပြဆိုလိုက်ခြင်းပေတည်း။

သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပြဆိုချက် ပြီး၏။

---

## ဝိပဿနာ၏ အနုတ္တရာယ် ၁၀-ပါးကို ပြဆိုခြင်း

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ တရားကို အားထုတ်ကြရာ၊မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၌၊ သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် နှစ်ပါးရှိသည်တွင်၊သမ္မသနဉာဏ်မှ လွန်မြောက်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ၊ အနုတ္တရာယ်များ ပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် ယခုအခါ ထိုအနုတ္တရာယ်ဆယ်ပါးကို မှတ်သားသိရှိစေရန် ပြဆိုပေအံ့။

**ဩဘာသော ဉာဏ ပီတိ စ၊ ပဿဒ္ဓိ သုခံ အဓိမောက္ခော။**
**ပဂ္ဂဟော ဥပဋ္ဌာနေ စ၊ ဥပေက္ခာ-တိ နိကန္တိယာ။ ။**

(ဝိသုဒ္ဓိမဂ်)

ဩဘာသော၊ အရောင်အလင်းဧည်း။ ဉာဏံ၊ လွန်စွာသိခြင်းဧည်း။ ပီတိ၊ လွန်စွာ နှစ်သက်ခြင်းဧည်း။ ပဿဒ္ဓိ၊ လွန်စွာငြိမ်းအေးခြင်းဧည်း။ သုခံ၊ လွန်စွာ ချမ်းသာခြင်းဧည်း။ အဓိမောက္ခော၊ လွန်စွာ ထက်သန်ခြင်း သဒ္ဓါဧည်း။ ပဂ္ဂဟော၊လွန်စွာ အားထုတ်ခြင်း ဝီရိယဧည်း။ဥပဋ္ဌာနေ၊လွန်စွာ ထင်ခြင်း သတိဧည်း။ဥပေက္ခာ၊လွန်စွာလျစ်လျူရှုခြင်းဧည်း။ နိကန္တိယာ၊ လွန်စွာ တပ်နှစ်သက်ခြင်း တဏှာနိကန္တိဧည်း။ အနုတ္တရာယော၊ ဝိပဿနာအနုတ္တရာယ်တို့သည်။ ဣတိ၊ ဤဆယ်ပါးတို့ပေတည်း။

**အဓိပ္ပါယ်ကား။** ဝိပဿနာကို အားထုတ်၍ ဥဒယဗ္ဗယဉာဏ်ထက်သန် အားကြီးလာသောအခါ၊ဝိပဿနာ၏အရှိန်ကြောင့် အရောင်အလင်းများ ဖြစ်ပေါ်လာတတ်၏။ လွန်စွာ သိခြင်းဉာဏ် ဖြစ်ပေါ်လာတတ်၏။ လွန်စွာ နှစ်သက်ခြင်း-ပီတိ၊ လွန်စွာ ကိုယ်,စိတ်နှစ်ဖြာ ငြိမ်းအေးခြင်း-ပဿဒ္ဓိ၊ လွန်စွာ ချမ်းသာခြင်း-သုခ၊ လွန်စွာ ကြည်လင်ခြင်း-သဒ္ဓါ၊ လွန်စွာ အားထုတ်ခြင်း-ဝီရိယ၊ လွန်စွာ ထင်မြင်ခြင်း-သတိ၊ လွန်စွာ လျစ်လျူရှုခြင်း-ဥပေက္ခာတို့ ဖြစ်ပေါ်လာတတ်ကုန်၏၊

ထိုအခါ နှလုံးသွင်းရင်းဖြစ်သော ဝိပဿနာအာရုံကို စွန့်လွှတ်၍၊ ပေါက်ပြန်,ပြန့်လွင့်သော စိတ်ဖြင့် မဂ်တရား,ဖိုလ်တရား ဖြစ်ပေါ်လာ

သည်ဟု အလွဲ ထင်မှတ်ပြီးလျှင်၊ ထိုအရောင် စသည်တို့ကို နှစ်သက်သာယာသော တဏှာနိကန္တိ ဖြစ်လာတတ်၏ဟု ဆိုလိုသည်။

ထို့ကြောင့် ဝိပဿနာ အနွရာယ် ဆယ်ပါးဆိုရာ၌၊ အရောင်စသော ဩကိုးပါးမှာ၊ ဝိပဿနာ တရားလမ်းစဉ်ကို တားမြစ်သော အန္တရာယ်စစ် မဟုတ်၊ အန္တရာယ်ဖြစ်ရန် အကြောင်းမျှသာ ဖြစ်၍၊ အရောင်စသည်ကို နှစ်သက်သာယာ တွယ်တာတတ်သော နိကန္တိ တခုသာလျှင်၊ ဝိပဿနာတရားလမ်းစဉ်ကို တားမြစ်သော အန္တရာယ် အစစ်ဟူ၍ မှတ်ယူအပ်သည်။

**အယမေဝ ပန ဧကန္တေတာ ဝိပဿနုပက္ကိလေသော ဟောတိ။**

(ဝိသုဒ္ဓိမဂ်)

ပန၊ ထိုဆယ်ပါးသော အန္တရာယ်တို့တွင်။ အယမေဝ၊ ဤနှစ်သက်သာယာ တွယ်တာ တတ်သော နိကန္တိတဏှာ တခုသည်သာလျှင်။ ဧကန္တေတာ၊ မချွတ်ယွင်းသောအားဖြင့်။ ဝိပဿနုပက္ကိလေသော၊ ဝိပဿနာ တရား၏ ညစ်ညူးကြောင်း ကိလေသာသည်။ ဟောတိ၊ ဖြစ်၏။

ထိုအရောင်စသော ကိလေသာအန္တရာယ်တို့သည်၊ သစ္စာ ၄-ပါးကို သိမြင်ပေါက်ရောက်ပြီးသော သူအားရင်း။ ဝိပဿနာ တရားနည်းလမ်း ပျက်ပြားမှားယွင်းသော သူအားရင်း။ဝိပဿနာနည်း ဖြောင့်မှန်သော်လည်း၊ ဥဒယဗ္ဗယဉာဏ် မထက်သန် မကြီးပွားမီ အလုပ်ကို စွန့်လွှတ်ထားသော သူအားရင်း။ ဝိပဿနာအလုပ်ကို အားမထုတ်သော သူအားရင်း၊ မဖြစ်မပေါ် နိုင်ကုန်ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

ဝိပဿနာနည်းလမ်း ဖြောင့်မှန်၍၊ ဥဒယဗ္ဗယဉာဏ် ရင့်သန်အောင် အပြင်းအထန် အားထုတ်သော ပုဂ္ဂိုလ်အားသာလျှင် ဖြစ်ပေါ်လာနိုင်၏။ ထိုသို့ ဖြစ်ပေါ်ရာ၌လည်း များသောအားဖြင့်၊သမထနှင့် ဝိပဿနာ တွဲဘက်၍ ၂-ပါးစုံ ရရှိ ပေါက်ရောက်သော ပုဂ္ဂိုလ် အားသာလျှင် ဖြစ်ပေါ်လာတတ်၏။ ယခုပြဆိုခဲ့သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာယာနိကဖြစ်သော ယုဂနဒ္ဓ သုဒ္ဓဝိပဿနာ ကမ္မဋ္ဌာန်းမျိုးကို အားထုတ်သောသူများမှာ၊ ပုဂ္ဂိုလ်တိုင်း မဖြစ်နိုင်ဟု ယုံကြည်စွာ မှတ်ယူ အပ်ပေသည်။

**အယံ ပန ဝိပဿနုပက္ကိလေသော ယေဘုယျေန**
**သမထဝိပဿနာလာဘိနော ဥပ္ပဇ္ဇတိ။** ။ဝိသုဒ္ဓိမဂ်။

ဧယံပန ဝိပဿနူပက္ကိလေသော၊ ဤဝိပဿနာ၏ ညစ်ညူးကြောင်း ဖြစ်သော ကိလေသာအန္တရာယ်သည်ကား။ ယေဘုယျေန၊ များသော အားဖြင့်။ သမထဝိပဿနာလာဘိနော၊ သမထဝိပဿနာ နှစ်ပါးစုံကို အားထုတ်ရရှိသော ပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဤသို့ဝိပဿနာ၏ အစွမ်း အာနုဘော်ကြောင့် အလင်းရောင် ဖြစ်ပေါ်လာသည်ရှိသော်၊ အချို့မှာ ထိုင်နေသော နေရာအတွင်း၌ ဖြစ်ပေါ်လာတတ်၏။ အချို့ တိုက်ခန်းတခုလုံး ဖြစ်ပေါ်လာတတ်၏။ ဤသို့ စသည်ဖြင့် ကျောင်း တိုက်တခုလုံး တဂါဝုတ်,တယူဇနာ,လောကဓာတ် တခုလုံးပင်လျှင်၊ အရောင်အလင်းများ ဖြစ်ပေါ်လာတတ်၏၊ ဤသို့ ဖြစ်ပေါ်လာတတ် ကြောင်းများကို၊ဝိသုဒ္ဓိမဂ်၌လာသော အောက်ပါ ဝတ္ထုများဖြင့် မှတ် သားသိရှိအပ်ပေသည်။

စိတ္တလတောင်အနီး နံရံနှစ်ထပ်ရှိသော ကျောင်း၌ မထေရ်နှစ်ပါး နေကြရာ၊ တခုသော လကွယ်ဥပုသ်နေ့၌ များစွာသော မိုဃ်းတိမ်တို့ အုပ်ဖုံး၍ ကြီးမားစွာသော မိုဃ်းရွာသွန်းသဖြင့်၊ညအခါတွင် တခဲနက် ကြီးမားသော မှောင်ကြီးကျလေ၏။ ထိုညအခါ၌ မထေရ်ငယ်သည်၊ စေတီယင်ပြင်တွင် မြတ်သောနေရာ၌ ထားသော အဆင်းငါးပါးနှင့် ပြည့်စုံသောပန်းတို့ကို၊ ထင်ရှားစွာ မြင်ရကြောင်း မထေရ်ကြီးအား လျှောက်လေ၏။ ထိုအခါ မထေရ်ကြီးက တဘန်ပြန်၍၊ ငါ့ရှင် အံ့ဩ ဘွယ်မရှိသော စကားကို ပြောကြားဘိ၏၊ ငါ့အား ယခုညအခါ မဟာ သမုဒ္ဒရာတွင်၊ တယူဇနာမျှ ဝေးသောအရပ်၌၊ ငါး,လိပ်တို့သည် ထင် ရှားကုန်၏ဟု မိန့်တော်မူသည်။

ဤဝတ္ထုများကို ထောက်ထား၍၊ဝိပဿနာတန်ခိုးကြောင့် အရောင် အမျိုးမျိုး ဖြစ်ပေါ်ရာမှာ၊ အကျဉ်း, အကျယ်, အနီး, အဝေး, အနည်း, အများ အစားစား ရှိကြောင်းကို သိအပ်၏။ ။အထူးမှာ၊ ထိုသို့ အရောင်အလင်း ဖြစ်ပေါ်၍ အဆင်းမျိုးစုံကို ထင်မြင်ခြင်း၌၊ နေ့အခါ တွင် ပကတိမျက်စိဖြင့် မြင်ခြင်းမျိုးကဲ့သို့ မဟုတ်၊ ဈာန်,အဘိညာဏ် ရသောသူတို့၏ ဒိဗ္ဗစက္ခုဖြင့် မြင်ခြင်းမျိုးကဲ့သို့၊ မြင်သည့်ယူမှသာ သင့် လျော်မည် ထင်ကြောင်းကို ဋီကာဆရာ မိန့်မှာတော်မူသည်။

ပီတိသည်၊ **ခုဒ္ဒကာပီတိ,ခဏိကာပီတိ,ဩက္ကန္တိကာပီတိ,ဥဗ္ဗေ ဂါပီတိ,ဖရဏာပီတိ**-ဟူ၍ ငါးပါးရှိ၏။ ထိုငါးပါးတို့တွင်၊ကြက် သီး,မွေးညှင်းထလောက်ရုံမျှ အနည်းငယ်ဖြစ်ပေါ်သော နှစ်သက်ခြင်း

မျိုးသည်၊ခုဒ္ဒကာပီတိ မည်၏။လျှပ်စစ် ပြက်သကဲ့သို့ မကြာမကြာ,ခဏ ခဏ,တချက် တချက်,ဖျန်းကနဲ ဖျန်းကနဲ ဖြစ်ပေါ်သော နှစ်သက်ခြင်း မျိုးသည်၊ခဏိကာပီတိ မည်၏။သမုဒ္ဒရာပင်လယ် ရေလှိုင်းများ ထကြွ သကဲ့သို့၊ တခါတခါ တကိုယ်လုံးလွှမ်း၍ အုနှိုက်, သဲ့လှိုက် ဖြစ်ပေါ် သော နှစ်သက်ခြင်းမျိုးသည်၊ ဩက္ကန္တိကာပီတိ မည်၏။ လေဟုန်၌ လွင့်ပါသွားသော လဲဝါဂွမ်းများကဲ့သို့၊ ခန္ဓာကိုယ် တခုလုံး ကောင်း ကင်သို့ တက်ကြွပျံ့သွားအောင် ဖြစ်ပေါ်သော နှစ်သက်ခြင်းမျိုးသည်၊ ဥဗ္ဗေဂါပီတိ မည်၏။ ဆီဖြင့် သွန်းလောင်းသော ဝါဂွမ်းများကဲ့သို့၊ တကိုယ်လုံး ပြန့်နှံ့ပြောင်းအိလာအောင် ဖြစ်ပေါ်သော နှစ်သက်ခြင်း မျိုးသည်၊ဖရဏာပီတိ မည်၏။ ဤသို့ ပီတိငါးပါး၏ သဘောများကို မှတ်သားကြပါလေ။

ထို ပီတိငါးပါးတို့တွင်၊ ဥဗ္ဗေဂါပီတိ ဖြစ်ဘူးသော ဝတ္ထုမှာ၊ ရှေး အခါ သိဟိုဠ်ကျွန်းတွင် တရသော ညအခါ၌၊ တောင်ထိပ် စေတီကို ပူဇော်ရန် မိဘ,အိမ်သားများသွား၍၊ ကိုယ်ဝန် ပဋိသန္ဓေ အရင့်အမာ ရှိသော သတို့သမီးငယ်ကို အိမ်စောင့်ထားခဲ့လေ၏။ ထိုအခါ သတို့သမီး သည်၊ စေတီယင်ပြင်၌ ပူဇော်ကြသော ဆီမီးရောင်နှင့် စေတီတော်ကို အာရုံပြု၍ ကြည်ညိုပူဇော်လေရာ၊ ဥဗ္ဗေဂါပီတိဖြစ်ပေါ်လာ၍ လဲဝါ ဂွမ်းများကဲ့သို့ ပေါ့ပါးစွာ ကြွတက်ပြီးလျှင်၊ကောင်းကင်ခရီးဖြင့် သွား ၍ စေတီယင်ပြင်သို့ ကြည်လင်ချမ်းသာစွာ ကျရောက်လေ၏၊ထိုဝတ္ထု သက်သေကို ထောက်ထားရှုမျှော်၍၊ ဥဗ္ဗေဂါပီတိ ဖြစ်ပေါ်လာပုံကို မှတ်သားသိရှိအပ်ပေသည်။

လောက၌၊ စိန်, ဆေး, ကန့်-စသော ဓာတ်မျိုးသည်၊ နားမလည် သော သူအား အသက် အန္တရာယ်ပင် ဖြစ်တတ်၏။ နားလည်သော သူမှာမူ၊ သိဒ္ဓိ အမျိုးမျိုးသို့ပင် ပေါက်ရောက် သွားသဖြင့်၊ ကြီးကျယ် များပြားသော အကျိုးစီးပွားကို ခံစားရလေ၏။ ထိုအတူ အရောင် စသော အန္တရာယ်ကိုးပါးတို့ ဖြစ်ပေါ်လာသော်၊မလိမ္မာသောယောဂီ မှာ၊ နိကန္တိတဏှာဖျက်ဆီး၍ မဂ်,ဖိုလ်မှ အချည်းနှီးဖြစ်ပြီးလျှင်၊ ပျက် စီးဆုံးရှုံးတတ်လေ၏။ လိမ္မာသော ယောဂီမှာမူ၊ မဂ်,ဖိုလ်သို့ ပေါက် ရောက်သွားသဖြင့်၊ အတိတ်,သံသရာ ကမ္ဘာအဆက်ဆက်က ပါလာ သော အကုသိုလ်ကံတရားတို့ အတွက်၊အပါယ်လေးပါးသို့ လားရန်

ဝဋ်ဒုက္ခများ ကုန်ခန်း၍၊ နိဗ္ဗာန်ပြည် ရွှေဘုံနန်း၌ အေးငြိမ်းစွာ စံမြန်းကြရလေတော့သည်။

ဤကဲ့သို့ အန္တရာယ်များ ဖြစ်ပေါ်လာသော်လည်း၊ရုပ်,နာမ် တို့၏ ဖြစ်ခြင်း,ပျက်ခြင်း ဉဒယဗ္ဗယ၊အနိစ္စ,ဒုက္ခ,အနတ္တဟု ထင်မြင်ရှုမှတ်နေသော ဝိပဿနာအာရုံကို မစွန့်လွှတ်,မတန့်ရပ်ဘဲ၊ အစဉ်မပြတ်အောင် ရှုမှတ်နေရလေ၏။ ဤသို့ မဟုတ်ဘဲ အရောင် စသည်ကို သာယာနှစ်သက်နေသော်၊ဝိပဿနာလမ်းပျက်၍ ဝိတက် ဥဒ္ဓစ္စ ဝင်သဖြင့် မဂ်,ဖိုလ်ဟု မှတ်ထင်ပြီးလျှင်၊ ရှုမှတ်နေသော လမ်းစဉ်ကို ပယ်ရှားလျက်၊ ထင်မြင်သော အာရုံ၏ ချမ်းသာများကိုသာ စိတ်ချ, လက်ချ ခံစား၍ နေတတ်ကြလေတော့သည်။

ဝိပဿနာ၏ အန္တရာယ် ၁၀-ပါးကို ပြဆိုခြင်း ပြီး၏။

---

### အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂ ဝတ္ထုဖြင့် ပြဆိုခြင်း

ဝိပဿနာ အန္တရာယ်နှင့် တွေ့ကြုံ၍ အထင်အမြင်လွဲမှားပုံ အခြင်းအရာကို၊ ဝိသုဒ္ဓိမဂ်၌လာသော ဓမ္မဒိန္နမထေရ်၏ ဝတ္ထုသွားဖြင့် မှတ်သား သိရှိအပ်ပေသည်။ အကြောင်းမှာ ပဋိသမ္ဘိဒါပတ္တခီဏာသဝ ဖြစ်တော်မူသော ဓမ္မဒိန္နမည်သော ရဟန္တာ မထေရ် တပါးသည်၊ များစွာသော တပည့်ရဟန်းတို့ကို ဆုံးမ၍ ဝါဠွက်ရမည်သော အရပ်၌ သီတင်းသုံး နေထိုင်တော်မူ၏။ ဓမ္မဒိန္နမထေရ်သည်၊ တနေ့သ၌ ဥစ္စဝါဠွက် အရပ်တွင် နေသော မိမိ၏ဆရာ မဟာနာဂ မထေရ်ကြီးအား၊ ရဟန်းကိစ္စ ပြီးဆုံးသည် မပြီးဆုံးသည်ကို တန်ခိုးဖြင့် ကြည့်ရှုတော်မူ၏။

မဟာနာဂ မထေရ်သည်၊ လောကီအဘိညာဏ်ကိုရ၍ ဝိပဿနာ အန္တရာယ်နှင့် တွေ့ကြုံသောအခါ၊ရဟန္တာဟု ထင်မှတ်သဖြင့် ဝိပဿနာ အလုပ်ကို ပယ်ဖြတ်ထားသော ပုထုဇဉ်ဖြစ်ကြောင်း သိရှိလေရာ၊ ကောင်းကင်မှ ကြွလာ၍ မထေရ်ကြီး နေ့သန့်စင်ရာ အချပ်၌ ဆည်းကပ် ဝတ်ပြု၍ ရှိခိုးနေထိုင်လေ၏။ ထိုအခါ ဆရာ မထေရ်ကြီးက ငါ့ရှင် ဓမ္မဒိန္န၊ အချိန်အခါမဟုတ်ဘဲ ဘယ်ကိစ္စကြောင့် လာသနည်းဟု မေးတော်မူသဖြင့်၊ ပုစ္ဆာမေးမြန်းလို၍ လာကြောင်း လျှောက်ထားလေရာ၊အလိုရှိရာကို မေးမြန်းလေ၊ သိလျှင် ဖြေကြားမည်ဟု မိန့်တော်မူ၏။

ထိုအခါ ဓမ္မဒိန္နမထေရ်သည်၊ မဂ်,ဖိုလ်နှင့်စပ်သော ပုစ္ဆာတဆောင်မျှ မေးမြန်းရာ၊ ဆရာမထေရ်သည် မေးတိုင်း,မေးတိုင်းသော ပုစ္ဆာကို တွေးတောရပ်ဆိုင်းခြင်းမရှိ၊ အစဉ်မပြတ် ဖြေကြားတော်မူ၏။ ဤသို့ ဖြေကြားသောအခါ၊ အရှင်ဘုရား၏ ဉာဏ်သည် အလွန် ထက်သန်လျင်မြန်လှပါ၏။ ဤ တရားထူးကို အဘယ်အခါ၌ ရရှိလာပါသနည်း ဟုလျှောက်ရာ၊ အနှစ် ၆၀-ခန့်လောက်တွင် ရရှိလာကြောင်း ပြောကြားလေ၏။ တဖန် သမထဈာန်များကို လေ့လာသုံးဆောင်နိုင်ပါ၏လောဟု မေးမြန်းပြန်သဖြင့်၊ သမထအတွက် နှောင့်ယှက်ဝန်လေးခြင်း မရှိကြောင်း ပြောကြားလေ၏။

ထိုအခါ သမယာ၌၊ ဝန်မလေးပါလျှင် ဆင်ကြီးတကောင် ဖန်ဆင်းတော်မူပါဟု လျှောက်၍၊ ချက်ခြင်းပင်လျှင် တကိုယ်လုံး ဖြူဖွေးသော ဆင်ပြောင်ကြီးကို ဖန်ဆင်းလေ၏။ တဖန် ထိုဆင်ကြီးသည် နားရွက်ကိုပေ မတုန်မလှုပ်,အမြီးကိုထောင်ခါ နှာမောင်းကို ခံတွင်းသို့သွင်း၍၊ ကြောက်မက်ဘွယ်သော ကြိုးကြာသံကို မြည်လျက် အဟုန်နှင့် ရှေးရှု ပြေးလာပြီးလျှင်၊ အရှင် ဘုရားအား ထိုးမည် ကဲ့သို့သော အသွင်ကို ဖန်ဆင်းပါဟု လျှောက်သဖြင့် ချက်ခြင်းပင် ဖန်ဆင်းလိုက်ရာ၊ ဆင်ကြီး ပြေးလာသည်ကို မြင်လျှင် အဟုတ်ပင်မှတ်ထင် ကြောက်ရွံ့တုန်လှုပ်၍ ထပြေးရန် အားထုတ်လေ၏။

ထိုအခါ ဓမ္မဒိန္နမထေရ်သည်၊ သက်န်းစွန်းကို ကိုင်ဆွဲလျက်၊ အရှင်ဘုရား ရဟန္တာမည်သည်၊ ဤကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ခြင်းသဘောများရှိပါသေးသလောဟု မေးလျှောက်လေရာ၊ ထိုအခါမှ မိမိပုထုဇဉ် ဖြစ်ကြောင်းကို ကောင်းစွာ ယုံကြည် သိရှိလေတော့သည်။ ဤသို့ မဟာနာဂ မထေရ်ကြီးသည်၊ အနှစ် ၆၀-မျှ ရဟန္တာဟု ထင်မှတ်နေရာ၊ ယခုအခါမှ ပုထုဇဉ်ဖြစ်မှန်းသိ၍ မာန်,မာနကို ပယ်ချပြီးလျှင်၊ ငါ့ရှင် ဓမ္မဒိန္န ငါ၏ကိုယ်စား အားထားရာ ဖြစ်ပါဟု ဆို၍၊ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်လျက် အရိုအသေပြု၍ နေရလေသည်။

**သော တမ္ဟိကာလေ အတ္တနော ပုထုဇ္ဇနဘာဝံ ဉတွာ**
**အဝဿယော မေ အာဝုသော ဓမ္မဒိန္န ဟောဟီတိ**
**ဝတွာ ပါဒမူလေ ဥက္ကုဋိကံ နိသီဒိ။** ။ဝိသုဒ္ဓိမဂ်။

သော၊ ထိုမဟာနာဂ မထေရ်ကြီးသည်။ တမိုကာလေ၊ ထိုဆင်ကို ကြောက်၍ ပြေးမည်ပြုသောအခါ၌။ ဝါ၊ ရဟန္တာများ ကြောက်ပါ သေးသလားဟု တပည့်ဓမ္မဒိန္န ပျောက်ထားသောအခါ၌။ အတ္တနော၊ မိမိ၏။ပုထုဇ္ဇနာဘာဝံ၊ပုထုဇဉ်မှုဖြစ်သည်ကို။ဥ တွား၊သိ၍။ အာဂုသော ဓမ္မဒိန္န၊ငါ့ရှင်ဓမ္မဒိန္န။ တွံ၊ သင် တပည့်သည်။ မေ၊ငါ ဆရာ၏။ အဝဿ ယော၊မှိုခိုကိုးစား အားထား ပုန်းအောင်းရာသည်။ ဟောဟိ၊ ဖြစ်ပါ လေလော။ ဇူတိ ဝတွာ၊ဤသို့အသနားခံ ခွင့်တောင်းပန်၍၊ ပါဒမူလေ၊ တပည့်ဖြစ်သူ ဓမ္မဒိန္န၏ ခြေရင်း၌။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်၊ နိသိဒိ၊ လက်အုပ်ချီကိုင် ထိုင်၍ နေရှာလေသတည်း။

ထိုအခါ ဓမ္မဒိန္န မထေရ်သည်၊ အရှင်ဘုရား တပည့်တော်သည်၊ အရှင်ဘုရားတို့၏ အားကိုးရန် ဖြစ်စေခြင်းငှါ လာခဲ့ပါ၏။ မကြောင့် ကြ, မစိုးရိမ်ပါလင့်ဟု ပြောပြီး၊ ဝိပဿနာနည်းလမ်း ကမ္မဋ္ဌာန်းကို ဟောသဖြင့်၊ ထိုကမ္မဋ္ဌာန်း နည်းလမ်းကို ယူ၍ စင်္ကြံသွားရင်း နှလုံး သွင်း ရှုမှတ်လေရာ၊ မဟာနာဂ မထေရ်ကြီးသည်၊ သုံးခုမြောက်သော ဘဝါးလှမ်း အကြိမ်မှာပင်၊လျှင်မြန်စွာ ရဟန္တာအဖြစ်သို့ ရောက်တော် မူလေ၏။

**ထေရော ကမ္မဋ္ဌာနံ ဂဟေတွာ စင်္ကမံ အာရုယှ တတိယေပဒဝါရေ အဂ္ဂဖလံ အရဟတ္တံ ပါပုဏိ။**

ထေရော၊ဆရာဖြစ်သော မဟာနာဂ မထေရ်ကြီးသည်၊ကမ္မဋ္ဌာနံ၊ တပည့် ဓမ္မဒိန္နပေးသော ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ လိုက်နာမှတ်ယူ၍၊ စင်္ကမံ၊စင်္ကြံသို့။ အာရုယှ၊တက်၍၊ တတိယေ ပဒဝါရေ၊သုံးခုမြောက် သော ခြေလှမ်းအကြိမ်၌။ အဂ္ဂဖလံ၊အမြတ်ဆုံး ဖိုလ်ဟု ဆိုအပ်သော၊ အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ရောက်ရလေသတည်း။

ဋင်းပြင်၊ယခုပြဆိုခဲ့သော မဟာနာဂမထေရ်ကြီးကဲ့သို့ လွဲမှားဘူး သော ထွေ၊ သက်သက်တို့ကို၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ များစွာပင် လာရှိလေသည်။ ထိုမဟာနာဂစသော မထေရ်ကြီးများသော်လည်း၊ ချွတ်ချော်မှားယွင်းတတ်သေးသည်ကို ထောက်ထားသော အားဖြင့်၊ ယောဂီ ပုဂ္ဂိုလ်များသည်၊ ဤဉာဏ်သို့ရောက်၍ အနုရာဂ်တို့နှင့် တွေ့ ကြုံနေခဲ့ပါလျှင်၊ထိုအနုရာဂ်မှ လွတ်ခြောက်ပြီး၊အထက်ဉာဏ်များသို့ ပေါက်ရောက်ရန်မှာ သျှ, သဘော ပေါက်ကြသောသူ၊ ဝဲဗြဲ့ယသို့

ကျရောက်သော သဘောသား၊ အသူတာချ နက်သော ကမ္ဘာပြတ် ကမ္ဘာကြေစောက်သို့ ကျရောက် နေသောသူတို့ လွတ်မြောက် နိုင်ခဲလေသကဲ့သို့၊ လွန်စွာပင် ခဲယဉ်းလှသော အချက်များ ဖြစ်ပေ၍ အထူးပင် သတိထားသင့်လှပေ၏။

ထိုကြောင့် အရောင်စသော အန္တရာယ်တို့ ဖြစ်ပေါ်လာခဲ့သော်၊ အာရုံဘပါးသို့ စိတ်ပြောင်းသွားခြင်း၊ တပ်နှစ်သက်သော နိကန္တိ တဏှာဝင်ရောက်ခြင်း၊မဂ်တရား,ဖိုလ်တရားဘဲဟု အလွဲအမှား ထင်မြင်ခြင်းစသည့်တို့ မဖြစ်စေရန်၊ ရုပ်,နာမ် တို့၏ ဖြစ်ခြင်း, ပျက်ခြင်း, မမြဲခြင်း,ဆင်းရဲခြင်း, အစိုးမရခြင်းများကို နှလုံးသွင်း၍၊ ထင်မြင်ရှုမှတ်နေသော ဝိပဿနာလမ်း ခရီးအစဉ်ကို မဖြတ်မူ၍၊ အဘန်ဘန် အထပ်ထပ် မဆိုင်းမရပ်ဘဲ သုံးသပ်ဆင်ခြင်နေပါလျှင်၊ ထိုအန္တရာယ်များကို အောင် မြင် ပေါက် ရောက်၍ ကောင်း မွန် စွာ လွတ် မြောက် နိုင်ကြပေသည်။

ထိုကဲ့သို့ အန္တရာယ်မှ လွတ်မြောက်သွားပါလျှင်၊ဝိပဿနာအလုပ်ခွင်၌ ဉာဏ်အမြင်သည်၊ လွန်စွာပင် ကြည်လင်သန့်ရှင်း၍ ပွင့်လင်း ထင်ရှားလာသဖြင့်၊တရား၏ အရသာများကို ခံစားသုံးဆောင်ရသော အခါ၊ လောက၌ အထွဋ် အထိပ် ဖြစ်သော စကြာဝတေးမင်းတို့၏ စည်းစိမ်ချမ်းသာမျိုးထက်မက၊လွန်ကဲစွာ ပိုမိုကြီးမားလှသော တရား၏အရသာ ဝိဘိသုခခေါ်သော ချမ်းသာမျိုးကို၊ ငြိမ်းအေးစွာ ခံစား, စံစား၍ နေရလေတော့၏ဟု မြတ်စွာဘုရားမိန့်မှာ ဟောကြားတော်မူလေသည်။

**သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**
**ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဘတိ ပီတိ ပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။**

(ဓမ္မပဒပါဠိတော်)

သုညာဂါရေ၊ဆိတ်ငြိမ်း အေးမြရာဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်း အာရုံ၌၊ ပဝိဋ္ဌဿ၊ဝင်၍တည်နေသော။ သမ္မာဓမ္မံ၊ ပရမတ် ရုပ်,နာမ် ဖြစ်သော တရားစစ်တရားမှန်ကို၊ ဝိပဿတော၊ ဉာဏ်အစဉ်၌ အထူး ထင်မြင် ထိရှိရသည့်ဖြစ်၍၊ သန္တစိတ္တဿ၊ ငြိမ်းအေး ချမ်းသာသော

စိတ်ရှိသော။ ဘိက္ခုနော၊ယောဂီရဟန်းအား။ အမာနုသီ၊လေးကျွန်း သေဋ္ဌနင်း စကြာမင်း၏ စိတ်ပျော်မွေ့ခြင်းထက် လွန်ကဲသော။ရတိ၊ ကြည်နူးချမ်းမြေ့ စိတ်ပျော်မွေ့ခြင်းသည်။ဟောတိ၊ဖြစ်ရလေ၏။

ယတော ယတော၊ အကြောင်းအကြောင်း ကိုယ်အင်္ဂါ၌။ ခန္ဓာနံ၊သင်္ခါရ ရုပ်,နာမ်ခန္ဓာတို့၏။ဥဒယဗ္ဗယံ၊ခဏမစဲ အမြဲဖြစ်ပျက်နေမှုကို။သမ္မသတိ၊ မပြတ်မလပ် ရှုမှတ်သုံးသပ်၍နေ၏။အမတဉ္စ၊အမြိုက်ဘရား ချမ်းသာ အစုကို။ဝိဇာနတံ-ဝိဇာနတာနံ၊ဉာဏ်၌ထင်ထင် သိမြင်နိုင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား။ တတော၊ ထိုထိုသုံးသပ် ရှုမှတ်တိုင်းသော အခါမှ။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက် ခြင်းတည်း ဟူသော ချမ်းသာအစုစုကို။လဗ္ဘတိ၊ခံစားရရှိနိုင်လေတော့သတည်း။

အထင်မှား၍ အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂဝတ္ထုဖြင့် ပြဆိုခြင်း ပြီး၏။

## ဘင်္ဂနှင့် ဘယဉာဏ် နှစ်ပါးတို့တွင် ရှေးဦးစွာ ဘင်္ဂဉာဏ်ကို ပြဆိုခြင်း။

ဝိပဿနာ အလုပ်ကို အားထုတ်ပွားများရာ၌ ဘင်္ဂဉာဏ်ဟူသည်၊ ဥဒယဗ္ဗယဉာဏ်နှင့် များစွာမထူးလှပေ။ ရုပ်,နာမ်တို့၏ အဖြစ်အပျက် နှစ်ပါးစုံကို ထင်မြင်ခြင်းသည်၊ဥဒယဗ္ဗယဉာဏ်မည်၏။ ထိုဥဒယဗ္ဗယ ဉာဏ် ထက်သန်၍ အသိဉာဏ် လွန်စွာ လျင်မြန်လာသောအခါ၊ ရုပ်, နာမ်တို့၏ အဖြစ်အပျက်နှစ်ပါးလုံးကို မထင်မြင်နိုင်တော့ဘဲ၊ ပျက်ခြင်း တမျိုးကိုသာလျှင် ထင်မြင်လာလေ၏။ ဤသို့ ပျက်ခြင်း တမျိုးကိုသာ ထင်မြင်လာသောဉာဏ်သည်၊ဘင်္ဂဉာဏ်မည်၏။

**တဿေဝ သုဋ္ဌုတရံ သမနုပဿနာဉာဏံ ဘင်္ဂဉာဏံ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

တဿေဝ၊ ထိုဖြစ်ပျက်မှု၌ ရှုမှတ်သော ဥဒယဗ္ဗယ ဉာဏ်ကိုပင် လျှင်။သုဋ္ဌုတရံ၊ကောင်းသည်ထက် အလွန်ကောင်းစွာ။သမနုပဿနာ ဉာဏံ၊ ကောင်းစွာ အဖန်တလဲလဲ အမြဲမပြတ် သုံးသပ် ရှုမှတ်သော ဉာဏ်သည်။ ဘင်္ဂဉာဏံ၊ဘင်္ဂဉာဏ်မည်၏။ ။ဤ ဒေသနာတော်အရ၊ ဘင်္ဂဉာဏ်၏ သဘာဝတရားကို မှတ်သားသိရှိရာ၏။ ထင်မြင် ရှုမှတ် ရာ၌ အနည်းငယ် ခြားနားပုံမှာ၊ ရုပက္ခန္ဓာကို အာရုံပြု၍ ရှုမှတ်သော ဝိပဿနာစိတ်သည်၊ဖြစ်ပေါ်ပြီးလျှင် ချက်ခြင်းပင် ချုပ်ပျောက်ပျက်စီး

သွား၏။ ထိုအာရုံကို သိ၍ ထိုသိသော စိတ်၏ ပျက်ခြင်းကို၊ မမြဲသော အခြင်းအရာသဘော စသည်ကို ရှုမှတ် သိမြင်ခြင်းသည်၊ ဘင်္ဂဉာဏ် မည်၏။

**ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ရူပါရမ္မဏတာ၊ ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။ စိတ္တံ၊ ရှုမှတ်သော ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ အသစ် ဖြစ်ပေါ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊ထိုရူပါရုံကို။ ပဋိသင်္ခါ၊ဉာဏ်ဖြင့်သိ၍။ တဿ စိတ္တဿ၊ ထိုသိသောစိတ်၏။ ဘင်္ဂံ၊ပျက်ခြင်းကို။ အနုပဿတိ၊အဘန်ဘန် ရှုမှတ်၏။ ။ဤ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသော အဓိပ္ပါယ် သဘောများကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ထင်ရှားစွာ ဖွင့်ပြတော် မူပြန်၏။

**တံ အာရမ္မဏံ ပဋိသင်္ခါတိ တံ ရူပါရမ္မဏံ ပဋိသင်္ခါယ ဇာနိတွာ ခယတော ဝယတော ဒိသွာ၊တိ အတ္ထော။**

(ဝိသုဒ္ဓိမဂ်)

တံ အာရမ္မဏံ ပဋိသင်္ခါတိ၊ထိုအာရုံကို သိခြင်းဟူသည်ကား။တံ ရူပါရမ္မဏံ၊ထိုရူပါရုံကို။ပဋိသင်္ခါယ ဇာနိတွာ၊သိ၍။ခယတော၊ကုန်ခန်းခြင်းသဘောဟူ၍။ ဝယတော၊ပျက်စီးခြင်းသဘောဟူ၍။ ဒိသွာ၊မြင်၍။ ဣတိ၊ဤသည်ကား။ အတ္ထော၊ လိုအပ်သော အနက်သဘောတည်း။

**တဿ စိတ္တဿ ဘင်္ဂံ အနုပဿတီတိ ယေန စိတ္တေန တံ ရူပါရမ္မဏံ ခယတော ဝယတော ဒိဋ္ဌံ၊တဿ စိတ္တဿ အပရေန စိတ္တေန ဘင်္ဂံ အနုပဿတီတိ အတ္ထော။ ။**

(ဝိသုဒ္ဓိမဂ်)

တဿ စိတ္တဿ ဘင်္ဂံ အနုပဿတီတိ၊ထိုစိတ်၏ ပျက်ခြင်းကို အဘန်ဘန် ရှုမှတ်ခြင်းဟူသည်ကား။ယေန စိတ္တေန၊အကြင်ဝိပဿနာစိတ်ဖြင့်။ တံ ရူပါရမ္မဏံ၊ထိုရူပါရုံကို။ခယတော၊ကုန်ခန်းခြင်းသဘောဟူ၍။ဝယတော၊ ပျက်စီးခြင်းသဘောဟူ၍။ ဒိဋ္ဌံ၊မြင်အပ်၏။ တဿ စိတ္တဿ၊ထိုကုန်ခန်းခြင်း,ပျက်စီးခြင်းဟု မြင်သောစိတ်၏။ဘင်္ဂံ၊ပျက်ခြင်းကို။အပရေန စိတ္တေန၊တပါးသော ဝိပဿနာစိတ်ဖြင့်။အနုပဿတိ၊အဘန်ဘန် ရှုမှတ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ လိုအပ်သော အနက်

သဘောတည်း။ ။ဤ ဒေသနာတော်အရ၊ ရူပက္ခန္ဓာကို အာရုံပြု၍ ရှုမှတ်သော ဝိပဿနာစိတ်၌၊ ဘင်္ဂဉာဏ်၏ သဘောကို ပြဆိုသဖြင့်၊ ကြွင်းသော ခန္ဓာတို့ကို အာရုံပြု၍၊ ရှုမှတ်သော ဝိပဿနာစိတ်၌၊ဘင်္ဂဉာဏ်၏ သဘောဖြစ်ပေါ်ပုံ များကိုလည်း၊ သေချာမှတ်သား သတိထားကြပါလေ။

**အထူးမှာ**။ အာရုံပြုသော ခန္ဓာငါးပါးကို အာရုံပြု၍၊ရှုမှတ်သော ဝိပဿနာစိတ်၏ ပျက်ခြင်းကိုရှုမှတ်သဖြင့်၊အာရုံဖြစ်သော ခန္ဓာငါးပါး၏ အပျက်ကို ရှုမှတ်ခြင်းသည်လည်း၊ တချက်တည်း ပါဝင်ပြီးစီးလေတော့သည်။အချုပ်မှာ ဘင်္ဂဉာဏ်ဖြစ်ပေါ်လာသောအခါ၊ခန္ဓာငါးပါးမှုကိုသာ ပျက်ခြင်းသဘောဟူ၍ ထင်မြင်လာသည်မဟုတ်။ အလုံးစုံသော သင်္ခါရတရားအပေါင်းကိုလည်း၊ ဖြစ်ခြင်း,တည်ခြင်း-ဥပါဒ်, ဌီ-ဟူသော နိမိတ်များကို လွတ်၍၊ ဘင်-ဟူသော ပျက်ခြင်း တခုကို သာလျှင် ဉာဏ်၌ အမြဲထင်၍ နေလေ၏။

ဤဘင်္ဂဉာဏ်၌၊ မိုးရွာသောအခါ ဖြစ်ပေါ်လာတိုင်းသော ရေပွက်တို့၏ ခဏခြင်း, ခဏခြင်း၊ လျင်စွာ,လျင်စွာ ပျက်သွားသည်ကို မြင်သကဲ့သို့ ၎င်း၊ အခိုးတံလျှပ်တို့၏ ခဏခြင်း,ခဏခြင်း၊ လျင်စွာ,လျင်စွာ ပျက်စီးသွားသည်ကို မြင်သကဲ့သို့ ၎င်း၊ ထိုမှုလောက် လျင်မြန်စွာ ရုပ်,နာမ် ခန္ဓာတို့၏ ပျက်စီးသွားပုံကို၊ဉာဏ်၌ ထင်လာလျှင်ပင် အလုပ်ကိစ္စ ထမြောက်၍၊ သေမင်းမမြင်နိုင်သော မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ပေါက်ရောက်ပြီဟု ခေါ်ဆို ရကြောင်းများကို၊ မြတ်စွာ ဘုရား ဟောကြားတော်မူ၏။

**ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။**

(ဓမ္မပဒပါဠိတော်)

ပုပ္ဖုဠကံ၊ ရေပွက်ကို။ ပဿေ ယထာ၊ မြင်သကဲ့သို့ ၎င်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေ ယထာ၊ မြင်သကဲ့သို့ ၎င်း။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါး ရုပ်,နာမ်,သင်္ခါရ တရားဟူသော လောကကို။ အဝေက္ခန္တံ၊ လျင်မြန်စွာ ပျက်စီးခြင်း၌ နှလုံးသွင်းရှုမှတ်နေသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်လေတော့သတည်း။

**အဓိပ္ပါယ်ကား**။ ပရမတ်သဘောတရားတို့၏ အပျက် လျင်မြန်သလောက်၊ယောဂီ ပုဂ္ဂိုလ်တို့ ဉာဏ်အမြင် မပေါက်ရောက်သော်လည်း၊

ရေပွက်ဘို၏ အပျက်လျှင်မြန်သသောက်မျှ ယောဂီပုဂ္ဂိုလ်တို့ ဉာဏ် အမြင် ပေါက်ရောက်လျှင်ပင်၊ ရွာ၏အနီး ဥပစာသို့ရောက်လျှင် ရွာ ကိုရောက်ပြီ၊ အိမ်, ကျောင်း၏ အနီး ဥပစာသို့ ရောက်လျှင်၊ အိမ်ကို ရောက်ပြီ, ကျောင်းကို ရောက်ပြီဆိုရသကဲ့သို့၊မဂ်ဉာဏ်ကိုရရန် လွန် စွာ နီးကပ်နေ၍၊ မဂ်,ဖိုလ်သို့ ပေါက်ရောက်သောသူ မည်၏ဟု ဆိုလို သည်။ ။ဤကား ဘင်ဉာဏ်၏ သဘောတည်း။

## ဘယဉာဏ်ကို ပြဆိုခြင်း

**ဘယဉာဏ်ဟူသည်ကား**၊ဘင်ဉာဏ်၌ ဆိုခဲ့သောအတိုင်း၊ အလုံး စုံသော သင်္ခါရတရားအစုတို့၏ လျှင်မြန်သော ပျက်စီးမှုကို အဘန်ဘန် ရှုမှတ် ဆင်ခြင်သဖြင့်၊ ဘင်ဉာဏ် အမြင်သန်လာသောအခါ၊ ကာလ သုံးပါး၌ဖြစ်သော ရုပ်,နာမ် သင်္ခါရ တရားအပေါင်းကို၊ ဘီလူး,ဆင်, ကျားစသော ဘေးရန်ကို တွေ့သကဲ့သို့၊ လွန်မင်းစွာသော ကြောက်ရွံ့ ထိတ်လန့်ခြင်းများသည်၊ အလိုလိုပင် ဖြစ်ပေါ်၍ လာတတ်၏။ ထိုသို့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ဟု အလိုလို ထင်မြင်လာခြင်းသည်၊ ဘယ ဉာဏ်မည်၏။

**ဥပမာကား**၊ ရာဇဝတ်မှုကြီးကို ကျူးလွန်မိသော သားသုံး ယောက်၏ မိခင်သည်၊ ထောင်မှူးများက သားကြီးကို သတ်ခြင်း၊ သားလတ်ကို သတ်ခြင်းပြုသဖြင့်၊ ထိုသားနှစ်ယောက်တို့ သေသည်ကို မြင်သောအခါ၊ သားငယ်လည်း အမှန် သေမည်ဟု စိတ်နှလုံးသွင်း အာသာကင်းသဖြင့်၊ပြင်းစွာ ကြောက်ရွံ့ ထိတ်လန့်ခြင်းများ ဖြစ်ပေါ် လာသကဲ့သို့၊ အတိတ်,ပစ္စုပ္ပန်၌ဖြစ်လာသော သင်္ခါရတရားတို့၏ ပျက် စီးခြင်း၊ ဘင်သဘောကို မြင်သော ယောဂီပုဂ္ဂိုလ်အား၊ အနာဂတ်၌ ဖြစ်လတ္တံ့သော သင်္ခါရတရားတို့၏ ပျက်စီးမည် ကိုလည်း မြင်သဖြင့်၊ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ဟု ထင်မြင်သော ဘယဉာဏ်သည်၊အမှန် ပင် ဖြစ်လာလေတော့သည်။ ။ဥပမာနှင့် ဥပမေယျများကို စပ်ဟပ်၍ ယူကြပါလေ။

**တဿေဝံ ပဿတော တေသ္မိံ ဌာနေ ဥပ္ပဇ္ဇတိ ဘယတုပဋ္ဌာနဉာဏံ။** ။ဝိသုဒ္ဓိမဂ်။

ဇဝံ၊ ဤသို့။ ပဿတော၊ ကာလသုံးပါး၌ဖြစ်သော သင်္ခါရတရား တို့၏ ပျက်ခြင်းသဘောကို ရှုမှတ်နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်

အား။ ဇတသ္မိံ ဌာနေ၊ ထိုသို့ သင်္ခါရတရားတို့၏ အပျက်ကိုသာ ရှုမှတ်ရာ၌။ ဘယတုပဋ္ဌာနဉာဏံ၊ ကြောက်ရွံ့ဘွယ်,ထိတ်လန့်ဘွယ်ဟု ထင်မြင်လာသော ဘယဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လေတော့သတည်း။

ဤသို့ ဝိသုဒ္ဓိမဂ်၌ ပြဆိုခဲ့သော ဥပမာ,ဥပမေယျများနှင့် ဒေသနာတော်ကို ထောက်ထား၍၊ ဘယဉာဏ်၏ သဘောသွားကို မှတ်သားသိရှိအပ်ပေသည်။ ထိုမှ တပါးလည်း၊ ဇင်းနည်းနှင့်မခြား ဘယဉာဏ်၏ သဘောသွားကို များစွာသော ဥပမာ,ဥပမေယျ စကားတို့ဖြင့်၊ ဤအဋ္ဌကထာ၌ပင် များပြားစွာ ပြဆိုလေသည်။ လိုရင်းသဘောမှာ၊ ယခုပြဆိုခဲ့သော ဥပမာ၏ နည်းမျိုးပင်တည်း။

အလုံးမှာ၊ ဤဘယဉာဏ်၌ ဘီလူး,ကျား,ဆင် သားသုံးယောက်မိခင်ကဲ့သို့၊ လွန်စွာပင် ကြောက်ရွံ့ ထိတ်လန့်ဘွယ်ဖြစ်သော အခြင်းအရာသဘောတို့ ထင်မြင်လာသည် ဆိုသော်လည်း၊ ဒုက္ခ ပဋိပဒါမျိုးကဲ့သို့ ဆင်းရဲပင်ပန်းခြင်း၊ အဟုတ်တကယ် ယောဂီပုဂ္ဂိုလ်၏ စိတ်၌၊ ကြောက်ရွံ့ ထိတ်လန့်ခြင်းများ မဖြစ်ပေ။ စင်စစ်မှာမူကား၊ ကာလသုံးပါး၌ ဖြစ်သော ရုပ်,နာမ်တို့၏ ပျက်စီးခြင်း သဘောကို ဆင်ခြင်စုံစမ်းရုံမျှသာ ဖြစ်ပေါ်လာပေသည်။

**ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ န ဘာယတီတိ။ န ဘာယတိ။ တဉှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။** ။ဝိသုဒ္ဓိမဂ်။

ဘယတုပဋ္ဌာနဉာဏံ ပန၊ဘေးဟု ထင်မြင်သော ဘယဉာဏ်သည်ကား။ ဘာယတိ၊ ကြောက်လေသလော။ န ဘာယတိ၊ မကြောက်လေသလော။ ဣတိပုစ္ဆာ၊ ဤကား အမေးတည်း။ န ဘာယတိ၊တကယ် စင်စစ် ကြောက်ရွံ့ထိတ်လန့်သည် မဟုတ်။ ဟိ-သစ္စံ၊ ထိုစကားမှန်၏။ တံ-ဉာဏံ၊ ထိုကြောက်ရွံ့ ထိတ်လန့်ဘွယ်ဟု ထင်မြင်သော ဘယဉာဏ်သည်။ အတီတာ၊ အတိတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်,နာမ် သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန္နာ၊ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်ဆဲ။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော၊ သင်္ခါရာ၊ တို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ စုံစမ်းခြင်းမျှ သည်သာလျှင်။ ဟောတိ၊ ဖြစ်

၏။ ။ဤအဋ္ဌကထာ၏ စကားအရ၊ စင်စစ် ကြောက်ခြင်းမည်သည် ဒေါသဖြစ်၏။ ဘယဉာဏ်ဟူသည်၊ ကြောက်ဘွယ်ဖြစ်သော ဝတ္ထုကို ကြောက်ဘွယ်ဟု အဟုတ်အမှန်သိခြင်းသာ ဖြစ်၏ဟု ဋီကာဆရာ ဘွင့်ပြတော်မူသည်၊ ဤသို့ အထူးကို မှတ်သားပါလေ။

**ဥပမာအားဖြင့်**၊ ရှားမီးကျီးတွင်း ၃-ခုကိုရင်း၊ တံကျင် ၃-ခုကိုရင်း ကြည့်ရှုတွေ့မြင်ရှိသာ ဖြစ်သောသူသည်၊ မိမိမူကား မကြောက်ပေ။ စင်စစ်မှာ ထိုရှားမီးတွင်း,တံကျင်သည်၊ အမှန်ပင် ကြောက်မက်ဘွယ်,ထိတ်လန့်ဘွယ် ကောင်းသော ဝတ္ထုဖြစ်၏။ ရှားမီးတွင်း တံကျင်တို့၌ ကျရောက်သော လူအပေါင်းသည်၊ အတိုင်းမသိသော ဆင်းရဲဒုက္ခများကို အမှန်ပင် ခံစားရပေလိမ့်မည်ဟူ၍၊ မြင်သောသူ၏ ဉာဏ်၌ ဆင်ခြင်စဉ်းစားသော စုံစမ်းခြင်းများ ဖြစ်သကဲ့သို့။ ထို့အတူ ကာလ သုံးပါး၌ ဖြစ်သော သင်္ခါရတရားစုသည်၊ ကြောက်မက်ဘွယ်, ထိတ်လန့်ဘွယ် များပေတကားဟု ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်အား ထင်ရှားသိမြင်လာမှုမျှသာဖြစ်ကြောင်းကို အဋ္ဌကထာဆရာပြဆိုတော်မူသည်။

ထို့ကြောင့် လိုရင်းအချုပ်မှာ၊ အလုံးစုံသော ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါး၌ တည်သော ရုပ်,နာမ်,ခန္ဓာ သင်္ခါရ တရားတို့သည်၊ ကြောက်ရွံ့ ထိတ်လန့်ဘွယ်သော ဘေးကျမ်း အစစ်အမှန် ဖြစ်သည်ဟု ရှုမှတ် ထင်မြင်လာသော အခြင်းအရာ သဘောမျှကိုသာ ဘယဉာဏ်ဟူ၍ မှတ်ယူအပ်လှပေသည်။

**ယဿ္မာ ပနဿ ကေဝလံ သဗ္ဗဘဝယောနိဂတိဋ္ဌိတိနိဝါသဂတာ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ ဟုတွာ ဘယတော ဥပဋ္ဌဟန္တိ၊ တဿ္မာ ဘယတုပဋ္ဌာနန္တိ ဝုစ္စတိ။** ။ဝိသုဒ္ဓိမဂ်။

ယဿ္မာ ပန၊ အကြင့်ကြောင့်ကား။ အဿ၊ ထိုဘယဉာဏ် အမြင်သန်သော ယောဂီပုဂ္ဂိုလ်အား။ ကေဝလံ၊ သက်သက်။ သဗ္ဗဘဝယောနိဂတိဋ္ဌိတိနိဝါသဂတာ၊ အလုံးစုံသော ဘဝ,ယောနိ,ဂတိ,ဋ္ဌိတိ,နိဝါသ၌တည်ကုန်သော။ သင်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ သင်္ခါရတရားတို့သည်။ ဗျသနာပန္နာ၊ အကျိုးမဲ့ အချည်းနှီး ပျက်စီးခြင်းသို့ ရောက်ကုန်သည်။ သပ္ပဋိဘယာ၊ ဘေးကျမ်းနှင့်တကွ ဖြစ်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။

ဘယတော၊ ကြောက်မက်ဘွယ်,ထိတ်လန့်ဘွယ်ဟူသော အခြင်းအရာ သဘောအားဖြင့်။ ဥပဋ္ဌဟန္တိ၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ သိရှိထင်မြင် လာကုန်၏။ တသ္မာ၊ ထိုသို့ သိရှိထင်မြင်လာလေသောကြောင့်။ ဘယ တုပဋ္ဌာနဉာဏန္တိ၊ ကြောက် လန့်ဘွယ် ဘေးဟု သိရှိ ထင်မြင်သော ဘယဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်လေသတည်း။

ဘင်ဥာဏ်နှင့်,ဘယဉာဏ် နှစ်ရပ်ကို ပြဆိုခြင်း ပြီး၏။

## အာဒီနဝဉာဏ်နှင့်,နိဗ္ဗိဒါဉာဏ် နှစ်ပါးတို့တွင် ရှေးဦးစွာ အာဒီနဝဉာဏ်ကို ပြဆိုခြင်း

ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများရှုမှတ်ရာ၌၊ အာဒီနဝဉာဏ် ဟူသည်ကား၊ ဘယဉာဏ်၌ ပြဆိုခဲ့သောအတိုင်း အလုံးစုံသော သင်္ခါ ရတရားတို့၌၊ ကြောက်လန့်ဘွယ်ဟု ထင်မြင်သော ဘယဉာဏ်သည်၊ ထက်သန်ရင့်မာ၍ လွန်စွာ အားကြီးလာသော အခါ၊ ကြောက်လန့် ဘွယ်ဟု ထင်သော အခြင်းအရာတို့သည်၊နောက်က ပြဆိုခဲ့သည်ထက် ပိုမိုလွန်ကဲပြီးလျှင်၊အနည်းနည်း,အထွေထွေ ဆန်းကြယ်လျက် ပြောလို့ ပင် မဖြစ်နိုင်အောင်၊ များပြားသော အခြင်းအရာတို့သည် ထင်မြင် လာကုန်၏။ ဤသို့ ကြောက်လန့်ဘွယ် ဘေးရန်ဟု ထက်သန် အားကြီး စွာ ထင်ခြင်းသည်၊ ကောင်းကျိုးချမ်းသာဟူ၍မဘက် သက်သက် အပြစ်ဒေါသမျိုးချည်းပင်ဟု ထင်မြင်ခြင်း-အာဒီနဝဉာဏ် မည်၏။

ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ ။ပဋိသမ္ဘိဒါမဂ်၊

ဘယတုပဋ္ဌာနေ၊ ကြောက်မက်ဘွယ်ဘေးရန်ဟု ထက်သန် အား ကြီးစွာ ထင်မြင်ခြင်း၌။ ပညာ၊သိခြင်းပညာသည်၊ အာဒီနဝေ၊အကျိုး မဘက် သက်သက်အပြစ်ဟု ထင်မြင်ခြင်း၌။ ဉာဏံ၊ ဉာဏ်မည်၏။ ဝါ....အာဒီနဝေဉာဏ်၊ ကောင်းကျိုးမဘက် သက်သက်အပြစ်ဟု ထင်မြင်သော ဉာဏ်မည်၏။

အာဒီနဝဉာဏ်သည်၊ အသီးအခြား အထူးပြုလုပ်၍ အားထုတ်ရ တော့သည်မဟုတ်။ ဘယဉာဏ်ရင့်သန်လာလျှင်၊အလိုလိုပင် ထင်မြင် ပေါ်ပေါက်လာသည်ဟု ဆိုလို၏။ အထူးမှာ ဤအာဒီနဝဉာဏ်ရင့်သန် ကြီးပွားလာသော အခါ၊ အလုံးစုံသော သင်္ခါရ တရားတို့၏ ဖြစ်ခြင်း သဘောသည်၊ ဆင်းရဲဒုက္ခဟု ထင်မြင်လျှင်၊ ထိုသင်္ခါရ တရားတို့၏ မဖြစ်ခြင်း သဘောသည်၊ ချမ်းသာ သုခ,ဟု ထင်မြင်လာ၏။ သင်္ခါရ

တရားတို့၏ ဖြစ်ခြင်း သဘောသည်၊ ဘေးရန်,ဟု ထင်မြင်လာလျှင်၊ သင်္ခါရတရားတို့၏ မဖြစ်ခြင်း သဘောသည်၊ ဘေးရန်မရှိ,ဘေးရန် ကင်း၏ဟု ထင်မြင်လာ၏။

ဤသို့ ထင်မြင်မှုတို့၌၊ ဆင်းရဲဒုက္ခ,ဟု ထင်မြင်ခြင်းကို အာဒီနဝ ဉာဏ်။ ချမ်းသာ သုခ,ဟု ထင်မြင်ခြင်းကို သန္တိပဒဉာဏ် ခေါ်ဆို၏။ ဘေးရန်ဟု ထင်မြင်ခြင်းကို အာဒီနဝဉာဏ်၊ ဘေးရန်မရှိ, ဘေးရန် ကင်း၏ဟု ထင်မြင်ခြင်းကို သန္တိပဒဉာဏ်ဟု ခေါ်ဆို၏။ ဤသို့စသည် ဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း၊ အလုံးစုံသော သင်္ခါရတရားတို့၌လည်း၊ မကောင်းသောအတွက်၌ များပြားလှသော အမည်အားလျော်စွာ အမျိုး မျိုးသော အခြင်းအရာအားဖြင့် အပြစ်ဟု ထင်မြင်ခြင်းသည်၊ အာဒီနဝ ဉာဏ်မည်၏။ ထိုအမည် အခြင်းအရာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော သဘောမျိုး အလုံးစုံကို ထင်မြင်ခြင်းသည်၊ သန္တိပဒဉာဏ်မည်၏။

**ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။**
**အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။**
**ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။**
**အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။** ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဥပ္ပါဒေါ၊သင်္ခါရတရားတို့၏ ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခံ၊ဆင်းရဲခြင်း သဘော။ ဣတိ၊ဤသို့။ ဘယတုပဋ္ဌာနေ၊ဘေးဟု ထင်မြင်ခြင်း၌။ပညာ၊ သိခြင်းပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။ အနုပ္ပါ ဒေါ၊ သင်္ခါရတရားတို့၏ မဖြစ်ခြင်းသည်။ သုခံ၊ချမ်းသာခြင်းသဘော။ ဣတိ၊ ဤသို့။ ဇာနနံ၊ သိခြင်းသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ် မည်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဘယံ၊ ဘေးဖြစ်ခြင်းသဘော။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေဉာဏံ၊ ဉာဏ်မည် ၏။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ခေမံ၊ဘေးကင်းခြင်းသဘော။ဣတိ၊ ဤသို့။ ဇာနနံ၊ သိခြင်းသည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ် မည်၏။

ဤ အာဒီနဝဉာဏ်၌၊ အပြစ်ဖြစ်သည်ကို မြင်ခြင်း အာဒီနဝဉာဏ်။ အပြစ်ကင်းသည်ကို မြင်ခြင်းသန္တိပဒဉာဏ်။ ဤသို့ စသည်ဖြင့် ပဋိပက္ခ ဖြစ်သော ဆန့်ကျင်ဘက်သဘောကို ယူ၍၊ အာဒီနဝဉာဏ်၏ သဘော အထူးများကို သိမြင်ထင်ရှားအောင် မှတ်သားအပ်ပေသည်။ ဤကား အာဒီနဝဉာဏ်၏ သဘောတည်း။

## နိဗ္ဗိဒါဉာဏ်ကို ပြဆိုခြင်း

နိဗ္ဗိဒါဉာဏ်ဟူသည်ကား၊ အာဒီနဝဉာဏ်၌ ပြဆိုခဲ့သော အတိုင်း၊ အလုံးစုံသော သင်္ခါရတရားတို့၌၊ အပြစ်ဘေးဟု ထင်မြင်သော အာဒီနဝဉာဏ် ထက်သန်အားကြီးလာလျှင်၊ ထိုအပြစ်ဘေးဖြစ်သော သင်္ခါရတရားရုပ်နာမ်တို့သည်၊ ပျော်မွေ့ နှစ်သက် စုံမက်သာယာဘွယ် သဘော အနည်းငယ်မျှမရှိ၊ စင်စစ်အားဖြင့်၊ ပျင်း,ရိ,ငြီးငွေ့ဘွယ်ဟု အလိုလို ပင် ဉာဏ်၌ ထင်မြင်လာတော့သည်။ ဤသို့ ပျင်း,ရိ,ငြီးငွေ့ ဘွယ်ဟု အလိုလို ထင်မြင်လာခြင်းသည်ပင်လျှင်၊ နိဗ္ဗိဒါဉာဏ်မည်၏။

**ဥပမာအားဖြင့်**၊ရွှေဟင်္သာမင်းသည်၊မစင်ကွင်း ခွန်းစဏ္ဍာလ်ရွာတို့၌၊ လွန်စွာ စက်ဆုပ်ငြီးငွေ့၍၊ သိတ္တာသတ္တရာအိုင်ကြီးတို့၌သာလျှင်၊ပျော်ပိုက်မွေ့လျော်သကဲ့သို့ရင်း။ကေသရာဇာ ခြင်္သေ့မင်းကြီးသည်၊ရွှေချိုင့်၌ လွန်စွာ ပျင်း,ရိ,ငြီးငွေ့၍၊တောသုံးတောင်၌သာလျှင် ပျော်ပိုက်မွေ့လျော်သကဲ့သို့ရင်း။ဆဒ္ဒန်ဆင်မင်းသည်၊မြို့လယ်၌ လွန်စွာ ပျင်း,ရိ,ငြီးငွေ့၍၊ဟိမဝန္တာ ဆဒ္ဒန်အိုင်၌သာလျှင်၊ပျော်ပိုက်မွေ့လျော်သကဲ့သို့ရင်း။ ။ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည်၊ သင်္ခါရ တရားတို့၌ လွန်စွာ ပျင်း,ရိ,ငြီးငွေ့၍၊ အနိစ္စစသော အနုပဿနာ ၇-ပါး၊ အနုပဿနာသုံးပါး တည်းဟူသော ဘာဝနာတရားတို့၌သာလျှင်၊ ပျော်ပိုက်မွေ့လျော်နိုင်လေသည်။ အချုပ်သဘောမှာ၊ အထက်၌ ပြခဲ့သော အာဒီနဝဉာဏ်, သန္တိပဒဉာဏ် နှစ်မျိုးတို့တွင်၊ အာဒီနဝဉာဏ် အရာမျိုး၌ ပျင်း,ရိ,ငြီးငွေ့၍၊ သန္တိပဒဉာဏ် အရာမျိုး၌သာလျှင်၊ပျော်ပိုက်မွေ့လျော်နိုင်လေတော့သည်။

> **ဧဝံ မယံ ယောဂီဝရဝါရကော သဗ္ဗသ္မိမ္ပိ သင်္ခါရဂတေ နာဘိရမတိ၊ အနုပ္ပါဒေါ ခေမန္တိ အာဒီနာနယေန ဒိဋ္ဌေ သန္တိပဒေယေဝ အဘိရမတိ။** ။ဝိသုဒ္ဓိမဂ်။

ဧဝံ၊ဤသို့ ပြဆိုခဲ့ပြီးသော ဥပမာတို့နှင့်အတူ။အယံယောဂီဝရဝါရကော၊ဤယောဂီဟူသော ဆင်မြတ်သည်။ သဗ္ဗသ္မိမ္ပိ၊အလုံးစုံလည်းဖြစ်သော။သင်္ခါရဂတေ၊တေဘူမက သင်္ခါရတရားအစု၌။ နာဘိရမတိ၊ ပျင်း,ရိ, ငြီးငွေ့၍ မပျော်မွေ့နိုင်၊ အနုပ္ပါဒေါ၊အလုံးစုံသောသင်္ခါရ တရားတို့၏မဖြစ်ခြင်းသည်။ခေမံ၊ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာ၏။ဣတိအာဒိနာ၊ဤသို့အစရှိသော။နယေန၊အာဒီနဝဉာဏ်၌ ပြဆိုအပ်

ခဲ့သောနည်းဖြင့်။ ဒိဋ္ဌေ၊ ရူအပ်သော။ သင်္ခါရဒေယော ၀ါ၊ အလုံးစုံသော သင်္ခါရတရားတို့၏ ပြိမ်းချမ်းရာဖြစ်သော အမြိုက် နိဗ္ဗာန်၌သာလျှင်။ ရမတိ၊ မွေ့လျော်နှစ်ခြိုက်၍ ချော်ပိုက်နိုင်လေတော့သတည်း။

**အထူးမှာ**။ အထက်တွင်ပြဆိုခဲ့သော ဘယညာဏ်၊ အာဒီနဝညာဏ် နှစ်ပါးနှင့် နိဗ္ဗိဒါညာဏ် ဤညာဏ်သုံးပါးသည်၊ သဒ္ဒါအားဖြင့်သာ ကွဲလွဲ ထူးခြား၍ အနက်သဘောမှာ တမျိုးတသားတည်း ဖြစ်သည်ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူ၏။ ဤသို့ အဓိပ္ပါယ် သဘော အထူးများကို မှတ်သားသိရှိကြပါလေ။ ဤကား နိဗ္ဗိဒါညာဏ်၏ သဘောတည်း။

အာဒီနဝဉာဏ်နှင့် နိဗ္ဗိဒါဉာဏ်ကို ပြဆိုခြင်း ပြီး၏။

---

## မုဉ္စိတုကမျတာနှင့် ပဋိသင်္ခါဉာဏ် နှစ်ပါးတို့တွင် ရှေးဦးစွာ မုဉ္စိတုကမျတာဉာဏ်ကို ပြဆိုခြင်း

မုဉ္စိတုကမျတာ ညာဏ်ဟူသည်ကား၊ အထက်တွင်ပြဆိုခဲ့သော နိဗ္ဗိဒါညာဏ် ရင့်သန်လာသဖြင့်၊ အလုံးစုံသော သင်္ခါရတရားတို့၌ ပျင်း၊ မုန်း၊ ငြီးငွေ့ဘွယ်ဟု ထင်မြင်လာလျှင်၊ ထိုသင်္ခါရတရားတို့မှ ထွက်မြောက် ကျွတ်လွတ်လိုသော စိတ်သည်၊ ယောဂီပုဂ္ဂိုလ်တို့၏ ညာဏ်၌ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ဤသို့ သင်္ခါရတရားတို့မှ ထွက်မြောက် ကျွတ်လွတ်လိုသော အာသာဆန္ဒ ဖြစ်ပေါ်လာခြင်းသည်၊ မုဉ္စိတုကမျ တာညာဏ်မည်၏။

**ဥပမာအားဖြင့်**။ ကွန်ယက်အတွင်းသို့ ရောက်သော ငါး၊ မြွေ၏ခံ တွင်းသို့ ရောက်သော ဖား၊ ချိုင့်အတွင်းသို့ ရောက်သော တောကြက်၊ ကြော့ကွင်းမိသော သားသမင်၊ အလမ္ပါယ်၏ လက်တွင်းသို့ ရောက် သော မြွေ၊ ညွံသို့ကျရောက်သော ဆင်၊ ဂဠုန်၏ ခံတွင်းသို့ ရောက် သော နဂါး၊ ရာဟုအသူရိန်၏ ခံတွင်းသို့ ရောက်သော လမင်း၊ ရန်သူ ဝိုင်းထားသော ယောကျ်ား။ ဤသို့ ငါးစသော သတ္တဝါတို့သည်၊ မိမိတို့ ကျရောက်သော ထိုထိုနေရာတို့မှ ဝဲ့ကွက်တွယ်တာခြင်း မရှိဘဲ၊ လျင် မြန်စွာ ထွက်မြောက် ကျွတ်လွတ်ခြင်း၌သာ အာသာဆန္ဒနှင့်တကွ များ စွာပင် တောင့်တလိုလားကြလေသည်။

ဤ ဥပမာအတူ၊ ပျင်း, ရှိန်း, ငြီးငွေ့ဘွယ်ဟု ထင် မြင် လာသော တေဘူမက သင်္ခါရတရားတို့မှ ငြီးငွေ့ဘွယ်တာခြင်း မရှိနိုင်တော့ဘဲ၊ ယောဂီပုဂ္ဂိုလ်၏စိတ်၌ လျင်မြန်စွာ ထွက်မြောက်ကျွတ်လွတ် လိုသော စိတ်သည်သာလျှင်၊ အစဉ် စွဲမြဲသော အားဖြင့် ထင်ရှားအားကြီးစွာ ဖြစ်ပေါ် တည်ရှိ၍ နေလေတော့သည်။ ဤသို့ သင်္ခါရ တရားတို့မှ လျင်မြန်စွာ ကျွတ်လွတ်လိုသော စိတ်ဆန္ဒတရားတို့ အားကြီးပြင်းထန်စွာ ဖြစ်ပေါ်ခြင်းသည်ပင်လျှင် မုဉ္စိတုကမျတာဉာဏ်မည်၏။

**ဧဝံ တဿ ယောဂိနော စိတ္တံ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။ အထ ဿ ဧဝံ သဗ္ဗ သင်္ခါရေသု ဝိဂတာလယဿ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုဉ္စိတုကမျတာ ဉာဏံ။ ။ဝိသုဒ္ဓိမဂ်။**

ဧဝံ၊ ဤသို့ ပြဆိုခဲ့သော ဥပမာတို့နှင့်အတူ။ တဿ ယောဂိနော၊ ထို ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သဗ္ဗသ္မာ၊ အလုံးစုံသော။ သင်္ခါရဂတာ၊ တေဘူမကသင်္ခါရတရားအပေါင်းမှ။ မုစ္စိတုကာမံ၊ ကျွတ်လွတ်လိုခြင်းသည်။ နိဿရိတုကာမံ၊ ထွက်မြောက်လိုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော တေဘူမကသင်္ခါရတရားတို့၌။ ဝိဂတာလယဿ၊ ငြီးငွေ့ဘွယ်တာခြင်း အာသာကင်းသော။ သဗ္ဗသ္မာ၊ အလုံးစုံသော။ သင်္ခါရဂတာ၊ တေဘူမက ဖြစ်သော ရုပ်,နာမ်,ခန္ဓာ သင်္ခါရအပေါင်းမှ။ မုစ္စိတုကာမဿ၊ ထွက်မြောက် ကျွတ်လွတ်ခြင်းငှာ အလိုရှိသော။ အဿ၊ ထို ယောဂီပုဂ္ဂိုလ်အား။ မုဉ္စိတုကမျတာ ဉာဏံ၊ မုဉ္စိတုကမျတာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လာတော့သတည်း။ ဤကား မုဉ္စိတုကမျတာဉာဏ်၏သဘောတည်း။

## ပဋိသင်္ခါဉာဏ်ကို ပြခြင်း

ပဋိသင်္ခါ[illegible]ဟူသည်ကား၊ သင်္ခါရတရားအပေါင်းတို့မှ ကျွတ်လွတ် ထွက်မြောက်လိုသော မု[illegible]တုက[illegible]တာဉာဏ် ထက်သန်အားကြီးလာသည်ရှိသော်၊ ထို သင်္ခါရ တရားအပေါင်းမှ လွတ်မြောက်ရန် အကြောင်းကို ဆင်ခြင်ရာ။ အထက်တွင် ပြဆိုခဲ့သော ဝိပဿနာဉာဏ် ၄၀-၌ အတွင်းဝင်သော လက္ခဏာရေးသုံးပါးသည် လွတ်မြောက်ရန် ပေတည်းဟူ၍ ထင်မြင်လာ၏။ ဤသို့ လွတ်မြောက်ရန် အကြောင်းကို ထင်မြင်လာခြင်းသည်၊ ပဋိသင်္ခါဉာဏ် မည်၏။ ထိုအခါ ယောဂီ

ပုဂ္ဂိုလ်သည် သန်္ခါရ တရားတို့မှ လျင်မြန်စွာ လွတ် မြောက် စေရန်၊ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေး သုံးပါးသို့ တင်၍ အပြင်းအထန် လွန်ကဲစွာ၊ စိတ်ဇော ထက်သန်လျက် အဘန်ဘန် အားထုတ်ရှုမှတ် သတော့သည်။

ဥပမာ အကျဉ်းအားဖြင့်၊ ငါးဘမ်းသော ယောကျ်ားသည် မြွေကို ဘမ်းမိသဖြင့် ငါးထင်၍ လက်မြှောက်ကြည့်သောအခါ၊ မြွေဖြစ်နေ သည်ကို တွေ့မြင်လေရာ။ လွန်စွာ ကြောက်ရွံ့ခြင်းဘေးဟု ထင်မြင် ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်လိုခြင်းကြောင့်၊ ထို ဘေးမှ ကင်းလွတ်ရန် အကြောင်းကို ရှာကြံ သိမြင်သဖြင့်၊ ပြန်လှန်၍ ရန်မပြုနိုင်စေခြင်းငှာ ရင်း၊ ပင်ပန်းအားနည်းစေရန်သော်ရင်း၊ မြွေကို အဘန်ဘန် နှိပ်စက်ပြီးမှ တဟုန်တည်း အားကုန်ထုတ်၍ လွှတ်ပစ်လိုက်လေသကဲ့သို့ မှတ်အပ် ပေသည်။ ဥပမာနှင့် ဥပမေယျကို စပ်ဟပ်၍ ယူပါလေ။

> **ဝေ.မယံ ယောဂါဝစရော တိလက္ခဏာရောပနေန သင်္ခါရေ အာဝိဥ္ဇိတွာ ဒုဗ္ဗလေ ကတွာ ပုန နိစ္စသုခသုဘ အတ္တာကာရေန ဥပဋ္ဌာတုံ အသမတ္ထတံ ပါပေတွာ သုမုတ္တံ မုစ္စတိ။ တေန ဝုတ္တံ မုစ္စနသ ဥပါယသမ္ပါဒနတ္ထံ ဝေ ပရိဂ္ဂဏှာတီတိ။ တွောဝတာ တဿ ဥပ္ပန္နံ ဟောတိ ပဋိသင်္ခါဉာဏံ။** ။ဝိသုဒ္ဓိမဂ်။

ဝေံ၊ ဤဆိုအပ်ခဲ့ပြီးသော မြွေဥပမာနှင့်အတူ။အယံ ယောဂါဝစရော၊ ဤယောဂီပုဂ္ဂိုလ်သည်။ တိလက္ခဏာရောပနေန၊ လက္ခဏာရေးသုံးပါး သို့ တင်သဖြင့်။သင်္ခါရေ၊သင်္ခါရတရားတို့ကို။အာဝိဥ္ဇိတွာ၊ညှက်ညှက် ကြိတ်ချေ နှောက်ခါမွှေ၍။ ဒုဗ္ဗလေ၊ အားနည်းသည်တို့ကို။ ကတွာ၊ ပြု၍။ပုန၊နောက်ထပ်တဘန်။ နိစ္စ,သုခ,သုဘ,အတ္တာကာရေန၊မြဲခြင်း၊ ချမ်းသာခြင်း၊ တင့်တယ်ခြင်း၊ အစိုးရခြင်း ဟူသော အခြင်း အရာ အားဖြင့်။ ဥပဋ္ဌာတုံ၊ထင်မြင်လာပြန်ခြင်းငှါ။ အသမတ္ထတံ၊မစွမ်းနိုင် သည့်၏ အဖြစ်သို့။ ပါပေတွာ၊ ရောက်စေ၍။ သုမုတ္တံ၊ လွတ်ခြင်း ကောင်းစွာ။မုစ္စတိ၊လွတ်မြောက်၏။တေန၊ထိုကြောင့်။ မုစ္စနသ၊လွတ် ခြင်း၏။ဥပါယ သမ္ပါဒနတ္ထံ၊အကြောင်းနှင့် ပြည့်စုံစေခြင်းငှါ။ဇော်၊ဤ ဆိုအပ်ခဲ့ပြီးသော အနိဋ္ဌစသော အခြင်းအရာအားဖြင့်။ပရိဂ္ဂဏှာတိတိ၊

အပြင်းအထန် အဘန်ဘန် သိမ်းဆည်း ရှုမှတ်၏ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဂုတ္တံ၊ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူအပ်၏။ ထေ္တာဝတာ၊ ဤမျှအားထုတ်သော ဝိပဿနာအစဉ်ဖြင့်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပဋိသင်္ခါဉာဏံ၊ လွတ်ခြင်းအကြောင်းကို သိမြင်သော ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပန္နံ၊ အလိုလိုဖြစ်ပေါ်လာသည်။ ဟောတိ၊ ထင်ရှား လေတော့သတည်း။ ။ဤကား ပဋိသင်္ခါဉာဏ်၏သဘောတည်း။

မုဉ္စိတုကမျတာနှင့် ပဋိသင်္ခါ ဉာဏ်ကို ပြဆိုခြင်း ပြီး၏။

## သင်္ခါရုပေက္ခာနှင့် အနုလောမ ဉာဏ်နှစ်ပါးတို့တွင် ရှေးဦးစွာ သင်္ခါရုပေက္ခာ ဉာဏ်ကို ပြဆိုခြင်း

**သင်္ခါရုပေက္ခာဉာဏ်**-ဟူသည်ကား၊ သင်္ခါရတရားတို့မှ လွတ်ရန် အကြောင်းကို မြင်၍ လျင်စွာ လွတ်မြောက်ရန် အပြင်း အထန် အားထုတ်သဖြင့် ပဋိသင်္ခါဉာဏ် ထက်သန် အားကြီးလာသောအခါ၊ ထိုသင်္ခါရတရားတို့၌ ကြောက်ခြင်း, နှစ်သက်ခြင်း မပြုဘဲ၊ လျစ်လျူရှုခြင်း ဥပေက္ခာသဘောသည် ဉာဏ်၌ အလိုလိုပေါ်ပေါက် ထင်မြင်လာ၏။ ဤသို့ ကြောက်ခြင်း,နှစ်သက်ခြင်းမပြုဘဲ၊သင်္ခါရ တရားတို့၌ လျစ်လျူရှုခြင်း ဥပေက္ခာသည်၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။

**ဥပမာအားဖြင့်**။လွန်စွာလှပတင့်တယ် ရှုချင်ဖွယ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမ၏ ခင်ပွန်း ယောက်ျားသည်၊ မိမိ၏ မယား၌ လွန်စွာနှစ်သက်၍ ချစ်ခင်စုံမက်လေ၏၊ ထိုမိန်းမသည် တပါးသော ယောက်ျားများတို့နှင့် စကားတီးတိုးပြောခြင်း, အတူနေထိုင်ခြင်း စသော ဖေါက်ပြန် ကျင့်ကြံသည်ကို တွေ့မြင်လျှင်၊ များစွာပင် အမျက်ဒေါသဖြစ်လေ၏၊ ထိုယောက်ျားသည် ထိုမိန်းမကို အာလယပြတ် ကွာရှင်းစွန့်လွှတ်ပြီးသောအခါ၊ တပါးသော ယောက်ျားတို့နှင့် စကားပြောခြင်း၊ အတူနေထိုင်ခြင်း စသော ဖေါက်ပြန်ကျင့်ကြံသည်ကို တွေ့မြင်သော်လည်း၊ ထိုမိန်းမ၌ အမျက် ဒေါသ ထွက်ခြင်း,ချစ်ခြင်း,မုန်းခြင်း မပြုဘဲ၊ လျင်လျူရှုသော ဥပေက္ခာ သဘော ဖြစ်လေတော့သည်၊ ။ဤဥပမာဖြင့်၊ ဥပမေယျကို စပ်ယှဉ်၍ သိရှိကြပါလေ၊

**ဧဝမေဝါယံ သဗ္ဗသင်္ခါရေဟိ မုဉ္စိတုကာမော ဟုတွာ ပဋိသင်္ခါနုပဿနာယ သင်္ခါရေ ပရိဂ္ဂဏှိတွာ အဟံ မမာတိ ဂဟေတဗ္ဗံ အဒိသွာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသီနော ဟောတိ မဇ္ဈတ္တော။ ဣစ္စဿ သင်္ခါရုပေက္ခာ ဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။** ။ဝိသုဒ္ဓိမဂ်။

ဧဝမေဝ၊ ဤသို့ ပြဆိုခဲ့ပြီးသော ယောက်ျား၏ ဥပမာ အတူပင် လျှင်။ အယံ၊ ဤယောဂီပုဂ္ဂိုလ်သည်။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော သင်္ခါရတရားတို့မှ။ မုဉ္စိတုကာမော၊ လွတ်လိုသည်။ ဟုတွာ၊ ဖြစ်၍။ ပဋိသင်္ခါနုပဿနာယ၊ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ပရိဂ္ဂဏှိတွာ၊ အပြင်းအထန် ရှုမှတ်သည်ဖြစ်သော်။ အဟံ၊ ငါတည်း။ မမ-သန္တကံ၊ ငါ့ဥစ္စာတည်း။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်သည်ကို။ အဒိသွာ၊ မမြင်မူ၍။ ဘယဉ္စ၊ ကြောက်ခြင်းကိုရင်း။ နန္ဒိဉ္စ၊ နှစ်သက်ခြင်းကိုရင်း။ ဝိပ္ပဟာယ၊ လွတ်လွတ်ကင်းကင်း ပယ်စွန့်၍။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတို့၌။ ဥဒါသိနော၊ ညီမျှသော ချိန်နှင့်တူစွာ။ မဇ္ဈတ္တော၊ ဥပေက္ခာမှ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သင်္ခါရုပေက္ခာဉာဏံ နာမ၊ သင်္ခါရုပေက္ခာဉာဏ် မည်သည်။ ဥပ္ပန္နံ၊ အလိုလို ဖြစ်ပေါ် လာသည်။ ဟောတိ၊ လက်ဝါးအပြင် ပတ္တမြားတင် သကဲ့သို့ ထင် ထင်ရှားရှားကြီးဖြစ်ပေါ်၍ လာလေတော့သတည်း။

**အထူးမှာ၊** မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ် ဤဉာဏ်သုံးပါးသည်၊ အနက်သဘောတူမျှ၍ သဒ္ဒါမျှ ကွဲပြား ခြားနားသည်ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။ ဤ သင်္ခါရုပေက္ခာ ဉာဏ်ကို ဝိပဿနာ၏ အထွဋ်အထိပ်ဖြစ်သော အကျင့်တရား၏ အပြီး အဆုံးသို့ရောက်၍၊ သိခါပတ္တ ဝိပဿနာဉာဏ်-ဟူ၍လည်း ဝိသုဒ္ဓိမဂ်၌ မိန့်ဆို၏။ ဤသို့ သင်္ခါရုပေက္ခာဉာဏ်၏ အထူးအပြားကို မှတ်သားသိရှိ ပါလေ။ ။ဤကား သင်္ခါရုပေက္ခာဉာဏ်၏ သဘောတည်း။

## အနုလောမဉာဏ်ကို ပြခြင်း

**အနုလောမဉာဏ်**-ဟူသည်ကား၊ သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့ ညီမျှသဖြင့်၊ သတိသည် လွန်စွာထင်၍ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာသောအခါ၊ နိဗ္ဗာန်ကိုအာရုံပြုသော သောတာပတ္တိ မဂ္ဂဝီထိ

စိတ်သည် ဖြစ်ပေါ်လာ၏။ ဤသို့ မဂ္ဂဝီထိစိတ် ဖြစ်ပေါ်ခြင်း သည့်ပင် လျှင်၊ အနုလောမဉာဏ်မည်၏။

ဤအနုလောမဉာဏ်ဟူသည်၊ဥဒယဗ္ဗယဉာဏ်-အစ၊သင်္ခါရုပေက္ခာ ဉာဏ်-အဆုံး၊ဤ ၇စ်ပါးသောဉာဏ်နှင့် သဘောအားဖြင့် ညီမျှသော ကြောင့်၊ အနုလောမဉာဏ်မည်၏။ ၎င်းဉာဏ်သည် မဂ်စိတ် ဖြစ်ပေါ် ခြင်းကို ဆိုသဖြင့်၊ ကျင့်ကြံ အားထုတ်ရသော ဝိပဿနာ ဉာဏ်မျိုး မဟုတ်ပေ။ ဤဉာဏ်သည် သစ္စာလေးပါးကို သိမြင်ခြင်း အားလျော် သဖြင့်၊ သစ္စာနုလောမိကဉာဏ်-ဟူ၍လည်း ခေါ်ဆိုလေ၏။

**ဥပမာအားဖြင့်၊** တရားစေ့သော မင်း၌ အမတ် ၇စ်ယောက် ရှိ၏။ ထိုမင်း,အမတ်တို့ တရားဆုံးဖြတ်ကြရာ၊ အမတ်၇စ်ယောက် ဆုံး ဖြတ်သော သဘောနှင့် မင်းဆုံးဖြတ်သော သဘောသည် ညီမျှ၏။ ဤ ဥပမာ၌ အမတ် ၇စ်ယောက်နှင့် ဉာဏ်၇စ်ပါး၊ မင်းနှင့် အနုလောမ ဉာဏ်၊ ဓမ္မသတ်ဖြတ်ထုံး ဥပဒေနှင့် ဗောဓိပက္ခိယ စသော တရား၊ ဆုံးဖြတ်ခြင်း ညီမျှသည့်နှင့် လက္ခဏာစသော သဘောတို့ လျော်ခြင်း ဖြစ်၏။ ဤသို့စသည်ဖြင့် ဥပမာနှင့် ဥပမေယျကို စပ်ယှဉ်၍ မှတ်ယူသိရှိ ကြပါလေ။

**တဿ ဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီ.တိ သင်္ခါရုပေက္ခာ သင်္ခါ ရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတိ။** ။ဝိသုဒ္ဓိမဂ်၊

**မဂ္ဂုပ္ပတ္တိယာ အနုလောမေဟိ ထာမဗလေဟိ သမ္ပန္နံ ဝိပဿနာဉာဏံ အနုလောမဉာဏံ နာမ။** ။ပဋိသမ္ဘိဒါမဂ်၊

တဿ၊ထိုယောဂီပုဂ္ဂိုလ်အား။ဒါနိ၊သဒ္ဓါ,ပညာ စသည်တို့ ညီမျှ၍ သင်္ခါရုပေက္ခာဉာဏ် ထက်သန်သော ယခုအခါ၌။ မဂ္ဂေါ၊ သောတာ ပတ္တိ မဂ်စိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ဖြစ်ပေါ်လာလတ္တံ့။ဣတိ၊ဤသို့။သင်္ခါရု ပေက္ခာ၊သင်္ခါရုပေက္ခာဉာဏ်သည်။ သင်္ခါရေ၊ရုပ်,နာမ် သင်္ခါရတရား တို့ကို။ အနိစ္စာတိ ဝါ၊ မမြဲခြင်းသဘောဟူ၍၎င်း။ ဒုက္ခာတိ ဝါ၊ ဆင်းရဲ ခြင်းသဘောဟူ၍၎င်း။အနတ္တာတိ ဝါ၊အလိုမကျခြင်းသဘောဟူ၍၎င်း။ သမ္မသိတွာ၊ထိုသုံးပါးတို့တွင် တပါးပါးသော အခြင်းအရာသဘော အားဖြင့် သုံးသပ် ရှုမှတ်သည်ဖြစ်၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။

မဂ္ဂပြတ္တိယာ၊ သောတာပတ္တိမဂ် ဖြစ်ပေါ်ခြင်း၌။ အနုလောမေဟိ၊ လျော်ကုန်သော။ ထာမဗလေဟိ၊ သဒ္ဓါ၊ ပညာ စသည်တို့၏ ညီမျှခြင်း အားအစွမ်းတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ အနုလောမဉာဏံ နာမ၊ အနုလောမဉာဏ်မည်၏။ ။ ဤကား အနုလောမဉာဏ်၏ သဘောတည်း။

ဤသို့ ပြဆိုခဲ့ပြီးသည်မှ တပါး၊ ကြွင်းသော ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ၎င်းလေးပါးတို့တွင်၊ ရှေ့ဉာဏ်နှစ်ပါးသည်၊ မဂ္ဂဝီထိဘျာ၌ တပါတည်း ပြီးစီးလေတော့၏။ နောက်ဉာဏ် နှစ်ပါးသည်၊ မဂ္ဂဝီထိနှင့် တစပ်တည်းဆက်၍ ဖြစ်လေ၏။ ပုဂ္ဂိုလ်က အထူးပြုလုပ်ရခြင်း ဝိထိစိတ်ခြားခြင်းမရှိဘဲ၊ ဓမ္မနိယာမ သဘော အတိုင်း၊ အလိုလိုပင်လျှင် အောင်မြင်ပြီးစီးလေတော့သည်။ ၎င်းဉာဏ်တို့၏ လိုရင်းသဘောများကို၊ အထက်သဂ္ဂလေးပါးအခန်း၌ ပြဆိုခဲ့ပြီ။ အလိုရှိလျှင် ပြန်လှန်ကြည့်ရှု သတိပြု၍ သိရှိကြပါလေ။

သိမြင်ခြင်းစသည်ကို ပြဆိုရာ ဥာဏကဏ္ဍ ပြီး၏။

---

## ပြီးပြွမ်းသော စကားအမျိုးမျိုးကို ပြဆိုရာ

# ၈-ပကိဏ္ဏက ကဏ္ဍ

### သာသနာ ခေတ်ကာလကို တွက်စစ်၍ ပြဆိုခြင်း

ကျွတ်သွတ်ရန် ကာလဆိုရာ၌၊ သာသနာနှစ်(၅၀၀၀)ငါးထောင်သည် ခေတ်မည်၏။ ထိုသာသနာ (၅၀၀၀)ဟူသည်၊ ဘိက္ခုနီခန္ဓက အဋ္ဌကထာ၌၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊ အနာဂါမ်ခေတ် တထောင်၊ သကဒါဂါမ်ခေတ် တထောင်၊ သောတာပန်ခေတ် တထောင်၊ ပေါင်း သာသနာ ငါးထောင်ဖြစ်၏။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ သုတ်ပါထေယျအဋ္ဌကထာတို့၌၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်တထောင်၊ ဆဠဘိည ရဟန္တာခေတ်တထောင်၊ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊ ပါတိမောက္ခသံဝရခေတ် တထောင် ပေါင်း သာသနာ ငါးထောင် ဖြစ်လာပြန်၏။ သံယုတ်အဋ္ဌကထာ၌သည်း၊ ပထမဗောဓိ ပဋိသမ္ဘိဒါ ရဟန္တာခေတ် တထောင်၊ ဆဠဘိည ရဟန္တာခေတ်

တထောင်၊ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊ အာသဝက္ခယပဋ္ဌ ရဟန္တာခေတ် တထောင်၊ အနာဂါမ်, သကဒါဂါမ်, သောတာပန် တထောင် ပေါင်း သာသနာ ငါးထောင်ပင် လာပြန်၏။

ဤ အဋ္ဌကထာကြီးတို့၌ အသီးသီး မိန့်ဆိုတော်မူကြကုန်သော စကားအရ၊ သာသနာတော်ခေတ် အနှစ်ငါးထောင်တို့တွင်၊ တတိယ ဖြစ်သော အနှစ် သုံးထောင်အတွင်း, စတုတ္ထ ဖြစ်သော အနှစ် လေး ထောင် အတွင်းများ၌၊ ရဟန္တာ ဖြစ်နိုင်သောခေတ် ရှိနေပေသေး ကြောင်းမှာ ထင်ရှားလှ၏။ယခုအခါသည်လည်း သာသနာနှစ်ပေါင်း ၂-ထောင်ကျော်, ၃-ထောင်ကျော် အတွင်းဖြစ်၍၊ ဖြောင့်မှန်သော နည်းလမ်းဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ပါ လျှင်၊ အမှန်ပင် ရဟန္တာဖြစ်နိုင်ကြောင်းကို ကောင်းစွာ ယုံကြည်သင့် လှပေသည်။

ဤ အဓိပ္ပါယ်များသည်ကား၊ သတ္တဝါတို့၏ နှလုံးသွင်း စရိုက်နှင့် ခေတ် ကာလ ဆုတ်ယုတ်သည်ကို လိုက်၍ အဋ္ဌကထာ ဆရာကြီးတို့ သဘောအရ၊ အနည်းနည်းအဖုံဖုံ ဖွင့်ပြတော်မူခြင်းမျှသာဖြစ်ကြောင်း ကို ကောင်းစွာ မှတ်ယူအပ်ပေသည်။ ဤ အဋ္ဌကထာ စကားအရ အဓိပ္ပါယ် ကြံဆလျှင်၊ သာသနာခေတ် အနှစ် ၂-ထောင် အတွင်း၌၊ ဆဠဘိညာ,တေဝိဇ္ဇ ရဟန္တာကြီးများ ဖြစ်ထွန်းတည်ရှိနိုင်သော နယ် အပိုင်းအခြားဟု မိန့်ဆိုတော်မူသဖြင့်၊ ယခုအခါ သာသနာ အနှစ် ၃-ထောင်အတွင်း၌လည်း၊ ထိုဆဠဘိညာ, တေဝိဇ္ဇ ရဟန္တာကြီးများ ထင်ရှားစွာ ပေါ်ပေါက် ဖြစ်ထွန်း တည်ရှိနိုင်သေးသော ခေတ်နယ် အပိုင်းအခြားဟု ဆိုသင့်လေသည်။

ဥပမာမှာ၊ စပါးပင်တခုတည်း၌ ပင်မ,သားတက်တို့သည် အထွက် မညီဘဲ၊ နေ့ရက်အနည်းငယ် စောခြင်း, နောက်ကျခြင်းများ ရှိတတ် လေ၏၊စပါးတနှံတည်းပင် ဖြစ်သော်လည်း အရင့်အနု မညီညွတ်ဘဲ၊ အများ၌ ရှေ့ဦးစွာရင့်၍ အရင်းမှာ နောက်မှ ရင့်လာလေ၏၊သို့သော် အချိန်ကာလ ခေတ်နယ် အပိုင်းအခြားမှာ မကွဲမပြားဘဲ အတူအမျှပင် ဖြစ်ကြလေသည်။

ထိုစပါးတို့သည် စိုက်ပျိုးခြင်း, ရိတ်ခြင်း ခေတ်ကာလ တူမျှသော် လည်း၊ ရေဥတု,နေဥတုတို့ လိုက်၍ အနည်းငယ် ရှေ့နောက်ကျသော နိယာမ အလျောက်မျိုးကဲ့သို့၊ ထိုအတူ ဆဠဘိညာ, တေဝိဇ္ဇ ရဟန္တာကြီး

များဖြစ်ရန် ပါရမီ ခေတ်ကာလ တူမျှသည် ဆိုရသော်လည်း၊ ပါရမီ အထက် အနံ့, ဝီရိယ အထက် အနံ့ စသည်ကိုလိုက်၍ အနည်းငယ် နှစ်ကာလ ကွာခြားလျက်၊ အနှစ် ၂-ထောင် အတွင်းမှာ အားထုတ်လာခဲ့ရာ မပေါက်သေး။ ပေါက်ရောက်လုဆဲဆဲ ဖြစ်ပြီးလျှင် အနှစ် ၃-ထောင် အတွင်းသို့ ရောက်မှ၊ကိုး၍ပြီးမြောက်သွားရသော ရဟန္တာပုဂ္ဂိုလ်ကြီးများလည်း ရှိသင့်လေသည်။ ဥပမာနှင့်ဥပမေယျကို စပ်ယှဉ်၍ ယူကြပါလေ။ အလွန် ထင်ရှားလှသဖြင့် လွယ်ကူစွာ သိမြင်လေနိုင်လေတော့သည်။ ဤကား အဋ္ဌကထာတို့၌လာသော စကားအရကို ဘွင့်ပြသော အဓိပ္ပါယ်များပေတည်း။

ဤဒေသနာခေတ်နှင့်စပ်သော အကြောင်းအရာကို ဋီကာ အဋ္ဌကထာကြီးတို့၌ အနည်းနည်း မိန့်ဆိုကြသော်လည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး၌ သုဘဒ္ဒရဟန်းကြီးအား ဟောကြားတော်မူသော ပါဠိတော်မှာမူကား အကွဲအပြား မရှိဘဲ တမျိုးတည်းပင် လာရှိလေသည်။

**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊**
**အသုညော လောကော အရဟန္တေဟိ အဿ။**

(သုတ်မဟာဝါ ပါဠိတော် ပရိနိဗ္ဗာနသုတ်)

သုဘဒ္ဒ၊ သုဘဒ်ရဟန်း။ ဣမေစ ဘိက္ခူ၊ ဤရဟန်း တို့သည်ကား။ သမ္မာဝိဟရေယျုံ၊ ဖြောင့်မှန်သောနည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်၍ နေကြကုန်သည်ဖြစ်အံ့။ လောကော၊ သတ္တလောကကြီးသည်။ အရဟန္တေဟိ၊ ကိလေသာ အာသဝေါ ကုန်ခန်းသော ရဟန္တာတို့မှ။ အသုညော၊ မကွယ်မပျောက် မကုန်မခန်း မသုဉ်းမဆိတ်နိုင်သည်။ အဿ၊ ဖြစ်ရာ၏။

**အဓိပ္ပါယ်ကား။** ရဟန္တာဖြစ်နိုင်သော ခေတ်ကာလနှစ်ပရိစ္ဆေဒကို မည်မျှ ရှိသည်ဟု အပိုင်းအခြား မထားဘဲ၊ဝိပဿနာ ကမ္မဋ္ဌာန်းကို ဖြောင့်မှန်သော နည်းလမ်းအတိုင်း အားထုတ်အပ်သော သမ္မာပဋိပတ် အကျင့်မြတ်တရားကိုသာ ပဓာနထား၍၊အကြင်အခါ၌ တရားကို အားမထုတ်၊ထိုအခါ အရိယာခေတ်ကုန်၏။သာသနာကွယ်ပျောက်၏။ အကြင်မျှလောက် ကာလပတ်လုံး ဖြောင့်မှန်သော နည်းလမ်းဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၊ သမ္မာ ပဋိပတ် ဖြစ်သော အလယ်အလတ် မဇ္ဈိမပဋိပဒါ အကျင့်မြတ်တရားတို့ ထင်ရှားကည်ရှိ

နေပေသေး၏။ ထိုမှလောက် ကာလပတ်လုံး ဤ သတ္တလောကကြီး၌ ရဟန္တာ အရိယာတို့ မပျောက် မပျက် မကုန် မခန်းနိုင်၊ သာသနာ မကွယ် သာသနာမကုန်ဟု ဆိုလိုသည်။

လောက၌ ရဟန္တာတို့ မသုဉ်းမဆိတ် မကုန်မပျောက်နိုင်ကြောင်း ဖြင့်၊ မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်၏ အဓိပ္ပါယ် များကို ထင်ရှားသိသာစေခြင်းငှါ ဥပမာစကားဖြင့် အဋ္ဌကထာဆရာ ဘွင့်ပြတော်မူ၏။

## အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ။

(သုတ်မဟာဝါအဋ္ဌကထာ)

**အဓိပ္ပါယ်ကား။** ရဟန္တာ မသုဉ်းမဆိတ် ဟူသည်၊ကျူတော, ကိုင်းတော များကဲ့သို့ပင် မပြတ်မလပ်ဘဲ အမြဲ တည်ရှိ၏ဟု ဆိုလို သည်။ **ဥပမာကား။** ကျူတော, ကိုင်းတောများသည်၊ မီးလောင် သော်ငြင်း,ချတ်ထွင်သော်ငြင်း,ထွန်-ထယ်တို့နှင့် တိုက်ထွန်၍ ပစ်သော် ငြင်း,တူးဖော်၍ပစ်သော်ငြင်း၊ ရေးရေးအမြစ် မကုန်မစင်သမျှ ကာလ ပတ်လုံး၊ ထိုအပင်တို့ ပြတ်စဲခြင်းမရှိဘဲ အမြဲတည်ရှိလေ၏။ ထို့အတူ ရှေးရှေးရဟန္တာကြီးများ ပရိနိဗ္ဗာန်ပြုကြသော်လည်း၊ နောက်နောက် ဖြစ်သော ရဟန္တာကြီးတို့သည်၊ပရိယတ်, ပဋိပတ် အစဉ်အဆက်တို့ မကွယ်ပျက်နိုင်ဘဲ အမြဲတည်ရှိ နိုင်ပေသည်။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသည်မှ ယခုအခါသို့ တိုင်အောင်၊ တည်ရှိလာသော သာသနာ၏ ဖြစ်ပုံ အစဉ်ကို ဆင်ခြင်သဖြင့် ထင်ရှားစွာ သိမြင်နိုင်လောက်ပေ၏။ ထို့ကြောင့် ယခုအခါသည်ရဟန္တာကြီးများဖြစ်နိုင်သော ခေတ်ကာလ ဟူ၍ ယုံကြည်စွာ မှတ်ယူအပ်လှပေသည်။

သာသနာခေတ်ကာလကို တွက်စစ်၍ ပြဆိုခြင်း၊ ပြီး၏။

---

## ပါရမီ ပြည့်,မပြည့်ကို သိရှိရန် ပြဆိုခြင်း

ယခုခေတ်အခါသည် ပါရမီရင့်,မရင့်၊ ကျွတ်ထိုက်, မကျွတ်ထိုက် စသည်ဖြင့် တွေးတော ထင်မိတတ်သည်မှာ၊ထိုပုဂ္ဂိုလ်တို့၏ အပြားကို မြတ်စွာဘုရား ဟောကြားတော်မူသော အင်္ဂုတ္တိုရ် ပါဠိတော်, ပုဂ္ဂလ

ပညတ် ပါဠိတော်တို့ဖြင့် သိအပ်ပေ၏၊ ။ဘုရားရှင်တို့၏ သာသနာတော်နှင့် တွေ့ကြုံကြသော ပုဂ္ဂိုလ်တို့သည်။ **၁-ဥဃဋိတညူပုဂ္ဂိုလ်၊ ၂-ဝိပဉ္စိတညူပုဂ္ဂိုလ်၊ ၃-နေယျပုဂ္ဂိုလ်၊ ၄-ပဒပရမပုဂ္ဂိုလ်-ဟူ၍** ၄-မျိုးရှိကုန်၏။

ထို ၄-မျိုးတို့တွင်၊သက်တော်ထင်ရှား မြတ်စွာဘုရားတည်ရှိသော အခါနှင့် တွေ့ကြုံရ၍၊ တခုသော တရားကို အကျဉ်းမျှ ကြားရသော အဆုံး၌၊ မဂ်,ဖိုလ်ကို ပေါက်ရောက်သော သူသည်၊ "ဥဃဋိတညူ ပုဂ္ဂိုလ်"မည်၏။ အကျဉ်းမျှဖြစ်သော တရားဒေသနာတော်ကို ကြားနာရပြီးသော အဆုံး၌ မဂ်,ဖိုလ်သို့ မရောက်ဘဲ၊ ထို ဒေသနာတော်ကို အကျယ်ဝေဘန် ဟောကြား သဖြင့် နာခံ မှတ်သားသော အဆုံး၌၊ မဂ်,ဖိုလ်သို့ ပေါက်ရောက်သောသူသည်၊"ဝိပဉ္စိတညူပုဂ္ဂိုလ်"မည်၏။ ဒေသနာတော် အကျဉ်း,အကျယ် ဟောကြားသည်ကို ကြားနာရသော အဆုံး၌ မပေါက်မရောက်သေး၊ ဒေသနာတော်အတိုင်း ဖြောင့်မှန်သော နည်းလမ်းဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်မှ ပေါက်ရောက်သောသူသည်၊ "နေယျပုဂ္ဂိုလ်"မည်၏၊ ဝိပဿနာ အလုပ်ကို အားထုတ်သော်လည်း၊ယခုဘဝ၌ မပေါက်မရောက်နိုင်သောသူသည်၊ "ပဒပရမပုဂ္ဂိုလ်"မည်၏။

ယခုအခါ၌၊ နေယျပုဂ္ဂိုလ်,ပဒပရမပုဂ္ဂိုလ် နှစ်မျိုးသာလျှင်ရှိတော့သည်။ ၎င်း ပုဂ္ဂိုလ် နှစ်မျိုးတို့တွင်၊ နေယျ ပုဂ္ဂိုလ်သည် တရားကို အားထုတ်ရာ၌၊ ပါရမီအရင့်,အနု၊ ဝီရိယ အထက်,အနံ့သို့ လိုက်၍၊ ၇-ရက်,တလ ကျင့်သဖြင့် ရခြင်း၊ အနှစ်-၃၀, အနှစ် ၆၀-ကျင့်နိုင်မှ ရခြင်း-စသည်ဖြင့်၊ အဆင့်ဆင့်,အစားစား များပြားလေသည်။

ထိုပုဂ္ဂိုလ် ၄-မျိုးတို့တွင်၊ အထက် ၃-မျိုးသည်၊ ကျွတ်ထိုက်သော တိဟိတ် ပုဂ္ဂိုလ် မည်၏။ အောက်ဖြစ်သော ပဒပရမ ပုဂ္ဂိုလ်သည်၊ မကျွတ်ထိုက်သော ဒွိဟိတ်ပုဂ္ဂိုလ် မည်၏။ ကျွတ်ထိုက်သော တိဟိတ် ပုဂ္ဂိုလ်မျိုးကို၊ ပါရမီရင့်သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။ မကျွတ်ထိုက်သော ဒွိဟိတ်ပုဂ္ဂိုလ်မျိုးကို၊ ပါရမီနုသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရလေ၏။ စင်စစ်မှာ၊ တရားကို အားမထုတ်ဘဲ၊ ဒွိဟိတ်,တိဟိတ်၊ ပါရမီနု,ပါရမီရင့်ဟူ၍ မသိနိုင်ပေ။ အကယ်၍ ပါရမီနုသော ဒွိဟိတ်ဖြစ်၍၊ မကျွတ်ထိုက်သော ပုဂ္ဂိုလ်ဟု ထင်ပါလျှင်၊တရားကိုအားမထုတ်ဘဲနေသဖြင့်၊ ဖူးသီး,ခရမ်းသီး များကဲ့သို့၊ အလိုအလျောက် လေတိုက်တိုင်း ကြွေး

ပွားရင့်မာလာဒ်သည် မဟုတ်။ ပါရမီရင့်၍ ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်၏အဖြစ်သို့ရောက်အောင် တရားကို အားထုတ်ကြရလေသည်။

ပါရမီရင့်၍ ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်သည်လည်း၊ နိယတ, အနိယတ-ဟူ၍ နှစ်မျိုး ရှိလေသည်။ ထိုနှစ်မျိုးတို့တွင် အနာထပိဏ်, ဝိသာခါ စသည် တို့ကဲ့သို့၊ ဘယ်ဘုရားလက်ထက်၊ ဘယ်အခါတွင်၊ ဘယ်အဖြစ်မျိုးနှင့် မဂ်,ဖိုလ်ကို ရလိမ့်မည် ဟူ၍၊ ရှေးဘုရားတို့ လက်ထက်၌ ဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်မျိုးသည်၊ အမှားအလွဲ မရှိနိုင်တော့ဘဲ၊ အမှန်ပင် မြဲလေသောကြောင့်၊ နိယတပုဂ္ဂိုလ်မည်၏။ ဒေဝဒတ်, အဇာတသတ်-စသော သူတို့ကဲ့သို့ ဗျာဒိတ်မရသောသူများမှာ ကလျာဏမိတ္တနှင့် ပေါင်းမိလျှင်၊ မဂ်,ဖိုလ်ကို ရနိုင်၏။ ပါပမိတ္တနှင့် ပေါင်းမိပြန်လျှင်၊ မဂ်,ဖိုလ်ကိုမရဘဲ ချော်လွဲသဖြင့်၊ မမြဲလေသောကြောင့်၊ အနိယတပုဂ္ဂိုလ်မည်၏။

ထိုသို့ ပါပမိတ္တနှင့် ပေါင်းမိ၍၊ မကောင်းမှုကံကြီးကို ပြုမိပြန်လျှင်လည်း၊ ရင့်ပြီးသော ပါရမီတို့သည်၊ တခါတည်းပျက်ပြား၍ အပါယ်သို့ သွားရပြန်လေသည်။ ထို့ကြောင့် ပါရမီနုသော ဒွိဟိတ် ပဒပရမ ပုဂ္ဂိုလ် ဖြစ်လေသလောဟု တွေးတောခြင်းမပြုဘဲ၊ နုလျှင်,ရင့်အောင်၊ ဒွိဟိတ်က, တိဟိတ်ဖြစ်အောင်၊ ပဒပရမဖြစ်လျှင်, နေယျဖြစ်အောင်၊ နေယျဖြစ်လျှင် ယခုဘဝ၌မဂ်,ဖိုလ်ရအောင် ဝိပဿနာအလုပ်ကိုသာ အားထုတ်သင့်လေသည်။

အချုပ်မှာ၊ သာသနာဟူသော ခေတ်ကာလကောင်း၌၊ များသော အားဖြင့် ပါရမီရင့်သောသူ၊ တိဟိတ်ဖြစ်သောသူ၊ ကျွတ်ထိုက်သော သူတို့သာ အခန့်သင့် တွေ့ကြုံ၍၊ ဖြစ်ပေါ်လာနိုင်ကုန်ရာ၏။ ပါရမီနု၍ မကျွတ်ထိုက်သော သူများမှာမူကား သာသနာနှင့် တွေ့ကြုံရန်ပင် လွန်စွာ ခဲယဉ်းလေတော့သည်ဟု မှတ်ယူအပ်ပေသည်။

ပါရမီ ပြည့်,မပြည့်ကို သိရှိရန် ပြဆိုခြင်း ပြီး၏။

---

## မြတ်စွာဘုရား တည်ရှိနေသည်ကို ယုံကြည်ရန် ပြဆိုခြင်း

တနည်းအားဖြင့် စဉ်းစားဆင်ခြင်ရန်မှာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး၌ အရှင်အာနန္ဒာသည်၊ ယခုအခါ ငါတို့၌ ဆရာမရှိသဖြင့်၊ အထက်မဂ်,ဖိုလ်ကို မရနိုင်တော့ပြီဟု ကြံစည်ပူဆွေး၍၊ ငိုကြွေးနေရာ၊ ငါဘုရား ပရိနိဗ္ဗာန် ပြုသော်လည်း၊ သင်တို့ကို ဆုံးမပေးမည့် ဆရာရှိ

ကြောင်း။ ထိုဆိုဆုံးမသောအတိုင်း ကျင့်ကြံလိုက်နာပါလျှင်၊ လျင်မြန်စွာပင် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရနိုင်ကြောင်းကိုလည်း၊ အရှင်အာနန္ဒာအား ဟောကြားတော်မူသော ဒေသနာများကို ထောက်ထား သတိပြုအပ်ပေသည်။

**ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ**
**ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ.တိ။**

(ပရိနိဗ္ဗာနသုတ်)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ၊ စင်စစ်ဧကန် အမှန် အားဖြင့်။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ ယော ဓမ္မောစ၊ အကြင်သုတ္တန် အဘိဓမ္မာတရားကိုလည်း။ ဒေသိတော၊ ဟောကြားတော်မူအပ်လေပြီ။ ယော ဝိနယောစ၊ အကြင်ဝိနည်းတရားကိုလည်း။ ပညတ္တော၊ ပညတ်တည်ထားတော်မူအပ်လေပြီ။ သော ဓမ္မဝိနယော၊ ထိုသုတ္တန် ဝိနည်း အဘိဓမ္မာတရား အပေါင်းသည်။ မမစ္စယေန၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့်။ ဝေါ၊ သင်ချစ်သား အပေါင်းတို့၏။ သတ္ထာ၊ ဆုံးမဟောကြားသောဆရာများသည်။ ဘဝိဿတိ၊ ဖြစ်ရစ်ပေလိမ့်သတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

**အဓိပ္ပါယ်ကား**။ ငါဘုရားရှိသော်လည်း၊ ဟောထားသော တရားအတိုင်း ကျင့်မှ မဂ်,ဖိုလ်ကို ရနိုင်၏။ ငါဘုရား မရှိသော်လည်း၊ တရားအတိုင်း လိုက်နာကျင့်ကြံလျှင်၊ အမှန်ပင် မဂ်,ဖိုလ်ကို ရနိုင်သည်။ ငါဘုရားရှိသော်လည်း၊ တရားကို မကျင့်လျှင် မဂ်,ဖိုလ်ကို ရမည်မဟုတ်။ ယခုအခါ ငါဘုရားတဆူတည်းသာလျှင်၊ သင်တို့ကို ဆုံးမလေသည်။ ငါဘုရား ပရိနိဗ္ဗာန်စံလျှင်၊ ဘုရားပေါင်း ၅စ်သောင်း, လေးထောင် ဆုံးမတော်မူလိမ့်မည်ဟု ဆိုလိုသည်။

အထက်၌ ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာနှင့် ဥပမာ ဥပမေယျ သဘာဝယုတ္တိများကို ထောက်ထားနှိုင်းစာ၍၊ ယခုအခါ သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်တိုင် တည်ရှိသေးကြောင်း။ ရဟန္တာကြီးများပင် ဖြစ်နိုင်ကြောင်းဆိုသဖြင့်၊ အနာဂါမ်, သကဒါဂါမ်,သောတာပန်မျှလောက်သော အောက်မဂ်,အောက်ဖိုလ်များကို ရနိုင်ရန်မှာ၊ ပြောဘွယ်ရာပင် မရှိတော့ပေ။

ထို့ကြောင့် သာသနာတော်နှင့် တွေ့ကြုံကျိုး နပ်ရ လေအောင်၊ အယုတ်ဆုံးအားဖြင့် တမဂ်,တဖိုလ်မျှကိုသော်ငင်း၊ ပရမတ် ရုပ်,နာမ်

တရားမှန်ကို ဝိပဿနာဉာဏ် အမြင်သန်သော ဈာန္တသောတာပန် အနေ မှုလောက်ကိုသော်ရင်း၊ ကိုယ်တိုင်ပေါက်ရောက်ခံစား၍၊ အနာဂတ် နောင်ဘဝများ၌၊အားကိုး,အားထားရစေခြင်းငှါ၊ခေတ်ကာလ ကျွတ် ထိုက်မှုနှင့် ဒိဋ္ဌိဟိတ်,တိဟိတ်ဟူသော ပါရမီ အရင့်,အနုတို့ကို အာရုံမ ပြု အမှုမထားမူ၍၊ရန်သူနီးကပ်လာသော သူကဲ့သို့၊အရေးတကြီး စိတ် စွဲလမ်းပြီးလျှင်၊သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို မြဲမြံသော ဝီရိယအားစွမ်းဖြင့်၊ လျင်မြန်စွာ ကြိုးပမ်းအားထုတ်သင့်လှ ပေသတည်း။

**သစေ သမ္မာ ဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာတထံ။**
**ပါပုဏေယျုံ ဖလဂ္ဂံပိ၊ အစိရံ ဝိ.စ သာသနေ။ ။**

သတိပဋ္ဌာနေ၊သတိပဋ္ဌာန်ကျမ်း၌၊ ယထာ တထံ၊အနက်အဓိပ္ပါယ် လာသောအတိုင်း၊သစေ သမ္မာဝိဟရေယျုံ၊ဖြောင့်မှန်သော နည်းလမ်း ဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို အကယ်၍ ကြိုးပမ်းတကုတ် အားထုတ် နေကုန်ငြားအံ့။ဣဓ သာသနေ၊ ဤသာသနာတော်ကြီး၌၊ အစိရံပိ၊မနှေး မကြာ လျင်မြန်စွာသာလျှင်၊ ဖလဂ္ဂံ ပိ၊ အရဟတ္တဖိုလ်သို့လည်း၊ ပါပု ဏေယျုံ၊ ပေါက်ရောက်နိုင်ကြကုန်ရာ သတည်း။

မြတ်စွာဘုရား တည်ရှိနေသည်ကို ပြဆိုခြင်း ပြီး၏။

---

## အရိယာအဖြစ် အကျိုးရှိပုံကို သိသာရုံပြဆိုခြင်း

အထက်၌ပြဆိုခဲ့သော ဝိသုဒ္ဓိဉာဏ်စဉ်အတိုင်း၊ ဝိပဿနာအလုပ် ကို အားထုတ်၍၊ ကိစ္စပြီးမြောက် အောင်မြင်ခြင်းသို့ ရောက်သွားသော သောတာပန် အရိယာပုဂ္ဂိုလ်သည်၊ မရေတွက်, မနှိုင်းယှဉ်နိုင်သော ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်၍၊ကြီးကျယ်ခမ်းနား များပြား လှစွာသော ချမ်းသာသုခ အကျိုးတရားတို့ကိုသာ ခံစားရရှိလေ၏။

ဤသို့ သောတာပန် အရိယာပုဂ္ဂိုလ် အဖြစ်မျိုး၌ ပကျိုးကျေးဇူး များပြား ကြီးကျယ်ပုံကို မဟာဝ ္ဂသံယုတ် အဘိသမယဝဂ်၌ ဥပမာ ဥပမေယျ စကားတို့ဖြင့်၊ရဟန်းများတို့အား မြတ်စွာဘုရား ဟောကြား တော်မူသော ဒေသနာအရ၊ အဓိပ္ပါယ် အဖြွက်မျှကိုသာ အောက်၌ ဖော်ပြပေအံ့။

တပါးသော အခါ၌ မြတ်စွာဘုရားသည်၊ လက်သည်းတော်ဖျား အပေါ်၌ အနည်းငယ်သော မြေမှုန့်ကို တင်ထားတော် မူပြီးလျှင်၊ ချစ်သားရဟန်းတို့၊ငါဘုရား၏လက်သည်းဖျားပေါ်၌ရင်း,မဟာပထဝီ တပြင်လုံး၌ရင်း မြေမှုန့်တို့သည် ရှိကုန်၏။ ဤမြေမှုန့်အစု နှစ်ခုတို့တွင်၊ အဘယ် မြေမှုန့် အစုက များ ပြား လေသနည်းဟု မြတ်စွာဘုရား မေးတော်မူ၏။

ထိုအခါ မဟာပထဝီ တပြင်လုံးပေါ်၌ရှိသော မြေမှုန့်သည်သာ လျှင် လွန်စွာများပြားလှပါသည်။ ဘုန်းတော်ကြီးမားသော မြတ်စွာ ဘုရား၏ လက်သည်းတော်ဖျား အပေါ်၌ရှိသော မြေမှုန့်သည်ကား၊ မပြောပ,လောက် အနည်းငယ်မျှသာ ဖြစ်ပါသည် ဘုရားဟု ရဟန်း များက လျှောက်ထားကြလေသည်။

ထိုအခါ မြတ်စွာဘုရားက၊ဒို့ ချစ်သား ရဟန်းများတို့ ဤ ဥပမာ အတူပင်လျှင်၊သစ္စာလေးတန် တရားမှန်ကို လောကုတ္တရာမဂ်ဉာဏ်ဖြင့်၊ ဝေဘန် ထိုးထွင်း၍ ထင်လင်းစွာ သိမြင်ပြီးသော၊ ငါဘုရား၏ တပည့် သာဝကဖြစ်သော သောတာပန် အရိယာပုဂ္ဂိုလ်အား၊ ကုန်ခန်းချုပ် ငြိမ်းပြီးသော ဝဋ်ဆင်းရဲဒုက္ခ အပေါင်းသည်၊ နှိုင်းယှဉ်၍ မရေမတွက် သာအောင် အလွန်တရာပင် များပြားလှစွာ၏။ ကြွင်းကျန်သော ဝဋ် ဆင်းရဲ ဒုက္ခ အပေါင်းသည်မူကား၊ မရေမတွက် မပြောပ,လောက် အောင်၊ အလွန်တရာမှ နည်းပါးလှလေတော့သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

နိဒါနဝဂ္ဂ သံယုတ်၌လည်း၊ ဤ သဘောမျိုးနှင့်မခြား ဟောကြား တော်မူ၏။ တပါးသော သုတ္တန်ကျမ်းတို့၌လည်း၊ များစွာပင် ဟော ကြားတော်မူ၏။ ဤသို့လျှင် သောတာပန်အရိယာပုဂ္ဂိုလ်တို့ ရရှိခံစား ရသော အကျိုးတရားတို့သည်၊ အတိုင်းမသိ လွန်စွာ များပြားလေ၏။ အဘယ်ကဲ့သို့ များပြားပါသနည်းဟူမူ၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသော အရိယာ ပုဂ္ဂိုလ်သည်၊ အတိတ် သံသရာ ကမ္ဘာ အဆက်ဆက်, ဘဝ အဆက်ဆက်မှ ပါလာသော၊ အကုသိုလ်ကံ,အပါယ်ဒုက္ခ,ဘဝဟူသော ဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ၊ အလုံးစုံ ထမြောက် ကျွတ်လွတ်၍ အပြီးတိုင် အေးငြိမ်းချမ်းသာလေ တော့သည်။

ဤသို့ တမဂ်, တဖိုလ် ရပြီးသော သောတာပန် အရိယာ ပုဂ္ဂိုလ်သည်၊ အကြွေဆုံး, အညံ့ဆုံး, အဖျင်းဆုံးဖြစ်စေကာမူ၊ လူ့ပြည်, နတ်ရပ်မြင့်မြတ်သော သုဂတိဘဝမျိုး၌ ၇-ကြိမ်မျှသာ ပဋိသန္ဓေနေခွင့် ရှိလေ၏။ အထက်တရားများကို ပေါက်ရောက်အောင် အားမထုတ်ဘဲ၊ မေ့လျော့ပျော့ပျက်၍ နေစေကာမူ၊ ၈ကြိမ်မြောက်သော ဘဝကို မယူရဘဲ၊ ၇-ကြိမ်သော ဘဝ အတွင်းမှာပင် ဝဋ်ဒုက္ခ ကင်းစင်ပြီးမြောက်၍၊ မွန်ရိယာမ သဘောအတိုင်း အလိုလို ရဟန္တာအဖြစ်သို့ ရောက်ခြင်းများကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

**န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ**။ ။တေ-အရိယာ၊ ထို သောတာပန်အစစ်, အရိယာအမှန် ဖြစ်ကြကုန်သော ပုဂ္ဂိုလ်မွန်, ပုဂ္ဂိုလ်မြတ် အပေါင်း အရှင်ကောင်းတို့သည်။ အဋ္ဌမံ၊ ၈ကြိမ်ဖြစ်သော။ ဘဝံ၊ လူ့ပြည်လောက, နတ်ပြည့်လောက၌ ဖြစ်သော ပဋိသန္ဓေဘဝကို။ န အာဒိယန္တိ၊ မယူကြလေကုန်သတည်း။

ဤ ဒေ သ နာ တော် မြတ် အရ၊ ၈ကြိမ် မြောက် သော ဘဝကို၊ အောက်အယုတ်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ်များပင်သော်လည်း မယူ။ အလွန်ဆုံးအားဖြင့် ၇-ကြိမ်မျှသာ ပဋိသန္ဓေနေ၍ ကိစ္စပြီးငြိမ်းသည် ဆိုရာ၌၊ ကာမပဋိသန္ဓေ, ကာမဘဝကိုသာ ဆိုသည်ဟု မှတ်ယူအပ်ပေသည်။ ဝိသာခါ, အနာထပိဏ်စသော ၁ံစဉ်စံ ပုဂ္ဂိုလ်မျိုးတို့ကျင်လည်သော ရူပဘဝ, အရူပဘဝမှာမူကား၊ အပိုင်း အခြား မရှိ အလွန် များပြားစွာ ဖြစ်နိုင်၏ဟု အဓိပ္ပါယ်အကျဉ်းအားဖြင့် နှလုံးသွင်း မှတ်သားကြပါလေ။

ဤသို့ လောကုတ္တရာ သစ္စာဉာဏ်ဖြင့်၊ မဂ်, ဖိုလ် နိဗ္ဗာန်သို့ တကြိမ်တဘန်မျှသာ ပေါက်ရောက်ရသေးသော မဟာ သောတာပန် အရိယာပုဂ္ဂိုလ်တို့သည်၊ အသင်္ချေယျ အနန္တ ဖြစ်သော ဝဋ်ဆင်းရဲ ဘေးဒုက္ခခပ်သိမ်းမှ လွတ်ငြိမ်းချမ်းသာသည်ဖြစ်၍၊ ထို အရိယာ ပုဂ္ဂိုလ် အရှင်မြတ်တို့အား၊ သုံးဆောင်ခံစားရသော ဖလသုခ ချမ်းသာမျိုးသည်၊ လေးကျွန်းသေဌ်နင်း စကြဝေးမင်းတို့၏ စည်းစိမ်ချမ်းသာမျိုးထက်ငင်း၊ နည်ပြည် ၆-ထပ်ကို အစိုးရသော စည်းစိမ်ချမ်းသာထက်ငင်း၊ အလုံးစုံသော လောကကြီးကို အစိုးရသော စည်းစိမ်ချမ်းသာထက်ငင်း သောတာပတ္တိ ဖိုလ်ချမ်းသာသည်၊ အဆပေါင်း ရာ, ထောင်, သိန်း,

သောင်းမက လွန်စွာ ကောင်းမွန် မြင့်မြတ်သော ချမ်းသာသုခ ဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။**
**သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။**
(ဓမ္မပဒပါဠိတော်)

ပထဗျာ၊ဇမ္ဗူ့သောင်းခွင် မြေအပြင်၌။ ဧကရဇ္ဇေန ဝါ၊တဦးတည်း အုပ်စိုးခံစားရသော စည်းစိမ်ချမ်းသာမျိုးထက်ရင်း။သဂ္ဂဿ၊နတ်ပြည် ၆-ထပ် အထက်ရပ်ကို။ ဂမနေန ဝါ၊ သွားရောက် လွှမ်းမိုး၍ အုပ်စိုး ခံစားရသော စည်းစိမ်ချမ်းသာ မျိုးထက်ရင်း။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ ခပ်သိမ်းသော လောကဓာတ် အလုံးကို သိမ်းကျုံး လွှမ်းမိုး၍ အုပ်စိုးခံစားရသော စည်းစိမ်ချမ်းသာမျိုးထက်ရင်း။ သောတာပတ္တိဖလံ၊သောတာပတ္တိ ဖိုလ်ချမ်းသာသည်။ ဝရံ၊ လွန်ကဲ မြင့်မြတ်လှလေတော့သတည်း။

ယခုပြဆိုခဲ့သော စကားများသည်၊အညံ့ဆုံး သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ ကင်းငြိမ်း လွတ်မြောက်လိုသော၊ ဝဋ်ဆင်းရဲဒုက္ခနှင့် ရှိခံစားအပ်သော ချမ်းသာသုခများသာ ဖြစ်၍၊ အထက်အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏ ကင်းငြိမ်းလွတ်မြောက်ရသော၊ဝဋ်ဆင်းရဲဘေးဒုက္ခနှင့် ရှိခံစားအပ်သော ချမ်းသာသုခများမှာ၊ ဥပမာပင် ပြဆိုနိုင်ရန် မရှိပေ၍၊မည်မျှလောက်ကြီးမားသော ချမ်းသာသုခများကို ခံစားရကြောင်းမှာ၊ကောင်းစွာ ဆင်ခြင်၍ ထင်မြင် သိရှိ အပ်လှပေတော့သတည်း။

အရိယာ အဖြစ်အကျိုးရှိပုံကို သိသာရု ပြဆိုခြင်း ပြီး၏။

ပေါက်ရောက်ရန် အချိန်များကို မှတ်သားရန် ပြဆိုခြင်း

**ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။** ။သတိပဋ္ဌာန်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အကြောင်းအမှတ်မရှိ တစုံတယောက်သော သူသည်။ သတ္တဝဿာနိ၊ ၇-နှစ်တို့ ကာလပတ်လုံး။

စတ္တာရော၊ ၄-ပါးကုန်သော။ ဣမေ သတိပဋ္ဌာနေ၊ ဤဆိုခဲ့ပြီးသော သတိပဋ္ဌာန်တရားတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရား ဟောတော်မူသည့်အတိုင်း။ ဘာဝေယျ၊ မနေမနား လွန်ကြီးစား၍ ပွားများရှုမှတ်ငြားအံ့။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဒွိန္နံ ဖလာနံ၊ ၂-ပါးကုန်သော ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ ပြည့်စုံ ရရှိစေနိုင်၏။

၂၈၀ အညာ၀ါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိသတိ၊ ရသည်ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ခန္ဓာအကြွင်းသည်။ သတိ၊ ကျန်ရှိနေသည်ရှိသော်။ အနာဂါမိတာ ၀ါ၊ အနာဂါမိ ဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ရသည်ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။

**အဓိပ္ပါယ်ကား။** သတိပဋ္ဌာန် တရား လေးပါးကို၊ မြတ်စွာဘုရား ဟောတော်မူသော နည်းအတိုင်း ပွားများ ရှုမှတ်ပါလျှင်၊ မည်သူမဆို အလွန်ဆုံး ၇-နှစ်အတွင်း၌ အရဟတ္တဖိုလ်ကိုပင် ရနိုင်၏။ အကယ်၍ အရဟတ္တဖိုလ်ကိုပင် မရနိုင်ခဲ့သော်၊ အနာဂါမိဖိုလ်ကိုမူကား အမှန်ပင် ရနိုင်၏ဟု ဆိုလိုသည်။ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းကို ယုံကြည်သော စိတ်ဖြင့်၊ ပြဆိုခဲ့သော ရှုမှတ်ပုံနည်းအတိုင်း ဖြောင့်မှန်စွာ အားထုတ်ပါလျှင်၊ ၇-နှစ်အတွင်း အရဟတ္တဖိုလ်သို့ ရောက်နိုင်၏ဟု ဟောတော်မူသည်မှာ၊ အကြာဆုံး၊ အလွန်ဆုံးသော ကာလကိုသာ ပြဆိုခြင်း ဖြစ်၏။ တလ, ၁၅-ရက်, ၇-ရက်မျှ အားထုတ်ရုံနှင့်လည်း၊ အရဟတ္တဖိုလ်ကို ရနိုင်ကြောင်းဖြင့် ဤ မဟာ သတိပဋ္ဌာန် ပါဠိတော်၌ပင်၊ မြတ်စွာဘုရား ဟောကြားတော် မူပြန်သည်မှာ လွန်စွာမှ ထင်ရှားလှပေ၏။

ထို့ကြောင့် မဂ်,ဖိုလ်, နိဗ္ဗာန်ကို အဟုတ်အမှန် လိုလားကြသော အမျိုးကောင်း သား,သမီးအပေါင်းတို့သည်၊ အယုတ်ဆုံးအားဖြင့် တလဖြစ်စေ, ၁၅-ရက်ဖြစ်စေ လောကီအလုပ်ကို ပယ်ရှား ဆိုင်းရပ်ထား၍၊ သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို၊ စမ်းသပ် ကြည့်ရှုသောအားဖြင့် ပွားများရှုမှတ်ကြပါလေ။

ထို့မှတပါးလည်း မဂ်,ဖိုလ်သို့ ပေါက်ရောက်သော အချိန် ကာလကို၊ သုတ်ပါထေယျပါဠိတော် ဒုတိယဥဒုမ္ဗရိကသုတ်၌ နိဂြောဓပရိဗိုဇ်အားလည်း၊ အထက်တွင်ပြခဲ့သော မဟာသတိပဋ္ဌာန် ပါဠိတော် နည်းကဲ့သို့ပင် မြတ်စွာဘုရား ဟောကြားတော်မူ၏။

ၡင်းပြင် မဇ္ဈိမပဏ္ဍာသ, စတုတ္ထဖြစ်သော ဗောဓိရာဇဝေဂ်ဒွိမှုကား ငါဘုရားဟောကြားတော်မူသောအတိုင်း ဝိပဿနာအလုပ်ကို အားထုတ်ပါလျှင် ၇-ရက်ကို မဆိုထားဘိဦး၊ ၅-ရက်, ၆-ရက်မျှဖြင့်လည်း တရားထူးကို ရနိုင်လတ္တံ့။ ၄-ရက်,၃-ရက်,၂-ရက်,၁-ရက်မျှဖြင့်လည်း တရားထူးကို ရနိုင်လတ္တံ့ဟူ၍ ဟောတော်မူ၏။

တဘန် ငါဘုရားတည်းဟူသော ကလျာဏမိတ္တ,သပ္ပုရိသကို ရရှိ၍၊ ပဓာနိယင်္ဂတရား ငါးပါးနှင့် ပြည့်စုံခဲ့ပါလျှင်၊ နံနက်အခါ၌ ဆုံးမလိုက်သည်ရှိသော်၊ ညချမ်းအခါ၌ တရားထူးကို ရနိုင်လတ္တံ့။ ညချမ်းအခါ၌ ဆုံးမလိုက်သည်ရှိသော်၊နံနက်အခါ၌ တရားထူးကို ရနိုင်လတ္တံ့ ဟူ၍လည်း မြတ်စွာဘုရား ဟောကြားတော်မူ၏။ ။တရားဂုဏ်တော် ခြောက်ပါးတို့တွင်၊ **အကာလိကော**-ဟူသောပုဒ်၌၊ မြတ်စွာဘုရား၏ တရားတော်မည်သည်၊ အခါ မလင့် မငံ့ မဆိုင်းဘဲ၊ အားထုတ်သော အတိုင်း အကျိုးပေးသည်ဆိုသဖြင့်၊တရားထူးရနိုင်ရန် အချိန်ကာလ၏ လျင်မြန်ပုံကို ယုံကြည်စွာ မှတ်သားသိရှိရာ၏။ သို့သော် ပါရမီ အနုံ့, အထက် ပဓာနိယအင်္ဂါငါးပါး၏ ပြေ့ညံ့ထက်သန်သည်ကို လိုက်၍၊ တရားထူးရသော အချိန်ကာလများ အမျိုးမျိုး,အစားစား ကွဲပြားလေတော့သည်။

**အထူးမှာ၊** မဟာသတိပဋ္ဌာန် ပါဠိတော်, သုတ်ပါထေယျ ပါဠိတော်တို့၌ လာသောအရ၊ အကြာဆုံး ၇-နှစ်၊ အမြန်ဆုံး ၇-ရက်ဟု ပိုင်းခြားခြင်းသည်၊ အလယ်,အလတ်ပုဂ္ဂိုလ်များအတွက် ဖြစ်သည်ဟု အဋ္ဌကထာဆရာ မိန့်တော်မူ၏။ ထိုစကားကို ထောက်သောအားဖြင့်၊ ၇-နှစ်ထက် ပိုလွန်သောသူ၊ ၇-ရက်အောက် ယုတ်သော သူများကို ပါရမီရင့်,ပါရမီနုသောကြောင့်ဟူ၍ မှတ်ယူသင့်ပေသည်။

**သဗ္ဗမိ္ပ စေ တံ မဇ္ဈိမဿ ဝေနေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ။**

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တံ၊ ဤ ၇-နှစ်မှ,၇-ရက်ဟု ပိုင်းခြား၍ ဟောကြားတော်မူသော ဒေသနာတော် အစဉ်ကို။ မဇ္ဈိမဿ၊ ပါရမီ အလယ်, အလတ်ဖြစ်သော။ ဝေနေယျပုဂ္ဂလဿ၊ ကျွတ်သင့်, ကျွတ်ထိုက်သော ပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေသတည်း။

ပေါက်ရောက်ရန် အချိန်များကို မှတ်သားရန် ပြဆိုခြင်း ပြီး၏။

## ပေါက်ရောက်ပြီး, ပေါက်ရောက်ဆဲ ပုဂ္ဂိုလ်များကို နိုင်းခြား၍ ပြဆိုခြင်း

သာသနာနှင့်တွေ့ဆုံ ကြုံကြိုက်၍၊ ကျွတ်ပြီး, ကျွတ်ဆဲပုဂ္ဂိုလ်တို့တွင်၊ မိလိန္ဒပဥှာ၌ အကျွတ်တရားကိုရရှိကြသောသူတို့ အရေအတွက်သည်၊ ၁၄-သန်းရှိ၏ဟု ဆိုပေသည်။ မေတ္တေယျ အနာဂတဝင် အဋ္ဌကထာ၌ကား၊ ဘုရား၅င် တဆူ,တဆူတို့၏ သာသနာတော်၌၊ ကျွတ်တမ်းဝင်ကြသောပုဂ္ဂိုလ်အရေအတွက်သည်၊ ၂၄-သန်း,ကုဋေ-၆၀,ဗိုလ်ခြေ တသိန်းရှိ၏ဟု ဆိုလေသည်။ ဤစကား နှစ်ရပ်တို့တွင်၊ မိလိန္ဒပဥှာ စကားကို သာသနာ ငါးထောင် အတွင်း၌၊ အလုံးစုံ သိမ်းကျုံးသည် မဟုတ်ဘဲ၊ အကြွင်းအကျန်ထား၍ ဆိုသော စကားဟု မှတ်သားသင့်ပေသည်။

အဘယ်ကြောင့် ဆိုသော်၊ ဘုရားအဖြစ်သို့ ရောက်၍၊ ရှေးဦးစွာ ဟောကြားတော်မူသော၊ ဓမ္မစက္က ပဝတ္တနသုတ် တရားပွဲ တခု၌ပင်လျှင်၊ ကျွတ်တမ်း ဝင်ကြရသော ပုဂ္ဂိုလ်တို့၏ အရေ အတွက်မှာ၊ အသန်းကို လွန်သွားလေ၏။ ထို့အတူ မင်္ဂလသုတ်ကို ဟောကြားတော်မူသော တရားပွဲ၊ မဟာသမယ သုတ်ကို ဟောကြားတော်မူသော တရားပွဲ-စသည်တို့၌လည်း၊ ကျွတ်တမ်းဝင်ပုဂ္ဂိုလ်တို့၏ အရေအတွက်သည်၊ အသင်္ချေကို လွန်ကြလေကုန်၏။ ထို့ကြောင့် အကြွင်းအကျန်ထား၍ ဆိုသောစကားဟု မှတ်သားမှ၊ မကွဲမပြား စေ့စပ်၍ ညီညွတ်သင့်မြတ်နိုင်ပေသည်။

ဤသို့ အရေအတွက် အစဉ်ကိုလွန်သော ကျွတ်တမ်းဝင် တရားပွဲ ပေါင်းပင် လွန်စွာ များပြားလှသည်ဖြစ်၍၊ အနာဂတဝင် အဋ္ဌကထာ၌ ဆိုသော၊ ၂၄-သန်း, ကုဋေ-၆၀, ဗိုလ်ခြေ တသိန်းဟူသော စကားသည်၊ အရေအတွက် နည်းပါးလှသဖြင့်၊ မသင့်ဟူ၍ အချို့သော အဋ္ဌကထာ ဋီကာဆရာတို့ ပယ်ကြလေကုန်၏။ သို့သော် ရေတွက်ခြင်း အစဉ်ကို လွန်သော စကားဖြစ်ပေ၍ များစွာပင် စဉ်းစားရန် သင့်လှပေသည်။

မိလိန္ဒပဥှာနှင့် အဋ္ဌကထာကြီးတို့၌၊ ၁၄-သန်းမျှသာ ကျွတ်တမ်းသို့ ဝင်ကြသေးသည်ဟု အပိုင်အမာ တိုက်ရိုက် အဆို ရှိကြသဖြင့်၊ သန်းတဆယ်ကျော် ကြွင်းကျန်သေးသည် ဖြစ်ရာ၏။ ထိုသန်းတဆယ်

ကျော် အရေအတွက်သည်၊ ဤ သာသနာအတွင်း၌ ကျွတ်ဆဲ,ကျွတ်လတံ့သော ပုဂ္ဂိုလ်တို့၏ အတွက်ဖြစ်၍၊ ယခုအခါ တရားကို အားထုတ်ဆဲ,အားထုတ်လတံ့ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ ဤ သာသနာအတွင်း၌ပင် မချွတ်မယွင်း ထမြောက်၍၊ မဂ်,ဖိုလ်သို့ ပေါက်ရောက်သော ကျွတ်တမ်းဝင် အရိယာဟု ယုံကြည်စွာ စိတ်ထားလျက်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို မနေမနား လွန်ကြိုးစား၍ ပွားများအားထုတ်ကြပါလေ။

ရင်းပြင် လှူပြည်တွင် ကောသလတိုင်း၌၊ ငါးကုဋေ,သုံးသိန်း,ငါးသောင်း,ခုနစ်ထောင်သော ပုဂ္ဂိုလ်တို့ အကျွတ်တရား ရကြသည်ဟု မိလိန္ဒပဥှာ၌ဆို၏။ ထိုမှတပါး ကာသိတိုင်း,ဝဇ္ဇီတိုင်း စသော တိုင်းကြီး,ပြည်ကြီးတို့၌လည်း၊ အလွန်များပြားစွာ အကျွတ်တရားကို ရကြသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။ နာတိကာ မည်သော ရွာငယ်၌ပင်၊အနာဂါမ် ငါးကျိပ်ကျော်,သကဒါဂါမ် ကိုးကျိပ်ကျော်, သောတာပန် ငါးရာကျော်ရှိ၏ဟု ဟောကြားတော်မူ၏။

မဂဓတိုင်း၌မူကား၊ သောတာပန်,သကဒါဂါမ်တို့သည် ၂-သန်း ၄-သိန်းရှိကုန်၏။ ကလျာဏ ပုထုဇန်တို့မှာ၊ သင်္ချေ,သင်္ချာ လွန်မင်းစွာ များပြား ကုန်၏ဟု ဇဝန ဝသဘနတ်သားက မြတ်စွာ ဘုရားအား လျှောက်ထားကြောင်းမှာ၊မဟာဝါ ပါဠိတော် ဇဝန-ဝသဘသုတ်၌ လာ၏။ ထိုကြောင့် တရားကို အားထုတ်ပါလျှင်၊ အမှန်ပင် ရရှိနိုင်ကြောင်းကို ကောင်းစွာ ယုံကြည်သင့်လှပေသည်။

**အဋ္ဌာ၊ယံ ဣတရာ ပဇာ၊ ပုညဘာဂါ၊တိ မေ မနော။**
**သင်္ခါတုံ နောပိ သက္ကောမိ၊မုသာဝါဒဿ ဩတ္တပ္ပံ။ ။**

အယံ၊ ဤသို့ ဆိုခဲ့သော အရေအတွက်အားဖြင့် ၂-သန်း,၄-သိန်းကျော်သော ပုဂ္ဂိုလ်တို့သည်။ အဋ္ဌ-သဥ္ဓာ၊ ရှိပါကုန်၏။ ဣတရာ၊ ဤ အရိယာပုဂ္ဂိုလ်တို့မှ တပါးကုန်သော။ ပဇာ၊ မဂဓတိုင်းသား လူများအပေါင်းတို့သည်။ ပုညဘာဂါ၊ သောတာပန် ဖြစ်ရာ အကြောင်းကောင်းစွာ ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့ချည်းသာတည်း။ ဣတိ၊ ဤသို့။ မေ၊ အကျွန်ုပ်၏။ မနော၊ စိတ်အထင်အမြင်သည်။ ဟောတိ၊ ဖြစ်ပါ၏။ သင်္ခါတုံ၊ ပိုင်းခြား ရေတွက်ခြင်းငှါ။ နောပိ သက္ကောမိ၊ တတ်ကားမတတ်နိုင်ပါ။ မုသာဝါဒဿ၊ ချွတ်ယွင်းသော စကားကို ပြောကြားရေတွက်မိခြင်းမှ။ ဩတ္တပ္ပံ၊ ကြောက်ရွံ့ ထိတ်လန့်ပါ၏ဘုရား။

**စတုဝီသတိ အသင်္ချေယျေ၊ သဋ္ဌိ စ သတကောဋိယော။**
**ပါဏေ သတသဟဿာနိ၊ ဓောဘ ဗုဒ္ဓေါ ပမောစယိ။**

(သောတတ္ထကီဂါထာ။)

ဗောဓဗုဒ္ဓေါ၊မြတ်စွာဘုရားတဆူသည်။စတုဝီသတိအသင်္ချေယျေ၊ ၂၄-သင်္ချေကုန်သော။ ပါဏေ၊ သတ္တဝါတို့ကိုဂုဏ်း။ သဋ္ဌိ စ သတသဟဿ ကောဋိယော၊ ကုဋေ ၆-သန်းကုန်သော။ ပါဏေ၊ သတ္တဝါတို့ကိုဂုဏ်း။ ကောဋိသတ သဟဿာနိ၊ကုဋေ တသိန်းကုန်သော။ ပါဏေ၊ သတ္တဝါတို့ကိုဂုဏ်း။ ပမောစယိ၊ သံသရာဝဋ်မှ ကင်းလွတ်စေတော်မူ၏။

ဤသောတတ္ထကီ ဂါထာ၌ လိုအပ်သောအဓိပ္ပါယ်မှာ၊ တဆူ့တဆူသော ဘုရားရှင်သည်၊ ၂၄-သင်္ချေနှင့် ကုဋေ ၆-သန်း,ကုဋေ တသိန်းကုန်သော သတ္တဝါတို့ကို ချွတ်တော်မူသည်ဟု ဆိုလို၏။ ။အထူးမှာ ဤဂါထာကို အနက်ပေးသော အခါ၊ သတသဟဿာနိ၌၊ သဟဿသဒ္ဒါကိုယူ၍၊သဋ္ဌိ စ သတသဟဿ ကောဋိယော-ဟူ၍ ယှဉ်၊တဘန် ကောဋိသဒ္ဒါကိုယူ၍၊ ပါဏေကောဋိသတ သဟဿာနိ-ဟူ၍ ယှဉ်။ ဤသို့ ယှဉ်ခြင်းသည်၊ သမ္ဗန္ဓ သင်္ချာမည်၏ ဟူသတည်း။

ထိုဂါထာလာ ကျွတ်လွတ်ရာ သတ္တဝါတို့တွင်၊ ငါတို့ ဂေါတမ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌၊ သင်္ချေ ၂၀-နှင့်၊ ကုဋေ ၃-သန်း၊ ကုဋေ ၆-သိန်း၊ ကုဋေ ၇-သောင်း၊ ကုဋေ ၇-ထောင်ကုန်သော သတ္တဝါတို့သည် သာလျှင်၊ ကျွတ်တမ်းသို့ ဝင်ပြီးဖြစ်ကြကုန်သည်။၄-သင်္ချေနှင့်၊ကုဋေ ၂-သန်း၊ကုဋေ ၄-သိန်း၊ ကုဋေ ၇-သောင်း၊ ကုဋေ ၃-ထောင် ကြွင်းကျန်နေသေးသည်။ ထိုကြွင်းကျန်သော သတ္တဝါများ အကျွတ်တရားကို ရကြစေခြင်းငှါ၊ သာသနာ ၅-ထောင်ကို ထားခဲ့သည်ဟူ၍ ဇိနာလင်္ကာရ ဋီကာဟောင်း၌ အဆိုရှိ၏။

ဤဒေသနာ ကျမ်းဂန် များသည်လည်း၊ နောက်က ပြဆိုခဲ့သော အဋ္ဌကထာကြီးများ၏ သဘောနှင့် မျှားစွာ မခြားနား၊ မကွဲပြားလှသဖြင့်၊ တရားကို အားထုတ်ပါလျှင် ကျွတ်တမ်းဝင် ဖြစ်နိုင်သည်ဟု ယုံကြည်သော စိတ်ထားဖြင့်၊ ဝိပဿနာတရားကို ပွားများရှုမှတ် သင့်လှပေသတည်း။

ပေါက်ရောက်ပြီး,ပေါက်ရောက်ဆဲ ပုဂ္ဂိုလ်များကို ပြဆိုရာ

ပကိဏ္ဏက-ကဏ္ဍပြီး၏။

## အရိယာ ပုဂ္ဂိုလ်မြတ်တို့ အမြဲမပြတ် ဆင်ခြင်ခြင်း စသည်ကို ပြဆိုရာ

# ၉-မဟာပစ္စဝေက္ခဏာကဏ္ဍ

မပြောမဆိုအပ်သော တိရစ္ဆာန ကထာကို ပြဆိုခြင်း

**ယထာဝါပနေ့ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဝေရူပံ တိရစ္ဆာနကထံ အနုယုတ္တာ ဝိဟရန္တိ။**

**သေယျထိဒံ၊ ရာဇကထံ စောရကထံ မဟာမတ္တကထံ သေနာကထံ ဘယကထံ ယုဒ္ဓကထံ အန္နကထံ ပါနကထံ ဝတ္ထကထံ သယနကထံ မာလာကထံ ဂန္ဓကထံ ဉာတိကထံ၊**

**ယာနကထံ ဂါမကထံ နိဂမကထံ နဂရကထံ ဇနပဒကထံ ဣတ္ထိကထံ ပုရိသကထံ ကုမာရကထံ ကုမာရိကထံ သူရကထံ ဝိသိခါကထံ ကုမ္ဘဋ္ဌာနကထံ ပုဗ္ဗပေတကထံ နာနတ္တကထံ လောကက္ခာယိကံ သမုဒ္ဒက္ခာယိကံ ဣတိဘဝါဘဝကထံ၊ ဣတိဝါ။**

ယထာဝါပနေ၊ တနည်းသော်ကား။ သမဏဗြာဟ္မဏာ၊ ကိလေသာငြိမ်းကြ သမဏအမည်ရ, ကိလေသာမှအပ ပြဟ္မဏအမည်ရကုန်လျက်။ ဧကေ ဘောန္တော၊ အချို့သော အရှင်တို့သည်။ သဒ္ဓါဒေယျာနိ၊ သဒ္ဓါ၍ပေးလှူကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စား၍။ တေ၊ ထိုအရှင်တို့သည်။ ဝေရူပံ၊ ဤသို့သဘောရှိသော။ တိရစ္ဆာနကထံ၊ မဂ်,ဖိုလ် နိဗ္ဗာန်နှင့် ဗိလာကန့်လန့် ဆန့်ကျင်သောစကားကို။ အနုယုတ္တာ၊ ပြောဆိုကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ဣဒံ၊ ဤသို့ပြောဆိုနေကြခြင်းသည်။ သေယျထာ ကတမံ၊ အဘယ်စကားတို့ပေနည်း။

ရာဇကထံ မင်းစကား။ စောရကထံ၊ ခိုးသူစကား။ မဟာမတ္တကထံ၊ အမတ်စကား။ သေနာကထံ၊ စစ်စကား။ ဘယကထံ၊ ဘေးစကား။ ယုဒ္ဓကထံ၊ စစ်တိုက်စကား။ အန္နကထံ၊ ထမင်း,ဟင်းစကား။ ပါနကထံ၊ အဖျော်စကား။ ဝတ္ထကထံ၊ အဝတ်စကား။ သယနကထံ၊ အိပ်ရာ, နေရာစကား။ မာလာကထံ၊ ပန်းစကား။ ဂန္ဓကထံ၊ နံ့သာစကား။ ဉာတိကထံ၊ ဆွေမျိုးစကား။

ယာနကထံ၊လှည်းယာဉ်စကား။ ဂါမကထံ၊ရွာစကား။နိဂမကထံ၊ နိဂုံးစကား။ နဂရကထံ၊ မြို့စကား။ ဇနပဒကထံ၊ ဇနပုဒ်စကား။ ဣတ္ထိကထံ၊မိန်းမစကား။ ပုရိသကထံ၊ ယောကျ်ားစကား။ ကုမာရကထံ၊ လုလင်စကား။ ကုမာရိကထံ၊ အပျိုစကား။ သူရကထံ၊ သူရဲကောင်းစကား။ ဝါ-သုရာကထံ၊သေရည်သေရက်စကား။ ဝိသိခါကထံ၊လမ်းစကား။ ကုမ္ဘဋ္ဌာနကထံ၊ ရေဆိပ်, ကုန်းဆိပ်, ရေခပ်ဆိပ်စကား။ ပုဗ္ဗပေတကထံ၊သေဘူးသူစကား။(သေပြီးသောသူစကား။) နာနတ္တကထံ၊ အထူးထူးစကား။ လောကက္ခာယိကံ၊ လောကကို ပြောကြားသော စကား။ သမုဒ္ဒက္ခာယိကံ၊ သမုဒ္ဒရာကို ပြောကြားသောစကား။ ဣတိဘဝါဘဝကထံ၊ဤဘဝ,ထိုဘဝစကား။ ဣတိဝါ ဣတိ၊ ဤသို့ ပြောဆိုခြင်းပေတည်း။

**ယထာဝါပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဝေရူပံ ဝိဂ္ဂါဟိကကထံ အနုယုတ္တာ ဝိဟရန္တိ။**

**သေယျထိဒံ၊န တွံ ဣမံ ဓမ္မဝိနယံ အာဇာနာသိ၊အဟံ ဣမံ ဓမ္မဝိနယံ အာဇာနာမိ။ ကိံ တွံ ဣမံ ဓမ္မဝိနယံ အာဇာနိဿတိ။**

**မိစ္ဆာပဋိပန္နော တွမသိ၊အဟမသ္မိ သမ္မာပဋိပန္နော။ သဟိတံ မေ၊အသဟိတံ တေ။ပုရေ ဝစနီယံ ပစ္ဆာ အဝစ၊ ပစ္ဆာ ဝစနီယံ ပုရေ အဝစ။အဝိစိဏ္ဏံ တေ ဝိပရာဝတ္တံ၊အာရောပိတော တေ ဝါဒေါ နိဂ္ဂဟိတောသိ၊စရ ဝါဒ ပမောက္ခာယ၊ နိဗ္ဗေဌေဟိ ဝါ သစေ ပဟောသိ ဣတိဝါ။**

ယထာဝါပန၊ တနည်းသော်ကား။ သမဏဗြာဟ္မဏာ၊ကိလေသာငြိမ်းကြ သမဏအမည်ရ, ကိလေသာမှအပ ဗြာဟ္မဏအမည်ရကုန်လျက်။ ဧကေ ဘောန္တော၊အချို့သော အရှင်တို့သည်။ သဒ္ဓါဒေယျာနိ၊ သဒ္ဓါ၍ ပေးလှူကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စား၍။ တေ၊ထိုအရှင်တို့သည်။ ဝေရူပံ၊ဤသို့ သဘောရှိသော။ ဝိဂ္ဂါဟိကကထံ၊သူမခံနိုင် နှုတ်ငြင်းစကားကို။ အနုယုတ္တာ၊ ပြောဆိုကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ဣတိ၊ ဤသို့ ပြောဆို၍ နေခြင်းသည်။ သေယျထာ ကတမံ၊အဘယ်နည်း။

ဌာပံ ဓမ္မဝိနယံ၊ ဤသုတ်,အဘိဓမ္မာ,ဝိနည်းကို။ န တွံ အာဇာနာသိ၊ နင်မသိ။ဌာပံ ဓမ္မဝိနယံ၊ဤသုတ်,အဘိဓမ္မာ,ဝိနည်းကို။ အဟံ အာဇာနာမိ ငါသိ၏။ဌာပံ ဓမ္မဝိနယံ၊ဤသုတ်,အဘိဓမ္မာ,ဝိနည်းကို။ကိံ တွံ အာဇာနိဿတိ၊ အဘယ်ကြောင့် နင် သိပါအံ့နည်း။

တွံ မိစ္ဆာပဋိပန္နော အသိ၊ နင် အကျင့်မှားဖြစ်၏။ အဟံ သမ္မာပဋိပန္နော အသ္မိ၊ ငါအကျင့်မှန်၏။မေ သဟိတံ၊ ငါ့မှာ အကျိုးရှိ၏။ တေ အသဟိတံ၊နင့်မှာ အကျိုးမရှိ။ပုရေ ဝစနီယံ၊ရှေးဦးစွာ ငါ ဆိုပြီးသော စကားကို။ပစ္ဆာ အဝစ၊သံယောင်လိုက်ရ နင်နောက်မှဆို၏။ ပစ္ဆာ ဝစနီယံ၊သံယောင်လိုက်ရ နင် နောက်မှဆိုသော စကားကို။ပုရေ အဝစ၊ ရှေးဦးစွာ ငါ ပြောဆိုပြီးပြီ။ တေ ဝိပရာဝတ္တံ၊ ဘောက်ပြန် မှားယွင်းနင့်စကားဖျင်းသည်၊တေ အဝိစိဏ္ဏံ၊နင်အားနင့်မှာ၊အလေ့အလာမဖြစ်။ ဝါဒေါ၊အပြစ်ဒေါသ အယူဝါဒကို။ တေ အာရောပိတော၊နင့်အပေါ်သို့ပင် ငါအပြစ်တင်ပြီ။ နိဂ္ဂဟိတော တွံ အသိ၊ ငါနှိပ်စက်အပ်သူပင် နင်ဖြစ်၏။ဝါဒ ပမောက္ခာယ၊ အပြစ်ဒေါသ အယူဝါဒမှ လွတ်ခြင်းငှါ။ စရ၊ ဆရာအများထံ နည်းခံသင်ကြား နင် သွားဦးလော။ သစေ ဝါ ပဟောသိ၊ ယခုတကယ် နင်စွမ်းနိုင်သည်လည်း ထင်အံ့။ နိဗ္ဗေဌေဟိ၊ အပြစ်ကိုပြု ဝါဒကိုပယ် ပရိယာယ်နှင့်စီး ငါလိမ့်သည်းအောင် နည်းတထောင်ထွက် နင်နှိပ်စက်လော။ ဣတိဝါ ဣဒံ၊ ဤသို့ပြောဆို၍နေခြင်းတည်း။ ။ဤ ဆိုအပ်ပြီးသော စကားသည်ကား၊ရဟန်း,ရှင်,လူ သူခပ်သိမ်းတို့ မပြောဟောအပ်သော စကားများပေတည်း။

မပြောမဆိုအပ်သော တိရစ္ဆာနကထာကို ပြဆိုချက် ပြီး၏။

---

ပြောဆိုအပ်သော ဒသကထာ ဝတ္ထုကို ပြဆိုခြင်း၊

သာစ ခေါ အယံ အာနန္ဒ ကထာ အဘိသလ္လေခိကာ စေတော ဝိဝရဏသပ္ပါယာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သေယျထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ အသံသဂ္ဂကထာ သီလကထာ ပဝိဝေကကထာ ဝီရိယာရမ္ဘကထာ သမာဓိကထာ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏ ဒဿန ကထာတိ။

အာနန္တ၊ချစ်သား အာနန္ဒာ။သာစ ခေါ် အယံကထာ၊ထိုစကားသည်။ အဘိသလ္လေခိကာ၊ ကိလေသာခေါင်းပါးခြင်းနှင့် စပ်ယှဉ်သည်ဖြစ်၍။ စေတော ဝိဝရဏာသပ္ပါယာ၊ ကိလေသာ မရှိသောစိတ် အထူးသဖြင့် ပွင့်လင်းခြင်းငှါ လျှောက်ပတ်သည် ဖြစ်၍။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ် ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ကိလေသာကင်းခြင်းငှါ။ နိရောဓာယ၊ဘဝ တဘာန် ခန္ဓာ,နာမ်,ရုပ် ချုပ်ခြင်းငှါ။ဥပသမာယ၊အနုသယ,ပရိယုဋ္ဌာန် တဘာန်ငြိမ်းခြင်းငှါ။ အဘိညာယ၊ဝိပဿနာဉာဏ်ဖြင့် သစ္စာလေးပါး ကို သိခြင်းငှါ။ သမ္ဗောဓာယ၊မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်း ငှါ။ နိဗ္ဗာနာယ၊နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ဖြစ်၏။

ဆုဒ်၊ ဤသို့ ဝိပဿနာ မဂ်, ဖိုလ်, နိဗ္ဗာန် အကျိုးငှါ ဖြစ်ခြင်းသည်။ သေယျထာ ကတမံ၊ အဘယ်နည်း။ အပ္ပိစ္ဆကထာ၊ ပစ္စည်း,လာဘ် လာဘ ဂုဏ်ပကာသနကို အလိုနည်းအောင် ပြောဟောသောစကား။ သန္တုဋ္ဌိကထာ၊ ရရသမျှနှင့် တင်းတိမ်အားရ မျှတ ရောင့်ရဲအောင် ဟောပြောသောစကား။အသံသဂ္ဂကထာ၊လူတို့နှင့်ရောနှောဆက်ဆံမှု, လူတို့နှင့်တိုင်ပင် ညှိနှိုင်းမှု မပြုအောင် ဟောပြောသောစကား။သီလ ကထာ၊သီလစကား။ ပဝိဝေကကထာ၊ အပေါင်းအဖော်နှင့် ကင်း၍ ကိုယ် တကိုယ်တည်း ဆိတ်ဆိတ် နေသော - ကာယဝိဝေက၊ နီဝ ရဏာနှင့်ကင်း၍ စိတ်တခုတည်း ဆိတ်ဆိတ်နေသော - စိတ္တဝိဝေက၊ ခန္ဓာထိုက်သော ရုပ်,နာမ်အာရုံနှင့်ကင်း၍ နိဗ္ဗာန်အာရုံ တအာရုံတည်း ဆိတ်ဆိတ်နေသော-ဥပဓိဝိဝေကကို ပြောဟောသောစကား။

ဝီရိယာရမ္ဘကထာ၊သမထ,ဝိပဿနာကို အားထုတ်အောင် ပြော ဟောသောစကား။သမာဓိကထာ၊ဈာန်သမာပတ်ကိုပြောဟောသော စကား။ပညာကထာ၊သုတမယပညာ, စိန္တာမယပညာ,ဘာဝနာမယ ပညာကိုဟောပြောသောစကား။ ဝိမုတ္တိကထာ၊ မဂ်, ဖိုလ် နိဗ္ဗာန်ကို ပြောဟောသောစကား။ ဝိမုတ္တိဉာဏဒဿနကထာ၊ မဂ်,ဖိုလ် နိဗ္ဗာန် ကိုရသော အရိယာတို့၏ မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၊ဖိုလ်ကို ထင်ခြင်သော ပစ္စဝေက္ခဏာ၊နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၊ကြွင်းသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာကို ပြော ဟော သော စကား။ ဣတိဆုဒ်၊ ဤသို့ ပြောဆို၍ နေခြင်းတည်း။

ထို့ကြောင့် မပြောဆိုအပ်သော တိရစ္ဆာနကထာစကား၊ ပြောသင့် ပြောထိုက်သော ဒသကထာ ဝတ္ထုစကားတို့ကို၊ ကျမ်းဂန်လာတိုင်း သတိပြုဘို့ သိမှုကြီး တခုပေတည်း။

ပြောဆိုအပ်သော ဒသကထာဝတ္ထုကို ပြဆိုချက်ပြီး၏။

---

ပါဠိတော်နှင့် အဋ္ဌကထာကို ရှင်းလင်းစွာ ပြဆိုခြင်း

**ဧ.ဝမဿာသ ပဿာသဝသေန ကာယာနုပဿနံ ဝိဘဇိတွာ ဣဒါနိ ဣရိယာပထဝသေန ဝိဘဇိတုံ ပုနစပရန္တိ အာဒိ.မာဟ။**

**တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊န ပနေ.တံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ။**

**ဧဝရူပ.ဉှိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ အတ္တသညံ န ဥဂ္ဃာဋေတိ၊ကမ္မဋ္ဌာနံဝါ သတိပဋ္ဌာနဘာဝနာဝါ န ဟောတိ။**

**ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ အတ္တသညံ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ။**

**ဣဒ.ဉှိ ကော ဂစ္ဆတိ၊ကဿ ဂမနံ၊ကိံကာရဏာ ဂစ္ဆတီ.တိ ဧဝံ သမ္ပဇာနနံ သန္ဓာယ ဝုတ္တံ။ဌာနာဒီသုပိ ဧသေဝနယော။ပ။**

**တသ္မာ ဧဝံ ဟေတုပစ္စယဝသေနေဝ ပဝတ္တာနိ ဂမနာဒီနိ သလ္လက္ခေန္တော သော ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတောဝါ၊ နိသိန္နောဝါ၊ သယာနောဝါ သယာနောမှီ.တိ ဝေဒိတဗ္ဗော။**

သတိပဋ္ဌာန်အလာ ဝိပဿနာနည်း နှလုံးသွင်းပုံနှင့်၊ စတုဓာတု ဝဝတ္ထာန် နှလုံးသွင်းပုံ၊ အဋ္ဌကထာဘွင့်၍ မတူကြပုံကို သိသာရုံမျှ ရေးသားလိုက်ဦးမည်။

ဧဝံ၊ ဤသို့။ အဿာသ ပဿာသ ဝသေန၊ ထွက်သက်,ဝင်သက်၏ အစွမ်းအားဖြင့်။ ကာယာနုပဿနံ၊ ကာယာနုပဿနာကို။ ဝိဘဇိတွာ၊ ဘွင့်ပြီး၍။ (ဝေဘန်ပြီး၍) ဣဒါနိ၊ ယခု။ ဣရိယာပထဝသေန၊ ဣရိယာပုထ်၏အစွမ်းအားဖြင့်။ ဝိဘဇိတုံ၊ ဘွင့်ခြင်းငှာ။ (ဝေဘန်ခြင်းငှာ) ပုနစ

ပရိတ္တအာဒိဝစနံ၊ ပုနစပရံ-ဤသို့အစရှိသော စကားကို။အာဟ၊ဟော
တော်မူပြီ။

တတ္ထဝစနေ၊ ထိုစကား၌။ သောဏသိင်္ဂါလာဒယောပိ၊ အိမ်ခွေး, တောခွေး အစရှိသော ပုထုဇန်တို့သည်လည်း။ဂစ္ဆန္တာ၊သွားကြကုန် သည်ရှိသော်။ ဂစ္ဆာမာတိ၊ ငါတို့ သွားကြကုန်၏ဟု။ ကာမံဇာနန္တိ၊ တကယ်သိကြကုန်၏။ ပန တထာပိ၊ထိုသို့ တကယ်ပင်သိကြကုန်သော် လည်း။ ဧဝရူပံ၊ ဤသို့ အိမ်ခွေး,တောခွေး စသော ပုထုဇန်ကန်းတို့ သိသော သဘောရှိသော။ ဇာနနံ၊ သိခြင်းကို။ သန္ဓာယ၊ ရည်၍။ ဧတံ၊ ဤ ဣရိယာပုထ် ၄-ပါးကို။ န ဝုတ္တံ၊ မဟောအပ်။ (ဟောသည်မဟုတ်)

ဟိသစ္စံ၊ မှန်၏။ ဧဝရူပံ၊ ဤသို့ အိမ်ခွေး, တောခွေး စသော ပုထုဇန် ကန်းတို့သိသော သဘောရှိသော။ ဇာနနံ၊ သိခြင်းသည်။သတ္တူပလဒ္ဓိံ၊ သတ္တဝါဟူသော အယူကို။ န ပဇဟာတိ၊ မစွန့်။ အတ္တသညံ၊ငါဟူသော အမှတ်ကို။ န ဥဂ္ဃာဋေတိ၊ မခွါ။ ကမ္မဋ္ဌာနံဝါ၊ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းသည်လည်း။ န ဟောတိ၊မဖြစ်။ သတိပဋ္ဌာန ဘာဝနာဝါ၊ ဝိပဿနာ သတိပဋ္ဌာန် ဘာဝနာသည်လည်း။ န ဟောတိ၊ မဖြစ်။

ဣမဿ ပန ဘိက္ခုနော၊ ဣရိယာပုထ် ၄-ပါးကို အားထုတ်သော ဤရဟန်း၏။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါ ဟူသော အယူကို။ ပဇဟာတိ၊ စွန့်၏။ အတ္တသညံ၊ ငါဟူသောအမှတ်ကို။ ဥဂ္ဃာ ဋေတိ၊ ခွါ၏။ ကမ္မဋ္ဌာနဉ္စေဝ၊ စတု ဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းသော် လည်း။ ဟောတိ၊ ဖြစ်၏။ သတိပဋ္ဌာန ဘာဝနာစ၊ ဝိပဿနာ သတိ ပဋ္ဌာန် ဘာဝနာသော်လည်း။ ဟောတိ၊ ဖြစ်၏။

[ကမ္မဋ္ဌာနပုဒ်ဖြင့် စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ယူအပ်၏။သတိပဋ္ဌာန ဘာဝနာပုဒ်ဖြင့် ဝိပဿနာကို ယူအပ်၏။ထိုကမ္မဋ္ဌာန်း,ဝိပဿနာ ၂-ပါးတို့တွင် စတုဓာတုဝဝတ္ထာန်နည်း ကမ္မဋ္ဌာန်းအဘွင့်။]

ကော၊အဘယ်သူသည်။ ဂစ္ဆတိ၊သွားပါအံ့နည်း။ ကဿ၊အဘယ် သူ၏။ ဂမနံ၊ သွားခြင်းဟုတ်ပါအံ့နည်း။ ကာရဏာ၊ စိတ္တဇဝါယော ဓာတ်ကြောင့်။ ဂစ္ဆတိ ကိံ၊ သွားသည် မဟုတ်လော။ ဣတိ ဧဝံ သမ္ပ ဇာနနံ၊ ဤသို့သော ဆင်ခြင်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဣဒံ ဂမနံ၊ ဤ သွားခြင်းကို။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း-စသည်တို့၌လည်း။ ဧသေ ဝနယော၊ ဤနည်းလျှင် နည်းရှိ၏။ပ။

တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤသို့။ ပောတုပဋ္ဌာယဝသေနေဝ၊ အကြောင်းပနည်း၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တာဒိနိ၊ ဖြစ်ကုန်သော။ ဂမနာဒိနိ၊ သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်းတို့ကို။ သလ္လက္ခေန္တော၊ မှတ်သည်ရှိသော်။ ဧသ-ဧသော ဘိက္ခု၊ ဤရဟန်းသည်။ ဂစ္ဆန္တော ဝါ၊ သွားသော်လည်း။ ဂစ္ဆာမီတိ၊ သွား၏ဟု။ ပဇာနာတိ၊ သိ၏။ ဌိတော ဝါ၊ ရပ်သော်လည်း။ ဌိတောမှီတိ၊ ရပ်၏ဟု။ ပဇာနာတိ၊ သိ၏။ နိသိန္နော ဝါ၊ ထိုင်သော်လည်း။ နိသိန္နောမှီတိ၊ ထိုင်၏ဟု။ ပဇာနာတိ၊ သိ၏။ သယာနော ဝါ၊ အိပ်သော်လည်း။ သယာနောမှီတိ၊ အိပ်၏ဟု။ ပဇာနာတိ၊ သိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤအနက်နည်းသည်၊ ခါတ်ကိုသာ ဆင်ခြင်သောကြောင့်၊ စတုခါတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းနည်းသာ ဖြစ်၏။ ဝိပဿနာ သတိပဋ္ဌာန် ဘာဝနာနည်းမဟုတ်။ မဟုတ်သောကြောင့်ပင်လျှင် သစ္စာထင်သော ကာလ၊ ဣရိယာပုထ်ဖြစ်သော သွား, ရပ်, ထိုင်, လျောင်းဆိုတဲ့ ရုပ်အပေါင်း၊ သွားလို, ရပ်လို, ထိုင်လို, အိပ်လိုသော စိတ်အပေါင်းကို ဒုက္ခသစ္စာ မကောက်မူ၍၊ ဣရိယာပုထ် ၄-ပါးကို သိမ်းဆည်းဆင်ခြင်သော သတိအပေါင်းကိုသာ ဒုက္ခသစ္စာဟု ကောက်ယူလေ၏။

**ဣဓပန စတုဣရိယာပထ ပရိဂ္ဂါဟိကာ သတိ ဒုက္ခသစ္စံ၊ တဿာ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ၊ ဒုက္ခံ ပရိဇာနနော သမုဒယံ ပဇဟနော နိရောဓာရမ္မဏော အရိယမဂ္ဂေါ မဂ္ဂ သစ္စံ။ ဧဝံ စတုသစ္စဝသေန ဥဿက္ကိတွာ နိဗ္ဗုတိ ံ ပါပုဏာတိ၊ ဣဒံ မေကဿ စတုဣရိယာပထပရိဂ္ဂါဟကဿ ဘိက္ခုနော ယာဝ အရဟတ္တာ နိယျာနမုခန္တိ။ ။**

(သတိပဋ္ဌာနဘာဝနာနည်း ဝိပဿနာအဘွင့်)

ဣဓ ပန အတ္တ နယော၊ ဤ အနက် နည်း၌ကား။ စတုဣရိယာပထ ပရိဂ္ဂါဟိကာ၊ ဣရိယာပုထ် ၄-ပါးကို သိမ်းဆည်းဆင်ခြင်သော။ သတိ၊ သတိသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ တဿာ သတိယာ၊ ထိုသတိ ကို။ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော။ ပုရိမတဏှာ၊ ရှေးရှေးဘဝက တဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ဥဘိန္နံ၊ ဒုက္ခ,သမု ဒယ ၂-ပါးစုံတို့၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ နိရောဓသစ္စံ၊ နိရောဓ

သစ္စာမည်၏။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနနေ၊ ပိုင်းခြားသော။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဇဟာနေ၊ ပယ်သော။ နိရောဓံ၊ နိရောဓာရုံပြုသော၊ နိဗ္ဗာန်ကို အာရုံပြုသော။ အရိယမဂ္ဂေါ၊ အရိယာမဂ်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မည်၏။

ဧဝံ၊ ဤသို့။ စတုသစ္စဝသေန၊ ၄-ပါးသော သစ္စာ၏အစွမ်းအားဖြင့်။ ဥဿက္ကိတွာ၊ ဝိပဿနာဉာဏ်ဖြင့် မဂ်တိုင်အောင် အဆင့်ဆင့်တက်၍။ နိဗ္ဗုတိံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်၏။ဣတိ ဣဒံ နိယျာနမုခံ၊ ဤသို့သော ထွက်မြောက်ကြောင်းသည်။ ဧကော၊ တယောက်သော။ စတုဣရိယာပထ ပရိဂ္ဂါဟကာယ၊ ဣရိယာပုထ် ၄-ပါးကို သိမ်းဆည်းဆင်ခြင်သော။ ဘိက္ခုနော၊ ရဟန်း၏။ ယာဝ အရဟတ္တာ၊ အရဟတ္တမဂ်တိုင်အောင်။ နိယျာနမုခံ၊ ထွက်မြောက်ကြောင်းတည်း။

ပါဠိတော်နှင့် အဋ္ဌကထာကို ရှင်းလင်းစွာ ပြဆိုချက် ပြီး၏။

## သမ္ပဇည ၄-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း

ဝိပဿနာနည်းသည်၊ သမထဝိပဿနာယာနိကနည်း၊သုဒ္ဓဝိပဿနာ ယာနိကနည်းအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ယခုဆိုအပ်ပြီးသော ဣရိယာပထအတွင့်၊ နောက် ဆိုလတ္တံ့သော သမ္ပဇညအတွင့် အဋ္ဌကထာနည်းသည်၊ သမထဝိပဿနာ ယာနိကနည်းသာဖြစ်၏။ သုဒ္ဓဝိပဿနာ ယာနိကနည်း မဟုတ်။ မြတ်စွာ ဘုရား ဟောတော်မူသော သတိပဋ္ဌာန်ပါဠိတော်နည်းသည်၊ သုဒ္ဓဝိပဿနာ ယာနိကနည်းသာဖြစ်၏။သမထဝိပဿနာ ယာနိကနည်း မဟုတ်။သို့ကြောင့် သွား,သွားတယ်၊ရပ်,ရပ်တယ်၊ထိုင်,ထိုင်တယ်၊အိပ်,အိပ်တယ်၊ ကြည့်,ကြည့်တယ်၊ ကွေး, ကွေးတယ်၊ ဆန့်, ဆန့်တယ်၊ စား, စားတယ်၊ သောက်,သောက်တယ်၊ကျင်ကြီး စွန့်,စွန့်တယ်၊ကျင်ငယ် စွန့်,စွန့်တယ် ဟု အသိအမှတ်ပြုသော သတိပဋ္ဌာန ဘာဝနာ ဝိပဿနာနည်းသည်၊ ခွေးသိ,ဝက်သိ မဟုတ်၊ လူသိ,ရှင်သိ,ရဟန်းသိပင် ဖြစ်၍၊ မဂ်,ဖိုလ်, နိဗ္ဗာန်တိုင်အောင်၊ ပေါက်ရောက်နိုင်သော ဘုရားဟော သတိပဋ္ဌာန် ပါဠိတော် အတိုင်း၊ သုဒ္ဓဝိပဿနာ ယာနိကနည်းဟု စိတ်ချကျေနပ် အသိအမှတ် ပြုကြပါကုန်။ သုဒ္ဓဝိပဿနာ ယာနိကနည်းမှာ ဘုရား ဟောပြီး ဖြစ်၍၊ အဋ္ဌကထာဆရာ မဘွင့်ပြတော့ပေ။

**တတ္ထ သာတ္ထကသမ္ပဇညံ သပ္ပါယသမ္ပဇညံ ဂေါစရသမ္ပဇညံ အသမ္မောဟသမ္ပဇည·န္တိ စတုဗ္ဗိဓံ သမ္ပဇညံ။ တတ္ထ အဘိက္ကမနစိတ္တေ ဥပ္ပန္နေ စိတ္တဝသေနေဝ အဂန္တွာ ကိံ နု မေ ဧတ္ထ ဂတေန အတ္ထော အတ္ထိ နတ္ထီ·တိ အတ္ထာနတ္ထံ ပရိဂ္ဂဏှိတွာ အတ္ထ ပရိဂ္ဂဟဏံ သာတ္ထကသမ္ပဇညံ။**

**တတ္ထစ အတ္ထောတိ စေတိယဒဿန ဗောဓိဒဿန သံဃဒဿန ထေရဒဿန အသုဘဒဿနာဒိဝသေန ဓမ္မတော ဝဍ္ဎိ။**

တတ္ထဝစနေ၊ ထိုသမ္ပဇာနကာရီ ဟူသော စကား၌။ သမ္ပဇညံ၊ သမ္ပဇညသည်။ သာတ္ထကသမ္ပဇညံ၊သာတ္ထကသမ္ပဇည၊ သပ္ပါယသမ္ပဇညံ၊ သပ္ပါယသမ္ပဇည၊ ဂေါစရသမ္ပဇညံ၊ဂေါစရသမ္ပဇည၊ အသမ္မောဟသမ္ပဇညံ၊ အသမ္မောဟသမ္ပဇည။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။ တတ္ထ၊ ထို လေးပါးတို့တွင်။ အဘိက္ကမနစိတ္တေ၊ သွားလိုသော စိတ်သည်။ ဥပ္ပန္နေ၊ဖြစ်သည်ရှိသော်။ စိတ္တ ဝသေ နေဝ၊ စိတ်၏အစွမ်း အားဖြင့် သာလျှင်။ အဂန္တွာ၊ ပြန်လာခဲ့၍။ ဧတ္ထ၊ ဤအရပ်သို့။ ဂတေန၊သွားသဖြင့်။ မေ၊ငါ့အား။ အတ္ထော၊အကျိုးသည်။ အတ္ထိနုကိံ၊ ရှိသလော။ နတ္ထိနုကိံ၊ မရှိသလော။ ဣတိ၊ဤသို့။ အတ္ထာနတ္ထံ၊ ကျိုးရှိ, ကျိုးမဲ့ကို။ ပရိဂ္ဂဏှိတွာ၊ဆင်ခြင်ပြီး၍။ အတ္ထပရိဂ္ဂဟဏံ၊အကျိုးကိုသာ ဆင်ခြင်ခြင်းသည်။သာတ္ထကသမ္ပဇညံ၊သာတ္ထကသမ္ပဇညမည်၏။

တတ္ထစ၊ ထိုသို့ ဆင်ခြင်ရာ၌လည်း။ အတ္ထောတိ၊ အကျိုးမည်သည်ကား။ စေတိယဒဿန, ဗောဓိဒဿန, သံဃဒဿန, ထေရဒဿန, အသုဘဒဿနာဒိ ဝသေန၊စေတီကို ဖူးမြင်ခြင်း,ဗောဓိကို ဖူးမြင်ခြင်း, သံဃာကို ဖူးမြင်ခြင်း,မထေရ်ကို ဖူးမြင်ခြင်း, အသုဘရှုခြင်း စသည်တို့၏ အစွမ်းအားဖြင့်။ ဓမ္မတော၊သမထဝိပဿနာ အားဖြင့်။ဝဍ္ဎိ၊ကြီးပွားခြင်းသည်။ အတ္ထော၊ အကျိုးမည်၏။

**တသ္မိံပန ဂမနေ သပ္ပါယာ သပ္ပါယံ ပရိဂ္ဂဏှိတွာ သပ္ပါယပရိဂ္ဂဟဏံ သပ္ပါယသမ္ပဇညံ။**

စေတိယဒဿနံ တာဝ သာတ္ထကံ၊ အန္တရာယော ဟောတိ၊ ဧဝံ တံ ဌာနံ အသပ္ပါယံ ဟောတိ၊ အန္တရာယာဘာဝေ သပ္ပါယံ၊ ဗောဓိဒဿနေပိ ဧသေဝ နယော။

သံဃဒဿနံပိ သာတ္ထကံ၊ အန္တရာယော စ ဟောတိ၊ ဧဝံ တံ ဌာနံ အသပ္ပါယံ၊ အန္တရာယာဘာဝေ သပ္ပါယံ၊ ထေရာနံ ဒဿနေပိ ဧသေဝနယော။

အသုဘဒဿနံပိ သာတ္ထကံ၊ ဧဝံ သာတ္ထကံပိ ပနေ၊တံ ပုရိသဿ မာတုဂါမာသုဘံ အသပ္ပါယံ၊ မာတုဂါမဿ ပုရိသာသုဘံ သဘာဂမေဝ သပ္ပါယန္တိ ဧဝံ သပ္ပါယ ပရိဂ္ဂဟဏံ သပ္ပါယ သမ္ပဇညံ နာမ။

တသ္မိံပန ဂမနေ၊ ထိုသို့သွားရာ၌။သပ္ပါယာ သပ္ပါယံ၊ လျောက်ပတ်, မလျောက်ပတ်ကို။ ပရိဂ္ဂဏှိတွာ၊ ဆင်ခြင်ပြီး၍။ သပ္ပါယ ပရိဂ္ဂဟဏံ၊ လျောက်ပတ်သည်ကိုသာ ဆင်ခြင်ခြင်းသည်။သပ္ပါယ သမ္ပဇညံ၊သပ္ပါယ သမ္ပဇညမည်၏။

စေတိယ ဒဿနံ၊ စေတီကို ဖူးမြင်ခြင်းသည်။ တာဝ သာတ္ထကံ၊ အကျိုးရှိစေဦး။ အန္တရာယော၊အန္တရာယ်သည်။ ဟောတိ၊ဖြစ်အံ့။ ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။တံ ဌာနံ၊ထိုအရပ်သည်။ အသပ္ပါယံ၊မလျောက်ပတ်သည်။ ဟောတိ၊ဖြစ်၏။

အန္တရာယာဘာဝေ၊ အန္တရာယ်မရှိသော်။ သပ္ပါယံ၊လျောက်ပတ်၏။ ဗောဓိဒဿနေပိ၊ ဗောဓိကို ဖူးမြင်ရာ၌လည်း။ ဧသေဝနယော၊ ဤနည်းပင်တည်း။ သံဃဒဿနံ ပိ၊ သံဃာကို ဖူးမြင်ခြင်းသည်လည်း။ သာတ္ထကံ၊ အကျိုးရှိစေဦး။ အန္တရာယော စ၊ အန္တရာယ်သည်လည်း။ ဟောတိ၊ဖြစ်အံ့။ ဧဝံ၊ ဤသို့ ဖြစ်သည်ရှိသော်၊ တံ ဌာနံ၊ထိုအရပ်သည်။ အသပ္ပါယံ၊မလျောက်ပတ်။ အန္တရာယာဘာဝေ၊အန္တရာယ်မရှိသော်၊ သပ္ပါယံ၊လျောက်ပတ်၏။ ထေရာနံ၊မထေရ်တို့ကို။ ဒဿနေ ပိ၊ ဖူးမြင်ရာ၌လည်း။ ဧသေဝနယော၊ ဤနည်းပင်တည်း။

အသုဘဒဿနံပိ၊အသုဘရှုခြင်းသည်လည်း။ သာတ္ထကံ၊အကျိုးရှိစေဦး။ ဧဝံ သာတ္ထကံပိ၊ ဤသို့ အကျိုးရှိသော်လည်း။ ဧတံ မာတုဂါမာသုဘံ၊ ဤ မာတုဂါမ အသုဘသည်။ ပုရိသဿ၊ ယောကျ်ားအား။ အသပ္ပါယံ၊မလျောက်ပတ်။ ပုရိသာသုဘံ၊ယောကျ်ားအသုဘသည်။

မာတုဂါမသား၊ မာတုဂါမအား။ အ သပ္ပါယံ၊ မလျောက်ပတ်။ သဘာဂ မေဝ၊ သဘောတူ အသုဘာသည်သာလျှင်။ သပ္ပါယံ၊ လျောက်ပတ်၏။ ဣတိဧဝံ၊ ဤသို့။ သပ္ပါယ ပရိဂ္ဂဟဏံ၊ လျောက်ပတ်သည်ကို ဆင်ခြင် ခြင်းသည်။ သပ္ပါယသမ္ပဇည်နာမ၊ သပ္ပါယသမ္ပဇညမည်၏။

**ဧဝံ ပရိဂ္ဂဟိတ သာတ္ထက သပ္ပါယဿ ပန အဋ္ဌတိံ သာယ ကမ္မဋ္ဌာနေသု အတ္တနောရုစိတကမ္မဋ္ဌာနသင်္ခါ တံ ဂေါစရံ ဥဂ္ဂဟေတွာ ဘိက္ခာစာရ ဂေါစရေ တံ ဂဟေတွာ ဂမနံ ဂေါစရသမ္ပဇည်နာမ။**

ဧဝံ၊ ဤသို့။ အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု၊ အာကာသ၊ အာလောကမှ တပါး (၃၈) ပါးသော ကမ္မဋ္ဌာန်းတို့တွင်။ အတ္တနောရုစိတကမ္မဋ္ဌာန သင်္ခါတံ၊ မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော။ ဂေါစရံ၊ အာရုံကို။ ဥဂ္ဂဟေတွာ၊ ပရိကံနိမိတ်မှသွ၍။ ဘိက္ခာစာရ ဂေါစရေ၊ ဆွမ်းခံရာ၌။ တံ ဂေါစရံ၊ ထိုအာရုံကို။ ဂဟေတွာ၊ စိတ်ဖြင့်ယူ၍။ ပရိဂ္ဂဟိတသာတ္ထက သပ္ပါယဿ ပန ဘိက္ခုနော၊ ဆင်ခြင်ပြီးသော သာတ္ထကသပ္ပါယ ရှိသော ရဟန်း၏။ ဂမနံ၊ သွားခြင်းသည်။ ဂေါစရသမ္ပဇည်နာမ၊ ဂေါစရသမ္ပဇညမည်၏။

**အဘိက္ကမာဒီသု ပန အသမ္မုယှနံ အသမ္မောဟသမ္ပဇ ည်၊ တံ ဧဝံ ဝေဒိတဗ္ဗံ။ ဣဓ ဘိက္ခု အဘိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ ယထာ အန္ဓပုထုဇ္ဇနာ၊ အဘိက္ကမာဒီသု အတ္တာ အဘိက္ကမတိ၊ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတော. တိ ဝါ အဟံ အဘိက္ကမာမိ မယာ အဘိက္ကမော နိဗ္ဗတ္တိ တော.တိ ဝါ သမ္မုယှန္တိ။ တထာ အသမ္မုယှန္တော အဘိက္က မာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။**

**ဣတိ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရဂေသန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိ။ တဿ ဧဝံ အဘိက္ကမတော ဧကေကပါဒုဒ္ဓရဏေ ပထဝီဓာတု တေဇောဓာတု သော ကော အဘိက္ကမတိ။ ကဿ ဝါ ကေဿ အဘိက္က မနံ။ ပရမတ္ထတော ဟိ ဓာတူနံယေဝ ဂမနံ၊ ဓာတူနံ ဌာနံ၊**

**ဓာတူနံ နိသဇ္ဇနံ၊ ဓာတူနံ သယနံ စေဝံ အတိက္ကမာဒီသု**
**အသမ္မုယှနံ အသမ္မောဟ သမ္ပဇညံ နာမာတိ။**

အဘိက္ကမာဒီသုပန၊ သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုထ် အဲပေါင်းတို့၌၊ အသမ္မုယှနံ၊ မတွေဝေခြင်းသည်။ အသမ္မောဟသမ္ပဇညံ၊ အသမ္မောဟသမ္ပဇညမည်၏။ တံ၊ ထို အသမ္မောဟသမ္ပဇညကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ကထံ ဝေဒိတဗ္ဗံ၊ အဘယ်သို့သိအပ်သနည်း။ ဣဓ၊ ဤသာသနာတော်၌။ အန္ဓပုထုဇ္ဇနာ၊ ပုထုဇဉ်ကန်းတို့သည်။ အဘိက္ကမာဒီသု၊ သွား,ရပ်,ထိုင်,လျောင်း ဣရိပုထ် ရုပ်အပေါင်းတို့၌။ အတ္တာ၊ ကိုယ်သည်။ အဘိက္ကမတိ၊ သွား၏။ အတ္တနာ၊ ကိုယ်သည်။ အဘိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိ ယထာ၊ တွေဝေကုန်၏သို့။ အဟံ၊ ငါသည်။ အဘိက္ကမာမိ၊ သွား၏။ မယာ၊ ငါသည်။ အဘိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိ ယထာ၊ တွေဝေကုန်၏သို့။ တထာ၊ ထိုအတူ။ အသမ္မုယှန္တော၊ မတွေဝေလိုသည်ဖြစ်၍။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကမန္တော ဝါ၊ သွားသော်ရင်း။ ပဋိက္ကမန္တော ဝါ၊ ပြန်သော်ရင်း။ အဘိက္ကမာမိတိ စိတ္တေ၊ သွားလိုသောစိတ်သည်။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ တေနေဝ စိတ္တေန၊ ထိုသွားလိုသော စိတ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု၊ စိတ္တဇ ဝါယောဓာတ်သည်။ ဝိညတ္တိံ၊ သွားသောဝိညတ်ရုပ်ကို။ ဇနယမာနာ၊ ဖြစ်စေလျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖာရဝသေန၊ စိတ္တဇဝါယောဓာတ် ပျံ့နှံ့သည်၏ အစွမ်းဖြင့်။ ကာယသမ္မတော၊ ကိုယ်ဟု သမုတ်အပ်သော။ အယံ အဋ္ဌိသင်္ဃာတော၊ ဤအရိုးအစုသည်။ အဘိက္ကမတိ၊ သွား၏။ တဿ၊ ထိုသို့သွားရာ၌။ ကော ဧကော၊ အဘယ်သူ တယောက်သည်။ အဘိက္ကမတိ၊ သွားသနည်း။ ကဿဝါ ဧကဿ၊ အဘယ်သူ တယောက်၏လည်း။ အဘိက္ကမနံ၊ သွားခြင်းဟုတ်ပါအံ့နည်း။ ပရမတ္ထတော ဟိ၊ ပရမတ်အားဖြင့်သာလျှင်။ ဓာတူနံယေဝ၊ ဓာတ်တို့၏သာလျှင်။ ဂမနံ၊ သွားခြင်းတည်း။ ဓာတူနံယေဝ၊ ဓာတ်တို့၏သာလျှင်။ ဌာနံ၊ ရပ်ခြင်းတည်း။ ဓာတူနံယေဝ၊ ဓာတ်တို့၏သာလျှင်။ နိသဇ္ဇနံ၊ ထိုင်ခြင်းတည်း။ ဓာတူနံယေဝ၊ ဓာတ်တို့၏သာလျှင်။ သယနံ၊ အိပ်ခြင်းတည်း။

ဇဝံ၊ ဤသို့။ အဘိဏ္ဍမာဒိသု၊ သွား,ရပ်,ထိုင်,လျောင်း-အရိယာပုထ် ရှိပ်အပေါင်းတို့၌။ အ သမ္ပုယ္ဘနံ၊ မတွေဝေခြင်းသည်။ အ သမ္မောဟ သမ္ပဇည်ံနာမ၊အ သမ္မောဟသမ္ပဇည်မည်၏။ ဣတိဇဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

သမ္ပဇည လေးပါးကို ခိုင်းခြား၍ ပြဆိုချက် ပြီး၏။

---

## သဘာဝ ဟုတ်,မဟုတ်ကို မူလပရိယာယသုတ်ဖြင့် ပြဆိုခြင်း

ဤသို့ ဆိုအပ်ပြီးသော စတုဘာတုဝဝဏ္ဏာနက္ကမ္ဗဋ္ဌာန်းကို၊အသမ္မောဟ သမ္ပဇဉ်ဖြင့်၊ ဆင်ခြင်သောနည်းသည်၊ ဣရိယာပုထ် ရှိပ်အာရုံ ဖြစ်ခိုက်,ပျက်ခိုက်မကျ၊ ရှေ့သော်လည်း ကျ၏။ နောက်သော်လည်း ကျ၏။ ရှေ့,နောက်ပင် ကျသော်လည်း၊ ဤသို့ ဆင်ခြင်သော အသမ္မောဟ သမ္ပဇဉ် ဉာဏ်အမြင်ဖြင့်၊ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန် တိုင်အောင်၊ ပေါက်ရောက် နိုင်သော နည်းဟု ယုံကြည်ခြင်းသည်-သဒ္ဓါမည်၏။ နှစ်သက်ခြင်းသည်-ရုစိမည်၏။ ပြောဟောခြင်းသည်-အနုဿဝမည်၏။ အခြင်းအရာကို ကြံဆခြင်းသည်-အာကာရ ပရိဝိတက္ကမည်၏။ ဉာဏ်အမြင်ဖြင့် အခြင်းအရာကို တမိန့်မိန့်ရှု၍ နှစ်သက်ခြင်းသည် ဒိဋ္ဌိနိဇ္ဈာနခန္တီ မည်၏။

ဤသို့ သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနခန္တီ ၅-ပါးကို ဝိပဿနာဉာဏ်မျှ မဟုတ်။ သံယုတ်ပါဠိတော် ဖလပရိယာယသုတ်ဖြင့်၊ ဘုရားပယ်တော်မူအပ်ပြီ။ ဘုရားပယ်သော,မပယ်သော ပြောဟောခွင့်မရှိ၊ သင်ကြားဘူးသော သုတပရိယတ်ကိုမှီ၍ သိ၏ဟု စွတ်တလပင်း အတင်းချံ၊ ငြင်းခုံခိုက်ရန် မာနကြီးထန်လျှင်လည်း၊ မဂ်,ဖိုလ်ရနိုင်ရန်မရှိ၊ မူလပရိယာယသုတ်ကို ကြည့်ရှုပါလေ။

> ပဉ္စသတာ ကိရ ဗြာဟ္မဏာ တိဏ္ဏံဝေဒါနံ ပါရဂူ အပရဘာဂေ ဘဂဝတော ဓမ္မဒေသနံ သုတွာ ကာမေသု အာဒီနဝံ နေက္ခမ္မေစ အာနိသံသံ သမ္ပဿမာနာ ဘဂဝတော သန္တိကေ ပဗ္ဗဇိတွာ န စိရဿေဝ သဗ္ဗံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ ပရိယတ္တိံ နိဿာယ မာနံ ဥပ္ပါဒေသုံ။

**ယံယံ ဘဂဝါ ကထေတိ၊ တံတံ မယံ နိပ္ပမေဝ ဇာနာမ၊ ဘဂဝါ ဟိ တိဏ္ဏိလိင်္ဂါနံ စတ္တာရိ ပဒါနံ သတ္တ ဝိဘတ္တိယော မုဉ္စိတွာ န ကိဉ္စိ ကထေတိ၊ ဧဝံ ကထိတေ စ အမှာကံ ဂဏ္ဌိ ပဒံ နာမ နတ္ထီ တိ။**

**တေ ဘဂဝတိ အဂါရဝါ ဟုတွာ တတော ပဋ္ဌာယ ဘဂဝတော ဥပဋ္ဌာနံပိ ဓမ္မသဝနံ ပိ အဘိဏှံ န ဂစ္ဆန္တိ။ ဘဂဝါ တေသံ တံ စိတ္တာစာရံ ဉတွာ အဘဗ္ဗာ ဣမေ ဣမံ မာနခိလံ အနုပဟစ္စ မဂ္ဂံ ဝါ ဖလံဝါ သစ္ဆိကာတုန္တိ။ တေသံ သုတပရိယတ္တိံ နိဿာယ ဥပ္ပန္နံ မာနံ အနုပ္ပတ္တိံ ကတွာ ဒေသနာ ကုသလော ဘဂဝါ မာနဘဉ္ဇနတ္ထံ သဗ္ဗ ဓမ္မမူလ ပရိယာယန္တိ ဒေသနံ အာရဘိ။**

ပဉ္စသတာ၊ ငါးရာကုန်သော။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ တိဏ္ဏံ ဝေဒါနံ၊ ဗေဒင် ၃-ပုံတို့ကို။ ပါရဂူ၊ ကမ်းတဘက်ရောက် တတ်မြောက်ကုန်သည်ဖြစ်၍။ အပရဘာဂေ၊ နောက်အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနံ၊ ဓမ္မဒေသနာကို။ သုတွာ၊ ကြားနာရ၍။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝံစ၊ အပြစ်ကိုလည်း။ နေက္ခမ္မေ၊ ကာမဂုဏ်မှ ထွက်မြောက်ရခြင်း၌။ အာနိသံသံစ၊ အကျိုးအဆက်ကိုလည်း။ သမ္ပဿမာနာ၊ မြင်ကြကုန်သည်ရှိသော်။ ဘဂဝတော သန္တိကေ၊ မြတ်စွာဘုရား အထံတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ န စိရဿေဝ၊ မကြာမြင့်မီသာလျှင်။ သဗ္ဗံ ဗုဒ္ဓဝစနံ၊ အလုံးစုံသော ဘုရားစကားတော်ကို။ ဥဂ္ဂဏှိတွာ၊ သင်ယူ၍။ ပရိယတ္တိံ၊ ပရိယတ်ကို။ နိဿာယ၊ မှီ၍။ မာနံ၊ မာနကို။ ဥပ္ပါဒေသုံ ကိရ၊ ဖြစ်စေကြကုန်သတဲ့။

ကထံ ဥပ္ပါဒေသုံ၊ အဘယ်သို့ မာနဖြစ်စေကုန်သနည်း။ ယံယံ ဝစနံ၊ အကြင်,အကြင်စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကထေတိ၊ ဟောတော်မူ၏။ တံတံ ဝစနံ၊ ထိုထိုစကားကို။ မယံ၊ ငါတို့သည်။ နိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဇာနာမ၊ သိပါကုန်၏။ ဟိ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တိဏ္ဏိ လိင်္ဂါနံ၊ လိင် ၃-ပါးတို့ကို။ စတ္တာရိ ပဒါနံ၊ ပုဒ် ၄-ပါးတို့ကို။ သတ္တ ဝိဘတ္တိယော၊ ဝိဘတ် ၇-သွယ်တို့ကို။ မုဉ္စိတွာ၊ လွှတ်၍။ ကိဉ္စိ၊ တစုံတခုကို။ န ကထေတိ၊ ဟောတော်မမူ။ ဧဝံ ကထိ

တေ စ၊ ဤသို့ ဟောရာ၌လည်း။ အနုသ္သကော၊ ငါတို့အား။ ဂဏ္ဍုပဒ်နှာမ၊ ခက်ဆစ်,ခက်ရာမည်သည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ မာနံ၊ မာနကို။ ဥပ္ပါဒေသုံ ကိရ၊ ဖြစ်စေကြကုန်သတဲ့။

တေ၊ ထိုပုဏ္ဏား,ရဟန်း ငါးရာတို့သည်။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ အဂါရဝါ၊ အရိုအသေကင်းကုန်သည်။ ဟုတွာ၊ ဖြစ်၍။ တတော ပဋ္ဌာယ၊ ထိုမရိုမသေခြင်း ဖြစ်ပေါ်လာသောအခါမှစ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာနံ ပိ၊ ဆည်းကပ် ခ,စားရာသို့ရင်း။ ဓမ္မဿဝ နံ ပိ၊ တရားနာရာသို့ရင်း။ အဘိဏှံ၊ မပြတ်။ န ဂစ္ဆန္တိ၊ မသွားကြကုန်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ တံ စိတ္တာစာရံ၊ ထိုစိတ်အကျင့်ယုတ်ကို။ ဉတွာ၊ သိတော်မူ၍။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ ဣမံ မာနခိလံ၊ ဤမာနတံသင်းကို။ အနုပဟစ္စ၊ မနုတ် မပယ်မူ၍။ ( မနုတ်မပယ်သည်ရှိသော် )မဂ္ဂံဝါ၊ မဂ်ကိုရင်း။ ဖလံဝါ၊ ဖိုလ်ကိုရင်း။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှါ။ အဘဗ္ဗာ၊မထိုက်ကုန်။ ဣတိ ဉတွာ၊ ဤသို့သိတော်မူ၍။ တေသံ၊ ထိုရဟန်းတို့၏။ သုတပရိယတ္တိံ၊ သုတပရိယတ်ကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နံ၊ ဖြစ်သော။ မာနံ၊ မာနကို။ အဓ္ဓုပ္ပတ္တိံ ကတွာ၊ အကြောင်းပြု၍။ ဒေသနာ ကုသလော၊ ဒေသနာ၌ လိမ္မာတော်မူသော။ဘဂဝါ၊မြတ်စွာဘုရားသခင်သည်။မာနဘဉ္ဇနတ္ထံ၊ မာနကို ချိုးဖဲ့ခြင်းငှါ။ သဗ္ဗဓမ္မမူလပရိယာယန္တိ ဒေသနံ၊ သဗ္ဗဓမ္မမူလ ပရိယာယ်ဟူသော ဒေသနာကို။ အာရဘိ၊ ဟောတော်မူ၏။

**ဝံ တိဏ်လက္ခဏာနိ အာရောပေတွာ ပဋိပါဋိယာ ဝိပဿနံ ပဝတ္တေန္တော သောတာပတ္တိမဂ္ဂံ ပါပုဏာတိ။ ပ။ န ဟိ ဿ တဿိံ သမယေ ဝံ ဟောတိ။ အဟံ ဒုက္ခံ ပရိဇာနာမိ တိ ဝါ။ သမုဒယံ ပဟာနာမိ တိ ဝါ။ နိရော ဓံ သစ္ဆိကရောမိ တိ ဝါ။ မဂ္ဂံ ဘာဝေမိ တိ ဝါ။**

**အပိ စ ခွ ဿ အာရမ္မဏံကတွာ ပဋိဝေဓဝသေန နိရောဓံ သစ္ဆိကရောတော ဝံ တံဉာဏံ ဒုက္ခံ ပရိညာကိစ္စံ ပိ သမုဒယံ ပဟာနကိစ္စံ ပိ မဂ္ဂံ ဘာဝနာကိစ္စံ ပိ ကရော တိယေဝ။ တဿ ဝံ ဥပါယေန ယောနိသော မနသိ ကရောတော တိဏ် သံယောဇနာနိ ပဟိယျန္တိ။**

(မူလပဏ္ဏာသ အဋ္ဌကထာ သဗ္ဗာသဝသုတ်အဘွင့်)

ဇဝံ၊ ဤသို့။ တိကတိလက္ခဏာနှိ၊ သုံးပါးသောလက္ခဏာတို့ကို။ အာ ရောပေတွာ၊ တင်၍။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဝိပဿနံ၊ ဝိပဿ နာကို။ ပဝတ္တေန္တော၊ဖြစ်စေသောသူသည်။ သောတာပတ္တိမဂ္ဂံ၊ သော တာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်၏၊ပ။

ဟိ၊ မထင် ထင်အောင်ပြအံ့၊ တဿ၊ ထိုသူအား။ တသ္မိံသမယေ၊ ထို သောတာပတ္တိမဂ် ကာလ၌။ ဇဝံဉာဏံ၊ ဤသို့သော ဉာဏ်သည်။ န ဟောတိ၊ မဖြစ်။ အဟံ၊ ငါသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာမိ၊ ပိုင်းခြား၏။ ဣတိဝါ ဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။ န ဟောတိ၊ မဖြစ်။အဟံ၊ငါသည်။ သမုဒယံ၊သမုဒယသစ္စာကို။ ပဟာနာမိ၊ပယ်၏။ ဣတိဝါဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။န ဟောတိ၊မဖြစ်။အဟံ၊ ငါသည်။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောမိ၊ မျက်မှောက်ပြု၏။ ဣတိဝါဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။ န ဟောတိ၊မဖြစ်။အဟံ၊ ငါသည်။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝေမိ၊ ပွား၏။ ဣတိဝါဉာဏံ၊ ဤသို့ သော ဉာဏ်သည်လည်း။ န ဟောတိ၊ မဖြစ်။

အပိစ ခေါ၊ စင်စစ်သော်ကား။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ပဋိဝေဓဝသေန၊ ထိုးထွင်းသည်၏ အစွမ်းအားဖြင့်။ နိရောဓံ၊ နိရောဓ သစ္စာကို။ သစ္ဆိကရောတော၊ မျက်မှောက်ပြုသော။ အဿ၊ ဤသူ၏။ ဇဝံ၊ ဤသို့ နိဗ္ဗာန်ကို မျက်မှောက်ပြုသော၊ တံဉာဏံ၊ ထိုသောတာပတ္တိ မဂ်ဉာဏ်သည်။ ဒုက္ခံ၊ဒုက္ခသစ္စာကို၊ ပရိညာကိစ္စဝသေန၊ပိုင်ခြားခြင်းကိစ္စကို လည်း။ ကရောတိယေဝ၊ ပြုသလျှင်ကတည်း။ သမုဒယံ၊ သမုဒယ သစ္စာကို။ ပဟာနကိစ္စဝသေန၊ ပယ်သောကိစ္စကိုလည်း။ ကရောတိယေဝ၊ ပြုသလျှင်ကတည်း။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာကိစ္စဝသေန၊ ပွားသောကိစ္စ ကိုလည်း။ ကရောတိယေဝ၊ ပြုသလျှင်ကတည်း။ ဇဝံ၊ ဤသို့ နိဗ္ဗာန်ကို မျက်မှောက် ပြုသော။ ဥပါယေန ယောနိသော၊သင့်သော မဂ်ဉာဏ် အကြောင်းဖြင့်၊ မနသိကရောတော၊ နိဗ္ဗာန်ဟု နှလုံးသွင်းမိသော။ တဿ၊ထိုသူအား။ တိဏ္ဏံ သံယောဇနာနံ၊သုံးပါးသော သံယောဇဉ် တို့သည်။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။

**အဓိပ္ပါယ်မှာ**၊ ဝိပဿနာဉာဏ်၏ သိမှုကား၊ ဖြစ်ခိုက်, ပျက်ခိုက် သဘာဝ ရုပ်,နာမ်၊ ဖြစ်ခိုက်, ပျက်ခိုက် သဘာဝ ရုပ်, နာမ်၏ ဥပါဒ်, ဌီ,ဘင် သင်္ခတလက္ခဏာကိုသာ သိ၏။ သရုပ်သဘော်အမည် သညာကို သိသော သုတမယဉာဏ်လို မဟုတ်။ မဂ်ဉာဏ်၏ သိမှုကား၊ နိဗ္ဗာန်ကို

သာသိ၏၊ အပ္ပသုတအလိုအားဖြင့်၊ ငါ,မင်္ဂကိုရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ။ ဗဟုဿုတအလိုအားဖြင့်၊ ငါ,မင်္ဂကိုရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိုပယ်ပြီ။ ကြွင်းသော ကိလေသာကို မပယ်ရသေး-ဟု ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်လို မဟုတ်။ ။ဤကား အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

မူလပရိယာယသုတ်ကို ထုတ်နုတ်၍ ပြဆိုခြင်း ပြီး၏။

---

## ဘိန္န-အဘိန္န-သာမညသီလ ၃-ပါးကို ခွဲပြခြင်း

သီလသည် လောကီသီလ, လောကုတ္တရာသီလ အားဖြင့် ၂-ပါး အပြား ရှိ၏။ ထို ၂-ပါးတို့တွင်-

၁–ရှောင်ကြဉ်အပ်သော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, ဝိရမိတဗ္ဗဝတ္ထု အာရုံနှင့် တွေ့ကြုံသောကာလ၊ ငါသည် ရှောင်ကြဉ်ပေအံ့ဟု တွေ့ကြုံသော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ,မိစ္ဆာအာဇီဝ, ဝိရမိတဗ္ဗဝတ္ထုအာရုံကို လောကီစိတ်ဖြင့် ရှောင်ကြဉ်သော သမ္ပတ္တဝိရတိသီလ။ ရှောင်ကြဉ်အပ်သော မိစ္ဆာဝါစာ,မိစ္ဆာကမ္မန္တ,မိစ္ဆာအာဇီဝ,ဝိရမိတဗ္ဗဝတ္ထုအာရုံနှင့် မတွေ့ကြုံသော်လည်း၊ ငါသည် ရှောင်ကြဉ်ပေအံ့ဟု ကျင့်ဝတ်သိက္ခာပုဒ်ကို ဆောက်တည်၍၊ ရှောင်ကြဉ်အပ်သော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, ဝိရမိတဗ္ဗ ဝတ္ထုအာရုံနှင့် မတွေ့မီ လောကီစိတ်ဖြင့် ရှောင်ကြဉ်သော သမာဒါနဝိရတိသီလ။ ဤ သမ္ပတ္တဝိရတိသီလ, သမာဒါနဝိရတိသီလ ၂-ပါးသည်၊ လောကီသီလ မည်၏။

၂–အရိယာ ပုဂ္ဂိုလ်၏ မင်္ဂစိတ်ဖြင့် ရှောင်ကြဉ်ကြောင်း ဖြစ်သော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာ အာဇီဝ , ဝိရမိ တဗ္ဗဟောတု အကုသိုလ် ကမ္မပထစေတနာကို အကြွင်းမဲ့ ပယ်ဖြတ်သော သမုစ္ဆေဒ ဝိရတိ သီလသည်၊ လောကုတ္တရာသီလ မည်၏။

လောကီသီလ, လောကုတ္တရာ သီလ ၂-ပါးတို့တွင်၊ ပုထုဇန်ပင် ဖြစ်စေ,အရိယာပင်ဖြစ်စေ၊ ရဟန်း, ရှင်,လူ ခပ်သိမ်းသော သူတို့၏ လောကီသီလသည်၊ ဘိန္နသီလ, အဘိန္နသီလအားဖြင့် ၂-ပါး အပြား ရှိ၏။ ထို ၂-ပါးတို့တွင်–

၁–ပျက်သော သီလသည်၊ဘိန္နသီလ မည်၏။

၂–မပျက်သော သီလသည်၊အဘိန္နသီလ မည်၏။

ဘိန္နသီလ,အဘိန္နသီလ ၂-ပါးတို့တွင်၊ ဘိန္နသီလသည်၊ ကျိုးသော သီလ, ပေါက်သော သီလ, ကျားသော သီလ, ပြောက်သော သီလ အားဖြင့် ၄-ပါးအပြား ရှိပြန်၏။ ထို ၄-ပါးတို့တွင်—

၁—အကြင်သူ၏ ကျင့်ဝတ်သိက္ခာပုဒ်သည်၊အစ,အဆုံး၌ ပျက်၏။ထို သူ၏ သီလသည် ကျိုးသည် မည်၏။

၂—အကြင်သူ၏ ကျင့်ဝတ်သိက္ခာပုဒ်သည်, အလယ်၌ ပျက်၏။ ထို သူ၏ သီလသည် ပေါက်သည် မည်၏။

၃—အကြင် သူ၏ ကျင့်ဝတ် သိက္ခာပုဒ်သည်၊ ၂-ပါး, ၃-ပါး အစဉ် အတိုင်းပျက်၏။ ထိုသူ၏ သီလသည် ကျားသည်မည်၏။

၄—အကြင်သူ၏ ကျင့်ဝတ် သိက္ခာပုဒ်သည်၊ တချခြား, တချခြား ပျက်၏။ ထိုသူ၏ သီလသည် ပြောက်သည်မည်၏။

> အခဏ္ဍာနီတိ အာဒိသု ယဿ သတ္တသု အာပတ္တိက္ခန္ဓေသု အာဒိမှိ ဝါ အန္တေ ဝါ သိက္ခာပဒံ ဘိန္နံ ဟောတိ၊ တဿ သီလံ ပရိယန္တေ ဆိန္နသာဋကော ဝိယ ခဏ္ဍံ နာမ ဟောတိ။
>
> ယဿ ပန ဝေမဇ္ဈေ ဘိန္နံ၊ တဿ မဇ္ဈေ ဆိဒ္ဒသာဋကော ဝိယ ဆိဒ္ဒံနာမ ဟောတိ။
>
> ယဿ ပန ပဋိပါဋိယာ ဒွေ တီဏိ ဘိန္နာနိ၊ တဿ ပိဋ္ဌိယံ ဝါ ကုစ္ဆိယံ ဝါ ဥဋ္ဌိတေန ဝိသဘာဂဝဏ္ဏေန ကာဠရတ္တာဒီနံ အညတရဝဏ္ဏာ ဂါဝီ ဝိယ သဗလံ နာမ ဟောတိ။
>
> ယဿ ပန အန္တရန္တရာ ဘိန္နာနိ၊ တဿ အန္တရန္တရာ ဝိသဘာဂဗိန္ဒု ဝိစိတြာ ဂါဝီ ဝိယ ကမ္မာသံနာမ ဟောတိ။

(ကောသမ္ဗိကသုတ်အဋ္ဌကထာ)

၁—အခဏ္ဍာနီတိ အာဒိသု၊အခဏ္ဍာနိ ဤသို့ အစရှိသည်တို့၌။ယဿ၊ အကြင်သူ၏။သတ္တသု၊၇-ပါးကုန်သော။အာပတ္တိက္ခန္ဓေသု၊အာပတ်အ စုတို့တွင်။ အာဒိမှိ ဝါ၊ အစ၌သော်၎င်း။ အန္တေ ဝါ၊အဆုံး၌သော်၎င်း။ သိက္ခာပဒံ၊ကျင့်ဝတ်သိက္ခာပုဒ်သည်။ ဘိန္နံ၊ပျက်သည်။ ဟောတိ၊ဖြစ်၏။ တဿ၊ထိုသူ၏။သီလံ၊သီလသည်။ပရိယန္တေ၊အစွန်၌။ ဆိန္နသာဋကော ဝိယ၊ပြတ်သောပုဆိုးကဲ့သို့။ ခဏ္ဍံနာမ၊ကျိုးသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

၂–ယသ္မာပန၊ အကြင်သူ၏ကား။ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာပုဒ်သည်။ဝေမဇ္ဈေ၊အလယ်၌။ဘိန္နံ၊ပျက်သည်။ဟောတိ၊ဖြစ်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ မဇ္ဈေ၊ အလယ်၌။ ဆိဒ္ဒသာဋကောဝိယ၊ ပေါက်သော ပုဆိုးကဲ့သို့။ ဆိဒ္ဒံနာမ၊ပေါက်သည်မည်သည်။ဟောတိ၊ ဖြစ်၏။

၃ -ယဿပန၊အကြင်သူ၏ကား။ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာပုဒ်သည်။ ပဋိပါဋိယာ၊အစဉ်အတိုင်း။ဒွေ တီဏိ ဘိန္နာနိ၊ ၂-ပါး,၃-ပါး ပျက်ကုန်သည်။ ဟောတိ၊ဖြစ်၏။ တဿ၊ ထိုသူ၏။ သီလံ၊သီလသည်။ ပိဋ္ဌိယံဝါ၊ကျော၌သော်ငင်း။ ကုစ္ဆိယံဝါ၊ ဝမ်း၌သော်ငင်း။ ဥဋ္ဌိတေန၊ ပေါက်သော။ ဝိသဘာဂဝဏ္ဏေန၊ သဘောမတူသော အဆင်းဖြင့်။ ကာဠရတ္တာဒိနံ၊ အမည်း,အနီ-စသည် တို့တွင်။ အညတရ ဝဏ္ဏဂါဝိ ဝိယ၊ တပါးပါးသော အဆင်းရှိသော နွားမကဲ့သို့။ သဗလံနာမ၊ ကျားသည်မည်သည်။ ဟောတိ၊ဖြစ်၏။

၄ - ယဿပန၊ အကြင်သူ၏ကား။ သိက္ခာပဒံ၊ကျင့်ဝတ် သိက္ခာပုဒ်သည်။ အန္တရန္တရာဘိန္နာနိ၊တချခြား,တချခြားပျက်ကုန်သည်။ဟောတိ၊ ဖြစ်၏။ တဿ၊ထိုသူ၏။ သီလံ၊သီလသည်။အန္တရန္တရာ ဝိသဘာဂ ဗိန္ဒု ဝိစိတြာ ဂါဝီဝိယ၊ အကြား,အကြား၌ သဘောမတူသော အပြောက် ဖြင့် ဆန်းကြယ်သော နွားမကဲ့သို့။ ကမ္မာသံနာမ၊ ပြောက်သည်မည် သည်။ ဟောတိ၊ဖြစ်၏။

အဘိန္နသီလသည်ကား၊မကျိုးသော သီလ,မပေါက်သော သီလ, မကျားသော သီလ, မပြောက်သော သီလ ၄-ပါး အမည်အားဖြင့် သာ ပြား၍၊ အခိုက်အတန့်အားဖြင့် မပြားသောကြောင့် တပေါင်း တည်းရ၏။ အကြင်သူ၏ ကျင့်ဝတ် သိက္ခာပုဒ်သည် အလုံးစုံ အကုန် မပျက်၊ ထိုသူ၏ သီလသည် မကျိုး,မပေါက်,မကျား,မပြောက်သည် မည်၏။

**ယဿ ပန သဗ္ဗေန သဗ္ဗံ အဘိန္နာနိ၊တဿ တာနိသီလာနိ အခဏ္ဍာနိ အဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ နာမ ဟောန္တိ။ ။** ကောသမ္ဘိကသုတ်အဋ္ဌကထာ။

ယဿပန၊အကြင်သူ၏။သိက္ခာပဒံ၊ကျင့်ဝတ် သိက္ခာပုဒ်သည်။သဗ္ဗေ န သဗ္ဗံ၊အလုံးစုံ။ အဘိန္နာနိ၊မပျက်ကုန်သည်။ ဟောတိ၊ဖြစ်၏။တဿ၊

ထိုသူ၏။ တာနိ သီလာနိ၊ ထိုသီလတို့သည်။ အခဏ္ဍာနိ အဆိဒ္ဒါနိ အသ ဗလာနိ အကမ္မာသာနိ နာမ၊ မကျိုး, မပေါက်, မကျား, မပြောက်သည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပုထုဇန်ပင်ဖြစ်စေ, အရိယာပင်ဖြစ်စေ, ရဟန်း,ရှင်,လူ ခပ်သိမ်း သော သူ၏ မကျိုး,မပေါက်, မကျား, မပြောက်သော လောကီသီလ သည်၊ တဏှာတည်းဟူသော သူ၏ ကျွန်အဖြစ်မှ လွတ်၍၊ တော်လှန် သည်၏ အဖြစ်ကို ပြုသောကြောင့် ဘုဇိဿသီလမည်၏။ ဘုရားအစ ရှိသော ပညာရှိတို့သည်၊ ကောင်း၏ဟု ချီးမွမ်း အပ် သော ကြောင့် ဝိညူပသတ္ထ သီလလည်းမည်၏။ တဏှာဒိဋ္ဌိတို့သည်၊ မှားသောအားဖြင့် မသုံးသပ် အပ်သောကြောင့် အပရာမဋ္ဌသီလလည်းမည်၏။

တနည်း။ ။သင်သည် ဤမည်သော သီလပျက်စီးခြင်းသို့ ရောက် ဘူးပြီ မဟုတ်လောဟု တစုံတယောက်သော သူသည်၊ ပြစ်မှားသော အားဖြင့် မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌသီလမည်၏။ ဥပစာရ သမာဓိ,အပ္ပနာသမာဓိ၊ ဈာန်သမာပတ်ကို ဖြစ်စေတတ်သောကြောင့် သမာဓိသံဝတ္တနိက သီလလည်းမည်၏။

> တာနိပနေတာနိ တဏှာဒါသဗျတော မောစေတွာ ဘုဇိဿ ဘာဝကရဏတော ဘုဇိဿာနိ။
>
> ဗုဒ္ဓါဒီဟိ ဝိညူဟိ ပသတ္ထတ္တာ ဝိညူပသတ္ထာနိ။ တဏှာ ဒိဋ္ဌီဟိ အပရာမဋ္ဌတ္တာ။
>
> ဣဒံ နာမ တွံ အာပန္နပုဗ္ဗော·တိ ကေနစိ ပရာမဋ္ဌုံ အသက္ကုဏေယျတ္တာ စ အပရာမဋ္ဌာနိ။
>
> ဥပစာရ သမာဓိံ ဝါ အပ္ပနာ သမာဓိံ ဝါ သံဝတ္တန္တိ ယန္တိ·တိ သမာဓိသံဝတ္တနိကာနိ·တိ ဝုစ္စန္တိ။
>
> (ကောသမ္ဗကသုတ်အဋ္ဌကထာ)

တာနိပနေတာနိ သီလာနိ၊ ထို မကျိုး,မပေါက်,မကျား,မပြောက် သောသဘောရှိသော သီလတို့သည်။ တဏှာဒါသဗျတော၊ တဏှာ တည်းဟူသော သူ၏ ကျွန်အဖြစ်မှ။ မောစေတွာ၊ လွတ်၍။ ဘုဇိဿ ဘာဝကရဏတော၊ တော်လှန်သည်၏ အဖြစ်ကို ပြုသောကြောင့်။ ဘုဇိဿာနိ၊ဘုဇိဿသီလ မည်ကုန်၏။

ဝုဋ္ဌါဒိဟိ၊ ဘုရားအစရှိကုန်သော။ ဝိညူဟိ၊ ပညာရှိတို့သည်။ ပသဋ္ဌတ္တာ၊ ချီးမွမ်းအပ်သည်၏ အဖြစ်ကြောင့်။ ဝိညူပသဋ္ဌာနိ၊ ဝိညူပသဋ္ဌသီလမည်ကုန်၏။ တဏှာဒိဋ္ဌိဟိ၊တဏှာဒိဋ္ဌိတို့သည်။ အပရာမဋ္ဌတ္တာ၊ မသုံးသပ်အပ်သည်၏ အဖြစ်ကြောင့်။ အပရာမဋ္ဌာနိ၊ အပရာမဋ္ဌသီလမည်ကုန်၏။

စ-ဝါ-အထဝါ၊တနည်းသော်ကား။တွံ၊သင်သည်။ ဣဒံနာမ သီလံ ဝိပ္ပန္နံ၊ဤမည်သော သီလ၏ ပျက်ခြင်းသို့။ အာပန္နပုဗ္ဗော၊ ရောက်ဘူးပြီ မဟုတ်လော။ ဣတိ၊ ဤသို့။ကေနစိ၊တစုံတယောက်သောသူသည်။ပရာမဋ္ဌုံ၊သုံးသပ်ခြင်းငှါ။ အသက္ကုဏေယျတ္တာ၊မတတ်နိုင်သည်၏ အဖြစ်ကြောင့်။ အပရာမဋ္ဌာနိ၊အပရာမဋ္ဌသီလ မည်ကုန်၏။

ဥပစာရသမာဓိံ ဝါ၊ ဥပစာရသမာဓိသို့ရင်း။ အပ္ပနာသမာဓိံ ဝါ၊ အပ္ပနာသမာဓိသို့ရင်း။ သံဝတ္တနိယန္တိ၊ရောက်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ သမာဓိသံဝတ္တနိကာနိ၊သမာဓိသံဝတ္တနိကသီလမည်ကုန်၏။ဣတိ၊ဤသို့။ဝုတ္တန္တိ၊ဆိုအပ်ကုန်၏။ ။အဋ္ဌကထာ အနက်။

အရိယပုဂ္ဂိုလ်၏ မဂ်စိတ်ဖြင့်၊ ဈောင်ကြဉ်ကြောင်းဖြစ်သော မိစ္ဆာဝါ,မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, ဝိရမိတဗ္ဗဟောတု အကုသိုလ် ကမ္မပထစေတနာကို၊ အကြွင်းမဲ့ ပယ်ဖြတ်သော သမုစ္ဆေဒ ဝိရတိသီလ သည်၊ လောကုတ္တရာသီလမည်၏။ ဤလောကုတ္တရာသီလသည်၊ ပုထုဇဉ်ပင်ဖြစ်စေ၊ အရိယာပင်ဖြစ်စေ၊ရဟန်း,ရှင်,လူ ခပ်သိမ်းသောသူ၏ မကျိုး,မပေါက်,မကျား,မပြောက်သော လောကီသီလတို့၌၊ ကျင့်ကြံ သူချင်းချင်း သိတင်း သုံးဘော်တို့နှင့်၊ မဂ်သီလ ချင်းချင်း တူသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်၊သာမညသီလမည်၏။ မဂ်သီလသည်၊ သာမညသီလမည်၏ ဟူလိုသည်။

**သီလသာမညဂတော ဝိဟရတီတိ တေသု တေသု ဒိသာဘာဂေသု ဝိဟရန္တေဟိ ဘိက္ခူဟိ သဒ္ဓိံ သမာနဘာဝူပဂတသီလော ဝိဟရတိ။**

**သောတာပန္နာဒီနံ ဟိ သီလံ သမုဒ္ဒန္တရေပိ ဒေဝလောကေပိ ဝသန္တာနံ အညေသံ သောတာပန္နာဒီနံ သီလေန သမာနမေဝ ဟောတိ၊ နတ္ထိ မဂ္ဂသီလေ နာနတ္တံ၊ တံ သန္ဓာယေတံ ဝုတ္တံ။** ။ကောသမ္ဗိကသုတ်အဋ္ဌကထာ။

သိလာသာမညဂတော ဝိဟာရတိတိ၊ သိလာသာမညဂတော ဝိဟာရတိ ဟူသည်ကား။ တေသုတေသု ဒိသာဘာဂေသု၊ ထိုထိုအရပ်တို့၌။ ဝိဟာရန္တေဟိ၊ နေကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ သမာန ဘာဝူပဂတသိလော၊ တူသည်၏အဖြစ်သို့ ရောက်သော သိလရှိသည် ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

ဟိ-သစ္စံ၊ မှန်၏။ သောတာပန္နာဒိနံ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့၏။ သိလံ၊ မဂ်သိလသည်။ သမုဒ္ဒရန္တေ ပိ၊ သမုဒြာ၏ တဘက်၌သော်ရင်း။ ဒေဝလောကေပိ၊နတ်ပြည်၌သော်ရင်း။ ဝသန္တာနံ၊ နေကုန်သော။ အညေသံ၊ တပါးကုန်သော။ သောတာပန္နာ ဒိနံ၊ သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာတို့၏။ သိလေန၊ မဂ်သိလနှင့်။ သမာနမေဝ၊ တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂ သိလေ၊ မဂ်သိလ၌။ နာနတ္တံ၊ သိလအထူးထူးသည်။ နတ္ထိ၊ မရှိ။ တံ၊ ထို မဂ်သိလ အထူးမရှိသည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဧတံ ဝစနံ၊ ဤ သိလသာမညဂတော ဝိဟာရတိ-ဟူသောစကားကို။ ဘဂဝ တာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ အဋ္ဌကထာ အနက်။

**ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ယာနိ တာနိ သီလာနိ အခဏ္ဍာနိ အဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညူပသဋ္ဌာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိ ကာနိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ သဗြဟ္မစာရီဟိ အာဝိစေဝ ရဟောစ။**

(မူလပဏ္ဏာသ-ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့၊ ပုနစ၊ တဘန်။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ယာနိ သိလာနိ၊ အကြင်သိလတို့သည်၊ အခ ဏ္ဍာနိ၊မကျိုး ကုန်။ အဆိဒ္ဒါနိ၊ မပေါက်ကုန်။ အ သဗလာနိ၊ မကျားကုန်။ အ ကမ္မာ သာနိ၊ မပြောက်ကုန်။ တာနိ သိလာနိ၊ ထို မကျိုး,မပေါက်,မကျား, မပြောက်ကုန်သော သိလတို့သည်။ဘုဇိဿာနိ၊တော်လှန်ကုန်၏၊ဝိညူပ သဋ္ဌာနိ၊ ပညာရှိတို့ ချီးမွမ်းခြင်းငှါ ထိုက်ကုန်၏။ အ ပရာမဋ္ဌာနိ၊ မှားသောအားဖြင့် သုံးသပ်ခြင်းငှါ မထိုက်ကုန်။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိကို ဖြစ်စေတတ်ကုန်၏။ တထာရူပေသု၊ ထိုမကျိုး,မပေါက်,

မကျား, မပြောက်သော သဘောရှိကုန်သော၊ သီလေသု၊ သီလတို့၌။ သပြဟ္မစာရိယိ၊ ကျင့်ကြံသူချင်း သီတင်းသုံးဘော်တို့နှင့်။ အာဝိစေဝ ရဟောစ၊ မျက်မှောက်, မျက်ကွယ်။ သီလသာမညဂတော၊ မင်္ဂသီလချင်းချင်း တူသည့်၏အဖြစ်သို့ ရောက်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိန္န,အဘိန္န,သာမညသီလ ၃-ပါးကို ခွဲပြခြင်းပြီး၏။

## ဒိဋ္ဌိသာမညအရကို အမြွက်မျှခွဲပြခြင်း

အလုံးစုံသော ဝဋ်ဆင်းရဲ၏ ကုန်ငြိမ်းခြင်းအကျိုးငှါ၊ ကျင့်သော အရိယာပုဂ္ဂိုလ်၏ မင်္ဂနှင့်ယှဉ်သော သမ္မာဒိဋ္ဌိသည်၊ အပြစ်မရှိ ဝဋ်ဆင်းရဲမှ ထွက်မြောက်၏။ထိုဝဋ်ဆင်းရဲမှ ထွက်မြောက်သောသဘော ရှိသော မင်္ဂနှင့်ယှဉ်သော သမ္မာဒိဋ္ဌိ၌၊ ကျင့်ကြံသူချင်း သီတင်း သုံးဘော်တို့နှင့် မျက်မှောက်,မျက်ကွယ် မင်္ဂဒိဋ္ဌိချင်းချင်း တူသည့်၏အဖြစ်သို့ ရောက်ခြင်းသည်၊ ဒိဋ္ဌိသာမညမည်၏။

**ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ယာ ယံ ဒိဋ္ဌိ အရိယာ နိယျာ နိကာ နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ၊ တထာ ရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ သဗြဟ္မ စာရိဟိ အာဝိစေဝ ရဟောစ။ ။**

မူလပဏ္ဏာသ-ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သမ္မာ ဒုက္ခက္ခယာယ၊ အလုံးစုံသော ဆင်းရဲ၏ ကုန်ခြင်း အကျိုးငှါ။ တက္ကရဿ၊ ဘုရားဟောတော်မူတိုင်း ထိုမင်္ဂ အကျင့်ကို ကျင့်သော ရဟန်း,ရှင်,လူ ခပ်သိမ်းသော အရိယာပုဂ္ဂိုလ် ဟူသမျှ၏။ ယာ အယံဒိဋ္ဌိ၊ အကြင် မင်္ဂနှင့် ယှဉ်သော သမ္မာဒိဋ္ဌိသည်။ အရိယာ၊ အပြစ်မရှိ။ နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည် ဖြစ်၍။ နိယျာတိ၊ ထွက်မြောက်၏။ တထာရူပါယ၊ ထိုဝဋ်ဆင်းရဲမှ ထွက် မြောက်သောသဘောရှိသော။ ဒိဋ္ဌိယာ၊ မင်္ဂနှင့်ယှဉ်သော သမ္မာဒိဋ္ဌိ၌။ သဗြဟ္မစာရိဟိ၊ ကျင့်ကြံသူချင်း သီတင်းသုံးဘော်တို့နှင့်။ အာဝိစေဝ ရဟောစ၊ မျက်မှောက်,မျက်ကွယ်။ ဒိဋ္ဌိသာမညဂတော၊ မင်္ဂ ဒိဋ္ဌိချင်း ချင်းတူသည့်၏ အဖြစ်သို့ ရောက်သည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

(ကောသမ္ဗိကသုတ်)

တယောက်သော အရိယာပုဂ္ဂိုလ်၏ မဂ်ဉာဏ်သည်၊ တယောက်သော အရိယာပုဂ္ဂိုလ်၏ မဂ်ဉာဏ်နှင့် အမြင်ချင်း တူသောကြောင့်၊ (မဂ္ဂင်သမ္မာဒိဋ္ဌိသည်၊ သာမညဒိဋ္ဌိမည်၏ ဟူလို၊)

ဒိဋ္ဌိသာမညအရကို အမြွက်မျှ ခွဲပြခြင်း ပြီး၏။

## မဂ္ဂင် သမ္မာဒိဋ္ဌိဖြင့် ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်ပုံကို ပြဆိုခြင်း

(မေး) တယောက်သော အရိယာ ပုဂ္ဂိုလ်၏ မဂ်ဉာဏ်သည်၊ တယောက်သော အရိယာ ပုဂ္ဂိုလ်၏ မဂ်ဉာဏ်နှင့် အမြင်ချင်း တူသောကြောင့်၊ မဂ္ဂင် သမ္မာ ဒိဋ္ဌိသည်-သာမညဒိဋ္ဌိမည်၏၊ ထိုသာမညဒိဋ္ဌိသည်လည်း၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ, သကဒါဂါမိ မဂ္ဂင် သမ္မာဒိဋ္ဌိ, အနာဂါမိမဂ္ဂင် သမ္မာဒိဋ္ဌိ, အရဟတ္တမဂ္ဂင် သမ္မာဒိဋ္ဌိအားဖြင့် ၄-ပါး အပြားရှိ၏။ ။ထို ၄-ပါးတို့တွင်၊အရဟတ္တမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အဘယ်၏အကြောင်း ဖြင့်၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်သနည်း။

(ဖြေ) အလုံးစုံသော ဘုံဘဝ ဝဋ္ဋဒုက္ခ၏ကုန်ခြင်းအကျိုးငှါ၊ အရဟတ္တမဂ္ဂင် သမ္မာ ဒိဋ္ဌိကို ပြုသောသူ၏ အရဟတ္တမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အရဟတ္တဖိုလ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်လေသည်။

(မေး) အနာဂါမိမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အဘယ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက်သနည်း။

(ဖြေ) အလုံးစုံသော ဘုံဘဝ ဝဋ္ဋဒုက္ခ၏ ကုန်ငြိမ်းခြင်း အကျိုးငှါ၊အနာဂါမိ မဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အနာဂါမိဖိုလ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်လေသည်။

(မေး) သကဒါဂါမိမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အဘယ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက်သနည်း။

(ဖြေ) အလုံးစုံသော ဘုံဘဝ ဝဋ္ဋဒုက္ခ၏ ကုန်ငြိမ်းခြင်း အကျိုးငှါ၊ သကဒါဂါမိ မဂ္ဂင် သမ္မာဒိဋ္ဌိကို ပြုသောသူ၏ သကဒါဂါမိမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ သကဒါဂါမိဖိုလ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်လေသည်။

(မေး) သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ အဘယ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက်သနည်း။

(ဖြေ) အလုံးစုံသော ဘုံဘဝ ဝဋ္ဋဒုက္ခ၏ ကုန်ငြိမ်းခြင်း အကျိုးငှါ၊ သောတာပတ္တိ မဂ္ဂင် သမ္မာဒိဋ္ဌိကို ပြုသောသူ၏ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိသည်၊ သောတာပတ္တိဖိုလ်၏ အကြောင်းဖြင့်၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်လေသည်။

မဂ္ဂင်သမ္မာဒိဋ္ဌိဖြင့် ဝဋ္ဋဒုက္ခမှ ထွက်မြောက်ပုံကို ပြဆိုခြင်းပြီး၏။

## အဋ္ဌပုရိသနှင့် စတ္တာရိယုဂါနိအရကို ပြခြင်း

အဋ္ဌ ပုရိသ ပုဂ္ဂလာ အရ-ကောက်ယူပုံမှာ။ ။အရိယာ ပုဂ္ဂိုလ် ၈-စ်ယောက်တို့တွင်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်သည်၊ ပထမ ပုရိသပုဂ္ဂိုလ် မည်၏။ အရဟတ္တမဂ် ပုဂ္ဂိုလ်သည်၊ ဒုတိယပုရိသပုဂ္ဂိုလ်မည်၏။ အနာ ဂါမိဖိုလ် ပုဂ္ဂိုလ်သည်၊ တတိယ ပုရိသပုဂ္ဂိုလ်မည်၏။ အနာဂါမိမဂ် ပုဂ္ဂိုလ်သည်၊ စတုတ္ထပုရိသ ပုဂ္ဂိုလ်မည်၏။ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ် သည်၊ ပဉ္စမပုရိသ ပုဂ္ဂိုလ်မည်၏၊ သကဒါဂါမိမဂ် ပုဂ္ဂိုလ်သည်၊ ဆဋ္ဌ ပုရိသ ပုဂ္ဂိုလ်မည်၏။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်သည်၊ သတ္တမပုရိသ ပုဂ္ဂိုလ်မည်၏၊ သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည်၊ အဋ္ဌမ ပုရိသ ပုဂ္ဂိုလ် မည်၏။

စတ္တာရိ ပုရိသ ယုဂါနိ အရ-ကောက်ယူပုံမှာ။ ။ပုရိသ ပုဂ္ဂိုလ် ၈-စ်ယောက်တို့တွင်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်-ပထမပုရိသ၊ အရဟတ္တမဂ် ပုဂ္ဂိုလ်-ဒုတိယပုရိသ၊ ယောကျ်ားမြတ်အစုံသည်-ပထမပုရိသယုဂမည် ၏။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်-တတိယပုရိသ၊ အနာဂါမိမဂ်ပုဂ္ဂိုလ်-စတုတ္ထ ပုရိသ၊ ယောကျ်ားမြတ် အစုံသည်-ဒုတိယ ပုရိသ ယုဂမည်၏၊ သကဒါ ဂါမိဖိုလ် ပုဂ္ဂိုလ်-ပဉ္စမ ပုရိသ၊ သကဒါဂါမိမဂ် ပုဂ္ဂိုလ်-ဆဋ္ဌပုရိသ၊ ယောကျ်ားမြတ်အစုံသည်-တတိယပုရိသယုဂမည်၏၊ သောတာပတ္တိ ဖိုလ် ပုဂ္ဂိုလ်-သတ္တမ ပုရိသ၊ သောတာပတ္တိမဂ် ပုဂ္ဂိုလ်-အဋ္ဌမ ပုရိသ၊ ယောကျ်ားမြတ် အစုံသည်-စတုတ္ထ ပုရိသ ယုဂ မည်၏။ ။ဤကား စတ္တာရိ ပုရိသယုဂါနိ အရကို ကောက်ယူပုံတည်း။

စတုတ္ထ ပုရိသယုဂ၏ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို အမေး,အဖြေပြု၍၊ အသိအမြင် သဘောအထင်ဖြင့် ဆင်ခြင်ရုံမျှ ပုထု ဇန်တို့နှင့် မဆက်ဆံကောင်းသော၊ သောတာပန် ပုဂ္ဂိုလ်၏ မဟာ ပစ္စဝေက္ခဏာဉာဏ် ၇-ပါးကိုသာ သရုပ်အားဖြင့် ဟောတော်မူ၏။ သကဒါဂါမိ ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာဉာဏ် ၇-ပါး၊ အနာဂါမိ ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာဉာဏ် ၇-ပါး၊ အရဟတ္တဖိုလ် ရဟန္တာ ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာဉာဏ် ၇-ပါးကို သရုပ်အားဖြင့် ဟော တော်မမူ။ ယူသင့်တိုင်းကိုသာလျှင် အစဉ်အတိုင်း ယူကြလေကုန်။

အဋ္ဌပုရိသနှင့် စတ္တာရိယုဂ အရကို ပြဆိုခြင်း ပြီး၏။

သောတာပန်၏ မဟာပစ္စဝေက္ခဏာ ဥာဏ်သဘောကို ပြဆိုခြင်း

**ကထဉ္စ ဘိက္ခဝေ ယာ ယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။ ။**

ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ရဟန်းတို့။သမ္မာ ဒုက္ခက္ခယာယ၊အလုံးစုံသော ဆင်းရဲ၏ ကုန်ခြင်းအကျိုးငှါ။ တက္ကရဿ၊ထိုသောတာပတ္တိ မဂ္ဂင် သမ္မာဒိဋ္ဌိကို ပြုသောသူ၏။ အရိယာ၊အပြစ်မရှိသော။ နိယျာနိကာ၊ဝဋ္ဋဒုက္ခဘုံဝမှ ထွက်မြောက်တတ်သော။ ယာ အယံဒိဋ္ဌိ၊အကြင်သောတာပတ္တိ မဂ္ဂင် သမ္မာဒိဋ္ဌိသည်။နိယျာတိ၊ထွက်မြောက်၏။ သာ အယံဒိဋ္ဌိ၊ထိုသောတာပတ္တိ မဂ္ဂင် သမ္မာဒိဋ္ဌိသည်။ ကထံ-ကေနကာသ ကာရဏေန၊အဘယ်၏ အကြောင်းဖြင့်။နိယျာတိ၊ထွက်မြောက်သနည်း။

**ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတောဝါ ဣတိ ပဋိသဉ္စိက္ခတိ၊ အတ္ထိ နုခေါ မေ တံ ပရိယုဋ္ဌာနံ အဇ္ဈတ္တံ အပဟိနံ ယေနာ ဟံ ပရိယုဋ္ဌာနေန ပရိယုဋ္ဌိတစိတ္တော ယထာဘူတံ န ပဇာနေယျံ န ပဿေယျံ တိ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ သာသနေ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။အရညဂတောဝါ၊တောအရပ်သို့ ကပ်သည်ဖြစ်၍ ၎င်း။ရုက္ခမူလဂတောဝါ၊သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍၎င်း။ သုညာဂါရဂတောဝါ၊ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည် ဖြစ်၍၎င်း။ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ ဆင်ခြင်သနည်း။ ယေန ပရိယုဋ္ဌာနေန၊ အကြင် ပရိယုဋ္ဌာန်ဖြင့်။ ပရိယုဋ္ဌိတ စိတ္တော၊ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သော စိတ်ရှိသော။ အဟံ၊ ငါသည်။အဇ္ဈတ္တံ၊မိမိသန္တာန်၌။ အ ပဟိနံ၊မပယ်အပ်သေးသော။ပရိယုဋ္ဌာနံ၊ပရိယုဋ္ဌာန်ကို။ ယထာဘူတံ၊ဖြစ်တိုင်း။ န ပဇာနေယျံ၊မသိနိုင်ရာ။ န ပဿေယျံ၊မမြင်နိုင်ရာ။ တံ ပရိယုဋ္ဌာနံ၊ ထို မသိမမြင်နိုင်သော ပရိယုဋ္ဌာန်,မသိမမြင်မိသော ပရိယုဋ္ဌာန်သည်။မေ၊ငါ့အား။အတ္ထိ နုခေါ၊ ရှိသေးသလော။ဣတိ၊ဤသို့။ပဋိသ[illegible]က္ခတိ၊ဆင်ခြင်၏။

**သစေ ဘိက္ခဝေ ဘိက္ခု ကာမရာဂပရိယုဋ္ဌိတော ဟောတိ၊ပရိယုဋ္ဌိတစိတ္တောဝ ဟောတိ။**

သစေ ဘိက္ခဝေ ဘိက္ခု ဗျာပါဒပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ထိနမိဒ္ဓပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ဥဒ္ဓစ္စကုက္ကုစ္စ ပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ဝိစိကိစ္ဆာ ပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ဣဓလောကစိန္တာယ ပသုတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ပရလောကစိန္တာယ ပသုတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

သစေ ဘိက္ခဝေ ဘိက္ခု ဘဏ္ဍနဇာတော ကလဟဇာတော ဝိဝါဒါပန္နော အညမညံ မုခသတ္တီဟိ ဝိတုဒန္တော ဝိဟရတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။

ကောသမ္ဗိကသုတ်။

၁-ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခု၊ရဟန်းသည်။ ကာမရာဂပရိယုဋ္ဌိတော၊ကာမရာဂဖြင့် ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်။သစေ ဟောတိ၊အကယ်၍ဖြစ်အံ့။ ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ် ရှိသည်သာလျှင်။ဟောတိ နုခေါ၊ဖြစ်သည် မဟုတ်လော။ဣတိ၊ဤသို့။ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

၂-ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်၊ ဗျာပါဒပရိယုဋ္ဌိတော၊ ဒေါသဖြင့် ထိုးကျင်နှိပ်စက်ဖျက်ဆီးအပ်သည်။သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။ ဟောတိ နုခေါ၊ ဖြစ်သည် မဟုတ်လော။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

၃-ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခု၊ရဟန်းသည်၊ထိနမိဒ္ဓပရိယုဋ္ဌိတော၊ ထိုင်းမှိုင်းခြင်းဖြင့် ထိုးကျင်နှိပ်စက်ဖျက်ဆီးအပ်သည်။သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။

ဟောတိ နူခေါ၊ဖြစ်သည်မဟုတ်လော၊ ဣတိ၊ဤသို့၊ပဋိသဉ္စိက္ခတိ၊ဆင်ခြင်မိ၏။

၄-ဘိက္ခဝေ၊ရဟန်းတို့၊ဘိက္ခု၊ရဟန်းသည်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ ပရိယုဋ္ဌိတော၊အေးငြိမ်းမရ ပူနောင်တဖြင့် ထိုးကျင် နှိပ်စက် ဖျက်ဆီးအပ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ပရိယုဋ္ဌိတစိတ္တော၀၊ ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။ ဟောတိ နူခေါ၊ ဖြစ်သည် မဟုတ်လော။ ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်မိ၏။

၅-ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဝိစိကိစ္ဆာပရိယုဋ္ဌိတော၊ယုံမှားခြင်းဖြင့် ထိုးကျင်နှိပ်စက်ဖျက်ဆီးအပ်သည်။သစေ ဟောတိ၊အကယ်၍ ဖြစ်အံ့။ ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ် ရှိသည်သာလျှင်။ဟောတိ နူခေါ၊ဖြစ်သည်မဟုတ်လော။ ဣတိ၊ ဤသို့။ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

(အရိယာ၏ ဝိစိကိစ္ဆာကို မဟာနာမ်သုတ်ဖြင့် ပြလတ္တံ့)

၆-ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်၊ဣဓလောကစိန္တာယ၊ ယခုဘဝ လောကကို သိသောအတတ်၌။ပသုတော၊လေ့ကျက်မိသည်။ သစေ ဟောတိ၊အကယ်၍ ဖြစ်အံ့။ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ် ရှိသည်သာလျှင်။ ဟောတိ နူခေါ၊ ဖြစ်သည် မဟုတ်လော။ ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်မိ၏။

၇-ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခု၊ရဟန်းသည်။ ပရလောကစိန္တာယ၊ နောင်ဘဝ လောကကို သိသောအတတ်၌။ ပသုတော၊ လေ့ကျက်မိသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ် ရှိသည်သာလျှင်။ ဟောတိ နူခေါ၊ ဖြစ်သည် မဟုတ်လော။ ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

၈-ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဘဏ္ဍနဇာတော၊ ငြင်းခုံသည်ဖြစ်၍။ ကလဟဇာတော၊ ခိုက်ရန်ဖြစ်သည်ဖြစ်၍။ ဝိဝါဒါပန္နော၊ တယောက်တယောက် စွပ်စွဲခြင်းသို့ ရောက်သည်ဖြစ်၍။အညမညံ၊အချင်းချင်း။ မုခသတ္တီဟိ ဝိတုဒန္တော၊နင်နင်ဟု တွင်တွင် မြန်မြန် နှုတ်လှံထိုးသည်ဖြစ်၍။ သစေ ဝိဟရတိ၊အကယ်၍ နေမိသည်ဖြစ်အံ့။ ပရိယုဋ္ဌိတစိတ္တော၀၊ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။ ဟောတိ နူခေါ၊ ဖြစ်သည်မဟုတ်လော။ ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်မိ၏။

ပစ္စဝေက္ခဏာဉာဏ် သဘောကို ပြဆိုခြင်း ပြီး၏။

ပထမ မဟာပစ္စေက္ခကာဥာဏ်ကို ပြဆိုခြင်း

သော ဧဝံ ပဇာနာတိ၊ နတ္ထိ ခေါ မေ တံ ပရိယုဋ္ဌာနံ အပ္ပဟီနံ၊ ယေနာဟံ ပရိယုဋ္ဌာနေန ပရိယုဋ္ဌိတ စိတ္တော ယထာဘူတံ န ပဇာနေယျံ န ပဿေယျံ၊ သုပဏိဟိတံ မေ မာနသံ သစ္စာနံ ဗောဓာယာတိ။ ဣဒမဿ ပထမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။ကောသမ္ဗိကသုတ်။

သော ဘိက္ခု၊ ထိုဆင်ခြင်မိသော ရဟန်းသည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ယေန ပရိယုဋ္ဌာနေန၊ အကြင်ပရိယုဋ္ဌာန်ဖြင့်။ ပရိယုဋ္ဌိတစိတ္တော၊ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သောစိတ်ရှိသော။ အဟံ၊ ငါသည်။ အပ္ပဟီနံ၊ မိမိသန္တာန်၌။ အပဟီနံ၊ မပယ်အပ်သေးသော။ ပရိယုဋ္ဌာနံ၊ ပရိယုဋ္ဌာန်ကို။ ယထာဘူတံ၊ ဖြစ်တိုင်း။ န ပဇာနေယျံ၊ မသိနိုင်။ န ပဿေယျံ၊ မမြင်နိုင်ရာ။ တံ ပရိယုဋ္ဌာနံ၊ ထို မသိနိုင်,မမြင်နိုင် မသိမိ,မမြင်မိသော ပရိယုဋ္ဌာန်သည်။ မေ၊ ငါ့အား။ နတ္ထိ ခေါ၊ မရှိပြီ။ မေ၊ ငါ၏။ မာနသံ၊ စိတ်သည်။ သစ္စာနံ၊ သစ္စာလေးပါးတို့ကို။ ဗောဓာယ၊ သိခြင်းအကျိုးငှါ။ သုပဏိဟိတံ၊ ကောင်းစွာ တည်ပြီ။ ဣတိ-ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဿ ဘိက္ခုနော၊ ထိုသို့ သိသော ရဟန်းအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇန်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ လောကုတ္တရံ၊ လောကုတ္တရာတရား ရှိသောသူတို့အားသာ ဖြစ်ထသော။ အရိယံ၊ အရိယာတို့အားသာ ဖြစ်ထသော။ ပထမံ၊ ရှေးဦးစွာသော။ ဣဒံ ဉာဏံ၊ ဤမဟာပစ္စဝေက္ခဏာဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန် အရိယာသာဝက၊ ရဟန်း,ရှင်,လူ တယောက်ယောက်သောသူသည်၊ ကိုယ်ဖြင့် ပြုအပ်သောအမှု၊ နှုတ်ဖြင့် ပြုအပ်သောအမှု၊ စိတ်ဖြင့် ပြုအပ်သောအမှု တခုခုကို ပြုပြီးသောကာလ၊ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ ဤသို့ဆင်ခြင်၏။ အဘယ်သို့ ဆင်ခြင်သနည်း၊ ငါသည် အကြင် အကြင် ပရိယုဋ္ဌာန်ကိလေသာ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၍ ပျက်စီးသော စိတ်ရှိ၏။ ထိုထို ထိုးကျင် နှိပ်စက် ဖျက်ဆီးသော ပရိယုဋ္ဌာန်ကိလေသာကို မိမိသန္တာန်၌ မပယ်အပ်သေး။ ဟုတ်တိုင်းမှန်စွာ ဖြစ်တိုင်း,ဖြစ်တိုင်း ထိုးကျင် နှိပ်စက် ဖျက်ဆီးသော၊

အကြွင် အကြွင် ပရိယုဋ္ဌာန်ကိလေသာကို တရံတခါ ငါ မသိမမြင် နိုင်သည်ဖြစ်ခဲ့ရာ၏။ ထိုးကျင်နှိပ်စက် ဖျက်ဆီးလျက် သက်သက် တရံ တခါ၊ ငါမသိမမြင်နိုင်သော၊ ထိုထို ပရိယုဋ္ဌာန် ကိလေသာသည်၊ ငါ့ အား ရှိသေးသလော ဤသို့ဆင်ခြင်၏။

[လိုရင်းအဓိပ္ပါယ် ဖုပ်သည်ကို ဖေါ်ထုတ်၍ လူမိုန်းသိလွယ်ရန်သာ ဆိုသည် ဖြစ်၍၊ ပါဠိသွား,အဓိပ္ပါယ်သွား စကားမညီ မဆိုသင့်ပြီ။]

သောတာပန် အရိယာသာဝက၊ ရဟန်း, ရှင်, လူ တယောက် ယောက်သော သူသည်၊ အမှုတခုခုကို ပြုသောကာလ၊ အကယ်၍ ကာမရာဂ ပရိယုဋ္ဌာန် ကိလေသာ ထိုးကျင် နှိပ်စက် ဖျက်ဆီးသည် ဖြစ်အံ့။ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

အကယ်၍၊ ဗျာပါဒပရိယုဋ္ဌာန်ကိလေသာ ထိုးကျင်နှိပ်စက်ဖျက်ဆီး သည်ဖြစ်အံ့။ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

အကယ်၍၊ထိနမိဒ္ဓ ပရိယုဋ္ဌာန်ကိလေသာ ထိုးကျင်နှိပ်စက်ဖျက်ဆီး သည်ဖြစ်အံ့။ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

အကယ်၍၊ ဥဒ္ဓစ္စကုက္ကုစ္စ ပရိယုဋ္ဌာန်ကိလေသာ ထိုးကျင် နှိပ်စက် ဖျက်ဆီးသည်ဖြစ်အံ့။ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင် ခြင်မိ၏။

အကယ်၍၊ ဝိစိကိစ္ဆာ ပရိယုဋ္ဌာန်ကိလေသာ ထိုးကျင်နှိပ်စက်ဖျက် ဆီးသည်ဖြစ်အံ့။ ပရိယုဋ္ဌာန် စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင် မိ၏။

ယခုဘဝ လောကကို သိခြင်း အကျိုးငှါ ဣဓလောကစိန္တာ အရေး၊ လောကီဝိဇ္ဇာ အတတ်ကို အကယ်၍ လေ့ကျက် မိသည် ဖြစ်အံ့။ ပရိ ယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

နောက်ဘဝ လောကကို သိခြင်းအကျိုးငှါ ပရလောကစိန္တာအရေး၊ လောကီဝိဇ္ဇာ အတတ်ကို အကယ်၍ လေ့ကျက်မိသည် ဖြစ်အံ့။ ပရိ ယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

ငြင်းခုံခြင်း,ခိုက်ရန် ဖြစ်ခြင်း၊ ဝါဒမတူ, အယူကွဲပြား စကားများ ခြင်း၊ တယောက်တယောက် ကွဲ၍ ပြစ်တင် နင်နင် စွပ်စွဲ ခြင်းသို့ ရောက်လျက်၊ အမျက်ပြင်းထန် သည်းမခံဘဲ၊ အချင်းချင်း နှုတ်လှံပြန် ထိုး စကားမျိုးပြောဆိုလျက်၊ အကယ်၍ နေမိသည်ဖြစ်အံ့။ ပရိယုဋ္ဌာန်

စိတ်ရှိသည်ပင် မပယုတ်လောဟု ဆင်ခြင်မိ၏။ ။ဤကား အမှတခုခု ပြုသောကာလ ဆင်ခြင်ပုံမိတည်း။

သောတာပန် အရိယာသာဝက၊ ရဟန်း, ရှင်, လူ တယောက်ယောက် သော သူသည်၊ အမှုတခုခု ပြုပြီး၍ ဆင်ခြင်သော ကာလ ဤသို့ သိ၏။ အဘယ်သို့ သိသနည်း၊ ငါသည် အကြင် အကြင် ပရိယုဋ္ဌာန်ကိလေ သာ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၍၊ ဖျက်စီးသော စိတ်ရှိ၏။ ထိုထို ထိုးကျင်နှိပ်စက် ဖျက်ဆီးသော ပရိယုဋ္ဌာန် ကိလေသာကို မိမိ သန္တာန်၌ မပယ်အပ်သေး။ ဟုတ်တိုင်း မှန်စွာ ဖြစ်တိုင်း, ဖြစ်တိုင်း ထိုးကျင်နှိပ်စက်ဖျက်ဆီးသော၊ အကြင် အကြင် ပရိယုဋ္ဌာန်ကိလေသာ ကို၊ တရံတခါ ငါမသိမမြင်နိုင်သည်ဖြစ်ခဲ့ရာ၏။ ထိုးကျင်နှိပ်စက် ဖျက် ဆီးပြီးလျက်၊ သက်သက် တရံတခါ ငါမသိမမြင်နိုင်သော၊ ထိုထို ပရိ ယုဋ္ဌာန်ကိလေသာသည် ငါ့အားမရှိပြီ။ ငါ၏စိတ်သည် သစ္စာ ၄-ပါး တရားကို သိခြင်း အကျိုးငှါ ကောင်းစွာ တည်ပြီ၊ ဤသို့ သိ၏။ ။ ဤကား အမှုတခုခုပြုပြီး၍ ဆင်ခြင်သောကာလ၌ သိပုံတည်း။

ဤသို့ သိသော သောတာပန် အရိယာသာဝက၊ ရဟန်း, ရှင်, လူ တယောက်ယောက်သောသူသည်၊ ပုထုဇန်တို့နှင့် မဆက်ဆန်၊ လောကုတ္တရာဘက် မဂ်ရ, ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော ဤပထမ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။

သောတာပန်၏ ပထမ မဟာပစ္စဝေက္ခဏာဉာဏ် ပြီး၏။

---

ဒုတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိ သဉ္စိက္ခတိ၊ ဣမံနုခေါ အဟံ ဒိဋ္ဌိံ အာသေဝန္တော ဘာ ဝေန္တော ဗဟုလီကရောန္တော လဘာမိ ပစ္စတ္တံ သမထံ၊ လဘာမိ ပစ္စတ္တံ နိဗ္ဗုတိ န္တိ။ သော ဧဝံ ပဇာနာတိ၊ ဣမံ ခေါ အဟံ ဒိဋ္ဌိံ အာသေဝန္တော ဘာဝေန္တော ဗဟုလီ ကရောန္တော လဘာမိ ပစ္စတ္တံ သမထံ၊ လဘာမိ ပစ္စတ္တံ နိဗ္ဗုတိ န္တိ။ ဣဒ မဿ ဒုတိယံဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။

(ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်။ အပရံ၊ တပါးတုံ။ အရိယသာဝကော၊ သောတာပန် အရိယာသာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ ဆင်ခြင်သနည်း။ အဟံ၊ ငါသည်။ ဣမံ ဒိဋ္ဌိံ၊ ဤသောဘာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိကို။ အာသေဝန္တော၊ မှီဝဲရသည်ဖြစ်၍။ ဘာဝေန္တော၊ ပွားရသည်ဖြစ်၍။ ဗဟုလီကရောန္တော၊ ကြိမ်ဘန်များစွာ လေ့လာရသည်ဖြစ်၍။ ပစ္စတ္တံ-အတ္တနိ အတ္တနော စိတ္တေ၊ မိမိ၏စိတ်၌။ သမထံ-ဧကဂ္ဂတံ၊ ငြိမ်သက်တည်ကြည်သည်၏ အဖြစ်ကို။ လဘာမိ နုခေါ၊ ရလေသလော။ ပစ္စတ္တံ-အတ္တနိ အတ္တနော စိတ္တေ၊ မိမိ၏စိတ်၌၊ နိဗ္ဗုတိံ-ကိလေသဝူပသမံ၊ ကိလေသာ၏ ငြိမ်းခြင်းကို။ လဘာမိ နုခေါ၊ ရလေသလော။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။

သော၊ ထိုဆင်ခြင်သော သောတာပန်အရိယာသာဝကသည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ။ အဟံ၊ ငါသည်။ ဣမံ ဒိဋ္ဌိံ၊ ဤသောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိကို။ အာသေဝန္တော၊ မှီဝဲရသည် ဖြစ်၍။ ဘာဝေန္တော၊ ပွားရသည် ဖြစ်၍။ ဗဟုလီကရောန္တော၊ ကြိမ်ဘန်များစွာ လေ့လာရသည် ဖြစ်၍။ ပစ္စတ္တံ-အတ္တနိ အတ္တနောစိတ္တေ၊ မိမိ၏စိတ်၌။ သမထံ-ဧကဂ္ဂတံ၊ ငြိမ်သက်တည်ကြည်သည်၏ အဖြစ်ကို။ လဘာမိ နုခေါ၊ ရသလျှင်ကတည်း။ ပစ္စတ္တံ-အတ္တနိ အတ္တနောစိတ္တေ၊ မိမိ၏စိတ်၌။ နိဗ္ဗုတိံ-ကိလေသဝူပသမံ၊ ကိလေသာ၏ ငြိမ်းခြင်းကို။ လဘာမိ နုခေါ၊ ရသလျှင်ကတည်း။ ဣတိ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဿ အရိယသာဝကဿ၊ ဤသို့ သိသော သောတာပန် အရိယာသာဝကအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇန်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ လောကုတ္တရံ၊ လောကုတ္တရာတရား ရှိသော သူတို့အားသာ ဖြစ်သော။ အရိယံ၊ အရိယာတို့အားသာ ဖြစ်သော။ ဣဒံ ဒုတိယံ ဉာဏံ၊ ဤ ဒုတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန် အရိယာသာဝကသည် ဤသို့ဆင်ခြင်၏။ အဘယ်သို့ ဆင်ခြင်သနည်း၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ ဤအသိအမြင်ကို မှီဝဲရ, ပွားများရ, ကြိမ်ဘန်များစွာ လေ့လာရသော ငါသည်၊ ပရိယုဋ္ဌာန် ကိလေသာ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည် ဖြစ်၍၊ ပျက်စီးသော

စိတ်ကို ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လေ၊ဟု ဆင်ခြင်သော မိမိ၏စိတ်၌၊ ကိလေသာ ဖြစ်ခွင့်မရ။ ငြိမ်သက်တည်ကြည် အေးမြသော သမထကေဂ္ဂတာကို ရလေသလော၊ ကိလေသာ၏ ငြိမ်းခြင်းကို ရလေသလော၊ ဤသို့ ဆင်ခြင်၏။

ဆင်ခြင်သော ကာလ၊ ထိုသောတာပန် အရိယာ သာဝကသည် ဤသို့ သိ၏။ အဘယ်သို့ သိသနည်း၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ ဤ အသိအမြင်ကို၊ မှီဝဲရ, ပွားများရ, ကြိမ်ဖန်များစွာ လေ့လာရသော ငါသည်၊ ပရိယုဋ္ဌာန်ကိလေသာ ထိုးကျင် နှိပ်စက် ဖျက်ဆီးအပ်သည် ဖြစ်၍၊ ပျက်စီးသောစိတ်ကို ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လေ၊ဟု ဆင်ခြင်သော မိမိ၏စိတ်၌၊ကိလေသာ ဖြစ်ခွင့်မရ။ငြိမ်သက်တည်ကြည် အေးမြသော သမထကေဂ္ဂတာကိုရ၏၊ ကိလေသာ၏ ငြိမ်းခြင်းကိုရ၏။ ဤသို့ သိ၏။ ထိုသို့ သိသော သောတာပန် အရိယာ သာဝကသည် ပုထုဇန်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ,ဖိုလ်ရ အရိယာ သာဝကအားသာ ဖြစ်သော ဤ ဒုတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို ရ၏။

ဒုတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း ပြီး၏။

---

တတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယာ ဟံ ဒိဋ္ဌိယာ သမန္နာဂတော၊ အတ္ထိ နုခေါ ဣတော ဗဟိဒ္ဓါ အညော သမဏောဝါ ဗြာဟ္မဏောဝါ တထာရူပါယ ဒိဋ္ဌိယာ သမန္နာဂတော တိ။

သော ဧဝံ ပဇာနာတိ၊ ယထာရူပါယာဟံ ဒိဋ္ဌိယာ သမန္နာဂတော၊ နတ္ထိ ဣတော ဗဟိဒ္ဓါ အညော သမဏောဝါ ဗြာဟ္မဏောဝါ တထာရူပါယ ဒိဋ္ဌိယာ သမန္နာဂတော.တိ။ ဣဒံ မဿ တတိယံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်။ အပရံ၊ တပါးတုံ။ အရိယ သာဝကော၊ သောတာပန် အရိယာသာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်၏။ကထံ ပဋိသဉ္စိက္ခတိ၊အဘယ်သို့ဆင်ခြင်သနည်း။ အဟံ၊ငါသည်။ ယထာရူပါယ၊အကြင်သို့ သဘောရှိသော။ ဒိဋ္ဌိယာ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ ဍူတော၊ ဤသာသနာတော်မှ။ ဗဟိဒ္ဓါ၊အပဉ္စ။ တထာရူပါယ၊ ထိုသို့သဘောရှိ သော။ဒိဋ္ဌိယာ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့်။သမန္နာဂတော၊ပြည့်စုံ သော။ အညော ကောစိ၊တစုံတယောက်သော။ သမဏောဝါ၊ ရဟန်း သည်ရင်း။ ဗြာဟ္မဏောဝါ၊ ပုဏ္ဏားသည်ရင်း။ အတ္ထိ နုခေါ၊ ရှိလေသ လော။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

သော၊ထိုဆင်ခြင်သော သောတာပန် အရိယာသာဝကသည်။ ဧဝံ၊ ဤသို့။ပဇာနာတိ၊သိ၏။ ကထံ ပဇာနာတိ၊အဘယ်သို့ သိသနည်း။ ။ အဟံ၊ငါသည်။ ယထာရူပါယ၊အကြင်သို့သဘောရှိသော။ ဒိဋ္ဌိယာ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ဍူတော၊ဤ သာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပဉ္စ။ တထာရူပါယ၊ ထိုသို့သဘောရှိ သော။ဒိဋ္ဌိယာ၊သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့်။သမန္နာဂတော၊ပြည့်စုံ သော။အညော ကောစိ၊တစုံတယောက်သော။ သမဏောဝါ၊ရဟန်း သည်ရင်း။ ဗြာဟ္မဏောဝါ၊ပုဏ္ဏားသည်ရင်း။ နတ္ထိ၊မရှိ။ ဣတိဧဝံ၊ဤသို့။ ပဇာနာတိ၊သိ၏။အဿ အရိယာသာဝကဿ၊ဤသို့ သိသော သောတာ ပန် အရိယာ သာဝကအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇဉ်တို့နှင့်။ အသာဓာ ရဏံ၊ မဆက်ဆံသော။ လောကုတ္တရံ၊ လောကုတ္တရာတရား ရှိသော သူအားသာဖြစ်သော။ အရိယံ၊ အရိယာ သာဝကအားသာဖြစ်သော။ ဣဒံ တတိယံ ဉာဏံ၊ ဤ တတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို။ အဓိ ဂတံ၊ရအပ်သည်။ ဟောတိ၊ဖြစ်၏။

သောတာပန် အရိယာသာဝကသည်၊ ဤသို့ဆင်ခြင်၏။အဘယ်သို့ ဆင်ခြင်သနည်း၊ ငါသည် အကြင် သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့် ပြည့်စုံ၏။ဤသာသနာတော်မှအပ ထိုသောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော၊ တစုံတယောက် ရဟန်း, ပုဏ္ဏား ရှိလေသလော ဤသို့ ဆင်ခြင်၏။ ဆင်ခြင်သောကာလ၊ ထိုသောတာပန် အရိယာ သာဝက သည် ဤသို့သိ၏။ အဘယ်သို့သိသနည်း၊ ငါသည် အကြင် သောတာ ပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့် ပြည့်စုံ၏။ ဤ သာသနာတော်မှအပ ထိုသော

တာပဋ္ဌိမဂ္ဂင် သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော၊ တစုံ တယောက် ရဟန်း, ပုထုဇ္ဇန်ဟူ၍ ဤသို့သိ၏။ ထိုသို့သိသော သောတာပန် အရိယာ သာဝက သည် ပုထုဇန်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ, ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော ဤ တတိယ မဟာ ပစ္စဝေက္ခဏာ ဉာဏ်ကို ရ၏။

တတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း ပြီး၏။

စတုတ္ထ မဟာပစ္စဝေက္ခဏာဉာဏ် ပြဆိုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတော တိ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်။ အပရံ၊ တပါးတုံ။ အရိယသာဝကော၊ အရိယာ သာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ ဆင်ခြင်သနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊ အကြင်သို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အဟမ္ပိ၊ ငါသည်လည်း။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဣတိ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။

**ကထံ ရူပါယ စ ဘိက္ခဝေ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။ ဓမ္မတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိ သမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ တထာရူပိံ အာပတ္တိံ အာပဇ္ဇတိ၊ ယထာရူပါယ အာပတ္တိယာ ဝုဋ္ဌာနံ ပညာ ယတိ။**

**အထ ခေါ နံ ခိပ္ပမေဝ သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မ စာရီသု ဒေသေတိ ဝိဝရတိ ဥတ္တာနီံ ကရောတိ၊ ဒေသေ တွာ ဝိဝရိတွာ ဥတ္တာနီံ ကတွာ အာယတိံ သံဝရံ အာပဇ္ဇတိ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထံ ရူပ ါယာစ၊ အဘာယ်သို့သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်း။ ယထာ ရူပါယ၊ အကြင်သို့ သဘောရှိသော။ အာပတ္တိယာ၊ အာပတ်မှ။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ပညာယတိ၊ ထင်၏။ တထာ ရူပိံ၊ ထိုသို့ သဘောရှိသော။ အာပတ္တိံ၊ အာပတ်သို့။ ကိဉ္စာပိ အာပဇ္ဇတိ၊ တကယ်ပင်လည်း ရောက်ပေသေး၏။

အထခေါ၊ ထိုသို့ပင် ရောက်ပေသေးသော်လည်း။ နံ၊ ထိုအာပတ်ကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သတ္ထုရိဝါ၊ မြတ်စွာ ဘုရား၌ သော်၎င်း။ ဝိညူသု၊ သိကြား လိမ္မာကုန်သော။ သဗြဟ္မစာရီသုဝါ၊ သီတင်းသုံး ဘော်တို့၌သော်၎င်း။ ဒေသေတိ၊ ဒေသနာကြား၏။ ဝိဝရတိ၊ ဘွင့်၏။ ဥတ္တာနိံ ကရောတိ၊ ပေါ် အောင်ပြု၏။ ဒေသေတွာ၊ ဒေသနာကြား၍။ ဝိဝရိတွာ၊ ဘွင့်၍။ ဥတ္တာနိံ ကတွာ၊ ပေါ်အောင်ပြု၍။ အာယတိံ သံဝရံ။ နောင် စောင့် ရှောက် ခြင်း သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧသာ - ဧသော အာယတိံ သံဝရော၊ ဤသို့ သင့်သော အာပတ်မှ လျင်စွာထ၍ နောင်မသင့်အောင် စောင့်ရှောက်ခြင်းသည်။ ဒိဋ္ဌိသမ္ပန္နဿ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံ သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဓမ္မတာ သဘာဝေါ၊ သဘောပင်တည်း။

**သေယျထာပိ ဘိက္ခဝေ ဒဟရော ကုမာရော မန္ဒော ဥတ္တာနသေယျကော ဟတ္ထေနဝါ ပါဒေနဝါ အင်္ဂါရံ အက္ကမိတွာ ခိပ္ပမေဝ ပဋိသံဟရတိ။ ဝေမေဝ ခေါ ဘိက္ခဝေ ဓမ္မတာ ဧသာ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ တထာရူပိံ အာပတ္တိံ အာပဇ္ဇတိ၊ ယထာရူပါယ အာပတ္တိယာ ဝုဋ္ဌာနံ ပညာယတိ။**

**အထ ခေါ နံ ခိပ္ပမေဝ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု ဒေသေတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ၊ ဒေသေတွာ ဝိဝရိတွာ ဥတ္တာနိံ ကတွာ အာယတိံ သံဝရံ အာပဇ္ဇတိ။**

(ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ မန္ဒော၊ ငယ်သော၊ ဥတ္တာနသေယျကော၊ ပက်လက်သာ အိပ်ကတတ်ခါမျှ ဖြစ်သော။ ဒဟရော ကုမာရော၊ သူငယ်

ကလေးသည်။ ဟတ္ထေနဝါ၊ လက်ဖြင့်ရင်း။ ပါဒေနဝါ၊ ခြေဖြင့်ရင်း။ အင်္ဂါရုံ၊မီးကျီကို။ အက္ကမိတွာ၊ထိ၍။ ခိပ္ပမေဝ၊လျင်စွာသာလျှင်။ ပဋိသံဟရတိ သေယျထာပိ၊ လက် ခြေကို ရုပ်သကဲ့သို့။ ဘိက္ခဝေ၊ရဟန်းတို့။ဧဝမေဝခေါ၊ဤအတူသာလျှင်။ယထာရူပါယ၊အကြင်သို့ သဘောရှိသော။ အာပတ္တိယာ၊အာပတ်မှ။ ဝုဋ္ဌာနံ ထခြင်းသည်။ ပညာယတိ၊ ထင်၏။ တထာရူပိံ၊ ထိုသို့ သဘောရှိသော။ အာပတ္တိံ၊ အာပတ်သို့။ ကိဉ္စာပိ အာပဇ္ဇတိ၊ တကယ်တည်းပင်လည်း ရောက်ပေသေး၏။

အထခေါ၊ထိုသို့ပင် ရောက်ပေသေးသော်လည်း။ နံ၊ ထိုသင့်သော အာပတ်ကို။ ခိပ္ပမေဝ၊လျင်စွာသာလျှင်။ သတ္ထရိဝါ၊ မြတ်စွာဘုရား၌သော်၎င်း။ ဝိညူသု၊ သိ,ကြား လိမ္မာကုန်သော။ သဗြဟ္မစာရီသုဝါ၊ သီတင်းသုံးဖော်တို့၌သော်၎င်း။ ဒေသေတိ၊ဒေသနာကြား၏။ဝိဝရတိ၊ ဘွင့်၏။ဥတ္တာနီ ကရောတိ၊ ပေါ် အောင်ပြု၏။ ဒေသေတွာ၊ ဒေသနာကြား၍။ဝိဝရိတွာ၊ဘွင့်၍။ဥတ္တာနီ ကတွာ၊ ပေါ် အောင်ပြု၍။ အာယတိံ သံဝရံ၊ နောင် စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏၊ ဘိက္ခဝေ၊ရဟန်းတို့။ ဩသာ-ဩသော အာယတိံ သံဝရော၊ ဤသို့ သင့်သော အာပတ်မှ လျင်စွာထ၍ နောင် စောင့်ရှောက်ခြင်းသည်။ ဒိဋ္ဌိသမ္ပန္နဿ၊သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလဿ၊ပုဂ္ဂိုလ်၏။ ဓမ္မတာ သဘာဝေါ၊ သဘောပင်တည်း။

**သော ဝေံ ပဇာနာတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။**

**အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတောတိ။ ဣဒမဿ စတုတ္ထံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။**

(ကောသမ္ဗိကသုတ်)

သော၊ ထို,သောတာပန် အရိယာသာဝကသည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ကထံ ပဇာနာတိ၊အဘယ်သို့ သိသနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ယထာရူပါယ၊ အကြင်သို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

အပဟာဋ္ဌိ၊ ငါသည်လည်း။ တထာဂုပါယ၊ ထိုသို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၍။ ဉတ္တိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အသာ အရိယသာဝကဿ၊ ဤသို့သိသော သောတာပန် အရိယာသာဝကအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇဉ်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ လောကုတ္တရံ၊ လောကုတ္တရာတရားရှိသော သူ့အား သာ ဖြစ်သော။ အရိယံ၊ အရိယာ သာဝကအားသာ ဖြစ်သော။ ဋ္ဌာနံ စတုတ္ထံဉာဏံ၊ ဤစတုတ္ထ မဟာပစ္စဝေက္ခဏာ ဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန် အရိယာသာဝကသည် ဤသို့ဆင်ခြင်၏၊ အဘယ်သို့ ဆင်ခြင်သနည်း။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ အကြင်သဘောနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထိုသဘောနှင့် ပြည့်စုံ၏။ ဤသို့ဆင်ခြင်၏။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ အဘယ်သဘောနှင့် ပြည့်စုံသနည်း။ သောတာပန် အရိယာ သာဝကသည်၊ အကြင် အာပတ်မှ ထခြင်း၎ါထင်၏။ ထခြင်း၎ါထင်သော ထိုအာပတ်သင့်၏။သင့်သော်လည်း၊ အသား,အရေ နူးနယ်သော သူငယ်သည်၊ လက်ခြေဖြင့် မီးကျီးကိုထိ၍၊ထိသော လက်,ခြေကို လျင်စွာရုပ်သကဲ့သို့။ထို့အတူ သင့်သော အာပတ်ကို ဂရုကအာပတ်,လဟုကအာပတ် အားလျော်စွာ ဒေသနာကံ,ဝုဋ္ဌာနကံပြုသဖြင့်၊ သင့်သော အာပတ်မှ လျင်စွာထ၏။သင့်သော အာပတ်မှ လျင်စွာထ၍၊ နောင် မသင့်အောင် စောင့်ရှောက်၏။ သင့်သော အာပတ်မှ လျင်စွာထ၍၊ နောင် မသင့်အောင် စောင့်ရှောက်သော သဘောသည်၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ သဘောတည်း။

ထိုသောတာပန် အရိယာ သာဝကသည်၊ ဆင်ခြင်သော ကာလ၊ ဤသို့သိ၏။ အဘယ်သို့ သိသနည်း။ ။သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ သင့်သော အာပတ်မှ လျင်စွာထ၍၊ နောင် မသင့်အောင် စောင့်ရှောက်သော အကြင်သဘောနှင့် ပြည့်စုံ၏၊ ငါသည်လည်း သင့်သော အာပတ်မှ လျင်စွာထ၍၊ နောင် မသင့်အောင် စောင့်ရှောက်သော ထိုသဘောနှင့် ပြည့်စုံ၏ ဤသို့သိ၏။ ထိုသို့ သိသော သောတာပန် အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ၊လောကုတ္တရာဘက် မဂ်ရ,ဖိုလ်ရ အရိယာသာဝကအားသာ

ဖြစ်သော ဤစတုတ္ထ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ ဤစတုတ္ထမဟာ ပစ္စဝေက္ခဏာဉာဏ်သည်၊ ရဟန်းသောတာပန် အရိယာသာဝကနှင့် သာ ဆက်ဆံ၏။ လူသောတာပန် အရိယာသာဝကနှင့် မဆက်ဆံပေ။

စတုတ္ထ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း ပြီး၏။

---

ပဉ္စမ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတော တိ။ ကထံ ရူပါယ စ ဘိက္ခဝေ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။**

(ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်။ အပရံ၊ တပါးတုံ။ အရိယသာဝကော၊ သောတာပန် အရိယာသာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်၏၊ကထံ ပဋိသဉ္စိက္ခတိ၊အဘယ်သို့ဆင်ခြင်သနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ အမြင်နှင့် ပြည့်စုံ သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊ အကြင်သို့ သဘော ရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

အဟမ္ပိ၊ ငါသည်လည်း။ တထာရူပါယ၊ ထိုသို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဋ္ဌိသမ္ပန္နော၊ သောတာ ပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ် သည်။ ကထံ ရူပါယစ၊ အဘယ်သို့ သဘော ရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်း။

**ဓမ္မတာ သော ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဥ္စာပိ ယံ နိ တာနိ သမြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏီ ယာနိ၊ တတ္ထ ဥဿုက္ကံ မာပန္နော ဟောတိ၊ အထ ခွဿ တိဗ္ဗာပေက္ခော ဟောတိ အဓိသီလသိက္ခာယ အဓိစိတ္တ သိက္ခာယ အဓိပညာသိက္ခာယ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ရဟန်းတို့၊ ကိံ ကရဏီယာနိ၊ မေး၍ ပြုအပ်ကုန်သော၊ သဖြဟ္မစာရိနံ၊သီတင်းသုံးဘော်တို့၏၊ယာနိတာနိ ဉစ္စာဝစာနိ၊အကြင် အမှုကြီး,ငယ်တို့သည်၊ သန္တိ၊ရှိကုန်၏၊ တတ္ထ၊ ထို အမှု ကြီး,ငယ်တို့၌၊ ဥဿုက္ကံ၊ ကြောင့်ကြ ပြုလုပ် အားထုတ်ခြင်းသို့၊ အာပန္နော၊ ရောက်သည်၊ ကိစ္စာပိ ဟောတိ၊ တကယ်ပင်တည်း ဖြစ်လည်း,ဖြစ်ပေသေး၏၊

အထခေါ၊ထိုသို့ပင် ဖြစ်သော်လည်း၊အဿ အရိယသာဝကဿ၊ ထိုသောတာပန် အရိယာသာဝကအား၊ အဓိသီလသိက္ခာယ အဓိစိတ္တသိက္ခာယ အဓိပညာသိက္ခာယ၊ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ၌၊ တိဗ္ဗာပေက္ခော၊ အားကြီးငဲ့သည်၊ ဟောတိ၊ ဖြစ်၏၊ ဧသော-ဧသော တိဗ္ဗာပေက္ခော၊ ဤသို့ သီတင်းသုံးဘော်တို့၏ အမှုကြီး ငယ်ကို ပြုသော်လည်း၊သိက္ခာ ၃-ပါး၌အားကြီးငဲ့သော သဘောသည်၊ ဒိဋ္ဌိသမ္ပန္နဿ၊ သောတာပတ္တိမဂ်ဖြင့် သစ္စာဒိဋ္ဌိ အသိ, အမြင်နှင့် ပြည့်စုံ သော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏၊ ဓမ္မတာ သဘာဝေါ၊ဓမ္မတာသဘောပင် တည်း။

သေယျထာပိ ဘိက္ခဝေ ဂါဝီ တရုဏဝစ္ဆာ ထမ္ဘဉ္စ အာလုမ္ပတိ ဝစ္ဆကဉ္စ အပစိနတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဓမ္မတာ သော ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ ယာနိ တာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံကရဏီယာနိ၊ တတ္ထ ဥဿုက္ကံ အာပန္နော ဟောတိ၊ အထ ခွဿ တိဗ္ဗာပေက္ခာ ဟောတိ အဓိသီလသိက္ခာယ အဓိစိတ္တသိက္ခာယ အဓိပညာ သိက္ခာယ။ ။ကောသမ္ဗိကသုတ်၊

ဘိက္ခဝေ၊ ရဟန်းတို့၊ တရုဏဝစ္ဆာ၊နွား သားငယ်ရှိသော၊ ဂါဝီ၊ နွားမကြီးသည်၊ထမ္ဘဉ္စ၊မြက်ကိုလည်း၊ အာလုမ္ပတိ၊ စား၏၊ ဝစ္ဆကဉ္စ၊ သားငယ် နွားကလေးကိုလည်း၊ အပစိနတိ သေယျထာပိ၊ကြည့်သကဲ့ သို့၊ ဧဝ မေဝ ခေါ၊ ဤနည်းအတူသာလျှင်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ကိံ ကရဏီယာနိ၊ မေး၍ ပြုအပ်ကုန်သော၊ သဗြဟ္မစာရီနံ၊ သီတင်းသုံး ဘော်တို့၏၊ ယာနိတာနိ ဥစ္စာဝစာနိ၊အကြင် အမှု ကြီး,ငယ်တို့သည်၊ သန္တိ၊ ရှိကုန်၏၊ တတ္ထ၊ ထိုအမှု ကြီး,ငယ်တို့၌၊ ဥဿုက္ကံ၊ ကြောင့်ကြ ပြုလုပ် အားထုတ်ခြင်းသို့၊ အာပန္နော၊ ရောက်သည်၊ ကိဉ္စာပိ ဟော တိ၊ တကယ်ပင်တည်း ဖြစ်လည်း,ဖြစ်ပေသေး၏၊

အထခေါ၊ထိုသို့ပင် ဖြစ်သော်လည်း။ အသာ အရိယာသာဝကသာ၊ ထိုသောတာပန် အရိယာသာဝကအား။ အဓိသီလသိက္ခာယ အဓိစိတ္တသိက္ခာယ အဓိပညာသိက္ခာယ၊ အဓိသီလသိက္ခာ,အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာ ၃ ပါး၌။ တိဗ္ဗာပေက္ခော၊ အားကြီးငဲ့သည်။ ဟောတိ၊ ဖြစ်၏။ ဧသော-ဧသော တိဗ္ဗာပေက္ခော၊ ဤသို့ သိတင်းသုံးတော်တို့၏ အမှုကို ပြုသော်လည်း၊ သိက္ခာ ၃-ပါးကို အားကြီးငဲ့သော သဘော သည်။ ဒိဋ္ဌိသမ္ပန္နသာ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလသာ၊ ပုဂ္ဂိုလ်၏။ ဓမ္မတာ သဘာဝေါ၊ သဘောပင် တည်း။

**သော စေ ပဇာနာတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာ ရူပါယ ဓမ္မတာယ သမန္နာဂတော.တိ၊ ဣဒမဿ ပဉ္စမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာ ဓာရဏံ ပုထုဇ္ဇနေဟိ။** ။ကောသမ္ဘိကသုတ်။

သော၊ ထိုသောတာပန် အရိယာသာဝကသည်။ ဇေ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊ အကြင်သို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ အဟမ္ပိ၊ငါသည်လည်း။တထာ ရူပါယ၊ ထိုသို့ သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာ ဂတော၊ ပြည့်စုံ၏။ ဣတိ ဇေ၊ ဤသို့။ ပဇာနာတိ၊သိ၏။ အဿ အရိယ သာဝကဿ၊ ဤသို့ သိသော သောတာပန် အရိယာ သာဝကအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇန်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံ။ လောကုတ္တရံ၊ လောကုတ္တရာတရား ရှိသောသူအားသာ ဖြစ်သော။ အရိယံ၊အရိယာ သာဝကအားသာ ဖြစ်သော။ ဣဒံ ပဉ္စမံ ဉာဏံ၊ ဤ ပဉ္စမ ဟော ပစ္စ ဝေက္ခဏာဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန်အရိယာသာဝကသည် ဤသို့ ဆင်ခြင်၏။ အဘယ်သို့ ဆင်ခြင်သနည်း။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ,အမြင်နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်သည် အကြင်သဘောနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထို

သဘောနှင့် ပြည့်စုံ၏။ ဤသို့ဆင်ခြင်၏။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊အဘယ်သဘောနှင့် ပြည့်စုံသနည်း။သောတာပန်အရိယာသာဝကသည် အဘယ်သို့ပြုရမည်နည်းဟု မေး၍၊ပြုကောင်းသော သိတင်း သုံးဘော်၏ အကြွင် အမှုကြီးငယ်ကိုစွ ရှိ၍ ပြု၏။ထိုအမှုကြီးငယ်ကိုစွ ရှိ၍ ပြုသော်လည်း၊ဥပမာ သားငယ်ရှိသော နွားမသည် မြက်ကိုစား၏။ စားသော်လည်း သားငယ်ကိုသာ အားကြီးကြည့်သကဲ့သို့။ထိုအတူ သီလ,သမာဓိ,ပညာ သိက္ခာ ၃-ပါးကိုသာ အားကြီးငဲ့၏။ သိတင်းသုံးဘော်၏ အမှုကြီးငယ်ကို ပြုသော်လည်း၊ သီလ,သမာဓိ,ပညာ သိက္ခာ ၃-ပါးကိုသာ အားကြီးငဲ့သော သဘောသည်၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ သဘောပင်တည်း။

ထိုသောတာပန်အရိယာသာဝကသည် ဆင်ခြင်သောကာလ၊ဤသို့ သိ၏။အဘယ်သို့သိသနည်း။သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ သိတင်းသုံးဘော်၏ အမှုကြီးငယ်ကို ပြုသော်လည်း၊ သီလ,သမာဓိ,ပညာ သိက္ခာ သုံးပါးကိုသာ အားကြီးငဲ့သော အကြွင်သဘောနှင့် ပြည့်စုံ၏။ ငါသည်လည်း သိတင်းသုံးဘော်၏ အမှုကြီးငယ်ကို ပြုသော်လည်း၊သီလ,သမာဓိ,ပညာ သိက္ခာ သုံးပါးကိုသာ ငဲ့သော ထိုသဘောနှင့် ပြည့်စုံ၏။ ဤသို့ သိ၏။ ဤသို့ သိသော သောတာပန်အရိယာသာဝကသည်၊ပုထုဇန်တို့နှင့် မဆက်ဆံ လောကုတ္တရာဘက် မဂ်ရ,ဖိုလ်ရ အရိယာ သာဝကအားသာဖြစ်သော ဤပဉ္စမ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။

ပဉ္စမ မဟာပစ္စဝေက္ခဏာ ဉာဏ်ကို ပြဆိုခြင်း ပြီး၏။

---

ဆဋ္ဌ မဟာပစ္စဝေက္ခဏာ ဉာဏ်ကို ပြဆိုခြင်း

ပုနစပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊အဟမ္ပိ တထာရူပါယ ဗလတာယ သမန္နာဂတောတိ။ကထံ ရူပါယစ ဘိက္ခဝေ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။

(ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့၊ ပုနစ တဘန်လည်း၊ ဓပရံ၊ တပါးဘုံ၊ အရိယ သာဝကော၊ သောတာပန် အရိယာ သာဝကသည်၊ ဣတိ၊ ဤသို့၊ ပဋိ သဉ္စိက္ခတိ၊ ဆင်ခြင်၏၊ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ဆင်ခြင်သနည်း၊ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိအသိအမြင်နှင့်ပြည့်စုံသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ ယထာရူပါယ၊ အကြင်သို့ သဘောရှိသော၊ ဓမ္မတာယ၊ အားနှင့်၊ သမန္နာဂတော၊ ပြည့်စုံ၏။

ဓပာံပိ၊ ငါသည်လည်း၊ တထာရူပါယ၊ ထိုသို့ သဘောရှိသော၊ ဓမ္မတာယ၊ အားနှင့်၊ သမန္နာဂတော၊ ပြည့်စုံ၏၊ ဣတိ၊ ဤသို့၊ ပဋိသဉ္စိက္ခ တိ၊ ဆင်ခြင်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိ မဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ ကထံ ရူပါယစ၊ အဘယ်သို့ သဘောရှိသော၊ ဓမ္မတာယ၊ အားနှင့်၊ သမန္နာ ဂတော၊ ပြည့်စုံသနည်း။

**ဓ မ္မ တာ သော ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊**
**ယံ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ဒေသိယမာနေ**
**အဋ္ဌိံကတွာ မနသိကတွာ သဗ္ဗံ စေတသာ သမန္နာဟ**
**ရိတွာ ဩဟိတသောတော ဓမ္မံ သုဏာတိ။ ။**

(ကောသမ္ဗကသုတ်။)

ဘိက္ခဝေ၊ ရဟန်းတို့၊ တထာဂတပ္ပဝေဒိတေ၊ မြတ်စွာဘုရားသခင် သည် ဟောကြားတော်မူအပ်သော၊ ဓမ္မဝိနယေ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို၊ ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်၊ အဋ္ဌိံကတွာ၊ အရိ အသေပြုသည်ဖြစ်၍၊ မနသိကတွာ၊ နှလုံးသွင်းသည်ဖြစ်၍၊ သဗ္ဗံ၊ အလုံး စုံကို၊ စေတသာ၊ စိတ်ဖြင့်၊ သမန္နာဟရိတွာ၊ မှတ်သည်ဖြစ်၍၊ ဩဟိတ သောတော နားထောင်သည်ဖြစ်၍၊ ဓမ္မံ၊ တရားကို၊ ယံ သုဏာတိ၊ အကြင်နာ၏၊ ဧသော ဧတံ ဓမ္မဿဝနံ၊ ဤသို့အရိအသေပြုသည်, နှလုံး သွင်းသည်, အလုံးစုံကို စိတ်ဖြင့် မှတ်သည်, နားထောင်သည်ဖြစ်၍ တရားနာသောအားသည်၊ ဒိဋ္ဌိသမ္ပန္နဿ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏၊ ဓမ္မတာ - ဓမ္မံ၊ အားပင်တည်း၊

**သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဓမ္မတာယ**
**ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာ**

**ရူပါယ ဗလတာယ သမန္နာဂတော တိ၊ ဣဒမဿ ဆဠ္ဌ ဥာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာ ဓာရဏံ ပုထုဇ္ဇနေဟိ။** ။ကောသမ္ဗိကသုတ်။

သော၊ထိုသောတာပန်အရိယာသာဝကသည်၊ဧဝံ၊ဤသို့၊ ပဇာနာ တိ၊သိ၏။ကထံ ပဇာနာတိ၊အဘယ်သို့ သိသနည်း။ ဒိဋ္ဌိသမ္ပန္နော၊သော တာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော၊ ပုဂ္ဂလော၊ပုဂ္ဂိုလ် သည်၊ ယထာ ရူပါယ၊ အကြင်သို့သဘောရှိသော၊ ဗလတာယ၊ အား နှင့်၊ သမန္နာဂတော၊ပြည့်စုံ၏၊ အဟမ္ပိ၊ငါသည်လည်း၊ တထာ ရူပါယ၊ ထိုသို့သဘောရှိသော၊ ဗလတာယ၊ အားနှင့်၊ သမန္နာဂတော၊ပြည့်စုံ၏။ ဣတိ၊ဤသို့၊ပဇာနာတိ၊သိ၏။ အဿ အရိယာသာဝကဿ၊ထို သောတာ ပန် အရိယာသာဝကအား၊ ပုထုဇ္ဇနေဟိ၊ ပုထုဇန်တို့နှင့်၊ အသာဓာရဏံ၊ မဆက်ဆံသော၊လောကုတ္တရံ၊လောကုတ္တရာတရားရှိသော သူအားသာ ဖြစ်သော၊အရိယံ၊အရိယာသာဝကအားသာဖြစ်သော၊ဣဒံ ဆဋ္ဌံ ဉာဏံ၊ ဤဆဋ္ဌ မဟာပစ္စဝေက္ခဏာဉာဏ်ကို၊ အဓိဂတံ၊ရအပ်သည်၊ဟောတိ၊ ဖြစ်၏။

သောတာပန်အရိယာသာဝကသည် ဤသို့ဆင်ခြင်၏။ အဘယ်သို့ ဆင်ခြင်သနည်း၊သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်သည်၊ အကြင်အားနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထို အားနှင့် ပြည့်စုံ၏၊ဤသို့ ဆင်ခြင်၏၊သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊အဘယ်အားနှင့် ပြည့်စုံသနည်း၊ သောတာပန် အရိယာ သာဝကသည်၊ မြတ်စွာဘုရားသခင် ဟော ကြားတော် မူသောအတိုင်း၊ပြောဟောသော တရားစကားကို ကြား နာသောကာလ၊ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍၊ မမေ့မလျော့ အောင် နှလုံးသွင်း၍၊ ပါဠိအနက်ကုန်စင်အောင် စိတ်ဖြင့်မှတ်၍၊မပိုက် မဖြီးအောင် နားထောင်၍ အဓိပ္ပါယ်သွားကို ကွဲပြားအောင်ပိုင်းခြား သော အားဖြင့် ကြားနာ၏၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူ သောအတိုင်း ပြောဟောသောတရားစကားကို ကြားနာသောကာလ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍ မမေ့မလျော့အောင်နှလုံးသွင်း၍ ပါဠိ အနက် ကုန်စင်အောင် စိတ်ဖြင့် မှတ်၍ မပိုက်မဖြီးအောင် နား ထောင်၍ အဓိပ္ပါယ်သွားကို ကွဲပြားအောင် ပိုင်းခြားသောအားဖြင့်

ကြားနာ၏။ မြတ်စွာဘုရားသခင် ဟောကြားတော်မူသောအတိုင်း၊ ပြောဟောသော တရားစကားကို ကြားနာသောကာလ၊ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍၊ မဓမ္မမလျော့အောင်နှလုံးသွင်း၍၊ ပါဠိအနက်ကုန်စင်အောင် စိတ်ဖြင့် မှတ်၍၊ မငိုက်မငြိုးအောင်နားထောင်၍ အဓိပ္ပါယ်သွားကို ကွဲပြားအောင် ပိုင်းခြားသောအားဖြင့် ကြားနာသောအားသည်၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အားတည်း။

ထိုသောတာပန် အရိယာသာဝကသည် ဆင်ခြင်သောကာလ ဤသို့သိ၏။ အဘယ်သို့ သိသနည်း။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူသောအတိုင်း၊ ဟောပြောသော တရားစကားကို ကြားနာသောကာလ၊ စိတ် မပြန့်လွင့်အောင် အရိုအသေပြု၍၊ မဓမ္မမလျော့အောင် နှလုံးသွင်း၍၊ ပါဠိအနက် ကုန်စင်အောင် စိတ်ဖြင့်မှတ်၍၊ မငိုက် မငြိုးအောင် နားထောင်၍ အဓိပ္ပါယ်သွားကို ကွဲပြားအောင် ပိုင်းခြားသောအားဖြင့် ကြားနာသော အကြင်အားနှင့် ပြည့်စုံ၏။

ငါသည်လည်း မြတ်စွာဘုရားသခင် ဟောကြားတော် မူသောအတိုင်း၊ ပြောဟောသော တရားစကားကို ကြားနာသောကာလ၊ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍၊ မဓမ္မမလျော့အောင် နှလုံးသွင်း၍၊ ပါဠိအနက် ကုန်စင်အောင် စိတ်ဖြင့်မှတ်၍၊ မငိုက်မငြိုးအောင် နားထောင်၍ အဓိပ္ပါယ်သွားကို ကွဲပြားအောင် ပိုင်းခြားသောအားဖြင့် ကြားနာသော ထိုအားနှင့် ပြည့်စုံ၏။ ဤသို့ သိ၏။ ဤသို့ သိသော သောတာပန် အရိယာသာဝကသည် ပုထုဇန်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ, ဖိုလ်ရ အရိယာ သာဝကအားသာဖြစ်သော ဤဆဋ္ဌ မဟာပစ္စဝေက္ခဏာဉာဏ်ကို ရ၏။

ဆဋ္ဌ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း ပြီး၏။

သတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

**ပုန စပရံ ဘိက္ခဝေ အရိယ သာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဗလတာယ**

**သမန္နာဂတောတိ။ ကထံရူပါယစ ဘိက္ခဝေ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။**

(ကောသမ္ဗိကသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဘန်လည်း။ အပရံ၊တပါးတုံ။အရိယသာဝကော၊အရိယာသာဝကသည်။ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ ဆင်ခြင်သနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊အကြင်သို့ သဘောရှိသော။ ဗလတာယ၊ အားနှင့်။သမန္နာဂတော၊ ပြည့်စုံ၏။ အဟမ္ပိ၊ ငါသည်လည်း။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ဗလတာယ၊ အားနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဣတိ၊ဤသို့။ ပဋိသဉ္စိက္ခတိ၊ဆင်ခြင်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထံ ရူပါယ၊ အဘယ်သို့ သဘောရှိသော။ ဗလတာယ၊ အားနှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်း။

**ဗလတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ ယံ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ဒေသိယမာနေ လဘတိ အတ္ထဝေဒံ၊ လဘတိ ဓမ္မဝေဒံ၊ လဘတိ ဓမ္မူပသံဟိတံ ပါမောဇ္ဇံ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတပ္ပဝေဒိတေ၊မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။ဓမ္မဝိနယေ၊သုတ်,အဘိဓမ္မာ,ဝိနည်းကို။ ဒေသိယမာနေ၊ဟောကြားအပ်သည်ရှိသော်။ယံ အတ္ထဝေဒံ၊အနက်ကိုသိသော အကြောင်းအတ္ထဝေဒဉာဏ်ကို။လဘတိ၊ရ၏။ယံ ဓမ္မဝေဒံ၊ပါဠိကိုသိသော အကြောင်းဓမ္မဝေဒဉာဏ်ကို။ လဘတိ၊ ရ၏။ ဓမ္မူပသံဟိတံ၊ အသိဉာဏ်တရားနှင့် စပ်သော။ ယံ ပါမောဇ္ဇံ၊အကြောင်း ပီတိပါမောဇ္ဇကို။ လဘတိ၊ ရ၏၊ ဧသာ-ဧတံ ဗလံ၊ ဤသို့ မြတ်စွာဘုရား ဟောကြားအပ်သော တရားကို ဟောသောကာလ အတ္ထဝေဒဉာဏ်,ဓမ္မဝေဒဉာဏ်,အသိဉာဏ်နှင့် စပ်သော ပီတိပါမောဇ္ဇကိုရသော အားသည်။ ဒိဋ္ဌိသမ္ပန္နဿ၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဗလတာ ဗလံ၊ အားပင်တည်း။

**သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာ ရူပါယ ဗလတာယ သမန္နာဂတော.တိ။ဣဒမဿ သတ္တမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာ ဓာရဏံ ပုထုဇ္ဇနေဟိ။** ။ကောသမ္ဗိကသုတ်။

သော၊ ထိုသောတာပန် အရိယာသာဝကသည်။ ဧဝံ၊ ဤသို့။ ပဇာ နာတိ၊ သိ၏။ ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ယထာရူပါယ၊အကြင်သို့ သဘောရှိသော။ ဗလတာယ၊ အားနှင့်။သမန္နာဂတော၊ ပြည့်စုံ၏။ အဟမ္ပိ၊ ငါသည်လည်း။ တထာ ရူပါယ၊ထိုသို့ သဘောရှိသော။ဗလတာယ၊ အားနှင့်။သမန္နာဂတော၊ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏၊ အဿ အရိယာသာဝကဿ၊ ထိုသောတာပန် အရိယာသာဝကအား။ ပုထုဇ္ဇနေဟိ၊ ပုထုဇနတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ လောကုတ္တရံ၊ လောကုတ္တရာတရား ရှိသောသူအားသာ ဖြစ်သော။ အရိယံ၊ အရိယာ သာဝကအားသာ ဖြစ်သော။ဣဒံ သတ္တမံ ဉာဏံ၊ ဤသတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန် အရိယာသာဝကသည် ဤသို့ဆင်ခြင်၏။အဘယ်သို့ ဆင်ခြင်သနည်း။သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊အကြင်အားနှင့် ပြည့်စုံ၏။ငါသည်လည်း ထိုအား နှင့် ပြည့်စုံ၏။ ဤသို့ဆင်ခြင်၏။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိ အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ အဘယ်အားနှင့် ပြည့်စုံသနည်း။ မြတ်စွာဘုရား ဟောကြားအပ်သော တရားကို ဟောကြားသော ကာလ၊ အဓိပ္ပါယ်ပြောဆိုဘွယ်စကား၏ အနက်သဘောကို သိသော အတ္ထဝေဒဉာဏ်ကို ရ၏။ အနက်သဘော၏ အဓိပ္ပါယ် ပြောဆိုဘွယ် စကားကို သိရသော ဓမ္မဝေဒဉာဏ်ကို ရ၏။ အသိဉာဏ်နှင့် စပ်သော ဝိတိပါမောဇ္ဇကိုရ၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားကို ဟောကြားသော ကာလ၊ အတ္ထဝေဒဉာဏ်ကိုရ, ဓမ္မဝေဒဉာဏ်ကိုရ, ဝိတိပါမောဇ္ဇကို ရသောအားသည်၊ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အားတည်း။

ထိုသောတာပန် အရိယာ သာဝကသည်၊ ဆင်ခြင်သော ကာလ၌သို့သိ၏။ အဘယ်သို့သိသနည်း။ သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားကို ဟောကြားသောကာလ၊ အတ္ထဝေဒဉာဏ်ကိုရ, ဓမ္မဝေဒဉာဏ်ကိုရ, ပီတိပါမောဇ္ဇကို ရသော အကြင်အားနှင့် ပြည့်စုံ၏။ ငါသည်လည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သောတရားကို ဟောကြားသောကာလ၊ အတ္ထဝေဒဉာဏ်ကိုရ, ဓမ္မဝေဒဉာဏ်ကိုရ, ပီတိပါမောဇ္ဇကိုရသော ထိုအားနှင့် ပြည့်စုံ၏။ ဤသို့သိ၏။ ဤသို့သိသော သောတာပန် အရိယာ သာဝကသည်၊ ပုထုဇန်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ, ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော ဤသတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်ကို ရ၏။

သတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း ပြီး၏။

---

**ဧဝံ သတ္တင်္ဂသမန္နာဂတဿ ခေါ ဘိက္ခဝေ အရိယသာဝကဿ ဓမ္မတာ သုသမန္နိဋ္ဌာ ဟောတိ သောတာပတ္တိဖလ သစ္ဆိကိရိယာယ။ ဧဝံ သတ္တင်္ဂသမန္နာဂတော ခေါ ဘိက္ခဝေ အရိယသာဝကော သောတာပတ္တိဖလ သမန္နာဂတော ဟောတိ။** ။ကောသမ္ဗိကသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ သတ္တင်္ဂသမန္နာဂတဿ ခေါ၊ ဤ မဟာပစ္စဝေက္ခဏာဉာဏ် ၇-ပါးနှင့် ပြည့်စုံသော။ အရိယ သာဝကဿ၊ သောတာပန် အရိယာသာဝက၏။ ဓမ္မတာ၊ သဘောကို။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသော သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ သုသမန္နိဋ္ဌာ၊ ကောင်းစွာ ရှာအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ သတ္တင်္ဂသမန္နာဂတော ခေါ၊ ဤ ၇-ပါးသော မဟာပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံသော၊ အရိယာသာဝကော၊ သောတာပန် အရိယာ သာဝကသည်။ သောတာပတ္တိ ဖလ သမန္နာဂတော၊ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒုက္ခက္ခယာယ၊ အလုံးစုံသောဆင်းရဲ၏ ကုန်ခြင်းအကျိုးငှါ၊ တက္ကရဿ၊ ထိုသောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိကို

ပြုသောသူ၏။ အရိယာ၊ အပြစ်မရှိသော။ နိယျာနိကော၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက် တတ်သော။ ယာ အယံဒိဋ္ဌိ၊ အကြင် သောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိ အသိအမြင်သည်။ ဧဝံ ဣမိနာ သောတာပတ္တိဖလကာရဏေန၊ ဤသောတာပတ္တိဖိုလ်၏ အကြောင်းဖြင့်။ နိယျာတိ၊ ထွက်မြောက်၏။

ဤကား သောတာပန်၏ ဓမ္မတာသဘော ရှာအပ်သော မဟာပစ္စဝေက္ခဏာ ဉာဏ် ၇-ပါး ခွဲခြားပုံ အပြီးတည်း။

---

အရိယာ၏ ဝိစိကိစ္ဆာကို၊ နောက်မှ မဟာနာမ်သုတ်ဖြင့် ပြလတ္တံ့ဟု ရှေ့က မှာခဲ့သော စကားကို၊ ယခုထင်ရှားအောင် မဟာနာမ်သုတ်ဖြင့် ထုတ်နုတ်၍ ပြဆိုပေအံ့

အယံ ကိရ ရာဇာ သကဒါဂါမိမဂ္ဂေန လောဘ ဒေါသ မောဟာ နိရဝသေသာ ပဟီယျန္တီတိ သညီ အဟောသိ၊ အယံ အပ္ပဟီနံ မေ အတ္ထီတိ ဝိ ပဇာနာတိ၊ အပ္ပဟီနကံ ဥပါဒါယ ပဟီနကံ ပုန ပုစ္ဆိတ္ဗာ ဝဋ္ဋတီတိ သညီ ဟောတိ။ အရိယသာဝကဿ ဧဝံ သန္ဒေဟော ဥပ္ပဇ္ဇတီတိ။ အာမ ဥပ္ပဇ္ဇတိ။ ကသ္မာ ပဏ္ဏတ္တိယာ အကောဝိဒတ္တာ။

အယံ ကိလေသော အသုကမဂ္ဂဝဇ္ဈောတိ ဣမိဿာ ပဏ္ဏတ္တိယာ အကောဝိဒဿ ဟိ အရိယသာဝကဿပိ ဧဝံ ဟောတိ။ ကိံ တဿ ပစ္စဝေက္ခဏာ နတ္ထီတိ။ အတ္ထိ သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ။ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ။ ဧကော အဝသိဋ္ဌ ကိလေသမေဝ၊ ဧကော မဂ္ဂမေဝ၊ ဧကော ဖလမေဝ၊ ဧကော နိဗ္ဗာနမေဝ။

ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု ဧကံ ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋတိ။ ဣတိ ယဿ ပစ္စဝေက္ခဏာ န ပရိပုဏ္ဏာ၊ တဿ မဂ္ဂဝဇ္ဈကိလေသပဏ္ဏတ္တိယံ အကောဝိဒတ္တာ ဧဝံ ဟောတိ။ ။မူလပဏ္ဏာသ အဋ္ဌကထာ စူဠဒုက္ခက္ခန္ဓသုတ်အဖွင့်။

အယံရာဇာ၊ ဤမဟာနာမ်မင်းသည်။ သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်ဖြင့်။ လောဘ ဒေါသ မောဟာ၊ လောဘ,ဒေါသ,မောဟတို့သည်။ နိရဝသေသာ၊ အကြွင်းမရှိ။ ပဟီယျန္တိ၊ ပယ်ဟုန်၏။ ဣတိ၊ ဤသို့။ သညီ၊ အမှတ်ရှိသည်။ အဟောသိ ကိရ၊ ဖြစ်ဘူးသတတ်။ အယံ

ရာဇာ၊ ဤမဟာနာဂမင်းသည်။ မေ၊ ငါ့အား။ ဣမေ၊ ဤလောဘ,ဒေါ
သ,မောဟတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိပိ၊ ဤသို့လည်း။ အပ္ပဟီနံ၊
မပယ်သေးသည်ကို။ ဇာနာတိ ကိရ၊ သိသတတ်။ အပ္ပဟီနကံ၊ မပယ်
သေးသည်ကို။ ဥပါဒါယ၊ ထောက်၍။ ပဟီနကံ၊ ပယ်ပြီးသည်ကို။ ပုန၊
တဘန်။ ပုစ္ဆန္တော၊ မေးလျှောက်သည်ရှိသော်။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊
ဤသို့။ သညီ၊ အမှတ်ရှိသည်။ ဟောတိ ကိရ၊ ဖြစ်သတတ်။ အရိယသာဝ
ကဿ၊ အရိယာသာဝကအား။ ဧဝံ၊ ဤမဟာနာဂမင်းနှင့်အတူ။ သန္ဒေ
ဟော၊ ယုံမှားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သလော။ ဣတိ၊ ဤသို့။ ဝတ္တေ၊ မေး
မည်ဆိုသော်။ အာမ ဥပ္ပဇ္ဇတိ၊ သြော် ဖြစ်သေး၏။ ကသ္မာ၊ အဘယ့်
ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ပဏ္ဏတ္တိယာ၊ ခေါ်ဝေါ် ပြောဆိုကြ
သော အမည်နာမ ဝေါဟာရပညတ်၌။ အကောဝိဒတ္တာ၊ မလိမ္မာသည်
၏ အဖြစ်ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟိ-တဒေဝသစ္စံ၊ ထိုစကားသည်ပင်မှန်၏။ အယံ ကိလေသော၊ ဤ
မည်သော ကိလေသာသည်။ အသုကမဂ္ဂဝဇ္ဈော၊ ဤမည်သော မဂ်ဖြင့်
ပယ်၏။ ဣတိ၊ ဤသို့။ ဣမိဿာ ပဏ္ဏတ္တိယာ၊ ခေါ်ဝေါ် ပြောဆိုကြသော ဤ
အမည်နာမ ဝေါဟာရပညတ်၌။ အကောဝိဒဿ၊ မလိမ္မာသော။ အရိ
ယသာဝကဿပိ၊ အရိယာသာဝကအားလည်း။ ဧဝံ၊ ဤမဟာနာဂမင်း
နှင့်အတူ။ သန္ဒေဟော၊ ယုံမှားသည်။ ဟောတိ၊ ဖြစ်၏။ ကိံ၊ အဘယ်နည်း။
တဿ၊ ထိုအရိယာသာဝကအား။ ပစ္စဝေက္ခဏာ၊ ပစ္စဝေက္ခဏာသည်။
နတ္ထိ၊ မရှိသလော။ ဣတိ၊ ဤသို့။ ဝတ္တေ၊ မေးမည်ဆိုသော်။ ကာမံ အတ္ထိ၊
တကယ်ရှိ၏။ ပန တထာပိ၊ ထိုသို့ပင် ရှိသော်လည်း။ သာ ပစ္စဝေက္ခဏာ၊
ထိုပစ္စဝေက္ခဏာသည်။ သဗ္ဗေသံ၊ အလုံးစုံသော အရိယာသာဝကတို့
အား။ ပရိပုဏ္ဏာ၊ ပြည့်စုံသည်။ န ဟောတိ၊ မဖြစ်။ ဧကော၊ တကြိမ်။ ပဟီန
ကိလေသမေဝ၊ ပယ်ပြီးသော ကိလေသာကိုသာလျှင်။ ပစ္စဝေက္ခတိ၊
ဆင်ခြင်၏။ ဧကော၊ တကြိမ်။ အဝသိဋ္ဌကိလေသမေဝ၊ ကြွင်းသော
ကိလေသာကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တကြိမ်။ မဂ္ဂ
မေဝ၊ မဂ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တကြိမ်၊ ဖလ
မေဝ၊ ဖိုလ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တကြိမ်။ နိဗ္ဗာန
မေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဣတိ၊ ဤသို့။ ပဉ္စ ပစ္စဝေက္ခဏာနိ၊ ၅-ကြိမ်သော ပစ္စဝေက္ခဏာ
တို့သည်။ ကိဉ္စာပိ အတ္ထိ၊ တကယ်ရှိကုန်၏။ ပန တထာပိ၊ ထိုသို့ရှိကုန်

သော်လည်း၊ ဣမာသု ပဉ္စသု ပစ္စဝေက္ခဏာသု၊ ဤ ပစ္စဝေက္ခဏာ ၅-ကြိမ်တို့တွင်။ ဧကံဝါ၊ ပဟီနကိလေသ ပစ္စဝေက္ခဏာ တကြိမ်ကို လည်း၊ လဒ္ဓုံ၊ ရခြင်းငှါ။ နော ဝဋ္ဋန္တိ၊ ဆင်ခြင်ခွင့်လှည့် မသင့်ခဲ့ကုန်။ ဒွေဝါ၊ပဟီနကိလေသ အဝသိဋ္ဌ ကိလေသ ပစ္စဝေက္ခဏာ ၂-ကြိမ် တို့ ကိုလည်း။လဒ္ဓုံ၊ရခြင်းငှါ။န ဝဋ္ဋန္တိ၊ဆင်ခြင်ခွင့်လှည့်မသင့်ခဲ့ကုန်။ဣတိ၊ ဤသို့။ယဿ၊အကြင်အရိယာသာဝကအား။ ပစ္စဝေက္ခဏာ၊ပစ္စဝေက္ခ ဏာတို့သည်။ န ပရိပုဏ္ဏာ၊မပြည့်စုံ။ တဿ၊ထိုအရိယာသာဝကအား။ မဂ္ဂဝဇ္ဈ ကိလေသပဏ္ဏတ္တိယံ၊ မဂ်ပယ်သော ကိလေသာ၏ အမည် ပညတ်၌။ အ ကောဝိဒတ္တာ၊ မလိမ္မာသည်၏ အဖြစ်ကြောင့်။ ဧဝံ၊ဤ မဟာနာမ်မင်းနှင့်အတူ။ သန္ဒေဟော၊ယုံမှားသည်။ဟောတိ၊ဖြစ်၏။

ဒေသနာနည်းမတတ် - ပညတ်နားမလည်၊ ရဟန်းပင် ဖြစ်သော် လည်း၊ ခေါ်ဝေါ် ပြောဆိုကြသော အမည်ကို၊ ဟုတ်လေသလော, မဟုတ်လေသလောဟု ယုံမှားသေး၏။ သို့သော် မဂ်ပယ်သော ဝိစိ ကိစ္ဆာမျိုးမဟုတ်ပေ။

**မဟာနာမော သက္ကော ဘဂဝန္တံ ဧတဒဝေါစ။ ပ။ တဿ မယှံ ဘန္တေ ဧဝံ ဟောတိ၊ ကောသု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော၊ ယေန မေ ဧကဒါ လောဘဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီတိ။**

**သော စေ ခေါ တေ မဟာနာမ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော၊ ယေန တေ ဧကဒါ လောဘဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ။**

**သော စ ဟိ တေ မဟာနာမ ဓမ္မော အဇ္ဈတ္တံ ပဟီနော အဘဝိဿ၊ န တွံ အဂါရံ အဇ္ဈာဝသေယျာသိ န ကာမေ ပရိဘုဉ္ဇေယျာသိ။ ယသ္မာ စ ခေါ တေ မဟာနာမ သော ဧဝ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော၊ တသ္မာ တွံ အဂါရံ အဇ္ဈာဝသတိ ကာမေ ပရိဘုဉ္ဇသိ။**

(စူဠဒုက္ခက္ခန္ဓသုတ်)

မဟာနာမေ၊မဟာနာမ် အမည်ရှိသော။သက္ကော၊သာကီဝင်မင်းသည်။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ ဧတံဝစနံ၊ဤစကားကို။အဝေါစ၊လျှောက်၏။ ကထံ အဝေါစ၊အဘယ်သို့လျှောက်သနည်း။ ပ။ ဘန္တေ၊မြတ်စွာဘုရား။တဿ မယှံ၊ထိုအကျွန်ုပ်အား။ဧဝံ-ဧသော သန္ဒေဟော၊ဤ ယုံမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ယေန၊အကြင်ကြောင့်။ဧကဒါ၊တပါးသောကာလ၌။မေ၊ငါ၏။စိတ္တံ၊စိတ်ကို။လောဘဓမ္မာပိ၊လောဘတရားတို့သည်လည်း။ ပရိယာဒါယ၊ကုန်စင်၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ မေ၊ငါ၏။ စိတ္တံ၊စိတ်ကို။ ဒေါသဓမ္မာပိ၊ ဒေါသတရားတို့သည်လည်း။ ပရိယာဒါယ၊ ကုန်စေ၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ မေ၊ငါ၏။ စိတ္တံ၊စိတ်ကို။ မောဟဓမ္မာပိ၊မောဟတရားတို့သည်လည်း။ ပရိယာဒါယ၊ ကုန်စေ၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ တေန၊ ထိုကြောင့်။ မေ၊ငါ၏။ အဇ္ဈတ္တံ၊အဇ္ဈတ္တ၌။ အပ္ပဟိနော၊မပယ်သေးသော။ ဓမ္မော၊လောဘတရား,ဒေါသတရား,မောဟတရားသည်။ ကော နာမဓမ္မော၊အဘယ်မည်သော လောဘ,ဒေါသ, မောဟတရားပါလိမ့်မည်နည်း။ ဧဝံ-ဧသော သန္ဒေဟော၊ ဤ ယုံမှားခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိ-ဧတံဝစနံ၊ဤစကားကို။ အဝေါစ၊လျှောက်၏။

မဟာနာမ၊ မဟာနာမ်။ ယေန၊အကြင့်ကြောင့်။ ဧကဒါ၊ တပါးသော ကာလ၌။ တေ၊သင်၏။ စိတ္တံ၊စိတ်ကို။ လောဘဓမ္မာပိ၊လောဘတရားတို့သည်လည်း။ ပရိယာဒါယ၊ကုန်စေ၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ တေ၊သင်၏။စိတ္တံ၊စိတ်ကို။ ဒေါသဓမ္မာပိ၊ဒေါသတရားတို့သည်လည်း။ ပရိယာဒါယ၊ကုန်စေ၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေ၊ သင်၏။ စိတ္တံ၊စိတ်ကို။ မောဟဓမ္မာပိ၊ မောဟတရားတို့သည်လည်း။ ပရိယာဒါယ၊ကုန်စေ၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ တေန၊ထိုကြောင့်။မဟာနာမ၊မဟာနာမ်။တေ၊သင်၏။ အဇ္ဈတ္တံ၊အဇ္ဈတ္တ၌။ အပ္ပဟိနော၊မပယ်သေးသော။ ဓမ္မော၊လောဘတရား,ဒေါသတရား,မောဟတရားသည်။ သော-ဧဝခေါ ဓမ္မော၊ထို လောဘ,ဒေါသ,မောဟမည်သော တရားပင်တည်း။

မဟာနာမ၊မဟာနာမ်။တေ၊သင်၏။ အဇ္ဈတ္တံ၊အဇ္ဈတ္တ၌။ သောစဟိဓမ္မော၊ထိုလောဘ,ဒေါသ,မောဟမည်သော တရားသည်။ ပဟိနော၊ပယ်ပြီးသည်။ အ ဘဝိဿတိ၊ဖြစ်ငြားအံ့။တွံ၊ သင်သည်။ အဂါရံ၊လူတို့ဘောင်၌။ န အဇ္ဈာဝသေယျာသိ၊ မနေရာ။ ကာမေ၊ကာမဂုဏ်တို့ကို။ န ပရိဘုဉ္ဇေယျာသိ၊မသုံးဆောင်ရာ။

မဟာနာမ၊ မဟာနာမ်။ ယသ္မာစ ခေါ၊ အကြင့်ကြောင့်လျှင်။ တေ၊ သင်၏။ အဇ္ဈတ္တံ၊ အဇ္ဈ ဘုန္တ္တ။ သောဝ ဓမ္မော၊ ထိုလောဘ, ဒေါသ, မောဟ မည်သော တရားသည်ပင်။ အပ္ပဟီနော၊ မပယ်သေး။ တသ္မာ၊ ထို ကြောင့်။ မဟာနာမ၊ မဟာနာမ်။ တွံ၊ သင်သည်။ အဂါရံ၊ လူ့ဘောင်၌။ အဇ္ဈာဝသသိ၊ နေ၏။ ကာမေ၊ ကာမဂုဏ်တို့ကို။ ပရိဘုဉ္ဇသိ၊ သုံးဆောင်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

**မဟာနာမော သက္ကော ဘဂဝန္တံ ဧတဒဝေါစ။ ပ။ တဿ မယှံ ဘန္တေ တသ္မိံ သမယေ မုဿတေဝ ဘဂဝန္တံ အာရဗ္ဘ သတိ၊ မုဿတိ ဓမ္မံ အာရဗ္ဘ သတိ၊ မုဿတိ သံဃံ အာရဗ္ဘ သတိ။ တဿ မယှံ ဘန္တေ ဧဝံ ဟောတိ ဣမမှိ စာဟံ ဘန္တေ သာယန္ဟသမယေ ကာလံ ကရေယျံ၊ ကာ မမဿ ဂတိ၊ ကော အဘိသမ္ပရာယောတိ။ မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ၊ အပါပကံ တေ မရဏံ ဘဝိဿတိ၊ အပါပိကာ ကာလံကိရိယာ။ စတူဟိ ခေါ မဟာနာမ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာန ပဗ္ဘာရော။** ။ နေတ္တိ ပါဠိတော်။

မဟာနာမော၊ မဟာနာမ်အမည်ရှိသော။ သက္ကော၊ သာကီဝင်မင်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်၏။ ကထံ အဝေါစ၊ အဘယ်သို့ လျှောက်သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။ တဿ မယှံ၊ ထိုအကျွန်ုပ်၏။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အာရဗ္ဘ သတိ၊ အာရုံပြုသော သတိသည်။ တသ္မိံ သမယေ၊ ထိုအခါ၌။ မုဿတေဝ၊ မေ့သလျှင်ကတည်း။ ဓမ္မံ၊ တရားကို။ အာရဗ္ဘ သတိ၊ အာရုံပြုသော သတိသည်။ မုဿတိ၊ မေ့၏။ သံဃံ၊ သံဃာကို။ အာရဗ္ဘ သတိ၊ အာရုံပြုသော သတိသည်။ မုဿတိ၊ မေ့၏။ ဘန္တေ၊ မြတ်စွာဘုရား။ တဿ မယှံ၊ ထိုအကျွန်ုပ်အား။ ဧဝံ ဧသော သန္ဒေဟော၊ ဤယုံမှားသည်။ ဟောတိ၊ ဖြစ်၏။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဣမမှိ သာယန္ဟသမယေ၊ ဤညနေချမ်းအခါ၌။ အဟံ၊ ငါသည်။ ကာလံကရေယျံ၊ သေခဲ့ငြားအံ့။ မမ၊ ငါ့အား။ ကာ ဂတိ၊ အဘယ်ဂတိသည်။ အဿ၊ ဖြစ်မှာပါလိမ့်မည်နည်း။ ကော အဘိသမ္ပရာယော၊

အဘာယ် တမလွန်ဘဝသည်။ အသား၊ ဖြစ်မှာပါလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ ဟောတိ၊ ဖြစ်၏ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

မဟာနာမ၊ မဟာနာမ်။ မာဘာယိ၊ သင် မကြောက်လင့်။ မဟာနာမ၊ မဟာနာမ်။ မာဘာယိ၊ သင် မကြောက်လင့်။ တေ၊ သင့်အား။ မရဏံ၊ သေခြင်းသည်။ အပါပိကံ၊ မယုတ်မာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တေ၊ သင့်အား။ ကာလံကိရိယာ၊ သေခြင်းသည်။ အပါပိကာ၊ မယုတ်မာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မဟာနာမ၊ မဟာနာမ်။ စတူဟိ ဓေါ ဓမ္မေဟိ၊ လေးပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာသာဝကသည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ ညွတ်သည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာန ပေါဏော၊ နိဗ္ဗာန်သို့ ကိုင်းသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာန ပဗ္ဘာရော၊ နိဗ္ဗာန်သို့ ရှိုင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဝေါစ၊ မိန့်တော်မူ၏။

၄-ပါးသော တရားဟူသော်ကား၊ ဘုရား၌ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား ၁-ပါး၊ တရား၌ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား ၁-ပါး၊ သံဃာ၌ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား ၁-ပါး၊ မကျိုး,မပေါက်,မပြောက်,မကျားသော ၅-ပါးသီလ ၁-ပါး၊ ဤ ၄-ပါးသော တရားများပေတည်း။

အရိယာ၏ ဝိစိကိစ္ဆာများကို ထင်ရှားစွာ ပြဆိုရာ
မဟာပစ္စဝေက္ခဏာ ကဏ္ဍ ပြီး၏။

---

## ဒုက္ခ နာမ်,ရုပ် ချုပ်သည်ကို ပြဆိုရာ

# ၁၀-နိဗ္ဗာန ကဏ္ဍ

နိဗ္ဗာန်သွားလမ်းကို အမြွက်မျှ ပြဆိုခြင်း

**ဝနံ ဆိန္ဒထ မာရုက္ခံ၊ ဝနတော ဇာယတေ ဘယံ။**
**ဆေတွာ ဝနံ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။**
(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဝနံ၊ တဏှာတည်းဟူသော တောကို။ ဆိန္ဒထ၊ ဖြတ်ကြပါကုန်လော။ ရုက္ခံ၊ သစ်ပင်တည်းဟူသော တောကို။ မာဆိန္ဒထ၊ မဖြတ်ကြပါကုန်လင့်။ ဝနတော၊ တဏှာတည်းဟူသော တောမှ။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်ပေါ်လာ၏။

ဝနဉ္စ၊ တဏှာတည်းဟူသော တောကိုဂင်း။ ဝနထ္ထဉ္စ၊ တဏှာ၏ တည်ရာ အာရုံ ၆-ပါး တရားတည်းဟူသော တောအုပ်ကိုဂင်း။ ဆေတွာ၊ ညှက်ညှက်နုပ်နုပ် ဖြတ်ခုတ်ပယ်ချ၍။ နိဗ္ဗာနာ၊ တဏှာကင်းငြိမ်းကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။

**အဓိပ္ပါယ်ကား၊** တဏှာတည်းဟူသော တောကိုဖြတ်၊ သစ်ပင်တည်းဟူသော တောကို မဖြတ်နဲ့။ တဏှာတည်းဟူသော တောက ဘေးဖြစ်၏၊သစ်ပင်တည်းဟူသော တောက ဘေးမဖြစ်။တဏှာတည်းဟူသော တောက အဘယ်ဘေးဖြစ်ပါသနည်းဆိုလျှင်၊ တဏှာတည်းဟူသော တောက ပဋိသန္ဓေနေရတဲ့ ဇာတိဘေး၊ အိုရတဲ့ ဇရာဘေး၊ နာရတဲ့ ဗျာဓိဘေး၊ သေရတဲ့ မရဏဘေး၊ စိုးရိမ်ရတဲ့ သောကဘေး၊ ငိုကြွေးရတဲ့ ပရိဒေဝဘေး၊ ကိုယ်ဆင်းရဲတဲ့ ဒုက္ခဘေး၊ စိတ်ဆင်းရဲတဲ့ ဒေါမနဿဘေး၊စိတ်ပူလောင်ပင်ပန်းတဲ့ ဥပါယာသဘေး၊အပါယ်လေးပါး ကာယကံဘေး, ဝစီကံဘေး, မနောကံဘေး၊ အပါယ်ဘေး ဖြစ်ပေါ်လာ၏။ ဤသို့ ဘေးဖြစ်ပေါ်သောကြောင့်၊ ဘေးမဖြစ်မပေါ် နိုင်ရန်၊ တဏှာတည်းဟူသော တောကိုဖြတ်၊ သစ်ပင်တည်းဟူသော တောကို မဖြတ်နဲ့ဟု ဆိုလိုသည်။

ဘေးဖြစ်ပေါ်ရာဖြတ်ရတဲ့တဏှာက ၆-ပါးရှိ၏၊ ၆-ပါးဆိုတာက၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟု ၆-ပါးရှိ၏၊တဏှာ၏ တည်ရာ အာရုံ ၆-ပါးဆိုတာက၊ရူပတဏှာ၏တည်ရာ အဆင်း၊ သဒ္ဒတဏှာ၏တည်ရာ အသံ၊ ဂန္ဓတဏှာ၏တည်ရာ အနံ့၊ ရသတဏှာ၏တည်ရာ အရသာ၊ ဖောဋ္ဌဗ္ဗတဏှာ၏ တည်ရာ အတွေ့၊ဓမ္မတဏှာ၏တည်ရာ သဘော။ ဤတဏှာ၏တည်ရာ အာရုံ ၆-ပါး တရားက တောအုပ်၊ တဏှာ ၆-ပါး တရားကတော့တော၊ တောနှင့်,တောအုပ်ကို ခုတ်ဖြတ်ပယ်ချပြီးတော့၊ တဏှာကင်းကြ,တဏှာငြိမ်းကြလို့ ဆိုလိုပေသည်။

**တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ်ချ၍၊တဏှာကင်းကြ, တဏှာငြိမ်းကြ**-ဆိုတဲ့ အဓိပ္ပါယ်က၊ ကိလေသာဟူသမျှ ပဟာနေ ကင္ဂအားဖြင့် ပယ်လျှင်လဲအတူ၊ သဟာဇေကဋ္ဌအားဖြင့် ဖြစ်လျှင်လဲ အတူ၊ တဏှာကိုယူသဖြင့် ကိလေသာဟူသမျှ အကုန်ရ၏။ ရအပ်သော ကိလေသာ အကျဉ်းအားဖြင့် ၁၀-ပါး၊ အကျယ်အားဖြင့် (၁၅၀၀)

တထောင့်ငါးရာ ရှိသော်လည်း၊ အရင်းမူလအားဖြင့် လောဘ ကိလေ သာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ ၃-ပါးရှိ၏။

လောဘကိလေသာလဲ မေ့တဲ့သဘော မမေ့နဲ့၊ ဒေါသကိလေသာလဲ မေ့တဲ့သဘော မမေ့နဲ့၊ မောဟကိလေသာလဲ မေ့တဲ့သဘော မမေ့နဲ့။ မမေ့လျှင် သတိထင်၏၊ သတိထင်လျှင် ထင်တိုင်း,ထင်တိုင်း အသိဉာဏ် ရင့်၊ အသိဉာဏ် ရင့်တိုင်း,ရင့်တိုင်း ဝိပဿနာနေပဏ္ဏပညာ၊ ဓဲသည် လို မမေ့မလျော့ ထင်သော သတိနှင့်၊ အသိဉာဏ် ရင့်ကျက်သော ဝိပဿနာ နေပဏ္ဏပညာ ၂-ပါးပါ ရတော့၊ ပေါ်လာတိုင်း, ပေါ်လာ တိုင်း အာရုံမှာ၊ သမာဓိဘာဝနာမည်သော ဝိပဿနာစိတ်တည်နေ၏။ သမာဓိဘာဝနာ ဝိပဿနာစိတ် တည်သောသူမှသာလျှင်၊ ဟုတ်တိုင်း မှန်စွာ သိနိုင်လေ၏၊ ထို့ကြောင့်၊....

**သမာဓိံ ဘိက္ခဝေ ဘာဝေထ အပ္ပမတ္တော နိပကော သတော။ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။**

ဟု-ဟောတော်မူ၏။ ။သဠာယတနသံယုတ်ပါဠိတော်,နေတ္တိပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမတ္တော၊ မမေ့မလျော့။ သတော၊ ထင် သော သတိရှိသည်ဖြစ်၍။ နိပကော၊ ရင့်ကျက်သော အသိဉာဏ်ရှိသည် ဖြစ်၍။ အဟံ၊ ငါဘုရားသည်။ သမာဓိံ၊ စိတ်တည်ခြင်းကို။ ဘာဝေထ၊ ပွားစေလို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်သော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ။ သိ၏။

ဟုတ်တိုင်းမှန်စွာ သိသောသူမှသာလျှင်၊ တောအုပ်ကို ခုတ်ဖြတ်၏။ တောအုပ်ကို ခုတ်ဖြတ်သောသူမှသာလျှင်၊ တောကိုပယ်ချ၏၊ တောကို ပယ်ချသော သူမှသာလျှင်၊ တဏှာကင်းငြိမ်း၏။ တဏှာကင်းငြိမ်း ဆို တာက၊ နိရောဓသစ္စာကို မျက်မှောက်ပြုသည်ဟု မြတ်စွာဘုရား ဟော တော်မူ၏၊ တောကို ပယ်ချဆိုတာက၊ သမုဒယသစ္စာကို ပယ်သည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ တောအုပ်ကို ခုတ်ဖြတ်ဆိုတာက၊ ဒုက္ခ သစ္စာကို ပိုင်းခြားသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဟုတ်တိုင်း မှန်စွာသိ ဆိုတာက၊ မဂ္ဂသစ္စာကို ပွားသည်ဟု မြတ်စွာဘုရား ဟော တော်မူ၏။

အဲသည့်ပြို၊ ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စဆိုဘဲ့၊ မဂ်ကိစ္စ ၄-ချက်တပြိုင်နက် တချက်တည်းပြီးစီးဘို့ ရာ၊ တဈာကင်းကြ, တဈာငြိမ်းကြအောင်၊ တောနှင့် တောအုပ်ကို ဘယ်လို ခုတ်ဖြတ်ပယ်ချပါသလဲ။ တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ် ချခအောင်၊ ဟုတ်တိုင်း မှန်စွာ အဘယ်လို သိရပါသလဲ့သို့ ဆိုတော့၊ ပြောဟော လတ္တံ့သော ဒေသနာနည်းဖြင့်၊ အပြီးတိုင်အောင် သိရပါ လိမ့်မယ်။ ထို့ကြောင့်၊....

**ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ စက္ခုံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ၊ ရူပါ အနိစ္စာတိ ယထာဘူတံ ပဇာနာတိ၊ စက္ခုဝိညာဏံ အနိစ္စန္တိ ယထာဘူတံ ပဇာ နာတိ၊ စက္ခုသမ္ဖဿော အနိစ္စောတိ ယထာဘူတံ ပဇာ နာတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အနိစ္စန္တိ ယထာ ဘူတံ ပဇာနာတိ။** ။ရင်းပါဠိတော်။

ကိဉ္စ၊ အဘယ်သို့လျှင်။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ သနည်း။ စက္ခုံ၊ မျက်စိသည်။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း၊ ပဇာနာတိ၊ သိ၏။ ရူပါ၊ အဆင်းတို့သည်။ အနိစ္စာ၊ မမြဲ ကုန်၊ ဣတိ၊ ဤသို့၊ ယထာဘူတံ၊ ဟုတ်တိုင်း၊ ပဇာနာတိ၊ သိ၏။ စက္ခု ဝိညာဏံ၊ မြင်ခြင်းသည်၊ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏၊ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းသည်၊ အနိစ္စော၊ မမြဲ။ ဣတိ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း၊ ပဇာနာတိ၊ သိ၏၊ စက္ခုသမ္ဖဿပစ္စယာ၊ မျက်ဖြင့် မြင် ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့်၊ သုခံဝါ၊ ချမ်းသာ သည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခ မသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ်,ချမ်းသာသည်လည်း မဟုတ်သော၊ ယမိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစား ခြင်းသည်လည်း၊ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ ။ဒုက္ခ၊ ဆင်းရဲ။ အနတ္တာ၊ အစိုးမရ ဟူ၍လည်း ဆိုလေ။

သောတံ။ ပ။ မနော အနိစ္စော.တိ ယထာဘူတံ ပဇာနာတိ၊ ဓမ္မာ အနိစ္စာ.တိ ယထာဘူတံ ပဇာနာတိ၊ မနောဝိညာဏံ အနိစ္စ.န္တိ ယထာဘူတံ ပဇာနာတိ၊ မနောသမ္ဖဿော အနိစ္စော.တိ ယထာဘူတံ ပဇာနာတိ၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ အနိစ္စ.န္တိ ယထာဘူတံ ပဇာနာတိ။ ။ငုင်းပါဠိတော်။

သောတံ၊ နားသည်။ ပ။ မနော၊ စိတ်သည်။ အနိစ္စော၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ ဓမ္မာ၊ သဘောတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ မနောဝိညာဏံ၊ သိခြင်းသည်။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ မနောသမ္ဖဿော၊ စိတ်ဖြင့်သိခြင်း၏သဘောနှင့် တွေ့ခြင်းသည်။ အနိစ္စော၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်ဖြင့် သိခြင်း၏ သဘောနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခ မသုခံဝါ၊ ဆင်းရဲသည်လည်းမဟုတ်,ချမ်းသာသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ ။ ဒုက္ခံ၊ ဆင်းရဲ။ အနတ္တာ၊ အစိုးမရ ဟူ၍လည်းဆိုလေ။

နိဗ္ဗာန်သွား လမ်းစကို ပြဆိုခြင်း ပြီး၏။

## ခဏ ၆-ပါးနှင့် လက္ခဏာရေး ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း

ဟုတ်တိုင်းမှန်စွာ သိဘို့ရာက ခဏ ၆-ပါး ရှိ၏။ ခဏ ၆-ပါး ဆိုတာက၊ မြင်သောခဏ, ကြားသောခဏ, နံသောခဏ, စားသော ခဏ,ထိသောခဏ,သိသောခဏ ဟု ၆-ပါး ဖြစ်၏။

မြင်သောခဏဆိုတာက၊ မျက်စိက ကြည့်တဲ့ သဘော၊ အဆင်းက ထင်တဲ့ သဘော၊စက္ခုဝိညာဏ်က မြင်တဲ့ သဘော၊ ဖဿက တွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော။အဲသည်လို မျက်စိက ကြည့်၊

အဆင်းက ထင်၊စက္ခုဝိညာဏ်က မြင်၊ဖဿက တွေ့၊ဝေဒနာက ခံစား၊ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို၊မြင်သော ခဏလို့ဆို၏၊သို့ဖြစ်၍ မြင်သောခဏ၊မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်ကုန်တယ်လို့ ထင်သော သူမှာ၊ မျက်စိလဲ မမြဲ၊ အဆင်းလဲ မမြဲ၊ မြင်တာလဲ မမြဲ၊ တွေ့တာလဲ မမြဲ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊မြတ်စွာဘုရား ဟောတော်မူ၏။

**အနိစ္စတော မနသိကရောတော ခယတော သန်္ခါရာ ဥပဋ္ဌဟန္တိ။** ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အနိစ္စတော၊မမြဲဟု။ မနသိကရောတော၊နှလုံးသွင်းမိသောသူအား။ ခယတော၊ကုန်၏ဟု။သန်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ထင်ကုန်၏။ ။အနိစ္စဘဲ မမြဲဟု နှလုံးသွင်းသောသူ၏ စိတ်အသိ အမြင်မှာ၊အာရုံပြုမိတဲ့ ရုပ်,နာမ်,ခန္ဓာ သင်္ခါရ၊ကုန်တာဘဲလို့ ထင်ရုံမျှ ဖြစ်၏။အနိစ္စ မမြဲဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့မည် မဟုတ်ပေ။ ကုန်တာဘဲလို့ ထင်ကထဲက အနိစ္စဘဲ၊ မမြဲတဲ့ အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရလေသည်။

**ကြားသောခဏ** ဆိုတာက၊နားက ကြည်တဲ့ သဘော၊ အသံက ထင်တဲ့ သဘော၊ သောတဝိညာဏ်က ကြားတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော။ ဲဲဲအဲသည်လို နားက ကြည်၊အသံက ထင်၊သောတဝိညာဏ်က ကြား၊ဖဿက တွေ့၊ဝေဒနာ က ခံစား၊ဤ ၅-ပါးပေါင်းဆုံမိတဲ့ ကာလကို၊ကြားသောခဏလို့ဆို၏၊ သို့ဖြစ်၍ ကြားသောခဏ၊ ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြားကုန် တာဘဲလို့ ထင်သောသူမှာ၊ နားလဲ မမြဲ၊ အသံလဲ မမြဲ၊ ကြားတာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊မြတ်စွာဘုရား က ဟောကြားတော်မူ၏။

**နံ့သောခဏ** ဆိုတာက၊နှာခေါင်းက ကြည်တဲ့သဘော၊ အနံ့က ထင်တဲ့ သဘော၊ ဃာန ဝိညာဏ်က နံတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော။ အဲသည်လို နှာခေါင်းက ကြည်၊ အနံ့က ထင်၊ ဃာနဝိညာဏ်က နံ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား။ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို၊နံသော ခဏလို့ ဆို၏။ သို့ ဖြစ်၍ နံသော ခဏ၊ နံ-နံတယ်လို့ မှတ်လျှင်၊ နံကုန်တယ်လို့ ထင်သော

သူမှာ၊ နှာခေါင်းလဲ မမြဲ၊ အနံ့လဲ မမြဲ၊ နံတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

**စားသောခဏ** ဆိုတာက၊ လျှာက ကြည်တဲ့ သဘော၊ အရသာက ထင်တဲ့ သဘော၊ ဇိဝှါဝိညာဏ်က စားတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော။ ဤသည်လို လျှာက ကြည်၊ အရသာက ထင်၊ ဇိဝှါဝိညာဏ်က စား၊ ဖဿက တွေ့၊ ဝေဒနာက ခံစား။ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို၊ စားသောခဏလို့ ဆို၏။ သို့ဖြစ်၍ စားသော ခဏ၊ စား-စားတယ်လို့ မှတ်လျှင်၊ စားကုန်ဘာဘဲလို့ ထင်သောသူမှာ၊ လျှာလဲ မမြဲ၊ အရသာလဲ မမြဲ၊ စားတာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

**ထိသောခဏ** ဆိုတာက၊ ကိုယ်က ကြည်တဲ့ သဘော၊ အတွေ့က ထင်တဲ့ သဘော၊ ကာယဝိညာဏ်က ထိတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော။ ဤသည်လို ကိုယ်က ကြည်၊ အတွေ့က ထင်၊ ကာယဝိညာဏ်က ထိ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား။ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို၊ ထိသော ခဏလို့ ဆို၏။ သို့ဖြစ်၍ ထိသောခဏ၊ ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိကုန်တယ်လို့ ထင်သောသူမှာ၊ ကိုယ်လဲ မမြဲ၊ အတွေ့လဲ မမြဲ၊ ထိတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

**သိသောခဏ** ဆိုတာက၊ နှလုံးက ကြည်တဲ့ သဘော၊ သဘောက ထင်တဲ့ သဘော၊ မနောဝိညာဏ်က သိတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော။ ဤသည်လို နှလုံးက ကြည်၊ သဘောက ထင်၊ မနောဝိညာဏ်က သိ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား။ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို၊ သိသောခဏလို့ ဆို၏။ သို့ဖြစ်၍ သိသော ခဏ၊ သိ-သိတယ်လို့ မှတ်လျှင်၊ သိကုန်တယ်လို့ ထင်သောသူမှာ၊ နှလုံးလဲ မမြဲ၊ သဘောလဲ မမြဲ၊ သိတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

မြင်သောခဏ၊ မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်ဘေးလို့ ထင်သောသူမှာ၊ မျက်စိလဲ ဆင်းရဲ၊ အဆင်းလဲ ဆင်းရဲ၊ မြင်တာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ခံစားတာလဲ ဆင်းရဲဟု၊ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊မြတ်စွာဘုရား ဟောတော်မူ၏။ထို့ကြောင့်၊....

**ဒုက္ခတော မနသိကရောတော ဘယတော**
**သင်္ခါရာ ဥပဋ္ဌဟန္တိ။** ။ရင်းပါဠိတော်။

ဒုက္ခတော၊ဆင်းရဲဟု။မနသိကရောတော၊နှလုံးသွင်းမိသောသူအား။ ဘယတော၊ ဘေးဟု။ သင်္ခါရာ၊ ရုပ်, နာမ်, ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဒုက္ခဘဲ ဆင်းရဲဟု နှလုံးသွင်းသော သူ၏စိတ်အသိအမြင်မှာ၊အာရုံပြုမိတဲ့ ရုပ်,နာမ်,ခန္ဓာ သင်္ခါရ၊ဘေးလို့ ထင်ရုံမျှဖြစ်၏။ဒုက္ခဘဲ ဆင်းရဲဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပေ။ဘေးလို့ထင်ကတဲက ဒုက္ခဘဲ ဆင်းရဲတဲ့အနေ၊ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရလေသည်။

ကြားသောခဏ၊ ကြား -ကြားတယ်လို့ မှတ်လျှင်၊ ကြားဘေးလို့ ထင်သောသူမှာ၊နားလဲ ဆင်းရဲ၊အသံလဲ ဆင်းရဲ၊ကြားတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

နံသောခဏ၊ နံ-နံတယ်လို့ မှတ်လျှင်၊ နံဘေးလို့ ထင်သောသူမှာ၊ နှာခေါင်းလဲ ဆင်းရဲ၊ အနံ့လဲ ဆင်းရဲ၊ နံတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

စားသောခဏ၊စား-စားတယ်လို့ မှတ်လျှင်၊စားဘေးလို့ ထင်သောသူမှာ၊ လျှာလဲ ဆင်းရဲ၊ အရသာလဲ ဆင်းရဲ၊ စားတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊မြတ်စွာဘုရား ဟောတော်မူ၏။

ထိသောခဏ၊ ထိ-ထိတယ်လို့ မှတ်လျှင်၊ထိဘေးလို့ ထင်သောသူမှာ၊ကိုယ်လဲ ဆင်းရဲ၊အတွေ့လဲ ဆင်းရဲ၊ထိတာလဲ ဆင်းရဲ၊တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

သိသောခဏာ၊ သိ-သိတယ်လို့ မှတ်လျှင်၊ သိဘေးလို့ ထင်သော သူမှာ၊ နှလုံးလဲ ဆင်းရဲ၊ သဘောလဲ ဆင်းရဲ၊ သိတာလဲ ဆင်းရဲ၊ တွေ့ တာလဲ ဆင်းရဲ၊ခံစားတာလဲ ဆင်းရဲဟု၊ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။ ။ဒုက္ခအဓိပ္ပါယ်။

မြင်သောခဏ၊ မြင် - မြင်တယ်လို့ မှတ်လျှင်၊ မြင်ဆိတ်တယ်လို့ ထင်သော သူမှာ၊မျက်စိလဲ အစိုးမရ၊အဆင်းလဲ အစိုးမရ၊မြင်တာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု၊ ဟုတ်တိုင်း မှန်စွာ သိတယ်လို့၊ မြတ်စွာဘုရားဟောတော်မူ၏။ တို့ကြောင့်၊....

**အနတ္တတော မနသိကရောတော သုညတော သင်္ခါရာ ဥပဋ္ဌဟန္တိ။** ။ရင်းပါဠိတော်။

အနတ္တတော၊ အစိုးမရဟု။ မနသိကရောတော၊နှလုံးသွင်းမိသော သူအား။ သုညတော၊ဆိတ်၍ဟု။ သင်္ခါရာ၊ ရုပ်, နာမ်, ခန္ဓာ သင်္ခါရ တို့သည်။ ဥပဋ္ဌဟန္တိ၊ထင်ကုန်၏။

အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းသော သူ၏ စိတ်အသိအမြင်မှာ၊ အခါရုံပြုမိတဲ့ ရုပ်, နာမ်,ခန္ဓာ သင်္ခါရ၊ဆိတ်တယ်လို့ ထင်ရုံမျှသာ ဖြစ်၏။အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပေ။ ဆိတ်တယ်လို့ ထင်ကတဲက အနတ္တဘဲ အစိုးမရတဲ့အနေ၊ဟုတ် တိုင်းပင် သိပေသည်လို့ ဆိုရလေသည်။

ကြားသောခဏ၊ကြား-ကြားတယ်လို့ မှတ်လျှင်၊ကြားဆိတ်တယ် လို့ ထင်သောသူမှာ၊နားလဲ အစိုးမရ၊ အသံလဲ အစိုးမရ၊ ကြားတာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု၊ဟုတ်တိုင်း မှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

နံသောခဏ၊ နံ-နံတယ်လို့ မှတ်လျှင်၊ နံဆိတ်တယ်လို့ထင်သောသူ မှာ၊နှာခေါင်းလဲ အစိုးမရ၊ အနံ့လဲ အစိုးမရ၊ နံတာလဲ အစိုးမရ၊ တွေ့ တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု၊ ဟုတ်တိုင်းမှန်စွာ သိ တယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

စားသောခဏ၊ စား-စားတယ်လို့ မှတ်လျှင်၊ စားဆိတ်တယ်လို့ ထင်သောသူမှာ၊ လျှာလဲ အစိုးမရ၊ အရသာလဲ အစိုးမရ၊ စားတာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ခံစားတာလဲ အစိုးမရဟု၊ဟုတ်တိုင်း မှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

ထိသောခဏ၊ ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိဆိတ်တယ်လို့ ထင်သေးသူမှာ၊ ကိုယ်လဲ အစိုးမရ၊ အတွေ့လဲ အစိုးမရ၊ ထိတာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။

သိသောခဏ၊ သိ-သိတယ်လို့ မှတ်လျှင်၊ သိဆိတ်တယ်လို့ ထင်သေးသူမှာ၊ စိတ်လဲ အစိုးမရ၊ သဘောလဲ အစိုးမရ၊ သိတာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု၊ ဟုတ်တိုင်းမှန်စွာ သိတယ်လို့၊ မြတ်စွာဘုရား ဟောတော်မူ၏။ ။အနတ္တ၏အဓိပ္ပါယ်။

ခဏ ၆-ပါးနှင့် လက္ခဏာရေး ၃-ပါးကို ပြဆိုခြင်း ပြီး၏။

## လက္ခဏာရေးထင်၍ မဂ်ဝင်ပုံကို ပြဆိုခြင်း

မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်ကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းသင်တာက-ရုပ်၊ မြင်တာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က မြင်တယ်၊မြင်တယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ မြင်ကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိဗ္ဗာန်ကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုရ၏။

ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြားကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ ကြားသောခဏ၊ နားကြည်တာ,အသံထင်တာက-ရုပ်၊ ကြားတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က ကြားတယ်၊ ကြားတယ်လို့ မှတ်တာက-ဝိပဿနာဉာဏ်၊ ကြားကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိဗ္ဗာန်ကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုရ၏။

နံ-နံတယ်လို့ မှတ်လျှင်၊ နံကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ နံသောခဏ၊ နှာခေါင်းကြည်တာ, အနံ့ထင်တာက-ရုပ်၊ နံတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က နံတယ်၊ နံတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ နံကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိဗ္ဗာန်ကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုရ၏။

စား-စားတယ်လို့ မှတ်လျှင်၊စားကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ စားသောခဏ၊ လျှာကြည်တာ, အရသာထင်တာက-ရုပ်၊ စား

တာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်နာမ်က စားတယ်၊ စား တယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ စားကုန်တာက အနိစ္စ၊ ကုန် တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင် တယ်လို့ ဆိုရ၏။

ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ ကိုယ်ကြည်တာ, အတွေ့ထင်တာက-ရုပ်၊ ထိတာ,တွေ့တာ, ခံစားတာ က-နာမ်၊ ဤရုပ်, နာမ်က ထိတယ်၊ထိတယ်လို့ မှတ်တာက ဝိပဿနာ ဉာဏ်၊ ထိကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင် တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ ဆိုရ၏။

သိ-သိတယ်လို့ မှတ်လျှင်၊ သိကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ် က၊ သိသောခဏ၊ နှလုံးကြည်တာ, သဘောထင်တာက-ရုပ်၊သိတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က သိတယ်၊ သိတယ်လို့ မှတ် တာက ဝိပဿနာဉာဏ်၊သိကုန်တာက အနိစ္စ၊ကုန်တယ်လို့ ထင်တာ က အနိစ္စထင်တယ်၊အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ ဆိုရပေ သည်။

အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်က၊အမှတ် ပြုတဲ့ ရုပ်, နာမ်အာရုံ၊ဖြစ်ပျက်၍ ကုန်တာကို ကုန်တယ်လို့ ထင်မှသာ မချသိမြင်၊ ဝိပဿနာဉာဏ်က အနိစ္စထင်တယ်လို့ ဆိုရ၏၊အနိစ္စထင် တဲ့ ဝိပဿနာဉာဏ်က မချသိမြင် ကုန်တယ်လို့ ထင်မှသာ၊ ဖြစ်ပျက်၍ ကုန် အမှတ်ပြုတဲ့ ရုပ်,နာမ် အာရုံမှာ၊ကံကိလေသာ အသစ် အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝတဘန် အသစ် ကံကိလေသာ၏ အကျိုးလဲ မဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်, မပျက်ကြောင်း၊ ဘဝတဘန် ခန္ဓာ နာမ်,ရုပ်ချုပ်တဲ့ နိစ္စ နိဗ္ဗာန်ကို၊ မဂ်ဉာဏ်က အမှန်မြင်မှသာ၊ မဂ်ဝင် တယ်လို့ ဆိုရလေတော့သည်။

မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်ဘေးလို့ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းထင်တာက-ရုပ်၊ မြင်တာ, တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က မြင်တယ်၊ မြင်တယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ မြင်တဲ့ဘေးက ဒုက္ခ၊ဘေးလို့ ထင်တာ က ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်၊

ကြား-ကြားတယ်လို့ မှတ်လျှင်၊ကြားဘေးလို့ ထင်ဆိုတဲ့ အဓိပ္ပါယ် က၊ ကြားသောခဏ၊နားကြည်တာ,အသံထင်တာက-ရုပ်၊ကြားတာ,

တွေ့ဘာ၊ ခံစားတာက-နာမ်၊ ဤရုပ်၊နာမ်က ကြားတယ်၊ ကြားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ ကြားတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

နံ-နံတယ်လို့ မှတ်လျှင်၊ နံဘေးလို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ နံသော ခဏ၊ နှာခေါင်းကြည်တာ၊ အနံ့ထင်တာက-ရုပ်၊ နံတာ၊ တွေ့ဘာ၊ ခံစားတာက-နာမ်၊ ဤရုပ်၊ နာမ်က နံတယ်၊ နံတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ နံတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

စား-စားတယ်လို့ မှတ်လျှင်၊စားဘေးလို့ထင်ဆိုတဲ့ အဓိပ္ပါယ်က စားသောခဏ၊ လျှာကြည်တာ၊ အရသာ ထင်တာက-ရုပ်၊စားတာ၊ တွေ့ဘာ၊ ခံစားတာက-နာမ်၊ဤ ရုပ်၊နာမ်က စားတယ်၊စားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ စားတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိဘေးလို့ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ ထိသောခဏ၊ကိုယ်ကြည်တာ၊ အတွေ့ထင်တာက-ရုပ်၊ထိတာ၊တွေ့ဘာ၊ ခံစားတာက-နာမ်၊ ဤရုပ်၊နာမ်က ထိတယ်၊ ထိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ ထိတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

သိ-သိတယ်လို့ မှတ်လျှင်၊ သိဘေးလို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ သိသောခဏ၊ နှလုံးကြည်တာ၊ သဘောထင်တာက-ရုပ်၊ သိတာ၊ တွေ့ဘာ၊ ခံစားတာက-နာမ်၊ ဤရုပ်၊နာမ်က သိတယ်၊ သိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ သိတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်က၊ အမှတ်ပြုတဲ့ ရုပ်၊နာမ်အာရုံ၊ ဖြစ်ပျက်တဲ့ဘေးကို ဘေးလို့ ထင်မှသာ မျချသိမြင်၊ ဝိပဿနာဉာဏ်က ဒုက္ခထင်တယ်လို့ ဆိုရ၏၊ ဒုက္ခထင်တဲ့ ဝိပဿနာဉာဏ်က မျချသိမြင် ဘေးလို့ထင်မှသာ၊ ဖြစ်ပျက်တဲ့ ဘေးဟု အမှတ်ပြုတဲ့ ရုပ်၊နာမ်အာရုံမှာ၊ ကံကိလေသာ၏ အသစ်၊ အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝတဘာန် အသစ် ကံကိလေသာ၏ အကျိုးလဲ မဖြစ်၊မဖြစ်လျှင်လဲ မပျက်၊မဖြစ်၊မပျက်ကေန် ဘဝတဘာန် ခန္ဓာ နာမ်၊

ရုပ်ချုပ်တဲ့ သုခနိဗ္ဗာန်ကို၊မဂ်ဉာဏ်က အမှန်မြင်မှသာ၊ မဂ်ဝင်တယ်လို့ ဆိုရလေတော့သည်။

မြင်-မြင်တယ်လို့ မှတ်လျှင်၊မြင်ဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းထင်တာက -ရုပ်၊ မြင်တာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က မြင်တယ်၊မြင်တယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ မြင်ဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊အနတ္တထင် ပရမတ္ထကို မြင်မှ မဂ်ဝင်တယ်။

ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြားဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ ကြားသောခဏ၊ နားကြည်တာ,အသံထင်တာက-ရုပ်၊ ကြားတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က ကြားတယ်၊ ကြားတယ်လို့ မှတ်တာက ဝိပဿနာ ဉာဏ်၊ ကြား ဆိတ်တာက အနတ္တ၊ဆိတ်တယ်လို့ ထင်တာက အနတ္တ ထင်တယ်၊အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

နံ-နံတယ်လို့ မှတ်လျှင်၊နံဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ နံသောခဏ၊ နှာခေါင်းကြည်တာ,အနံ့ထင်တာက-ရုပ်၊နံတာ,တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်, နာမ်က နံတယ်၊ နံတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ နံဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တ ထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

စား-စားတယ်လို့ မှတ်လျှင်၊ စား ဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ စားသောခဏ၊ လျှာကြည်တာ,အရသာ ထင်တာက-ရုပ်၊ စားတာ,တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က စားတယ်၊ စားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ စားဆိတ်တာက အနတ္တ၊ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ထိသောခဏ၊ ကိုယ်ကြည်တာ, အတွေ့ထင်တာက-ရုပ်၊ ထိတာ, တွေ့တာ,ခံစားတာက-နာမ်၊ဤရုပ်,နာမ်က ထိတယ်၊ ထိတယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ထိဆိတ်တာက အနတ္တ၊ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

သိ-သိတယ်လို့မှတ်လျှင်၊သိဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က၊ သိသောခဏ၊ နှလုံးကြည်တာ, သဘော ထင်တာက-ရုပ်၊ သိတာ, တွေ့ဘာ,ခံစားတာက-နာမ်၊ဤရုပ်,နာမ်က သိတယ်၊သိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ သိဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္တကိုမြင်မှ မဂ်ဝင်တယ်။

အနတ္တထင် ပရမတ္တကို မြင်မှ မဂ်ဝင်တယ်ဆိုတဲ့ အဓိပ္ပါယ်က၊ အမှတ်ပြုတဲ့ ရုပ်, နာမ် အာရုံ၊ဖြစ်ပျက်၍ ဆိတ်တာကို ဆိတ်တယ်လို့ ထင်မှသာ မုချသိမြင်၊ ဝိပဿနာဉာဏ်က အနတ္တထင်တယ်လို့ ဆိုရ၏။ အနတ္တထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင် ဆိတ်တယ်လို့ ထင်မှသာ၊ ဖြစ်ပျက်၍ ဆိတ်၏ဟု အမှတ်ပြုတဲ့ ရုပ်,နာမ်အာရုံမှာ၊ ကံ, ကိလေသာ၏ အသစ်အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဘာန် အသစ် ကံ,ကိလေသာ၏ အကျိုးလဲ မဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်မပျက်ကေန် ဘဝတဘာန် ခန္ဓာ, နာမ်,ရုပ်ချုပ်တဲ့ ပရမတ္ထ နိဗ္ဗာန်ကို၊ မဂ်ဉာဏ်က အမှန်မြင်မှသာ၊ မဂ်ဝင်တယ်လို့ ဆိုရလေတော့သည်။

နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်ဆိုတဲ့အဓိပ္ပါယ်က၊မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးတယ်သို့ ဆိုရ၏။ မဂ်ကိစ္စ ၄-ချက် တပြိုင်နက်ပြီးဆိုတဲ့ အဓိပ္ပါယ်က၊ ဒုက္ခသစ္စာကိုလဲ ပိုင်းခြား၊ သမုဒယသစ္စာကိုလဲ ပယ်၊ နိရောဓ သစ္စာကိုလဲ မျက်မှောက်ပြု၊ မဂ္ဂသစ္စာကိုလဲ ပွား၏။ ။ဒုက္ခသစ္စာကိုလဲ ပိုင်းခြားဆိုတဲ့ အဓိပ္ပါယ်က၊မဂ်ဖြင့် အသစ် အဟောင်း အကြောင်းမဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာနှင့် ရောနှောခွင့် မရ၊ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ နာမ်,ရုပ်ကို၊ မဂ်က ဒုက္ခသစ္စာကို ပိုင်းခြားတယ်လို့ ဆိုရ၏။ ။သမုဒယသစ္စာကို ပယ်ဆိုတဲ့ အဓိပ္ပါယ်က၊ ရောနှောခွင့်မရ မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ နာမ်,ရုပ်၌၊ မဂ်ဖြင့် အသစ်အဟောင်း အကြောင်း မဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာကို၊ မဂ်က သမုဒယသစ္စာကို ပယ်တယ်လို့ ဆိုရ၏။

နိရောဓ သစ္စာကို မျက်မှောက်ပြုဆိုတဲ့ အဓိပ္ပါယ်က၊ မဂ်ဖြင့် အသစ်အဟောင်း အကြောင်း မဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာနှင့် ရောနှောခွင့်မရ၊မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ နာမ်, ရုပ်၌၊ မဂ်ဖြင့် ဘဝတဘာန်အသစ် ကံ,ကိလေသာ၏ အကျိုး မဖြစ်ဟု ရှုမြင်သည်ကို၊ မဂ်က နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ ဆိုရ၏။

မင်္ဂလသုတ္တာကို ပွား ဆိုဘဲ့ အဓိပ္ပါယ်က၊ ဘဝတဘာန်အသစ် ကာံ, ကိ ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုသော မဂ်ပညာက-ဝိပဿနာ၊ မဂ်သ မာဓိက-သမထ။ ဤသမထ,ဝိပဿနာအစုံကာ လောကီ ခန္ဓာ နာမ်,ရုပ်၌၊ အနုသယ,ပရိယုဋ္ဌာန် ကိလေသာမှ လွတ်သောကိစ္စ တူကြသည်ကို၊ မဂ်က မင်္ဂလသုတ္တာကို ပွားတယ်လို့ ဆိုရ၏။ ဇဲသည်လို နိဗ္ဗာန်ကို မဂ် ဉာဏ်က အမှန်မြင်ဆိုတဲ့ အဓိပ္ပါယ်က၊ မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးတယ်လို့ ဆိုရလေတော့သည်။

လက္ခဏာရေး ထင်၍ မဂ်ဝင်ပုံကို ပြဆိုခြင်း ပြီး၏။

---

ရှင်သာရိပုတ္တရာ၏ နိဗ္ဗာန်အဖြေကို ပြဆိုခြင်း

**ဝေံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အင်္ဂေသု ဝိဟရတိ အာပဏံနာမ အင်္ဂါနံ နိဂမော၊ တတြခေါ ဘဂဝါ အာယသ္မန္တံ သာရိပုတ္တံ အာမန္တေသိ။**

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဧဝံ၊ ဤသို့။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားအပ်၏။ ဧကံ၊ တပါး သော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အင်္ဂေသု၊ အင်္ဂတိုင်း တို့၌။ ဝိဟရတိ၊ နေတော်မူ၏။ အာပဏံနာမ၊ အာပဏမည်သော။ အင်္ဂါနံ၊ အင်္ဂတိုင်းတို့၏။ နိဂမော၊ နိဂုံးသည်။ အတ္ထိ၊ ရှိ၏။ တတြခေါ၊ ထိုနိဂုံး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိ ပုတ္တရာကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

**ယော သော သာရိပုတ္တ အရိယသာဝကော တထာ ဂတေ ဧကန္တဂတော အဘိပ္ပသန္နော၊ န သော တထာဂ တေ ဝါ တထာဂတ သာသနေ ဝါ ကင်္ခေယျ ဝါ ဝိစိကိစ္ဆေယျ ဝါ.တိ။** ။ရင်းပါဠိတော်။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ယော သော အရိယသာဝကော၊ အကြင်အရိယာသာဝကသည်။ တထာဂတေ၊ ငါဘုရား၌။ အဘိပ္ပသန္နော၊ ယုံကြည်ခြင်းသည်။ ဧကန္တဂတော၊ စင်စစ် ဧကန် အမှန်ရောက်၏။ သော အရိယသာဝကော၊ ထိုအရိယာသာဝကသည်။ တထာဂတေဝါ၊ ငါဘုရား၌ရင်း။ တထာဂတ သာသနေဝါ၊ ငါဘုရား၏ သာသနာတော် ၌ရင်း။ န ကင်္ခေယျဝါ၊ ကင်္ခါ ဂ-ပါးလည်း မယုံမှားရာသလော။ န ဝိဝိ

ကိစ္စေယျပေါ၊ ၀ိ၀ိကိစ္စာ ၁၆-ပါးလည်း မယုံမှားရာသလော၊ ရှုထိ၊ ဤသို့။အာဝမစ္စေသိ၊မိန့်တော်မူ၏။

**ယော သော ဘန္တေ အရိယသာဝကော တထာဂတေ ကေန္တဂတော အဘိပ္ပသန္နော၊ န သော တထာဂတေဝါ တထာဂတ သာသနေဝါ ကင်္ခေယျပေါ ဝိဝိကိစ္ဆေယျပေါ။**

(ရင်းပါဠိတော်)

ဘန္တေ၊မြတ်စွာဘုရား။ ယော သော အရိယာသာဝကော၊ အကြင် အရိယာသာဝကသည်၊တထာဂတေ၊မြတ်စွာဘုရား၌၊အဘိပ္ပသန္နော၊ ယုံကြည်ခြင်းသည်၊ကေန္တဂတော၊စင်စစ်ကေန် အမှန်ရောက်၏၊သော အရိယာသာဝကော၊ ထို အရိယာသာဝကသည်။ တထာဂတေဝါ၊ မြတ်စွာဘုရား၌ရင်း။ တထာဂတသာသနေဝါ၊မြတ်စွာဘုရား သာသ နာတော်၌ရင်း။ န ကင်္ခေယျပေါ၊ ကင်္ခါ ၈-ပါးလည်း မယုံမှားရာ။ န ဝိဝိကိစ္ဆေယျပေါ၊ ဝိဝိကိစ္ဆာ ၁၆-ပါးလည်း မယုံမှားရာပါဘုရား၊

**သဒ္ဓဿ ဟိ ဘန္တေ အရိယသာဝကဿ တေ ပါဠိ ကင်္ခါ၊ ယံ အာရဒ္ဓဝီရိယော ဝိဟရိဿတိ၊ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။ ယံ ဥဿ ဘန္တေ ဝီရိယံ၊ တဒဿ ဝီရိယိန္ဒြိယံ။**

(ရင်းပါဠိတော်)

ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊မြတ်စွာဘုရား။ သဒ္ဓဿ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အရိယာသာဝကဿ၊ အရိယာသာဝက အား။တော်၊ဤဖူလွန်ကို၊ပါဠိကင်္ခါ၊အလိုရှိအပ်၏။ယံ ယော အရိယာသာ ဝကော၊အကြင်အရိယာသာဝကသည်။အာရဒ္ဓဝီရိယော၊ အားထုတ် အပ်သော လုလ္လဝီရိယ ရှိသည်ဖြစ်၍။ ဝိဟရိဿတိ၊ နေလတ့်။ အကု သလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေ ခြင်းငှါ။ ထာမဝါ၊အားအစွမ်းနှင့် ပြည့်စုံသည်ဖြစ်၍။ဒဠှပရက္ကမော၊မြဲ မြံစွာ အဆင့်ဆင့် နောက်ပိုပသာနာသို့တက်သော အားလုလ္လ ပရက္ကမ ရှိသည်ဖြစ်၍။အနိက္ခိတ္တဓုရော၊မချသော ဝန်ရှိသည်ဖြစ်၍။ကုသလေသု

ဓမ္မသု၊ ကုသိုလ်တရားတို့၌။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုလ္လဝီရိယ ရှိသည်ဖြစ်၍။ ဝိဟာရိဿတိ၊ နေလတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊ မြတ်စွာဘုရား။အဿ၊ ထိုအားထုတ်၍နေသော အရိယာသာဝကာ၏။ ယံ ဝီရိယံ၊အကြင်ဝီရိယသည်။ အတ္ထိ၊ ရှိ၏။ တံ၊ထို ဝီရိယသည်။ အဿ၊ ထိုအားထုတ်၍နေသော အရိယာသာဝက၏။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေတည်း။ ဇော်၊ ဤဝီရိယိန္ဒြေကို။ ပါဠိကာနိ၊ အလိုရှိအပ်၏။

**သဒ္ဓဿ ဟိ ဘန္တေ အရိယသာဝကဿ အာရဒ္ဓဝီရိယဿ ဇော် ပါဋိကင်္ခံ၊ ယံ သတိမာ ဘဝိဿတိ၊ ပရမေန သတိနေပက္ကေန သမန္နာဂတော စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ။ ယာ ဟိ'ဿ ဘန္တေ သတိ၊ တဒဿ သတိန္ဒြိယ။**

ဟိ-သစ္စံ၊ မှန်၏၊ ဘန္တေ၊ မြတ်စွာဘုရား။ သဒ္ဓဿ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုလ္လဝီရိယနှင့်လည်းပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာကဝအား။ ဇော်၊ ဤဓမ္မန္ဒြေကို။ ပါဠိကာနိ၊ အလိုရှိအပ်၏။ ယံ ယော အရိယသာဝကော၊ အကြင်အရိယာသာဝကာသည်။ သတိမာ၊ ထင်သောသတိနှင့် ပြည့်စုံသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ပရမေန၊ မြတ်သော။ သတိ နေပက္ကေန၊ ရင့်ကျက်သော သတိနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ စိရကတမ္ပိ၊ ရှည်မြင့်စွာ ကိုယ်ဖြင့် ပြုအပ်သော အမှုကိုရင်း။ စိရဘာသိတမ္ပိ၊ ရှည်မြင့်စွာ နှုတ်ဖြင့် ပြောဆိုအပ်သော စကားကိုရင်း။ သရိတာ အနုဿရိတာ၊ အဖန်တလဲလဲ မှတ်သဖြင့် အောက်မေ့သည်ဖြစ်၍။ သတိမာ၊ ထင်သော သတိနှင့် ပြည့်စုံသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ အဿ၊ ထိုထင်သော သတိနှင့် ပြည့်စုံသော အရိယာသာဝက၏။ ယာ သတိ၊ အကြင်သတိသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသတိသည်။ အဿ၊ ထိုထင်သော သတိနှင့် ပြည့်စုံသော အရိယာသာဝက၏။ သတိန္ဒြိယံ၊ သတိန္ဒြေတည်း။ ဇော်၊ ဤသတိန္ဒြေကို။ ပါဠိကာနိ၊ အလိုရှိအပ်၏။

**သဒ္ဓဿ ဟိ ဘန္တေ အရိယသာဝကဿ အာရဒ္ဓ ဝီရိယဿ ဥပဋ္ဌိတဿတိနော ဇော် ပါဋိကင်္ခံ၊ ယံ ဝေါဿဂ္ဂါ ရမ္မဏံ ကရိတွာ လဘိဿတိ သမာဓိံ၊ လဘိဿတိ စိတ္တဿ**

**ကေဂ္ဂတံ။ ယော ဟိ·ဿ ဘန္တေ သမာဓိ၊ တဒ·ဿ သမာဓိန္ဒြိယံ။**

ဟိ-သစ္စံ၊မှန်၏။ ဘန္တေ၊မြတ်စွာဘုရား။ သဒ္ဓဿ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုလ္လဝီရိယနှင့် ပြည့်စုံသော။ ဥပဋ္ဌိတဿတိနော၊ထင်သော သတိနှင့်လည်း ပြည့်စုံသော။အရိယသာဝကဿ၊အရိယာသာဝကအား။ ဧတံ၊ ဤဣန္ဒြေကို။ ပါဋိကင်္ခံ၊အလိုရှိအပ်၏။ ယံ ယော အရိယသာဝကော၊ အကြင် အရိယသာဝကသည်။ ဝေါသဂ္ဂါရမ္မဏံ ကရိတွာ၊ သတိဖြင့် ထင် ဝီရိယဖြင့် ကိလေသာမှ စွန့်သော ဝေါသဂ္ဂနိဗ္ဗာန်ကို အာရုံပြု၍။ သမာဓိံ၊သမာဓိကို။ လဘိဿတိ၊ရလတ္တံ့။ စိတ္တဿ၊စိတ်၏။ဧကဂ္ဂတံ၊ ဧကဂ္ဂတာကို။ လဘိဿတိ၊ရလတ္တံ့။ ဟိ-သစ္စံ၊မှန်၏။ ဘန္တေ၊မြတ်စွာ ဘုရား။ အဿ၊ထိုသမာဓိကိုရသော အရိယာသာဝက၏။ယော သမာဓိ၊ အကြင်သမာဓိသည်၊ အတ္ထိ၊ရှိ၏။ တံ၊ ထိုသမာဓိသည်။ အဿ၊ ထိုသမာဓိကို ရသော အရိယာ သာဝက၏။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေ တည်း။ ဧတံ၊ ဤသမာဓိန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

**သဒ္ဓဿ ဟိ ဘန္တေ အရိယသာဝကဿ အာရဒ္ဓဝီရိယဿ ဥပဋ္ဌိတဿတိနော သမာဟိတ စိတ္တဿ ဧတံ ပါဋိကင်္ခံ၊ ယံ ဧဝံ ပဇာနိဿတိ။**

**အနမတဂ္ဂေါ ခေါ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ၊ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ၊ အဝိဇ္ဇာယတွေဝ တမောကာယဿ အသေသ ဝိရာဂနိရောဓော သန္တ·မေတံ ပဒံ၊ ပဏီတမေတံ ပဒံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော၊ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ တဏှက္ခယော၊ ဝိရာဂေါ၊ နိရောဓော၊ နိဗ္ဗာနံ။ ယာ ဟိ·ဿ ဘန္တေ ပညာ၊ တဒ·ဿ ပညိန္ဒြိယံ။**

ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ သဒ္ဓဿ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုလ္လဝီရိယနှင့်လည်း ပြည့်စုံသော။ ဥပဋ္ဌိတဿတိနော၊ ထင်သော သတိနှင့်လည်း ပြည့်စုံသော။ သမာဟိတစိတ္တဿ၊ တည်သော စိတ်

နှင့်လည်း ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဧတံ၊ ဤဆန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ယံ ယော အရိယသာဝကော၊အကြင် အရိယာသာဝကသည်။ ဧဝံ၊ဤသို့။ပဇာနိဿတိ၊ သိလတ့်။ အနမတဂ္ဂေါ ခေါ၊ မသိအပ်သော အစရှိသော။ သံသာရော၊ သံသရာသည်။ ပုဗ္ဗကောဋိ၊ ရှေ့အစွန်းသည်။ န ပညာယတိ၊ မထင်။အဝိဇ္ဇာနီဝရဏာနံ၊အဝိဇ္ဇာသည် ဖုံးအုပ်အပ်ကုန်သော။တဏှာသံယောဇနာနံ၊ တဏှာနှင့် ယှဉ်ကုန်သော။ သန္ဓာဝတံ သံသရတံ၊ သံသရာခရီး၌ တဒီးဒိုး ပြေးသွားကြကုန်သော။ သတ္တာနံ၊သတ္တဝါတို့၏၊ တမောကာယဿ၊ အမိုက်တိုက်ဖြစ်သော။ အဝိဇ္ဇာယတွေဝ၊အဝိဇ္ဇာ၏သာလျှင်။ အသေသ ဝိရာဂနိရောဓော၊ အကြွင်းမရှိ မဂ်ဖြင့် ချုပ်သော။ ယဒိဒံ-ယော အယံ သဗ္ဗသင်္ခါရသမထော၊ အကြင် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းခြင်း။ ယဒိဒံ ယော-အယံ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အကြင် အလုံးစုံသော ဥပဓိတို့၏ တဘန်ကိုစွန့်ခြင်း။ယဒိဒံ-ယော အယံ တဏှက္ခယော ၊အကြင် တဏှာ၏ ကုန်ခြင်း။ ယဒိဒံ-ယော အယံ ဝိရာဂေါ၊ အကြင် တဏှာ၏ ကင်းခြင်း။ ယဒိဒံ-ယော အယံ နိရောဓော၊ အကြင် တဏှာ၏ ချုပ်ခြင်း။ ယဒိဒံ-ယံဣဒံ နိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်။ ဧတံ၊ဤနိဗ္ဗာန်သည်။သန္တံ၊သံသရာ အသွားအပြေး ငြိမ်းအေးခြင်းသို့။ ပဒံ၊ ရောက်ခြင်းတည်း။ ဧတံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ သံသရာနစ်ရပ် မြတ်ခြင်းသို့။ ပဒံ၊ ရောက်ခြင်းတည်း။ ဧဝံ၊ ဤသို့။ ပဇာနိဿတိ၊ သိလတ့်။ ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ အဿ၊ ထိုသို့သိသော အရိယာသာဝက၏။ယာ ပညာ၊အကြင် ပညာသည်။အတ္ထိ၊ရှိ၏။တံ၊ထို ပညာသည်။ အဿ၊ ထိုသို့သိသော အရိယာသာဝက၏။ ပညိန္ဒြိယံ၊ ပညိန္ဒြေတည်း။ ဧတံ၊ ဤပညိန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

သဒ္ဓေါ သော ဘန္တေ အရိယသာဝကော ဧဝံ ပဒဟိတွာ ပဒဟိတွာ ဧဝံ သရိတွာ သရိတွာ ဧဝံ သမာဒဟိတွာ သမာဒဟိတွာ ဧဝံ ပဇာနိတွာ ပဇာနိတွာ ဧဝံ အဘိသဒ္ဒဟတိ။ ဣမေ ခေါ တေ ဓမ္မာ ယေ မေ ပုဗ္ဗေ သုတဝေါ အဟေသုံ၊ ကေနာ.ဟံ တေရဟိ ကာယေန စ ဖုသိတွာ ဝိဟရာမိ၊ ပညာယ စ ပဋိဝိဇ္ဈ ပဿာမိ.တိ၊ ယာ ဟိ.ဿ ဘန္တေ သဒ္ဓါ၊ တဒ.ဿ သဒ္ဓိန္ဒြိယ.န္တိ။

ဘန္တေ၊ မြတ်စွာဘုရား။ သန္တော၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ သော အရိယသာဝကော၊ ထိုအရိယာ သာဝကသည်။ ဇေ၀ံ၊ ဤသို့။ ပဒဟိတ္ဝာ ပဒဟိတ္ဝာ၊အားထုတ်၍ အားထုတ်၍။ဇေ၀ံ၊ဤသို့။ သရိတွာ သရိတွာ၊ အောက်မေ့၍ အောက်မေ့၍။ ဇေ၀ံ၊ ဤသို့။ သမာဒဟိတွာ သမာဒဟိတွာ၊ တည်၍ တည်၍။ ဇေ၀ံ၊ ဤသို့။ ပဇာနိတွာ ပဇာနိတွာ၊ သိ၍ သိ၍။ ဇေ၀ံ၊ ဤသို့။ အဘိသဒ္ဒဟတိ၊ ယုံကြည်၏။ ယေ ဓမ္မာ၊အကြင် ဣန္ဒြေငါးပါး နိဗ္ဗာန်တရားတို့သည်။ မေ၊ ငါ့အား။ ပုဗ္ဗေ၊ရှေးကာလ၌။ သုတဝါ၊ နေသုတနှင့် ပြည့်စုံကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တေန၊ ထိုကြောင့်။ အဟံ၊ငါသည်။ ဇေတရဟိ၊ ယခုအခါ၌။ ဣမေခေါ တေဓမ္မေ၊ ဤဣန္ဒြေငါးပါး နိဗ္ဗာန်တရားတို့ကို။ ကာယေန စ၊ နာမကာယနှင့်လည်း။ ဖုသိတွာ၊ တွေ့ထိ၍။ ဝိဟရာမိ၊နေရ၏။ ပညာယစ၊ ပညာဖြင့်လည်း။ ပဋိဝိဇ္ဈ၊ထိုးထွင်း၍။ ပဿာမိ၊ မြင်ရ၏။ ဣတိ ဇေ၀ံ၊ ဤသို့။ အဘိသဒ္ဒဟတိ၊ ယုံကြည်၏။ ဟိ-သစ္စံ၊ မှန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ အဿ၊ ထိုယုံကြည်သော အရိယာသာဝက၏။ ယာ သဒ္ဓါ၊ အကြင် သဒ္ဓါသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသဒ္ဓါသည်။ အဿ၊ ထိုယုံကြည်သော အရိယာသာဝက၏။ သဒ္ဓိန္ဒြိယံ၊သဒ္ဓိန္ဒြေတည်း။ဇေတံ၊ ဤသဒ္ဓိန္ဒြေကို။ ပါဠိကဝ်၊အလိုရှိအပ်၏။ ဣတိ ဇေ၀ံ၊ ဤသို့။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဝေါစ၊ လျှောက်၏။

ရှင်သာရိပုတ္တရာ၏ အဖြေကို ပြဆိုခြင်း ပြီး၏။

---

မြတ်စွာဘုရား၏ ချီးမွမ်းစကားကို ပြဆိုခြင်း

**သာဓုသာဓု သာရိပုတ္တ အရိယသာဝကော တထာဂတေ ဧကန္တဂတော အဘိပ္ပသန္နော၊န သော တထာဂတေ ဝါ တထာဂတသာသနေ ဝါ ကင်္ခေယျ ဝါ ဝိစိကိစ္ဆေယျ ဝါ။**

သာရိပုတ္တ၊ချစ်သား သာရိပုတ္တရာ။သာဓု သာဓု၊ကောင်းစွ,ကောင်းစွ။ ယော သော အရိယသာဝကော၊ အကြင် အရိယာသာဝကသည်။ တထာဂတေ၊ငါဘုရား၌။ အဘိပ္ပသန္နော၊ယုံကြည်ခြင်းသည်။ ဧကန္တဂတော၊ စင်စစ်ကေန် အမှန်ရောက်၏။ သော အရိယသာဝကော၊ ထို အရိယာသာဝကသည်။ တထာဂတေ ဝါ၊ငါဘုရား၌ဖြစ်စေ။ တထာဂတ

သာသနေဝါ၊ ငါဘုရားသာသနာ၌ပင်း။ န ကဗေ်ယျဝါ၊ ကဗ်ါ ဂ-ပါး လည်း မယုံမှားရာ။ န ဝိစိကိစ္ဆေယျဝါ၊ ဝိစိကိစ္ဆာ ၁၆-ပါးလည်း မယုံမှားရာ။

**သဒ္ဓါသ ဟိ သာရိပုတ္တ အရိယသာဝကဿ ဧတံ ပါဋိကင်္ခံ၊ ယံ အာရဒ္ဓဝီရိယော ဝိဟရိဿတိ၊ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။ ယ.ဥ္ဂ.ဿ သာရိပုတ္တ ဝီရိယံ၊ တဒ.ဿ ဝီရိယိန္ဒြိယံ။**

ဟိ-သဒ္ဒါ၊မှန်၏။သာရိပုတ္တ၊ချစ်သား သာရိပုတ္တရာ။သဒ္ဓဿ၊ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာ သာဝကအား။ ဧတံ၊ ဤဆုရွေကို။ ပါဋိကင်္ခံ၊အလိုရှိအပ်၏။ ယံ ယော အရိယသာဝကော၊အကြင် အရိယသာဝကသည်။အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လဝီရိယရှိသည်ဖြစ်၍။ဝိဟရိဿတိ၊နေလတ္တံ့။ အကုသလာနံ ဓမ္မာနံ၊အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်း ငှါ။ကုသလာနံ ဓမ္မာနံ၊ကုသိုလ်တရားတို့ကို။ဥပသမ္ပဒါယ၊ပြည့်စုံစေခြင်း ငှါ၊ထာမဝါ၊အားအစွမ်းနှင့် ပြည့်စုံသည်ဖြစ်၍။ဒဠှပရက္ကမော၊မြဲမြံစွာ နောက်အဆင့်ဆင့် ဝိပဿနာသို့တက်သော လုံ့လပရက္ကမရှိသည်ဖြစ် ၍။ အနိက္ခိတ္တဓုရော၊မချသော ဝန်ရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။အာရဒ္ဓဝီရိယော၊အားထုတ်အပ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍။ ဝိဟရိဿတိ၊ နေလတ္တံ့။

ဟိ-သဒ္ဒါ၊မှန်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ အဿ၊ ထိုအားထုတ်၍ နေသော အရိယာသာဝက၏။ ယံ ဝီရိယံ၊အကြင် ဝီရိယသည်။ အတ္ထိ၊ ရှိ၏။တံ၊ထိုဝီရိယသည်။ အဿ၊ထိုအားထုတ်၍ နေသော အရိယာ သာ ဝက၏၊ ဝီရိယိန္ဒြိယံ၊ဝီရိယိန္ဒြေတည်း။ ဧတံ၊ဤဝီရိယိန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

**သဒ္ဓဿ ဟိ သာရိပုတ္တ အရိယသာဝကဿ အာရဒ္ဓ ဝီရိယဿ ဧတံ ပါဋိကင်္ခံ၊ ယံ သတိမာ ဘဝိဿတိ၊ ပရမေန သတိ နေပက္ကေန သမန္နာဂတော စိရကတမ္ပိ စိရဘာသိ တမ္ပိ သရိတာ အနုဿရိတာ၊ ယာ ဟိ.ဿ သာရိပုတ္တ သတိ၊ တဒ.ဿ သတိန္ဒြိယံ။**

ဟိ-သဉ္စ၊မှန်၏။သာရိပုတ္တ၊ချစ်သား သာရိပုတ္တရာ။သဒ္ဓသ၊ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝိရိယဿ၊အားထုတ်အပ်သော လုလ္လဝိရိယနှင့်လည်း ပြည့်စုံသော။အရိယသာဝကဿ၊အရိယာသာဝကအား။ ဧတံ၊ ဤဆုန္ဒြေကို။ ပါဋိကင်္ခံ၊အလိုရှိအပ်၏။ ယံ ယော အရိယသာဝကော၊အကြင် အရိယာသာဝကသည်။သတိမာ၊သတိနှင့် ပြည့်စုံသည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပရမေန၊ မြတ်သော။ သတိ နေပက္ကေန၊ ရင့်ကျက်သော သတိနှင့်၊ သမန္နာဂတော၊ပြည့်စုံသည် ဖြစ်၍။ စိရကတမ္ပိ၊ ရှည်မြင့်စွာ ကိုယ်ဖြင့်ပြုအပ်သော အမှုကိုဒင်း။ စိရဘာသိတမ္ပိ၊ ရှည်မြင့်စွာ နှုတ်ဖြင့်ပြောဆိုအပ်သော စကားကိုဒင်း။ သရိတာ အနုဿရိတာ၊ အဘန်တလဲလဲမှတ်သဖြင့် အောက်မေ့နိုင်သည် ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဟိသစ္စ၊ မှန်၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ အဿ၊ ထိုသတိနှင့် ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာဝက၏။ ယာ သတိ၊ အကြင် သတိသည်။ အတ္ထိ၊ ရှိ၏။ ဧသံ၊ထိုသတိသည်။ အဿ၊ထိုသတိနှင့် ပြည့်စုံသော အရိယာသာဝက၏။ သတိန္ဒြိယံ၊ သတိန္ဒြေတည်း။

**သဒ္ဓဿ ဟိ သာရိပုတ္တ အရိယသာဝကဿ အာရဒ္ဓ ဝိရိယဿ ဥပဋ္ဌိတဿတိနော ဧတံ ပါဋိကင်္ခံ၊ ယံ ဝေါ သဂ္ဂါရမ္မဏံ ကရိတွာ လဘိဿတိ သမာဓိံ၊ လဘိဿတိ စိတ္တဿ ဧကဂ္ဂတံ။ယော ဟိ.ဿ သာရိပုတ္တ သမာဓိ၊ တဒ.ဿ သမာဓိန္ဒြိယံ။**

ဟိ-သစ္စ၊မှန်၏။ သာရိပုတ္တ၊သာရိပုတ္တရာ။ သဒ္ဓဿ၊ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝိရိယဿ၊အားထုတ်အပ်သော လုလ္လဝိရိယနှင့်လည်း၊ပြည့်စုံသော။ဥပဋ္ဌိတဿတိနော၊ထင်သောသတိနှင့်လည်း ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဧတံ၊ ဤဆုန္ဒြေကို။ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ယံ ယော အရိယ သာဝကော၊ အကြင် အရိယာသာဝကသည်။ ဝေါသဂ္ဂါရမ္မဏံ ကရိတွာ၊ သတိဖြင့်ထင် ဝိရိယဖြင့် ကိလေသာမှစွန့်သော ဝေါသဂ္ဂနိဗ္ဗာန်ကို အာရုံပြု၍။သမာဓိံ၊သမာဓိကို။လဘိဿတိ၊ရလတ္တံ့။ စိတ္တဿ၊စိတ်၏။ ဧကဂ္ဂတံ၊ဧကဂ္ဂတာကို။ လဘိဿတိ၊ရလတ္တံ့။ ဟိ-သစ္စ၊မှန်၏။ သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။အဿ၊ထိုသမာဓိကိုရသော အရိယာသာဝက၏။

ယောသမာဓိ၊ အကြင်သမာဓိသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသမာဓိသည်။ အဿ၊ ထိုသမာဓိကို ရသော အရိယာသာဝက၏။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေတည်း။ ဧတံ၊ ဤသမာဓိန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

သဒ္ဓဿ ဟိ သာရိပုတ္တ အရိယသာဝကဿ အာရဒ္ဓ
ဝီရိယဿ ဥပဋ္ဌိတဿတိနော သမာဟိတစိတ္တဿ ဧတံ
ပါဋိကင်္ခံ၊ ယံ ဧဝံ ပဇာနိဿတိ၊ အနမတဂ္ဂေါ ခေါ
သံသာရော ပုဗ္ဗကောဋိ န ပညာယတိ၊ အဝိဇ္ဇာနီဝရ
ဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံ
သရတံ၊ အဝိဇ္ဇာယတွေဝ တမောကာယဿ အသေသ
ဝိရာဂ နိရောဓော သန္တ.မေတံ ပဒံ၊ ပဏီတမေတံ ပဒံ၊
ယဒိဒံ သဗ္ဗသင်္ခါရသမထော, သဗ္ဗူပဓိပဋိနိဿဂ္ဂေါ, တ
ဏှက္ခယော, ဝိရာဂေါ, နိရောဓော, နိဗ္ဗာနံ။ ယာ ဟိဿ
သာရိပုတ္တ ပညာ တဒ.ဿ ပညိန္ဒြိယံ။

ဟိ-သဒ္ဒါ၊ မှန်၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သဒ္ဓဿ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုလ္လဝီရိယနှင့်လည်း ပြည့်စုံသော။ ဥပဋ္ဌိတဿတိနော၊ ထင်သော သတိနှင့်လည်း ပြည့်စုံသော။ သမာဟိတစိတ္တဿ၊ တည်သောစိတ်နှင့်လည်း ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဧတံ၊ ဤဣန္ဒြေကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ယံ ယော အရိယာသာဝကော၊ အကြင် အရိယာ သာဝကသည်။ ဧဝံ၊ ဤသို့။ ပဇာနိဿတိ၊ သိလတ္တံ့။ အနမတဂ္ဂေါ ခေါ၊ မသိအပ်သော အစရှိသော။ သံသာရော၊ သံသရာသည်။ ပုဗ္ဗကောဋိ၊ ရှေ့အစွန်းသည်။ န ပညာယတိ၊ မထင်။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာသည် ဖုံးအုပ်အပ်ကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာနှင့် ယှဉ်ကုန်သော။ သန္ဓာဝတံ သံသရတံ၊ သံသရာခရီး၌ တဒိုးဒိုး ပြေးသွား ကြကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ တမောကာယဿ၊ အမိုက်တိုက်ဖြစ်သော။ အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာ၏ သာလျှင်။ အသေသ ဝိရာဂနိရောဓော၊ အကြွင်းမရှိ မင်္ဂဖြင့်ချုပ်သော။ ယဒိဒံ-ယော အယံ သဗ္ဗသင်္ခါရသမထော၊ အကြင် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းခြင်း။ ယဒိဒံ-ယော အယံ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အကြင် အလုံးစုံသော ဥပဓိတို့၏ တဘန်ကို စွန့်ခြင်း။ ယဒိဒံ-ယော အယံ

တဏှာက္ခယော၊ အကြင် တဏှာ၏ ကုန်ခြင်း။ ယဒိဒံ-ယော အယံဝိရာဂေါ၊ အကြင် တဏှာ၏ ကင်းခြင်း။ ယဒိဒံ-ယော အယံနိရောဓော၊ အကြင်တဏှာ၏ ချုပ်ခြင်း။ ယဒိဒံ-ယံဣဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်။ ဧတံ။ ဤနိဗ္ဗာန်သည်။ သန္တံ၊ သံသရာ၏ အသွား,အလာပြေး ငြိမ်းအေးခြင်းသို့။ ပဒံ၊ ရောက်ခြင်းတည်း။ ဧတံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ သံသရာနစ်ရပ် မြတ်ခြင်းသို့။ ပဒံ၊ ရောက်ခြင်းတည်း။ ဧဝံ၊ ဤသို့။ ပဇာနိဿတိ၊ သိလတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ အသ၊ ထိုသို့သိသော အရိယာသာဝက၏။ ယာ ပညာ၊ အကြင်ပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညာသည်။ အဿ၊ ထိုသို့သိသော အရိယာသာဝက၏။ ပညိန္ဒြိယံ၊ ပညိန္ဒြေတည်း။ ဧတံ၊ ဤပညိန္ဒြေကို။ ပါဠိငှက်၊ အလိုရှိအပ်၏။

**သဒ္ဓေါ သော သာရိပုတ္တ အရိယသာဝကော ဧဝံ ပဒဟိတွာ ပဒဟိတွာ ဧဝံ သရိတွာ သရိတွာ ဧဝံ သမာဒဟိတွာ သမာဒဟိတွာ ဧဝံ ပဇာနိတွာ ပဇာနိတွာ ဧဝံ အဘိသဒ္ဒဟတိ။ ဣမေ ခေါ တေ ဓမ္မာ၊ ယေ မေ ပုဗ္ဗေ သုတဝါ အဟေသုံ၊ တေနာဟံ ဧတရဟိ ကာယေန စ ဖုသိတွာ ဝိဟရာမိ၊ ပညာယ စ ပဋိဝိဇ္ဈ ပဿာမီ.တိ။ ယာ ဟိ.ဿ သာရိပုတ္တ သဒ္ဓါ၊ တဒ.ဿ သဒ္ဓိန္ဒြိယန္တိ။**

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သဒ္ဓေါ၊ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသော။ သော အရိယသာဝကော၊ ထိုအရိယာ သာဝကသည်။ ဧဝံ၊ ဤသို့။ ပဒဟိတွာ ပဒဟိတွာ၊ အားထုတ်၍ အားထုတ်၍။ ဧဝံ၊ ဤသို့။ သရိတွာ သရိတွာ၊ အောက်မေ့၍ အောက်မေ့၍။ ဧဝံ၊ ဤသို့။ သမာဒဟိတွာ သမာဒဟိတွာ၊ တည်၍ တည်၍။ ဧဝံ၊ ဤသို့။ ပဇာနိတွာ ပဇာနိတွာ၊ သိ၍ သိ၍။ ဧဝံ၊ ဤသို့။ အဘိသဒ္ဒဟတိ၊ ယုံကြည်၏။ ယေ ဓမ္မာ၊ အကြင်ဣန္ဒြေ ၅-ပါး နိဗ္ဗာန်တရားတို့သည်။ မေ၊ ငါအား။ ပုဗ္ဗေ၊ ရှေးကာလ၌။ သုတဝါ၊ နသုတနှင့် ပြည့်စုံကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တေန၊ ထိုကြောင့်။ အဟံ၊ ငါသည်။ ဧတရဟိ၊ ယခုအခါကာလ၌။ ဣမေ ခေါ တေ ဓမ္မေ၊ ဤဣန္ဒြေ ၅-ပါး နိဗ္ဗာန်တရားတို့ကို။ ကာယေန စ၊ နာမကာယနှင့်လည်း။ ဖုသိတွာ၊ တွေ့ထိ၍။ ဝိဟရာမိ၊ နေရ၏။ ပညာယ စ၊ ပညာဖြင့်လည်း။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿာမိ၊ မြင်ရ၏။ ဣတိ ဧဝံ၊ ဤသို့။ အဘိသဒ္ဒဟတိ၊ ယုံကြည်၏။ ဟိ-သစ္စံ၊ မှန်၏။ သာရိပုတ္တ၊ ချစ်သား

သာရိပုတ္တရာ၊ အသျှင် ထိုယုံကြည်သော အရိယာသာဝက၏၊ ယာ သဒ္ဓါ၊ အကြင်သဒ္ဓါသည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသဒ္ဓါသည်။ အသျှင်၊ ထို ယုံကြည်သော အရိယာသာဝက၏၊ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေတည်း။ ဧတံ၊ ဤ သဒ္ဓိန္ဒြေကို၊ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဣတိ ဣဒံ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိပုတ္တရာကို၊ အာမန္တေသိ၊ မိန့်တော်မူ၏။

ဤကား မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရပြီးသည်မှ နောက်ကာလ၌၊ ဝိပဿနာကို
အားထုတ်သော အရိယာသာဝကတို့၏ ဉာဏ်ဝယ်မှာ
ထင်တိုင်း ယုံကြည်ပုံတည်း။

## မြတ်စွာဘုရား၏ ချီးမွမ်းစကားကို ပြဆိုခြင်း ပြီး၏။

### ရှင်ဆန္နမထေရ်၏ နိဗ္ဗာန်အဖြေကို ပြဆိုခြင်း

**စက္ခုံ အာဝုသော ဆန္န စက္ခုဝိညာဏံ စက္ခုဝိညာဏဝိညာတဗ္ဗေ ဓမ္မေ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿသိ။**

**သောတံ အာဝုသော ဆန္န သောတဝိညာဏံ။ ပ။ ဃာနံ အာဝုသော ဆန္န ဃာနဝိညာဏံ။ ပ။ ဇိဝှံ အာဝုသော ဆန္န ဇိဝှါဝိညာဏံ။ ပ။ ကာယံ အာဝုသော ဆန္န ကာယဝိညာဏံ။ ပ။**

**မနံ အာဝုသော ဆန္န မနောဝိညာဏံ မနောဝိညာဏဝိညာတဗ္ဗေ ဓမ္မေ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿသီတိ။**

(ဥပရိပဏ္ဏာသ သဠာယတနဝဂ္ဂသံယုတ် ဆန္နောဝါဒသုတ်)

အာဝုသော ဆန္န၊ ငါ့ရှင် ဆန္န၊ စက္ခုံ၊ မျက်စိကို၊ စက္ခုဝိညာဏံ၊ မြင်ခြင်းကို၊ စက္ခုဝိညာဏဝိညာတဗ္ဗေ၊ မြင်သဖြင့် သိအပ်ကုန်သော၊ ဓမ္မေ၊ အဆင်းတို့ကို၊ ဧတံ၊ ဤမျက်စိ,မြင်ခြင်း,အဆင်း အပေါင်းသည်၊ မမ၊ ငါ့ ဥစ္စာ။ ဧသော၊ ဤမျက်စိ မြင်ခြင်း, အဆင်းအပေါင်းသည်၊ အဟမသ္မိ၊ ငါဖြစ်၏၊ ဧသော၊ ဤ မျက်စိ,မြင်ခြင်း,အဆင်း အပေါင်းသည်၊ မေ အတ္တာ၊ ငါ့ကိုယ်၊ ဣတိ၊ ဤသို့၊ သမနုပဿသိ၊ ရှုသေးသလော၊

အာဝုသော ဆန္န၊ ငါ့ရှင် ဆန္န။ သောတံ၊ နားကို။ သောတဝိညာဏံ၊ ကြားခြင်းကို။ပ။အာဝုသော ဆန္န၊ငါ့ရှင် ဆန္န။ဃာနံ၊နှာခေါင်းကို။ ဃာနဝိညာဏံ၊နံခြင်းကို၊ပ။ အာဝုသော ဆန္န၊ငါ့ရှင်ဆန္န။ဇိဝှံ၊လျှာကို။ဇိဝှါဝိညာဏံ၊စားခြင်းကို။ပ။အာဝုသော ဆန္န'ငါ့ရှင်ဆန္န။ကာယံ၊ကိုယ်ကို။ကာယဝိညာဏံ၊ထိခြင်းကို။ ပ။အာဝုသော ဆန္န၊ငါ့ရှင် ဆန္န။ မနံ၊စိတ်ကို။ မနောဝိညာဏံ၊သိခြင်းကို။ မနောဝိညာဏဝိညာတဗ္ဗေ၊ သိသဖြင့်သိအပ်ကုန်သော။ ဓမ္မေ၊သဘောတို့ကို။ ဧတံ၊ဤစိတ်,သိခြင်း,သဘောအပေါင်းသည်။ မမ၊ ငါ့ဥစ္စာ။ ဧသော၊ ဤစိတ်, သိခြင်း, သဘောအပေါင်းသည်။ အဟာ မသ္မိ၊ငါဖြစ်၏။ ဧသော၊ဤစိတ်,သိခြင်း,သဘောအပေါင်းသည်။ မေ အတ္တာ၊ ငါ့ကိုယ်။ ဣတိ၊ ဤသို့။ သ မနုပဿသိ၊ ရှုသေးသလော။ဣတိ၊ဤသို့။ပုစ္ဆတိ၊မေး၏။

စက္ခုံ အာဝုသော သာရိပုတ္တ စက္ခုဝိညာဏံ စက္ခုဝိညာဏဝိညာတဗ္ဗေ ဓမ္မေ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿာမိ ။သောတံ အာဝုသော သာရိပုတ္တ သောတဝိညာဏံ။ ပ။ဃာနံ အာဝုသော သာရိပုတ္တ ဃာနဝိညာဏံ။ ပ။ ဇိဝှံ အာဝုသော သာရိပုတ္တ ဇိဝှါဝိညာဏံ။ပ။ ကာယံ အာဝုသော သာရိပုတ္တ ကာယဝိညာဏံ။ ပ။ မနံ အာဝုသော သာရိပုတ္တ မနောဝိညာဏံ မနောဝိညာဏဝိညာတဗ္ဗေ ဓမ္မေ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ သမနုပဿာမီတိ။ ။ငှင်းပါဠိတော်။

အာဝုသော သာရိပုတ္တ၊ငါ့ရှင် သာရိပုတ္တရာ။စက္ခုံ၊မျက်စိကို။စက္ခုဝိညာဏံ၊မြင်ခြင်းကို။စက္ခုဝိညာဏဝိညာတဗ္ဗေ၊မြင်သဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊အဆင်းတို့ကို။ ဧတံ၊ဤမျက်စိ,မြင်ခြင်း,အဆင်းအပေါင်းသည်။ နှ မမ၊ငါ့ဥစ္စာမဟုတ်။ ဧသော၊ ဤ မျက်စိ,မြင်ခြင်း, အဆင်းအပေါင်းသည်။ နှ အဟာ မသ္မိ၊ ငါမဖြစ်။ ဧသော၊ဤမျက်စိ,မြင်ခြင်း,အဆင်းအပေါင်းသည်။ နှ မေ အတ္တာ၊ ငါ့ကိုယ်မဟုတ်၊ ဣတိ၊ ဤသို့။ သမနုပဿာမိ၊ ရှုပါ၏။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ သောတံ၊ နားကို။ သောတဝိညာဏံ၊ ကြားခြင်းကို။ ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်

သာရိပုတ္တရာ။ ဃာနံ၊ နှာခေါင်းကို။ ဃာနဝိညာဏံ၊ နံခြင်းကို။ ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ဇိဝှံ၊လျှာကို။ဇိဝှါဝိညာဏံ၊ စားခြင်းကို။ ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ကာယံ၊ ကိုယ်ကို။ ကာယဝိညာဏံ၊ ထိခြင်းကို။ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ မနံ၊ စိတ်ကို။ မနောဝိညာဏံ၊ သိခြင်းကို။ မနောဝိညာဏဝိညာတဗ္ဗေ၊ စိတ်ဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊ သဘောတို့ကို။ ဧတံ၊ဤစိတ်,သိခြင်း,သဘော အပေါင်းသည်။ န မမ၊ ငါ့ဥစ္စာ မဟုတ်။ ဧသော၊ ဤစိတ်,သိခြင်း,သဘော အပေါင်းသည်။ န အဟမသ္မိ၊ငါမဖြစ်။ ဧသော၊ဤစိတ်,သိခြင်း,သဘော အပေါင်းသည်။န မေ အတ္တာ၊ ငါ့ကိုယ်မဟုတ်။ ဣတိ၊ဤသို့။ သမနုပဿာမိ ရှုပါ၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇတိ၊ဖြေဆို၏။

စက္ခုသ္မိံ အာဝုသော ဆန္ဒ စက္ခုဝိညာဏေ စက္ခုဝိညာဏဝိညာတဗ္ဗေသု ဓမ္မေသု ကိံ ဒိသွာ ကိံ အဘိညာယ စက္ခုံ စက္ခုဝိညာဏံ စက္ခုဝိညာဏဝိညာတဗ္ဗေ ဓမ္မေ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿသီတိ။ သောတသ္မိံ အာဝုသော ဆန္ဒ သောတဝိညာဏေ။ပ။ဃာနသ္မိံ အာဝုသော ဆန္ဒ ဃာနဝိညာဏေ။ပ။ ဇိဝှါယ အာဝုသော ဆန္ဒ ဇိဝှါဝိညာဏေ။ ပ။ ကာယသ္မိံ အာဝုသော ဆန္ဒ ကာယဝိညာဏေ။ပ။မနသ္မိံ အာဝုသော ဆန္ဒ မနောဝိညာဏေ မနောဝိညာဏဝိညာတဗ္ဗေသု ဓမ္မေသု ကိံ ဒိသွာ ကိံ အဘိညာယ မနံ မနောဝိညာဏံ မနောဝိညာဏဝိညာတဗ္ဗေ ဓမ္မေ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿသီတိ။

အာဝုသော ဆန္ဒ၊ငါ့ရှင် ဆန္ဒ။ စက္ခုသ္မိံ၊မျက်စိ၌။ စက္ခုဝိညာဏေ၊ မြင်ခြင်း၌။ စက္ခုဝိညာဏဝိညာတဗ္ဗေသု၊မြင်သဖြင့် သိအပ်ကုန်သော။ ဓမ္မေသု၊ အဆင်းတို့၌။ ကိံ၊အဘယ်ကို။ ဒိသွာ၊မြင်၍။ ကိံ၊ အဘယ်ကို။ အဘိညာယ၊အမှတ်ပြုသဖြင့် သိ၍။ စက္ခုံ၊မျက်စိကို။ စက္ခုဝိညာဏံ၊မြင်ခြင်းကို။ စက္ခုဝိညာဏဝိညာတဗ္ဗေ၊ မြင်သဖြင့် သိအပ်ကုန်သော။

ဓမ္မေ၊အဆင်းတို့ကို။ဧတံ၊ ဤမျက်စိ,မြင်ခြင်း,အဆင်းသည်။ န မမ၊ငါ့
ဥစ္စာမဟုတ်။ ဧသော၊ဤမျက်စိ,မြင်ခြင်း,အဆင်းသည်။ န အဟံ မသ္မိ၊
ငါမဖြစ်။ ဧသော၊ဤမျက်စိ,မြင်ခြင်း,အဆင်းသည်။ န မေ အတ္တာ၊ငါ့
ကိုယ်မဟုတ်။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှုသနည်း။ ။အာဝုသော
ဆန္န၊ငါ့ရှင် ဆန္န။ သောတသ္မိံ၊နားနှ၌။ပ။ အာဝုသော ဆန္န၊ငါ့ရှင် ဆန္န။
ဃာနသ္မိံ၊နှာခေါင်းနှ၌။ ပ။အာဝုသော ဆန္န၊ငါ့ရှင် ဆန္န။ ဇိဝှါယ၊လျှာနှ၌။
ပ။ အာဝုသော ဆန္န၊ ငါ့ရှင် ဆန္န။ ကာယသ္မိံ၊ ကိုယ်နှ၌။ပ။ အာဝုသော
ဆန္န၊ငါ့ရှင် ဆန္န။မနသ္မိံ၊စိတ်နှ၌။မနောဝိညာဏေ၊သိခြင်းနှ၌။မနောဝိညာ
ဏဝိညာတဗ္ဗေသု၊ သိသဖြင့် သိအပ်ကုန်သော။ ဓမ္မေသု၊သဘောတို့နှ၌။
ကိံ၊အဘယ်ကို။ ဒိသွာ၊မြင်၍။ကိံ၊အဘယ်ကို။အဘိညာယ၊ အမှတ်ပြု
သဖြင့် သိ၍။ မနံ၊စိတ်ကို။ မနောဝိညာဏံ၊သိခြင်းကို။ မနောဝိညာဏ
ဝိညာတဗ္ဗေ၊သိသဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊ သဘောတို့ကို။ဧတံ၊ဤ
စိတ်,သိခြင်း,သဘောသည်။န မမ၊ငါ့ဥစ္စာမဟုတ်။ဧသော၊ ဤစိတ်,သိ
ခြင်း,သဘောသည်။ န အဟံ မသ္မိ၊ ငါမဖြစ်။ဧသော၊ ဤစိတ်,သိခြင်း,
သဘောသည်။ န မေ အတ္တာ၊ ငါ့ကိုယ်မဟုတ်။ ဣတိ၊ ဤသို့။ သမနု
ပဿတိ၊ ရှုသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆတိ၊ မေး၏။

စက္ခုသ္မိံ အာဝုသော သာရိပုတ္တ စက္ခုဝိညာဏေ
စက္ခုဝိညာဏဝိညာတဗ္ဗေသု ဓမ္မေသု နိရောဓံ ဒိသွာ
နိရောဓံ အဘိညာယ စက္ခုံ စက္ခုဝိညာဏံ စက္ခုဝိညာဏ
ဝိညာတဗ္ဗေ ဓမ္မေ နေတံ မမ၊ နေသောဟ မသ္မိ၊ န
မေသော အတ္တာတိ သမနုပဿာမိ။ သောတသ္မိံ အာ
ဝုသော သာရိပုတ္တ။ ပ။ ဃာနသ္မိံ အာဝုသော သာရိ
ပုတ္တ။ပ။ ဇိဝှါယ အာဝုသော သာရိပုတ္တ။ပ။ကာယသ္မိံ
အာဝုသော သာရိပုတ္တ။ပ။မနသ္မိံ အာဝုသော သာရိပုတ္တ
မနောဝိညာဏေ မနောဝိညာဏဝိညာတဗ္ဗေသု ဓမ္မေ
သု နိရောဓံ ဒိသွာ နိရောဓံ အဘိညာယ မနံ မနော
ဝိညာဏံ မနောဝိညာဏဝိညာတဗ္ဗေ ဓမ္မေ နေတံ မမ၊
နေသောဟ မသ္မိ၊ န မေသော အတ္တာတိ သမနုပဿာ
မီတိ။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ စက္ခုသို့၊ မျက်စိ၌၊ စက္ခုဝိညာဏော၊ မြင်ခြင်း၌၊ စက္ခုဝိညာဏဝိညာတဗ္ဗေသု၊ မြင်သဖြင့် သိအပ်ကုန်သော၊ ဓမ္မေသု၊ အဆင်းတို့၌။ နိရောဓံ၊ နိဗ္ဗာန်ကို။ ဒိသွာ၊ မြင်၍၊ နိရောဓံ၊နိဗ္ဗာန်ကို။ အဘိညာယ၊ အမှတ်ပြုသဖြင့် သိ၍။ စက္ခုံ၊ မျက်စိကို၊ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ စက္ခုဝိညာဏဝိညာတဗ္ဗေ၊ မြင်သဖြင့် သိအပ်ကုန်သော၊ ဓမ္မေ၊အဆင်းတို့ကို၊ ဧတံ၊ ဤမျက်စိ,မြင်ခြင်း,အဆင်းသည်၊ န မမ၊ငါ၏ဥစ္စာမဟုတ်၊ဧသော၊ဤမျက်စိ,မြင်ခြင်း,အဆင်းသည်၊ န အဟ မသ္မိ၊ငါမဖြစ်၊ ဧသော၊ ဤမျက်စိ, မြင်ခြင်း, အဆင်းသည်။ န မေသော အတ္တာ၊ ငါ့ကိုယ်မဟုတ်။ ဣတိ၊ဤသို့၊ သမနုပဿာမိ၊ ရှုပါ၏။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ၊ သောတသို့၊နား၌။ ပ။အာဝုသော သာရိပုတ္တ၊ငါ့ရှင် သာရိပုတ္တရာ။ ဃာနသို့၊နှာခေါင်း၌။ ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ၊ ဇိဝှါယ၊လျှာ၌၊ ပ။ အာဝုသော သာရိပုတ္တ၊ငါ့ရှင် သာရိပုတ္တရာ။ ကာယသို့၊ ကိုယ်၌။ ပ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ မနသို့၊ စိတ်၌။ မနောဝိညာဏော၊သိခြင်း၌၊ မနောဝိညာဏဝိညာတဗ္ဗေသု၊သိသဖြင့် သိအပ်ကုန်သော။ ဓမ္မေသု၊ သဘောတို့၌။ နိရောဓံ၊ နိဗ္ဗာန်ကို။ ဒိသွာ၊ မြင်၍၊ နိရောဓံ၊နိဗ္ဗာန်ကို။ အဘိညာယ၊ အမှတ် ပြုသဖြင့် သိ၍။ မနံ၊ စိတ်ကို။ မနောဝိညာဏံ၊ သိခြင်းကို။ မနောဝိညာဏဝိညာတဗ္ဗေ၊ သိသဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊သဘောတို့ကို၊ ဧတံ၊ ဤစိတ်,သိခြင်း,သဘောသည်။ န မမ၊ ငါ၏ဥစ္စာမဟုတ်၊ဧသော၊ဤစိတ်,သိခြင်း,သဘောသည်၊ န အဟ မသ္မိ၊ ငါမဖြစ်၊ ဧသော၊ဤ စိတ်,သိခြင်း, သဘောသည်၊န မေ အတ္တာ၊ ငါ့ကိုယ်မဟုတ်။ ဣတိ၊ဤသို့။ သမနုပဿာမိ၊ ရှုပါ၏။ ဣတိ၊ ဤသို့၊ဝိသဇ္ဇတိ၊ဖြေ၏။

ဤကား နိဗ္ဗာန်၏ သဘောအရကို အကြွက်မျှ ပြဆိုလိုက်၏။အကျယ်ကို အလိုရှိပါလျှင်၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး နောက်ထပ် စီမံရေးသားသော **နိဗ္ဗာန ကထာ ကျမ်း** ကို ကြည့်ရှုကြပါလေ။

ရှင်ဆန္န၏ နိဗ္ဗာန်အဖြေကို ပြဆိုခြင်း ပြီး၏။

**နိဗ္ဗာန်၏ အဖြေပြဆိုရာ နိဗ္ဗာနကဏ္ဍ ပြီး၏။**

ဓိုက်တွန်းသည့် ဥယျောဇဉ်ဂါထာပါဠိအနက်ကို ပြဆိုခြင်း

သုဒုလ္လဘံ လဘိတွာန၊ မနုဿံ ဇိနသာသနေ။
သီလာဒိသင်္ဂဟံ ခေမံ၊ ဥဇုံ မဂ္ဂံ သုဂမ္ဘီရာ။ ။
ယထာဘူတံ အဇာနန္တာ၊ ဂမ္ဘီရကာမာပိ ယေ ဇူဓ။
ဂမ္ဘီရံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။ ။
တေသံ ပါမောဇ္ဇကရဏံ၊ သုဂမ္ဘီရဝိနိစ္ဆယံ။
မင်းကွန်း ဇေတဝနဝါသီနံ၊ ဒေသနာနယ နိဿိတံ။ ။
ဂမ္ဘီရတ္ထံ ဘာသိဿာမိ၊ တံ ဓမ သက္ကစ္စ ဘာသတော။
ဂမ္ဘီရကာမာ သဗ္ဗေပိ၊ နိသာမယထ သာဓဝေါတိ။ ။

ဘောဂ္ဂော သပ္ပုရိသာ၊ ဒို-သူတော်ကောင်း အပေါင်းတို့။ ဇိန သာသနေ၊ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌၊ သုဒုလ္လဘံ၊ အလွန်တရာ ရခဲစွာသော။ မနုဿံ၊ လူ့ဘဝစစ် လူ့အဖြစ်ကို။ လဘိတွာန၊ရကောင်း ကြီးစွာ ရခဲ့ပါ၍။ သီလာဒိသင်္ဂဟံ၊ သီလ,သမာဓိ, ပညာ သုံးဖြာ ပေါင်းစပ် ရေတွက်အပ်သော၊ ခေမံ၊ ဘေးရန်ကင်းပ အေးငြိမ်းလှ သော။ သုဂမ္ဘီရာ၊ နက်နဲကြောန် ပြည်နိဗ္ဗာန်၏။ ဥဇုံ၊ မကွေ့မထောင့် အလွန်ဖြောင့်သော၊ မဂ္ဂံ၊ ဘုရားရဟန္တာ သွားရာမစောင်း ဖြေးလမ်း ဟောင်းကို။ ။ယထာဘူတံ၊ ဟုတ်မှန်သော အတိုင်း။ အဇာနန္တာ၊ သဘာဝမွေ ကျနဥသုံ မသိကြကုန်သည်ဖြစ်၍။ ဂမ္ဘီရ ကာမာပိ၊ နက်နဲကြောန် ပြည်နိဗ္ဗာန်ကို အမှန်အလို ရှိကြပါကုန်သော်လည်း။ ယေ ယောဂိနော၊ ဝိပဿနာအလုပ် အားထုတ်စွဲမြဲ အကြင်ယောဂီ တို့သည်။ ဣဓသာသနေ၊ ဗုဒ္ဓမြတ်စွာ ၏သာသနာတော်ကြီး၌။ ဂမ္ဘီရံ၊ နက်နဲဖြောင့်မှန် ပြည်နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ ရချိုင်ပိုင် မရနိုင်ကြလေ ကုန်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ အဇာနန္တာ၊ သဘာဝမွေ ကျနဥသုံ မသိကြကုန်ဘဲလျက်။ ဝါယမန္တာပိ၊ လုလ္လမယုတ် ပြုလုပ်ကြ ပါကုန်သော်လည်း။ယေ ယောဂိနော၊ဝိပဿနာအလုပ် အားထုတ်စွဲမြဲ အကြင်ယောဂီတို့သည်။ ဣဓသာသနေ၊ဗုဒ္ဓမြတ်စွာ ၏သာသနာတော် ကြီး၌။ဂမ္ဘီရံ၊သိမ်မွေ့ခက်ခဲ နက်နဲကြောန် ပြည်နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ ရချိုင်ပိုင် မရနိုင်ရှာကြလေကုန်သတည်း။

တေသံ ယောဂိနံ၊ဝိပဿနာအလုပ် အားထုတ်စွဲမြဲ ထိုယောဂီတို့၏။ ပါမောဇ္ဇကရဏံ၊ နှစ်သက်စေမှု ဝမ်းမြောက်ခြင်းကိုပြုသော။ သုဂမ္ဘီ

ရဝိနိဿယံ၊ ကောင်းမွန်ဖြောင့်မတ် နက်နဲသော အဆုံးအဖြတ်ရှိသော။ မင်းကွန်း ဇေတဝနဝါသီနံ၊ မန္တလေး-စစ်ကိုင်းတောင်၊ မင်းကွန်း-ဂူကလေးကျောင်း၊အခေါင် ဇေတဝနဝါသီ မဟာထေရ်တို့၏၊ဒေသနာနယ နိဿိတံ၊ အယူအဆ ဘျ,န မှန်စွာ ဒေသနာနည်းကို မှီထသော။ ယံ ဂန္ထိရတ္တံ၊ အကြင်ဂန္ထိရတ္တ ပကာသနီကျမ်းကို။ အဟံ၊ ငါသည်။ ဘာသိသာ၊ ဆိုပေအံ့။တံ ဂန္ထိရတ္တံ၊ ထို **ဂန္ထိရတ္တပကာသနီကျမ်း** ကို၊ သဏ္ဍာ၊ ရှိသေစွာ။ဘာသတော၊ ဆိုသော။ မေ၊ ငါ၏၊ သန္တကာ၊ အထံမှ၊ ဂန္ထိရကာမာ၊ နက်နဲလေသန် ပြည်နီဗွာန်ကို အမှန်အလိုရှိကြ ကုန်သော၊ သဇ္ဇေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ သာဓဝေါ တုမ္ဟေ၊ သင် သူတော်ကောင်းတို့သည်။ နိသာမယထ၊ နာယူကြကုန်လော့။ ဣတိ၊ ဤသည်ကား။ ဥယျောဇနံ၊ အကျိုးကို ပြည့်နှိုး၍ တိုက်တွန်း နှိုးဆော်ခြင်းပေတည်း။

ဥယျောဇဉ်ဂါထာပါဌ်အနက်ကို ပြဆိုခြင်း ပြီး၏။

---

ကျမ်းပြီးအဆုံး နိဂုံးဂါထာ ပါဌ် အနက်ကို ပြဆိုခြင်း

**ပဉ္စအဋ္ဌဒွါ ယေကမှိ၊ အာသဠှိဇုဏှ စုဒ္ဒသမေ။**
**မယာ ကမတော အယံ ဂန္ထော၊အနာယာသေန နိဋ္ဌိတော.တိ။ ။**

ပဉ္စအဋ္ဌဒွယေကမှိ၊ လူဘို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၂၈၅-ခု နှစ်၌၊ အာသဠှိဇုဏှစုဒ္ဒသမေ၊ အာသဠှိနက္ခတ်နှင့် ယှဉ်စပ်ပျော်မွေ့ ဒုတိယဝါဆိုလဆန်း ၁၄-ရက်၊ နံနက်အချိန်ဖြစ်သော ကြာသပတေး နေ့၌၊မယာ၊ကျိုက္ကစံ ပဏ္ဍိဝမ္မ မည်သော ငါသည်၊ကမတော၊ရေးသား ပြုပြင် စီရင်အပ်သော။ အယံ ဂန္ထော၊ ဂန္ထိရတ္တ ပကာသနီ-အမည် တင့်ဆန်း ဤသတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်း ကျမ်းသည်၊ အနာယာသေန၊ဘေးရန်မဘက် နှောက်ယှက်လွတ်ကင်း လွယ်ကူချမ်းသာခြင်းဖြင့်၊ နိဋ္ဌိတော၊ အောင်လံ စိုက်ဆောက် အပြီး အဆုံးသို့ ရောက်ပြီ။ ဣတိ၊ ဤကား-နိဂုံး ခါးပတ် အပြီးသတ်တည်း။

နိဂုံးဂါထာပါဌ်အနက်ကို ပြဆိုခြင်း ပြီး၏။

ဂန္ထိရတ္တပကာသနီကျမ်း ဤတွင်ပြီးပြီ။